# သခင်သန်းထွန်း

## မိန့်ခွန်းပေါင်းချုပ်



ယဥ်ထွန်း (စုစည်းသည်)



သခင်သန်းထွန်း မိန့်ခွန်းပေါင်းချုပ် - ယဥ်ထွန်း စုစည်းသည်

# သခင်သန်းထွန်း

## မိန့်ခွန်းပေါင်းချုပ်

ယဥ်ထွန်း စုစည်းတင်ပြသည်

ပုံနှိပ်မှတ်တမ်း

**ပုံနှိပ်ခြင်း**
ပထမအကြိမ်၊ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ

**အုပ်ရေ**
၅၀၀
**မျက်နှာဖုံး**
တင်ထွန်းနိုင်
**အတွင်းကွန်ပြူတာစာစီ**
ယဉ်မျိုး
**အတွင်းဖလင်**
A7 Group
**စာအုပ်ချုပ်**
ကိုမြင့်လွင်
**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်**
နန်းသဇင်ပုံနှိပ်တိုက်
၁၉၄/၁၉၆၊ ၃၉ လမ်း
ကျောက်တံတားမြို့နယ်။
**ထုတ်ဝေသူ**
ယဉ်ထွန်း(ယဉ်မျိုးစာပေ)
အမှတ် ၂၇၄ B လမ်း ၄၀ အပေါ်လမ်း
ကျောက်တံတားမြို့နယ်။

**တန်ဖိုး**
၃၅၀၀ ကျပ်

**ထုတ်ဝေသည့်ကတ်တလောက်အညွှန်း CIP**

ရ၉၅.ရ၃
ယဉ်ထွန်း(စုစည်းသည်)
သခင်သန်းထွန်းမိန့်ခွန်းပေါင်းချုပ် – ရန်ကုန်၊
ယဉ်မျိုးစာပေ၊ ၂၀၁၅။
စာ ၃၄၅၊ အလျား – ၁၃.၃၄ စင်တီ၊ အနံ ၂၀.၉၆ စင်တီ
(၁) သခင်သန်းထွန်းမိန့်ခွန်းပေါင်းချုပ်



သခင်သန်းထွန်း

## ကျေးဇူးတင်ရှိခြင်း

ကျနော့်အာသီသ ပြင်းရှရှရှိခဲ့သော ယခုစာအုပ်မှာ အချိန်အတော်ကြာကြာကပင် စုစည်းထုတ်ဝေလိုသော ဆန္ဒရှိခဲ့သည်။ သို့သော် အခြေအနေ၊ အခွင့်အလမ်းနှင့် လုပ်ကိုင်နိုင်သော အင်အားတို့ဖြင့် အကြောင်းတိုက်ဆိုင်စွာ ယခု ထုတ်ဝေနိုင်ခဲ့လေသည်။ ထိုသို့ ထုတ်ဝေနိုင်ရန် ကူညီပေးခဲ့ကြသော ကိုထွန်းဦး၊ ကိုလက်ျာဝင်း၊ ဦးစိုးမြင့်(သဘော်)နှင့် ကိုအောင်မြတ်ဦး(လူထု)တို့ကို မှတ်မှတ်ရရ ကျေးဇူးတင်မှတ်တမ်းပြုမိသလို အဘက်ဘက်မှ စိတ်ရောကိုယ်ပါ ဝိုင်းဝန်းကူညီပေးခဲ့သူအားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း . . . .

ယဉ်ထွန်း

ယဉ်မျိုးစာအုပ်တိုက်

# မာတိကာ

၁။ စုပေါင်းရောင်းဝယ်ရေး ဝန်ကြီးသခင်သန်းထွန်း၏ မိန့်ခွန်း
၁၉၄၃ ခုနှစ်၊ ဧပြီလ ၁၂ ရက် (တနင်္လာနေ့) ၁

၂။ ပြည်သူ့စစ် ပြည်သူ့အာဏာ
ကွန်မြူနစ်ပါတီ ဒုတိအကြိမ်မြောက် – ကွန်ဂရက်သဘာပတိမိန့်ခွန်း
၁၉၄၅ ခုနှစ်၊ ဇူလိုင်၊ ၂၀ (သောကြာနေ့) ၁၀

၃။ **နေသူ့ရိန်** ယူထုအစည်းအဝေး
ဖတပလ အထွေထွေအတွင်းရေးမှူး သခင်သန်းထွန်းမိန့်ခွန်း
၁၉၄၅ ဩဂုတ် ၁၉ ရက် (တနင်္ဂနွေနေ့) ၃၁

၄။ ဗမာ့ခေတ် စက္ကူဖြူစာတမ်း အလိုမရှိ။
၁၉၄၅ ခုနှစ်၊ အောက်တိုဘာ ၁ ရက်နေ့၊ (တနင်္လာနေ့) ၃၆

၅။ သံဃာတော်များအား သခင်သန်းထွန်း၏ လျှောက်ထားချက်
၁၉၄၅ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက် (သောကြာနေ့) ၄၂

၆။ တော်လှန်ရေးနေ့ မိန့်ခွန်း
၁၉၄၆ **ခုနှစ်**၊ မတ်လ ၂၇ ရက် (ဗုဒ္ဓဟူး) ၄၈

၇။ **သခင်သန်းထွန်း**၏ ပြောပြချက်
ကွန်မြူနစ်အမှုဆောင်များနှင့် သတင်းစာဆရာများ တွေ့ဆုံခြင်း။
၁၉၄၆ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက် (စနေနေ့) ၆၄





၈။ သခင်ဘဟိန်း ချီးကျူးပွဲကြီး
၁၉၄၆ ခုနှစ်၊ နိုဝင်ဘာ ၂၇ ရက် (ဗုဒ္ဓဟူးနေ့) ၆၇

၉။ သခင်သန်းထွန်းအင်တာဗျူး
သခင်သန်းထွန်းကို ဗာဂျီးနီးယားသွန်မဆင်က တွေ့ဆုံခြင်း
အချိန် ၁၉၄၇ ခုနှစ်၊ ဧပြီလ ၊ ၁၈ ရက် (သောကြာနေ့) ၇၃

၁၀။ သတင်းစာများက ဝိုင်းကယ်ကြပါ
သခင်သန်းထွန်း၊ သခင်သန်းဖေနှင့် မန္တလေးသတင်းစာဆရာများ စည်းဝေးချက်။
၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက် (တနင်္လာနေ့) ၇၉

၁၁။ အလုပ်သမားထုကြီး၏ ကြွေကွဲသံ
၁၉၄၇ ခုနှစ်၊ ဇူလိုင် ၂၂ ရက် (အင်္ဂါနေ့) ၈၆

၁၂။ လူသတ်ဝါဒကို တိုက်ဖျက်ချေမှုန်းပစ်ရန်
ဗမာပြည်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးသခင်သန်းထွန်း
၁၉၄၇ ခု စက်တင်ဘာလ ၂၉ ရက်နေ့ (တနင်္လာနေ့)
ည ၈ နာရီအချိန်တွင် တိုင်းပြည်အား နှိုးဆော်အသံလွှင့်ချက် ၉၂

၁၃။ လူသတ်ဝါဒ ခြေမှုန်းရေး
၁၉၄၇ ခုနှစ်၊ အောက်တိုဘာလ ၇ ရက် (အင်္ဂါနေ့) ၉၆

၁၄။ လူသတ်ဝါဒကို လူထုက လက်မခံတော့ပြီ။
၁၉၄၇ ခုနှစ်၊ အောက်တိုဘာ ၁၀ ရက် (သောကြာနေ့) ၁၀၃

၁၅။ နယ်အခြေအနေ
၁၉၄၇ ခုနှစ်၊ အောက်တိုဘာ ၁၀ ရက် (သောကြာနေ့) ၁၀၈

၁၆။ သခင်သန်းထွန်း၏ အဓိပ္ပါယ်ကောက်ယူချက်
၁၉၄၇ ခုနှစ် ဒီဇင်ဘာ ၈ ရက် (တနင်္လာနေ့)
(ပြည်သူ့အာဏာဂျာနယ်) ၁၁၃

၁၇။ အာရှတိုက်၏ စစ်အေးတိုက်ပွဲ (၁၉၄၅ – ၁၉၉၀)
(စက်ာပူအမျိုးသားတက္ကသိုလ် အာရှရေးရာ သုတေသနဌာနရဲ့ ပရိုဂျက်)
ဒုတိယအကြိမ်မြောက် အိန္ဒိယကွန်မြူနစ်ပါတီကွန်ဂရက်၌ ပြောကြားခဲ့သော
ဥက္ကဋ္ဌ သခင်သန်းထွန်း မိန့်ခွန်း
၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ (စနေနေ့) ၁၁၆

၁၈။ ပျဉ်းမနားကွန်ဂရက်မိန့်ခွန်း
၁၉၄၈ ခု မတ်လ ၁၃ ရက်(စနေနေ့) ၁၂၄

၁၉။ တော်လှန်ရေးမိန့်ခွန်း
၁၉၄၈ ခုနှစ်၊ မတ်လ ၂၇ ရက် (စနေနေ့) ၁၄၀

၂၀။ ဗမာပြည်အလယ်ပိုင်း၊ လွတ်မြောက်ပြီး ဒေသများဆိုင်ရာ
ပြည်သူ့ ဒီမိုကရေစီတပ်ပေါင်းစုကွန်ဖရင့်ကြီးတွင်
၁၉၅၀ ခုနှစ်၊ မတ်လ (၁၂) ရက် (တနင်္ဂနွေနေ့)က ပြောကြားသော
တပ်ပေါင်းစု ဥက္ကဋ္ဌသခင်သန်းထွန်း၏ မိန့်ခွန်း ၁၄၄

၂၁။ ဝါးချွန်က – ရိုင်ဖယ်ဖြစ်လာပြီလို့ ဝမ်းသာမနေဘဲ
ရိုင်ဖယ်က အမြောက်ဖြစ်လာအောင်တိုက်ကြ
၁၉၅၁ ခုနှစ်၊ စက်တင်ဘာလ ၁ရက်နေ့ (စနေနေ့) ၁၈၆

၂၂။ တော်လှန်သော စစ်အတွေးအခေါ်များ ထွန်းကားရေး
၁၉၆၅ ခုနှစ် ၂၀၂

၂၃။ သခင်သန်းထွန်း၏ ကျောင်းဆင်းမိန့်ခွန်း
၁၉၆၅ ခုနှစ် နိုဝင်ဘာလ ၂၁၈

၂၄။ သတင်းဖော်ပြချက်များသာတွေ့ရှိပြီး
အပြည့်အစုံ မတွေ့ရသော မိန့်ခွန်းများစာရင်း ၂၃၀

၂၅။ နောက်ဆက်တွဲ (၁)
ညီညွတ်ရေးအတွက် တိုက်ပွဲဆင်နွှဲခြင်းဖြင့် တည်ဆောက်ရမည်။
ဗမာပြည်ကွန်မြူနစ်ပါတီ
ဗဟိုရုံကော်မတီ၏ ထုတ်ပြန်ကျေညာချက်။
၁၉၄၆ ခုနှစ်၊ ဇူလိုင် ၂၃၃

၂၆။ နောက်ဆက်တွဲ (၂)
၁၆၄၆ ခုနှစ် အောက်တိုဘာ ၂၂ ရက်နေ့မှ ၂၉ ရက်နေ့အထိ
ကျင်းပသော ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအစည်းအဝေးတွင်
စဉ်းစားလက်ခံသော
ဗမာပြည် လွတ်လပ်ရေးတိုက်ပွဲ၏ နောက်ဆုံးအခန်းအတွက်
ဗြိတိသျှနယ်ချဲ့စနစ်အား အပြုတ်တိုက်ထုတ်ရန်
ကွန်မြူနစ်ပါတီ၏ လုပ်ငန်းစဉ် ၂၅၉

၂၇။ နောက်ဆက်တွဲ (၃)
လွတ်လပ်ရေးကို အရယူလော့
၁၉၄၇ ခုနှစ်၊ ဇူလိုင်၊ ၁၉ ရက် ၂၉၉

၂၈။ နောက်ဆက်တွဲ (၄)
ဤသို့ ဆောင်ရွက်ခဲ့ပြီဟု အစီရင်ခံပါသည်။
၁၉၄၇ ခုနှစ်၊ ဩဂုတ်လ ၂၂ ၃၀၄

၂၉။ နောက်ဆက်တွဲ (၅)
လူထုကြီး၏ ဆန္ဒကိုယူလျှင်။
ဖ ဆ ပ လ ကွန်မြူနစ်ညီညွတ်ရမည်ဟု လူထုကမုချဆုံးဖြတ်မည်ကို
ငါတို့ရဲရဲကြီး ဆိုလိုက်ပေသည်။
၁၉၇၄ခုနှစ်၊ နိုဝင်ဘာလ၊ ၁၈ ရက် ၃၀၇

၃၀။ နောက်ဆက်တွဲ (၆)
စင်ပြိုင်အစိုးရ
၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာ ၉ ရက် ၃၁၁

၃၁။ နောက်ဆက်တွဲ (၇)
ကွန်မြူနစ်တွင် လက်နက်မရှိ
၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာလ၊ ၁၂ ရက် ၁၃၄

၃၂။ နောက်ဆက်တွဲ (၈)
လွတ်လပ်ရေးနေ့ ဗမာပြည်ကွန်မြူနစ်ပါတီ ပါဝင်မည်။
၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာ ၂၇ ရက် ၁၁၈

၃၃။ နောက်ဆက်တွဲ (၉)
တရုပ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်၏ ၂၄ နှစ်မြောက်နေ့တွင်
တပ်ပေါင်းစုဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌထံမှ ပေးပို့သော
နှုတ်ခွန်းဆက်သဝဏ်လွှာ
၁၉၅၁ ခုနှစ် ဩဂုတ်လ ၁ ရက် ၃၂၁

၃၄။ နောက်ဆက်တွဲ (၁၀)
လူမျိုးစုပြဿနာနှင့် ပတ်သက်သော
ဥက္ကဋ္ဌသခင်သန်းထွန်း၏ သဘောထား
(မှတ်စု – ၂ – ၂ – ၆၅) ၃၂၅

၃၅။ နောက်ဆက်တွဲ (၁၁)
သခင်သန်းထွန်းမှ ဗိုလ်နေဝင်းထံသို့ပေးစာ
၁၉၆၃ ခုနှစ်၊ ဩဂုဟ်လ ၂၀ ရက် ၃၃၂

☆☆☆





## စုပေါင်းရောင်းဝယ်ရေး

### ဝန်ကြီးသခင်သန်းထွန်း၏ မိန့်ခွန်း

### ၁၉၄၃ ခုနှစ်၊ ဧပြီလ ၁၂ ရက် (တနင်္လာနေ့)

ဂျပန်ခေတ် အစိုးရအဖွဲ့ဝင် ဝန်ကြီးအဖြစ် ပြောကြားခဲ့သော မိန့်ခွန်း ဖြစ်သည်။

ယဉ်မျိုးစာအုပ်တိုက်

ဒီနေ့ စုပေါင်းရောင်းဝယ်ရေးကျောင်းဖွင့်ပွဲကို ဝန်ကြီးချုပ်ကိုယ်တိုင် တက်ရောက်လိုသည့်ဆန္ဒ ရှိပေမဲ့ တခြားအရေးကြီးတဲ့ကိစ္စ ရှိနေလို့ မလာနိုင်ဘူး။ မလာနိုင်တဲ့အတွက် ဝမ်းနည်းတဲ့အကြောင်းကို အခုသင်တန်းတက်ရောက်တဲ့ ဆရာ–ဆရာမအားလုံးကို ပြောကြားလိုက်ပါလို့ စကားလက်ဆောင်ပါးလိုက်ပါတယ်။

ဒီနေ့ ကျောင်းဖွင့်ပွဲမှာ စကားပြောရသည့်အတွက် အထူးဘဲ ဝမ်းသာပါတယ်။ ဝမ်းသာတဲ့အကြောင်းကတော့ ကျုပ်အုပ်ချုပ်ရတဲ့ ဌာနဟာ ဗမာပြည်ရဲ့ စီးပွားရေးနဲ့ အများဆုံး သက်ဆိုင်တယ်။ ဒီကျောင်းမှာ သင်ကြားမဲ့ ဘာသာရပ်တွေကလဲ ဗမာပြည်စီးပွားရေးနဲ့ အများဆုံး သက်ဆိုင်တယ်။ သင်ကြားမဲ့ ပုဂ္ဂိုလ်တွေကလဲ ကျုပ်ရဲ့ဌာနမှာ အမှုထမ်းတဲ့ ပုဂ္ဂိုလ်တွေဖြစ်တယ်၊ သင်ကြားနာယူမဲ့ ပုဂ္ဂိုလ်တွေကလဲ ဟိုယခင်တခါ သီတင်းကျွတ်ကျောင်းပိတ်ရက်သင်တန်းတွင် ဝန်ကြီးချုပ် ဒေါက်တာဘမော် ပြောခဲ့တဲ့အတိုင်း ဗမာပြည်ရဲ့ ခေါင်းဆောင်ဖြစ်ကြတဲ့ ဆရာ–ဆရာမများ ဖြစ်ကြတယ်။

ဒီလို ဗမာပြည်ရဲ့ ခေါင်းဆောင်များဖြစ်တဲ့ ဆရာ–ဆရာမများကို စီးပွားရေးအခြေခံအစစ်တွေကို ပြောပြချင်တယ်။ မကြာသေးခင်က နိပ္ပွန်ပြည် နန်းရင်းဝန်ကြီးတိုဂျိုက ဗမာပြည်ကို ဒီနှစ်အတွင်း နောက်ဆုံးထားပြီး လွတ်လပ်တဲ့နိုင်ငံတည်ထောင်ဖို့ ကျေညာတယ်။ ဒါကြောင့် လွတ်လပ်ရေးနဲ့ စီးပွားရေး ဘယ်လိုဆက်သွယ်နေတယ်ဆိုဒါကို အသေအချာ ပြောပြချင်တယ်။

အခု ဗမာပြည်မှာ စီးပွားရေးအခြေအနေ အတော်ဘဲ ညံ့ဖျင်းနေတယ်ဆိုတာ အထူးပြောဘို့ မလိုဘူး။ ဝင်ငွေက နည်းပြီး ပစ္စည်းဈေးတွေက ဈေးတက်။ ပစ္စည်းက ရှားနဲ့ လူတွေဟာ အတော်ချည်းဘဲ ဒုက္ခရောက်နေတယ်ဆိုတာ ကျုပ်တို့အားလုံး အသိဘဲ။ ဒီလိုဒုက္ခရောက်နေတယ်ဆိုဒါ သက်သာနိုင်သမျှ





သက်သာအောင် ကျုပ်တို့အစိုးရမှာလဲ နေ့စဉ်နဲ့အမျှ လုံးပမ်းနေတယ်။ သို့ပေတယ်လို့ ထင်သလောက် ခရီးမပေါက်ဘူး။ ဒီလို ခရီးမပေါက်တဲ့အကြောင်းကတော့ နိုင်ငံရေး တန်ခိုးအာဏာရှိသလောက် စီးပွားရေး တန်ခိုးအာဏာ ရှိသင့်သလောက် မရှိသေးလို့ ဖြစ်တယ်။

ဥပမာ။ ။ ပစ္စည်းတွေ ဈေးတက်ပြီး ရှားနေတာကို ဈေးကျပြီး ပေါလာအောင်ဆိုရင် ရှိသမျှပစ္စည်းတွေကို အစိုးရက တန်ဘိုးပေးပြီးသိမ်း။ ဘယ်ဈေးနဲ့ ရောင်းချ မည်သို့ကန့်သတ်၊ ဘယ်လိုလူမျိုးဟာ ဘယ်လိုပစ္စည်းကို ဘယ်လောက်သာ သုံးစွဲရမည်ဟု ကတ္တားခြားပြီး ဝေခြမ်းပေးမှသာ ဖြစ်နိုင်မယ်။ အဲ့ဒီလို စီးပွားရေး တန်ခိုးအာဏာဟာ ကျုပ်တို့အစိုးရမှာ မရှိသေးဘူး။ နောက်ပြီးတော့ ဗမာပြည်မှာဆိုရင် ဆန်စပါးက လွဲပြီးတော့ အခြားကုန်ပစ္စည်းတွေထွက်တာဟာ ရှော့တာချည်းဘဲ။ တချို့က သုံးပုံတပုံ။ တချို့က လေးပုံတပုံ။ တချို့က ဆယ်ပုံတပုံလောက်သာ ထွက်တယ်။ တချို့ဆိုရင် ထွက်ကို မထွက်ဘူး။ အဲဒီတော့ ဆန်စပါးက ဘယ်လောက် ထွက်ရမယ်။ ဂွမ်းက ဘယ်လောက်ထွက်ရမယ်။ စက်မှုလုပ်ငန်းက ဘယ်လောက် ထွက်ရမယ်။ အဲဒီလို စီးပွားရေးအစီအစဉ်တွေ လုပ်နိုင်ဘို့ လိုတယ်။ ဂျာမနီပြည်တို့ ဆိုဗီယက်ရုရှပြည်တို့ ဂျပန်ပြည်တို့ အဲဒီတိုင်းပြည်တွေမှာ ဒီလိုစီးပွားရေးစီမံကိန်းတွေနဲ့ အလုပ်လုပ်ကြတယ်။ အလုပ်လုပ်ကြလို့လဲ စစ်တိုက်တဲ့အခါမှာ ကြောထောက်နောက်ခံဟာ အင်မတန် တောင့်တင်းတယ်။

ဒါကြောင့်မို့လို့ ဗမာပြည်ရဲ့ စီးပွားရေးအခက်အခဲတွေကို ဖြေရှင်းမယ်ဆိုရင်။

၁။ နိုင်ငံရေးတန်ခိုးအာဏာ ရှိရမယ်။

၂။ စီးပွားရေးတန်ခိုးအာဏာ ရှိရမယ်။

၃။ စီးပွားရေးစီမံကိန်းတွေ လုပ်နိုင်ရမယ်။

အဲဒီလို မလုပ်နိုင်ရင် လွတ်လပ်ရေးကို၊ ကမ္ဘာကို ဘယ်လိုကျေညာ ကျေညာ အလကားပဲ။ ကျုပ်တို့ ဗမာအစိုးရဟာ အမှန်အတိုင်းကတော့ ဂျပန်စစ်တပ်ရဲ့ လက်အောက်ခံအစိုးရသာ ဖြစ်သေးတယ်။ အဲဒီတော့ ဝန်ကြီးချုပ်တိုဂျိုက လွတ်လပ်ရေးကို ကျေညာတဲ့အတွက် အထူးဘဲ ကျေးဇူးတင်ကြတယ်။ ဒါတွင်မကသေးဘူး။ စီးပွားရေးတန်ခိုးအာဏာလည်းရမယ်၊ ကိုယ့်သဘောနဲ့ ကိုယ့်စီးပွားရေးစီမံကိန်းတွေလည်း လုပ်နိုင်မယ်လို့ ကျေညာထားတော့ သာပြီးတော့ ဝမ်းသာဖို့

ဖြစ်တယ်။ စီးပွားရေးအခက်အခဲတွေကို အခုအခါမှာ စိတ်ထဲရှိသလောက် မဖြေရှင်းနိုင်ပေမယ့်လို့ အဲဒီအချိန်အခါကျရင် ဖြေရှင်းနိုင်လိမ့်မယ်လားလို့ မျှော်လင့်ရပါတယ်။

အဲဒီ အရေးကြီးဆုံး အဓိကဖြစ်တဲ့ အချက်ကြီးကို၊ တိုင်းပြည်ကို ခေါင်းဆောင်ကြတဲ့ ဆရာ၊ ဆရာမများ သိမြင်ထားရင် တို့ဘယ်လိုအလုပ်လုပ်ရမယ်ဆိုဒါ သိမြင်ပါလိမ့်မယ်။

ဒီနေ့ အဲဒီခုနက ပြောတဲ့အချက်ကို အခြေခံထားပြီးတော့ ဒီကျောင်းမှာ သင်ကြားမဲ့ ဘာသာရပ်တွေနဲ့ ပတ်သက်ပြီးတော့ အဓိကအချက်တွေကို ပြောပြရပါမယ်။ ဒီဘာသာရပ်တွေမှာ အဓိကကတော့ သမဝါယမလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းဆိုတဲ့ လုပ်ငန်းကြီး ၃ ခုဖြစ်တယ်။ ဒီလုပ်ငန်းတွေနဲ့ပတ်သက်ပြီး အသေးစိတ်တွေကိုတော့ ကျွန်ုပ်ဌာနက အမှုထမ်းတွေက သင်ကြားကြပါလိမ့်မယ်။ အခုပြောပြမှာကတော့ ဒီဘာသာရပ်တွေနဲ့ပတ်သက်တဲ့ အခြေခံ ပြောပြပါမယ်။

ပဌမဦးဆုံးကတော့ သမဝါယမလုပ်ငန်းဘဲ။ သမဝါယမလုပ်ငန်းရဲ့ အဓိပ္ပါယ်ကတော့ အလွယ်ဆုံးပြောပြရရင် စုလုပ်တာဘဲ။ စုလုပ်တယ်ဆိုတာကတော့ ပစ္စည်းတခုခု လုပ်ချင်ရင် စုပြီးတော့ လုပ်ကြတယ်။ လယ်လုပ်စရာရှိရင် စုပြီးတော့ လုပ်ကြတယ်။ ဈေးရောင်းစရာရှိရင် စုပြီးတော့ ရောင်းကြတယ်ဆိုတဲ့ သဘောဘဲ။ ဒီလို စုလုပ်လို့ ဖြစ်လာတဲ့ ပစ္စည်းက အကျိုးအမြတ် ခံစားစရာရှိရင် ဒီပိုင်းပြီးတော့ လုပ်ကြတဲ့ လူစုသာ အကျိုးအမြတ် ခံစားသင့်တယ်။ ဒီစနစ်မှပဲ တရားတဲ့ စနစ်ဘဲ။ စုပြီးတော့လုပ်တဲ့ လူတွေထဲက မဟုတ်ဘဲ အပြင်ကလူတွေ အကျိုးအမြတ် ခံစားရမယ်ဆိုရင် မတရားတဲ့ စနစ်၊ ကျွန်ုပ်သဘောမှာတော့ ပစ္စည်းဘဲလုပ်လုပ်၊ ပစ္စည်းဘဲရောင်းရောင်း စုလုပ်စုရောင်းပြီး စုပြီး အကျိုးခံစားရတဲ့စနစ်နဲ့ ဖြစ်စေချင်တယ်။ ဗမာပြည်မှာ ဒီစနစ်ထွန်းကားအောင် ကြီးပွားအောင် လူတိုင်းအား ဒီစိတ်ဓာတ်တွေ ဝင်စားလာဖို့ အရေးအကြီးဆုံးဘဲ။ ဒီစိတ်ဓာတ်တွေ ဝင်စားလာအောင်လဲ နောက်ခေတ်မှာ လူဖြစ်တဲ့ကလေးတွေကို သင်ကြားမဲ့ ဆရာ၊ ဆရာမတွေရဲ့ တာဝန်လုံးလုံးဖြစ်တယ်။

**အခုအခါမှာ** အမြတ်အစွန်းသိတ်စားတဲ့ လူတွေဟာ သိပ်ပြီးတော့ ကြီးစိုးနေတယ်။ *(အပ်ချည်လုံးတပဲတန်ကို တဆယ်နဲ့ ရောင်းနေတယ်။ တကျပ်တန်လုံချည်ကို **နှစ်ဆယ်နဲ့** ရောင်းနေတယ်)* ဒီလို အမြတ်အစွန်းသိတ်စားတဲ့ သွေးစုတ်





စနစ်ကို တိုက်နိုင်ဘို့ကတော့ သမဝါယမလုပ်ငန်းဘဲ ရှိတယ်။ ဒီစုပေါင်းရောင်းဝယ်တဲ့လုပ်ငန်း ထွန်းကားမှ အလိုလိုသက်သာချောင်ချိမယ်။ ဒီလုပ်ငန်းထွန်းကားအောင် ဆရာ၊ ဆရာမတွေက ခေါင်းဆောင်ရလိမ့်မယ်။ ဒီဟာနဲ့ပတ်သက်ပြီးတော့ တခုပြောချင်တာက သမဝါယမလုပ်ငန်း ထွန်းကားအောင်ဆိုရင် ကုန်ပစ္စည်းတွေကို ကြီးကြပ်နိုင်တဲ့ တန်ခိုးအာဏာ ရှိဘို့လိုတယ်။ သမဝါယမဆိုင်ကြီးတွေ ဖွင့်ထားပြီးတော့ ကုန်ပစ္စည်းတွေကို မကြီးကြပ်နိုင်သေးရင် အလကားဘဲ။ ကုန်ပစ္စည်းတွေကို တကယ်ကြီးကြပ်နိုင်အောင်လဲ ခုနက ပြောခဲ့တဲ့ နိုင်ငံရေးတန်ခိုးအာဏာ၊ စီးပွားရေးတန်ခိုးအာဏာ၊ စီးပွားရေးစီမံကိန်းတွေ လုပ်နိုင်ဘို့ဆိုတဲ့ အချက်ကြီးသုံးချက်ကတော့ လိုသေးတာဘဲ။

ဒုတိယပြောချင်တာကတော့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဘဲ။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနဲ့ ပတ်သက်ပြီး ကျွန်ုပ်ရဲ့ဌာနက ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်တွေက အသေးစိတ်ပြောပြပြီး အသေးစိတ်သင်ကြားပါလိမ့်မယ်။ ဗမာပြည်မှာဆိုရင် ဆန်စပါးဟာ လိုချင်တာထက် အများအပြားကြီး ပိုရှိနေပါတယ်။ ဂွမ်းတို့ဘာတို့ဆိုတဲ့ တခြားပစ္စည်းတွေကတော့ မလုံမလောက်ကို ဖြစ်နေတယ်။ ဘယ်အသီးအနှံတွေကို ပိုစိုက်ရမယ်။ လျှော့စိုက်ရမယ်။ ဘယ်အသီးအနှံတွေကို ပိုစိုက်ရမယ်။ ဘယ်အချိန်အတွင်းပြီးအောင် လုပ်ရမယ်။ အဲဒီလိုချင်တာတွေကို ဖြစ်မြောက်အောင် ဘယ်လိုလုပ်ရမယ်ဆိုတဲ့ နည်းလမ်းတွေကို သိထားဘို့ရာ အရေးအကြီးဆုံးဘဲ။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနဲ့ ပတ်သက်ပြီးတော့ အရေးအကြီးဆုံးအချက် တခုကို ပြောပြချင်တယ်။ ပြောပြချင်ဒါက ဘာလဲဆိုတော့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း တိုးတက်အောင် ဘယ်လောက်ဘဲ လုပ်လုပ် စက်မှုလုပ်ငန်းက မတိုးတက်ရင် အလကားဘဲ။ အင်္ဂလိပ်အစိုးရလက်ထက်က လုပ်ငန်းတွေ သေသေချာချာ စစ်ဆေးကြည့်တဲ့အခါမှာ ကျွန်ုပ်တွေ့ရတာ ဘာလဲဆိုတော့ လယ်ယာစိုက်ပျိုးရေးဌာနက အမှုထမ်းတွေဟာ လယ်ယာစိုက်ပျိုးရေးတိုးတက်ဘို့ အစွမ်းကုန်ဆောင်ရွက်တယ်ဆိုဒါ တွေ့ရတယ်။ အနှစ် ၃၀ နီးပါး ကြိုးစားခဲ့ကြတယ်။ သူတို့ကြိုးစားခဲ့ကြဒါတွေလဲ စာအုပ်စာတမ်းတွေ မှတ်တမ်းတွေနဲ့ အပြည့်အစုံရှိတယ်။ သို့ပေမယ့်လို့ ဗမာပြည်ရဲ့ စီးပွားရေးအခြေအနေဟာ မတိုးတက်ခဲ့ဘူး။ ဆင်းရဲဒုက္ခဟာ မသက်သာခဲ့ဘူး။ ဒီလောက် ကြိုးစားရက်နဲ့ ဘာဖြစ်လို့ မတိုးတက်လဲ။ အဖြေကတော့ စက်မှုလုပ်ငန်း မတိုးတက်လို့ ဖြစ်တယ်။ အခု ကျွန်ုပ်တို့အစိုးရ

ဖွံ့ဖြိုးပြီးတဲ့နောက် လယ်ယာလုပ်ငန်းတိုးတက်ဘို့လဲ အမျိုးမျိုး ကြိုးစား ကြည့်တယ်။ သို့ပေမဲ့ ဘာတွေရသလဲဆိုတော့ စက်မှုလုပ်ငန်းမတိုးတက်ရင် လယ်ယာစိုက်ပျိုးရေး လုပ်ငန်း ဘယ်လောက်လုပ်လုပ် အကျိုးထူးမှာ မဟုတ်ဘူးဆိုဒါ တွေ့ရတယ်။

အဲဒီလို ပြောပြဒါကို အကျိုးအကြောင်းနဲ့ ရှင်းပြမယ်။ ဥပမာ ဆန်လုပ်ငန်း တိုးတက်အောင်ဆိုရင်။ ဗမာပြည်မှာ စပါးဟာ တဧကမှာ ပျမ်းမျှခြင်း အတင်း ၃၀ မှ ၅၀ အထိ ထွက်တယ်။ စပိန်ပြည်၊ အီတလီပြည်၊ ဂျပန်ပြည်၊ အမေရိကန်ပြည်တို့မှာ ဆိုရင် တဧကကို အတင်း ၁၀၀ လောက် ထွက်တယ်။ ဗမာပြည်က ဒီလောက်ညံ့နေဒါဟာ ရှေးတုံးက စနစ်တွေ။ ရှေးတုံးက ထွန်ထယ် ကရိယာတွေကို အသုံးပြုနေလို့ ဖြစ်တယ်။ သူများတိုင်းပြည်တွေက ဒီလောက် တိုးတက်တာ ခေတ်မှီတဲ့ စနစ်တွေနဲ့ ခေတ်မှီတဲ့ စက်ကိရိယာတွေ အသုံးပြုလို့ ဖြစ်တယ်။ ဒီဟာတွေကို အသုံးပြုမယ်ဆိုရင် တခြားတိုင်းပြည်က ဝယ်နေရုံနဲ့ မပြီးဘူး။ ဗမာပြည်မှာကို ထွန်စက်ကြီးတွေ ထယ်ထိုး စက်ကြီးတွေ လှေ့စက်တွေ ဖြစ်မြောက်အောင်လုပ်နိုင်မှ ဖြစ်မယ်။

နောက် ဥပမာ တခုပေးရရင် ဝါဂွမ်းဘဲ။ ဗမာပြည်က ဝါဂွမ်းအတွက်မှာ ဗမာပြည်က သုံးတာရဲ့ တဝက်ဘဲ ထွက်တယ်။ ဗမာပြည် လယ်ယာစိုက်ပျိုးရေးဌာန က လုပ်လို့၊ ဗမာပြည်က သုံးသလောက် ဝါဂွမ်းကို စိုက်နိုင်ပါဘီတဲ့။ ဘာထူးမလဲ။ ကျုပ်အမြင်ကတော့။ ဘာမှ မထူးဘူး။ အဝတ်အစားရှားတာဟာ ရှားမှာဘဲ။ ဘာဖြစ်လို့လဲဆိုတော့။ ဗမာပြည်မှာ ဘိုင်းငင့်တဲ့ စက်ကြီးတွေ။ အထည်အလိပ် ယက်တဲ့ စက်ကြီးတွေ မရှိဘူး။ ဒီစက်ကြီးတွေမရှိလို့ လက်နဲ့ ငင့်ပြီး လက်နဲ့ ယက်ပြန်ရင်လဲ ဂွမ်းအကုန်အကျသာများပီးတော့ ဗမာပြည်သူပြည်သားတွေ သုံးနိုင်လောက်အောင် စရိတ်ကျဉ်းကျဉ်းနဲ့ ခပ်ပေါပေါ၊ ခပ်ချောချော မလုပ်ပေး နိုင်ဘူး။ ဝါဂွမ်းတွေ တိုးအောင် ဘယ်လောက်ကြီး စိုက်စိုက်။ ဘိုင်းငင့်တဲ့ စက်ကြီးတွေ ယက်ကန်းစက်ကြီးတွေ မရှိရင် သခင်မွေးရင်း ကျွားစားရင်းဆိုသလို ဖြစ်မှာဘဲ။

အဲဒီတော့ ဘာပြောချင်လဲဆိုတော့ အခု ဒီကျောင်းမှာ သင်ကြားမဲ့ လယ်ယာစိုက်ပျိုးရေးစနစ်တွေက နည်းကောင်းတွေဘဲ။ ဒီနည်းကောင်းတွေကို လေ့လာကြပါ။ ဒီနည်းကောင်းတွေ ပျံ့နှံ့အောင် လုပ်ကြပါ။ လယ်ယာစိုက်ပျိုးရေး လုပ်ငန်း တိုးတက်အောင် လုပ်ကြပါ။ သို့ပေမဲ့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း





ဘယ်လောက်တိုးတက်တိုးတက်၊ စက်မှုလုပ်ငန်း မထွန်းကားရင် အလကားဘဲ။ ဒါကြောင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း တိုးတက်သလို မထွန်းကားသလောက် ဗမာပြည်မှာ စက်မှုလုပ်ငန်းတိုးတက်ရမယ်။ ထွန်းကားရမယ်။ ဗမာပြည်ဟာ စက်မှုလုပ်ငန်းလုပ်တဲ့ တိုင်းပြည်ကြီးတခု ဖြစ်လာရမယ်လို့ သန္နိဋ္ဌာန်လဲ ချကြပါ။

တတိယပြောချင်တာကတော့ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းဘဲ။ ဗမာ လူမျိုးများဟာ ဘာသာရေးတရားကြောင့်ဘဲလား မသိ။ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်း ကို သိတ်ဝါသနာ မပါကြဘူး။ သို့ပေတယ်လို့ ကိုယ်တော့ မသတ်ဘူး။ သူများ သတ်ပြီးရင်တော့ စားမယ်ဆိုတဲ့ စိတ်ကတော့ ရှိကြတယ်။ ကျုပ် တံငါရွာက ပုံကလေးတပုံ ကြားဘူးတယ်။ အဲဒီ တံငါရွာမှာ အင်မတန် သီလ–သမာဓိ သိက္ခာနဲ့ ပြည့်စုံတဲ့။ ဆရာတော်တပါးဟာ သီတင်းသုံးနေတယ်။ တရွာလုံးကလဲ တံငါချည်း ဖြစ်နေတယ်။ ဒီဆရာတော်ကလဲ ငါးပါးသီလမြဲဘို့ရာ တွေ့တဲ့လူတိုင်းကို ဘဲ တရားဟောတယ်။ လူတွေကလဲ နူးညံ့တဲ့ ပုဂ္ဂိုလ်တွေဖြစ်ကြတော့ ဆရာတော်ရဲ့ တရား ကြားနာရပါများတော့ ဆရာတော်ရဲ့ အကျင့်သိက္ခာကို ကြည်ညိုလာကြပြီး ဆရာတော်ရဲ့ တရားကိုလဲ တဖြည်းဖြည်း နာယူလာကြတယ်။ အရင်တုံးကတော့ ငါးကြော်–ငါးကင်–ငါးဟင်း–ဝက်သား–ကြက်သား ဟင်းမျိုးစုံနဲ့ ဆရာတော်ကို ဆွမ်းကပ်ကြတယ်။ ဆရာတော်ရဲ့တရား ကျပါများတော့ တဖြည်းဖြည်းနဲ့ အသား ဟင်းခွက်တွေဟာ တဖြည်းဖြည်း နည်းနည်းလာတယ်။ နောက်ဆုံးပိတ်ကြတော့ သတ်သတ်လွတ်ချည်း ဖြစ်နေတယ်။ ဆရာတော်လဲ သတ်သတ်လွတ်ချည်း စားရပါ များတော့။ တဖြည်းဖြည်း ကြုံလှီလာတယ်။ တနေ့ကျတော့ မနေနိုင်တော့ တကာတယောက်ခေါ်ပြီး ငါးဘမ်းတာဟာ ဘယ်လို ဘမ်းသလဲလို့ မေးတယ်။ ဒီတော့ တကာက ပင်လယ်ထဲမှာ ဝါးတိုင်လေးစိုက်ပြီး ပိုက်ကွန်တွေ ချထားတဲ့ အကြောင်း ပြောပြတယ်။ ဒီတော့ ဘုန်းကြီးက ဒီလိုဆိုရင် ငါးကို မင်းတို့ တမင်လိုက်ဘမ်းတာ မဟုတ်ဘူးလို့ မေးတယ်။ ဒီတော့ တကာက ငါးဟာ သူ့ဘာသာသူ ဝင်လာတယ်လို့ ပြန်ဖြေတယ်။ ဒီတော့ ဆရာတော်က သူ့ဟာသူ ငါးတွေ ဝင်လာရင် ငရဲကြီးစရာ မရှိပါဘူးလို့ ပြောလိုက်တယ်။ အဲဒါဘဲကြည့်။ ဗမာတွေဟာ များသောအားဖြင့် ကိုယ်တော့ မလုပ်ဘူး။ သူများလုပ်ရင်တော့ စားမယ်ဆိုတဲ့ သဘောဘဲ။ ကျုပ်သဘောကတော့ ရှင်းရှင်းပြောရင်။ စားလဲ စားမယ်။ ကိုယ်တိုင်လဲ လုပ်မယ်ဆိုတဲ့ သဘောဘဲ မထူးပါဘူး။ ဗမာတွေဟာ

ဒီသဘောမျိုး ပြောင်းပေးဘို့ ကောင်းတယ်။

ဒီဟာနဲ့ပတ်သက်ပြီးတော့ သထုံမြို့မှာ ကြုံခဲ့ရတာတခု ပြောပြချင်သေးတယ်။ သထုံရောက်တုံးက အောင်သပြေနေ့ ကျင်းပတာနဲ့ သွားပြီးတိုက်ဆိုင်တယ်။ အောင် သပြေနေ့ အမှုဆောင်ကော်မတီက ကျုပ်ကို တခုလာတောင်းပန်တယ်။ ဘာလဲဆိုတော့ ဒီအောင်သပြေနေ့ဟာ ဗမာပြည်ကို ဂျပန်ပြည်က လွတ်လပ်ရေးပေးတာကို ဝမ်းသာတဲ့ အထိမ်းအမှတ် ကျင်းပခြင်းဖြစ်တယ်။ ဒါကြောင့်မို့လို့ အဲဒီနေ့မှာ ကျုပ်တို့အောက်မှာ ရှိတဲ့ တိရစ္ဆာန်တွေကို လွတ်လပ်ရေးပေးသင့်တယ်။ ကျုပ်တို့လဲ ဒီနေ့ သတ်သတ်လွတ်စားမယ်။ ဝန်ကြီးလဲ သတ်သတ်လွတ်စားပါ။ မြို့ကလူတွေလဲ သတ်သတ်လွတ် စားဘို့ရန် တရားဟောပေးပါလို့ ပြောတယ်။ ကျွန်တော်ရဲ့ သဘောထားနှင့် အများကြီး ဆန့်ကျင်နေတဲ့အတိုင်း အတော်ဘဲ တောင်းပန်လွှတ်လိုက်ရတယ်။

ကျွန်တော်သဘောအရဆိုလျှင် ဗမာပြည်မှာ တိရစ္ဆာန်မွေးမြူတဲ့လုပ်ငန်းကြီးကျယ်ထွန်းကားစေချင်တယ်။ တိရစ္ဆာန်တကောင်ကို ကြည့်ရင်အကြည့် ၄ မျိုးနဲ့ ကြည့်တယ်။

၁။ ဒီအကောင်ကို ဘယ်လို နိုင်းရမလဲ။ ဘယ်လောက်လောက် နိုင်းရမလဲ။

၂။ ဒီအကောင်ရဲ့ အသားကို ဘယ်လိုစားရမလဲ။

၃။ ဒီအကောင်ရဲ့နို့ကို ဘယ်လိုသောက်ရမလဲ။

၄။ ဒီအကောင်ရဲ့ အရိုးတို့–အရေတို့ အတောင်တို့ဆိုတဲ့ဟာတွေကို ဘယ်လို အသုံးချမလဲ။ အဲဒီလို အကြည့်မျိုးနဲ့ ဗမာတိုင်း–ဗမာတိုင်းဟာ ကြည့်ပြီးတော့ တိရစ္ဆာန် မွေးမြူရေးလုပ်ငန်းကို ထွန်းကားအောင် လုပ်စေချင်တယ်။ အသားများများစားတဲ့ လူမျိုးတွေ။ နို့များများသောက်တဲ့ လူမျိုးတွေဟာ ကမ္ဘာပေါ်မှာ ထိပ်တန်းရောက်နေကြတာဘဲ။ အဲဒီလိုအကြည့် ၄ မျိုးနဲ့ ကြည့်ပြီးတော့ လုပ်သင့်သလောက် တိုးတက်လာပါလိမ့်မယ်။

အခုပြောခဲ့တာတွေကတော့ စီးပွားရေးအခြေခံ သဘောတရားတွေဘဲ။ သင်ကြားပြသမဲ့ ပုဂ္ဂိုလ်တွေကတော့ အသေးစိတ်ပြီး။ အကျယ်ချဲ့ပြီး သင်ကြားကြပါလိမ့်မယ်။ သင်ကြားတာတွေကိုလဲ နာယူပြီးတော့ ဒီနည်းတွေအတိုင်း တိုင်းပြည်ရဲ့ ခေါင်းဆောင်တွေ ဖြစ်ကြတဲ့ ဆရာ၊ ဆရာမတွေက တိုင်းပြည်ရဲ့ စီးပွားရေးတိုးတက်အောင် လုပ်ကြပါ။ အဲဒီလို လုပ်ကြ–ပြကြတဲ့အခါမှာလဲ နိုင်ငံရေးတံခိုးအာဏာရဘို့





စီးပွားရေးစီမံကိန်းကြီးတွေနဲ့ လုပ်နိုင်ဘို့ဆိုတဲ့ အချက်ကြီး ၃ ချက်ကို ဘယ်တော့မှ မမေ့ဘို့ မျက်ချေမပြတ်ဘို့ နောက်ဆုံးပြောကြားပါတယ်။

စုပေါင်းရောင်းဝယ်ရေးစာအုပ်(၁၉၄၃) မှ

မူရင်းစာလုံးပေါင်းသတ်ပုံအတိုင်းဖော်ပြပါသည်။

☆☆☆



## ပြည်သူ့စစ် ပြည်သူ့အာဏာ
## ကွန်မြူနစ်ပါတီ
## ဒုတိအကြိမ်မြောက် - ကွန်ဂရက်သဘာပတိမိန့်ခွန်း
## ၁၉၄၅ ခုနှစ်၊ ဇူလိုင်၊ ၂၀ (သောကြာနေ့)

(၁၉၄၅ ခုနှစ်) ဇူလိုင်လ ၂၀ ရက်နေ့တွင် ကွန်မြူနစ်ပါတီ ဗဟိုရုံးဌာန၌ ကျင်းပသော ဒုတိယအကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာ ကွန်မြူနစ်ပါတီကွန်ဂရက်၌ သဘာပတိ သခင်သန်းထွန်း၏ မိန့်ခွန်းမှာ အောက်ပါအတိုင်းဖြစ်သည်။





**ရဲဘော်အပေါင်းတို့ -**

ဒီနေ့ကျင်းပတဲ့ ဗမာပြည်လုံးဆိုင်ရာ ဒုတိယကွန်ဂရက်မှာ သဘာပတိအဖြစ် ဆောင်ရွက်ရတဲ့အတွက် ကျုပ်ကို အထူးဂုဏ်ပြုတယ်လို့ ယုံကြည်ပါတယ်။ ရဲဘော်တို့ကိုလည်း ကျေးဇူးတင်ပါတယ်။

ဒီကွန်ဂရက်ဟာ ကျုပ်တို့ပါတီရာဇဝင်မှာသာမက ဗမာနိုင်ငံ၏ ရာဇဝင်မှာ မော်ကွန်းထိုးရမဲ့ ကွန်ဂရက်ပဲ။

လွန်ခဲ့တဲ့ သုံးနှစ်ပတ်လုံး ပုန်းသူ ပုန်း၊ လျှိုသူက လျှိုနဲ့ တိတ်တိတ်ပုန်း ဂျပန်တော်လှန်ရေးကို လုပ်ခဲ့တဲ့ ကျုပ်တို့ပါတီဟာ အခုအခါ ဂျပန်ဖက်ဆစ်တို့ကို ဗမာပြည်မှာ နိုင်ပြီး၊ အပြင်ကို ပေါ်ထွက်လာခဲ့တယ်။ ကျုပ်တို့ရဲ့ ပါတီဟာ စစ်နိုင်တဲ့ ပါတီအဖြစ်နဲ့ မားမားမတ်မတ်ကြီး ပေါ်လာခဲ့ပြီ။

ကျုပ်တို့ဟာ အခုတွေ့ဆုံတဲ့အခါမှာ ပဌမကွန်ဂရက်တုံးကလိုမဟုတ် တထိတ်ထိတ် တလန့်လန့် စည်းဝေးတာမဟုတ်ဘဲ စစ်နိုင်သူတို့အနေနဲ့ စည်းဝေးတာဘဲ။

ဒီကွန်ဂရက်မှာ စစ်မြေပြင်တွင် ဂျပန်နှင့် ရင်ဆိုင်တိုက်နေကြရသော ဗမာ့တပ်မတော်သားပါတီဝင်များ၊ ပျောက်ကြားခေါင်းဆောင်များလည်း အမြောက်အများ ပါဝင်တယ်။ ဒီအပြင် စစ်တောင်းတဘက် ရန်သူတို့၏ နောက်ကြားမှ တိုက်ခိုက်နေတဲ့ ဗမာ့သားကောင်း ရတနာအစစ်များလည်း တက်ရောက်ကြတယ်။ ဒီကွန်ဂရက်ကို ဒီလိုပါတီရဲ့ သားကောင်းရတနာများ၊ နိုင်ငံ့ရဲ့ သားကောင်းရတနာများ တက်ရောက်လို့ ကျုပ်တို့ ကွန်ဂရက်မှာ အဆမတန် ဂုဏ်တက်၍ လာခဲ့တယ်။

ဒီလောက် ဂုဏ်ကြီးတဲ့ စစ်နိုင်သူတို့ရဲ့ ကွန်ဂရက်ကြီးက ပဌမဦးဆုံး မှတ်တမ်းတင်ရမည့်အချက်ကတော့ ဗမာပြည်ကို ဂျပန်ဖက်ဆစ်တို့လက်ထဲမှ

လွတ်မြောက်ရေးအတွက် တိုက်ခိုက်ရင်း အသက်ဆုံးရှုံးခဲ့ကြတဲ့ ဗမာ့သားကောင်းရတနာများ အာဇာနည်များအတွက် ကျုပ်တို့အားလုံးက ကြေကွဲဝမ်းနည်းကြတယ်။ ဒါ့အပြင် ဗမာပြည်၏ လွတ်မြောက်ရေးအတွက် နည်းအမျိုးမျိုးတို့နှင့် စွန့်စားတိုက်ခိုက်ကြတဲ့ ဗမာပြည်သူပြည်သားအားလုံးပင် ဖြစ်တယ်။ နောက်ပြီး အခုကမ္ဘာ့လွတ်လပ်ရေးအတွက် တိုက်ခိုက်နေကြတဲ့ မဟာမိတ်တပ်များကို ကျုပ်တို့ဟာ ဝတ္တရားကြေတဲ့ အိမ်ရှင်ပီပီ ခရီးဦးကြိုပြုရမယ်။ ခင်မင်ရင်းနှီးစွာ ပေါင်းကြရမယ်။

## ပုဂ္ဂိုလ် ၂ ဦး

ကျုပ်တို့ရဲ့ စစ်နိုင်သူကွန်ဂရက်ကြီးက ကျုပ်တို့ပါတီရဲ့ အောင်မြင်မှုများနှင့် ပတ်သက်လို့ ပုဂ္ဂိုလ်နှစ်ဦးရဲ့လုပ်ငန်းကို ထူးထူးခြားခြား မှတ်တမ်းတင်ထားအပ်တယ်။ ဒီနှစ်ဦးဟာ ကျုပ်တို့၏ ရဲဘော်ခေါင်းဆောင်ကြီး အထွေထွေအတွင်းရေးမှူး **သခင်စိုး**နှင့် ကျုပ်တို့ရဲ့ခေါင်းဆောင် နိုင်ငံခြားကိုယ်စားလှယ် ***ကိုသိန်းဖေ***ပဲ။

ကျုပ်တို့ခေါင်းဆောင်ကြီး သခင်စိုးဟာ ဂျပန်ဖက်ဆစ်တို့ ကြီးစိုးသည့် သုံးနှစ်ကာလပတ်လုံး ပုန်းအောင်းခါ ကျုပ်တို့ပါတီလုပ်ငန်းတွေကို ရှေ့ဆောင်ခြင်းပြုခဲ့ကြတယ်။ ဂျပန်ဖက်ဆစ်တို့ရဲ့ လုံ့စွပ်ကို သီခါပွတ်ခါနှင့် အနံ့အပြားသွားရောက်ပြီး ဖက်ဆစ်တိုက်ဖျက်ရေးလုပ်ငန်းကြီးကို ခေါင်းဆောင်ခဲ့တယ်။ ကျုပ်တို့ပါတီတို့ဟာလဲ သခင်စိုးနဲ့ ကင်းကွာနေစေကာမူ သခင်စိုးဟာ ကျုပ်တို့ရဲ့အလယ်မှာ အမြဲပင်ရှိသလို ဝတ္တရားကို ဖြစ်မြောက်အောင် ဆောင်ရွက်ခဲ့တယ်။ သခင်စိုးရဲ့ ရှေ့ဆောင်မှု မှန်ကန်သဖြင့် ကျုပ်တို့ပါတီဟာ စစ်နိုင်သူတို့ရဲ့ ပါတီဖြစ်ခဲ့ပြီး သခင်စိုးကို ကျုပ်တို့ပါတီကရော ဗမာပြည်ကရော အချီးမြှောက်နိုင်ဆုံး ချီးမြှောက်ခြင်းကို ပြုကြရမယ်။

ကျုပ်တို့ ပါတီလုပ်ငန်းအောင်မြင်မှု၊ ဖက်ဆစ်ဂျပန်တို့လက်မှ ဗမာပြည် လွတ်မြောက်မှုအတွက် နိုင်ငံရပ်ခြားသို့ အသက်ဆံဖျား စွန့်စားသွားရောက်ပြီး ကမ္ဘာ့ပြည်သူပြည်သားအပေါင်းတို့က ကူညီအောင်ဆောင်ရွက်တဲ့လူဟာ တက်ဘုန်းကြီး ကိုသိန်းဖေပဲ။ ကိုသိန်းဖေဟာ ဘယ်လောက်ဗမာပြည်အတွက် ဆောင်ရွက်ခဲ့တယ်ဆိုတာကို တစိမ့်စိမ့်အားဖြင့် သိလာကြလိမ့်မယ်။ ပြောလို့ဆိုလို့ပင် မကုန်ခမ်းနိုင်အောင် များပြား။ ဒါတင်မကသေးဘူး။ အပြင်မှနေ၍ ဗမာပြည်တွင်း လုပ်နေသူ





ငါတို့အား လမ်းမမှားရ အောင်အမြဲတစေ ညွှန်ကြားနေသူဟာ ကိုသိန်းဖေပဲ။ အတည်အလင်း ဝန်ခံရလျှင် ကျုပ်တို့ဟာ ဂျပန်ဖက်ဆစ်တို့ သံကွန်ခြာအောက်မှာ နေကြရလို့ ကျုပ်တို့ရဲ့ အယူအဆအတွေးအခေါ်တွေ မကြာခဏ ဖောက်ပြန်ခဲ့တယ်။ အထူးသဖြင့် အင်္ဂလိပ်တို့နှင့် ပတ်သက်တဲ့ သဘောထား။ လက်နက်နဲ့ ပတ်သက်လို့ သဘောထား မကြာခဏ ဖောက်ပြန်သည်ကို လွန်ခဲ့တဲ့သုံးနှစ်အတွင်း ထုတ်ပြန်သော စာရွက်စာတမ်းများကို ကြည့်ရင် သိနိုင်တယ်။ ကျုပ်တို့ဟာ တိုးတက်နေတဲ့ ကမ္ဘာ့ပြည်သူပြည်သားတို့ရဲ့ ခြေလှမ်းကို မလိုက်နိုင်ခဲ့ဘူး။ သို့ပေမဲ့ ကမ္ဘာ့တော်လှန်ရေးနှင့် ရင်ဘောင်တန်းလိုက်နေတဲ့ ကိုသိန်းဖေဟာ ကျုပ်တို့ရဲ့ အယူအဆလွဲတာတွေကို အမြဲတစေ ပြုပြင်ခဲ့တယ်။ ဗမာပြည်၏ ဂျပန်တိုက်ဖျက်ရေးလုပ်ငန်း ကမ္ဘာက အသိအမှတ်ပြုလာတာဟာ ကိုသိန်းဖေရဲ့ ဆောင်ရွက်ချက်ဖြစ်တယ်။ မဟာမိတ်နိုင်ငံသားများနဲ့ရော မဟာမိတ်စစ်တပ်များနဲ့ရော၊ ဗမာပြည်သူပြည်သားတို့ တဦးကိုတဦး သဘောပေါက်နားလည်လာကြတာဟာလည်း ကိုသိန်းဖေ၏ လုံ့လကြောင့် ဖြစ်တယ်။ ကိုသိန်းဖေရဲ့ ကျေးဇူးဟာ ဗမာပြည်အပေါ်မှာ မကုန်မခမ်းနိုင်အောင် တင်တယ်။ သခင်စိုးလိုဘဲ ကျုပ်တို့ရဲ့ ပါတီကရော၊ ဗမာပြည်ကရော အချီးမြှောက်ဆုံး ချီးမြှောက်ကြရမယ်။

စစ်နိုင်သူတို့ ဒီကွန်ဂရက်ကြီးက ချီးမြှောက်သူတွေက ချီးမြှောက်ပြီးပြီ၊ ကျုပ်တို့ရဲ့ ရှေ့သို့ သွားရာလမ်းကို မြှော်မှန်းပြီးကြည့်ရမယ်။

## ဖက်ဆစ်စံနစ် မပျက်မချင်းတိုက်ရန်

ကျုပ်တို့ဟာ ကျုပ်တို့ကိုယ်ကို စစ်နိုင်သူများလို့ ကြွေးကြော်နေပေမဲ့ ကျုပ်တို့ နိုင်နေတဲ့ စစ်ပွဲဟာ မပြီးသေးဘူး။ အများသိကြတဲ့အတိုင်း ဂျပန်များဟာ စစ်တောင်းတဘက်၌ ရှိသေးတယ်။ ဒီဘက်ကမ်းကို ကူးရန် အမျိုးမျိုး ခြိမ်းချောက်၍ နေကြတယ်။ ရှမ်းပြည်မှာလဲ နယ်တွေ အများကြီးဟာ ဂျပန်လက်အောက်မှ မလွတ်လပ်သေး။ အာရှတိုက်တောင်ပိုင်း တခုလုံးမှာလည်း ဂျပန်တို့ မဆုတ်ခွာသေး။ ဂျပန်ကျွန်းမကြီးကို မဟာမိတ်တို့ မှုန့်မှုန့်ညက်ညက်ကြေအောင် ဗုန်းကြဲပေမဲ့ ဂျပန်တို့သည် တရုတ်ပြည်တွင် ၅ သန်းလောက် အခိုင်အခန့် တပ်စွဲလျက်ရှိနေပေသေးတယ်။ ကျုပ်တို့၏ ထင်မြင်ချက်အရ တရုတ်ပြည်မှာ ဂျပန်ဖက်ဆစ်တို့ မကျိုးသမျှ ကမ္ဘာ့ဖက်ဆစ်စနစ်ဟာ ကျဆုံးဦးမှာ မဟုတ်။ ဒါ့ကြောင့် ဖက်ဆစ်ကျ

ဆုံးမှ လိုလားတဲ့ ကျုပ်တို့ဟာ ဂျပန်လက်အောက်မှာ တော်လှန်ရေးလုပ်တုန်းကထက် အဆပေါင်းများစွာ တိုးတက်ပြီး ဖက်ဆစ်တိုက်ဖျက်ရေးကို လုပ်ကြရမယ်။ ရှေ့အဘို့မှာ ကျုပ်တို့ရဲ့ လုပ်ငန်းဟာ ပို၍ ကြီးကျယ်လာမယ်၊ ပို၍ ဝီရိယထုတ်ရမယ်။

၁၉၄၁ ခုနှစ် ဇွန်လလောက်ကပင် ကျုပ်တို့ဟာ မဟာမိတ်နိုင်ငံတို့ဘက်မှ တိုက်မယ်ဟု ဆိုင်ရာတို့ကို အကြောင်းကြားခဲ့ဘူးတယ်။ ကျုပ်တို့ရဲ့ လက်ကမ်းချက်ကို အစိုးရတို့က လက်မခံခဲ့ဘူး။ ဂျပန် ဗမာပြည်ဝင်လာတဲ့အခါ ကျုပ်တို့ကို လက်မဲ့ပစ်ထားခဲ့တယ်။ ကျုပ်တို့အဖို့ရာ အခက်အခဲအမျိုးမျိုးနှင့် တွေ့ခဲ့ရတယ်။ ဖြစ်သလို လုပ်ခဲ့ရတယ်။ နေတတ်သလို နေခဲ့ရတယ်။ သို့ပေမဲ့ ကျုပ်တို့၏ ယုံကြည်ချက်ကို စိုးစဉ်းမျှ မပြစ်မှားဘဲ ကျုပ်တို့ရဲ့ ရည်မှန်းချက်ကို ရှေးရှုခါ ဖက်ဆစ်တိုက်ဖျက်ရေးကို လုပ်ခဲ့ကြတယ်။ အခုလဲ တိုက်နေကြတယ်။ နောက်ဆက်ပြီးတော့လဲ ဖက်ဆစ်မကျမခြင်း တိုက်ရမယ်။

## သဘောထားပြောင်းခဲ့ရခြင်း။

ကျုပ်တို့ဟာ ၁၉၄၁ ခုနှစ်ကစပြီး ဘာကြောင့်သဘောထား ပြောင်းခဲ့သလဲ။ ၁၉၄၁ ခုနှစ် ဇွန်လ ၂၂ ရက်နေ့မှာ ဂျာမန်နာဇီတို့ဟာ ဆိုဗီယက်ယူနီယံကို တိုက်ခဲ့တယ်။ သူတို့ရဲ့ ဆိုဗီယက်ယူနီယံအတိုက်ခံရလို့ သဘောထားပြောင်းသလားမေးစရာ ရှိတယ်။ မှန်သလောက်မှန်တယ်။ သို့ပေမဲ့ ဆိုဗီယက်ယူနီယံကို မေတ္တာရှိယုံသာမန်လောက် မဟုတ်၊ ဆိုဗီယက်ယူနီယံကျဆုံးရင် ကမ္ဘာတွင် ဘာဖြစ်တော့မည်ကို ကျုပ်တို့ ကြိုမြင်၍ ဖြစ်တယ်။

ဆိုဗီယက်ယူနီယံကို ( ၁မနီမတိုက်မီက ဥရောပတခုလုံးဟာ ဂျာမန်နာဇီတို့ ခြေဖဝါးအောက်တွင် ပြားပြားမှောက်ကျလျက် ရှိနေတယ်။ အင်္ဂလန်ဟာလဲ လက်ဝှေ့ပွဲမှာ အလဲထိုးခံရသကဲ့သို့ ပုံရက်သား ကျနေတယ်။ အမေရိကန်ကြီးမှာလည်း ကိုယ့်လူလဲ ကွဲနေ၊ ကိုယ်လဲ တက်မထိုးရဲ၊ ဘေးကနေပြီး ရေဖြုန်းနေရတဲ့ဘဝ ရောက်နေပြီး ဂျာမနီဟာ ပစ္စည်းအင်အား သတ္တိအင်အားနှင့် ကမ္ဘာမှာ အံမတုနိုင်သည့်အဖြစ် ရောက်ခဲ့ပြီ။

ဒီအချိန်အခါတွင် ဂျာမနီဟာ ဆိုဗီယက်ယူနီယံကို တိုက်ခဲ့တယ်။ ဆိုဗီယက်ယူနီယံသာ ဒီတိုက်ပွဲမှာကျရင် ကမ္ဘာတခုလုံး ဂျာမနီလွှမ်းမိုးတော့မယ်။ ကမ္ဘာကို ဂျာမနီသာ လွှမ်းမိုးလျှင် ကမ္ဘာ့ရာဇဝင်မှာ အဆိုးဝါးဆုံး အမှောင်ခေတ်သို့





ဆိုက် ရောက်မယ်။ ဆိုဗီယက်ယူနီယံ ကျမကျဆိုတဲ့ ချိန်ခွင်လျှာအပေါ်မှာ ကမ္ဘာ့အနာဂတ်ဟာ တည်နေတယ်။ ချိန်ခွင်လျှာဟာ အလယ်မှာ တန်းနေတယ်။ ကမ္ဘာ့အရပ်ရပ်ရှိ ပြည်သူပြည်သားအပေါင်းတို့ဟာလဲ တို့ရဲ့ လွတ်လပ်ရေးစစ်ပွဲကြီးဖြစ်နေပြီ၊ တို့ထတိုက်ကြမယ်ဆိုပြီး ထတိုက်ကြတယ်။ ကမ္ဘာ့ပြည်သူပြည်သားတို့၏ လှုံ့လကြောင့် အခုအခါ ဂျာမနီနာဇီစံနစ်ဟာ ဘုံးဘုံးလဲကျခဲ့ပြီ။

## တရုတ်ကွန်မြူနစ်များ

တရုတ်ပြည်ကို ကြည့်ဦး။ တရုတ်ပြည်ကို ဂျပန်ဟာ ၁၉၃၀ ခုကစ၍ တိုက်ခဲ့တယ်။ တရုတ်ကွန်မြူနစ်ပါတီဟာ ၁၉၃၂ ခုနှစ်ကစပြီး ဂျပန်ကို စစ်ကြေညာခဲ့တယ်။ အခုလည်း မဟာမိတ်နိုင်ငံများက ကျေနပ်လောက်အောင် အကူအညီမရတောင် ကမ္ဘာ့အရှေ့ပိုင်း လွတ်လပ်ရေးအတွက် ရှေ့တန်းမှနေ၍ တိုက်နေတယ်။ တရုတ်ကွန်မြူနစ်တို့ဟာ ဘာကြောင့် ၁၃ နှစ်လောက်ကထဲက တိုက်နေတာလဲ။ တရုတ်ပြည်ကိုသာ ဂျပန်ကြီးစိုးရင် ကမ္ဘာ့အရှေ့ပိုင်းတခုလုံးဟာ ဂျပန်တို့ လက်အောက်ရောက်မယ်။ ကမ္ဘာ့အရှေ့တောင်ပိုင်း ဂျပန့်အောက်ရောက်ရင် အိန္ဒိယလဲ မသက်သာဘူးဘဲ။ လူဦးရေနဲ့ ကြည့်ရင်း သန်းတထောင်ဟာ သူ့လက်အောက် ဖြစ်မှာဘဲ။ ကမ္ဘာမှာ အကြီးဆုံးအင်ပိုင်ယာ ဖြစ်မယ်။ ပစ္စည်းအင်အားလဲ ကြည့်အုံး၊ သူ့လောက်များတာ ကမ္ဘာမှာ ရှိမှာမဟုတ်၊ အိန္ဒိယဟာ ဗြိတိသျှနိုင်ငံချဲ့စံနစ် လက်အောက်ရောက်တာ အနှစ်နှစ်ရာကျော်ပြီ။ ကမ္ဘာ့အရှေ့ပိုင်းသာ ဂျပန့်အောက်ရောက်ရင် အဆိုးဝါးဆုံး စံနစ်အောက်မှာ အနှစ်တထောင်လောက် ကြာရင် ကြာနိုင်တယ်။ ဒါကိုသိလို့ ကမ္ဘာ့ရာဇဝင်အသစ် ရေးနိုင်ဘို့ တရုတ်ကွန်မြူနစ်တွေဟာ ၁၉၃၅ ခုနှစ်ကထဲက တိုက်တယ်။ ဘယ်သူကူကူ မကူကူ တို့လွတ်လပ်ရေးအတွက် တိုက်မယ်။ ဘယ်သူပါပါ၊ မပါပါ ကမ္ဘာ့အရှေ့ပိုင်း လွတ်လပ်ရေးအတွက် တိုက်မယ်ဆိုပြီး တိုက်တာဘဲ။

ဒါတွေကိုချကြည့်မယ်ဆိုရင် ဂျာမန်နာဇီစံနစ်နဲ့ ဂျပန်ဖက်ဆစ်စံနစ်ကို တိုက်ကြတာဟာ သာမန်စစ်ပွဲကလေး မဟုတ်။ ကမ္ဘာမှာ အဆိုးဝါးဆုံးစံနစ်နဲ့ ကမ္ဘာ့ပြည်သူပြည်သားတို့ တိုက်ကြတဲ့ "လွတ်လပ်ရေးစစ်"သာဖြစ်တယ်။ အနှစ်တစ်ထောင် ကမ္ဘာတခုလုံး ကျွန်မဖြစ်အောင် တိုက်တဲ့ စစ်ဖြစ်တယ်။

ဒါကြောင့် အခုတိုက်နေတဲ့စစ်မှာ အင်္ဂလိပ်နဲ့ ဂျပန်တိုက်တာကို ဗမာပြည်

သူပြည်သားတို့က ကူတာမဟုတ်ဘူး။ ဗမာပြည်သူပြည်သားတွေက ကိုယ့်လွတ်လပ်ရေးအတွက် တိုက်ကြတဲ့အခါမှာ မဟာမိတ်နိုင်ငံတွေက လာကူတာသာဖြစ်တယ်။

### ဂျပန်ကို တိုက်ခိုက်ရေး

ဗမာပြည်မှာ အခုဖြစ်နေတဲ့ အခြေအနေကို ကြည့်ရင် ''ပြည်သူ့စစ်'' တနည်း။ ''လွတ်လပ်ရေးစစ်''သဘော ပိုပေါ်နိုင်တယ်။

ပထမဦးဆုံးကြည့်။ ပဲခူးရိုးမမှာ ဂျပန်တွေ အောင်းနေတယ်။ ဂျပန်တွေအကြောင်း မဟာမိတ်တပ်တွေကို သတင်းသွားပေးရင် ဘာလုပ်မလဲ၊ အမြောက်နဲ့ပစ်မယ်။ ဗုန်းနဲ့ကြဲမယ်။ ဒါကတော့ သူတို့ရဲ့ စစ်ပရိယာယ်ဘဲ။ ကျုပ်တို့ဘာမှ အပြစ်တင်စရာ မရှိဘူး။ ဒါပေမဲ့ သိကြတဲ့အတိုင်း ဂျပန်တွေက အမြဲရွှေ့နေတော့ ဂျပန်မထိဘဲ ရွာထိတာဘဲ။ ဒီတော့ ရွာကျေရော၊ ရွာကျေတော့ ဘယ်သူမှ သတင်းသွားမပေးဘူး။ သတင်းမပေးပြန်တော့ ဘာဖြစ်သလဲ ဂျပန်တွေကလဲ တောင်များထဲက မထွက်နိုင်။ စားစရာကလည်း မရှိတော့ တောင်ခြေက ရွာတွေ လုစားကြတာဘဲ။ လုစားပြန်တော့ ရွာကျေပြန်တာဘဲ။ ဘယ်ဘက်ကမှ မသက်သာဘူး။ ဒီတော့ ကျုပ်တို့က ဘာလုပ်နေမလဲ။ ရပ်ကြည့်နေမလား။ ရပ်ကြည့်မနေနိုင်ဘူး။

ကျုပ်တို့ ဘာသာလူစု၊ လက်နက်စု၊ မဟာမိတ်တပ်ကို သွားပြော၊ ကျုပ်တို့ကိုယ်တိုင် ထွက်တိုက်မယ် လုပ်ရမှာဘဲ၊ ဆိုလိုတာက တခြားမဟုတ်ဘူး။ ဂျပန်တိုက်ရေးဟာ ကျုပ်တို့အရေး၊ ကျုပ်တို့ကိစ္စ ကျုပ်တို့ဝတ္တရားဖြစ်တယ်။ ကျုပ်တို့ချည်း တိုက်နေရတယ်လို့ ညည်းစရာမလိုဘူး။ ဘာမရဘူး။ ညာမရဘူး။ ကျုပ်တို့အကျိုးအတွက် ကျုပ်တို့တိုက်ရမယ်။

### မဟာမိတ်တို့၏ တိုက်ခိုက်ရေး

ဒီလိုပြောတာဟာ မဟာမိတ်တပ်များကို အပြစ်ပြောတာ မဟုတ်ဘူး။ သူတို့ရဲ့ အခြေအနေကို ကျုပ်တို့ နားလည်တယ်။ လွတ်လပ်ရေးတပ်ကြီးဖြစ်တဲ့ ၁၄ နံပါတ်စစ်တပ်ကြီးဟာ ၃ နှစ်နီးပါး တောင်ကြိုတောင်ကြားထဲ နေခဲ့ရတယ်။ အခုမှ ထွက်လာရတာဘဲ။ ဘယ်လောက် ဆင်းရဲခံရတယ်ဆိုတာ မပြောနဲ့တော့ ?စ်ထားကြလို့ မေ့နေတဲ့ တပ်ဆိုပြီး ဘိလပ်ပါလီမန်မှာကို ပွက်ယူရတယ်။





ဒီတပ်ဟာ ဗမာပြည်ကျပြီးတဲ့နောက် နည်းနည်းပါးပါးတော့ အနားလိုချင်မှာဘဲ။ အနားလိုချင်တာကိုလဲ ကျုပ်ကိုယ်တိုင် ဒီတပ်နဲ့ အရက် ၂၀ လောက် လိုက်ခဲ့ရလို့ အသေအချာ သိတယ်။ ဗမာပြည်ထဲရောက်လာပြန်တော့ ပျက်စီးနေတာ တွေ့ရပြန်တယ်။ ပြာကျနေတာ တွေ့ရပြန်တယ်။ တချို့များ ဘိလပ်က ထွက်လာတာ ခြောက်နှစ်ရှိပြီ။ ကိုယ့်တိုင်းပြည် ပျက်စီးတယ် ဘာတယ်နဲ့ ကြားရတယ်။ အသေအချာ မသိကြ။ တောထဲနေကြရတာကိုး။ ဗမာပြည် ပြာကျတာ တွေ့တော့မှ တို့တိုင်းပြည် ဒီထက်ပြာကျမှာဘဲဆိုပြီး တချို့လည်း အိမ်လွမ်းကြတာဘဲ။

ဒီလိုဖြစ်နေတဲ့ အခြေအနေမှာ ဂျပန်ရှင်းဘို့ ကျုပ်တို့အလုပ်အနေနဲ့ ကျုပ်တို့ မလုပ်ရင် ဘယ်သူလုပ်မလဲ၊ ကျုပ်တို့က လွတ်လပ်ရေးတကယ်လိုချင်ရင် ကျုပ်တို့ ဘာသာကျုပ်တို့ တိုက်ရမယ်။

နောက် ဥပမာတခု ပေးအုံးမယ်။ အခု ဂျပန်တွေဟာ စစ်တောင်းအရှေ့မှာ ရှိသေးတယ်။ ရှိနေတော့ ဒီမိုးယံးကုန်ရင် မဟာမိတ်တွေက ဆက်တိုက်မလား။ မတိုက်ဘူးလား ပြဿနာပေါ်လာတယ်။ သို့ပေမဲ့ စစ်ပွဲကို မြေပုံနဲ့ ချကြည့်ရင် သေနင်္ဂဗျူဟာ နားလည်တဲ့လူအနေနဲ့ကြည့်ရင် တိုက်ချင်တိုက်မယ်ဆိုတာ တွေ့ရမယ်။

ဗမာပြည်တိုက်တာ ဘာရည်ရွယ်ချက်နဲ့ တိုက်သလဲ။ ရန်ကုန်သင်္ဘောဆိပ်ကို လိုချင်လို့တဲ့။ သင်္ဘောဆိပ်ရပြီး။ ဒီပြင်နေရာတွေ တိုက်ဘို့ မလို။ အမှန်စင်စစ်တော့ အာဏာပိုင်တို့အမြင်အရ ဗမာပြည်စစ်ပွဲပြီးပြီ။

### စစ်ပွဲ အဆုံးသတ်ရမည့်နေရာ

စစ်တိုက်တာ နေရာတကာတိုက်ဘို့ မလိုဘူး။ တိုက်နေရင် ဘယ်တော့ပြီးမလဲ။ အခု ဂျပန်ပြည်မကို ကျေအောင် ဗုန်းနဲ့ ချနေတယ်။ သို့ပေမဲ့ အဆုံးသတ်တိုက်ပွဲဟာ ဂျပန်ပြည်မှာ မရှိ။ တရုတ်ပြည်မှာ ရှိတယ်။ တရုတ်ပြည်မှာ ဂျပန် ၅ သန်းလောက် ရှိတယ်။ အဲဒီ တပ်ကျိုးအောင် ဘာလုပ်ရမလဲ။ အရှေ့အာရှတောင်ပိုင်းက ဂျပန်တပ်တွေနဲ့ အဆက်ဖြတ်ပစ်ရမယ်။ အဆက်ပြတ်ဘို့ နည်းက အင်ဒိုချိုင်းနားက တလမ်း။ ရှမ်းပြည်က တလမ်း။ မလေးပြည်(ပသျှူး)က တလမ်း။ ဒီအတိုင်း တိုက်ရမယ်ဆိုရင် စစ်တောင်းကနေပြီး မုတ္တမအထိ မလှုပ်သာမယှက်သာကလေးလဲ သွားတိုးနေဘို့ မလိုဘူး။ ဒါ အတိအကျပြောတာ မဟုတ်ဘူး။

ဒီလိုဖြစ်ခဲ့ရင် ဘယ်လိုသဘောထားတတ်အောင် ပြောတာဘဲ။

စစ်တောင်းကနေပြီး ကော့သောင်းအထိ နေရာကို ကွင်းပြီး မချန်ခဲ့ဘူးလို့ မပြောနိုင်ဘူး။ ဂျာမနီမှာ ဘာလင်နဲ့ နီးနေတာတောင် ဒန်းကတ်တို့ ကာလေတို့မှာ ဂျာမန်တွေ ကျန်သေးတာဘဲ။ ဒီတော့ ဂျပန်နဲ့ စစ်ပွဲကလဲ တနှစ်လောက် ကြာအုံးမယ်။ တနသ်ာရီကလဲ ကွင်းကျန်ရစ်ခဲ့မယ်ဆိုရင် ခင်ဗျားတို့ ဘာလုပ်ကြမလဲ။ လက်ပိုက်ကြည့်နေမလား။ ကျုပ်တို့က မဟာမိတ်တွေ ပြောရမှာဘဲ။ ကျုပ်တို့ချမယ် ခင်ဗျားတို့ တတ်နိုင်သလောက်ကူပါလို့ ပြောရမှာဘဲ။ ဟိုဘက်လူတွေရဲ့ လွတ်လပ်ရေးကို ကိုယ့်ဖာသာကိုယ် ကြိုတ်တန်ကြိုတ်ရမှာဘဲ။

## ပြည်သူ့ဘို့ တန်ခိုးကြီးရန်

ဒီသဘောမျိုးနဲ့ ကမ္ဘာအရပ်ရပ်က ပြည်သူပြည်သားတွေက ကိုယ့်လွတ်လပ်ရေးအတွက် ကိုယ်ထတိုက်ကြတယ်။ ထတိုက်လို့ ဂျာမန်ဖက်ဆစ်စံနစ်ဟာလဲ ဘုန်းဘန်းလဲကျပြီး ဂျပန်လဲ သေမင်းငင်နေပြီ။

ဒီစစ်ပွဲမှာ ပြည်သူပြည်သားတွေ နိုင်နေတယ်။ နိုင်တာကိုသိရင် ကမ္ဘာကို ကြည့်၊ ပထမအချက်က ကမ္ဘာ့ပြည်သူပြည်သားတွေရဲ့ ခေါင်းဆောင်ဖြစ်တဲ့ ဆိုဗီယက်ယူနီယံဟာ နိုင်တဲ့ နိုင်ငံတွေထဲ ပါတဲ့အပြင် ကမ္ဘာ့အရေးအရာတွေမှာလည်း တွင်ကျယ်နေတာ တွေ့ရလိမ့်မယ်။ ဂျာမန်တို့ရှုံးအောင် အများဆုံး ဘယ်သူလုပ်သလဲ။ တပ်နီကြီးက လုပ်တယ်၊ လုပ်လို့ ဆိုဗီယက်ယူနီယံတန်ခိုးကြီးတယ်၊ ဒုတိယအချက်က ဥရောပတိုင်းပြည်တွေမှာ ကိုယ့်ကံကြမ္မာကို ဖန်တီးနိုင်လာကြပြီ။ ဖက်ဆစ်တိုက်ခဲ့တဲ့ တကယ့်မျိုးချစ်တွေဟာ သွေးစည်းမိပြီး အစိုးရအဖွဲ့တွေ ဖွဲ့စည်းကုန်ပြီ၊ ဒီအစိုးရတွေထဲမှာလည်း လူထုအကျိုးဆောင်ဖြစ်တဲ့ ကွန်မြူနစ်တွေဟာ ဝန်ကြီးချုပ်အဖြစ်နဲ့ဖြစ်စေ၊ ပြည်ထဲရေးဝန်ကြီးအဖြစ်နဲ့ဖြစ်စေ ပါနေကြတယ်။ ပိုလန်မှာ ဝန်ကြီးချုပ်ဟာ ကွန်မြူနစ်၊ ယူဂိုစလေဗီယားမှာ ဝန်ကြီးချုပ်ဟာ ကွန်မြူနစ်၊ ဒီပြင် တိုင်းပြည်တွေက အစိုးရတွေမှာလည်း ကွန်မြူနစ်တွေဟာ အချက်အချာကိုင်တဲ့ ဝန်ကြီးတွေဖြစ်နေပြီ။ ဖက်ဆစ်တိုက်ခဲ့တဲ့ အမျိုးသားတပ်မတော်တွေလဲ ပေါ်ပေါက်လာပြီ။ ဖက်ဆစ်ကူခဲ့တဲ့ ရာဇဝတ်ကောင်တွေလည်း ရှင်းလင်းပစ်ကုန်ကြပြီ။ ဖက်ဆစ်တိုက်နိုင်ရင် တိုက်နိုင်သလောက်၊ ပြည်သူတွေတန်ခိုးကြီးတာဘဲ၊ တရုတ်ပြည်မှာလဲကြည့်။ ကွန်မြူနစ်တွေက ဂျပန်ကို





ထိထိရောက်ရောက်တိုက်တော့ ကွန်မြူနစ်တွေ လွှမ်းမိုးနေတဲ့ နေရာမှာ ပြည်သူတွေ တန်ခိုးကြီးတာဘဲ။ ဗမာပြည်မှာလဲ ပြည်သူပြည်သားတွေ တန်ခိုးကြီးချင်ရင် ဖက်ဆစ်တွေက နာနာတိုက်ပေးမယ်။

## တော်လှန်ရေးစစ်

ဒီစစ်ဟာ "လွတ်လပ်ရေးစစ်" ပြည်သူပြည်သားတွေရဲ့ စစ်ဖြစ်တယ်။ ဒါတွင်မကသေးဘူး။ တော်လှန်ရေးစစ်လဲဖြစ်တယ်။ စစ်တိုက်နေတာကိုက တော်လှန်ရေးလုပ်နေတာဘဲ။

ကျုပ်တို့ရဲ့ ကြေညာစာတမ်း ၁ မှာ လွတ်လပ်ရေးသည် ပထမ ဒီမိုကရေစီရေးသည် ဒုတိယ၊ ဆိုရှယ်လစ်ရေးသည် တတိယဆိုခဲ့တယ်။ ဒီဟာ ရာဇဝင်အစဉ်အလာ သဘောကိုသာ ပြောခြင်းဖြစ်တယ်။ အတိအကျဆိုတာမဟုတ်။

ကျုပ်တို့အမြင်အရ ရာဇဝင်မှာ ပဒေသာပင်ခေတ်၊ ကျေးကျွန်ခေတ်၊ မြေရှင်ခေတ်၊ အရင်းရှင်ခေတ်၊ ဆိုရှယ်လစ်ခေတ်လို့ ဆိုပေမဲ့ အကြမ်းသာဆိုတယ်။ တခုပြီးမှ တခုစောင့်ပြီး ဖြစ်တာမဟုတ်။ တခေတ်ထဲမှာလို တခေတ်ဟာ ရောနေတာဘဲ။ တခုနဲ့တခု ရောထွေးနေတာဘဲ။ လွတ်လပ်ရေး၊ ဒီမိုကရေစီရေး၊ ဆိုရှယ်လစ်ရေးတို့ဟာ တဆင့်စီဆိုပေ ရောလာတာဘဲ။

တရုတ်ပြည်ကြည့်၊ အကြမ်းချကြည့်၊ ဂျပန်အုပ်နေတာ တဝက်၊ တရုတ်အုပ်နေတာ တဝက်၊ တရုတ်တဝက်ထဲမှာ ချကေရှိတ်က လေးပုံတပုံ၊ ကွန်မြူနစ်က လေးပုံတပုံ၊ ကွန်မြူနစ်တွေဟာ တိုက်ရင်း ပြည်သူ့အစိုးရတွေ တည်ထောင်နေတယ်။ အဲဒီအပိုင်းဟာ တကယ်လွတ်လပ်နေတယ်။ လွတ်လပ်တဲ့ နေရာမှာလည်း ဒီမိုကရေစီဖြစ်နေတယ်။ ဒီမိုကရေစီဟာလည်း လူထုဒီမိုကရေစီ ဖြစ်တယ်။ အခု ကွန်မြူနစ်တွေက ကျန်တဲ့ လေးပုံတပုံကို လူထုဒီမိုကရေစီဖြစ်ဘို့ ကြိုးစားနေတယ်။ အဲဒီကနေ ကျန်တဲ့ တဝက်ကို တိုက်၊ တိုက်ရင်း ဒီမိုကရေစီ လုပ်ဘဲ၊ အချုပ်ကတော့ တရုတ်ပြည်ဟာ လွတ်လပ်ရေးရရင် ဒီမိုကရေစီ ဖြစ်မယ်။ ဒီမိုကရေစီဖြစ်မှလဲ လွတ်လပ်မယ်။ လွတ်လပ်တဲ့ ဒီမိုကရေစီဟာ လူထုဒီမိုကရေစီ ဖြစ်မယ်။ လူထုဒီမိုကရေစီကမှလဲ လွတ်လပ်အောင် လုပ်နိုင်မယ်။ အဲဒါကိုကြည့်ရင် လွတ်လပ်ရေး၊ စစ်နဲ့ တော်လှန်ရေးဟာ ဆက်စပ်နေတယ်။

ဥရောပကြည့်အုံး ဘာဖြစ်လဲ၊ လွတ်လပ်ရေးစစ်ပွဲဆင်ရင်း ပြည်သူ

ပြည်သားတွေ မလိုလားတဲ့ အစိုးရတွေ ပြုတ်ကျကုန်ပြီ။ ရှင်ဘုရင်တွေလည်း ဇာတ်ခုံပေါ်က မင်းသားလေးဘဝ ရောက်ကုန်ပြီ။ ဂရိတ်မှာ ရှင်ဘုရင် မပြန်ရတော့ဘူး။ ယူစလေဗီးယားလဲ ဒီအတိုင်းဘဲ။ ဘယ်လ်ဂျီယံလဲ စကားများနေပြီ။ ပိုလန်မှာ စစ်ပြေးအစိုးရဟာ ပြန်မလာတော့ဘူး။ လွတ်လပ်တဲ့ နိုင်ငံတွေမှာ အစိုးရတွေက လက်ဝါးကြီးအုပ်၊ အရင်းရှင်တွေကို အပြုတ်နှံကုန်ပြီ။ ပြင်သစ်ပြည်မှာဆိုရင် စက်ကြီးတွေကို အစိုးရက သိမ်း၊ ပိုလန်ပြည်မှာဆိုရင် လယ်တွေကို လယ်သမားတွေ ဝေနဲ့ဘဲ၊ အင်္ဂလန်ပြည်မှာတောင် စစ်အတောအတွင်း အတော်ပြောင်းလဲခဲ့တယ်။

(၁) ဆိုဗီယက်ယူနီယံမှာ အလုပ်ရှင်ဖြစ်တဲ့ အစိုးရနဲ့ အလုပ်သမားသမဂ္ဂတို့က ပူးတွဲပြီး ပစ္စည်းလုပ်တဲ့ ကော်မီတီရှိတယ်။

အင်္ဂလန်ပြည်မှာလည်း ဒါမျိုးတွေ ပေါ်လာပြီ၊ တခုကွာတာကတော့ အင်္ဂလန်ပြည်မှာ ပစ္စည်းကိုတော့ အစိုးရပိုင်မဟုတ်သေးဘူး။

(၂) ဝင်ငွေ တနှစ် ရွှေဒင်္ဂါး ၂၀၀၀ ကျော်တဲ့လူ မရှိရ။

(၃) အနဲဆုံး အမြတ်တော်ကြေးဟာ တပေါင်ကို ၁၀ သျှီလင် ပေးနေကြရတယ်။ တချို့များ ၁၉ သျှီလင်ခွဲပေးရတယ်။

ဒီပြင်ပြောင်းလဲနေတာတွေလဲ အများကြီး၊ အခုဆိုရင် ဆိုရှယ်လစ်၊ ကွန်မြူနစ်တွေက စစ်ပြီးတဲ့အခါ ဒါတွေမဖျက်ပစ်ဘဲ ဒါမျိုးတွေ ထပ်လုပ်နိုင်ဘို့ ကြိုးစားနေတယ်။ ကွန်ဆာဗေးတစ်တွေကတော့ စစ်အတွင်းမို့ မတတ်သာလို့သာ စစ်ပီးတာနဲ့ မြန်မြန်ဖျက်ဘို့ ကြိုးစားနေတယ်။ အင်္ဂလန်တောင် အတော်အကြီးအကျယ် ပြောင်းလဲတာဘဲ။

ဒါတွေကိုကြည့်ရင် ဒီစစ်ဟာ ပြည်သူစစ်၊ လွတ်လပ်ရေးစစ်။ ဒါကြောင့် ကျုပ်တို့ တိုက်ရမယ်။ ဘယ်သူနိုင်သလဲ၊ ပြည်သူပြည်သားတွေ နိုင်တယ်။ ဒါကြောင့် တိုက်ရမယ်။ ဘာတွေဖြစ်သလဲ၊ တော်လှန်ရေးတွေ ဖြစ်နေတယ်။ ဒါကြောင့် တိုက်ရမယ်။ တိုက်နိုင်သလောက် ပြည်သူတွေ တန်ခိုးကြီးမယ်။

## အင်္ဂလိပ်အခြေအနေ

အင်္ဂလိပ်အပေါ် ဘယ်လိုသဘောထားသလဲမေးမယ်။ အထူးပြောဘို့ မလို၊ အင်္ဂလိပ်ဟာ ကျုပ်အစကပြောခဲ့တဲ့အတိုင်း ဂျာမနီက အလဲထိုးထားလို့





ကွဲနေပြီ။ ပြည်သူပြည်သားတွေက သူတို့ရဲ ထဲထဲဆွဲသွင်းလာပြီး ဘုရားကုကုနေရတဲ့လူနာသာ ဖြစ်တော့တယ်။ အင်္ဂလိပ်ပြန်ထလာနိုင်တာ ဘာဖြစ်လို့လဲ၊ တို့တိုင်းပြည်တော့ ဂျာမန်ခြေဖဝါးအောက် အကျမခံဆိုပြီး မနေနိုင်တဲ့ ပြည်သူတွေက အတင်းထပြီး တိုက်တာဘဲ။ မလိုလားတဲ့ ချိန်ဘာလိန်အစိုးရပြုတ်ချ။ စစ်ခေါင်းဆောင်အဖြစ်နဲ့ မစ္စတာချာချီတင်၊ ဆိုဗီယက်နဲ့ပေါင်း၊ စစ်အတွက် ပစ္စည်းတွေ သိပ်ထွက်အောင် လုပ်၊ ဒါကြောင့် ပြန်ပြီး နလံထူလာတာဘဲ။

ဒါတောင်ကြည့် အင်္ဂလန်ပြည်ရဲ့ စီးပွားရေးအခြေအနေဟာ ဘာဖြစ်နေပြီလဲ။ အင်္ဂလိပ်ရဲ့ အရင်းအနှီးဟာ ကမ္ဘာမှာ သန်းပေါင်းတသောင်းလေးထောင် ရွှေဒင်္ဂါး ရှိတယ်။ ၄၁ ခုနှစ်မတိုင်မီက အမေရိကန်ကလဲ ဘယ်လောက်များ သွေးကြီးသလဲဆိုရင် ထိုအင်္ဂလိပ် လက်နက်လိုချင်ရင် လက်ငင်းပေး။ ကျုပ်လာမပို့နိုင်ဘူး။ ဂျာမန်ယူဘုတ်နဲ့ ကျုပ်ပစ္စည်း အဆုံးမခံနိုင်ဘူး။ ကျုပ်တို့ဆီအထိ လာယူပါဆိုလို့ အင်္ဂလိပ်သူ့ခမြာ ဟိုဘက်အထိ သွားယူရရှာတယ်။ အဲဒါက တသောင်း၊ တလောက ဘဏ္ဍာရေးဝန်ကြီး မစ္စတာအင်ဒါဆာက ပါလီမန်မှာ ငွေစာရင်းရှင်းတမ်းတင်တော့ ကြွေးလေးထောင် တင်နေတယ်ပြောတယ်။ ဒီတော့ ဘာကျန်တော့လဲ။ စစ် ဘာနဲ့ အင်္ဂလိပ်တိုက်နေသလဲ မေးစရာရှိတယ်။ အမေရိကန်နဲ့ စာချုပ်ထားတာရှိတယ်။ ချေးငှါးရေးသဘောတူချက်ဆိုတာက စစ်တိုက်တုန်း ပစ္စည်းသုံး၊ သုံးခသာပေး သုံးခပေးရင်လည်း ငွေမပေးနဲ့ ပစ္စည်းပေး စစ်ပြီးရင် ပစ္စည်းတွေပြန်ပေး၊ ရောက်အောင်မပေးနိုင်ရင် ရောက်တဲ့နေရာ ဖျက်ဆီးပစ် အဲဒါဘဲ။ အဲဒါနဲ့ တိုက်နေတာဘဲ။

အင်္ဂလန်ပြည်ဟာ သိတဲ့အတိုင်း ကျေနေပါပြီ။ ဒါကြီး ပြန်လည်ထူထောင်ဘို့ အရင်းအနှီး အမြောက်အများလိုတယ်။ အမေရိကန်ဆီက ချေးရအုံးမှာဘဲ။ ကျုပ်တို့တိုင်းပြည်မှာ လာပြီး အရင်းနယ်ချဲ့ဘို့ သိပ်ကြောက်နေဘို့ မလို။ သူ့တိုင်းပြည်မှာ အရင်းအနှီးမြှုပ်ဘို့တောင် ရှာရအုံးမယ်။

သေသေချာချာ စဉ်းစားရင်လဲ ကျုပ်တို့တိုင်းပြည် ပြန်လည်ထူထောင်ဘို့ အရင်းအနှီး အမြောက်အများ လိုတယ်။ အင်္ဂလန်ကလာပြီး အရင်းမြှုတ်မလားတောင် မသိဘူး။ လာမြှုတ်ရင်လည်း အမေရိကန်ဆီက ချေးရမှာဘဲ။ ဒါကတော့ လွန်တဲ့ကိစ္စမျိုး မဟုတ်ဘူး။ အခုဆိုရင် ဆိုဗီယက်ယူနီယံက ပြန်လည်ထူထောင်ဘို့ အမေရိကန်ဆီက ၁၅၀၀ ဒေါ်လာသန်းပေါင်း ချေးနေရတယ်။ အရေးကြီးတာက

ဘယ်လိုစာချုပ်မလဲ၊ ဘာစည်းကမ်းနဲ့ ချုပ်မလဲ။ ဘယ်လောက်ကြာ စာချုပ်မယ်ဆိုတဲ့ ပြဿနာဘဲ။

စာချုပ်ကတော့ အင်္ဂလိပ်အရင်းရှင်စံနစ်ဟာ နဖူးကွဲဒူးကွဲနေရုံမက၊ ဘိုင်ပြတ်နေတဲ့ လက်ဝှေ့သမား ဖြစ်နေပြီ။ ဒီတော့ ကျုပ်တို့က အထူးစိုးရိမ်စရာ မလို။

ကျုပ်တို့ကသာ ဒီစစ်ဟာ ပြည်သူ့စစ် လွတ်လပ်ရေးစစ်ဆိုပြီး ဖိသာတိုက်၊ တိုက်သလောက် ကျုပ်တို့ပြည်သူပြည်သားတွေ နိုင်မှာဘဲ။

## လွတ်လပ်ရေးအတွက်

ဒီစစ်ကို တိုက်နေတဲ့အခါမှာ ပြည်သူပြည်သားတွေရဲ့ ကမ္ဘာကြီးဟာ ပေါ်ပေါက်နေတယ်။ တီဟီရင်ကြေညာချက်က ဘယ်လိုဆိုသလဲ။ ကမ္ဘာမြေပြင်က စစ်ဖြစ်တာတွေကို သားစဉ်မြေးဆက် နှင်ပစ်ရအောင်တဲ့။ ယောလတာကွန်ဖရင့်ကလဲ နာဇီစံနစ်ကို ချေမှုန်းပြီး ကမ္ဘာသစ် ထူထောင်ရအောင်လို့ ဆိုခဲ့တယ်။ စံဖရန်စစ်စကို ကွန်ဖရင့်မှာ ကမ္ဘာ့နိုင်ငံများရဲ့အစည်းအရုံး ထူထောင်ဘို့ စာချုပ်လဲ ချုပ်ဆိုပြီးပြီ။ အခုလည်း ဘာလင်မြို့၊ ပေ့ါစဒမ်မှာ ကမ္ဘာ့ခေါင်းဆောင်ကြီး ၃ ဦးဟာ ဆွေးနွေးနေကြပြီ။ ဒါတွေဟာ ဆက်ဆက်ပြီး ဖြစ်ပွားလို့ ကမ္ဘာကြီးမှာ စစ်တွေကင်းပြီး နေချင်စရာ ကောင်းတဲ့ လောကကြီးဖြစ်လာလိမ့်မယ်။

စစ်လုံးဝမဖြစ်လို့ မဆို၊ စစ်ဖြစ်တဲ့ အကြောင်းရင်းတွေ **ရှင်းပစ်မှ** စစ်မဖြစ်ဘဲ နေမှာကို မတ်(စ်)ဝါဒသမားတွေ သိတယ်။ **သို့ပေမဲ့ စစ်မဖြစ်အောင်** ကြိုးစား၊ မတ်(စ်)ဝါဒသမားတွေရဲ့ တာဝန်ဘဲ။ စစ်မဖြ**စ်အောင် ကြိုးစားရင်း** စစ်ဖြစ်နေတဲ့ အကြောင်းရင်းတွေ ရှင်းလိုက်ရင် စစ်နဲ့ ဝေးသ**ထက် ဝေးသွားမှာဘဲ။**

ငြိမ်းချမ်းရေးသာ ရမယ်ဆိုရင် ငါတို့လွတ်လပ်ရေး**ကိစ္စဟာလည်း ချမ်း** သာယာတဲ့နည်းနဲ့ ပြီးစရာလမ်းတွေ ရှိတယ်။ ငါတို့ဟာ ဖက်ဆစ်ကို **တိုက်တဲ့အခါ** လက်နက်နဲ့ ကိုင်ပြီး တိုက်ပေမဲ့၊ ငြိမ်းချမ်းရေးရတဲ့အခါမှာ အင်္ဂလိပ်နိုင်ငံ နယ်ချဲ့ စံနစ်နဲ့ ဗမာပြည်သူပြည်သား ပဋိပက္ခဖြစ်မှုဟာ ဒီမိုကရေစီနည်း ပြည်သူ့နည်းနဲ့ ဖြေရှင်းနိုင်တယ်။

လက်နက်မပါရင် လွတ်လပ်ရေးရမလား မေးစရာရှိတယ်။ အခုတိုက် နေတာ လွတ်လပ်ရေးအတွက်ဘဲ။ လွတ်လပ်ရေးအတွက် လက်နက်နဲ့ တိုက်နေတာ





ဘဲ။ လက်နက်နဲ့ ဖက်ဆစ်ကို တိုက်နိုင်သလောက် ဗမာပြည်လွတ်လပ်ရေးအတွက် အင်္ဂလိပ်နဲ့ စကားပြောတာမှာ ချမ်းသာယာနိုင်သမျှ သာယာမယ်။

ဒါကြောင့် ဖက်ဆစ်တိုက်ဖျက်ရေးနဲ့ ဗမာပြည်သူပြည်သားတို့ လွတ်လပ် ရေးဟာ ရောနေတယ်။ ခွဲလို့မရဘူး။ ပြည်သူပြည်သားတွေ လွတ်လပ်ချင်ရင် နိုင်ချင်ရင် ဖက်ဆစ်ကို အစွမ်းကုန်တိုက်ဘို့ဘဲ။

## အရေးကြီးသော လုပ်ငန်းကြီး

ဖက်ဆစ်တိုက်နေတုံး ကျုပ်တို့မှာ အရေးကြီးတဲ့ လုပ်ငန်းရှိတယ်။ တိုင်းပြည် ပြန်လည်ထူထောင်ရေးဘဲ။ ကျုပ်တို့တိုင်းပြည်ဟာ ပြာကျနေပြီ၊ ကျေနေပြီ၊ ဒါကို ဘယ်သူပြန်ထူထောင်မလဲ။ ပြည်သူပြည်သားတွေ ပြန်ထူထောင်ရမယ်။ တချို့က ဂျပန်တိုက်ပြီးလို့ အင်္ဂလိပ်ပြန်ချရမယ် ပြောကြမယ်။ လောကမှာ ဒီလူတွေလောက် မိုက်တာမရှိ။ ဗမာပြည်ဟာ ပြာကျနေပြီ။ ရွာထဲနေတဲ့ လူတယောက်အနေနဲ့ကြည့်။ ဂျပန်မလာခင်က ဂျပန်က ဗုန်းကြဲတယ်။ အင်္ဂလိပ် ထွက်တော့ ဖျက်ဆီးတယ်။ ဂျပန်နေတော့ ချွေးတပ်သွေးတပ်ဆွဲ။ လှည်းသိမ်း လှေသိမ်း၊ နွမ်းသိမ်း၊ ဝါဂွမ်းသိမ်း၊ လူတွေ နှိပ်စက်နဲ့ နေစရာမရှိ။ တခါ အင်္ဂလိပ်က ဗုန်းကြဲ။ စက်သေနတ်နဲ့ ပစ်။ ဂျပန်ပြေးရခါနီး ရွာတွေကို ထပ်ပြီးချေ။ အင်္ဂလိပ်က အမြောက်နဲ့ ထပ်ရောက်ပြန်တော့ ကုလားတပ်တွေ မွှေနှံ့။ ရွာသားလူထု ဘက် ကကြည့်ရင် လောကမှာ နေချင်စရာ မကောင်းတော့ဘူး။

ဒါမှ ကောင်းတယ်။ ဒါမှ သူပုန်ထမယ် တချို့က ပြောမယ်။ ဘယ်သူမှလဲ ထမှာ မဟုတ်။ လူတွေ ဒုက္ခရောက်တာဘဲ ရှိမယ်။ ကျုပ်တို့လဲ အရင်တုန်းက ငတ်တာ ကောင်းတယ်။ ဒါမှ တို့ပြည်ဆူမယ်လို့ အယူရှိခဲ့တယ်။ အမှန်ကတော့ ငတ်ရင် ဂေါ်ရင်ဂျီဖြစ်မှာဘဲ။

စီးပွားရေးအင်အားတောင့်ဘို့ အရေးကြီးတယ်။ တရုတ်ပြည်ကြည့်။ ချိန်ကေရှိတ်တပ်နဲ့ ကွန်မြူနစ်တပ်နဲ့ တူသလား။ ချန်ကေရှိတ်တပ်တွေ ထမင်းဝဝ စားရသလား။ မစားရဘူး။ ဒါကြောင့် တိုက်တိုင်း မနိုင်တာများတယ်။ တလောက ချုံကင်းတောင်ဘက် ကွေချောင်းမှာ ကွန်မြူနစ်တပ်တွေ ဆင်းကယ်ရတယ်။ ကွန်မြူနစ်တပ်တွေ ဘာကြောင့် တိုက်နိုင်သလဲ။ တိုက်နိုင်မှာပေ့ါ နိုင်ပြီးတဲ့နေရာ တွေမှာ လယ်လုပ်။ လက်မှုပညာ ထွန်းကားအောင်လုပ်။ ကျောင်းထောင်၊

ဆေးရုံဆောက်။ သမဝါယမအသင်းဖွင့် လုပ်သွားတာကိုး။

ဒီတော့ ကျုပ်တို့ ဗမာပြည်မှာလဲ ပြန်လည်ထူထောင်ရေးဟာ အဓိက လုပ်ငန်းဘဲ။ ပြန်လည်ထူထောင်ရေးလုပ်ငန်းသည် လွတ်လပ်ရေးလုပ်ငန်းဘဲ။ ဒီ့ပြင်လမ်း မရှိဘူး။ ဒီလမ်းသာ လိုက်ရမယ်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းဟာ ကျုပ်တို့ရဲ့ လုပ်ငန်းပင်ရင်းဘဲ။ ရှင်းပြမယ်။ ရပ်ရွာငြိမ်ဆိမ်ရေးကိုကြည့်။ အခုအခါ လက်နက်တွေ အများကြီး ပြန့်နေတယ်။ ဒါတွေက ပြန့်နေရင် ကောင်းမယ်။ တို့တတွေ နောက်တခါ တော်လှန်ရေးလုပ်ရင် ရမှာဘဲလို့ တချို့ထင်ကြမယ်။ မရဘူး။ စိတ်သာချ။ အခုလို လူကောင်းလက်ထဲက လက်နက်တွေနဲ့ လူဆိုးလက်ထဲက လက်နက်တွေနဲ့ ဘယ်သူက များသလဲ။ တော်လှန်ရေးလုပ်မဲ့လူတွေ လက်နက်တသောင်းထက် မပိုဘူး။ ဒီလက်နက်တွေဟာလဲ ဟိုလူလက်ရောက်၊ ဒီလူလက်ရောက်နဲ့ နောက်ခားပြ စာဖြစ်မှာဘဲ။ သူခိုးခားပြထရင် လယ်မလုပ်နိုင်ဘူး။ အရောင်းအဝယ် ကုန်သယ် ကုန်ပို့ မလုပ်နိုင်ဘူး။ ခင်ဗျားတို့တော်လှန်ရေးသမားတွေ ရမှာနောက်။ လူထုကြီး နာမှာ ကအရင်။

ကဲ လယ်လုပ်ဘို့ ကြည့်အုံး။ လယ်မလုပ် ဘယ်သူငတ်မလဲ။ လယ်သမား တွေ ငတ်မှာဘဲ။ မဟာမိတ်စစ်တပ်တွေက ဘာပေးမလဲ။ ဘီစကွတ်မုန့် အကျီး ကလေးတွေ ပေးမယ်။ လယ်သမားတွေက လယ်လုပ်။ စပါးပေါ် ရောင်းစား ပိုက်ဆံရ။ ဒီတော့မှ လုံချိုဝယ်နိုင်မှာ။ ကိုယ်လုပ်မှ ကိုယ်စားရမှာ။ ကိုယ်ဝတ်ရမှာဘဲ။ ဒါကြောင့် ပြန်လည်ထူထောင်ရေးဟာ သူများအကျိုးထက် ကျုပ်တို့အကျိုး။ သူများအလုပ်ထက် ကျုပ်တို့အလုပ်ဖြစ်တယ်။ ကျုပ်တို့ဟာ ပြန်လည်ထူထောင်ရေး သမားတွေဖြစ်ရမယ်။

**စစ်အုပ်ချုပ်ရေးအဖွဲ့**

ကျုပ်တို့နိုင်ငံရေးဟာ ရှေးအခါက ဆန့်ကျင်ရေးဖြစ်ကြတယ်။ ၄၂ ခုနှစ် မတိုင်မီက အင်္ဂလိပ်ကို မယုံတာဟာ နိုင်ငံရေးဘဲ။ ၄၂ ခုနှစ်က ၄၅ ခုနှစ်ဟာ ဂျပန်ကို မယုံရေးဘဲ။ အခုတော့ အင်္ဂလိပ်ကိုဘဲ မယုံရမလား။ ဘယ်သူ့မယုံရမလဲ ရှာနေတယ်။ မယုံစရာလူမရှိရင် ကိုယ့်အချင်းချင်း ပြန်မယုံဘို့ ရှိတော့တာဘဲ။





**နောက်တခုက** ကျုပ်တို့နိုင်ငံရေးဟာ **တိုက်ရေးချရေးဖြစ်ခဲ့တယ်။** ၄၂ **ခုနှစ်မတိုင်မီက** အင်္ဂလိပ်တိုက်ခဲ့တယ်။ ၄၂ ခုနှစ်က ၄၅ ခုနှစ်အကြား ဂျပန်တိုက် ခဲ့တယ်။ အပြတ်တိုက်ဘို့ လူရှာနေတယ်။ ဒီပြင် လူတိုက်စရာမရှိရင် **ကိုယ့်အချင်း** ချင်း တိုက်မှာဘဲ။

ဒီနိုင်ငံရေးကို ရပ်တန်းကရပ်ဘို့ တော်ပြီ။ ကျုပ်တို့ဟာ ရှေးက **ဆန့်ကျင်** ရေးသမား၊ အဖျက်သမားတွေ ဖြစ်ခဲ့တယ်။ အထူးသဖြင့် လူငယ်ပိုင်းမှာ **များတယ်။** ဒါဟာ အမှန်ကတော့ ကွန်မြူနစ်ဝါဒ မဟုတ်။ မင်းမဲ့ဝါဒသာ ဖြစ်တယ်။ ကွန်မြူနစ်ဝါဒဟာ ဖျက်စရာရှိရင် ဖျက်ပြီး တည်စရာရှိရင် တည်တယ်။ အခု ကျုပ်တို့ တည်ရမဲ့ခေတ် ရောက်လာပြီ။ ကျုပ်တို့ဟာ အပြုသမားတွေ တည်ထောင် ရေးသမားတွေ ဖြစ်မယ်။ တသက်လုံး ထားလာတဲ့ စိတ်ထားပြောင်းဘို့တော့ မလွယ်ဘူး။ ဒါပေမဲ့ မပြောင်းလို့ မဖြစ်ဘူး။ ပြောင်းရမယ်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းကို ယခုအခါ စစ်အုပ်ချုပ်ရေးအဖွဲ့က လုပ်နေတယ်။ ကျုပ်တို့ အများကြီးဝမ်းသာရမယ်။ သို့ပေမဲ့ ကျုပ်တို့က တကဲ့ အခြေအနေ သိရမယ်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းဟာ ကျုပ်တို့အကျိုးလား၊ စစ်အုပ်ချုပ်ရေးအကျိုးလား၊ ကျုပ်တို့အကျိုးဘဲ။ အဓိကအားဖြင့် ဘယ်သူ့အလုပ်လဲ၊ ပြည်သူပြည်သားတွေရဲ့ အလုပ်ဘဲ။ စစ်အုပ်ချုပ်ရေးအဖွဲ့က လုပ်နေတယ်၊ ကျုပ်တို့ အများကြီး ဝမ်းသာရမယ်။ သို့ပေမဲ့ ကျုပ်တို့က တကယ့်အခြေအနေ သိရမယ်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းဟာ ကျုပ်တို့အကျိုးလား၊ စစ်အုပ်ချုပ်ရေး အကျိုးလား၊ ကျုပ်တို့အကျိုးဘဲ။ အဓိကအားဖြင့် ဘယ်သူ့အလုပ်လဲ။ ပြည်သူပြည် သားတွေရဲ့ အလုပ်ဘဲ။ စစ်အုပ်ချုပ်ရေးအဖွဲ့က လုပ်နိုင်မလား။ သူတို့လဲ အစွမ်းကုန် ကြိုးစားတယ်။ သို့ပေမဲ့ သူတို့ဟာ တိုင်းပြည်ရဲ့ အခြေအနေကို မသိသူများတယ်။ နောက်ပြီးတော့ တိုင်းပြည်ရဲ့ အကူအညီမရရင် ပြန်လည်ထူထောင်ရေးဟာ မဖြစ်နိုင်ဘူး။ ဒါကိုလဲ သူတို့သိလို့ ပြည်သူတွေရဲ့ အကူအညီကို တောင်းနေတယ်။ ကျုပ်တို့ထားရမဲ့ သဘောက။

**(က)** စစ်အုပ်ချုပ်ရေးအဖွဲ့ဟာ ကျုပ်တို့ကို ဖိနှိပ်နေတဲ့ **အဖွဲ့မဟုတ်။** ကျုပ်တို့ရဲ့ အလုပ်ကို ကူနေတဲ့ အဖွဲ့သာဖြစ်တယ်။

**(ခ)** ကျုပ်တို့ပြည်သူပြည်သားတွေက အစွမ်းအစနဲ့ လုပ်တတ်ရင်။ လုပ်ရင် **စစ်အုပ်ချုပ်ရေးအဖွဲ့ဟာ** ပြည်သူပြည်သားတွေရဲ့ **လက်ခုပ်ထဲက** ရေဘဲ။

အခုကြည့် အမတော်ငွေ ဝေဘို့ဆိုရင် လယ်သမားသမဂ္ဂတွေဆီကတဆင့် ဖြစ်နိုင်တယ်။ အလုပ်သမားစုဆောင်းဘို့ဆိုရင် အလုပ်သမားသမဂ္ဂတွေကတဆင့် ဖြစ်နိုင်တယ်။ အစိုးရကုန်ပစ္စည်းတွေ ရောင်းစားဘို့ဆိုရင် သမဝါယမအသင်းတွေက ဖြစ်နိုင်တယ်။ ပစ္စည်းတွေ အလကားဝေဘို့ဆိုရင် ပြည်သူ့ဂိုဏ်းပေါင်းစုံကော်မီတီက ဖြစ်နိုင်တယ်။ ပြည်သူပြည်သားတွေက နိုးကြားရင် ထကြွရင် လှုပ်တတ်ရင် ပြည်သူပြည်သားတွေလက်ထဲ အာဏာရောက်မှာဘဲ။ ဒါကို ကွန်မြူနစ်တွေက လမ်းမှန်ရောက်အောင် လမ်းပြဘို့လိုတယ်။

## အမျိုးသား အစိုးရ

ဒီတော့ ဒီအလုပ်ကြီးနှစ်ခုရှိတယ်။ ဖက်ဆစ်တိုက်ဖျက်ရေးနဲ့ ပြန်လည်ထူထောင်ရေးဘဲ။ ဒါကိုဖြစ်အောင် လုပ်ရမယ်။ ဒီဟာကိုဖြစ်အောင် လုပ်ဘို့အတွက် ကျုပ်တို့ဟာ အမျိုးသားအစိုးရလိုတယ်။ အမျိုးသားအစိုးရ ပေါ်ပေါက်ဘို့ဆိုရင်လဲ စစ်အုပ်ချုပ်ရေးအမြန်ဆုံး ရပ်စဲဘို့လိုတယ်။ ကျုပ်တို့ရဲ့ နိုင်ငံရေးရည်ရွယ်ချက် ပြောရရင် ကျုပ်တို့ဟာ ကျုပ်တို့တိုင်းပြည်ကို ကျုပ်တို့ပြည်သူပြည်သားတွေက ကိုယ့်ကံကြမ္မာကို ကိုယ်ဖန်တီးနိုင်တာ ရည်မှန်းတယ်။ အဲဒီရည်မှန်းချက် ရောက်အောင်၊

(၁) စစ်အုပ်ချုပ်ရေး အမြန်ရပ်ဆိုင်းဘို့။

(၂) ယာယီအမျိုးသားအစိုးရ ဖွဲ့စည်း၍ ရွေးကောက်ပွဲ အမြန်ဆုံးကျင်းပပြီး တိုင်းပြုပြည်ပြု လွှတ်တော်ကြီးခေါ်ဘို့။

(၃) တိုင်းပြုပြည်ပြုလွှတ်တော်ကြီးက ဗမာနိုင်ငံအုပ်ချုပ်ရေး – ရေးဆွဲဘို့။

အဲဒီလိုလားချက်တွေဟာ ကျုပ်တို့ရဲ့ မော့(စ်)ဝါဒနဲ့ ကိုက်ညီတယ်။ ၁၉၀၅ ခုနှစ်၊ လီနင်ရေးတဲ့ နိုင်ငံရေးစည်းမျဉ်းနှစ်ခုဆိုတဲ့ကျမ်းမှာ –

(က) လက်နက်နဲ့ ပုန်ကန်ရန်၊

(ခ) ပြီးလျှင် ယာယီအစိုးရဖွဲ့ရန်၊

(ဂ) ပြီးလျှင် တိုင်းပြုပြည်ပြုလွှတ်တော်ခေါ်ရန်ဆိုပြီး အဆင့်တွေ ပြခဲ့တယ်။ အခု ကျုပ်တို့ ဖက်ဆစ်ကို လွှတ်လပ်ရေးအတွက် လက်နက်နဲ့ ပုန်ကန်ပြီး ဆက်တိုက်နေတယ်။ အခုလိုလားချက်က ယာယီအစိုးရဖြစ်ရမယ်။





ဒါကိုလဲ ကျုပ်တို့တောင်းထားပြီ။ စက္ကူဖြူစာတမ်းတို့၊ ဘုရင်ခံမိန့်ခွန်းတို့ ကြည့်ရင် ကျုပ်တို့ လိုချင်တာ မဖြစ်တာကို တွေ့ရမယ်။ ဒီကိစ္စကိုလဲ ဒီကွန်ဂရက်မှာ ဆွေးနွေးမှာဘဲ။ ကျုပ်တို့လိုချင်တာ မရရင် ကျုပ်တို့ ဘာလုပ်မှာလဲ။ ထိုင်နေမှာလား။ ဖက်ဆစ်တိုက်ဖျက်ရေးနဲ့ ပြန်လည်ထူထောင်ရေးအလုပ်တွေကို ပစ်ထားမလား။ ကုလားပြည်က ခေါင်းဆောင်ကြီးတွေလို ကျုပ်တို့လို ချင်တာမရလို့ ထောင်ထဲဝင်နေမယ်ဆိုလို့ ဖြစ်မလား။ ကျုပ်တို့ရဲ့ လုပ်ငန်းမှာ ဖက်ဆစ်တိုက်ဖျက်ရေးနဲ့ ပြန်လည်ထူထောင်ရေးသာ အဓိကဘဲ။ ဒီပြင်ဟာတွေ အဲဒီအထဲမှာ အကြုံးဝင်တယ်။

ဘုရင်ခံက အမှုဆောင်အဖွဲ့ ဖွဲ့မယ်ဆိုတယ်။ ဒီအဖွဲ့ဖောက်ပြန်တဲ့ အဖွဲ့လား။ တိုးတက်တဲ့ အဖွဲ့လား ကြည့်ရမယ်။ ဒီအဖွဲ့ဟာ ဖက်ဆစ်တိုက်ဖျက်ရေးနဲ့ ပြန်လည် ထူထောင်ရေးကို မလုပ်ချင်လို့ မဖြစ်၊ လုပ်မှာမို့ တိုးတက်တဲ့ အဖွဲ့ဖြစ်တယ်။ ကျုပ်တို့ မလုပ်လဲ သူတို့ လုပ်ရတော့မှာဘဲ။

## လုပ်ငန်းကြီး ၃ ခု

သတ္တမအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ ကမ္ဘာ့ကွန်မြူနစ်အဖွဲ့ချုပ် ကွန်ဂရက်မှာ ကွန်မြူနစ်တွေဟာ အစိုးရအဖွဲ့တွေမှာ ပါဝင်သင့်၊ မပါဝင်သင့်နဲ့ ပတ်သက်ပြီး ဘယ်လိုဆုံးဖြတ်သလဲဆိုတော့

(က) အရင်းရှင်တို့ရဲ့ အုပ်ချုပ်ရေးအဆောက်အအုံဟာ အကြောလိုက်ပြီး တိုးတက်တဲ့အစိုးရဖွဲ့စည်းတာကို မတားမြစ်နိုင်တဲ့အခါ။

(ခ) လူထုကြီးဟာ ဆိုဗီယက်စံနစ်ကို ထူထောင်ရန် အသင့်မဖြစ်သေးပေမဲ့ ဖက်ဆစ်တို့ကို အပြင်းတိုက်ရန် လိုလားနေတဲ့အခါ။

(ဂ) တခြားဆိုရှယ်ဒီမိုကရက်ပါတီတို့ကလဲ ကွန်မြူနစ်တို့နဲ့ ဖက်ဆစ်တိုက်ဖျက်ရေးလုပ်ငန်းများအတွက် ပူးပေါင်းလိုတဲ့အခါ။

ကွန်မြူနစ်တို့ဟာ တိုးတက်လိုသော ပါတီများနှင့် ပူးပေါင်း၍ အစိုးရဖွဲ့စည်းရမယ်။

ဗမာပြည်၏ လက်ရှိအခြေအနေကိုကြည့်လျှင် ပေါ်လာစေမည်။

ကွန်မြူနစ်တို့ ဆိုရှယ်ဒီမိုကရက်တို့သည် အစိုးရအဖွဲ့တွင် တာဝန်ယူသည့်အခါ မည်ကဲ့သို့ ကျင့်သုံးရမည်ဟူသော ပြဿနာနှင့်ပတ်သက်၍ လီနင်က အထက်ပါစာအုပ်တွင် ဒီလိုဆိုထားပြန်တယ်။

**(က)** ဆိုရှယ်ဒီမိုကရက်တို့ကို အပြင်ပါတီမှ ကြိုးကိုင်ထားခါ ပါတီ၏ သဘောအတိုင်း ဆောင်ရွက်စေရမည်။

**(ခ)** လူထုကြီးက မိမိတို့၏ လိုလားချက်များကို ဆိုရှယ်ဒီမိုကရက်တို့က ဆောင်ရွက်အောင် အမြဲတစေ လှုံ့ဆော်နေရမည်။ ဒီစာတွေကို စဉ်းစားဘို့ပြောဒါဘဲ။ ဒီကိစ္စကိုတော့ ဒီကွန်ဂရက်က ဆုံးဖြတ်ဘို့ဘဲ၊ ဒီတော့ လုပ်ငန်းကို အကြမ်းဆွဲလိုက်ရင်၊ **(က)** ဖက်ဆစ်တိုက်ဖျက်ရေး။ **(ခ)** ပြန်လည်ထူထောင်ရေး။ **(ဂ)** ယာယီအစိုးရ တည်ထောင်ရေးတို့ဘဲ။ ဒီလုပ်ငန်းတွေကို ထိထိရောက်ရောက် ဆောင်ရွက်ဘို့ ကွန်မြူနစ်ပါတီဟာ တခြားပါတီတွေနဲ့ ပူးပေါင်းဆောင်ရွက်ဘို့ အသင့်ဘဲ။ သို့ပေမဲ့ တခုတော့ ပြောချင်တယ်။ ဂျပန်သူလျှိုတွေက ဖွဲ့ထားတဲ့ ပါတီနဲ့တော့ ကွန်မြူနစ်ပါတီဟာ ဘယ်အခါမှ ပေါင်းလိမ့်မည် မဟုတ်။

## ကွန်မြူနစ်ဆိုတာ

ကွန်မြူနစ်တွေဟာ အခုအခါမှာ တာဝန်ကြီးလာပြီ။ အရင်တုန်းကလို အဖျက်သမား၊ အတင်းပြောသမား၊ ဆန့်ကျင်ရေးသမားတွေ မဟုတ်တော့။ ဗမာပြည်ဟာ နိုင်ငံရေးသေနေပြီ၊ အသက်ပြန်သွင်းနေတာ ကွန်မြူနစ်ပါတီဘဲ။ အသက်ပြန်သွင်းတဲ့အခါမှာ ဂျပန်သူလျှိုတွေကို အသက်ပြန်မသွင်းမိဘို့ သတိထားရမယ်။ ဒီဟာ ကာကွယ်ဘို့ဟာ လူထုလုပ်ငန်းဘဲ။ ဒါကြောင့် ကွန်မြူနစ်တွေဟာ လူထုလုပ်ငန်း ကိုယ်စီလုပ်ရမယ်။ လူထုလုပ်ငန်းကို ရိုးရိုးသားသား လုပ်တဲ့လူတွေကို ရဲရဲတင်းတင်း ဆွဲသွင်းရမယ်။ ငါတို့ဟာ တိုင်းပြည်ကို ခေါင်းဆောင် နေပါကလား ဆိုပြီး သိရမယ်။ ဂိုဏ်းခွဲကလေး မဟုတ်တော့ဘူးဆိုတာ သိရမယ်။ လူထုရဲ့ တကဲ့ပါတီကြီးဖြစ်ရမယ်။

ဗမာပြည်နိုင်ငံရေးမှာ ကွန်မြူနစ်ပါတီဟာ လွတ်လွတ်လပ်လပ် ပေါ်လာတယ်။ **အမှန်ကတော့** ဂျပန်လက်အောက် ဘယ်လောက်လုပ်ခဲ့ရတယ်ဆိုတာ သိကြမှာ **မဟုတ်ဘူး။** ခုမှပေါ်တဲ့ ပါတီအသစ်လို့ ထင်တယ်။

**ကွန်မြူနစ်နဲ့** ပတ်သက်ပြီး အယူအဆမှားနေတာတွေ ရှိချင်ရှိမယ်။ ဒါကြောင့် **တိုင်းပြည်က** ကွန်မြူနစ်တွေဟာ ဘယ်လိုလူတွေလဲဆိုတာ သိဘို့ လိုတယ်။

**ကျုပ် အတိအလင်းပြောမယ်။**





ကွန်မြူနစ်တွေဟာ ဘာသာတရားကို ဖျက်ဆီးသူ၊ ပုတ်ခတ်သူများ မဟုတ်၊ လူတိုင်းကြိုက်တဲ့ ဘာသာအယူဝါဒရှိနိုင်သလို၊ ကိုယ်ကြိုက်တဲ့အယူ ယူခြင်းသာ ဖြစ်တယ်။ သူများအယူဝါဒကို မနှောင့်ယှက်။

ကွန်မြူနစ်တို့သည် သူများဆဲ၊ အတင်းပြောသူများ မဟုတ်။ သူများ၏ အလုပ်ကို ဝေဖန်၍ ကိုယ့်ကိုယ်လည်း ဝေဖန်သူများဖြစ်တယ်။

ကွန်မြူနစ်တို့ဟာ သပိတ်မှောက်ဘို့ မလုပ်၊ စီးပွားတိုးတက်ဘို့သာ လုပ်တယ်။

ကွန်မြူနစ်တို့ဟာ ကိုယ်ကြီးစိုးဘို့ မလိုလား။ ပြည်သူ့အကျိုးကိုသာ အဓိကထား၍ လုပ်တယ်။

ကွန်မြူနစ်တို့ဟာ စိတ်နောက်ကိုယ်ပါလုပ်သူများ မဟုတ်။ အကျိုးအကြောင်းနှင့် လုပ်သူများဖြစ်တယ်။

ကွန်မြူနစ်တို့ဟာ အလွန်အကျွံဝါဒသမားများ မဟုတ်။ တကယ့်အခြေနှင့် ဖြစ်နိုင်သည်ကိုသာ လုပ်သူဖြစ်တယ်။

ကွန်မြူနစ်တို့ဟာ စိတ်မနိုင်သူများ မဟုတ်၊ ငလျင်တွေ၊ မုန်တိုင်းတွေ အကြားမှာပင် ရပ်တည်နိုင်သူတို့ဖြစ်တယ်။

ကွန်မြူနစ်တို့ဟာ အဖျက်သမားများမဟုတ်။ ပြာထဲ အမှိုက်ပုံကနေပြီး အသစ်ထူထောင်နေသူများ ဖြစ်တယ်။

ကွန်မြူနစ်တွေဟာ သွေးစိမ်းသောက်ချင်တဲ့လူတွေ မဟုတ်။ ညီရင်းအစ်ကို ချစ်ခင်မှုကို လိုလားတယ်။

ကွန်မြူနစ်တို့ဟာ သည်းညည်းမခံ ဖပ်ဖပ်ကြဲများ မဟုတ်။ လိုက်လိုက်လျောလျောနှင့် ဖွဲ့ရှိသူများ ဖြစ်တယ်။

ကွန်မြူနစ်တို့သည် စာအုပ်ကြီးအတိုင်း လုပ်သူများမဟုတ်။ အခြေအနေနှင့် ဆီလျော်အောင် လုပ်သူများဖြစ်တယ်။

"တော်လှန်ရေး"ကို ကလေးကစားစရာလို သဘောမထား။ လက်ဘက်ရည်ကြမ်းဝိုင်း၊ တောင်စဉ်ရေမရ ပြောသလို မလုပ်၊ တော်လှန်ရေးကို လုပ်သင့်မှ လုပ်မယ်။ မလုပ်သင့်ရင် လုပ်ကို မလုပ်ဘူး။ ပြောကို မပြောဘူး။ တိုင်းပြည်အကျိုးသာ အဓိကဘဲ။

**ရဲဘော်တို့ –**

ငါတို့လုပ်ငန်းဟာ ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြန်လည်ထူထောင်ရေးလို့ ပြောပြီးပြီ။

ငါတို့ လက်ငင်းလိုလားချက်ဟာ အမျိုးသားအစိုးရဖြစ်တယ်။

ကမ္ဘာအရပ်ရပ်ရှိ ကွန်မြူနစ်တို့ ဘယ်ကဲ့သို့ သဘောထားတယ်။ ငါတို့ ဘယ်ကဲ့သို့ သဘောထားအပ်တယ်ကိုလဲ ပြောပြီးပြီ။ အရင်က ကွန်မြူနစ်များ လမ်းမှန်လိုက်လို့ ပြည်သူပြည်သားများ အောင်ပွဲဝင်ခဲ့ပြီ။ ငါတို့ ပြည်သူပြည်သားများ အောင်ပွဲဝင်ရန် ကွန်မြူနစ်တွေ လမ်းမှန်ကို ထပ်ပြကြအုံး။

ပြည်သူ့စစ်ပြည်သူ့အာဏာစာအုပ်
ရန်ကုန်ပြည်သူ့စာပေ၊ ၁၉၄၅

မူရင်းစာလုံးပေါင်းသတ်ပုံအတိုင်းဖော်ပြပါသည်။

☆☆☆







## နေသူရိန် လူထုအစည်းအဝေး

### ဖတပလ အထွေထွေအတွင်းရေးမှူး သခင်သန်းထွန်းမိန့်ခွန်း

### ၁၉၄၅ ဩဂုတ် ၁၉ ရက် (တနင်္ဂနွေနေ့)

ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းမြွက်ကြားပြီးနောက် ဖတပလ အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး သခင်သန်းထွန်းက ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးပြီးနောက် ကမ္ဘာ့ငြိမ်းချမ်းရေး တည်ဆောက်ရန်နှင့် ဗမာပြည်၏ လွတ်လပ်ရေးရယူရန် ရည်ရွယ်ကြောင်း ဖော်ပြထားသည့် ဖတပလအဖွဲ့ချုပ်၏ အောက်ပါ သဘောထား ကြေညာချက်ကို ဖတ်ကြားပြသလေသည်။

## ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လွတ်လပ်သော ဗမာပြည်

ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်က ကမ္ဘာစစ်ကြီးပြီးဆုံးခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း ကျေညာလိုက်ကြောင်း။

ကမ္ဘာစစ်ကြီးသည် ဆုံးခန်းတိုင်ခဲ့လေပြီ။ ဤစစ်ပွဲတွင် တိုင်းပြည်အသီးသီးမှ ပြည်သူပြည်သားတို့က ဖက်ဆစ်ကျွန်ဘဝမှ လွတ်လပ်ရေးအတွက် တိုက်ခဲ့သော စစ်ပွဲဖြစ်၏။ ဆိုဗီယက်ယူနီယံ၊ အမေရိကန်၊ အင်္ဂလိပ်၊ တရုတ်ပြည်တို့က ခေါင်းဆောင်၍ တိုက်သော ဤလွတ်လပ်ရေးစစ်ပွဲတွင် လွတ်လပ်ရေးသမားဖြစ်သော ပြည်သူပြည်သားတို့ နိုင်ခဲ့လေပြီ။

ဤစစ်ပွဲတွင် အနိုင်တိုက်ခဲ့ရသော ပြည်သူပြည်သားတို့သည် ယခုအခါ မိမိတို့ကံကြမ္မာကို မိမိတို့ဘာသာ ဖန်တီးနိုင်ခဲ့လေပြီ။ မိမိတို့ ကြိုက်နှစ်သက်သော အစိုးရ၊ မိမိတို့ကြိုက်နှစ်သက်သော စစ်တပ်၊ မိမိတို့ကြိုက်နှစ်သက်သော **စီးပွားရေး**စနစ်ကို တည်ထောင်နေကြလေပြီ။

ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်သည် ကမ္ဘာတွင် ဖက်ဆစ်လူရိုင်းစနစ် လွှမ်းမိုးနေသမျှ ကမ္ဘာ့ငြိမ်းချမ်းရေးမရနိုင်ဟု စွဲမြဲစွာ ယုံကြည်ချက်အရ မဟာမိတ်နိုင်ငံပေါင်းစုံဘက်မှနေ၍ ဤစစ်ထဲ ပါဝင်ခဲ့ကြကြောင်း။

ကမ္ဘာစစ်ကြီး ဆုံးခန်းတိုင်ရောက်ခြင်းသည် ကမ္ဘာသူကမ္ဘာသားတို့က မိမိတို့၏ ကံကြမ္မာကို မိမိတို့ဘာသာ ဖန်တီးနိုင်ရန် လမ်းပွင့်လာသည်ဟု ယုံကြည်သည့်အတိုင်း မဟာမိတ်နိုင်ငံပေါင်းစုံက ဤစစ်ပွဲတွင် အနိုင်ရပြီး စစ်ကြီးအဆုံးသတ်လိုက်သည်ကို ဗမာပြည်သူပြည်သားတို့သည် လှိုက်လှိုက်လှဲလှဲ ဝမ်းသာအားရပေကြောင်း။

**ဤစစ်ပွဲကြီး**ကို ခေါင်းဆောင်တိုက်ခိုက်ခဲ့ကြသော ဆိုဗီယက်ယူနီယံ၊





အမေရိကန်၊ အင်္ဂလိပ်၊ တရုတ်ပြည် စသည့် မဟာမိတ်နိုင်ငံတို့ ပြည်သူပြည်သားများနှင့် စစ်သည်တော်တို့အား ဗမာပြည်သူပြည်သားတို့က အထူးပင်ကျေးဇူးတင်ရှိမည်ဖြစ်ကြောင်း။

ကမ္ဘာစစ်ကြီး ပြီးဆုံးသွားစေကာမူ ကမ္ဘာ့ခေါင်းဆောင်နိုင်ငံကြီးတို့သည် ညီညီညွတ်ညွတ်နှင့် စစ်နောက်တစ်ကြိမ် မဖြစ်လေအောင် ရှေ့သို့ ဆက်လက်ဆောင်ရွက်သွားလိမ့်မည်ဟု ဤအဖွဲ့ချုပ်က ယုံကြည်ကြောင်း။

ဤစစ်ပွဲသည် ၁၉၃၀ ခုနှစ်တွင် တရုတ်ပြည်ကြီးအား ဂျပန်တို့က ကျွန်တွင်း သွတ်သွင်းရန် ကြိုးပမ်းမှုမှ အစပြု၍ စစ်မက်ဖြစ်ပွားလာခဲ့ရာ တရုတ်ပြည်ကြီးသည် လွတ်လပ်ပြီးသကာလ တရုတ်ပြည်သူပြည်သားတို့ ညီညီညွတ်ညွတ်နှင့် ပြည်သူပြည်သားအကြိုက်စနစ် တည်ထောင်ခြင်းဖြင့် အဆုံးသတ်မှသာလျှင် ဤစစ်ပွဲသည် တိုက်ရကျိုးနပ်လိမ့်မည်ဖြစ်ကြောင်း။ ဤကဲ့သို့ အခြေအနေမျိုးရောက်ရှိစေရန် ဆိုဗီယက်ယူနီယံ၊ အမေရိကန်၊ အင်္ဂလန် စသောနိုင်ငံကြီးတို့သည် ဝိုင်းဝန်းကြိုးပမ်းလိမ့်မည်ဟု ယုံကြည်ကြောင်း။

ဤစစ်ပွဲအလယ်လောက်တွင် စပိန်သမ္မတနိုင်ငံတွင် တရားဥပဒေအရ တည်ထောင်ထားသော အစိုးရကို စစ်ဝါဒသမားတို့က တော်လှန်ပုန်ကန်ကာ ဂျာမန်အီတလီဖက်ဆစ်တို့၏ အကူအညီဖြင့် ဖက်ဆစ်ကျွန်ဘဝအောက်သို့ စပိန်ပြည်ကို သွတ်သွင်းပေးခဲ့ကြောင်း။ ယခုအခါ အဓိကဖက်ဆစ်နိုင်ငံတို့သည် ကျဆုံးသွားစေကာမူ စပိန်ပြည်တွင် ဖက်ဆစ်စနစ်မှာ ကြွင်းကျန်လျက်ရှိနေသေးပေကြောင်း။ စပိန်ပြည်သူပြည်သားတို့သည်လည်း ဖက်ဆစ်ကျွန်ဘဝရောက်ကတည်းက ပြောက်ကျား စစ်ဆင်လာခဲ့တာ မကြာမြင့်မီ ပြည်သူပြည်သားတို့အလိုကျ အစိုးရပေါ်ပေါက်လိမ့်မည်ဟု ဤအဖွဲ့ချုပ်က မျှော်လင့်ကြောင်း။

စစ်ပွဲကြီးပြီးသွားသောအခါ၌ အိန္ဒိယပြည်မှာ မလွတ်လပ်သေးပဲရှိပေရာ မကြာမြင့်မီ အိန္ဒိယပြည်သူပြည်သားတို့၏ စိတ်တိုင်းကျ စီမံနိုင်သော နိုင်ငံဖြစ်လာလိမ့်မည်ဟု ယုံကြည်ကြောင်း။

အိန္ဒိယပြည်သူပြည်သားတို့လက်ထဲ တန်ခိုးအာဏာရရှိရေးမှာ အိန္ဒိယပြည်သူပြည်သားတို့၏ ညီညွတ်မှုအပေါ်တွင် အခြေတည်သဖြင့် အိန္ဒိယပြည်သူပြည်သားတို့သည် ညီညီညွတ်ညွတ်နှင့် တိုင်းပြည်လွတ်လပ်ရေး၊ တိုင်းပြည်ပြန်လည်ထူထောင်ရေးတို့ကို လုံးပန်းလိမ့်မည်ဟု မျှော်လင့်ကြောင်း။

ဗမာပြည်သူပြည်သားတို့သည် မိမိတို့၏ လွတ်လပ်ရေးအတွက် အသက်နှင့် လဲကာ လက်နက်ကိုင်၍ တိုက်လာသူများဖြစ်ပေသည်။ သို့ဖြစ်၍ ကမ္ဘာ့ခေါင်းဆောင်ကြီးများက ထပ်တလဲလဲ ကြေညာအပ်သည့်အတိုင်း ဗမာပြည်သူပြည်သားတို့သည် လွတ်လပ်ရေးနှင့်ထိုက်တန်သော ပြည်သူပြည်သားများ ဖြစ်သည်ကို ကမ္ဘာက အသိအမှတ်ပြုရတော့မည်ဖြစ်ကြောင်း။

ဗမာပြည်သည် စစ်မြေပြင်ဖြစ်ခဲ့သဖြင့် ဗမာပြည်တစ်ပြည်လုံး ပြာကျခဲ့ပေရာ ဗမာပြည်ကို ပြန်လည်ထူထောင်ရေး ဗမာပြည်သူပြည်သားတို့အလိုကျ အစိုးရတည်ထောင်ရေး၊ ကမ္ဘာ့အိမ်ထောင်စုကြီးတွင် လွတ်လပ်သော တိုင်းပြည်များနှင့် ရင်ဘောင်တန်းပါဝင်ရေး စသော ကိစ္စအရပ်ရပ်တို့တွင် လွတ်လပ်ရေးအတွက် တိုက်ခိုက်ခဲ့ကြသော တိုင်းပြည်အသီးသီးတို့က ဝိုင်းဝန်းကူညီလိမ့်မည်ဟု ယုံကြည်ကြောင်း။

အထူးသဖြင့် ဗမာပြည်သူပြည်သားတို့သည် ကမ္ဘာကြီး၏ လွတ်လပ်ရေးအတွက် ရှုပ်ရှုပ်ချုံချုံ တိုက်ခိုက်ခဲ့သူများဖြစ်ပေရာ နိုင်ငံအသီးသီးတို့က ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ကျင်းပသော အစည်းအဝေးပွဲသို့ လွတ်လပ်သော တိုင်းပြည်တစ်ပြည်အဖြစ်နှင့် တက်ရောက်ရန် ဗမာပြည်က အထူးလိုလားပေကြောင်း။

ဗမာပြည်သူပြည်သားတို့က မိမိတို့၏ ကံကြမ္မာကို မိမိတို့ ဖန်တီးနိုင်ရန်မှာ ဗမာနိုင်ငံအုပ်ချုပ်ရေးကို တိုင်းပြည်ပြုလွှတ်တော်ကြီးက ရေးဆွဲရန်ဖြစ်ပေကြောင်း။

ထိုတိုင်းပြည်ပြုလွှတ်တော်ကြီးမခေါ်မီ၊ မစည်းဝေးမီ ဂျပန်ဖက်ဆစ်အားတိုက်ခဲ့သူ၊ တိုင်းပြည် ပြန်လည်ထူထောင်ရေးကို အားတက်သရော လုပ်ကိုင်သည့် ဂိုဏ်းပေါင်းစုံကိုယ်စားလှယ်တို့ ပါဝင်သော ယာယီအစိုးရအဖွဲ့ဖွဲ့စည်းရန် အထူးလိုလားအပ်ပေကြောင်း။

ဗမာပြည်သူပြည်သားတို့သည် မိမိတို့၏ ကံကြမ္မာကို မိမိတို့လျင်မြန်စွာ ဖန်တီးနိုင်ရေးအတွက်

(က) ယခုအခါ စစ်တိုက်မှုများလည်း မရှိတော့ပြီဖြစ်၍ စစ်အုပ်ချုပ်ရေးကို ရပ်စဲရန်။

(ခ) ဗမာပြည်တွင် ကြွင်းကျန်နေသော ဂျပန်တပ်များ၊ ဗမာပြည်တွင် ချက်ချင်းလက်နက်ချစေပြီး ဗမာပြည်မှ ထွက်ခွာသွားစေရန်





ချက်ချင်း လိုလားအပ်ပေကြောင်း။

ဤလုပ်ငန်း၌ မဟာမိတ်စစ်သည်တော်များသည် ဗမာပြည်သူပြည်သားတို့အား အထူးကူညီလိမ့်မည်ဟု ယုံကြည်ကြောင်း။

အဆုံးသတ်ဆိုရလျှင် ဗမာပြည်သူပြည်သားတို့သည် ဂျပန်ဖက်ဆစ်ကို တိုက်ရာ၌ ညီညွတ်စွာ တိုက်ခိုက်ခဲ့ကြသည့်နည်းတူ ပြန်လည်ထူထောင်ရေး လွတ်လပ်သော ကမ္ဘာတွင် လွတ်လပ်သော ဗမာပြည်ပေါ်ပေါက်ရေးတို့တွင် ဆက်လက်၍ တိုင်းရင်းသားအသီးသီးတို့သည် ညီညွတ်စွာ လုပ်ကိုင်ဆောင်ရွက်သွားကြမည်ကို ကျေညာအပ်ပေကြောင်း။

အထွေထွေအတွင်းရေးမှူး
ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်
ဗမာပြည်

မူရင်းစာလုံးပေါင်းသတ်ပုံအတိုင်းဖော်ပြပါသည်။

☆☆☆



## ဗမာ့ခေတ် စက္ကူပြုစာတမ်း အလိုမရှိ။

**၁၉၄၅ ခုနှစ်၊ အောက်တိုဘာ ၁ ရက်နေ့၊ (တနင်္လာနေ့)**

ထိုနေ့တွင် အလုပ်သမားအင်အားပြပွဲတစ်ရပ် ကျင်းပရာ သခင်သန်းထွန်း၏ ဟောပြောချက်ကို ဖော်ပြထားသော ဗမာ့ခေတ်သတင်းစာပါ သတင်းဖော်ပြချက်ကို ပြန်လည်ဖော်ပြ အပ်ပါသည်။ *(စီစဉ်သူ)*





## အလုပ်သမားလူထု အင်အားပြပွဲကြီး။

ဗမာပြည်အလုပ်သမားသမဂ္ဂမှ အလုပ်သမားလူထုအင်အားပြ အစည်းအဝေးကြီးကို ယမန်နေ့က မြို့င်ရုံကြီးတွင်ကျင်းပရာ အလုပ်သမားသမဂ္ဂ အစည်းအရုံး (၃၅) ခုမှ တက်ရောက်ကြသော အလုပ်သမားများနှင့် အမျိုးသမီးများမှာ။ မြို့င်ရုံးကြီးတခုလုံး ပြည့်လျှံသွားရုံမျှမက ဆိုက်ကား၊ မြင်းရထား၊ နွားလှည်း၊ မော်တော်ကားများလည်း ရုံပြင်ဘက်တွင် ပြည့်ကြပ်လျက် အထူးစည်ကားလှကြောင်း။ ရပ်ဝေးမှ တက်ရောက်ကြသော အလုပ်သမားများအား ထမင်းထုပ်များ ဝေငှလေသည်။

အစည်းအဝေးကို ၁၁ နာရီခွဲအချိန်တွင် ဖွင့်လှစ်၍ ဥက္ကဋ္ဌအဖြစ် သခင်ဗဟိန်းက ဆောင်ရွက်၍ အတွင်းရေးမှူးအဖြစ် သခင်ဗတင်က ဆောင်ရွက်ကြောင်း။

ဟောပြောကြသူများမှာ မစ္စတာ ဒရိုင်းဘာတ်၊ ဒေါ်ခင်ခင်ကြီး၊ သခင်ဗဟိန်း၊ သခင်သန်းထွန်းနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ ဖြစ်ကြောင်း။

**မစ္စတာဒရိုင်းဘာတ်၊**

မစ္စတာဒရိုင်းဘာတ်၏ ဟောပြောချက်အတိုချုပ်မှာ မိမိသည် မြန်မာပြည်သို့ ရောက်လာရာတွင် ဘိလပ်ပါလီမန်အမတ်တယောက်အနေဖြင့်ငှင်း။ စစ်သတင်းထောက်အနေဖြင့်ငှင်း။ အင်္ဂလန် အလုပ်သမားကိုယ်စားလည်တဦးအနေဖြင့်ငှင်း၊ အခြေအနေသုံးမျိုးနှင့် ရောက်ရှိလာရကြောင်း။ ယခုကဲ့သို့ လာရောက်ဟောပြောခြင်းမှာ အစိုးရအရာရှိတဦးအနေနှင့် ဟောပြောခြင်းမဟုတ်ဘဲ ဘိလပ်ပါလီမန်ရဲ့ နောက်ထိုင်အမတ် တယောက်အဖြစ်နှင့်သာ လာရောက်ပြောရခြင်းဖြစ်ပါကြောင်း။

ဗမာပြည်၏ အလုပ်သမားလူထု၏ ကိစ္စအရပ်ရပ်ကို မိမိသည် သတင်းစာမှာရော ပါလီမန်ထဲမှာရော ဟုတ်တိုင်းမှန်ရာများကို သိရှိရအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဗြိတိသျှအစိုးရသည် ဗမာပြည်အား လွတ်လပ်ရေးပေးမည်ဆိုပြီး ရက်ရွှေ့နေခြင်းကို မိမိမကျေနပ်ကြောင်း။ မင်္ဂလာဆောင်ကိစ္စ၊ အစည်းအဝေးပွဲများ၏ ကိစ္စများ၌ပင်လျှင် ရက်အတိအကျ ကန့်သတ်ထားမှသာ လုပ်၍ ဖြစ်နိုင်ကြောင်း။ သို့အတွက် ဘယ်နေ့ဘယ်ရက်မှာ လွတ်လပ်ရေးပေးမည်ဆိုတာ အတိအလင်းပြောအောင် လုပ်ကြဘို့ တိုက်တွန်းသည့်အပြင် မိမိလည်း ပြောအောင် ကြိုးစားပေးမည်ဖြစ်ကြောင်း၊ လွတ်လပ်ရေးရအောင် ကြိုးပမ်းတဲ့ကိစ္စမှာ အားမလျှော့ရဘူး။ ကိုယ်၏အရည်အချင်း၊ အားခွန်ဗလ၊ လုံ့လဝီရိယကို အစွမ်းကုန်အားထုတ်ခြင်းမပြုသမျှ မရနိုင်ကြောင်း။ သို့အတွက် လွတ်လပ်ရေးရအောင် အစွမ်းကုန်ကြိုးစားပြီး အင်္ဂလန်ပြည်မှာရှိသည့် လူထုနှင့် လွတ်လွတ်လပ်လပ် ဆက်သွယ်သွေးစည်းကြရန် တိုက်တွန်းသည့်အပြင် အင်္ဂလန်ပြည်ရှိ အလုပ်သမားများ၊ ဖက်ဆစ်တိုက်ဖျက်ရေးအတွက် ယောက်ျားမိန်းမ မရွေး သက်စွန့်ကြိုးပမ်း၊ တိုင်းပြည်အတွက် ဆောင်ရွက်ကြပုံများနှင့် ဒီမိုကရေစီသုံးမျိုးအကြောင်းများကို အကျယ်တဝင့် ဟောပြောလေသည်။

**ဒေါ်ခင်ခင်ကြီး။**

အမျိုးသမီးလွတ်လပ်ရေးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်ကြီးကလည်း အင်္ဂလိပ်ဘာသာဖြင့် ဗမာအမျိုးသမီးအလုပ်သမားအကြောင်းနှင့် မစ္စတာဒရိုင်းဘတ်အား ကျေးဇူးတင်ကြောင်း။ ဗမာအလုပ်သမားများအတွက် မစ္စတာဒရိုင်းဘတ်အား ကူညီဆောင်ရွက်ပါရန် တိုက်တွန်းကြောင်း စသည်တို့ကို ဟောပြောကြောင်း၊ အတွင်းရေးမှူး သခင်ဗတင် က ဗမာပြည်အလုပ်သမားသမဂ္ဂ အစည်းအရုံးကြီး၏ ဆန္ဒနှင့် လိုလားချက် ၄ ချက်ကို ဖတ်ကြားကျေညာလေသည်။

**သခင်ဗဟိန်း။**

ဥက္ကဋ္ဌ သခင်ဗဟိန်းက။ အချို့ဗမာနိုင်ငံရေးခေါင်းဆောင်ကြီးများသည် ဘုရင်ခံ ပြန်လာသည့်အခါ ရာထူးယူရေးအတွက် နိုင်ငံရေးကို ယောင်ဝါးဝါးလုပ်နေလျက်ရှိကြောင်း။ စက္ကဖြူစာတမ်းမှာ စက္ကူဖြူစာတမ်းဆိုတဲ့အတိုင်း အဖြူသာ





ရှိတာမို့ မလိုချင်ကြောင်း။ မစ္စတာ ဒရိုင်းဘတ်က မိမိအား ဘုရင်ခံကောင်းသလားဟု မေးသည့်အခါ မိမိက ကောင်းပါတယ်။ ဒါပေမဲ့ ဘုရင်ခံက ဗမာပြည်လွတ်လပ်ရေးပေးတော့မှာမို့ နိုင်ငံရေးဘက်က အတိုက်အခံတွေ လုပ်ဘို့ မလိုဘူးလို့ ပြောပါတယ်။ နောက်ပြီး ယာယီအစိုးရအဖွဲ့မှာ ဗမာနိုင်ငံရေးခေါင်းဆောင်တွေနဲ့ တိုင်ပင်ပြီး အလုပ်လုပ်ပါ့မယ်။ ခေါင်းဆောင်တွေရဲ့ နာမည်စာရင်းပေးပါတဲ့။ ဒီအထဲက သူကြိုက်တဲ့ လူကို ရွေးပရစေတဲ့။ အမြဲ အင်္ဂလိပ်ရဲ့ နောက်လိုက်ဖြစ်ခဲ့ပြီး ဟိမဝန္တာတောင်ပေါ်ရှိ ဆင်းမလားမြို့အထိ သူတို့နဲ့အတူ လိုက်သွားတဲ့ လူတွေကိုလဲ ယာယီအစိုးရအဖွဲ့မှာ ပါပါစေတဲ့။ နောက်ပြီး မျက်နှာဖြူနေရှင်ကြီး (၄) ဦးကိုလဲ ယာယီအစိုးရထဲမှာ ပြောင်ထည့်ထားတာ တွေ့ရ ပြန်တယ်။ ဒီတော့ ဘုရင်ခံဟာ အပြောသာယာ ချောင်ရှိသလော။ အလုပ်မှာ သူထင်သလို ချယ်လှယ်နေတာပါဘဲလို့ ပြန်ဖြေမိကြောင်း။

ဗမာပြည်မှာ ဖက်ဆစ်ဂျပန်တော်လှန်ရေးကစပြီး လူကြီး, လူငယ်, လူလတ်ပါ မကျန် ဘယ်တုန်းကမှ မညီညွတ်ဘူးတဲ့။ ညီညွတ်မှုကို ရခဲ့လို့ ဖက်ဆစ်တွေကို နိုင်နင်းအောင် တိုက်နိုင်ခဲ့တယ်။ တကယ် ညီညွတ်ကြခဲ့တယ်။ ဒီတော့ ဗမာတွေ မညီညွတ်သေးဘူးဆိုပြီး လွတ်လပ်ရေးမပေးဘူးဆိုမလား။

*(တခဲနက် သြဘာသံကြီး)။*

ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ကြီးဟာ ယာယီအစိုးရဖွဲ့နိုင်ခွင့်ရှိရပါယ်။ မိမိတို့မှာ စက္ကူဖြူလဲ မလိုချင်။ စက္ကူဖြူဘုရင်ခံလဲ မလိုချင်ဘူး *(သြဘာသံကြီး)*။ ဗမာတမျိုးလုံးကိုယ်စား ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ကသာ ယာယီအစိုးရဖွဲ့ဘို့လိုကြောင်း။

အိန္ဒိယမှာ ဘုရင်ခံချုပ် လော့ဒ်ဝေဘယ်(လ်)က အိန္ဒိယသားတွေ ညီညွတ်ရင် အစိုးရအဖွဲ့ ဖွဲ့ခွင့်ပြုမဲ့အပြင် နိုင်ငံခြားရေးဌာနကိုပင် အိန္ဒိယသားတွေ လက်ထဲတွင် ထားမည့်အကြောင်း၊ အတိအလင်း စီမံချက်တရပ်ရှိကြောင်း။ ဗမာပြည်မှာတော့ ဗမာတွေ ညီညွတ်နေရက်သားနှင့် (၃) နှစ် စောင့်ပါအုန်းတဲ့။

*(မကျေနပ်ဘူးဟူသော ဆူပွက်သံများ)။*

ဗမာပြည် ပြန်လည်ထူထောင်ရေးအတွက် အိန္ဒိယကုလားများထံမှ ဗမာပြည်ဘုရင်ခံက ငွေ သန်းပေါင်း (၇၅၀) ကို ချေးယူသည်ဟု ကြားသိရကြောင်း။ သို့အတွက် ဘုရင်ခံအား မိမိပြောလိုသည်မှာ ဗမာပြည်တွင် ခမ်းနားတဲ့ အဆောက်

အဦးတွေ ဆောက်ဘို့ စီမံမဲ့အစား လောလောဆယ် ဗမာပြည်သူပြည်သားတွေနေဘို့ အတွက် သစ်-ဝါးနဲ့ ပြည့်စုံအောင်ဆောက်လုပ်ထားတဲ့ အိမ်တွေကို ပဌမစီမံပါအုံးဟု ပြောချင်ပါတယ်။ နောက်ပြီး ချေးယူတဲ့ငွေ သန်းပေါင်း (၇၅၀) ကို ဗမာတမျိုးသား လုံး၊ သားသမီးမြေးမြစ်တိုင် ဆပ်ရမည့်ကြွေးများသာ ဖြစ်ကြောင်း။ သို့အတွက် ကုလားပြည်မှာ ချေးရင် ချစ်တီးတွေ ဗမာနိုင်ငံကို လာရောက် ထင်သလို ချယ်လှယ်မဲ့အရေးကို မြင်တာကြောင့် ချေးခြင်းချေးလျှင် အမေရိကန်တို့ထံမှာဘဲ ချေးရန် တိုက်တွန်းလိုကြောင်း။

ဗမာပြည်ကို ဗမာများသာ ပြန်လည်ထူထောင်လိုကြောင်း။ အလုပ်သမားကိစ္စများအတွက် အကြေအနပ်ဖြစ်နိုင်ရန် အလုပ်သမား - အလုပ်ရှင်နဲ့ အစိုးရတွေ ပါဝင်တဲ့ တွဲဖက်အဖွဲ့ကို စီမံပေးပြီး အလုပ်သမားနစ်နာမှုတွေကို ဖြေဆေးဆေးဖြစ်အောင် စီမံစေချင်ပါတယ်။ သပိတ်မှောက်-သပိတ်တားမှုတွေ ဖြစ်ပေါ်ဘို့ရာ မျက်နှာဖြူနေရှင်ကြီးတွေအပေါ်မှာ တည်နေကြောင်း။ သပိတ်မှောက်ကိစ္စ ပေါ်ပေါက်-မပေါ်ပေါက်ကိုကား သမဂ္ဂကို မမေးဘဲနှင့် အစိုးရကိုသာ မေးစေလိုကြောင်းဖြင့် ရှည်လျားစွာ ဟောပြောကြောင်း။

**သခင်သန်းထွန်း။**

ထိုနောက်။ သခင်သန်းထွန်းက အလုပ်သမားများသည် ဗမာပြည် ပြန်လည် ထူထောင်ရေး၏ အဓိကအရေးကြီးသော လူများဖြစ်ကြောင်း၊ ဩစတြေးလျ၊ နယူးဇီလန်၊ ကနေဒါတို့တွင် ပြည်လည်ထူထောင်ရေးအတွက် အလုပ်သမားလူထုသည် အစိုးရအဖြစ် တက်ရောက်၍ လုပ်ကိုင်နေကြကြောင်း။ အင်္ဂလန်တွင်လည်း အလုပ်သမားအစိုးရပင် ပြန်လည်ထူထောင်ရေးလုပ်ငန်းကို လုပ်ကိုင်နေပြီဖြစ်ကြောင်းများကို ဟောပြောလေသည်။ အတွင်းရေးမှူးက ယခု အစည်းအဝေးတွင် အလုပ်သမားသမဂ္ဂ အသင်းခွဲပေါင်း (၃၅) ခုမှ တက်ရောက်ကြောင်း အမည်များကို ကြေညာလေသည်။

**ဗိုလ်ချုပ်အောင်ဆန်း။**

ဗိုလ်ချုပ်အောင်ဆန်း အလှည့်ရောက်သောအခါ စကားပြောရန် ရှေ့သို့ တိုးလာသည်နှင့်တပြိုင်နက် လက်ခုပ်သံများ ဆူညံသွားတော့ကြောင်း။ ဗိုလ်ချုပ်





အောင်ဆန်းက အချိန်နည်းသဖြင့် တိုတိုပင် ပြောမည့်အကြောင်း ပလ္လင်ခံပြီးလျှင် အလုပ်သမားများ၏ တာဝန်များအကြောင်း အကျဉ်းမျှ ပြောပြ၍ အနစ်နာခံရဆုံး၊ အဖိနှိပ် အချုတ်အချယ်ခံရဆုံးလူစုမှာ အလုပ်သမားများသာ ဖြစ်ကြောင်း။ အလုပ်သမားများ သက်သာချောင်ချိရေးကို ဖန်တီးမပေးနိုင်တဲ့ လွတ်လပ်ရေးဟာ (*နမ်းမကား ဝါစကေး*) လွတ်ရေးသာဖြစ်ကြောင်း ပြောပြရာ တခဲနက်ဩဘာသံကြီး ထွက်ပေါ်လာတော့ကြောင်း။

ဆင်းရဲသားအလုပ်သမားလူထုရဲ့ အကျိုးစီးပွားကို ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်တဲ့ လွတ်လပ်ရေးကိုသာ အလုပ်သမားလူထုက လုပ်ရမည့်အကြောင်း။ မြို့ပေါ်ရှိ အလုပ်သမားများက တောမှာ ရှိသောအလုပ်သမားများကို ခေါင်းဆောင်ပေးရမည့်အကြောင်း။ အမျိုးသားအစိုးရမှသာ ဆင်းရဲသားအလုပ်သမားလူထု၏ အကျိုးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။ တိုင်းပြုပြည်ပြု လွှတ်တော်ကြီးခေါ်ပြီး ပြည်သူ့ဆန္ဒအရ ရွေးကောက်တင်မြှောက်မှုကိုသာ လိုလားကြောင်း။ ၁၉၃၅ ခုနှစ် ရွေးကောက်ပွဲ ဥပဒေကို အလိုမရှိကြောင်း။

"ကျုပ် ထိပ်ကို ချနေတဲ့ လူရှိရင် ဒီလူကို ကျုပ်ပြန်ဆော်ရမယ်။ ကျုပ်အိမ်ကို ဂဲနဲ့ ဝိုင်းပေါက်တဲ့လူတွေရှိနေရင် ဒီလူတွေကို ပဌမဆုံး ခုခံဘို့ ကျုပ်စီမံရမှာဘဲ"ဟု ဥပမာပြုကာ ပြောပြသည့်တွင် ဩဘာသံကြီး ထွက်ပေါ်လာလေသည်။

ဗမာပြည်ကိစ္စကိုလဲ ပဌမ ဘုရင်ခံနဲ့ ဆွေးနွေးမယ်။ မရရင် ဘိလပ်ပါလီမန်ကို တင်ပြမယ်။ မရပြန်ရင် အင်္ဂလန်က လူထုကို တင်ပြမယ်။ မရသေးရင် နိုင်ငံပေါင်းစုံလူထုကို တိုင်တန်းရမယ်။ ဒါမှမရသေးရင် ကျုပ်တို့နောက် လုပ်သင့်တာကိုလုပ်ရမယ်ဟု ပြောကာ နိဂုံးချုပ်လိုက်ကြောင်း။

အစည်းအဝေးကို နေ့တနာရီခွဲတွင် ဥက္ကဋ္ဌက ကြွရောက်ချီးမြှင့် ဟောပြောသော မစ္စတာဒရိုင်းဘတ်အား ကျေးဇူးတင်စကားပြောကြားပြီး မြိုင်ရုံပိုင်ရှင်အားလည်း ကျေးဇူးတင်ကြောင်းပြောကြားပြီး ရုပ်သိမ်းလိုက်ကြောင်း။

၁၉၄၅ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့ ဗမာ့ခေတ်သတင်းစာမှ
မူရင်းစာလုံးပေါင်းသတ်ပုံအတိုင်းဖော်ပြပါသည်။

☆☆☆



## သံဃာတော်များအား သခင်သန်းထွန်း၏ လျှောက်ထားချက်

မန္တလေးမြို့ နေပြည်တော်အဖွဲ့ချုပ်

နာယကဆရာတော်သံဃာတော်များထံ

၁၉၄၅ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက် (သောကြာနေ့)

ရန်ကုန် ၁၃၀၇ ခု၊ သီတင်းကျွတ်လဆန်း (၁၃) ရက်





ခြေတော်ဦးခိုက် လျှောက်ထားပါသည်။ တပည့်တော်ကိုယ်တိုင် အလုပ်မအားမလပ်ဖြစ်သဖြင့် စာဖြင့် ရေးသားလျှောက်ထားပါသည်။ ခွင့်လွှတ်လိမ့်မည်ဟု ယုံကြည်ပါသည်ဘုရား။

ရန်ကုန်နေပြည်တော်တွင် ဂျပန်များ ထွက်သွားပြီးနောက် နိုင်ငံရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် သံဃာတော်အရှင်မြတ်များပါဝင်သည်ကို မတွေ့ရသဖြင့် အထက်ဗမာပြည်ရှိ သံဃာတော်များ၏စိတ်ထဲတွင် မရှင်းမလင်းဖြစ်နေသည်ဟု သိရှိရပါသည်။

အမှန်အားဖြင့် လျှောက်ထားရလျှင် ရန်ကုန်မြို့ကို မဟာမိတ်တပ်များ သိမ်းပြီးသည့်နောက် တပည့်တော်တို့ ရောက်သည့်အခါကစ၍ သံဃာတော်များအား နိုင်ငံရေးအခြေအနေလျှောက်ထားခြင်း၊ ကုန်သည်အသင်း၊ ကျောင်းဆရာအသင်း စသော အဖွဲ့အသင်းများကို လှုံ့ဆော်ပေးခြင်း စသည်တို့ပြုလုပ်ခဲ့ပါသည်။ ဤကဲ့သို့ ဆောင်ရွက်ကြသဖြင့်လည်း နိုင်ငံရေးအသက်ပြန်ဝင်လာသည်ဟု လျှောက်ထားရပါမည်။

ရန်ကုန်မြို့တော်တွင် ဂိုဏ်းပေါင်းစုံ မဟာသံဃာ့အဖွဲ့ချုပ်၊ ပြည်သူ့လွတ်လပ်ရေးသံဃာအဖွဲ့ချုပ်ဟူ၍ ရှိပါသည်။ ဂိုဏ်းပေါင်းစုံသံဃာအဖွဲ့ချုပ်မှာ လွန်ခဲ့သောခေတ်အခါက ဖွဲ့စည်းထားသော သံဃာအဖွဲ့ဖြစ်ပါသည်။ တပည့်တော် သိရသလောက် စည်းမျဉ်းမှာ အလွန်ကျနပြီး စည်းစည်းလုံးလုံးရှိသည်ဟု သိရပါသည်။

ပြည်သူ့လွတ်လပ်ရေး သံဃာ့အဖွဲ့ချုပ်မှာ ဂျပန်လက်ထက်က တိတ်တိတ်ပုန်း ဖွဲ့စည်းသော အဖွဲ့ချုပ်ဖြစ်ပါသည်။ ဂျပန်တော်လှန်ရေးကို လျှို့ဝှက်စွာ ကူညီဆောင်ရွက်ခဲ့သော အဖွဲ့ဖြစ်ပါသည်။

ဂျပန်ခေတ်က အလုပ်သဘောချင်း မတူသောအဖွဲ့၊ ၎င်းအပြင် ကြောင်ဖွဲ့

ထားသောအဖွဲ့၊ တိတ်တိတ်ပုန်းဖွဲ့သောအဖွဲ့ဟူ၍ သီးခြားခြားနားသော အဖွဲ့ဖြစ်ပါသည်။ နိုင်ငံရေးအတိအလင်းလုပ်နိုင်လာသောအခါ ဤနှစ်ဖွဲ့ကို တစ်ဖွဲ့တည်းဖြစ်အောင် တပည့်တော်တို့က ကြိုးစားခဲ့ပါသည်။ အောင်မြင့်သင့်သလောက် မအောင်မြင်သေးပါ။ တပည့်တော်၏ သဘောမှာ –

**(က)** သံဃာတော်အရှင်မြတ်များသည် တစ်စည်းတစ်လုံးတည်းရှိသင့်ပါသည်။

**(ခ)** သံဃာတော်များ အဖွဲ့ချုပ်အနေနှင့် တစ်ဂိုဏ်းတစ်ဖွဲ့ကို အားပေးခြင်း မပြုသင့်ပါ။

**(ဂ)** သံဃာတော်အဖွဲ့ချုပ်အနေနှင့် သာသနာကိစ္စများ၊ သာသနာသန့်ရှင်းရေးကိစ္စများကို အထူးကြိုးစားသင့်ပါသည်။

**(ဃ)** တိုင်းပြည်လွတ်လပ်ရေး၊ ပြန်လည်ထူထောင်ရေး စသောအများနှင့်ဆိုင်သည့်ကိစ္စများတွင် တပည့်တပန်းများအား သင့်လျော်သောဩဝါဒများပေးသင့်သည်ဟု ယူဆပါသည်ဘုရား။

နိုင်ငံရေးလုပ်ငန်းမှာ ရှေးအခါက အရှင်ဘုရားများ သိတော်မူသည့်အတိုင်း မသန့်ရှင်းသော လုပ်ငန်းဖြစ်သည့်အတိုင်း တစ်ဂိုဏ်းတစ်ဖွဲ့အနေနှင့်ကား အားပေးရန် မသင့်ပါ။ သို့ရာတွင် ယခုအခါ နိုင်ငံရေးမှာ လန်းလန်းဆန်းဆန်းရှိပြီး အတော်ပင် သန့်ရှင်းနေပါသည်။ တစ်တိုင်းတစ်ပြည်လုံး ညီညွတ်လိုသော ဆန္ဒ၊ ပြာကျနေသော တိုင်းပြည်ပြန်လည်ထူထောင်လိုသော ဆန္ဒဖြင့် လွှမ်းမိုးလျက်ရှိပါသည်။ ဤကဲ့သို့ သန့်ရှင်းသော လုပ်ငန်းမျိုးကိုမူကား ဆရာတော်များက အားပေးရန် အထူးသင့်ပါသည်။

ညီညွတ်ရေးဆိုသည့်ကိစ္စနှင့် ပတ်သက်၍ တပည့်တော် ဆက်လက်ရှင်းလင်းလိုပါသည်။ တပည့်တော်သဘောအရ ညီညွတ်ရေးထက် ''စည်းလုံးရေး'' ဟူသော စကားက ပိုမိုမှန်ပါလိမ့်မည်။

*နိုင်ငံရေးလုပ်ငန်းတွင်*
*ဗမာ၊ ကရင်၊*
***ရှမ်းတို့ပါသည်။***
***ဗုဒ္ဓဘာသာ၊ မွတ်ဆလင်၊***





*ခရစ်ယာန်တို့ ပါသည်။*
*သို့ဖြစ်၍*
*နိုင်ငံရေးလုပ်ငန်းမှာ*
*လူတစ်မျိုး သို့မဟုတ်*
*ဘာသာတစ်မျိုးတည်း၏*
*လုပ်ငန်းမဟုတ်။*

အဖွဲ့အသင်းအပင်းဆိုသည်တို့မှာ အလိုအလျောက် ပေါ်လာခြင်း မဟုတ်ပါ။ ကုန်သည်၊ လယ်လုပ်၊ ကျောင်းသား၊ ကျောင်းဆရာ စသည်ဖြင့် အသက်မွေးမှုကို အကြောင်းပြု၍ လူအမျိုးအစားကွဲပြားနေသမျှ မိမိတို့ဆိုင်ရာ အကျိုးစီးပွားကာကွယ်မည့် အဖွဲ့အစည်းများ ရှိပေမည်။ ဥပမာ–ကုန်သည်အသင်း၊ ပွဲစားအသင်း၊ ကျောင်းသားအသင်း စသည်တို့ဖြစ်ပါသည်။ ၎င်းအသင်းများသည် အကျိုးစီးပွားတူသည့်အခါ တွဲလုပ်ကြပါသည်။ မိမိတို့ဆိုင်ရာ အကျိုးသက်သက်ဆိုလျှင် မိမိတို့ဆိုင်ရာအဖွဲ့အတွင်း လုပ်ကြပါသည်။

နိုင်ငံရေးပါတီဆိုသည်မှာလည်း အမှန်အားဖြင့် တချို့ပါတီသည် ကုန်သည်အကျိုးကို အဓိကထား၍ ဆောင်ရွက်မည်။ တချို့ပါတီသည် လယ်သမားတို့၏အကျိုးကို အဓိကထား၍ ဆောင်ရွက်မည်။ သို့ရာတွင် တစ်တိုင်းပြည်လုံးကိစ္စများတွင် ရည်ရွယ်ချက်တစ်ခုတည်း အတူတူလုပ်မည်။

နိုင်ငံရေးပါတီများ မရှိရဟုဆိုလျှင် အောင်မြင်မည် မဟုတ်ပါ။ ပြောင်မလုပ်ရလျှင် တိတ်တိတ်ပုန်း လုပ်ကြပါမည်။ ဂျပန်လက်ထက်က တိတ်တိတ်ပုန်းလုပ်ခဲ့ကြပါသည်။ အဖွဲ့ဆိုင်းဘုတ်မတင်စေကာမူ ကိုယ့်အစုလေးနှင့်ကိုယ် ဖြစ်နေမည်ကို မရှောင် နိုင်ပါ။

ဖွဲ့စည်းကြပါသည်။ ကိုယ်အိမ်နဲ့ ကိုယ်နေကြ၊ အရပ်ကိစ္စ ဝိုင်းလုပ်ကြဟူသော သဘောဖြစ်ပါသည်။ အဖွဲ့တွေ ဖျက်ဆိုလျှင် နာမည်လောက်ဖျက်ဆိုလျှင် နာမည်လောက်ဖျက်ပြီး တိတ်တိတ်ပုန်းခြေထိုးသော အလုပ်များ ပိုလာမည်ကား မလွဲပါ။

ယခုဆိုလျှင် –

**(က)** စစ်အုပ်ချုပ်ရေး ရပ်ဆိုင်းရေး၊

**(ခ)** ယာယီအမျိုးသား အစိုးရ ရရှိရေး၊

**(ဂ)** ရွေးကောက်ပွဲ ပြုလုပ်ရေး၊

**(ဃ)** တိုင်းပြည်ပြုလွှတ်တော် ရရှိရေးတို့တွင် အဖွဲ့ပါတိုင်း အားကြိုးမာန်တက်ဆောင်ရွက်နေကြပါသည်။ စီးပွားရေးအားသန်သည့် ပါတီသည် စီးပွားရေးဆောင်ရွက်၍ လယ်သမားအရေး ဆောင်ရွက်ပါသည်။ လယ်ပိုင်ရှင်နှင့် လယ်သမားပဋိပက္ခဖြစ်ခဲ့သော် စေ့စပ်ဆောင်ရွက်ကြရန်လည်း သဘောထားရှိကြပါသည်။

သို့ဖြစ်၍ အဖွဲ့များ၏စည်းလုံးရေးမှာ အောင်မြင်နိုင်ပါသည်။ သံဃာတော်များ နိုင်ငံရေးမလိုက်ရဟူ၍ တပည့်တော် ကြေညာချက်ထုတ်သည်ဟု အချို့ဆရာတော်များ နားပေါက်သည်ဟု သိရပါသည်။

တပည့်တော် ဤကဲ့သို့ ကြေညာစာတမ်းမျိုး ထုတ်ခဲ့ဖူးသည်ဟု အမှတ်မရပါ။ တပည့်တော်ပြောသည့်စကားအချို့ကို အကြားလွဲသူတို့က တစ်မျိုးပြောချင်လည်း ပြောစရာရှိပါသည်။

**(က)** နိုင်ငံရေးလုပ်ငန်းတွင် ဗမာ၊ ကရင်၊ ရှမ်းတို့ပါသည်။ ဗုဒ္ဓဘာသာ၊ မွတ်ဆလင်၊ ခရစ်ယာန်တို့ပါသည်။ သို့ဖြစ်၍ နိုင်ငံရေးလုပ်ငန်းမှာ လူတစ်မျိုး သို့မဟုတ် ဘာသာတစ်မျိုးတည်း၏ လုပ်ငန်းမဟုတ်။

**(ခ)** လူမျိုးစုံ၊ ဘာသာစုံ ပါဝင်သောလုပ်ငန်းတို့တွင် ဗုဒ္ဓဘာသာကိစ္စကို ချည်း ပြောလျှင် အခြားလူမျိုး၊ အခြားဘာသာတို့ကို ထိခိုက်စရာရှိသည်။

**(ဂ)** သို့ဖြစ်၍ ဗုဒ္ဓဘာသာ့ကိစ္စများ ဆောင်ရွက်စရာရှိလျှင် သန့်သန့်ဆောင်ရွက်ရန် သင့်ပေသည်။ လူမျိုးစုံ၊ ဘာသာစုံပါဝင်သောအဖွဲ့ သို့မဟုတ် လုပ်ငန်းအားဖြင့် ဆောင်ရွက်ရန်မသင့်။

**(ဃ)** သို့သော် တိုင်းပြည်ကိစ္စမှာ သံဃာတော်များ လျစ်လျူရှုမထားနိုင်သဖြင့် ဗုဒ္ဓဘာသာကိစ္စတစ်ခုတည်းသဘောမျိုးမဟုတ်ဘဲ ဒကာ၊ ဒကာမအကျိုးရည်စူး၍ တတ်စွမ်းသမျှ ဩဝါဒပေးသင့်သည်။ ကူညီသင့်သည်။

တပည့်တော်၏ အယူအဆမှာ သည်အတိုင်းဖြစ်၍ ဒီအတိုင်းပြောတတ်သည်ကို အဓိပ္ပါယ်ကောက်လွဲခြင်း ဖြစ်ပါလိမ့်မည်။

တပည့်တော်၏ အတွေ့အကြုံအရ အောက်ဗမာပြည်နှင့် အထက်ဗမာပြည်မှာ မတူပါ။ အထက်ဗမာပြည်၌မူ သံဃာတော်များနှင့် ဒကာ၊ ဒကာမများမှာ အထူးနီးစပ်ပါသည်။ အောက်ဗမာပြည်နှင့် မတူပါ။ တိုင်းပြည် ပြန်လည်ထူ





ထောင်ရေးတွင် ဒကာ၊ ဒကာမများအား ကူညီရန် ပိုမိုတာဝန်ကြီးပါသည်။ ဒကာ၊ ဒကာမများကို လျစ်လျူရှုရန် မဖြစ်နိုင်ပါ။ သို့ဖြစ်၍ အထက်ဗမာပြည်၌မူ အောက်ဗမာပြည်မှာထက် သံဃာတော် အရှင်သူမြတ်များသည် နိုင်ငံပြန်လည်ထူထောင်ရေးလုပ်ငန်းတွင် ပိုမို ပါဝင်ဆောင်ရွက်ကြရမည်။

တပည့်တော် နိုင်ငံရေးဟူသော စကားကို မသုံးလိုပါ။ နိုင်ငံလွတ်လပ်ရေး၊ နိုင်ငံပြန်လည်ထူထောင်ရေးဟူသော စကားသာ သုံးလိုပါသည်။ နိုင်ငံရေးဆိုလျှင် တစ်ဂိုဏ်းတစ်ပါတီကို အားပေးလျှင် ယခင်လွှတ်တော်နိုင်ငံရေးများကို သတိရစရာဖြစ်ပါသည်။ ဤကဲ့သို့ ခြေရှုပ်သော နိုင်ငံရေးများတွင်ကား သံဃာတော်များ ပါဝင်ထိုက်သည်ဟု တပည့်တော် မယူဆပါ။

ရခိုင်ပြည်တွင် ဦးပညာသီဟကိုယ်တော်သည် ဂျပန်တော်လှန်ရေးတွင် ခေါင်းဆောင်ခဲ့သည့်လုပ်ငန်းမျိုးကိုကား တပည့်တော်သဘောကျပါသည်။

တပည့်တော်၏ သဘောအတိုချုပ်မှာ ခြေရှုပ်သော နိုင်ငံရေးမပါဘဲ သန့်ရှင်းသော နိုင်ငံရေးတွင် ပါဝင်ရန်ဖြစ်ပါသည်။

သန့်ရှင်းသော နိုင်ငံရေးလုပ်လျှင် ပြာကျနေကြသော တိုင်းပြည်ကို ပြန်လည်ထူထောင်နိုင်မည်။ စီးပွားရေးတိုးတက်မည်။ တိုင်းပြည် သာယာမည်။ သို့မှသာလျှင် ရေမြင့်မှ ကြာမြင့်စကားကဲ့သို့ သာသနာတော်လည်း သန့်ရှင်းစရာရှိပါသည်။

တပည့်တော် ဤမျှအကျိုးအကြောင်း လျှောက်ထားသည်မှာ ရှင်းလင်းပြီဟု ယူဆပါကြောင်း အဆုံးသတ်လျှောက်ထားပါသည်ဘုရား။

သန်းထွန်း၊ အတွင်းရေးမှူး
ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်
ရန်ကုန်

မူရင်းစာလုံးပေါင်းသတ်ပုံအတိုင်းဖော်ပြပါသည်။

☆☆☆



## တော်လှန်ရေးနေ့ မိန့်ခွန်း

၁၉၄၆ ခုနှစ်၊ မတ်လ ၂၇ ရက် (ဗုဒ္ဓဟူး)

ဤအခမ်းအနားကို ၁၉၄၆ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် သတင်းဖော်ပြခဲ့ပြီး မိန့်ခွန်းအပြည့်အစုံကိုမူ VERBUND STIFTUNG DEUTSCHES UBERSEE-INSTITUT Ham burg 1989 မှ ထုတ်ဝေသော DOCUMENTS ON COMMUNISM IN BURMA 1945-1977, Klaus Fleischmann(ed) စာအုပ်တွင် တွေ့ရှိရပါသဖြင့် ထိုစာအုပ်တွင်ပါရှိသော မိန့်ခွန်းကို အင်္ဂလိပ်ဘာသာမှ မြန်မာပြန်၍ ဖော်ပြလိုက်ပါသည်။ မူရင်းသတင်းကိုလည်း ပြန်လည်ဖော်ပြလိုက်ပါသည်။ (စီစဉ်သူ)





### ဖက်ဆစ်ဂျပန်အား စစ်ဆင်ခြင်းသည် လုံးဝလွတ်လပ်ရေးအတွက်ဖြစ်သည်။ သို့ရာတွင် ဗမာပြည်ကား လုံးဝလွတ်လပ်ခြင်း မရှိသေး။

ထို့ကြောင့်ငါတို့သည်ယနေ့မှစ၍မတရားဖိနှိပ်မှုများ၊ဖက်ဆစ်စံနစ်အကြွင်းအကျန်များ လုံးဝပပျောက်သွားသည်အထိရင်း၊ဗမာပြည်ကြီးလုံးဝလွတ်လပ်ရေးသို့ပရောက်သည်အထိရင်း လူထုလက်သို့ အာဏာရောက်သည်အထိရင်း လူထု၏ အကျိုးစီးပွား တိုးတက်မှုတို့အတွက် ပြန်လည်ထူထောင်နိုင်သည်အထိရင်းဆက်လပ်၍ လူထုတိုက်ပွဲ ဆင်နွှဲကြကုန်အံ့ -

**ကြီးမားလှသည့် လူထုအင်အား**

ရန်ကုန်မြို့၊ ရွှေတိဂုံစေတီတော်ခြေရင်း ကန်တော်မင်ဥယျာဉ်အတွင်း၌ ကျင်းပသော ပဉ္စမအကြိမ်နှစ်ပတ်လည် ဖက်ဆစ်တော်လှန်ရေးနေ့ အထိမ်းအမှတ်ပွဲကြီးမှာ ရန်ကုန်တမြို့လုံးရှိ အင်အားကြီးမားလှသည့် လူထုကြီးနှင့်တကွ ရန်ကုန်မြို့အနီးအနားရှိ မြို့များရွာများမှ လူထုကြီးများဖြင့် ပြည့်နှက်စည်ကားလျက် ထမြောက်အောင်မြင်သွားပြီဖြစ်ကြောင်း။ အထိမ်းအမှတ်ပွဲ ကျင်းပနေစဉ် ခေါင်းဆောင်များက လုံး၀ အခြေအမြစ်မရှိသော ကောလာဟလသံတင်းများ ဖြစ်ပေါ်လာရပုံကို ရှင်းလင်းပြောဆိုသွားကြောင်း။ ထိုအထိမ်းအမှတ်ပွဲကျင်းပရန်အတွက် ဖ-ဆ-ပ-လ အဖွဲ့ချုပ်ကြီးမှ (လှဲနေလှေအောင်း မြင်းဖောင်းမကျန် လူထုကြီး သွေးပွက်ပွက်ဆူခဲ့တဲ့ တော်လှန်ရေးနေ့ တော်လှန်ရေးအောင်လံကို ကိုင်၍ ချီတက်ကြ)ဟု ကြေညာထားသည့်အတိုင်း အလုပ်သမားများ၊ ကွန်မြူနစ်ပါတီ၊ ဆိုရှယ်လစ်ပါတီ၊ အမျိုးသမီးအဖွဲ့များ။ ကျောင်းဆရာများနှင့် ကျောင်းသားများ၊ ဗမာမူဆလင်အစည်းအရုံး၊ ကရင်လူငယ်အစည်းအရုံး၊ မော်တော်ယာဉ်သမဂ္ဂ၊ မြင်းလှည်းဆိုက်ကားသမဂ္ဂ၊ ရေယာဉ်သမဂ္ဂ၊ ကျောင်းသားများသမဂ္ဂ။ လူငယ်များအစည်းအရုံး၊ ဈေးအသင်းအဖွဲ့များ စိန်ဂျွန်းသူနာပြုတပ်၊ ပြည်သူ့ရဲဘော်တပ်၊ ပြည်သူ့စစ်ကျောင်းသားတို့သည်

တော်လှန်ရေးအလံ ကိုယ်စီကိုင်ကာ ကြွေးကြော်သံစာတမ်းများ လွှင့်ထူ၍ စည်းကမ်း သေဝပ်စွာ ချီတက်စုရုံးကြကြောင်း။

ထိုနေ့က ရန်ကုန်မြို့အတွင်း ဘတ်ကားမြင်းလှည်းတို့မှာ အထိမ်းအမှတ်ပွဲအထွက်ရပ်ဆိုင်ထားခြင်း၊ ဈေးဆိုင်ကန္တားတို့မှာလည်း အထိမ်းအမှတ်ပွဲအတွက် ပိတ်ထားခြင်း စသည်တို့ကြောင့် လူသွားလူလာ တိတ်ဆိတ်နေသော်လည်း ပုလိပ်ဌာနတိုင်းတွင် ဖက်ဆစ်တော်လှန်ရေးနေ့အတွက် လက်နက်ကိုင်ပုလိပ်များကို အသင့် စီမံထားသည်ဟု သိရှိရကြောင်း။ အခြေအမြစ်မရှိသော ကောလာဟလသတင်းများကြောင့် အချို့အစိုးရအလုပ်သမားများမှာ တော်လှန်ရေးနေ့အထိမ်းအမှတ်သို့ တက်ရောက်လိုကြသော်လည်း အထက်အရာရှိကြီးများ သိသွားပါက ၎င်းတို့အပေါ်တွင် အရေးယူမည်စိုးသဖြင့် တော်လှန်ရေးနေ့ အထိမ်းအမှတ်ပွဲကိုပင် ခိုးကြောင်ခိုးဝှက် တက်ရောက်ကြရသည်ဟု သိရှိရကြောင်း။ တရုပ်တန်း၊ ကုလားတန်း ရပ်ကွက်များတွင် အချို့ဆိုင်များ ပိတ်ထား၍ အချို့ဆိုင်များ ဖွင့်ထားကြောင်း။ အချို့ဆိုင်များ ပိတ်ထားသည်မှာ ကောလာဟလာသတင်းကြောင့်ဖြစ်၍ အချို့ဆိုင်များမှာ တော်လှန်ရေးနေ့အထိမ်းအမှတ်ပွဲအတွက် လေးစားခြင်းဖြစ်ကြောင်းဖြင့် သိရှိရကြောင်း။ အစိုးရဆိုင်ရာ အလုပ်ဌာန များမှာမူ ဖက်ဆစ်ဂျပန်တော်လှန်ရေးနေ့ အလုပ်ပိတ်ရန် လုံးဝ မစဉ်းစားကြကြောင်းဖြင့် သိရှိရကြောင်း။

**တော်လှန်ရေးအထိမ်းအမှတ်သဘင် ဖွင့်လှစ်ခြင်း**

နံနက် ၇ နာရီအချိန်တွင် လူထုအဖွဲ့အသင်းများသည် ကန်တိုမင်ဥယျာဉ်အတွင်းသို့ စုဝေးမိသည်နှင့်တပြိုင်နက် စိန်ဂျွန်းသူနာပြုတပ်သားများက ဘင်ခရာ တီးမှုတ်၍ အထိမ်းအမှတ်ပွဲအခမ်းအနား ဖွင့်လှစ်ကြောင်း။ ထိုနောက် ပြည်သူ့ရဲဘော်တပ်အဖွဲ့က ၎င်းတို့၏ ဗိုလ်ချုပ်ဖြစ်သော ဖ–ဆ–ပ–လ က ဥက္ကဋ္ဌ ဦးအောင်ဆန်းအား အရိုအသေပြုပြီးနောက် ပရိသတ်များက လွှင့်ထူသော တော်လှန်ရေးအလံတော်ကို အရိုအသေပြုစဉ် စိန်ဂျွန်းသူနာပြုတပ်အဖွဲ့က မင်္ဂလာဘင်ခရာ တီးမှုကြောင်း။ ပြည်သူ့ရဲဘော်တပ်အဖွဲ့ ဗိုလ်အောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်၍ အစီအစဉ်များကို ကျေညာခါ သခင်ချစ်က တော်လှန်ရေးနေ့ အဓိဋ္ဌာန်စာတမ်း တိုင်ပေးရာ ပရိသတ်များက အသံညီလိုက်၍ အဓိဋ္ဌာန်ပြုကြကြောင်း။ *(တော်လှန်ရေးနေ့ အဓိဋ္ဌာန်စာတမ်းကို တနေရာတွင် ဖော်ပြထားကြောင်း)*





**လုံးဝလွတ်လပ်ရေးအဆို**

ထိုနောက် အဆိုအမှတ် (၁) ဖြစ်သော လုံးဝ လွတ်လပ်ရေးအဆိုကို ဖ–ဆ–ပ–လ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ဆန်းက တင်သွင်းကြောင်း။ ဦးအောင်ဆန်းက လုံးဝလွတ်လပ်ရေးအဆိုမှာ ဇန်နဝါရီလ ၁၇ ရက်နေ့ကပင် အဓိဋ္ဌာန်ပြုဆုံးဖြတ်ခဲ့ပြီးဖြစ်ကြောင်း။ ဖက်ဆစ်ကို တော်လှန်တွန်းဖြိုရသည်မှာလည်း လုံးဝလွတ်လပ်ရေးအတွက်ဖြစ်ကြောင်း၊ စသည်ဖြင့် ဗမာပြည်လွတ်လပ်ရေးအတွက် စွန့်စားလာခဲ့ပုံများကို ဇာတ်ကြောင်းပြန်၍ ရှင်းလင်းပြောပြကြောင်း။

ဦးအောင်ဆန်းက အဆိုအမှတ် (၁) ဖြစ်သော လုံးဝလွတ်လပ်ရေးသို့ အဆိုကို အကျယ်တဝင့် ပြောဆိုတင်သွင်းပြီးလျှင် လူထုပရိသတ်ကြီးက တပြိုင်နက်တည်း ကြွေးကြော်အတည်ပြုကြောင်း။

**၁။ လုံးဝလွတ်လပ်ရေးသို့ အဆို။**

ဗမာပြည်သူပြည်သားတို့၏ လိုလားချက်အစစ်အမှန်မှာ ဗြိတိသျှနယ်ချဲ့လက်ဝါးကြီးအုပ်အရင်းရှင်တို့၏ အချုတ်အချယ်တို့မှ ကင်းလွတ်သော မိမိတို့၏ ကံကြမ္မာကို မိမိတို့ဖါသာ ဖန်တီးစေရမည့် လုံးဝ လွတ်လပ်ရေးဖြစ်ရာ ဗမာပြည်သူပြည်သားတို့သည် ဗြိတိသျှနယ်ချဲ့စံနစ်အတွင်း၌ ဒိုမီနီယံအခြေအနေမျိုးနှင့်မျှ ၎င်းကျေနပ်လိမ့်မည် မဟုတ်ကြောင်း။

ဗြိတိသျှအစိုးရတို့သည် ဗမာပြည်၏ နောင်ရေးအတွက် စက္ကူဖြူစီမံကိန်းဖြင့်သာ ဆောင်ရွက်နေပေရာ ထိုစက္ကူဖြူစီမံကိန်းသည် (၁) ဗမာပြည်၌ ဗြိတိသျှလက်ဝါးကြီးအုပ်သမား၏ တန်ခိုးအာဏာ ဆက်လက်တည်မြဲစေရန်၊ (၂) ဗမာပြည်၏ ညီညွတ်စည်းလုံးရေးကို ဖြိုခွဲ၍ အလိုတော်ရိတို့ အင်အားတိုးပွားစေရန်နှင့် (၃) မြန်မာလူမျိုးတို့အား ကိုယ့်ကြမ္မာကို ကိုယ့်ဖါသာ ဖန်တီးရေးနှင့် ဝေးသည်ထက်ဝေးရန် တို့အတွက်မျှ ဖြစ်သည်သာမက ထိုစီမံကိန်းအရ ကျင်းပရန် စိုင်းပြင်းလျက်ရှိသော ရွေးကောက်ပွဲသည် (၁၉၃၅ ခု) အက်ဥပဒေအရသာဖြစ်သဖြင့် ဗမာပြည်၏ ကံကြမ္မာကို လူမျိုးကွဲများ ဝင်ရောက်ဖန်တီးနိုင်ခြင်း၊ ရာခိုင်နှုန်း ၅၀ ထက်များစွာ ယုတ်လျော့သော တိုင်းသူပြည်သား ဦးရေတို့သာလျှင် မဲပေးနိုင်စေတော့မည်ဖြစ်ခြင်း တို့ကြောင့် ဤရွေးကောက်ပွဲမျိုးကို အလျှင်းအလိုမရှိကြကြောင်း။ ပြည်သူတိုင်း ယောကျ်ားမိန်းမမရွေး မဲဆန္ဒပေးနိုင်သည့် ရွေးကောက်ပွဲဖြင့် အချုပ်အခြာအာဏာ

ပိုင် တိုင်းပြုပြည်ပြုလွှတ်တော်ကြီးကသာလျှင် ဗမာပြည်၏ အနာဂတ်အရေးကို ဖန်တီးရမည်ဖြစ်ရာ ဤလုပ်ငန်းများ ဇာရားမျှတစွာ ဆောင်ရွက်နိုင်ခြင်းကို ပိတ်ဆီးလျက်ရှိသော သက်ရှိပြုရှိကရေစီနှင့် ရုပ်သေးအမှုဆောင်ဝန်ကြီးအဖွဲ့ကို ဖြိုဖျက်၍ တိုင်းပြည်ကိုယ်စားလှယ် ယာယီအမျိုးသားအစိုးရအဖွဲ့ကို ဖွဲ့စည်းစေရမည် ဖြစ်ကြောင်း။ ဤဒီမိုကရေစီနည်းလမ်းများအရ ဗမာပြည်ကို အတ္တလန်တိတ် ကျေညာချက်၊ ပြည်ထောင်စုသမဂ္ဂကျေညာချက်တို့နှင့်အညီ လွတ်လပ်သော တိုင်းပြည်အဖြစ်ဖြင့် ကမ္ဘာက အသိအမှတ်ပြုရသည့်တိုင်အောင် တပြည်လုံးက စိုင်းပြင်းသွားရမည်ဖြစ်ကြောင်း။

ထိုနောက် ဦးကျော်မြင့် ဘီအေဘီအယ်လ် (ဆိုရှယ်လစ်) က အဆိုအမှတ် (၂) ကို အကျယ်တဝင့် ပြောဆိုတင်သွင်းပြီးလျှင် ပရိသတ်က တညီတညွတ်တည်း အတည်ပြုကြောင်း။

## ၂။ ချုတ်ချယ်မှုများ ကန့်ကွက်ရေးအဆို။

ဗြိတိသျှစစ်အုပ်ချုပ်ရေး ဝင်ရောက်လာသည့်အခါမှစ၍ ဘမ်းဆီးချုပ်နှောင် ထားခြင်း ခံကြရသော မျိုးချစ်နိုင်ငံရေးသမားများ၊ စစ်အုပ်ချုပ်ရေးမတိုင်မီက ပြည်တွင်းပြည်ပ၌ နိုင်ငံရေး၊ စစ်မက်ရေးကြောင့် အဘမ်းအဆီးခံကြရသော တိုင်းရင်းသားများအား ချွင်းချက်မရှိ လွှတ်ပစ်ရန်။

စစ်ပြီးသော်လည်း တည်တံ့လျက်ရှိပြီး ပြည်သူ့အခွင့်အရေးကို ဆက်လက် ချုတ်ချယ်စေသော ကာကွယ်ရေးဥပဒေ ရာဇဝတ်ကျင့်ထုံး၊ အရေးတကြီး ပြင်ဆင် ချက်ဥပဒေများကို ချက်ခြင်းရုပ်သိမ်းရန် လေးနက်စွာ တောင်းဆိုကြောင်း။

သခင်သန်းထွန်းက အလုပ်သမားနှင့် တောင်သူလယ်သမားအဆိုကို နောက်ဆုံး တင်သွင်း၍ လူထုက အတည်ပြုကြောင်း။

## ၃။ အလုပ်သမားနှင့် တောင်သူလယ်သမားအရေး။

ဖ–ဆ–ပ–လ အဖွဲ့ချုပ်ကြီးသည် ဂျပန်ကို တော်လှန်ရာ၌ အလုပ်သမား နှင့် တောင်သူလယ်သမားအင်အားဖြင့် တော်လှန်ခဲ့ကြောင်း ဖ–ဆ–ပ–လ အဖွဲ့ချုပ်၏ လက်ရှိအင်အားမှာလည်း အလုပ်သမားနှင့် တောင်သူလယ်သမားပင်ဖြစ်ကြောင်း။ ဖ–ဆ–ပ–လ အဖွဲ့ချုပ်က လိုလားသော လုံးဝလွတ်လပ်သော ဒီမိုကရေစီနိုင်ငံသစ်





သည်လည်း အလုပ်သမားနှင့် တောင်သူလယ်သမားအပေါ်တွင် အုတ်မြစ်ချရမည် ဖြစ်ကြောင်း။

နိုင်ငံလုံးဆိုင်ရာ ဖ–ဆ–ပ–လ ညီလာခံသဘင်တွင် အလုပ်သမား များနှင့် တောင်သူလယ်သမားများအဘို့ ရည်မှန်းချက်များကို သတ်မှတ်ခဲ့ပေရာ ထိုသတ်မှတ်မချက်အတိုင်း ဖ–ဆ–ပ–လ အဖွဲ့ချုပ်သည် အလုပ်သမားနှင့် တောင်သူလယ်သမားတို့၏ ကောင်းစားရေးကို အစဉ်ရှေ့ရှုမည်ဖြစ်ကြောင်း။

ဖ–ဆ–ပ–လ ညီလာခံသဘင်တွင် လယ်သီးစားခ ပလပ်ရန်နှင့် မထမ်း ဆောင်ဘဲ နေနိုင်ရန် တောင်းဆိုခဲ့ရာ ဤတောင်းဆိုချက်အတိုင်း ဆောင်ရွက်ရန် အစိုးရအား တိုက်တွန်းကြောင်း။ အစိုးရတို့သည် စပါး၊ နှမ်း၊ ဝါ စသည်တို့ကို ဈေးနှိမ့်ဝယ်ခြင်း၊ အတင်းသိမ်းခြင်း၊ နိုင်ငံခြားသို့ တင်ပို့ခြင်း စသည်တို့ကို ပြုလုပ်နေသည်ဟု ကြားသိနေရသဖြင့် ဤကဲ့သို့ မပြုလုပ်ရန် အစိုးရအား လေးနက်စွာ သတိပေးကြောင်း။

နောင်နှစ်အတွက် စားရိက္ခာပြဿနာသည် အလွန်အမင်း အရေးကြီးလှ သဖြင့် လယ်မြေတို့ကို အားတက်သရော ထွန်ယက်စိုက်ပျိုးကြရန် ဤအစည်း အဝေးကြီးက နှိုးဆော်ကြောင်း။

ထိုသို့ လယ်မြေတိုင်း ထွန်ယက်စိုက်ပျိုးနိုင်ရန် ယခု တနှစ်ကာလအတွင်း တောင်သူလယ်သမား၊ ထင်း၊ ဝါး ခုတ်ခွင့်ရရေး၊ လယ်ထွန်ကိရိယာများရရေး၊ အမတော်ငွေ ထုတ်ပေးရေး၊ လယ်မြေကို ပြန်လည်လုပ်ကိုင်ခွင့်ရရေးတို့ကို အမြန်ဆုံး အစိုးရက စီမံဆောင်ရွက်စေလိုကြောင်း။ အစိုးရတို့သည် ဗမာတပြည်လုံး၏ သေရေးရှင်ရေးဖြစ်သော အထက်ပါတောင်းဆိုချက်များကို အချိန်မီ အလျင်အမြန် ဆောင်ရွက်မပေး၍ တိုင်းပြည်တပြည်လုံး ဆူပူခဲ့သော် အစိုးရ၏ တာဝန်သာလျှင် လုံးဝဖြစ်ကြောင်း။

ဗမာတမျိုးလုံး၏ သေဘောကြီးကို ဖ–ဆ–ပ–လ အဖွဲ့ချုပ်ကြီးနှင့်တကွ တောင်သူလယ်သမားတို့သည် လျစ်လျူရှုကာ လက်ပိုက်ကြည့်နေနိုင်ကြမည် မဟုတ်ကြောင်း။

တောင်သူလယ်သမားတို့ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး၊ အာဏာရရေး အတွက် ညီညွတ်မှုသည် အဓိကဖြစ်သည့်အတိုင်း သမဂ္ဂအစည်းအရုံး စသည်ဖြင့် မကွဲပြားဘဲ တခုတည်းသော အဖွဲ့အစည်းအဖြစ်ကို ဤအစည်းအဝေးက လိုလား

ကြောင်း။ **စည်းရုံးရာ၌** –

**(က)** သီးစားများသာမက လယ်ကူလီများကိုငင်း၊

**(ခ)** ဗမာများကိုသာမက ကရင်၊ ကုလားများကိုငင်း။

**(ဂ)** ယောကျ်ားများကိုသာမက ကောက်စိုက်မ–လယ်သည်မများကိုငင်း။

စည်းရုံးရန် လိုလားအပ်ပေကြောင်း။

ထိုမှတပါး အလုပ်လက်မဲ့ပပျောက်ရေး နေရေးထိုင်ရေး အဆင့်အတန်းမြင့်ရေး၊ အလုပ်သမား၊ လူတန်းစားအလိုကျ တိုင်းပြည် ပြန်လည်ထူထောင်ရေး စသော ပြဿနာများကို အလုပ်သမားတို့ လောလောဆယ် ရင်ဆိုင်တွေ့နေပေရာ ထိုပြဿနာတို့ ယခု ပေါ်ပေါက်ရခြင်းသည် ဗြိတိသျှနယ်ချဲ့အရင်းရှင်တို့သည် ဗမာပြည်ကို ပြန်လည် ထူထောင်ရေးလုပ်ငန်း၌ တိုင်းသူပြည်သားတို့၏အကျိုးကို အနည်းငယ်မျှ ရှေ့မရှုဘဲ ဗမာပြည်တွင် မိမိတို့ တန်ခိုးအာဏာ ဆက်လက်လွှမ်းမိုး၍ လက်ဝါးကြီးအုပ်စံနစ်ဖြင့် အမြတ်ကြီးကြီးစားရေးကိုသာ ရှေ့ရှုလုပ်ကိုင် စီမံလျက်ရှိခြင်းကြောင့် ဖြစ်ရသည်ဟု ယူဆပေကြောင်း။ သို့ဖြစ်၍ အလုပ်သမားများ သက်သာချောင်ချိရေး။ အဆင့်အတန်းတိုးတက်ရေးဆိုင်ရာ ပြဿနာအရပ်ရပ် အရေးကိစ္စများကို တတိုင်းတပြည်လုံးက ဝိုင်းဝန်း ကူညီရန် လိုပေကြောင်း။

အလုပ်သမားအရေးအောင်မြင်မှု၊ အလုပ်သမားများ တိုင်းပြည်နိုင်ငံရေးတွင် ရှေ့တန်းမှ ပါဝင်နိုင်မှုအတွက် အလုပ်သမားတို့ သွေးစည်းညီညွတ်ရန် လိုသည့်အတိုင်း တူညီသော ရည်ရွယ်ချက်၊ တူညီသော အကျိုး၊ တူညီသော လုပ်ငန်းပေါ်တွင် အခြေပြု၍ တခုတည်းသော လုပ်ငန်းပေါ်တွင် အခြေပြု၍ တခုတည်းသော အလုပ်သမားအဖွဲ့ကို တည်ဆောက်ရန် တိုက်တွန်းကြောင်း။

ဖ–ဆ–ပ–လ အဖွဲ့ချုပ် ဥက္ကဋ္ဌက နောက်ဆုံးမိန့်ခွန်း မြွက်ကြားပြီးလျှင် ပရိသတ်များအား စည်းကမ်းသေဝပ်စွာဖြင့် ပြန်ကြရန်ပြောကြား၍ အထိမ်းအမှတ်ပွဲကို အမျိုးသားသီချင်းဖြင့် ရုတ်သိမ်းလိုက်ကြောင်း။

**– ၁၉၄၆၊ မတ်၊ ၂၉ မြန်မာ့အလင်းသတင်းစာမှ**

မူရင်းစာလုံးပေါင်းသတ်ပုံအတိုင်းဖော်ပြပါသည်။

☆☆☆





## သခင်သန်းထွန်း၏ တော်လှန်ရေးနေ့ မိန့်ခွန်း

**အချိန် ၁၉၄၆ မတ်လ ၂၇ ရက်**
**နေရာ ကန်တော်ပင်ပန်းခြံ၊ ရန်ကုန်**

ဒီနေ့ဟာ တော်လှန်ရေးနေ့ဖြစ်လို့ ပြည်သူများစွာ ဒီနေရာမှာ ရောက်ရှိနေကြပါတယ်။ ဒီနေရာကနေ လယ်သမားတွေအတွက် ဆုံးဖြတ်ချက်၊ ပြည်သူလူထုအမြောက်အမြားနဲ့ ပတ်သက်နေသော ဖက်ဆစ်ဂျပန်ကို ပုန်ကန်ဖို့အတွက် လူထုအင်အား အမြောက်အမြားကို အသုံးပြုနိုင်ခဲ့တယ်။ အခု ကျွန်တော် ဆုံးဖြတ်ချက်တစ်ခုလုံးကိုတော့ ဖတ်မပြတော့ဘူး။ ဖဆပလရဲ့ နောက်ဆုံးညီလာခံ *(၁၉၄၆ ဇန်နဝါရီ ၁၉ မှ ၂၂)* မှာ တင်သွင်းပြီးသား ဖြစ်လို့ပါပဲ။ အခု ဆုံးဖြတ်ချက်ကို အကျဉ်းရုံးရှင်းပြပါမယ်။

မနှစ်က ကျွန်တော်တို့ဟာ လူထုအမြောက်အမြားနဲ့ ဖဆပလ ဦးဆောင်မှုအောက်က ဂျပန်ကို ဆန့်ကျင်တော်လှန်ခဲ့ကြတယ်။ အခုလည်း ကျွန်တော်တို့ရဲ့ အခွင့်အရေးအတွက် အဲဒီတုန်းကလို လူထုအတွက် ဆန့်ကျင်တိုက်ခိုက်ရတော့မယ်။ လက်ရှိတောင်သူလယ်သမားတွေက သီးစားခနဲ့ မြေခွန်ပြဿနာတွေကြောင့် အခက်အခဲတွေနဲ့အတူ ဆက်တိုက်ဒုက္ခရောက်နေကြတယ်။ ဒါကြောင့် တောင်သူလယ်သမားတွေရဲ့ အရေးကိစ္စအတွက် အကူအညီပေးဖို့ ပြည်သူလူထုအားလုံး စည်းလုံးရမယ်။

လွန်ခဲ့တဲ့နှစ်တုန်းက ဖက်ဆစ်ဂျပန်ကို တိုက်ခိုက်ဖို့ တစ်နိုင်ငံလုံး စည်းလုံးခဲ့ကြတယ်။ ဒါကြောင့် တော်လှန်ရေးနေ့ တစ်နှစ်ပြည့်မြောက်တဲ့ ဒီနေ့မှာ တစ်နိုင်ငံလုံးက ပြည်သူလူထုရဲ့ အင်အားတစ်ရပ် ပြသနိုင်အောင် လုပ်ရမယ်။ ဒီနေရာမှာ

ပြည်သူလူထုရဲ့ ရန်သူဖြစ်တဲ့ နယ်ချဲ့ဝါဒီတွေကို တွေ့နိုင်တယ်။ လူထုအင်အား ပြသနေတာကို သူတို့က အလွန်အမင်း ကြောက်လန့်နေကြတယ်။ ပြောရမယ်ဆိုရင် မတ် ၂၇ ရက်ဟာ ဗမာပြည်သူလူထုရဲ့ လက်နက်ကိုင်ပုန်ကန်မှု လုပ်နိုင်ခဲ့တဲ့ နေ့ပဲ။ သူတို့ဟာ မနှစ်တုန်းက ဖက်ဆစ်ဂျပန်ကို ဒီအလုပ်လုပ်နိုင်ခဲ့တဲ့အတွက် ခုလို အလွန်အမင်းကြောက်လန့်နေကြတာ ဖြစ်တယ်။ လွန်ခဲ့တဲ့ ၁၀ ရက်လောက်က ဗမာပြည်အရေးနဲ့ ပတ်သက်ပြီး မေးခွန်းတစ်ခု အမေးခံရပါတယ်။ ခင်ဗျားတို့ မတ်လ ၂၇ ရက်မှာ သူပုန်ထကြမှာလားတဲ့။ ကျွန်တော် ပြန်ဖြေလိုက်တယ်။ ကျွန်တော်တို့ မတ်လ ၂၇ ရက် မရောက်သေးခင်တော့ သူပုန် မထကြသေးပါဘူးလို့။

*(လက်ခုပ်သံများ)*

သူတို့ ဘာကြောင့် အလွန်အမင်း ထိတ်လန့်နေကြတာလဲ။ တကယ်တမ်းမှာလည်း သူတို့ စိုးရိမ်ထိတ်လန့်သင့်ကြပါတယ်။ လွန်ခဲ့တဲ့ လေးနှစ်က ကျွန်တော်တို့ လွတ်လပ်ရေးတောင်းဆိုခဲ့ကြတယ်။ သူတို့ မပေးခဲ့ကြဘူး။ သူတို့ မပေးတဲ့အချိန်မှာ ဘာတွေဖြစ်ခဲ့သလဲ။ ကျွန်တော်တို့ သူတို့ကို တိုက်ခိုက်ခဲ့တယ်။ မောင်းထုတ်ခဲ့တယ်။ အဲဒီနောက်မှာ ဂျပန်ရောက်လာတယ်။ ဂျပန်က ကျွန်တော်တို့ကို ပါးရိုက်တယ်။ ရိုင်းစိုင်းစွာ ဆက်ဆံခဲ့တယ်။ ဂျပန်ကိုလည်း ကျွန်တော်တို့ တိုက်ခိုက်ပြီး မောင်းထုတ်ခဲ့တယ်။ ဒါကြောင့် စဉ်းစားရမှာက ဗမာတွေလွတ်လပ်ရေး မရသေးဘူးဆိုရင် သူတို့ကိုလည်း အလားတူတိုက်ခိုက်ရတော့မှာဖြစ်လို့ ကျွန်တော်တို့ကို စိုးရိမ်ထိတ်လန့်နေတာ ဖြစ်ပါတယ်။

*(လက်ခုပ်သံများ)*

ကျွန်တော် နေမကောင်းဖြစ်နေတဲ့ကာလအတွင်း အကြောင်းအရာတစ်ခုကို စဉ်းစားခဲ့တယ်။ မတ်လ ၂၇ ရက်မှာ ပြည်သူလူထုကို အင်အားကောင်းစွာ စုစည်းနိုင်ခဲ့ရင် ဒီလူထုကြီးက ရန်ကုန်ကိုတောင် သိမ်းပိုက်နိုင်တယ်လို့ပဲ။ သိပ်မကြာသေးခင်တုန်းက ပျဉ်းမနားမှာ လူ ၂ သိန်းလောက် စုဝေးခဲ့ကြလို့ အာဏာပိုင်တွေက သူတို့ အိမ်တံခါးတွေ ပိတ်ပြီး အပြင်ကို အရမ်းမထွက်ရဲကြတော့ဘူး။





ပျဉ်းမနားကို သိမ်းလိုက်လို့ ဒီလူတွေကို မောင်းထုတ်ပေးဖို့ ဝိုင်ယာလက်ကြေးနန်းတစ်ခု ပို့လိုက်ကြတယ်။

တော်လှန်ရေးတစ်ရပ်ရဲ့ တကယ့်အကြောင်းရင်းဆိုတာ ဖြေရှင်းပုံ သီးသန့်အမျိုးအစားတစ်ရပ်ဖြစ်တယ်။ အထင်အမြင်သေးထားခဲ့သူတွေအပေါ် ပြန်ပြီး စွန့်စားဆန့်ကျင်ရတာဖြစ်တယ်။ ဒီလို နည်းလမ်းတစ်ရပ်ကို ကျွန်တော်တို့ မရွေးချယ်ခဲ့ကြသေးဘူး။ အင်္ဂလိပ်ကို ဆန့်ကျင်ဖို့ စစ်ကြေညာပြီးမှသာ တိုက်ခိုက်တာမျိုး ကျွန်တော်တို့ လိုလားနေကြတာလား။ အတိတ်တုန်းကလည်း ဂျပန်ကို ဒီလို နည်းလမ်းနဲ့ သင့်တော်စွာ စစ်ကြေညာတိုက်ခိုက်ခဲ့ရတယ်။ အနာဂတ်မှာလည်း ဒီအတိုင်းပဲ ကျွန်တော်တို့ ဆက်လုပ်ရလိမ့်မယ်။

ဂျပန်ကိုတိုက်တဲ့အချိန်တုန်းက BDA *(ဗမာ့တပ်မတော်)* ဦးဆောင်မှုအောက်ကနေ တိုက်ခိုက်ခဲ့ကြတယ်။ နေရာတိုင်းမှာ ပျောက်ကျားတပ်သားတွေနဲ့ အရပ်သားတွေ ပါဝင်ကူညီခဲ့ကြတယ်။ BDA က ဂျပန်တွေ ဘယ်လောက်ကျဆုံးအောင် တိုက်ခိုက်နိုင်ခဲ့တယ်ဆိုတာ ကျွန်တော် မပြောတော့ဘူး။ အစိုးရထုတ်ပြန်ချက်အရ ဇွန်၊ ဇူလိုင်လ တိုက်ပွဲတွေပြီးတဲ့နောက် ရန်ကုန်ကျတယ်။ ဂျပန် အမှတ် ၁၂ တပ်မဟာ ပဲခူး ဧရိယာတစ်ဝိုက်မှာ ၁၀၀၀၀ ကျော် သေကျေဒဏ်ရာရခဲ့တယ်။ မျိုးချစ်တပ်မတော် *( BDA ကို PBF ဟု ၁၉၄၅ ဇွန် ၃၀ တွင် အမည်ပြန်ပြောင်း)* အင်အား ၄၀၀၀၀ ကျော် ပျောက်ကြားတပ်နဲ့ အရပ်သား ၇၃၀၀ ကျော် ပါဝင်ခဲ့ကြတယ်။ မျိုးချစ်တပ်မတော်နဲ့ ပြည်သူတွေ ပူးပေါင်းပြီး အင်္ဂလိပ်တိုက်တာထက် ပိုပြီး အကျအဆုံးများအောင် လုပ်နိုင်ခဲ့တဲ့ သက်သေပါပဲ။

ဗမာပြည်သူလူထုရဲ့ ပါဝင်မှုမရှိဘဲ ဂျပန်ကို ဒီလောက်သေကျေအောင် တိုက်နိုင်မှာ မဟုတ်သလို အခြားနည်းလမ်းများစွာနဲ့လည်း သူတို့ လျှို့ဝှက်စွာ ပါဝင်ခဲ့ကြပါတယ်။ အင်းစိန်ခရိုင်မှာ မြန်မာ့မျိုးချစ်တပ်မတော်နဲ့ ဂျပန်တွေ တိုက်ပွဲဖြစ်တဲ့အချိန်မှာ မြန်မာတပ်မတော်တွေ ဆုတ်ခွာခဲ့ကြရတယ်။ ဒီအချိန်မှာ PBF က ရဲဘော်တစ်ယောက်ဟာ ဂျပန်တွေရဲ့ လက်ထဲက လွတ်အောင် မပြေးနိုင်ခဲ့ဘူး။ ဂျပန်တွေက သူ့ကို လိုက်ရှာကြတယ်။ ဂျပန်တွေက ဒီအိမ်ကို စုံစမ်းဖို့ လုပ်တဲ့အခါမှာ မိန်းမပျိုတစ်ယောက်က ပြောလိုက်။ ''*ဘာကို မေးတာလဲ။ သူ့ကိုပြောတာလား။ သူက ကျွန်မယောက်ျား*'တဲ့။ ဒါကိုကြည့်ရင် ဂျပန်ကို တော်လှန်တဲ့နောက်မှာ တစ်နိုင်ငံလုံးက ပြည်သူလူထုဟာ ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ အကူအညီပေးခဲ့ကြတယ်

ဆိုတာ နားလည်နိုင်တယ်။

ဂျပန်တွေ ဆုတ်ခွာသွားအောင် ပြည်သူလူထုက ဘယ်လို အရှိန်အဟုန်နဲ့ ပါဝင်ခဲ့ကြတယ်ဆိုတာ ကျွန်တော်ပြတာပါ။ အင်္ဂလိပ်ဟာ ၁၉၄၂ ကစပြီး သုံးနှစ်ကြာတဲ့တိုင်အောင် ချင်းတွင်းကနေ မန္တလေးအထိ တိုက်ခဲ့ရတယ်။ မန္တလေးကို သိမ်းပြီးတဲ့နောက် ပြည်သူတွေက ဂျပန်ကို တိုက်ခဲ့တဲ့အတွက် တစ်လအတွင်း ရန်ကုန်ကျသွားတယ်။ ကျွန်တော်ထင်တယ်။ အင်္ဂလိပ်တွေ သူတို့ချည်းသာတိုက်ရင် ရန်ကုန်ရောက်ဖို့ ငါးနှစ်လောက် ကြာလိမ့်မယ်။ မန္တလေးကျသွားပြီးတဲ့နောက်မှာ ပျဉ်းမနားမှာ စခန်းချထားတဲ့ အမှတ် ၅၄ ဂျပန်တပ်မကို တိုက်ကြတယ်။ အင်္ဂလိပ်တွေ ပွင့်ပွင့်လင်းလင်းပဲ ဒီနေရာမှာ ဝန်ခံကြတယ်။ သူတို့ ဂျပန်တပ်မတစ်ခုလုံးကို ဒီနေရာက မောင်းထုတ်နိုင်တာ PBF နဲ့ ပျောက်ကြားတပ်ဖွဲ့ ပူးပေါင်းပါဝင်ခဲ့ကြလို့ဆိုတာပဲ။ အမှတ် ၂၈ ဂျပန်တပ်မက တောင်ငူမှာ ဆက်ခုခံနေကြတယ်။ ဒီတပ်မကိုလည်း အဲဒီလိုပဲ ပူးပေါင်းပြီးတိုက်ကြတယ်၊ ဂျပန်ဘက်က အသေအပျောက် ၈၀၀၀ လောက်ရှိတယ်။ ပဲခူးမှာရှိတဲ့ အမှတ် ၃၃ ဂျပန်တပ်မကိုလည်း အဲဒီလို ပူးပေါင်းထားတဲ့ တပ်ဖွဲ့တွေ လုံးဝ ချေမှုန်းတိုက်ခိုက်လိုက်ကြတယ်။

ဂျပန်စစ်ဌာနချုပ်ဟာ ရန်ကုန်မှာ သုံးနှစ်လောက် ရှိနေတယ်ဆိုတာ စဉ်းစားကြည့်ပါ။ အင်္ဂလိပ်တွေဟာ ဘယ်လောက်တောင်လဲဆိုရင် ဂျပန်စစ်ဌာနချုပ် ဘယ်မှာ ရှိမှန်းတောင် မသိကြဘူး။ နောက်ပိုင်း ဒီနေရာမှာ ရှိမှန်း သတင်းတွေ ပို့ပြီးတဲ့အခါကျမှ အဲဒီနေရာကို ဗုံးကျဲလိုက်တယ်။ ပြည်သူလူထုပါဝင်တဲ့အတွက်ကြောင့် အခုလို ရန်သူကို ချေမှုန်းနိုင်တာပဲ။ ရန်ကုန်မှာ အိန္ဒိယစစ်သားတွေ အဖမ်းခံခဲ့ရတာကို မှတ်မိကြတယ်မဟုတ်လား။ အထက်ဗမာပြည်မှာလည်း အဲဒီလိုပဲ အဖမ်းခံခဲ့ကြရတယ်။ အိန္ဒိယကို ပို့လိုက်ကြတယ်။ အခု သူတို့ ပြန်မရောက်လာကြတော့ဘူး။ နောက်ပိုင်းမှာ ပြည်သူလူထုက ဂျပန်ကို ဆန့်ကျင်ပုန်ကန်နေကြတဲ့အတွက် ပြည်သူ ၈၀၀၀ ကျော် အဖမ်းခံခဲ့ရတယ်။ ဂျပန်ကို ပြည်သူက ဆန့်ကျင်တာ သူတို့ ပိုင်ဆိုင်တဲ့ သီးနှံဆန်စပါးတွေကို သိမ်းပိုက်ခဲ့လို့ပဲ။ ပြည်သူတွေ နှိပ်စက်ခံနေရလို့ ဘယ်လိုမှ သည်းမခံနိုင်တဲ့အဆုံး အခုလို ပြည်သူ့တော်လှန်ရေး ဖြစ်ခဲ့ရတာပဲ။

အဲဒီပြည်သူလူထုတွေ အခုချိန်မှာ ဘာတွေ ပိုကောင်းလာသလဲ။ သူတို့အတွက် ဘာမှ ကောင်းတာမရှိဘူး။ သူတို့ဟာ အဆိုးဆုံးမှာပဲ ရှိသေးတယ်။





မန္တလေးက ပြာပုံဖြစ်နေပြီ။ သစ်တွေ၊ ဝါးတွေခုတ်ပြီး အိမ်ပြန်ဆောက်ဖို့တောင် အစိုးရက အမိန့်ထုတ်ပြီး တားမြစ်နေသေးတယ်။ မန္တလေးလူဦးရေ ၁ သိန်းခွဲအတွက် အစိုးရက အိမ်ခြေ ၅၀၀၀ လောက် ဆောက်ပေးသင့်တယ်။ ပြည်သူတွေက တဲပုတ်လေးတွေနဲ့ နေနေကြရတယ်။ ရန်ကုန်မှာလည်း အဲဒီလိုပဲ။ လမ်းမတော်နဲ့ တခြားရပ်ကွက်တွေမှာ ဘာမှ မရှိကြဘူး။

ကျွန်တော်တို့ကို သစ်တွေ၊ ဝါးတွေခုတ်ဖို့ တားမြစ်ထားတာ စတီးဘရားသားရဲ့ သစ်လုပ်ငန်းနဲ့ အခြားကုမ္ပဏီတွေ သူတို့စိတ်ကြိုက် ခုတ်ယူခွင့်ပေးဖို့အတွက်ပဲ။ ဒါကြောင့် ကျွန်တော်တို့က စားစရာနဲ့ အဝတ်အထည်အတွက် အလွန် ခက်ခဲနေတဲ့အချိန် မှာ ကျွန်တော်တို့ အင်္ဂလိပ်နဲ့ အိန္ဒိယတပ်တွေနဲ့အတူ မိတ်ဆွေဖြစ်အောင်လုပ်တာ ကျိုးကြောင်းကျပ့်မလားလို့ သူတို့ကို မေးစမ်းချင်တယ်။ ကျွန်တော်တို့ကို စားစရာ ရာရှင်ကအစ ပေးခဲ့ပြီဆိုပါစို့။ ကျွန်တော်တို့ သူတို့ကို မိတ်ဆွေလုပ်နိုင်သလို ကျွန်တော်တို့ရဲ့ နှမတွေတောင် ပေးနိုင်သေးတယ်။ အစိုးရကို စဉ်းစားဖို့ ပြောချင်တာက စားနပ်ရိက္ခာ လုံလောက်အောင် ဖြန့်ဖြူးပေးဖို့ စီစဉ်ပေးပါ။ ဂျပန်ခေတ်ကနဲ့ အင်္ဂလိပ်ခေတ်တို့မှာ ဒီကိစ္စတွေကို ကုမ္ပဏီကြီးတွေကို လက်ဝါးကြီးအုပ်ခွင့်ပေးခဲ့တယ်။ နိုင်ငံက ပြည်သူတွေက သူတို့ဆီက လက်လီဝယ်စားသူတွေ ဖြစ်တယ်။ အားလုံးကိုတော့ မဟုတ်ဘူး။ အစိုးရလျှပ်စစ်ဓါတ်အားပရော့ဂျက်အရ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးကို အားလုံးအစိုးရက ထိန်းချုပ်ထားတယ်။ လျှပ်စစ်ဓာတ်အားကို တခြားမှာသ ုံးနေတာ ဖျက်သိမ်းရမယ်။ နိုင်ငံက ပိုင်ဆိုင်သင့်တဲ့ ဒီအချက်တွေ ပိုကောင်းစေသင့်တဲ့အတွက်ပြောတာ။ RET လျှပ်စစ်ဌာနက မဟုတ်ရင်ကော တခြားက တာဝန်မယူနိုင်ဘူးလားလို့ မေးခဲ့တယ်။ သူတို့ပြောတာက RET က ဆက်ပြီး လုပ်ကိုင်ခွင့် ၁၅ နှစ်ရထားတယ်။ ဒီကိစ္စ ဗမာပြည်မှာ သူ့ထက်အတွေ့အကြုံရှိတဲ့သူ မရှိဘူးလို့ ဆိုတယ်။

စားသောက်ကုန် ဈေးနှုန်းတွေကလည်း အလုပ်သမားတွေ အရင်က ပေးခဲ့စာနဲ့ ၁၀ ဆလောက် တက်သွားတယ်။ သူတို့ နေထိုင်ဖို့ လုံလောက်အောင် မရတဲ့နောက်မှာ သူတို့ဟာ သပိတ်မှောက်ကြတယ်။ မကြာခင်က တွေ့ရတဲ့ စက်ရုံသပိတ်ဟာ ဒါကြောင့်ဖြစ်တာပဲ။ ဒလသင်္ဘောကျင်းက အလုပ်သမားတွေကလည်း သူတို့ရဲ့ နစ်နာမှုတွေ မပြီးနိုင်သေးလို့ ဖြေရှင်းဖို့ သပိတ်မှောက်တောင်းဆိုကြတယ်။ အလုပ်သမား ၁၅၀၀ လောက် ဒီအစည်းအဝေးကို

တက်ရောက်ကြတယ်။ ဒီလို နိုင်ငံက ပြည်သူတွေအတွက် ကျွန်တော်တို့ရဲ့တာဝန် ဖြစ်လာခဲ့ပြီ။ အရင်းရှင်တွေနဲ့ တိုက်ခိုက်နေသူတွေအတွက် ရှေ့က ဦးဆောင်ပြီး အကူအညီပေးဖို့ ဖြစ်လာခဲ့တယ်။ ဒီလို ဆန့်ကျင်ဘက်ဖြစ်နေသူတွေနဲ့ ကျွန်တော်တို့ သေချာဆွေးနွေးလိုက်တိုင်း သူတို့ဟာ တကယ်တမ်း ရင်ဆိုင်တိုက်ခိုက်နေကြသူတွေ ဆိုတာ တွေ့ရတယ်။ ဥပမာ ဒီနေ့ ဒီနေရာမှာရှိတဲ့ ပြည်သူတစ်သိန်းက တစ်ဦးကို တစ်ကျပ်လောက် လှူကြမယ်ဆိုရင် သူတို့ နယ်ချဲ့တွေကို အနိုင်ယူနိုင်လိမ့်မယ်။ ဒီလို စွန့်လွှတ်နိုင်အောင်လည်း ပြင်ဆင်ထားရမယ်။

လက်ရှိ ခရိုင်ထဲမှာ ရှုန်းကန်နေရတာတစ်ခုက တောင်သူလယ်သမားတွေ သီးစားခ မပေးနိုင်တာရှိတယ်။ ဒါက အရေးအကြီးဆုံးဖြစ်လို့ ကျွန်တော်တို့ ကူညီကြရမယ်။ အထက်ဗမာပြည်မှာလည်း ဒီလို မငြိမ်သက်မှုများ မိတ္ထီလာ၊ မြင်းခြံ၊ မုံရွာ၊ စစ်ကိုင်းတို့မှာ ဖြစ်နေတယ်။ ပြည်သူတွေဟာ မြေခွန်ကို မပေးနိုင်ကြဘူး။ ဆာဂျေအေမောင်ကြီး ဝန်ကြီးချုပ်ဖြစ်တဲ့ လွန်ခဲ့တဲ့ ၁၅ နှစ်လောက်ကတည်းက အစိုးရကို ကျွန်တော်ပြောချင်တာ ရှိတယ်။ သာယာဝတီကိုသွားတော့ လယ်သမားတွေက မေးကြတယ်။ ဒီနှစ်ကို မြေခွန်ကင်းလွတ်ခွင့် ပေးဖို့ကို သူက မြေခွန်ကကင်းလွတ်ခွင့် ပေးလို့မရဘူး။ ပေးကို ပေးရမယ်လို့ ဆိုတယ်။ လယ်သမားတွေ သူတို့ရွာကို ပြန်ရောက်တော့ သူကြီးကို သတ်လိုက်ပြီး ပုန်ကန်ကြတယ်။ ဒါကြောင့် ကျွန်တော်ပြောချင်တာက မြေခွန်မပေးနိုင်တဲ့ လယ်သမားတွေနဲ့ ပတ်သက်တဲ့ ပြဿနာကို ကင်းလွတ်ခွင့်ပေးပြီး ဖြေရှင်းပေးသင့်တယ်။ နို့မဟုတ်ရင် လွန်ခဲ့တဲ့ ၁၅ နှစ် သာယာဝတီ သူပုန်ထက် ပိုကြီးတဲ့ အရေးအရာဖြစ်လာမယ်။

မြန်မာနိုင်ငံဟာ ဆန်စပါး တန် ၆ သန်းလောက် ထွက်ခဲ့တာ အမြဲတမ်းပဲ။ ဒီနှစ် ခန့်မှန်းရတာက တန် ၂ သန်းခွဲလောက်ပဲ ထုတ်နိုင်မယ်။ ပြည်တွင်းစားသုံးမှုက တန် ၃ သန်းလောက်ရှိမှ လောက်တယ်။ ဒီလိုခန့်မှန်းတဲ့ ပမာဏဖြစ်လာအောင် ဖဆပလ၊ လယ်သမားအစည်းအရုံးနဲ့ ခေါင်းဆောင်များ၊ တောင်သူတွေကို ဆန်စပါးစိုက်ဖို့ တိုက်တွန်းနေကြတယ်။ အစိုးရကတော့ ဘာကြောင့် မလုပ်တာလဲ။ အစိုးရက ဆန်စပါး မလုံလောက်လည်း နိုင်ငံခြားတိုင်းပြည်တွေကို ဆန်တင်ပို့မှာပဲ။ တစ်နိုင်ငံလုံးအနေနဲ့ ကြည့်မယ်ဆိုရင် အရပ်သားတွေလို ကုန်သည်တွေလည်း အစိုးရနိုင်ငံခြားကို ဆန်မတင်ပို့ဖို့ တိုက်တွန်းသင့်တယ်။ ဘုရင်ခံကတော့ ကတိပေးမှာ မဟုတ်ဘူး။ နိုင်ငံခြားသတင်းတွေမှာ တွေ့ရတာ မြန်မာနိုင်ငံက နိုင်ငံခြား





တိုင်းပြည်တွေကို ဆန်ဆက်ပြီး တင်ပို့နေတုန်းပဲ။ ဆန်တန် ၇၅၀၀၀ လောက် တင်ပို့ထားပြီးပြီ။ ဘုရင်ခံက ပါလီမန်ကို နောက်ထပ်ဆန် တန် ၂ သိန်း တင်ပို့မယ်လို့ ကတိပေးထားတယ်။ လူ ၂ သန်းလောက် စားနပ်ရိက္ခာ မလုံမလောက်ဖြစ်မယ်။ လူ ၂ သန်းခွဲ တွေ့ကြုံရမယ့် ဘေးဒုက္ခတွေဖြစ်တယ်။ ဒီအခြေအနေမှာ ဘုရင်ခံဆီက ဘယ်လိုပြန်ယူရမယ်ဆိုတာကို ကျွန်တော်တို့ နားလည်ရမယ်။ သင်တို့အားလုံး သိထားရဖို့က လက်ရှိဘုရင်ခံခေါင်းဆောင်တဲ့ အစိုးရဟာ လူ ၂ သန်းလောက် စားနပ်ရိက္ခာငတ်မွတ်ပြီး သေကျေအောင် လုပ်နေတယ်ဆိုတာပဲ။ ဒါကြောင့် ပြည်သူလူထုထံ အာဏာရောက်လာတဲ့ အချိန်ကျရင် ဒီလူတွေအားလုံး နေရာတိုင်းက လူတွေဆီ ရောက်နိုင်မယ်။ အခုချိန်မှာ အဲဒီလိုရနိုင်တဲ့ အခွင့်အရေးမရှိဘူး။

အတိတ်ကာလတုန်းကလည်း အလားတူ သူတို့ လုပ်ခဲ့ကြပြီးပြီ။ ပြည်သူတွေ ဂျပန်နဲ့အတူ ပူးပေါင်းခဲ့တယ်လို့ သူတို့ ပြောကြတယ်။ နိုင်ငံကို ကာကွယ်ဖို့က ဘယ်သူ့ရဲ့ တာဝန်လဲ။ ဘုရင်ခံနဲ့ အစိုးရတာဝန်မဟုတ်ဘူးလား။ နိုင်ငံကို ကာကွယ်တဲ့ သူတို့ရဲ့ တာဝန် မအောင်မြင်တဲ့ ပြင်သစ်ပြည်သူတွေ အကျဉ်းထောင်ပို့ခံရတယ်။ မာရှယ်ပေတိန်းနဲ့ အခြားသူတွေ စစ်ရာဇဝတ်မှုနဲ့ အပြစ်ပေးခံရတယ်။ ဗမာပြည်ထဲက ဒီလို ပြည်သူတွေလည်း စစ်ရာဇဝတ်မှုနဲ့ အပြစ်ပေးခံရမယ့် အမျိုးဖြစ်နေယ်။ ဒီပြည်သူတွေကို ဘယ်လိုမြင်နေတာတုန်းဆိုရင် ကြိုးနှစ်ခါပေးသင့်တယ်လို့ မြင်နေကြတာပဲ။

ပဲခူးရိုးမှာ အစိုးရက ဆန်စပါးပရော့ဂျက်အရ ဆန်စပါးဝယ်တာကို လူတွေက ဆန့်ကျင်ကြတယ်။ ဒီပရော့ဂျက်ကို ကျွန်တော်တို့ ကန့်ကွက်သင့်တယ်။ ကျွန်တော်တို့ နိုင်ငံမှာ ငတ်မွတ်ခေါင်းပါးအောင် လုပ်နေတာ ဖြစ်လို့ပဲ။ ပဲခူးရိုးမှာ ဒီလိုမလုပ်နိုင်အောင်အတွက်ပဲ။ မိုးရာသီလည်း နီးလာပြီ။ ကျွန်တော်တို့ စိုက်ပျိုးရေးလည်း စရတော့မယ်။ လယ်သမားတွေက လယ်ကွင်းထဲက ထွက်ကုန်ကြမယ်။ သူတို့မှာ သစ်တွေ၊ ဝါးတွေ လိုနေတုန်းပဲ။ အစိုးရကလည်း ဒါတွေကို မပေးနိုင်ဘူး။ ဒါတွေရအောင် ကျွန်တော်တို့ ကြိုးပမ်းပေးရဦးမယ်။

ဘာပဲဖြစ်ဖြစ် တစ်စုံတစ်ယောက်က ကျွန်တော်တို့ စိုက်ပျိုးချိန်ရောက်နေပြီလို့ ပြောနိုင်တယ်။ လူထုတော်လှန်ရေးက နောက်က ဖြစ်ပေါ်လာလိမ့်မယ်။ ကျွန်တော်တို့ဟာ အရင်းရှင်တွေ နယ်ချဲ့ဝါဒီတွေကို ဆန့်ကျင်တော်လှန်ရမှာပဲ။

အခုချိန်မှာ တောင်သူလယ်သမားတွေ လိုအပ်နေတဲ့ အဖွဲ့အစည်းတွေ၊ အလုပ်သမားသမဂ္ဂတွေ အားလုံးသော နိုင်ငံရေးအသင်းအပင်းတွေ ရောက်လာတော့မယ်။ ရန်ကုန်နဲ့ ခရိုင်အသီးသီးက အမျိုးသားအမျိုးသမီးတွေ ညီညွတ်စွာ ဒီလှုပ်ရှားမှုမှာ ပါဝင်ကြလိမ့်မယ်။ လူထုတော်လှန်ရေးမှာ အမျိုးသမီးများစွာ ပါဝင်နေကြတယ်။ ကျွန်တော်တို့အားလုံးရဲ့ အင်အားတွေ ပေါင်းစပ်ပြီးတော့ ပါဝင်ကြရမယ်။ ကျွန်တော်တို့ ဒီလိုလုပ်တဲ့အချိန်မှာ ကျွန်တော်တို့ကို အနှောင့်အယှက်ပေးတာ များစွာ ပေါ်လာလိမ့်မယ်။ နယ်ချဲ့ဝါဒီတွေနဲ့ သူတို့ကို ဖော်လံဖားလုပ်နေသူတွေဆီကပဲ။ သတင်းစာတွေက ဒီအဆက်အသွယ်တစ်စုံတစ်ရာကို ပြနေတယ်။ ဆာပေါ်ထွန်းပြောတဲ့ အတိုင်းဆိုရင် သူက ပြည်သူ့ရန်သူ နံပါတ် (၁)၊ ဆာ ထွန်းအောင်ကျော်က ရန်သူနံပါတ် (၂)၊ သခင်ထွန်းအုပ်က ရန်သူ နံပါတ် (၃) ပဲ၊ တစ်ဦးချင်းက ဒီလိုအမျိုးအစားပါလို့ ခွဲခြားပြောနေကြတယ်။ ကျွန်တော်တို့မှာ ဒီလိုစာရင်း မလုပ်ရသေးတဲ့ အကြောင်းကိစ္စအချက်အလက်တွေ ရှိပါသေးတယ်။

## *(လက်ခုပ်သံများ)*

ဖဆပလဟာ သုံးနှစ်ကြာ အကြီးအကျယ် ကြိုးပမ်းခဲ့တဲ့တိုင်အောင် အခုချိန်မှာ လွတ်လပ်ရေးမရသေးဘူး။ ဒါကို အတော်မကျေနပ်ဖြစ်ကြလို့ ဖဆပလ အပေါ် ယုံကြည်မှု အခု စတင်ဆုံးရှုံးနေပါပြီ။ အင်ဒိုနီးရှားနမူနာကို ကြည့်ပါ။ ဂျပန်ကို အသုံးခံပြီးတဲ့နောက် မဟာမိတ်ဆွေတွေ မရောက်ခင်ကြားကာလမှာ ကိုယ်ပိုင်အစိုးရလို အုပ်ချုပ်ခွင့် ရတာကို အင်ဒိုချိုင်းနားဟာ အလွန်ကျေနပ်ခဲ့တယ်။ ဒါ အင်ဒိုနီးရှားမှာက ကြီးမားတဲ့ အခွင့်အရေးတွေ ရခဲ့တာဖြစ်တယ်။ အဲဒီအချိန်တုန်းက ကျွန်တော်တို့ နိုင်ငံက ဂျပန်က လက်နက်ချသွားပေမယ့် မဟာမိတ်ဆွေက ဂျပန်တွေလိုပဲ နိုင်ငံထဲကို ရောက်နေကြပြီ။ ဖက်ဆစ်ဆန့်ကျင်ရေး ဗမာပြည်က လှုပ်ရှားမှုဟာ အလွန်ပြင်းထန်တယ်ဆိုတာ ကမ္ဘာတစ်ခုလုံးက နားလည်လက်ခံကြတယ်။ လက်ရှိအခြေအနေက အင်ဒိုချိုင်းနားတို့ထက် ကျွန်တော်တို့အခြေအနေက သာလွန်ကောင်းမွန်တယ်ဆိုတာ ညွှန်ပြနေပါတယ်။

**သို့သော်** စစ်အတွင်း ဗမာပြည်ဟာ အရှေ့ဖျားနိုင်ငံတွေထက် ပိုပြီး **အသက်ပေးခဲ့ရတယ်။** အင်ဒိုနီးရှားတို့ အင်ဒိုချိုင်းနားတို့ဟာ ဗမာပြည်လောက်





မကြာလိုက်ဘူး။ နောက်ပိုင်းမှာ ကျွန်တော်တို့ လုပ်ရမယ့်တာဝန်က ကြာချင်လည်းကြာမယ်။ ဖက်ဆစ်ဝါဒကို ကျွန်တော်တို့ တိုက်ထုတ်ခဲ့ပြီးပြီ။ အင်္ဂလိပ်က နောက်ပိုင်း ပြန်ရောက်လာပြီးတဲ့နောက် ဒီမိုကရက်တစ်နည်းလမ်းနဲ့ လွတ်လပ်ရေးပေးဖို့ လုပ်နေတယ်။ ဖက်ဆစ်ဝါဒကို တိုက်ခဲ့သလို ဒီမိုကရေစီကို အသုံးချမယ်ဆိုရင်လည်း ဒီလိုလုပ်ရမှာပဲ။ နိုင်ငံချုပ် ပြောချင်တာထက် အင်္ဂလိပ်တွေ ဒီမိုကရေစီနည်းလမ်းနဲ့ လုပ်မယ်ဆိုရင် ကျွန်တော်တို့လည်း အဲဒီအတိုင်းလိုက်မယ်။ ဖက်ဆစ်ပုံစံလုပ်မယ်ဆိုရင်လည်း အဲဒီအတိုင်း လိုက်တုံ့ပြန်ရမှာပါပဲ။

မင်းအောင်မင်း(မြန်မာပြန်ဆိုသည်)
Rej; Klause Fleischmann, ed
Documents on Communison in Burma 1945 - 1977မှ

☆☆☆



## သခင်သန်းထွန်း၏ ပြောပြချက်
### ကွန်မြူနစ်အမှုဆောင်များနှင့် သတင်းစာဆရာများ တွေ့ဆုံခြင်း။
### ၁၉၄၆ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက် (စနေနေ့)

ဖဆပလမှ ကွန်မြူနစ်ပါတီကို ထုတ်ပယ်လိုက်ပြီးနောက် ပြုလုပ်သော ဤသတင်းစာရှင်းလင်းပွဲနှင့် သခင်သန်းထွန်း၏ ဖြေကြားချက်ကို ၁၉၄၆ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့၊ မြန်မာ့ အလင်းသတင်းစာတွင် ပါရှိချက်ကို ပြန်လည်ဖော်ပြပါသည်။ *(စီစဉ်သူ)*





အောက်တိုဘာလ ၁၂ ရက်နေ့ နံနက် ၈ နာရီအချိန်တွင် ရန်ကုန်မြို့ ကြည့်မြင်တိုင် ဖါးကရာလမ်း ကွန်မြူနစ်ပါတီဌာနချုပ်၌ သတင်းစာဆရာများနှင့် ကွန်မြူနစ်ပါတီ အမှုဆောင်များ အစည်းအဝေးတရပ် ကျင်းပရာ ကွန်မြူနစ်ပါတီမှ သခင်သန်းထွန်း၊ သခင်သန်းမြိုင်၊ မောင်မောင်စိန်တို့ တက်ရောက်ကြလျက် နာယကသခင်သန်းထွန်းက ပဥ္စမဦးစွာ ကျေညာချက် မထုတ်ပြန်မီ မိမိပြောဆိုလိုခြင်းမှာ

(၁) ဖ–ဆ–ပ–လ က ကွန်မြူနစ်ကို ယခုကဲ့သို့ ထုတ်ပစ်ခြင်းမှာ မတရားကြောင်း။

(၂) သပိတ်သမားများ ပျက်စီးရာပျက်စီးကြောင်းအခြေအနေသို့ ရောက်ရှိနေကြောင်း။

(၃) အင်္ဂလိပ်တို့အကြိုက်ဆုံး လုပ်ငန်းတခုဖြစ်ကြောင်း။

(၄) ကွန်မြူနစ်ပါတီကို ထုတ်ပစ်ခြင်းအားဖြင့် ဖ–ဆ–ပ–လ အဖွဲ့ချုပ် ညီညွတ်ရေးတပ်ပေါင်းစုမဖြစ်ဘဲ ပါတီတခုသာဖြစ်နေကြောင်း။

(၅) ကွန်မြူနစ်ပါတီသည် ညီညွတ်ရေးတပ်ပေါင်းစုဖြစ်အောင် ဆောင်ရွက်၍ တိုက်ပွဲများ ဆင်နွှဲမည်ဖြစ်ကြောင်းများကို ပြောပြပြီးနောက် ဝန်ကြီးဦးသိန်းဖေအကြောင်းနှင့်ပတ်သက်၍ မေးမြန်းကြရာတွင် ဦးသိန်းဖေမှာ –

(၁) ဖ–ဆ–ပ–လ အဖွဲ့ချုပ်က ဘုရင်ခံကို ပြောခြင်းအားဖြင့် အမှုဆောင်ဝန်ကြီးအဖြစ်မှ ထုတ်ပစ်ခြင်းခံရ၍ရင်း။

(၂) ဘုရင်ခံက ကွန်မြူနစ်ပါတီကို ထုတ်ပစ်ခြင်းဖြင့် ထွက်ရ၍ရင်း။

(၃) အလုပ်သမားများကိစ္စတွင် အတိုက်အခံပြုခြင်းအားဖြင့် မိမိကိုယ်ကို မိမိဝန်ကြီးအဖြစ်မှ နုတ်ထွက်ရခြင်းဖြင့်ရင်း။ အချက် ၃ ချက်ရှိကြောင်းနှင့်

ပြန်လည်ဖြေကြားကြောင်း။

သခင်သန်းထွန်းက သခင်စိုးပါတီနှင့် ပူးပေါင်း၍၎င်း။ သို့မဟုတ် တပါတီစီ ခွဲခြား၍၎င်း။ အလုပ်တူလုပ်ကိုင်ရန် အကြောင်းရှိကြောင်း။ အောက်တိုဘာလ ၂၀, ၂၁, ၂၂ ရက်နေ့များတွင် ပါတီဗဟိုအမှုဆောင်များ အစည်းအဝေးကျင်းပ၍ ၂၆ ရက်နေ့တွင် လယ်သမားအင်အားပြပွဲ၊ နိုဝင်ဘာလ ၁ ရက်၊ ၂ ရက်နေ့တွင် ဦးစီးအဖွဲ့အစည်းအဝေး၊ ၇ ရက်နေ့တွင် တတိုင်းပြည်လုံး ကမ္ဘာတော်လှန်ရေးနေ့ အထိမ်းအမှတ်ကျင်းပပွဲများ ပြုလုပ်မည်ဖြစ်ကြောင်း။ ၎င်းပြင် ဗမာပြည်လုံးဆိုင်ရာ အလုပ်သမားသမဂ္ဂ ဥက္ကဋ္ဌ သခင်ဗဟိန်းမှာ အထူးမကျန်မာနေသဖြင့် တလလျှင် ၅၀ဝိ ခန့် ကုန်ကျရာ သခင်ဗဟိန်းရံပုံငွေ ဖွင့်လှစ်မည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောပြကြောင်း။ ထိုနောက် ပါတီ၏ ကျေညာစာတမ်းကို ဝေငှကြောင်း။ *(ကွန်မြူနစ်ပါတီကျေညာစာတမ်းကို ဆက်လက်၍ ထည့်သွင်းဖော်ပြမည်ဖြစ်ကြောင်း။)*

၁၉၄၆ ခုနှစ်၊ အောက်တိုဘာ ၁၄ ရက် မြန်မာ့အလင်းသတင်းစာမှ

မူရင်းစာလုံးပေါင်းသတ်ပုံအတိုင်းဖော်ပြပါသည်။

☆☆☆







# သခင်ဗဟိန်း ချီးကျူးပွဲကြီး

## ၁၉၄၆ ခုနှစ်၊ နိုဝင်ဘာ ၂၇ ရက် (ဗုဒ္ဓဟူးနေ့)

ဗမာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသဂ္ဂ ဥက္ကဋ္ဌ သခင်ဗဟိန်း ကွယ်လွန်သွားပြီးနောက် နိုဝင်ဘာ ၂၇ ရက်နေ့တွင် နေသူရိန်ရုံကြီး၌ သခင်ဗဟိန်းချီကျူးပွဲ ကျင်းပရာတွင် သခင်သန်းထွန်း ၏ ပြောကြားချက်ကို နိုဝင်ဘာလ ၂၉ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြချက်ကို ပြန်လည်ဖော်ပြပါသည်။

*(စီစဉ်သူ)*

## အဖွဲ့အသီးသီးမှ တက်ရောက်ချီးကျူးကြသဖြင့် နေသူရိန်ရုံကြီးတွင် ပရိသတ် များ ပြည့်လျှံသွားခြင်း

**ပန်းခွေများ ပေးပို့ကြပုံ**

သခင်ဘဟိန်း ကွယ်လွန်အနိစ္စရောက်ပြီးနောက် ရက်သတ္တပတ်မြောက်သော နိုဝင်ဘာလ ၂၇ ရက်နေ့ နံနက် ၈ နာရီအချိန်တွင် ရန်ကုန်မြို့နေသူရိန်ရုံကြီး၌ သခင်ဘဟိန်း ချီးကျူးပွဲကို ကျင်းပရာ အဖွဲ့အသီးသီးနှင့် မြို့သူမြို့သားများသည် ရုံကြီးပြည့်လျှံသွားအောင် တက်ရောက်ကြကြောင်း။ ရှေးဦးစွာ တပ်နီမှ စစ်ခရာမှုတ်၍ အခမ်းအနားဖွင့်လှစ်၍ အဖွဲ့အသီးသီးမှ ပန်းခွေများကို အနီအောက်ခံ ကြယ်တူတံစဉ်အဝါဖြင့် ကွန်မြူနစ်အလံကြီးရှေ့တွင် အလုပ်သမားခေါင်းဆောင် ရဲဘော်ဘဟိန်းဟူသော စာဖြင့် သခင်ဘဟိန်း၏ ဓာတ်ပုံပတ်ဝန်းကျင်၌ အသီးသီးဆင်ယင်၍ ထားကြောင်း။ ပန်းခွေများ လာရောက်ပေးပို့ကြသော အဖွဲ့အသီးသီးမှာ ရန်ကုန်ခရိုင် တပ်နီအမှတ် ၄ ဘီအိုဒီ အလုပ်သမားသမဂ္ဂ၊ ဖူးကားသစ်စက်အလုပ်သမားသမဂ္ဂ၊ ဗမာမွတ်ဆလင်ကွန်ဂရက်၊ အလုပ်သမားအစည်းအရုံးအဖွဲ့ချုပ်၊ စီးပွားကုန်သွယ်ရေးအဖွဲ့ချုပ်၊ သင်္ဘောကျွန်း မော်တော်ယာဉ်အလုပ်သမားသမဂ္ဂ၊ မြန်မာပြည် ကြေးနန်းဆက်သွယ်ရေး အလုပ်သမား အဖွဲ့၊ ဖ-ဆ-ပ-လ အဖွဲ့ချုပ်၊ ဗမာနိုင်ငံအမျိုးသမီးကွန်ဂရက်၊ ပြည်သူ့အာဏာဂျာနယ်၊ ဗဟိုတောင်သူလယ်သမားသမဂ္ဂ၊ ကမာ္ဘငြိမ်းချမ်းရေးအသင်း၊ ဗမာနိုင်ငံကျောင်းဆရာများအဖွဲ့ချုပ်၊ ဗမာပြည် လွတ်လပ်ရေးအမျိုးသမီးအဖွဲ့ချုပ်၊ ဗမာနိုင်ငံလူငယ်များ အစည်းအရုံးတို့ဖြစ်ကြောင်း။





**သခင်ဗဟိန်း၏ ဝိညာဉ်**

သခင်ဘဟိန်းသည် ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်တစ်ဦးဖြစ်သော်လည်း ၎င်း၏ အပြစ်ကင်းပြီး တည်ကြည်ဖြောင့်မတ်သော စေတနာအတွက် မြန်မာပြည်၏ ခေါင်းဆောင်တစ်ဦးအနေနှင့် အဖွဲ့အသီးသီးမှ စုရုံးလာရောက်ကာ ချီးကျူးစကားပြောကြားကြကြောင်း။ မိမိတို့သည် သခင်ဘဟိန်းအား ချီးကျူးသောအနေနှင့် သခင်ဘဟိန်း၏ ချခဲ့သော လုပ်ငန်းစဉ်အတိုင်း ဆက်လက်၍ ဆောင်ရွက်သွားရန် အသီးသီး သခင်ဘဟိန်း၏ ဝိညာဉ်အား ကတိပေးစကားများ ပြောကြားသဖြင့် ရည်ရွယ်ချက်ချင်းတူသော်လည်း လုပ်ငန်းစဉ်ဝါဒအားဖြင့် ကွဲ၍နေကြသော ပါတီအဖွဲ့အသီးသီးတို့သည် သခင်ဘဟိန်း ချ၍ပစ်ခဲ့သော လုပ်ငန်းစဉ်ရည်ရွယ်ချက်ကို သဘောတူလုပ်ကိုင်သွားခါ ညီညွတ်၍ လာကြမည်လော။ သခင်ဘဟိန်း၏ ချီးကျူးပွဲပင်လျှင် အဖွဲ့အသီးသီး၏ ညီညွတ်ရေးအောင်သွယ်ပင် ဖြစ်ကောင်းဖြစ်မည်လောဟု ချီးကျူးပွဲသို့ တက်ရောက်ကြသော ပရိသတ်အချို့၏ ဝေဖန်ပြောဆိုသံများကို ကြားခဲ့ရကြောင်း။

**သားကောင်းရတနာတစ်ဦး**

သခင်ဘဟိန်း ချီးကျူးပွဲတွင် သဘာပတိအဖြစ်ဖြင့် ဆောင်ရွက်သူ ပေါလစ်ဗျူရို သခင်ဗသိန်းတင်က အောက်ပါအတိုင်း သဘာပတိမိန့်ခွန်းကို မြွက်ကြားကြောင်း။

"သခင်ဗဟိန်း ကွယ်လွန်အနိစ္စရောက်ခြင်းသည် ကျောင်းသားအရေးတော်ပုံကို ဖန်တီးခဲ့သော ကျောင်းသားခေါင်းဆောင်တစ်ဦးအဖြစ်ဖြင့်လည်းကောင်း၊ ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်ကြီးတစ်ဦးအဖြစ်ဖြင့်လည်းကောင်း၊ အလုပ်သမားလူတန်းစားတို့၏ ဥက္ကဋ္ဌခေါင်းဆောင်တစ်ဦးအဖြစ်ဖြင့်လည်းကောင်း၊ ဗမာတစ်မျိုးသားလုံးအတွက် တော်လှန်ရေးခေါင်းဆောင်တစ်ဦး ဗမာ့သားကောင်းရတနာတစ်ဦးအဖြစ်ဖြင့်လည်းကောင်း ဆုံးရှုံးကြရ၍ ကြေကွဲဝမ်းနည်းကြောင်း။

သခင်ဘဟိန်းသည် ကျောင်းသားခေါင်းဆောင်ဘဝနှင့်လည်းကောင်း၊ ပါတီခေါင်းဆောင်ဘဝနှင့်လည်းကောင်း၊ အမျိုးသားခေါင်းဆောင်ဘဝနှင့်လည်းကောင်း သေဆုံးသွားသည်အထိ သစ္စာမဖောက် အပြစ်အနာအဆာမရှိ သန့်သန့်ရှင်းရှင်း ဆောင်ရွက်သွားခဲ့သူဖြစ်၍ ချီးကျူးဖွယ်ပင်ဖြစ်ကြောင်း။

## နိုင်ငံရေးအယူအဆ

ငယ်ရွယ်သူပင်ဖြစ်သော်လည်း နိုင်ငံရေးအယူအဆမှန်ကြောင်း၊ စွန့်စားစိတ်ရှိကြောင်း၊ မိတ်ဆွေအဖြစ်ဖြင့် ဆက်ဆံရာတွင် အားနာညှာတာသလောက် နိုင်ငံရေးအယူအဆတွင် အားမနာမညှာမတာဘဲ ဝေဖန်ပြောဆိုတတ်သူဖြစ်ကြောင်း။

ယခုလို လက်ရှိနိုင်ငံရေးအခြေအနေတွေဖြစ်နေတဲ့အချိန်တွင် သခင်ဘဟိန်းလို ပုဂ္ဂိုလ်မျိုး ပိုမိုလိုလားအပ်သောအခါတွင် ဆုံးရှုံးရသဖြင့် ပိုမို၍ နှမြောကြောင်းများကို မိန့်ကြားလျက် အောက်ပါအတိုင်း ရဲဘော်ဘဟိန်းအား တိုင်တန်းမှာကြားကြောင်း။

## ရဲဘော်၏ ခေါင်းဆောင်မှု

*"ရဲဘော်ဘဟိန်း ငါတို့သည် ပါတီ၏တည်မြဲရေးကို အပြင်းအထန်တိုက်၍နေရပြီ။ ရဲဘော်မရှိ၍ များစွာ ဝမ်းနည်းသည်။ သို့ရာတွင် ရဲဘော်ယုံကြည်ခဲ့သော ငါတို့ပါတီ တည်တံ့ရေးအတွက် အသက်နှင့်လဲ၍ ဆောင်ရွက်သွားမည်။*

*ရဲဘော်ဘဟိန်း ရဲဘော်၏ အလုပ်သမားလူတန်းစားများကို ရန်သူများဝိုင်း၍နေချိန်တွင် ရဲဘော်၏ ခေါင်းဆောင်မှု ဆုံးရှုံး၍ သူတို့ ယူကျုံးမရဖြစ်ရပြီ။ သို့ရာတွင် ငါတို့သည် အလုပ်သမားအရေးကို ပြင်းပြင်းထန်ထန် ဆက်လက်၍ တိုက်သွားပါအံ့။"*

## အသက်ရှင်လျက်ရှိပါမှု

*"ရဲဘော်ဘဟိန်း – ရဲဘော်သာ အသက်ရှင်လျက်ရှိပါမူ နယ်ချဲ့သမားအား* ***အရှုံးမပေး။*** *ငါတို့နှင့်အတူ ဆက်လက်၍ ပြတ်ပြတ်သတ်သတ် တိုက်သွားမည်ဟု* ***ယုံကြည်သည်။*** *ငါတို့ကား ဆက်လက်၍ တိုက်သွားမည်။ ယခုဖြစ်ပေါ်နေသော* ***ညီအစ်ကိုအချင်းချင်း*** *တိုက်ပွဲများကို အဆုံးသတ်ရန် ငါတို့ဆောင်ရွက်သွားပါမည်"*။

ဆက်လက်၍ သခင်ဗဟိန်းတင်က သခင်ဘဟိန်းသည် အစားအသောက်ကောင်း၊ ဆေးဝါးကောင်း မရဘဲနှင့် စိတ်လက်မချမ်းသာမှုများကြောင့် ပိုမို၍ လျင်မြန်စွာ သေဆုံးသွားရကြောင်း။ ရဲဘော်ဘဟိန်းအား အဖွဲ့အသီးသီးက **ဝစီကံအားဖြင့် ချီးကျူး**ကြခြင်းထက် ရဲဘော်ဗဟိန်း ယုံကြည်သော ဆင်းရဲသား





နှင်းပြားတို့၏ တိုက်ပွဲကို ကာယကံမြောက်အောင်မြင်ရန် ကူညီဆောင်ရွက်ခြင်းက ချီးကျူးရာသို့ ပိုမို၍ ရောက်မည်ဖြစ်ကြောင်းဖြင့် နိဂုံးချုပ်လိုက်ကြောင်း။

## ပြောက်ကျားခေါင်းဆောင်

ထို့နောက် ဖ–ဆ–ပ–လ အဖွဲ့ချုပ်မှ သခင်နုက သဘာပတိပြောသွားသည့်အတိုင်း သခင်ဘဟိန်းအား သူ၏လုပ်ငန်းများကို ကာယကံမြောက်ဆက်လက်၍ ဆောင်ရွက်ခြင်းဖြင့် ချီးကျူးရန် သဘောတူကြောင်း၊ သခင်ဘဟိန်းသည် ရဲရင့်၍ သတ္တိရှိပြီး တော်လှန်ရေးတွင် တောင်ငူပြောက်ကျားခေါင်းဆောင်အဖြစ်ဖြင့် နေပူမိုးရွာမရှောင် အစားမဲ့၊ အအိပ်မဲ့ ဒုက္ခခံ၍ ဆောင်ရွက်ခဲ့သောဒဏ်ဖြင့် အသက်ဆုံးရှုံးရကြောင်း နိုင်ငံရေးခေါင်းဆောင်ဖြစ်သည့်အလျောက် စိတ်ချမ်းသာခြင်းမရှိ။ အနေအစား၊ ဆေးဝါးမှ စ၍ ချို့ချို့တဲ့တဲ့ နေခဲ့ရသောကြောင့် သေဆုံးရကြောင်း။

## တွန်းလှန်ဖြိုဖျက်ရန်

သဘာပတိပြောသွားသကဲ့သို့ ယခုအခါ ဖြစ်ပေါ်နေသော ညီအစ်ကိုအချင်းချင်း ရိုက်ပွဲ၊ နှောင့်ယှက်ပွဲတွေကို တွန်းလှန်ဖြိုဖျက်ရန် မိမိလည်း အသက်စွန့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ချီးကျူးပြောကြားကြောင်း။

## အသီးသီး ချီးကျူးကြပုံ

ထို့နောက် မြန်မာနိုင်ငံ တို့ဗမာအစည်းအရုံးကိုယ်စား သခင်ဗစိန်၊ မျိုးချစ်အဖွဲ့ကိုယ်စား ဦးလှမြတ်စိုး၊ ဆိုရှယ်လစ်ပါတီကိုယ်စား ဦးကိုကိုကြီး၊ အလုပ်သမားအစည်းအရုံးအဖွဲ့ချုပ်နှင့် ဗမာနိုင်ငံပုံနှိပ်တိုက်အသင်းကိုယ်စား ဒီးဒုတ်ဦးဘချို၊ စီးပွားကုန်သွယ်ရေးအဖွဲ့ချုပ်ကိုယ်စား ဦးဝင်း၊ ကုန်သွယ်ရေးသမဂ္ဂကိုယ်စား ဦးစံရွှေ၊ မော်တော်ယာဉ်သမဂ္ဂကိုယ်စား ဦးခင်မောင်ချို၊ ဗဟိုအလုပ်သမားသမဂ္ဂကိုယ်စား မစ္စတာမူခါဂျီ၊ ကျောင်းသားသမဂ္ဂကိုယ်စား ကိုညီညီ၊ မွန်လူငယ်များကိုယ်စား ကိုကြွယ်ဝ၊ ဗမာမွတ်စလင် အမျိုးသမီးကိုယ်စား ဆရာမဒေါ်စောရွှေ၊ တပ်နီဌာနချုပ်ကိုယ်စား ဗိုလ်သာဒွန်းအောင်၊ လူငယ်များအစည်းအရုံးကိုယ်စား ကိုမောင်မောင်စိုး၊ လွတ်လပ်ရေး အမျိုးသမီး အဖွဲ့ကိုယ်စား မခင်ဆင့်၊ ဗမာနိုင်ငံ

**အမျိုးသမီးကွန်ဂရက်ကိုယ်စား** မခင်ရီ၊ ဗမာကွန်မြူနစ်ပါတီကိုယ်စား သခင် **သန်းထွန်းတို့က** ချီးကျူးစကားအသီးသီး ပြောကြားကြကြောင်း။

**စဉ်းစားတွေဝေ၍သာ** နေခဲ့ခြင်း

ဗမာပြည်ကွန်မြူနစ်ပါတီမှ သခင်သန်းထွန်းက *"သခင်ဘဟိန်းသည် လွန်ခဲ့သော တစ်နှစ်ခန့်ကစ၍ မကျန်းမမာဖြစ်သော်လည်း မမာလျက်ပင် နိုင်ငံရေး ကို* **ဆောင်ရွက်ခဲ့ပုံ၊** *နောက်ဆုံး မတတ်နိုင်၍ မန္တလေး၌ ဆေးဝါးကုသနေစဉ်* **နိုင်ငံရေးအခြေ***အနေများကို သိခါ စိတ်အနှောင့်အယှက်ဖြစ်မည်စိုး၍ နိုင်ငံရေးအခြေ* **အနေများကို** *သခင်ဘဟိန်းအား မပြောဘဲ သတင်းစာဖတ်ခွင့်မပေးဘဲ* **နေခဲ့သော် လည်း** *နောက်ဆုံးနိုင်ငံရေးအခြေအနေ အနည်းငယ်ကို မှန့်ထုပ်လာသော* **စက္ကူမှ သိရှိသည့်မှစ၍** *စဉ်းစားတွေဝေ၍သာ နေခဲ့ကြောင်း။ သေဆုံးသည့်အထိ* **နိုင်ငံရေးကို** *ကိုယ်ထိလက်ရောက် မဆောင်ရွက်နိုင်သော်လည်း ၎င်း၏ ဦးခေါင်း၌* **အမြဲစဉ်းစား လျက်ရှိကြောင်း။** *သခင်ဘဟိန်း၏ ကြေကွဲဖွယ်ရာ အဖြစ်အပျက်များကို ပြောပြ* **သွားကြောင်း"**။

နောက်ဆုံး သခင်ချစ်က ရဲဘော်ဘဟိန်းအား ချီးကျူး၍ ရဲဘော်ဘဟိန်း၏ အလိုဆန္ဒအတိုင်း လုပ်ငန်းစဉ်များကို ဆက်လက်၍ ဆောင်ရွက်သွားရန် **အဓိဋ္ဌာန် စာတမ်း** ကို ဖတ်ကြားပြီးလျှင် အခမ်းအနားကို ရုတ်သိမ်းလိုက်ကြောင်း။

**၁၉၄၆ ခုနှစ်၊ ၂၉ နိုဝင်ဘာလ မြန်မာ့အလင်း**

မူရင်းစာလုံးပေါင်းသတ်ပုံအတိုင်းဖော်ပြပါသည်။

☆☆☆







# သခင်သန်းထွန်းအင်တာဗျူး

## သခင်သန်းထွန်းကို ဗာဂျီးနီးယားသွန်မဆင်က တွေ့ဆုံခြင်း

အချိန် ၁၉၄၇ ခုနှစ်၊ ဧပြီလ ၊ ၁၈ ရက် (သောကြာနေ့)

ဤ အင်တာဗျူးကို VERBUND STIFTUNG DEUTSCHES UBERSEE-INSTITUT Ham burg 1989 မှ ထုတ်ဝေသော DOCUMENTS ON COMMUNISM IN BURMA 1945-1977, Klaus Fleischmann(ed) စာအုပ်တွင် ပါရှိပြီး အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုဖော်ပြအပ်ပါသည်။

*(စီစဉ်သူ)*

*(ဗာဂျီးနီးယားသွန်မဆင် ဖော်ပြရခြင်းမပြုသေးသော မှတ်စုများ ဖြစ်ပါသည်။ ထိုအချိန်က အထွေထွေအတွင်းရေးမှူးဖြစ်သော သခင်သန်းထွန်းသည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ အငြင်းပွားဖွယ်မရှိသော ခေါင်းဆောင်ဖြစ်သည်)*

ကျွန်တော်တို့နှင့် ရွှင်မြူးတက်ကြွစွာ စကားပြောဆိုနေသော သခင်သန်းထွန်းသည် ရိုးသားဖြောင့်မတ်ခြင်း၊ ပွင့်လင်းခြင်း စေ့စပ်ညှိနှိုင်းရန် မလိုလားခြင်းတို့ကြောင့် နာမည်ဂုဏ်သတင်းကြီးသည် ကျွန်တော်တို့မှာ ပင်ကိုအားဖြင့် သူ၏ စည်းရုံးရေးစွမ်းရည်ကို အကဲမဖြတ်နိုင်ပေ။ အားလုံးက ချီးကျူးရသည့် အချက်ဖြစ်သည်။ သို့သော် သူသည် အလွန်အမင်း စဉ်းစားဉာဏ်ကောင်းသူ မဟုတ်။ သို့မဟုတ် အခြားသူများနှင့် သံတမန်ရေးအရ ဆက်ဆံနိုင်မည့်သူမဟုတ် ဟူသော အတွေးတို့တော့ ရှိနေပါသည်။

**ပါတီ၏သမိုင်း**

၁၉၃၉ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ ပါတီ၏ ခေါင်းဆောင်များမှာ သခင်ဂိုဏ်းထဲမှ အုပ်စုတစ်စုမှ ပါဝင်လာခြင်းဖြစ်သည်။ စစ်ကြီးမတိုင်မီ တစ်လျှောက်လုံး မြေအောက်လုပ်ငန်းများ ကောင်းစွာ လုပ်ကိုင်ခဲ့ကြသည်။ ၁၉၄၄ တွင် ဂျပန်ကို တော်လှန်ရန် အခြားအင်အားစုများနှင့်ပါ ပူးပေါင်းပြီး ဖဆပလကို ဖွဲ့စည်းသည်။ ဖဆပလကို တည်ထောင်ပြီးနောက် ၁၉၄၅ အစောပိုင်းက ပုံသဏ္ဌာန် အမျိုးမျိုးဖြင့် ဂျပန်ကို တော်လှန် ပုန်ကန်ခဲ့ကြသည်။ အထင်ရှားဆုံးက မတ်လ





၂၇ ရက် ဖြစ်သည်။ ဗြိတိသျှတို့သည် မြန်မာပြည်ကို ပြန်ဝင်လာပြီးနောက် အခြားသူတို့ကို ဘေးဒုက္ခများ ဖြစ်လာစေခဲ့သည်။ အကြမ်းပတမ်းနည်းဖြင့် အုပ်ချုပ်ပြီး နိုင်ငံတစ်ဝန်းမှ တော်လှန်ရေးခေါင်းဆောင်များကို ဖမ်းဆီးခဲ့သည်။ ပါတီသည် အဖွဲ့ချုပ်အတွင်း၌ ၁၉၄၆ စက်တင်ဘာလတိုင်အောင် ရှိခဲ့သည်။

**ဖဆပလအပေါ် သဘောထား**

ဖဆပလနှင့် ကွဲဖို့မှာ ရှောင်လွှဲ၍ မရနိုင်ဟု စဉ်းစားခဲ့ကြောင်း သခင်သန်းထွန်းက ဖြေခဲ့သည်။ သို့သော် သခင်စိုးနှင့် နောက်ဆုံးဂိုဏ်းကွဲရမည်ဟု စဉ်းစားခဲ့ကြောင်းတော့ မပြောပေ။ ညီညွတ်သော တပ်ဦးတစ်ခုကို ဖွဲ့စည်းနိုင်ရန် ပြန်ပြီး သူ တဖြည်းဖြည်း လုပ်ကိုင်နေသည်။ အောက်ခြေအဆင့်ရှိသူများနှင့်ပါ နေ့စဉ် ပူးပေါင်းဆောင်ရွက်သလို အထက်အဆင့်များနှင့်လည်း အလားတူ တူညီစွာ အဆုံးသတ်နိုင်ရန် သူကြိုးစားခဲ့သည်။ ပြီးခဲ့သော ရွေးကောက်ပွဲ၌ ကွန်မြူနစ်ပါတီ ၂၅ နေရာ စမ်းသပ်၍ ဝင်ပြိုင်ခဲ့သည်။ ကွန်မြူနစ်တို့ အင်အားကောင်းသော ဒေသများတွင်ဖြစ်သည်။ အခြားနေရာများတွင် စမ်းသပ်ခြင်းမပြု။ သို့မဟုတ် ပဋိပက္ခကြောင့် ရွေးကောက်ပွဲ ပျက်စီးနိုင်ခြင်းမျိုးကြောင့်ဖြစ်သည်။ ညီညွတ်ရေးက အရေးကြီးဆုံးအဖြစ် ထိန်းကျောင်းထားသောကြောင့်လည်း ဖြစ်သည်။ ပါတီက တိုင်းပြည်ပြုညီလာခံတွင် ပါဝင်လိုသည်ဟု ပွင့်လင်းစွာ သဘောတူဆုံးဖြတ်ခြင်း မလုပ်သေးသည့်အတွက် ဖြစ်သည်။ ညီညွတ်ရေးနှင့် ဆန့်ကျင်ဘက်အလုပ်တို့ ဖြစ်ပေါ်လာရန် လိုလားခြင်းဖြစ်သည်။ သခင်သန်းထွန်းသည် ရွေးကောက်ပွဲရလဒ်အပေါ် စိတ်ဓာတ်ကျခြင်း မရှိပေ။

သမိုင်းလမ်းကြောင်းအရ ယာယီနောက်ပြန်ကျခြင်းဖြစ်သည်ဟုပင် ပြောသည်။ ဖဆပလအဖွဲ့ချုပ်၏ ပေါ်လစီအတိုင်း ဦးဘဖေကဲ့သို့သူများပင် ထိုအချိန်က အနိုင်ရခဲ့သည်။ သို့သော် သခင်သန်းထွန်းသည် ဖဆပလ၏ သာမန်အဖွဲ့ဝင်အဖြစ် ယုံကြည်မှုရှိခဲ့သည်။ ပါတီအနေဖြင့်မူ ဗြိတိသျှနယ်ချဲ့ဝါဒနှင့် ဆန့်ကျင်ဘက်မညှိနှိုင်းဘဲ ဆက်လက် တော်လှန်မှုကို လုပ်လိုခဲ့၏။

**ဗြိတိသျှတို့ကို**

သခင်သန်းထွန်းသည် ဗြိတိသျှတို့၏ မြန်မာနိုင်ငံမှ ဆုတ်ခွာမှုအပေါ်

ယုံကြည်မှု မရှိပေ။ ဒိုမီနီယံအဆင့်ကို အမည်သစ်တစ်ခုဖြင့် ကျွန်သက်ရှည်ကြာ အောင်လုပ်မည်ဟု ယုံကြည်သည်။ နိုင်ငံကို ခွဲခြားဖို့ ကြိုးစားမည်။ တောင်တန်း ဒေသကို ဆက်လက် ထိန်းသိမ်းနိုင်အောင် အဖက်ဖက်က လုပ်ဆောင်မည်။ သူတို့၏ သံယာဇာတ၊ ကျွန်းသစ် စသည်တို့အပြင် စစ်အခြေစိုက်စခန်းတို့လည်း ကျူးကျော်ဖို့ ရည်ရွယ်ထား၍ ထိုဒေသတို့ လွတ်လပ်ရေးဆုံးရှုံးနေမည်ဟု ယုံကြည် သည်။ ဗြိတိသျှတို့သည် ဖဆပလနှင့် ကွန်မြူနစ်တို့အကြား ခွာပြဲစေသော အကြောင်းရင်းတစ်ခု ဖြစ်သည်။ ဖဆပလ၏ အဖွဲ့ခွဲတစ်ခုအပေါ် အနိုင်ရနိုင်ရန် ဖဆပလအတွင်းမှ ကွန်မြူနစ်ပါတီကို ထုတ်ပယ်ခဲ့ရသည်။ ပြည်သူလူထုအကြား လူသိများသော ဖော်ပြချက်မှာ ဗြိတိသျှတို့ကို ယုံကြည်မှု မရှိခြင်းဖြစ်သည်။ စီးပွားရေးအရ စဉ်းစားစရာတို့ စေ့ဆော်မှု ပြင်းထန်ရခြင်းသည် ဗြိတိသျှဆန့်ကျင် ရေး တော်လှန်ရေးတစ်ရပ်အတွက် အရေးပါခဲ့သည်။ ဗြိတိသျှတို့က ကွန်မြူနစ် လှုပ်ရှားမှုကို တစ်ကမ္ဘာလုံးသို့ ဖဆပလဆန့်ကျင်ရေးတော်လှန်ရေးတစ်ရပ်ဟု ထင်အောင် ကြိုးစားခဲ့သည်။ ထိုသို့မဟုတ်ပါ။

## တောင်သူလယ်သမားအရေး

ပါတီ စတင်ဖြစ်လာစဉ် ၁၉၃၉ ကတည်းက တောင်သူလယ်သမားအဖွဲ့ အစည်းကို စတင်တည်ထောင်သည်။ ဆက်လက်လုပ်ကိုင်သွားသည်။ ဗမာနိုင်ငံ လုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံးကို အဖွဲ့အစည်းတစ်ခုအဖြစ်ရှိစေပြီး လွန်ခဲ့သောလက နောက်ဆုံးအစည်းအဝေးတစ်ရပ်ကို ကျင်းပခဲ့သည်။ ဗြိတိသျှတို့က ဖြိုခွဲရန် ကြိုးစားခဲ့သော်လည်း အလားတူရေီယာ၌ ကျင်းပသော အစည်းအဝေးသို့ တောင်သူလယ်သမား ၂ သိန်းခန့် တက်ရောက်ခဲ့သည့် အဖွဲ့အစည်း၏ အဖွဲ့ဝင်အင် အားမှာ ၃ သိန်းခန့်ရှိသည်။

## စီးပွားရေး တိုးတက်မှု

မြေခွန်နှင့် ဝယ်ယူမှုဥပဒေတို့သည် အသုံးမဝင်ဘဲ အဆိုးဆုံးသို့ ရောက်နေ သည်။ ယခင်ကတည်းက မြေရှင်တို့၏ အကျိုးစီးပွားကိုသာ ကြည့်ခဲ့သည့်အရာဖြစ် သည်။ ကွန်မြူနစ်တို့၏ အစီအစဉ်မှာ တောင်သူလယ်သမားမဟုတ်သော ပိုင်ရှင်များ အိန္ဒိယ၊ ဗမာတို့လို လူများ၏ ဧက ၁၀၀ ကျော်သော မြေအားလုံးကို မည်သည့်





လျော်ကြေးမှုမပေးဘဲ သိမ်းယူရန်ဖြစ်သည်။

## စက်မှုလုပ်ငန်း တိုးတက်မှု

မြေပေါ်ရှိ ဗြိတိသျှစီးပွားရေးလုပ်ငန်းအားလုံးကို လျော်ကြေးမပေးဘဲ သိမ်းယူမည်။ ဗမာပြည်မှ သူတို့၏ ငွေကြေးများကို ပြန်လည်မထုတ်ယူနိုင်အောင် ဖြစ်သည်။ အတိတ်က သူတို့သည် ငှားရမ်းခများ ပေးခဲ့ပြီး ဖြစ်သည်။ သို့သော် အမည်ခံငွေကြေး အနည်းငယ်မျှသာဖြစ်ပြီး ငှားရမ်းပြီးငွေကြေး ပြန်လည်ရရှိအောင် အတင်းအကျပ်ပြုလုပ်ခဲ့ကြသူများဖြစ်သည်။ အလားတူ အခြားနိုင်ငံခြားသားပိုင်ရှင် များ စီစဉ်ဆောင်ရွက်နေသည်များကိုလည်း လျော်ကြေးပေး၍ ပြည်သူပိုင်ပြုလုပ် ရမည်။ မြန်မာပိုင်ရှင်များနှင့်ပတ်သက်၍မူ လွတ်လပ်ရေးတိုက်ပွဲတွင် သူတို့၏ ပါဝင်မှုကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ ယင်းသို့ ပြုလျှင်ပြု သို့မဟုတ်ပါက ကော်မရှင်တစ်ရပ်ကို ခန့်အပ်ပြီး ယင်းတို့၏ မျိုးချစ်စိတ်၊ ဖွဲ့တို့ကို တကယ်တမ်း ရှိမရှိ ထုတ်ဖော်စေရမည်ဖြစ်သည်။ စက်မှုလုပ်ငန်းထူထောင်ရေးအတွက် နိုင်ငံခြား ချေးငွေ ယူဖို့ ရှိမရှိဆိုလျှင် နိုင်ငံခြားချေးငွေအကူအညီမလိုဘဲ တည်ထောင်နိုင်သော စီးပွားရေးအမျိုးအစားသစ်တစ်ခုပြုလုပ်နေကြသည်။ မြန်မာနိုင်ငံအနေဖြင့် ပထမ အဆင့်ကို ထိုနည်းအတိုင်း လုပ်နိုင်သည်။ ပါတီ၏ စီးပွားရေးတိုးတက်မှု အသွင် အပြင်အားလုံးအတွက် အသေးစိတ်ကို မည်သို့လုပ်မည်ဖြစ်ကြောင်း မဖြေကြားခဲ့ပါ။ အရေးကြီးဆုံးအချက်က လက်ရှိမည်သည့်မူဝါဒဖြင့် ထူထောင်မည်ဆိုခြင်းဟု ပြောကြားခဲ့သည်။

## အိန္ဒိယမှ လူဝင်မှုကိစ္စ

အချိုးကျစနစ် တည်ထောင်ရမည်ဖြစ်ကြောင်း သို့သော် အရေအတွက် မည်မျှကို ဝင်ခွင့်ပြုမည်ဖြစ်ကြောင်း မပါရှိပေ။

## အလုပ်သမား သမဂ္ဂများ

ကံမကောင်းသည်မှာ ထိုသမဂ္ဂများသည် ယခုအချိန်၌ ကွဲပြားနေကြသည်။ သို့သော် ပါတီ၏ ရည်ရွယ်ချက်မှာ တစ်ခုတည်းသော သမဂ္ဂတစ်ခု တည်ထောင်ရန် ဖြစ်သည်။ ထိုနမူနာပုံစံတို့သည် ဥရောပရှိ ဒီမိုကရက်တစ်နိုင်ငံသစ်များဖြစ်သော ယူဂိုဆလားဗီးယား၊ ချက်ကိုစလားဗီးယားနှင့် ဂူမေးနီးယားတို့၌ရှိသည်။

**အခြားကွန်မြူနစ်ပါတီများနှင့် ဆက်သွယ်ခြင်း**

မလေးရှားအလုပ်သမားသမဂ္ဂများနှင့် ဆက်သွယ်မှုများ ပြုလုပ်ပြီးဖြစ်သည်။ သို့သော် အခြားကွန်မြူနစ်ပါတီများနှင့် အဆက်အသွယ် မလုပ်ရသေး။ တခြားနေရာတွင် လုပ်နေသော နမူနာတစ်ခုကို ယူဆောင်မည်ဖြစ်ကြောင်း ထိုအကြောင်းသတင်းစာများနှင့် ပြည်သူများထံမှ အစီရင်ခံစာများတွင် ဖတ်ရကြောင်း ပြောကြားသည်။ တိုက်ရိုက်အဆက်အသွယ်များ မရှိသေးသော်လည်း ပါတီအနေဖြင့် ဖွန်လတွင် ကျင်းပမည့် ကမ္ဘာ့အလုပ်သမားသမဂ္ဂအဖွဲ့ချုပ်ကွန်ဂရက်သို့ ကိုယ်စားလှယ်အဖွဲ့ စေလွှတ်မည်ဖြစ်သည်။

**အမေရိကန်နိုင်ငံ**

အမေရိကန်သည် သူတို့ကို နှောင့်ယှက်မည့်အကြောင်း သခင်သန်းထွန်းက စတင်ပြောကြားသည်။ ဟင်နရီဝေါလေ့စ် မကြာမီ တရားစွဲဆိုခံရမည်ဟု မျှော်လင့်ကြောင်း နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကို ဆန့်ကျင်သူများ ထိန်းချုပ်ထားသည် ဆိုခြင်းမှာ မမှန်ကြောင်းနှင့် တက္ကဆက်တွင် မီးလောင်သည့်သတင်းကို ကြားသိကြောင်းနှင့် သူ့အမြင်ကို ပြောကြားခဲ့သည်။

မင်းအောင်မင်း(မြန်မာပြန်ဆိုသည်)
Rej; Klause Fleischmann, ed
Documents on Communison in Burma 1945 - 1977မှ

☆☆☆







သတင်းစာများက ဝိုင်းကယ်ကြပါ
သခင်သန်းထွန်း၊ သခင်သန်းဖေနှင့် မန္တလေးသတင်းစာဆရာများ
စည်းဝေးချက်။
၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက် (တနင်္လာနေ့)



**တရုတ်တန်းရှိ တပ်နီဌာနတွင် သခင်သန်းထွန်းနှင့် သခင်သန်းဖေတို့ သတင်းစာဆရာများကို ရှင်းလင်းပြောပြနေစဉ်**





၁၄–၇–၄၇ ရက်နေ့ နံနက် ၁၀ နာရီအချိန်တွင် မန္တလေးမြို့ တရုပ်တန်းလမ်းရှိ တပ်နီဌာနချုပ်၌ သတင်းစာဆရာများကို ဖိတ်ခေါ်ကာ ဗမာပြည်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး သခင်သန်းထွန်းနှင့် ကွန်မြူနစ်အမတ် တောင်ငူသခင်သန်းဖေတို့က ရှင်းလင်းပွဲတရပ် ကျင်းပကြောင်း။

တက်ရောက်ကြသည့် လူထုသတင်းစာ မန္တလေးရှေ့ဆောင် သတင်းစာ၊ တိုင်းချစ်သတင်းစာ၊ မန္တလေး သူရိယသတင်းစာတိုက်များမှ ကိုယ်စားလှယ်များကို မန္တလေး ကွန်မြူနစ်ပါတီအတွင်းရေးမှူး ကိုဌေးက သခင်သန်းထွန်း သခင်သန်းဖေတို့နှင့် မိတ်ဆက်ပေးကြောင်း။

**ကျနော်တို့ရဲ့သဘောထား သိရအောင်**

သခင်သန်းထွန်းက မိမိယခုကဲ့သို့ သတင်းစာဆရာများကို ဖိတ်ခေါ်ရှင်းလင်းခြင်းမှာ ကျနော်တို့ရဲ့ သဘောထား ဘယ်လိုရှိတယ်ဆိုတာ သိရအောင်ပင်ဖြစ်ပါကြောင်း။

**ဒိုမီနီယံ အန္တရာယ်**

၁၂–၇–၄၇ ရက်နေ့က ကျောက်ဆည်မှာ အထက်ဗမာပြည် တောင်သူလယ်သမားအင်အားပြပွဲ ကျင်းပတဲ့အခါ လယ်သမားအရေးတွင်မကဘဲ နိုင်ငံရေးတွေပါ ပါတယ်။ နိုင်ငံရေးပါရတာကလဲ တိုင်းပြည်ရဲ့အနေက ထူးခြားလာတဲ့အတွက်ဘဲ၊ တိုင်းပြည်အခြေအနေ ထူးခြားလာတယ်ဆိုတာ တိုင်းပြည်မှာ အန္တရာယ်ကြီးတခု ဆိုက်ရောက်နေတယ်။ အဲဒီ အန္တရာယ်ဆိုတာ တခြားမဟုတ်ဘူး။ ဒိုမီနီယံအန္တရာယ်ဘဲ။

**ကျွန်တော်တို့ တိုက်ထုတ်ရမယ်။**

ကျွန်တော်တို့ ဒိုမီနီယံအန္တရာယ်ကို တိုက်ထုတ်ကြရမယ်။ ကျွန်တော်တို့ ကွန်မြူနစ်ပါတီနှင့် ဖ၊ဆ၊ပ၊လ မကွဲခင်က ရွှေတိဂုံကုန်းတော်ပေါ်မှာ ကျင်းပတဲ့ ပြည်လုံးကျွတ် ဖ၊ဆ၊ပ၊လ အင်အားပြပွဲကြီးမှာ ကိုယ်စားလှယ်ပေါင်း ထောင့်ငါးရာကျော်နှင့် လူထု ၂ သိန်းနီးပါးနှင့် ဆုံးဖြတ်ခဲ့တာလဲ ဒိုမီနီယံမဟုတ် အချုပ်အချာအာဏာပိုင်တဲ့ လုံးဝလွတ်လပ်ရေးဘဲ။ ဒါကြောင့်မို့ ကျွန်တော်တို့ လွတ်လွတ်လပ်လပ်နဲ့ နေချင်ရင် အနဲဆုံးဖြစ်သင့်တဲ့ အခြေအနေတွေဟာ . . . .

၁။ အချုပ်အချာအာဏာပိုင် ဝင်ပြီးလုံးဝလွတ်လပ်ရမယ်။

၂။ လူထုကြီးဟာ ရပ်လုံးကတင်မြှောက်တဲ့ အစိုးရအဖွဲ့အစည်းဖြစ်ရမယ်။

၃။ တိုင်းပြည်ပေါ်မှာရှိတဲ့ နယ်ချဲ့စစ်တပ်တွေ ထွက်သွားရမယ်။

၄။ ဗမာပြည်ပေါ်မှာရှိတဲ့ တိုင်းရင်းသားပေါင်းစုံ ညီညွတ်စွာတည်ထောင်တဲ့ နိုင်ငံတော်ဖြစ်ရမယ်။

၅။ ဗျူရိုကရက်စနစ်ဆိုးတွေ ဖျက်ပစ်ရမယ်။

၆။ KEY INDUSTRYS ခေါ်တဲ့ ပရိုဂျက်ကုမ္ပဏီတွေကို တိုင်းပြည်ပိုင်လုပ်ရမယ်။

၇။ ပဒေသရာဇ်စနစ်ကို ဖျက်သိမ်းရမယ်။

အဲဒီ (၇) ချက်နဲ့ ပြည့်စုံမှလဲ ကျွန်တော်တို့လိုလားတဲ့ လုံးဝလွတ်လပ်ရေးနဲ့ ကိုက်ညီမှာဘဲ။

**ဖ၊ဆ၊ပ၊လ လက်ဝဲသမားတွေ**

တချို့ ဖ၊ ဆ၊ ပ၊ လ ထဲမှာရှိတဲ့ လက်ျာသမားတွေက ဒိုမီနီယံကို လွတ်လပ်ရေးလမ်းခရီးကြားမှာ လေ့ခါးထစ်သဘွယ် အသုံးပြုဘို့ လက်ခံသင့်တယ်လို့ ပြောနေကြတယ်၊ ပြီးတော့ အခုယူမဲ့ ဒိုမီနီယံက အလွတ်လပ်ဆုံး ဒိုမီနီယံဆိုပြီး လေသံပစ်နေကြတယ်၊ နယ်ချဲ့သမားကလဲ ဒိုမီနီယံကို တမျိုးလှဲ့ပြီး ကွန်မွန်းဝယ် (လ) လို့တောင် နာမည်ပေးနေတယ်။

ဘာဘဲပြောပြော ဘယ်လိုဘဲ နံမည်ပြောင်းပြောင်း အခုယူမယ်ဆိုတဲ့ ဒိုမီနီယံဟာ အသွင်အားဖြင့် အနှစ်သာရရှိပေမဲ့ တကယ်အခြေအနေအဖြစ်ကတော့ နယ်ချဲ့သမားရဲ့ တသတ်ပန်ကျွန်လုပ်ရေးဘဲ။





ဒါကြောင့်မို့ ဒိုမီနီယံကိုဖြင့် တတိုင်းပြည်လုံးက တိုက်ဖျက်ဘို့ အချိန်ရောက်နေပြီလို့ ပြောချင်တယ်။

တမျိုးသားလုံးရဲ့ ကျွန်ဖြစ်ရေးကို ကယ်တင်ဘို့ဟာလဲ ဖြစ်တဲ့အတွက် သတင်းစာတွေရဲ့ တာဝန်လဲပါတာဘဲ၊ အခုလို ဒိုမီနီယံတိုက်ဖျက်ရေး ပေါ်လစီဟာ ပါတီတခုရဲ့ ပေါ်လစီမဟုတ်ဘဲ လူတိုင်းရဲ့ပေါ်လစီ (NATIONAL POLICY) တမျိုးသားလုံးရဲ့ ပေါ်လစီဖြစ်ရမယ်။

**ညီညွတ်မှု အဓိကဘဲ။**

ဒီဒိုမီနီယံကို တိုက်ဖျက်ပြီး လုံးဝ လွတ်လပ်ရေးဆိုတဲ့ အာဏာသိမ်းယူဘို့ဆိုတာကတော့ အခုကွဲပြားနေကြတဲ့ ဖ၊ ဆ၊ ပ၊ လ အင်အားစုတွေနဲ့ ကွန်မြူနစ်အင်အားစုတွေ ညီညွတ်ကြဘို့ဘဲ။

ဒါကြောင့်မို့လဲ ညီညွတ်ရေးကို အဓိကထားပြီး လုပ်နေကြတာဘဲ။ ကျွန်တော်တို့ကို ဖ၊ ဆ၊ ပ၊ လ ထဲက ထုတ်ထားပေမဲ့ ကျွန်တော်တို့ကိုယ် ကျွန်တော်တို့တော့ ဖ၊ ဆ၊ ပ၊ လ ရဲ့ လက်ဝဲဂိုဏ်းသမားတွေလို့ ယူဆတယ်။

**ကွန်မြူနစ်မဟုတ်ရင် ဖ၊ ဆ၊ ပ၊ လ ဖြစ်ရမယ်**

အခုတချို့ ဖ၊ ဆ၊ ပ၊ လ ထဲက လူအချို့ ဖ၊ ဆ၊ ပ၊ လ ရဲ့ နိုင်ငံရေးလုပ်ပုံတွေကို မကြိုက်လို့ငြီးပြီး နိုင်ငံရေးစိတ်ပျက်နေကြတယ်။

ဒီလို စိတ်ပျက်လို့ ဖ၊ ဆ၊ ပ၊ လ လဲ မဟုတ်၊ ကွန်မြူနစ်လဲ မဖြစ်ဆိုရင် နယ်ချဲ့သမားကို တိုက်တဲ့ အင်အားစုအစိပ်အပိုင်း ရှော့သွါးတယ်လို့ ဆိုရမှာဘဲ၊ ဒါကြောင့် ကျွန်တော်ပြောချင်တာကတော့ နိုင်ငံရေးစိတ်ပျက်ပြီး မဲထိုင်ပါနဲ့ ကွန်မြူနစ်မဖြစ်ချင်လဲ နေပါ၊ ဒါပေမဲ့ တိုးတက်တဲ့ ဖ၊ ဆ၊ ပ၊ လ အိမ်နေနဲ့တော့ နေကြပါလို့ ဆိုချင်ပါတယ်။

**ညီညွတ်ရေး မပျက်ပါ**

အချို့က ကျွန်တော်တို့ပါတီရဲ့ လူတန်းစားတိုက်ပွဲကြောင့် ညီညွတ်ရေး ပျက်စီးလိမ့်မယ်လို့ ပြောနေကြတယ်။

အမှန်မှာတော့ ညီညွတ်ရေးမပျက်ဘဲ နယ်ချဲ့သမားကို တိုက်တဲ့နေရာမှာ

ပိုမိုသွေးစီးညီညွတ်လို့ တိုးတက်မှုတောင် ဖြစ်စေပါတယ်။

အခု ရန်ကုန်မှာဖြစ်ပေါ်နေတဲ့ ပုလိပ်သပိတ်ကို ကျွန်တော်တို့ ထောက်ခံပါတယ်။ ဒါပေမဲ့ မထောက်ခံနိုင်တဲ့ အချက်နှစ်ချက်ရှိပါတယ်။ ဒီအချက်ကတော့ သူတို့ ကြွေးကြော်တယ်ဆိုတဲ့ ဦးကျော်ငြိမ်းထုတ်ပစ်ဆိုတဲ့ အချက်ရယ်၊ ဦးအောင်ချိန့် ဖြုတ်ချဆိုတဲ့ အချက်ဘဲ၊ ဒါဟာ တဦးတယောက်ကို တိုက်ခိုက်တဲ့ နည်းဖြစ်နေလို့ မထောက်ခံနိုင်ခြင်းဖြစ်ပါတယ်။

## ကွန်မြူနစ်က မစဉ်းစား။

ပြီးတော့ သတင်းစါတစေါင်က ရေးသေးတယ်။ ဗိုလ်အောင်ဆန်းကျရင် သခင်သန်းထွန်းတက်မလားတဲ့ အမှန်မှာတော့ လက်ရှိအစိုးရက နယ်ချဲ့အစိုးရကို တိုက်ရင် ကျွန်တော်တို့က အင်တိုက်အားတိုက်ကူညီဘို့ဘဲ အစီအစဉ်ရှိတဲ့အတွက် ဒါကိုတော့ လုံးလုံးမစဉ်းစားဘူး စသဖြင့်။ ရှည်လျားစွာ လက်ရှိအခြေအနေများနှင့် ဒိုမီနီယံအန္တရာယ်များကို ရှင်းလင်းပြောပြပြီးနောက် သတင်းစာကိုယ်စားလှယ်များကို မေးလိုရှိတာကမေးနိုင်ပါကြောင်းဟု ပြောသဖြင့် အောက်ပါအတိုင်းမေးမြန်းကြောင်း။

**မေး။** ဆန်လုပွဲတွေကြောင့် တိုင်းပြည်မှာ ငွေပေါင်းမြောက်မြားစွာ နစ်နာပါတယ်လို့ အစိုးရက ကျေညာတာနဲပါတ်သက်ပြီး သိလိုပါတယ်။

**ဖြေ။** ဆန်လုပွဲတွေကို ကွန်မြူနစ်တွေချည်း လုပ်တာ မဟုတ်ပါဘူး။ အကုန်လုပ်ကြတာပါဘဲ။

ပဲခူးတံတားကြီးထိပ်မှာဆိုရင် ဖ၊ ဆ၊ ပ၊ လ အလံကြီးထောင်ပြီး လုခဲ့တာဟာ အထင်အရှားပါဘဲ တခြားနယ်တွေမှာဆိုရင်လဲ ပြည်သူ့ရဲဘော်၊ ဆိုရှယ်လစ်တွေ ခေါင်းဆောင်ပြီး ဆန်လုပွဲတွေ ကျင်းပကြတာပါဘဲ၊ ဒါပေမယ်လို့ ကွန်မြူနစ်တွေချည်းဘဲလို့ ကျေညာခံရတယ်။ ကျွနတော်တို့က ဒါနဲ့ပတ်သက်လို့ ဘာမှ မရှင်းပါဘူး။

**မေး။** တောင်ငူကွန်မြူနစ်အမတ် သခင်သန်းဖေ လွှတ်တော်မှာ တင်သွင်းတဲ့ အဆိုနဲ့ပါတ်သက်ပြီး ဘယ်လိုရည်ရွယ်ချက်နဲ့ တင်ထားတာလဲ။

**ဖြေ။** ကျုပ်တို့ ကျေညာပြီးသားဘဲ။ ဒီတိုင်းပြုပြည်ပြုလွှတ်တော်ဟာ အင်္ဂလိပ်က လုပ်ပေးထားတဲ့ လွှတ်တော်ပါလို့ ဆိုနေတာ၊ ဒါပေမဲ့ ဖ၊ ဆ၊ ပ၊





လ က လွှတ်လပ်ရေးကို ဒီတိုင်းပြုပြည်ပြုလွှတ်တော်ကမှ ကျေညာနိုင်တယ်ဆိုလို့ ကိုင်း လုပ်ကြည့်ကြသေးတာပေါ့ဆိုတဲ့ သဘောနဲ့ လုပ်တာဘဲ။

၎င်းနောက် အခြားမေးခွန်းများကိုမေးမြန်းဖြေဆိုကြပြီး နေ့လည် ၁၂ နာရီ အချိန့်တွင် သတင်းစာဆရာများကို လဘက်ရည်နှင့် ဧည့်ခံကာ ရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်ကြောင်း။

၁၉၄၇ ခုနှစ်၊ ဇူလိုင် ၁၅ ရက်နေ့ထုတ် လူထုသတင်းစာမှ

မူရင်းစာလုံးပေါင်းသတ်ပုံအတိုင်းဖော်ပြပါသည်။

☆☆☆



## အလုပ်သမားထုကြီး၏ ကြေကွဲသံ

၁၉၄၇ ခုနှစ်၊ ဇူလိုင် ၂၂ ရက် (အင်္ဂါနေ့)

ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံရပြီး ၃ ရက်မြောက်သောနေ့တွင် သခင်သန်းထွန်း သဘာပတိပြု၍ မဟာဗန္ဓုလပန်းခြံတွင် လူထုစုဝေးချီတက်ပွဲကြီး ပြုလုပ်ခဲ့သည်နှင့် သဘာပတိ သခင်သန်းထွန်း၏ ပြောကြားချက်များကို ဇူလိုင် ၂၅ ရက်နေ့ထုတ် ဟံသာဝတီသတင်းစာ၌ ဖော်ပြထားသည်ကို ပြန်လည် ဖော်ပြအပ်ပါသည်။ (စီစဉ်သူ)





### နယ်ချဲ့သမားနှင့် နယ်ချဲ့သူလျှို လက်ချက်ဟု စွပ်စွဲခြင်း အလုပ်သမား၊ ကျောင်းသား၊ ကျောင်းဆရာ၊ လူငယ်နှင့် စာရေးစာချီ လူထုတို့ ဂျူဘလီသို့ ချီတက်အလေးပြုကြခြင်း

တိုင်းပြည်ခေါင်းဆောင်ကြီးများဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ဝန်ကြီးအချို့အား မသမာလူတို့၏ လက်ချက်ဖြင့် ကျဆုံးသွားခြင်းအတွက် ဝမ်းနည်းသော အထိမ်းအမှတ်ဖြင့် မြန်မာပြည်အလုပ်သမားသမဂ္ဂနှင့် အလုပ်သမားအစည်းအရုံးများအဖွဲ့ချုပ်တို့ ပူးပေါင်းပြီးသကာလ အစည်းအရုံးဝင်များနှင့် သမဂ္ဂဝင် အလုပ်သမားပေါင်း ၄၀၀၀၀ ကျော်တို့သည် ဇူလိုင်လ ၂၂ ရက်နေ့ နံနက် ၈ နာရီအချိန်၊ ရန်ကုန်မြို့ဆူးလေဘုရားအနီး ဗန္ဓုလပန်းခြံတွင် စုဝေးရောက်ရှိကြ တော့သည်။

**ဖွဲ့နဘဲနှင့်**

မိုးသည်းကလေးတဖွဲဖွဲအတွင်း ပန်းခြံအတွင်း၌ ဘွက်တွေ ထူထပ်ပင် ထူထပ်နေသော်လည်း အလုပ်သမားတို့မှာ ဖွဲ့နဘဲကြီးစွာနှင့် ရပ်တည်ကာ ရှိကြပြီး ပန်းခြံအတွင်း ပြည့်လျှံသွား၏။

**သဘာပတိသခင်သန်းထွန်း**

အစည်းအဝေးကြီးကို ၈ နာရီအချိန်မှ စတင်၍ ကျင်းပရာ သဘာပတိအဖြစ်ဖြင့် သခင်သန်းထွန်းက ဆောင်ရွက်၍ သခင်ဗတင်က အကျိုးဆောင်အဖြစ်ဖြင့် ဆောင်ရွက်၏။

## အရှိအသေပြုကြရန်

သခင်သန်းထွန်းက ယနေ့ အလုပ်သမားပေါင်းစုံအစည်းအဝေးကြီးသည် ဗိုလ်ချုပ်အောင်ဆန်းအမှူးပြု၍ တိုင်းပြည်ခေါင်းဆောင်ကြီးများကို အရှိအသေပြုဘို့ကိစ္စကို အဓိကထားပြီး ကျင်းပရခြင်းဖြစ်ကြောင်း စကားပလ္လင်ခံပြီးလျှင် ဗိုလ်ချုပ်နှင့် ခေါင်းဆောင်ကြီးများ အသတ်ခံရသည့်အကြောင်းက အစချီ၍ ဗိုလ်ချုပ်၏ စွမ်းဆောင်ခဲ့ပုံ အင်္ဂလိပ်နယ်ချဲ့စနစ်ဝါဒအကြောင်း၊ ဗိုလ်ချုပ်ကြီးမှူးသော ဖ,ဆ,ပ,လ အဖွဲ့ကြီး၏ ဆောင်ရွက်ချက်များနှင့် လွတ်လပ်ရေးတနှစ်အတွင်း ရစေမည်ဟု ဝန်ခံကတိပေးခဲ့ပုံများကို ရှင်းလင်းပြောပြကြောင်း။

ယခု ခေါင်းဆောင်ကြီးများ အသတ်ခံရရာတွင် နယ်ချဲ့ပယောဂ မကင်းကြောင်းနှင့်လည်း စွပ်စွဲကြောင်း။

## နောက်ဆုံးအကြံ

သခင်သန်းထွန်းက လွတ်လပ်ရေး မပေးချင်သောလူ၊ အာဏာလွှဲပြောင်းမပေးချင်သည့်လူများ၏ နောက်ဆုံးအကြံသည် တိုင်းပြည်ခေါင်းဆောင်ကြီးများကို သတ်ဖြတ်ခြင်းဖြစ်ကြောင်း၊ နယ်ချဲ့သမား ဗြူရိုကရက်များက တိုင်းပြည်ခေါင်းဆောင်ကြီးများကို လူသတ်သမားများနှင့် ဖယ်ရှင်းခြင်းကို အရှုံးမပေးဘဲ ဆက်လက်၍ တိုင်းပြည် တပြည်လုံးက ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

## ပြည်တွင်းစစ်ဖြစ်လိုသော စနက်

ကိုယ့်လူမျိုးအချင်းချင်း၊ ရန်သူသည် ပြည်တွင်းစစ်ဖြစ်အောင် နယ်ချဲ့သမား အာဏာမလွှဲခြင်းသည် ဗြူရိုကရက်တွေ အလိုတော်ရိတွေက လုပ်ဆောင်တာကို ငါတို့ နားလယ်ရမည်ဖြစ်ကြောင်း။

## တိုက်ပွဲဆင်ရမည်

တိုင်းပြည်သည် ယခုအခါ စည်းစည်းရုံးရုံး ညီညီညွတ်ညွတ်နှင့် စုပေါင်းပြီး တိုက်ပွဲဆင်နွှဲကြရမည်ဖြစ်ကြောင်း။ တိုင်းပြည်တွင်ရှိသော ကွန်မြူနစ်–ဆိုရှယ်လစ်–ပြည်သူ့ရဲဘော် အစရှိသည့် အဖွဲ့အသီးသီး ပါတီအသီးသီးနှင့် ပူးပေါင်း၍၎င်း၊ အလုပ်သမားအစည်းအရုံး အလုပ်သမားသမဂ္ဂများကလည်း တပေါင်းတစည်းတည်းရှိကြဘို့ကို၎င်း၊ တစုတရုံးတည်း ဖြစ်သွားရန် ငါတို့ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း





စသည်ဖြင့် ပြောဆိုသွားလေသည်။

ထိုနောက် အကျိုးဆောင်သခင်ဗတင်က အလုပ်သမားအစည်းအရုံးများအဖွဲ့ချုပ် သခင်လွင်ထံမှ ပေးပို့လိုက်သော စာကို ဖတ်ကြားပြီးလျှင် သခင်ချစ်က အောက်ပါ အဆိုတရပ်ကို တင်သွင်းကြောင်း။

## ညီညွတ်ရေးဆောက်တည်ရန်

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ဗမာ့ရာဇဝင်သာမက ကမ္ဘာ့ရာဇဝင်တွင် မကြုံဘူးသောတိုင်းပြည်က ကြည်ညိုလေးစားသည့် အမျိုးသားခေါင်းဆောင်ကြီးများကို လူသတ်သမားတို့က ရက်စက်စွာ သတ်ဖြတ်မှုကြီးတရပ် ဖြစ်ပေါ်ခဲ့လေသည်။

အမျိုးသားခေါင်းဆောင်ကြီးများ ကျဆုံးရခြင်းသည် ငါတို့ အလုပ်သမားလူတန်းစားတရပ်လုံးအတွက်၎င်း၊ ဗမာ့လွတ်လပ်ရေးလုပ်ငန်းကြီးအတွက်၎င်း၊ ကြီးစွာသော ဆုံးရှုံးခြင်းကြီးဖြစ်သည့်အတိုင်း အလုပ်သမားလူထုကြီးက အထူးကြေကွဲဝမ်းနည်းကြောင်း။

ဗမာလူထုကြီးသည် လုံးဝလွတ်လပ်ရေးအတွက် တိုက်ပွဲဆင်တော့မည့်အချိန်တွင် အမျိုးသားခေါင်းဆောင်ကြီးများ အသတ်ခံရခြင်းမှာ အင်္ဂလိပ်နယ်ချဲ့သမားနှင့် နယ်ချဲ့သူလျှို စော–စိန်–မော်ဂိုဏ်းသားများ၏ ယုတ်ယုတ်မာလုပ်ကြံမှုဟု ငါတို့ အတည့်အလင်း စွပ်စွဲပေသည်။

ဤလူသတ်သမား ရာဇဝတ်ကောင်များကို အမြန်ဖော်ထုတ်၍ တိုင်းပြည်အား အပ်ရန် ဤအလုပ်သမားလူထုကြီးက တောင်းဆိုကြောင်း။

အလုပ်သမားလူထုကြီးသည် သမဂ္ဂ၊ အစည်းအရုံး၊ အဖွဲ့အစည်း တလုံးတည်း စုပေါင်းကာ လူသတ်အင်္ဂလိပ်နယ်ချဲ့သမားနှင့် နယ်ချဲ့သူလျှိုများကို အပြုတ်တိုက်ခြင်းအားဖြင့် ဂလဲ့စားချေကြမည်ဖြစ်ကြောင်း။

လွတ်လပ်ရေးအင်အားစုဖြစ်သော ဖ–ဆ–ပ–လ ကွန်မြူနစ်ညီညွတ်ရေးကို တည်ဆောက်၍ ဗမာတမျိုးလုံးက အင်္ဂလိပ်နယ်ချဲ့သမားနှင့် သူလျှိုများကို တိုက်ရာတွင် အလုပ်သမားလူထုကြီးသည် ရှေ့တန်းမှ နေတိုက်မည်ဖြစ်ကြောင်း။

## ရှီတက်ကြပြီ

အစည်းအဝေးကြီးကို ရုပ်သိမ်းပြီးလျှင် အလုပ်သမားလူထုကြီးသည် အဖွဲ့အသီးသီးအလိုက် ၄ ယောက်တတွဲစီ နောက်ဆုံးအလေးပြုရန်အတွက် ဂျူဘလီဟော

သို့ ချီတက်ကြတော့၏။ ဒါလဟိုဇီလမ်းမှ သိမ်ကြီးဈေးချိုး၍ ဘုရားလမ်းအတိုင်း ချီတက်ကြသည်။

### အလေးပြုကြခြင်း

ဂျူဘလီဟောသို့ ရောက်ကြသောအခါ တဖွဲ့စီဝင်ရောက်ကြပြီး ခေါင်းဆောင်ကြီးများအား အလေးပြုခြင်းနှင့် သစ္စာအဓိဋ္ဌာန်ပြုကြကြောင်း။

### ကျောင်းသားလူထု

ရန်ကုန်မြို့နီစီပယ်ကျောင်းများမှ ကျောင်းဆရာ ဆရာမများနှင့် ကျောင်းသားကလေးသူငယ်တို့သည်လည်း ဗန္ဓုလပန်းခြံ၌ နံနက် ၈ နာရီအချိန် စုဝေးရောက်ရှိ၏။ ခေါင်းဆောင်ကြီးများအလောင်းထားရာ ဂျူဘလီခန်းမကြီးသို့ ခြေလျှင်ချီတက်သွားကြတော့၏။

၁၉၄၇ ခုနှစ်၊ ဇူလိုင် ၂၅၊ ဟံသာဝတီသတင်းစာမှ

မူရင်းစာလုံးပေါင်းသတ်ပုံအတိုင်းဖော်ပြပါသည်။

☆☆☆







၁၁၊ ၈၊ ၄၇ နေ့က ကွန်မြူနစ်ပါတီခေါင်းဆောင် သခင်သန်းထွန်းသည် ကွယ်လွန်သူ ခေါင်းဆောင်များအား အလေးပြုရန် ဂျူဘလီဟောသို့ ရောက်ရှိလာပုံ



## လူသတ်ဝါဒကို တိုက်ဖျက်ချေမှုန်းပစ်ရန်
## ဗမာပြည်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး
## သခင်သန်းထွန်း

**၁၉၄၇ ခု စက်တင်ဘာလ ၂၉ ရက်နေ့ (တနင်္လာနေ့) ည ၈ နာရီအချိန်တွင် တိုင်းပြည်အား နှိုးဆော်အသံလွှင့်ချက်**

ဤအသံလွှင့်ချက်ကို ၁၉၄၇ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြပါရှိခဲ့ပြီး မြန်မာနိုင်ငံတော်အစိုးရ၊ ပြန်ကြားရေးနှင့် အသံလွှင့်ဌာနမှ ထုတ်ဝေသော 'လူသတ်ဝါဒကို အစိုးရက စစ်ကြေညာပြီ' စာအုပ်တွင်လည်း ပြန်လည် ဖော်ပြခဲ့သည်။ *(စီစဉ်သူ)*





ဒီနေ့ သတင်းကျွတ်လပြည့်နေ့။ သက်ကြီးရွယ်ကြီးတွေ ဥပုသ်သတင်းစောင့်သုံးနေတဲ့ အခါမှာ အိမ်တိုင်းလိုလို ထိန်လင်းသာယာနေတဲ့အခါမှာ တတိုင်းပြည်လုံး ရွှင်လန်းမြူးထူးနေတဲ့ အချိန်အခါမှာ အရေးကြီးတဲ့စကားတခွန်း ကျွန်တော်ပြောချင်ပါတယ်။

အဲဒီစကားဟာ ဘာလဲလို့ဆိုရင် ကျွန်တော်တို့ရဲ့ တိုင်းပြည်ကြီး တိုးတက်ရေး၊ ပြည်သူလူထုရဲ့ ချမ်းသာရေးမှာ အကြီးဆုံးဆူးညှောင့်ခလုတ်ဖြစ်နေတဲ့ လူတဦးနှင့် တဦး ချောင်းမြောင်းသတ်ဖြတ်နေတဲ့ ဝါဒ။ လုပ်ကြံသတ်ဖြတ်တဲ့ လူသတ်ဝါဒကို တတိုင်းပြည်လုံးက ညီညီညွတ်ညွတ်နဲ့ တိုက်ဖျက်ဘို့ပါဘဲ။

လွန်ခဲ့တဲ့ ဇူလိုင်လ ၁၉ ရက်နေ့မှာ တိုင်းပြည်ရဲ့ ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ။ အမျိုးသားခေါင်းဆောင်ကြီးတွေဟာ ယုတ်မာညစ်ညမ်းတဲ့ လူသတ်သမားတစုရဲ့ လက်ချက်နဲ့ ကျဆုံးခဲ့ရတယ်။

တတိုင်းပြည်လုံးက ယုံကြည်ကိုးစားတဲ့ ခေါင်းဆောင်ကြီးတွေ ကျဆုံးတဲ့အခါမှာ တိုင်းပြည်အတွင်းမှာ အချင်းချင်း သတ်ဖြတ်မှုတွေ မပြန့်ပွားဘဲနဲ့ တတိုင်းပြည်လုံးမှာ ပြည်တွင်းစစ်မီး မလောင်ကျွမ်းတဲ့ ပြည်သူလူထုက ကြံ့ခိုင်တဲ့ စိတ်ဓါတ်နဲ့ တားဆီးနိုင်တာဟာ ကျွန်တော်တို့ တိုင်းသူပြည်သားတွေ အားလုံးဂုဏ်ယူစရာပါဘဲ။

ကျွန်တော်တို့ တိုင်းပြည်ဟာ အင်္ဂလိပ်လက်အောက်ကဘဲ လွန်ခဲ့တဲ့ နှစ်ပေါင်းတရာလုံးလုံး၊ အင်္ဂလိပ်လက်အောက်က လွတ်လပ်ဘို့အတွက် မနားမနေ ကြိုးပမ်းလာခဲ့ကြတယ်။ အထူးသဖြင့် ၁၉၄၅ ခုနှစ်၊ ဂျပန်တော်လှန်ရေးကဘဲစပြီး ဒီနေ့အထိ ပြည်သူလူထုဟာ မရပ်မနား အုံကြွတော်လှန်ခုခံလာခဲ့ကြတယ်။

တိုင်းပြည်က ယုံကြည်ကိုးစားလာခဲ့တဲ့ ခေါင်းဆောင်ကြီးတွေကို ချောင်း

မြောင်းသတ်ဖြတ်လာတာတွေ တိုင်းပြည်က လိုလားတဲ့ အမျိုးသားအစိုးရကြီးတွေကို ပြုတ်ကျအောင် လုပ်တာတွေအတွက် အင်္ဂလိပ်အမေရိကန်နယ်ချဲ့သမားတွေက ကမ္ဘာကို စိုးမိုးဘို့အကြံနဲ့ စီမံနေတာတွေဟာ အဆန်းမဟုတ်ပါဘူး။ ကျွန်တော်တို့ ဗမာပြည်မှာသာ မဟုတ်ဘူး။

မကြာသေးခင်က ကြားပါလိမ့်မည်။ ဂျက်ကိုစလိုဗေးကီးယားပြည်က သမတကြီး ဒေါက်တာ ဘီးနေ့(ရှ)ကို လုပ်ကြံသတ်ဖြတ်ဘို့ လူသတ်သမားတွေ ကြိုးစားခဲ့ကြတယ်။ ဒီကိစ္စဟာ အမေရိကန်နယ်ချဲ့သမားတို့ရဲ့ လက်ချက်ဘဲ။

ဟန်ဂေရီပြည်မှာ တိုင်းပြည်က တက်မြှောက်ထားတဲ့ ဂိုဏ်းပေါင်းစုံ အမျိုးသားအစိုးရကို ဖျက်ဆီးဘို့ (နာဂီး)ဆိုတဲ့ လူယုတ်မာတယောက်က စီစဉ်ခဲ့တယ်။ အဲဒီ (နာဂီး) ဆိုတဲ့ လူယုတ်မာ ထွက်ပြေးတဲ့အခါမှာ အခုဆိုရင် အမေရိကန်ပြည်က စောင့်ရှောက်ထားကြတယ်။

ဘူလ်ဂေးရီးယားပြည်မှာ ဂိုဏ်းပေါင်းစုံ အမျိုးသားအစိုးရကို ပုန်ကန်ဘို့ကြံတဲ့ (ပက်ကော့ဗ်) ဆိုတဲ့လူကို ပုန်ကန်မှုနဲ့ ဒါဏ်ပေးလိုက်လို့ အခု အမေရိကန်နဲ့ အင်္ဂလိပ်အစိုးရဟာ ဘူလ်ဂေးလီးယားကို ဝိုင်းပြီး အရေးဆိုနေကြပြီ။

အိန္ဒိယပြည်မှာဆိုရင် ပြည်တွင်းစစ် မီးလောင်ကြွမ်းပြီး (နေရူး)အစိုးရကို ပြုတ်ကျအောင် နယ်ချဲ့သမားရဲ့ အလိုတော်ရိတွေ ဖြူရိုကရက်တွေက ကြိုးစားနေကြတယ်။

အဲဒီလို ကမ္ဘာတဝှမ်းကို ကြည့်လိုက်တဲ့အခါမှာ လွတ်လပ်ခါစ တိုင်းပြည်တွေ လွတ်လပ်ဘို့ ကြိုးစားနေတဲ့ တိုင်းပြည်တွေမှာ လူသတ်ဝါဒတွေ လွှမ်းမိုးအောင် ပြည်တွင်းစစ်တွေ လူမျိုးရေးအဓိကရုဏ်းတွေ ဖြစ်အောင် အင်္ဂလိပ် အမေရိကန် နယ်ချဲ့သမားဟာ စီမံနေတယ်ဆိုတာ သိရမယ်။

ဒါကြောင့် ကျွန်တော်တို့ တိုင်းပြည်ဟာ လူအချင်းချင်းသတ်ဖြတ်မှုတွေ လူမျိုးရေး အဓိကရုဏ်းတွေ ပြည်တွင်းစစ်တွေရဲ့ အန္တရာယ်နဲ့အတူ ရင်ဆိုင်တိုးနေရတယ်။

ဒီအန္တရာယ်ကို မတိုက်ဖျက်နိုင်ရင် ကျွန်တော်တို့ရဲ့ လွတ်လပ်ရေးတိုက်ပွဲဟာ ပျက်စီးသွားမယ်။ ရတဲ့ လွတ်လပ်ရေးဟာလဲ အနှစ်သာရမရှိဘဲ လွတ်လပ်ရေးဖြစ်မယ်။ တတိုင်းပြည်လုံး သွေးချောင်းစီးပြီး နယ်ချဲ့သမားက သွယ်ဝိုက်ပြီး ထာဝရ အုပ်စိုးလာလိမ့်မည်။





လူသတ်ဝါဒကနေပြီးတော့ ဒါဏ်ပြန်မှာ ရှိသေးတယ်။ တိုင်းပြည်မှာ သောင်းကျန်းတယ်၊ နှိမ်နင်းရမယ်ဆိုပြီး တိုင်းသူပြည်သားတွေကို အကြမ်းဘက်ပြီး ဒလကြမ်းနှိပ်ကွပ်တဲ့ နယ်ချဲ့သမားက အားပေးတဲ့ ဖက်ဆစ်စနစ်ဟာ ဗမာပြည်မှာ ပေါ်ပေါက်လာစရာရှိတယ်။

ဒါကြောင့် ဒီလူသတ်ဝါဒတွေ အဓိကရုဏ်းဖြစ်စေတဲ့ ဝါဒတွေ၊ ပြည်တွင်းစစ်မီး လောင်စေတဲ့ ဝါဒတွေ၊ နယ်ချဲ့သမားက မွေးပေးတဲ့ ဖက်ဆစ်ဝါဒတွေကို ကျွန်တော်တို့တတွေ အားလုံးညီညီညွတ်ညွတ်နဲ့ ဝိုင်းတိုက်ပြီး ချေမှုန်းပစ်ရမယ်။

ဒီလို တတိုင်းပြည်လုံးရဲ့ အန္တရာယ်ဆိုးကြီးကို ကာကွယ်တဲ့လုပ်ငန်းမှာ တတိုင်းပြည်လုံးကို ကယ်ဆယ်တဲ့ လုပ်ငန်းမှာ ညီအစ်ကိုတော်ဖြစ်ကြတဲ့ ပြည်သူ့ရဲဘော်တွေ၊ ဆိုရှယ်လစ်တွေ၊ ကွန်မြူနစ်တွေ၊ တပ်နီတွေဟာ စိတ်တူသဘောတူ အလုပ်တူလုပ်ကြမယ်။ ဖဆပလ ကွန်မြူနစ်ညီညွတ်ရေးဆိုတဲ့ တမျိုးသားလုံးရဲ့ ညီညွတ်ရေးကို တည်ဆောက်ပြီးတော့ တိုင်းပြည်ကို ကယ်တင်ဘို့ လုပ်ကြမယ်။

အဲဒီလို လူသတ်ဝါဒတွေ။ ပြည်တွင်းစစ်ဝါဒတွေ။ နယ်ချဲ့သမားက မွေးပေးတဲ့ ဖက်ဆစ်ဝါဒတွေကို တိုက်ဖျက်ချေမှုန်းတဲ့လုပ်ငန်း၊ တတိုင်းပြည်လုံးကို ကယ်တင်တဲ့ လုပ်ငန်းတွေမှာ ကျွန်တော်တို့ ကွန်မြူနစ်ပါတီဝင် ရဲဘော်တွေအားလုံးကို သုံးချင်တဲ့ နေရာကသုံးပါလို့ ဒီနေ့ကစပြီး ပြည်သူလူထုကို ပုံအပ်ခဲ့ပါတယ်။

မြန်မာနိုင်ငံတော်အစိုးရ၊ ပြန်ကြားရေးနှင့်
အသံလွှင့်ဌာနမှ ထုတ်ဝေသော "လူသတ်ဝါဒကို အစိုးရက စစ်ကြေညာပြီ" စာအုပ်မှ

မှုရင်းစာလုံးပေါင်းသတ်ပုံအတိုင်းဖော်ပြပါသည်။

☆☆☆



## လူသတ်ဝါဒ ခြေမှုန်းရေး

**၁၉၄၇ ခုနှစ်၊ အောက်တိုဘာလ ၇ ရက် (အင်္ဂါနေ့)**

ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံရပြီးနောက် ကွန်မြူနစ်ပါတီခေါင်းဆောင် သခင်သန်းထွန်းနှင့် အစိုးရအဖွဲ့ခေါင်းဆောင် နန်းရင်ဝန်ဦးနုတို့ ခေါင်းဆောင်၍ လူသတ်ဝါဒချေမှုန်းရေးတရားပွဲများ လှည့်လည်ပြုလုပ်ရာ အောက်တိုဘာ ၇ ရက်နေ့တွင် တောင်ငူမြို့တွင် ပြုလုပ်သော တရားပွဲတွင် သခင်သန်းထွန်း၏ ပြောကြားချက်ကို အောက်တိုဘာ ၁၁ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၌ ဖော်ပြထားသည်ကို ပြန်လည်ဖော်ပြပါသည်။

(စီစဉ်သူ)





## ကြွက် ၂ ကောင် ဒမြတိုက်လျှင်လည်း သေဒဏ်

**ငွေ ၂ သိန်းတိုက်သွားတဲ့ ဒမြဖြစ်စေ၊ ကြွက် ၂ ကောင် တိုက်သွားတဲ့ဒမြဖြစ်စေ လက်ဝါးကပ်စင်မှာတင်ပြီး သေနတ်နဲ့ ပစ်သတ်မှာဘဲဟု နန်းရင်းဝန်ကြီးသခင်နုက မိန့်ကြားခြင်း။**

**လူသတ်ဝါဒ ချေမှုန်းရေး(တောင်ငူမြို့သတင်းထောက်ထံမှ)**

တောင်ငူမြို့သို့ ၆–၁၀–၄၇ နေ့ ညနေ ၅ နာရီအချိန်တွင် နန်းရင်းဝန်ကြီး သခင်နုနှင့်တကွ ဖဆပလ အတွင်းရေးမှူး ဦးဗဆွေ ကွန်မြူနစ် သခင်သန်းထွန်း၊ သခင်သန်းဖေ၊ ပရတဖ ဗိုလ်ထိန်လင်း၊ ဗိုလ်စိန်မှန်၊ ဆိုရှယ်လစ်ဗိုလ်အောင်ကြီး စသော အဖွဲ့ဝင်ခေါင်းဆောင်များသည် လူသတ်ဝါဒချေမှုန်းတိုက်ဖျက်ရေးအတွက် ဆိုက်ရောက်လာကြကြောင်း။

တောင်ငူမြို့ ဗမာမူဆလင်ကွန်ဂရက်က နန်းရင်းဝန်ကြီးနှင့်တကွ ပါလာသူအဖွဲ့ ပါတီဝင်ခေါင်းဆောင်များအပြင် မြို့ပေါ်ရှိ ပုဂ္ဂိုလ်အသီးသီးတို့အား ၇–၁၀–၄၇ နေ့၊ နံနက် ၇ နာရီခွဲအချိန်တွင် မိတ်ဆက်လာဘက်ရည်ပွဲသဘင်ခင်းကျင်းဧည့်ခံ ရာ မူဆလင်အရေး၊ ကျောင်းဆရာအရေး၊ ကျောင်းသားများအရေး စသော မရှင်းလင်းသည့် လိုလားချက်များကို အသီးသီးမေးမြန်းကြောင်း။

**မလောကြပါနဲ့အုံး။**

နန်းရင်းဝန်ကြီး သခင်နုက မိန့်ကြားသည်မှာ မလောကြပါနဲ့အုံး။ ပညာရေးနှင့်တကွ ကျန်းမာရေး၊ စီးပွားရေးအခြေအနေအားလုံး ချို့တဲ့နေတာကို ကျွန်တော် ဝန်ခံပါတယ်။ စစ်ဒဏ်ခံရတဲ့ တိုင်းပြည်ကြီးများထဲမှာ ဗမာပြည်လဲ အပျက်စီးဆုံးတိုင်းပြည် တပြည်အဖြစ်နဲ့ အပါအဝင်ပါဘဲ။ ပညာရေးနှင့်တကွ

တိုးတက်မှုလုပ်ငန်းစေတနာကတော့ မရော့ပါဘူး။ ဗိုလ်ချုပ်ရှိစဉ်ကပင် ပြန်လည်ထူထောင်ရေး ဖွဲ့စည်းလုပ်ကိုင်နေတုန်း ဗိုလ်ချုပ်အနိစ္စရောက်ပြီး တိုင်းပြည်ငြိမ်ဝပ်ပိပြားရေးနှင့်တကွ ဆူပူသောင်းကျန်းမှုများ မပေါ်ပေါက်အောင် လုပ်နေရတဲ့ တာဝန်ကလဲ မနဲပါဘူး။ ဒါကြောင့် ဒီကိစ္စများကို မလုပ်နိုင်သေးဘူး။ နောက်တော့ ယခုလိုလားချက်များထက် အော်က မကျရပါဘူး။ မလောကြပါနဲ့၊ ယခု အစိုးရဟာ အပျော်ထွက်တဲ့ အစိုးရမဟုတ်ပါဘူး။ အရက်သောက် မိန်းမလိုက် ပော်တယ်တက်တဲ့အစိုးရ မဟုတ်ပါဘူး။ အလုပ်ဟာ တနေ့မှာ ၁၂ နာရီထက်မနဲ လုပ်နေရပါတယ်။

## လုပ်ငန်းစဉ်အတွက်။

လုပ်ငန်းစဉ်အတွက် ပဌမအရေးကြီးတာက ဗမာပြည်ရဲ့ လွတ်လပ်ရေးတိုးတက်မှုကို တားဆီးရန် နယ်ချဲ့အလုပ်အကျွေးတစု၏ ယုတ်မာမှု၊ ပါတီအချင်းချင်းသတ်ဖြတ်မှု၊ လူမျိုးသွေးခွဲမှုကို ချေမှုန်းဘို့ပါဘဲ။ လူထုကလဲ ကူညီကြပါ။ ဒုတိယကတော့ လွတ်လပ်ရေးကို ဇန်နဝါရီလအတွင်း ကျေညာနိုင်ရေးပါဘဲ။ ထိုကိစ္စကြီးများပြီးစီးလို့မှ မလုပ်ရင် ကျွန်တော်အဆိုးပေါ့။ နောက်ပြီးတော့ မူဆလင်ဘဲဖြစ်ဖြစ်၊ ခရစ်ယာန်ဘဲဖြစ်ဖြစ်၊ ဗမာပြည် ဗမာကောင်းကျိုးကို ရှေ့ရှုလုပ်ကိုင်မယ်ဆိုရင် ခေါင်းဆောင်အဖြစ် ထိုးတင်ရမှာဘဲ။ ကိုယ်ယုံကြည်တာ ကိုယ်ကိုးကွယ်နိုင်ကြပါတယ်။ သို့သော် ဘာသာရေးကို နိုင်ငံရေးထဲ ဆွဲမသွင်းကြပါနဲ့။ နောက်ဆုံးပြောလိုတာကတော့ မိမိတို့ ကိုးကွယ်ကြတဲ့ ဘာသာအတွက် မထိခိုက်မနစ်နာစေရပါဘူးဆိုတာ သိစေဆိုကြောင်းဖြင့် နိဂုံးချုပ်၍ လဘက်ရည်ပွဲကို ရုပ်သိမ်းလိုက်ကြောင်း။

## ပရိသတ် ၃၀၀၀၀။

ထိုနောက် ဆက်လက်၍ နံနက် ၁၁ နာရီအချိန် နံနက်စာ ထမင်းစားပွဲကို ဖ–ဆ–ပ–လ မှ တည်ခင်းကျွေးမွေးပြီးလျှင် လေးကျွန်းကန်တော်ပန်းခြံ၌ လူသတ်ဝါဒချေမှုန်းတိုက်ဖျက်ရေးတရားပွဲကြီးကို ၁ နာရီအချိန် စတင်ကျင်းပရာ ထုထုပရိသတ် ၃၀၀၀၀ ခန့် တက်ရောက်ကြကြောင်း။ ပဌမအလံတော်နှင့် ဗိုလ်ချုပ်နှင့်တကွ ကျဆုံးသော ရဲဘော်များအား အလေးပြုပြီး တောင်ငူခရိုင် ဖ–ဆ–ပ–လ ဥက္ကဌက အစည်းအဝေးဖွင့်လှစ်ကြောင်း။ ထို့နောက် ဖ–ဆ–ပ–လ အထွေထွေအတွင်းရေးမှူး ဦးဗဆွေက လူသတ်ဝါဒချေမှုန်းရေးနှင့် လူတန်းစေ့





နေလိုကြရင် ဗမာ့လွတ်လပ်ရေးကို ဟန့်တားနေတဲ့ လူသတ်ဝါဒကို လက်မခံကြနဲ့ဟု မိန့်ခွန်းကို အကျယ်တဝင့်မြွက်ကြားကြောင်း။

ကွန်မြူနစ် သခင်သန်းထွန်းက တခုသောအကြောင်းကြောင့် ဖ–ဆ–ပ–လနှင့် ကွန်မြူနစ် ကွဲသွားပြီး နောက်ဆုံးလွတ်လပ်ရေးနှင့် ဝေးဘို့ရာ ပြည်တွင်းစစ်ကို ရှေ့ရှုနေတာ တွေ့ရပါတယ်။ သို့သော် ယခုအခါ ခေါင်းဆောင်တို့၏ အမြော်အမြင်ကြောင့် အချင်းချင်းညီညွတ်သင့်သလောက် ညီညွတ်လာပြီကို တွေ့မြင်ရသဖြင့် အထူးဝမ်းသာပါတယ်။ ကိုယ်ကြိုက်ရာဝါဒကို ကိုယ်လုပ်နိုင်ပါတယ်။ နောက်ဆုံး တိုင်းပြည်လူထုက ဆုံးဖြတ်ကြပါလိမ့်မယ်။ *(လက်နက်နှင့် စည်းရုံးမှုကိုတော့ အပြင်းအထန်ဆုံး တိုက်ဖျက်ရပေမယ်)* စသည်ဖြင့် ရှည်လျားသောမိန့်ခွန်းကို မြွက်ကြားသွားကြောင်း။

ပ–ရ–တ–ဖ ဗိုလ်စိန်မှန်က ဗမာပြည်မှာ စစ်တလင်းကြီး ဖြစ်ပြီးတဲ့နောက် တိုက်ပွဲဝင်ခဲ့တဲ့ အချို့ရဲဘော်များနှင့်တကွ စစ်ဝတ်စစ်စား လက်နက်များရထားတဲ့ လူများစွာတို့က ပစ်ချစ်ခတ်ချင်းနှင့် စစ်သွေးတက်ကြွနေကြတာကို သဘောကျပါတယ်။ ကောင်းပါတယ်။ သို့သော် လမ်းလွဲသုံးနေကြရင် နောက်ဆုံး သေအောင်ကောင်းကြမှာဘဲ။ လက်နက်ပုန်းများကို အချိန်မီအပ်ရပ်အပ် မအပ်ရင် ရန်သူ။ ကျွန်ုပ် ကိုယ်တိုင်ရှေ့က ခေါင်းဆောင်ပြီး ချေမှုန်းမယ်ဟု မြွက်ကြားကြောင်း။

## ကတိကောင်းမပေးနိုင်ခဲ့လို့။

ထိုနောက် နန်းရင်းဝန်ကြီးသခင်နုက ဟောပြောသည်မှာ ကျွန်တော်သည် တောင်ငူသို့ တရားဟောရောက်ခဲ့သည်မှာ များပါပြီ။ သို့သော် ပရိသတ်၏ မျက်နှာကို မကြည့်ရဲပါ။ ဘာကြောင့်လဲ တိုင်းပြည်တိုးတက်မှု ကတိကောင်း မပေးနိုင်ခဲ့လို့ပါ။ ယခုတော့ ပရိသတ်၏ မျက်နှာကို ရဲရဲကြီး ကြည့်ရဲရှုရဲပါပြီ။ ဘာကြောင့်လဲ ကတိကောင်းပါလာလို့ပါ။ အားလုံးမျှော်လင့်နေကြတဲ့ လွတ်လပ်ရေးဆိုတာ မဝေးတော့ပါဘူး။ ရှေ့ ဇန်နဝါရီလလယ်လောက်မှာ အမှန်ရမယ်ဆိုတဲ့ ကတိပါဘဲ။ လွတ်လပ်ရေးရပြီး နောက် ၅ နှစ်အတွင်းမှာ ရှင်အဇ္ဇဂေါဏ မတဲ့ကိန်းလို ဗမာတွေ ရွှေမိုယ်းငွေမိုယ်းရွာစေရမယ်ဆိုတဲ့ ကတိကို ရဲရဲကြီး ပေးပါတယ်။ သို့သော် ထိုင်နေကြလို့ရမှာ မဟုတ်ဘူး။ ယခုတော့ နိုင်ငံကတော့ ချမ်းသာတဲ့ နိုင်ငံပါဘဲ။ လူမျိုးက မွဲနေတယ်။ ကျွန်း၊ သစ်၊ သတ္တု၊ ရေနံ၊

ဆန်စပါးအားဖြင့် တနှစ်လျှင် ကုဋေ ၅၀ ကျော် ခနရှင်နယ်ချဲ့တို့ လက်ဝယ်သို့ ယခင်က ရောက်ရှိခံစားရတယ်။ ယခု ကျွန်ုပ်တို့မှာ အာဏာတွေ့ရပါပြီ။ ခေါင်းဆောင်တွေက နည်းမှန်လမ်းမှန်လုပ်သလို လူထုကလဲ လမ်းမှန်လိုက်ဘို့ လိုပါတယ်။

တနှစ်လျှင် ကုဋေ ၂၀၀ ကျော်ဝင်မည်။ အားလုံးထောက်လှမ်းပြီးပြီ။ လူထုကလဲ တာဝန်အသီးသီး ထမ်းပြီး အားတိုက်လုပ်လိုက်ကြလျှင် ရွှေမိုးငွေမိုး မရွာနိုင်စရာ မရှိပါဘူး။ ပဋ္ဌမအရေးကြီးဆုံးဖြစ်တဲ့ ငြိမ်ဝပ်ပိပြားရေးကိုလဲ ယခုပင် နှိမ်နင်းဆဲပါဘဲ။ အမိန့်ဥပဒေများ ထုတ်ပြီးတါကိုလဲ သိကြပါလိမ့်မယ်။ လွတ်လပ်ရေးကို နှောင့်နှေးစေတဲ့ လက်နက်ပုန်းထားခြင်း၊ ဒမြတိုက်ခြင်းတို့ကို ချေမှုန်းပစ်ရမယ်။ လူထုကလဲ ကူညီကြပါ။ ငွေ ၂ သိန်းတိုက်သွားတဲ့ ဒမြဖြစ်စေ၊ ကြက် ၂ ကောင်တိုက်သွားတဲ့ ဒမြဖြစ်စေ၊ လက်ဝါးကပ်စင်မှာတင်ပြီး သေနတ်နှင့်ပစ်သတ်မှာဘဲဟု မိန့်ကြားပြီးလျှင် တရားပွဲကြီးကို ရုပ်သိမ်းလိုက်ကြောင်း။

၁၉၄၇ ခုနှစ်၊ အောက်တိုဘာ ၁၁ ရက်နေ့၊ မြန်မာ့အလင်းသတင်းစာမှ

မူရင်းစာလုံးပေါင်းသတ်ပုံအတိုင်းဖော်ပြပါသည်။

☆☆☆







လွတ်လပ်ရေးအတွက် နယ်လှည့်၍ တရားဟောထွက်ကြသော ဝန်ကြီးချုပ် သခင်နုနှင့် ကွန်မြူနစ် ခေါင်းဆောင်သခင်သန်းထွန်းတို့အား တောင်ငူမြို့ဖဆပလ ထမင်းစားပွဲကြီးတွင် တွေ့ရစဉ်



**တောင်ငူမြို့တွင် ၇၊ ၁၀၊ ၄၇ နေ့က ဝန်ကြီးချုပ် သခင်နုအမှူးရှိသော ခေါင်းဆောင်များနှင့် စောဘွဲ့ဆင် ဒီဖိုမင်းအမှူးရှိသော ကရင်အမျိုးသားခေါင်းဆောင်များ ဆွေးနွေးပြီးနောက် တွေ့ရစဉ်**







## လူသတ်ဝါဒကို လူထုက လက်မခံတော့ပြီ။

### ၁၉၄၇ ခုနှစ်၊ အောက်တိုဘာ ၁၀ ရက် (သောကြာနေ့)

လူသတ်ဝါဒ ချေမှုန်းရေး နယ်လှည့်တရားပွဲအပြီးတွင် သခင်နု နေအိမ်၌ သတင်းစာဆရာများနှင့် တွေ့ဆုံကာ ရှင်းလင်းပြောကြားပွဲတွင် သခင်သန်းထွန်း၏ ပြောကြားချက်ကို အောက်တိုဘာ ၁၃ ရက်၊ မြန်မာ့အလင်းသတင်းစာဖော်ပြချက်ကို ပြန်လည်ဖော်ပြပါသည်။ *(စီစဉ်သူ)*

**ခေါင်းဆောင်များနှင့်အတူတကွ သတင်းစာဆရာများအား မိန့်ကြားချက်။**

လက်နက်ပုန်းအများဆုံးရှိပြီး ဒမြမှုအများဆုံး၊ လူသတ်မှုအများဆုံး ဖြစ်ပွားနေသော တောင်ငူ၊ ဖြူး၊ ပျဉ်းမနား၊ တပ်ကုန်း၊ လယ်ဝေး စသောမြို့များသို့ ခရီးထွက်လျက် လူသတ်ဝါဒကို ပပျောက်အောင် ချေမှုန်းတော့မည့်အကြောင်းကို လိုက်လံဟောပြောပြီးနောက် ပြန်ရောက်လာကြသော ဝန်ကြီးချုပ်သခင်နုက အောက်တိုဘာလ ၁၀ ရက်နေ့ ညနေ ၃ နာရီအချိန်တွင် ၎င်း၏နေအိမ်၌ သတင်းစာဆရာများအား ဘိတ်ကြားလျက် အကြိုးအကြောင်းပြောပြကာ တိုင်ပင် ခြင်းပြုကြောင်း။ သခင်နုနှင့် လိုက်ပါသော ဖဆပလ အဖွဲ့ချုပ် အထွေထွေအတွင်း ရေးမှူး ဦးဗဆွေ(ဆိုရှယ်လစ်)။ ပြည်သူ့ရဲဘော်တပ်ဖွဲ့ ဗိုလ်စိန်မှန်။ အစိုးရပြန်ကြားရေး ဌာန သတင်းထောက် ဦးပုလေးနှင့် ကွန်မြူနစ်ပါတီခေါင်းဆောင် သခင်သန်းထွန်း တို့က ကိုယ်တွေ့မျက်မြင်များကို အနည်းငယ်စီ ရှင်းလင်းပြောပြကြကြောင်း။

**အထူးတလည် သဘောကျပုံ**

သခင်နုက ယခုကဲ့သို့ လူသတ်ဝါဒချေမှုန်းမည့်အကြောင်းကို ဟောပြောရာ တွင် လူထုက အထူးတလည်သဘောကျကြောင်း။ ကြက် ၂ ကောင်တိုက်သော ဒမြကိုပင် ကားစင်တင်ပြီး သေနတ်နှင့် ပစ်သတ်မည်ဟု အစိုးရက ကျေညာသည် ကို သာလွန်ပိုမို၍ သဘောကျကြကြောင်း။ ထိုအမိန့်ထုတ်သည်မှာ နောက်ပင်ကျနေ သေးသည်ဟု ပြောသံများကြားခဲ့ရကြောင်း တချို့က ဒီထက်ပြင်းထန်သော အပြစ် ဒဏ်များကိုပင် ထုတ်ပြန်သင့်သည်ဟု အကြံပေးကြသေးကြောင်း။

အဆိုပါနယ်များ၌ လူသတ်ဝါဒကြောင့် လူထုမှာ အလွန်တရာ ငြီးငယ်စွာ နှင့် ကျီးလန့်စာစား နေထိုင်ရစဉ် ယခုကဲ့သို့ လူသတ်ဝါဒကို ချေမှုန်းတော့မည်ဟု ပြောလိုက်သဖြင့် လူထုမှာ မျှော်လင့်ချက်အသစ် ရလာသကဲ့သို့ ရွှင်ပျလာကြသည်ကို





တွေ့ခဲ့ရကြောင်း။ အကျဉ်းချုပ်ကို ဘော်ပြရလျှင် လူသတ်ဝါဒကို လူထုက လက်မခံ တော့ပြီ။ အားမငယ်တော့ပြီ။ လူထုလက်မခံသော ဝါဒသည် ကြာရှည်ခံတော့မည် မဟုတ်ကြောင်း။ မကြာမီ မျိုးဖြုတ်လိမ့်မည်ဟု ယူဆရကြောင်း။

**ဘိလပ်က ပြန်လာမှ။**

သို့အတွက် ဗမာပြည်မှာ လူထုကို နှိပ်စက်ညှဉ်းဆဲနေသော လူသတ်ဝါဒ အတွက် ချေမှုန်းရေးတရားကို ဘိလပ်မှ ပြန်လာသောအခါ အခြားနယ်များသို့ ထွက်ပြီး ဆက်လက်၍ ဟောပြောရန် ကြံရွယ်ထားကြောင်း။ ရန်ကုန်မှ ယခုလ ၁၂ ရက်နေ့ လောက်မှာ ဘိလပ်သို့ လိုက်သွားပြီး အရေးကြီးသော ကိစ္စများအတွက် လက်မှတ်ရေးထိုးကာ ၂၃ ရက်နေ့လောက်တွင် ပြန်လာမည်ဖြစ်ကြောင်း။ ရန်ကုန်ပြန် ရောက်သည့်အခါ တပတ်လောက်နားနေပြီး နယ်သို့ ထွက်ဘို့ရန် စီစဉ်ထားကြောင်း နှင့် သခင်နုက ပြောပြကြောင်း။

*(သခင်နုမှာ နယ်သို့ထွက်ရာမှ ခရီးပင်ပန်းလွန်း၍ ၎င်းတရားဟောရလွန်း၍၎င်း အသံများပင် ဝင်နေတော့သည်။)*

**ကိုယ်တွေ့မျက်မြင်များ။**

သခင်နုပြီးလျှင် ဦးဗဆွေက ကိုယ်တွေ့မျက်မြင်များကို ပြောပြသည်မှာ ဖြူးနှင့် တောင်ငူပျဉ်းမနားတို့မှာ လူသတ်ဝါဒ အထူးပင်ထွန်းကားသောနယ်များ ဖြစ်ကြောင်း။ ပျဉ်းမနားနယ်တွင် အစိုးရအာဏာနှင့် အုပ်ချုပ်နေသော သူကြီးဒိုင် အနည်းငယ်သာရှိ၍ ဒမြဂိုဏ်းများက အုပ်ချုပ်နေသောအပိုင်းများစွာ ရှိကြောင်း။ ပျဉ်းမနား တပ်ကုန်းတို့မှာ သူကြီးဒိုင် ၁၀ ဒိုင်စီခန့်သာရှိ၍ ကျန်နယ်များတွင် ဒမြဂိုဏ်းတွေက ဆက်ကြေးယူပြီး အုပ်ချုပ်စီရင်နေကြောင်း။ တပ်ကုန်းမှာ ၄ ဒိုင် ၅ ဒိုင်သာ သူကြီးရှိတော့ကြောင်း။

သို့သော်လည်း ဒမြဂိုဏ်းများသည် တဂိုဏ်းနှင့် တဂိုဏ်း ဂုဏ်ထူးဂုဏ်ပြိုင် ဖြစ်နေကြကြောင်း။ ဗိုလ်အချင်းချင်း တွဲနေကြကြောင်း။ ရွာများသာ နစ်နာတော့ ကြောင်း။ ဒမြဗိုလ်များသည် အကွယ်အကာမှာ မနေကြဘဲ ကျည်းထောင့်ကန်ကဲ့သို့ သောမြို့တွင်ပင် ထင်ထင်ပေါ်ပေါ် နေကြကြောင်း။ ၎င်းတို့ စီရင်ပုံမှာ လူတယောက် ကို သေနတ်နှင့် ပစ်ပါသည်ဟုတိုင်လျှင် ပစ်သူသည် မတော်တဆ **ပစ်မပစ်**

စစ်ဆေးပြီး မတော်တဆဆိုလျှင် လျော်ကြေးငွေ ၁၀ဝ ပေးစေဆိုလျက် စီရင်ချက် ချလေ့ရှိသည်ဟု ကြားသိခဲ့ရကြောင်း။

ပျဉ်းမနားခရိုင်တခုတည်းမှာ ဗြိတိသျှစစ်အုပ်ချုပ်ရေးလက်ထက်မှ ယခုအထိ လူသတ်မှုပေါင်း ၂၀၀၀ ရှိပြီဖြစ်ကြောင်း။ တခြားမသိရသော အမှုများမှာ ကျန်သေးကြောင်း။ ဤမျှ ဆိုးဝါးနေသော လူသတ်ဝါဒကို အစိုးရက ချေမှုန်းတော့ မည်ဆို၍ လူများသည် အထူးတလည်ဝမ်းသာအားရဖြစ်လျက်ရှိကြကြောင်းနှင့် ပြောကြားကြောင်း။

**စစ်မျက်စိနှင့်ကြည့်လျှင်။**

ဗိုလ်စိန်မှန်က စစ်မျက်စိနှင့် ကြည့်ပြီး ပြောပြသည်မှာ ထိုအရပ်များ၌ လူသတ်ဝါဒထွန်းကားနေသည်မှာ (၁) တော်လှန်ရေးလုပ်ခဲ့သော နယ်ပယ်များဖြစ်၍ တော်လှန်ရေးစိတ်ဓာတ်တွေ တဖွားဖွားဖြစ်နေသော လူငယ်လူရွယ်များရှိခြင်း။ (၂) လက်နက်ပုန်းများစွာ ရှိ၍ ပြစ်မှုကို လွယ်ကူစွာ ကျူးလွန်ဖြစ်ခြင်း။ (၃) ပြစ်မှုကျူးလွန်ပြီး တိမ်းရှောင်ခိုအောင်းစရာ တော်တော်များ အဆင်သင့်ရှိခြင်း စသော အကြောင်းရင်းများရှိ၍ အဆိုပါ တောင်ငူ၊ ဖြူး၊ ပျဉ်းမနားနယ်များ၌ လူသတ်မှု၊ ဒမြမှုများ ထူပြောလျက် ရှိကြောင်း။ ထိုနယ်များကို တပ်သားများနှင့် စနစ်တကျ နှိမ်နင်းလိုက်ရမည်ဆိုလျှင် လူထု၏ အကူအညီဖြင့် မကြာမီ နှိမ်နင်းမိလိမ့်မည်ဟု ယုံကြည်ကြောင်း။ မိမိကိုယ်တိုင် တပ်ကို ခေါင်းဆောင်၍ ချီတက်ပြီး နှိမ်နင်းမည်ဟု ပြောပြကြောင်း။ ၎င်းပြင် ဗိုလ်စိန်မှန်က ဆက်လက်ပြောပြ သည်မှာ တော်လှန်ရေးသမားထဲက လူအချို့တို့နှင့်တွေ့၍ ၎င်းတို့သည် လွတ်လွတ်လပ်လပ်ရေးကို ဗြိတိသျှကမပေးဘဲ ညစ်ထားလျှင် ပြန်၍ ခုခံဘို့ အင်အားနှင့် လက်နက်များ စုထားကြောင်းပြောရာ ဗိုလ်စိန်မှန်က လွတ်လပ်ရေးကို ရမှာအမှန်ပဲ။ အကယ်၍ ရီးတီးရားတားလုပ်နေလျှင် မင်းတို့က ချစရာမလိုဘူး။ ဖ-ဆ-ပ-လ အစိုးရကိုယ်တိုင်က ဂိုဒေါင်ထဲမှာရှိတဲ့ လက်နက်များနှင့် ထပြီးချမှာဘဲဟု ပြောသောအခါမှ သူတို့ သဘောပေါက်သွားကြောင်း။ သို့အတွက် လူထုက လူသတ်ဝါဒကို ရွံမုန်းပြီး လက်မခံဘဲရှိနေစဉ် နှိမ်နင်းက လူထုထံမှ ရရှိသော အကူအညီနှင့် မုချအောင်မြင်ရမည်ဟု အားရပါးရ စိတ်အားထက်သန်စွာ ပြောပြကြောင်း။





**တနှစ်ပြည့်သောနေ့။**

ဦးပုကလေးက သခင်သန်းထွန်းအား အချိန်ပေးသော သဘောနှင့် အနည်းငယ်ပြောပြပြီးလျှင် သခင်သန်းထွန်း(ကွန်မြူနစ်)က ဝါဒမတူသော အဖွဲ့အချင်းချင်း သေနတ်ပြပြီး ဗိုလ်လုရာမှ လူသတ်ဝါဒ ပေါ်ပေါက်လာရခြင်း ဖြစ်ကြောင်း။ သို့သော်လည်း လူသတ်ဝါဒသည် ဘာမျှ အရာမရောက်ကြောင်း။ သို့အတွက် ကွန်မြူနစ်တို့က လူသတ်ဝါဒကို ချေမှုန်းရာ၌ ကိုယ်ဘိရင်ဘိ ပါဝင် ကူညီနေကြောင်း။ ကွန်မြူနစ်၊ ဆိုရှယ်လစ်။ ပြည်သူ့ရဲဘော်တို့အားလုံး ညီညွတ်စွာ တွန်းလှန်နေခြင်းကို လူထုက မြင်ရသောအခါ များစွာ အားရခြင်းဖြစ်ကြသည်ကို တွေ့ခဲ့ရကြောင်း။ ဖ-ဆ-ပ-လ မှ ကွန်မြူနစ်ပါတီကို ထုတ်ပယ်လိုက်သော နေ့မှာ ယမန်နှစ်က အောက်တိုဘာလ ၁၀ ရက်နေ့ဖြစ်ရာ ယခု အောက်တိုဘာ ၁၀ ရက်နေ့တွင်တွင် တနှစ်ပြည့်မြောက်သော နေ့ဖြစ်ကြောင်း။ ဤကဲ့သို့ တနှစ်ပြည့် ခြင်းနှင့် တိုက်ဆိုင်နေသော နေ့တွင် ယခုလို ပါတီခေါင်းဆောင်များ ညီညီညွတ်ညွတ် နယ်ထွက်၍ အလုပ်လုပ်ခဲ့ကြပြီး ယခုလို သတင်းစာဆရာများရှေ့မှာ ပြန်၍ မျက်နှာစုံညီတွေ့ကြရသည်ကို ဝမ်းမြောက်ကြောင်း။ ယခုလို ပါတီခေါင်းဆောင်များ မျက်နှာစုံညီတွေ့ဆုံရန်နှင့် ဓာတ်ပုံအတူတကွ တွဲရိုက်ရုံနှင့် ညီညွတ်ရေး မဖြစ်နိုင် ကြောင်း။ လွတ်လပ်မည့် ဗမာပြည်အတွက် အရေးကြီးသော လုပ်ငန်းများ လုပ်ဆောင်ရန် များစွာ ကျန်ရှိနေသေးသဖြင့် လုပ်ငန်းစဉ်များတွင်လည်း အတူတကွ ညီညီညွတ်ညွတ် ပူးပေါင်းလုပ်ကိုင်သွားကြမှသာ ညီညွတ်ရေးအစစ်အမှန် ဖြစ်ကြောင်းနှင့် အကျယ်တဝင့်ပြောပြကြောင်း။ ထိုနောက် သတင်းစာဆရာများ အစည်းအဝေးကို ရုပ်သိမ်းပြီးလျှင် ဝန်ကြီးချုပ်သခင်နုက ခေါက်ဆွဲ၊ လဘက်ရည်အ ချိုတို့ဖြင့် ဧည့်ခံကြောင်း။

၁၉၄၇ ခုနှစ်၊ အောက်တိုဘာ ၁၃ ရက်၊ မြန်မာ့အလင်းသတင်းစာမှ

မူရင်းစာလုံးပေါင်းသတ်ပုံအတိုင်းဖော်ပြပါသည်။

☆☆☆



## နယ်အခြေအနေ
## ၁၉၄၇ ခုနှစ်၊ အောက်တိုဘာ ၁၀ ရက် (သောကြာနေ့)

၁၉၄၇ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့၊ ညနေ ၃-နာရီအချိန်တွင် ဝန်ကြီးချုပ်သခင်နုက ၎င်း၏ နေအိမ်တွင် သတင်းစာဆရာများအား ဖိတ်ခေါ်ပြီး ပြုလုပ်ခဲ့သော ရှင်းလင်းပွဲ၌ပင် သခင်သန်းထွန်း၏ ပြောကြားချက် အသေးစိတ်ကို မြန်မာနိုင်ငံတော်အစိုးရ၊ ပြန်ကြားရေးနှင့် အသံလွှင့်ဌာနမှ ထုတ်ဝေသော 'လူသတ်ဝါဒကို အစိုးရက စစ်ကြေညာပြီ'စာအုပ်တွင် ဖော်ပြထားရာကို ပြန်လည်ဖော်ပြအပ်ပါသည်။ (စီစဉ်သူ)





## သခင်သန်းထွန်း၏ ပြောပြချက်

သခင်သန်းထွန်းက ရှင်းလင်းပြောပြသည်မှာ –

ခု ကျွန်တော်တို့ ပျဉ်းမနားနဲ့ တောင်ငူနယ်နှစ်နယ်ကို ရောက်ခဲ့ကြတယ်။ ဟိုနယ်တွေကိုရောက်တော့ ဆိုးတာက ကြည့်လိုက်တဲ့အခါ လူသတ်ဝါဒထွန်းကားတယ်။ နာမည်ကြီးတယ်။ တဘက်က ကြည့်ရင် ဘာတွေ့ရသလဲဆို တောင်ငူနဲ့ ပျဉ်းမနားက လူတွေဟာ တော်တော်ကလေး ချီးမွမ်းစရာတွေ့တာက တခြားမဟုတ်ဘူး။ ဟို ၁၉၄၅ ခုနှစ် ဂျပန်ကို တော်လှန်စဉ်တုန်းက တောင်ငူနဲ့ ပျဉ်းမနားနယ်ဟာ အကြီးအကျယ် တိုက်ပွဲတွေ အများကြီး လုပ်ခဲ့တယ်။ တောင်ငူတခုထဲမှာ အင်္ဂလိပ်စစ်တပ်ကိုယ်တိုင် ဝန်ခံရတာက ဂျပန်တော်လှန်ရေးမှာ တပ်မတော်နဲ့ ပျောက်ကြားတွေရဲ့ လက်ချက်ကြောင့် ဂျပန်စစ်သား ၈၀၀၀ ကျော် ကျဆုံးခဲ့ရတယ်။ ပျဉ်းမနားနယ်မှာ ဆိုရင်လဲ ဂျပန်ရဲ့ ၅၄ နံပါတ် တပ်ကြီးတတပ်လုံး ပြုတ်သွားတယ်။ တတပ်လုံး ပျောက်ကြားရဲ့ လက်ချက်ကြောင့် လက်ဖတင်နင်ဂျင်နယ်၊ ဂျနရယ်တို့ပါ ကျဆုံးသွားရတယ်။ ဒါကိုကြည့်ပါ။

ပျဉ်းမနားနဲ့ တောင်ငူဟာ တော်လှန်ရေးတုန်းက အတော်ထူးချွန်ခဲ့တယ်။ ဒီနောက် လူထုဟာ အမြင်တော်တော် နိုးကြားလာတယ်။ ဦးပုကလေး ပြောသွားပါတယ်။ တရားပွဲတပွဲတပွဲမှာ လူထုဟာ တသောင်း – နှစ်သောင်း – သုံးသောင်း ဆိုသလို ရှိတာဟာ တနေရာထဲမဟုတ်ဘူး။ နေရာပေးတဲ့ နေရာတိုင်းမှာ ရှိနိုင်တယ်။ တရက်နှစ်ရက်အတွင်း ဒီလောက်လူထုကို စုရုံးနိုင်တယ်ဆိုတာ လူထုနိုးကြားမှု ဘယ်လောက်ရှိတယ်ဆိုတာ သိနိုင်တယ်။ လာရတဲ့ ခရီးကလဲ အေးအေးဆေးဆေး လာရတာ မဟုတ်ဘူး။ ၁၀ မိုင် ၁၅ မိုင် ၂၅ မိုင်ဆိုသလို ညအိပ်ညနေ လာကြရတယ်။ တချို့ နို့စို့ကလေးကို ချီပြီး လာကြတယ်။ နေပူကြဲတဲကြီး

လမ်းမှာ ထမင်းထုပ်ပါတာ မဟုတ်ဘူး။ ထမင်းအငတ်ခံပြီး ခေါင်းဆောင်တွေ ဟောပြောပွဲကိုလာပြီး နားထောင်ကြတယ်။ လူထုဟာ ဘယ်လောက်စိတ်တက်ကြွ တယ်ဆိုတာ ပြပါတယ်။

ကျွန်တော်တို့ ဗိုလ်ချုပ်ကျဆုံးတာနဲ့ ပါတ်သက်ပြီး နိုင်ငံရေးစိတ်ဓာတ်တွေ ဟာ လျော့ကျသွားမယ်လို့ ထင်ရပေတဲ့။ အခုလို ကျွန်တော်တို့သွားတဲ့အခါ အထူးသဖြင့် ဖဆပလနဲ့ ကွန်မြူနစ်အတူသွား အတူလာတာကို မြင်တဲ့အခါ သူတို့မှာ မျှော်လင့်ချက်တမျိုး ဝင်လာတယ်လို့ သိရတယ်။

ဟိုနယ်မှာ ဘယ်လိုဖြစ်နေသလဲဆိုရင် နိုင်ငံရေးအားဖြင့် လူသတ်တဲ့ကိစ္စ တွေ ဖြစ်နေတယ်။ ဘယ်လိုလဲဆိုလျှင် ကျွန်တော်တို့ အကြွင်းမဲ့ ယုံကြည်တဲ့ နိုင်ငံရေးပါတီက တခြားပါတီကို ဒီမိုကရေစီနည်းအရ တိုက်ရမယ်။ ကိုယ့်ရဲ့ ယုံကြည်ချက်ကို လူထုအား ဖွင့်ပြောရမယ်။ ဘာပါတီဘဲဖြစ်ဖြစ် ကြိုက်တာလုပ်။ လူထုလက်ခံအောင် လုပ်ကြရမယ်။ ခုတော့ လူထုကြိုက်နေတဲ့ ဝါဒကို လူထုအား လက်မခံပေးဘဲ သေနတ်ပြပြီး အတင်းသိမ်းသွင်းတတ်ပါတယ်။ ခေါင်းဆောင်တွေ ကိုလဲ ချောင်းမြောင်းသတ်၊ ဖြောင်သတ် စသည်ဖြင့် အမှားကြီးဖြစ်လာတယ်။ ကျွန်တော်တို့ ဒီလိုတရားသဖြင့် လူထုလက်ခံအောင် လုပ်ရမဲ့အစား မတရားသဖြင့် သေနတ်နဲ့ အနိုင်ကျင့်ပြီး လုပ်တာကိုတော့ ကျွန်တော် စက်ဆုတ်ပါတယ်။ ပါတီရုံးတွေကိုဖြစ်စေ၊ အဖွဲ့ရုံးကိုဖြစ်စေ၊ ဆိုင်းဘုတ်ကိုဖြစ်စေ ဆွဲချကြတာလဲ ခဏခဏ ဖြစ်ပွားနေတယ်။ ကျွန်တော်တို့ နိုင်ငံရေးကို ရှင်းပြတဲ့အခါ လူထုဟာ လုံးဝ လက်ခံတယ် ထင်ပါတယ်။ ဟိုမှာ ပါတီအနိုင်ကျင့်သမားဟာ ဝါဒအမှန်နှင့် စည်းရုံးခြင်းမရှိဘဲ မတရားစည်းရုံးမှုများ အများကြီးရှိတယ်။ ဒီက ခေါင်းဆောင် များသွားပြီး လူထုကို ရှင်းပြတဲ့နေရာမှာ အများကြီးနှစ်ခြိုက်တယ်လို့ ယူဆတယ်။

နောက်ပြီး လူသတ်ဝါဒဟာ ဘယ်လိုဖြစ်သလဲဆိုရင် ခုတွင်က ပြောတဲ့ အတိုင်း နိုင်ငံရေး တပါတီနဲ့တပါတီ စည်းရုံးတဲ့နေရာမှာ လက်နက်အားကိုးနဲ့ လုပ်ကြခြင်း၊ နောက်တခုက မည်သူမည်ဝါကဖြစ်စေ၊ နှိပ်စက်လို့ မခံမရပ်နိုင်ကြ လို့လဲ ဖြစ်တတ်တယ်။ တဦးခေါင်းဆောင်တဲ့ ဝါဒစံနစ်တခု ပြောင်းလဲတဲ့ နေရာမှာ မမှန်ရင် မအောင်မြင်နိုင်ဘူး။ အိန္ဒိယပြည်မှာလဲ ဒီလူသတ်ဝါဒဟာ မအောင်မြင်ခဲ့ ဘူး။ နှစ်ပေါင်း သုံးလေးဆယ် လုပ်မဖြစ်ခဲ့ဘူး။ အရာရှိတယောက်နှစ်ယောက်ကို သတ်ရုံနဲ့လဲ စံနစ်တခုလုံးကို မပြောင်းလဲနိုင်ခဲ့ဘူး။ အခုဆိုလျှင် လက်ရှိအခြေအနေ





မှာ ကျွန်တော်တို့ဟာ တိုင်းပြည်ကို နှိပ်စက်တဲ့ အရာရှိ၊ ဆိုးသွမ်းတဲ့ အရာရှိ ပေါ်ပေါက်လျှင် သက်သာနိုင်တဲ့ဟာတွေ၊ ဖြေရှင်းနိုင်တဲ့ဟာတွေ အများကြီးရှိ တယ်။ သူတွေဟာ တရားသဖြင့် နိုးနိုးကြားကြား စည်းရုံးမှုရှိနေတယ်။ တဘက်က တိုင်းပြည်က ယုံကြည်တဲ့ အစိုးရအဖွဲ့ရှိနေတယ်။ ဒီလိုအခါမျိုးမှာ ပေါ်လာတဲ့ အရာရှိကို အလွယ်တကူ နှစ်ဘက်ညှပ်တိုက်လိုက်ရင် မတရားတဲ့အရာရှိများ ပပျောက်စရာလမ်း အများကြီးရှိပါတယ်။ အရာရှိတယောက်ဟာ ရတဲ့အာဏာကို မတရားအလွဲသုံးစား လုပ်နေကြတာလဲ အများကြီးရှိတယ်။ ဒါတွေကို နှစ်ဘက် ညှပ်တိုက်ရင် လုံးဝ ပပျောက်နိုင်ပါတယ်။

ဒါနဲ့ပါတ်သက်ပြီး တပ်ကုန်းဘက်မှာ အမှုတခုဖြစ်လို့ ကျွန်တော် တိုင်တဲ့ အကြောင်းကတော့ လူကြီးတယောက်ရဲ့ တပည့်တယောက်ဟာ မိန်းကလေး ငါးယောက် ရေခပ်သွားတဲ့နေရာမှာ မိန်းကလေးတစ်ယောက်ကို သေနတ်နဲ့ ပစ်တယ်။ ဒီအကြောင်းတိုင်တဲ့အခါ ကျွန်တော်တို့ဝန်ကြီးချုပ်က ချက်ချင်းအရေးယူ ရမယ်လို့ အမိန့်ချခဲ့တယ်။ သေနတ်ပစ်တဲ့လူ ဆင်ခြေပေးတာက မတော်တဆ ကျည်ဆံထွက်ပြီး ထိသွားပါတယ်လို့ ထုချေတယ်။ ကျွန်တော်တို့ ဝန်ကြီးချုပ်က ဒါဟာ မတော်တဆ မဟုတ်နိုင်ဘူး။ တမင်လုပ်တဲ့ ကိစ္စဖြစ်ရမယ်။ တရားဥပဒေအရ ထိုက်သင့်သလို အမြန်အရေးယူဘို့ အမိန့်ပေးလိုက်တယ်။ အဲဒီလို လူထုက နိုးကြားနေတဲ့အခါမှာ မတရားမှုတွေဟာ နည်းနိုင်သမျှနည်းဘို့ အမြဲရှိတယ်။

နောက်တခုပြောချင်တာက တိုင်းပြည်မှာ အရင်တုန်းက နယ်ချဲ့စံနစ်ဟာ နှစ်ပေါင်း ၁၀၀ ကျော် အုပ်စိုးလျက်ရှိခဲ့တဲ့ စစ်တပ်။ နယ်ချဲ့စံနစ်၊ ဖြူရိုကရက်စနစ် တို့ကို ခံနေရစဉ် မခံနိုင်လို့ သာယာဝတီ ဆရာစံသူပုန် ၁၉၄၂ ခုနှစ်က အဖြစ်အပျက်၊ ၁၉၄၅ ခုနှစ် ဂျပန်ကို တော်လှန်ခဲ့ကြတယ်။ ပြီးတော့ အင်္ဂလိပ် ရောက်စကလဲ အင်္ဂလိပ်အရာရှိများကို ခံချတာ အများကြီးရှိသေးတယ်။ ဒီတုန်းက ခံချတာ တရားတယ်။ မှန်တယ်။ အင်္ဂလိပ်ရဲ့ စစ်တပ်နယ်ချဲ့ရဲ့ လက်ဝါးစေတွေဟာ တိုင်းသူပြည်သားတွေကို မတရားနှိပ်စက်လို့ ချခဲ့ကြတယ်။ သို့သော် ခုအခါ ခေတ်ပြောင်းလာပြီ။ လွတ်လပ်ရေးဟာ နီးကပ်နေပြီ။ ဗမာပြည်ရဲ့ သမဂ္ဂ၊ ဗမာပြည်ရဲ့ ဝန်ကြီးချုပ်၊ ဗမာ့အလံတော် အစရှိတဲ့ လွတ်လပ်ရေးအဆောင်အရောင် တွေ ရှိလာပေတဲ့ အကောင်အထည်ဖြစ်အောင်လုပ်မှ လွတ်လပ်ရေးအကောင် အထည် ဖြစ်လာမယ်။ သို့မဟုတ်လျှင် အခက်အခဲအများကြီး တွေ့စရာရှိတယ်။

အေးအေးဆေးဆေး မပြီးနိုင်ဘူး။

ရန်ကုန်မှာ အစိုးရက တိုင်းပြည်အကျိုးရှိဘို့အတွက် စေတနာကောင်းနဲ့ သွင်းကုန်ကို ပိတ်ပင်လိုက်တယ်ဆိုလျှင်ဘဲ ဗြူရိုကရက် လက်ပါးစေတွေက ကုန်ဈေးတွေ တက်အောင် လုပ်လိုက်ကြခြင်းအားဖြင့် အစိုးရကို ဂျောက်ချခဲ့တယ်။ နောက်ကိုလဲ လက်ပါးစေတို့ရဲ့ လက်ချက်တွေကြောင့် ပြည်တွင်းရေး ရှုပ်ထွေးအောင် လုပ်မှာတွေ အများကြီးရှိသေးတယ်။ အစိုးရက တိုင်းပြည်ကောင်းအောင် လုပ်ပေးတဲ့ အစိုးရကို အနှောက်အယှက်ဖြစ်အောင် လုပ်ကြအုံးမယ်။ ဒါကြောင့် လူထုဟာ တိုက်ပွဲ မပြီးသေးတဲ့အပြင် တိုက်ပွဲတွေကို အသွင်အမျိုးမျိုးနဲ့ ဆက်ပြီး တိုက်စရာတွေ အများကြီး ရှိသေးတယ်လို့ ဆိုချင်တယ်။ လူထု ပိုပြီးနိုးကြားဘို့လဲ အရေးကြီးတယ်။ ဒီတော့ လူတွေရဲ့စိတ်ထဲမှာ ကိစ္စပြီးပြီဆိုတဲ့ သဘောမျိုးထက် အန္တရာယ်တွေ အများကြီး ရှိသေးတယ်ဆိုတာ စိတ်ဝင်စားနေဘို့လိုပါတယ်။။

နောက်တခုမြင်တာက ဖဆပလ ကနေပြီး ကွန်မြူနစ်ကို ထုတ်ပစ်သည့် နေ့မှာ ကနေ့ အောက်တိုဘာလ ၁၀ ရက်နေ့သည် တနှစ်စေ့မြောက်တဲ့ နေ့ဖြစ်ပါတယ်။ အဲဟိုနေ့ ဟိုအချိန်မှာ ထုတ်လိုက်သော်လည်း ခေါင်းဆောင်အသီးသီးဟာ ညီညွတ်မှုရအောင် ကြိုးစားလာကြတာ နီးစပ်သလိုတော့ ရှိပါတယ်။ လုံးဝညီညွတ်ဘို့မှာ ခုတော့ မဖြစ်သေးဘူး။ ခေါင်းဆောင်များ အတူတွဲပြီး တရားဟော အတူတွဲပြီး ဓာတ်ပုံအရိုက်ခံရုံနဲ့ ညီညွတ်ရေး မဖြစ်နိုင်ဘူး။ တိုက်ပွဲထဲကမှ ညီညွတ်မှု ဖြစ်လာနိုင်မယ်၊ တိုက်ပွဲအတူလုပ်မှ ညီညွတ်မှုဖြစ်မယ်။ တဦးကိုတဦး သတ်ဖြတ်။ တပါတီနဲ့ တပါတီ အနိုင်ကျင့်တာတွေကို တိုက်ဖျက်ရင်း ညီညွတ်ရေးဟာ နီးစပ်ပါ့လိမ့်မယ်။ ရှေ့ကို လုံးဝ ညီညွတ်ရေးဖြစ်မယ်လို့ ယုံကြည်တယ်။ ကျွန်တော့် ထင်မြင်ချက်ကတော့ ဒါပါဘဲဟု ဟောပြောကြောင်း။

မှရင်းစာလုံးပေါင်းသတ်ပုံအတိုင်းဖော်ပြပါသည်။

☆☆☆







## သခင်သန်းထွန်း၏ အမိပွါယ်ကောက်ယူချက်

၁၉၄၇ ခုနှစ် ဒီဇင်ဘာ ၈ ရက် (တနင်္လာနေ့) (ပြည်သူ့အာဏာဂျာနယ်)

ကွန်မြူနစ်ခေါင်းဆောင် သခင်သန်းထွန်းသည် နအက်တလီစာချုပ် ဝေဖန်ပွဲတခု၌ ဤသို့ပြောခဲ့သည်။

ဗမာပြည်မှာ လူတိုင်းလွတ်လပ်ရေးကို လိုချင်ကြတာဘဲ။ အင်္ဂလိပ်နဲ့ အင်္ဂလိပ်သူလျှိုတွေသာ မလိုချင်ကြတာ။ ကျွန်တော်တို့လဲ လွတ်လပ်ရေးကို လိုချင်တာဘဲ။

နအက်တလီစာချုပ်ကြီးအရ ဇန်နဝါရီလ ၄ ရက်နေ့မှာ အချုပ်အခြာအာဏာပိုင်တဲ့ လုံးဝ လွတ်လပ်တဲ့ နိုင်ငံအဖြစ် ဗမာပြည်ကို ကြေညာနိုင်တယ်ဆိုတဲ့ အပိုဒ်ကို ကျွန်တော် လုံးဝထောက်ခံတယ်။ . . . .။

ဗမာပြည်က ဘာကြောင့်လွတ်လပ်ရေးအတွက် တိုက်ခိုက်ခဲ့ကြသလဲ။

ရာရှင်ကိုယ်စားလှယ် လုပ်ချင်လို့လား နို့ဆီဘူးကလေးအစ ဘာလေးအစ လိုချင်လို့လား။ အဲဒါတွေမဟုတ်ဘူး၊ လူတန်းစေ့နေချင်လို့သာ ဖြစ်တယ်။

အဲဒါကြောင့် လူတန်းစေ့တဲ့ လွတ်လပ်ရေး အကောင်အထည်ဖြစ်ဘို့ရာအတွက် ၁၉၄၆ ခုနှစ် ဇန်နဝါရီလ ရွှေတိဂုံအလယ်ပစ္စယံမှာ ဗိုလ်ချုပ်အောင်ဆန်းက ဥက္ကဋ္ဌအဖြစ် ကျွန်တော်က အထွေထွေအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး ကျင်းပတဲ့ ဖဆပလညီလာခံ ဆုံးဖြတ်ချက်အတိုင်း အောင်မြင်ထမြောက်အောင် လုပ်ဘို့ လိုတယ်။

အဲဒီပြည်လုံးကျွတ် ဖဆပလညီလာခံကြီးက ဘာတွေ ဆုံးဖြတ်ခဲ့သလဲ။

အရေးကြီးဆုံးတွေကတော့ ဗမာပြည်မှာ အင်္ဂလိပ်တွေ ပိုင်နေတဲ့ သော့ချက်လုပ်ငန်းကြီးတွေဖြစ်တဲ့ ရေနံတွင်း၊ သတ္တုတွင်း၊ ဘော်တွင်း၊ ရွှေတွင်း၊ သစ်တော စတဲ့ လုပ်ငန်းတွေကို ဗမာတမျိုးသားလုံးပိုင်အဖြစ် လျော်ကြေးမပေးဘဲ သိမ်းပိုက်ပစ်ရမယ်။ လူများစုဖြစ်တဲ့ တောင်သူလယ်သမားများကို မွဲပြာကျစေတဲ့





မြေရှင်စံနစ်ကို ဖျက်သိမ်းပြီး လယ်လုပ်သူလယ်ပိုင်စေရမယ်။

အဲဒီ ဖဆပလပြည်လုံးကျွတ်ညီလာခံကြီးရဲ့ ဆုံးဖြတ်ချက်တွေ ထမြောက်အောင်မြင်အောင် လုပ်မှသာလျှင် ဗမာတွေလူတန်းစေ့ လွတ်လပ်ရေးကို ရမှာဘဲ၊ ဒါဟာ ဖဆပလ ပြည်လုံးကျွတ်ညီလာခံကြီးက သတ်မှတ်လိုက်တဲ့ လွတ်လပ်ရေးဆိုတဲ့ အဓိပ္ပါယ်ဘဲ . . . . .။

၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာ ၈ ရက်နေ့ပြည်သူ့အာဏာဂျာနယ်မှ

မူရင်းစာလုံးပေါင်းသတ်ပုံအတိုင်းဖော်ပြပါသည်။

☆☆☆



## အာရှတိုက်၏ စစ်အေးတိုက်ပွဲ (၁၉၄၅ - ၁၉၉၀)

(စက်ဘုအမျိုးသားတက္ကသိုလ် အာရှရေးရာ သုတေသနဌာနရဲ့ ပရိုဂျက်)
ဒုတိယအကြိမ်မြောက် အိန္ဒိယကွန်မြူနစ်ပါတီကွန်ဂရက်၌
ပြောကြားခဲ့သော ဥက္ကဋ္ဌ သခင်သန်းထွန်း မိန့်ခွန်း
၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ (စနေနေ့)





ရဲဘော်ဥက္ကဋ္ဌနဲ့ ရဲဘော်များခင်ဗျား

အိန္ဒိယကွန်မြူနစ်ပါတီ ဒုတိယအကြိမ်ကွန်ဂရက်ကို ဗမာပြည်ကွန်မြူနစ်ပါတီကိုယ်စား ကျွန်တော် နှုတ်ခွန်းဆက်သလိုက်ပါတယ်။

အိန္ဒိယကွန်ဂရက်မှာ ကြံ့ခိုင်အားကောင်းတဲ့ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့နဲ့ ကိုယ်စားပြု တက်ရောက်ခွင့်ရခဲ့ပါတယ်။ ဒါဟာ အိန္ဒိယပြည် ကွန်မြူနစ်လှုပ်ရှားမှုနဲ့ ဗမာပြည်ကွန်မြူနစ်လှုပ်ရှားမှုအကြား ထားရှိတဲ့နှောင်ဖွဲ့မှုကို အားကောင်းနိုင်စေလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

ရဲဘော်တို့ရဲ့ နိုင်ငံလိုပါပဲ ကျွန်တော်တို့တိုင်းပြည်ဟာ ကျွန်တော်တို့ရဲ့ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲသမိုင်းထဲမှာ အရေးအကြီးဆုံးအဆင့်တစ်ခုကို ဖြတ်သန်းနေရဆဲပါ။

အရင်က မကြုံခဲ့ရဖူးတဲ့ ကိုလိုနီပြည်သူများရဲ့ အုံကြွမှုကို ရင်ဆိုင်ခဲ့ရတဲ့အတွက် နယ်ချဲ့စနစ်ဟာ နည်းပရိယာယ်အသစ်တွေ၊ လှည့်စားချက်အသစ်တွေနဲ့ အကြံကုန်ဂဠုန်ဆားချက်လုပ်နေတယ်။ ခုထိ ပြည်သူလူထုနယ်ပယ်ထဲမှာရှိတဲ့ အမျိုးသားခေါင်းဆောင်ဟောင်းလူတန်းစားကို ပြည်သူ့ဆန့်ကျင်ရေးမှာ အသုံးချရင်း၊ ပြည်တွင်းစစ်ဖြစ်ပွားအောင် ဖန်တီးရင်း၊ နယ်ချဲ့စနစ်ဆန့်ကျင်တဲ့ အမျိုးသားပြည်သူ့တပ်ဦးကို ဖြိုခွဲနေတယ်။ ဒါဟာ ပုံစံမတူပေမယ့် ကျွန်တော်တို့ တိုင်းပြည်၊ ရဲဘော်တို့တိုင်းပြည်၊ တရုတ်ပြည်နဲ့ အခြားကိုလိုနီနဲ့ ကိုလိုနီတစ်ပိုင်းတိုင်းပြည်တွေမှာ ဖြစ်ပွားနေတဲ့ ကိစ္စပဲ။

၁၉၄၅ ခုနှစ်က ကြီးမြတ်တဲ့ ဂျပန်တော်လှန်ရေးအတွင်းမှာ ကျွန်တော်တို့ ဗမာပြည်သူတွေဟာ သူ့ရဲကောင်းပီသတဲ့ ကဏ္ဍက ပါဝင်တိုက်ခိုက်ခဲ့တာကို ရဲဘော်တို့ မှတ်မိနေမှာပါ။ ဒါဟာ ဂျပန်ဆန့်ကျင်ရေး ခုခံတော်လှန်စစ် အောင်ပွဲခံတဲ့

အထိ စတင် စည်းရုံးခေါင်းဆောင်ပြီး တိုက်ပွဲဝင်ခဲ့တဲ့ ကျွန်တော်တို့ပါတီရဲ့ ထာဝရ တည်ရှိနေမယ့် ဂုဏ်သိက္ခာဖြစ်ပါတယ်။

ဂျပန်ဖက်ဆစ်ကျဆုံးပြီးတဲ့နောက် ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ် (ဖဆပလ) ကို ထူထောင်ဖွဲ့စည်းရာမှာ ကျွန်တော်တို့ ဦးစီးဦးဆောင်ပြုပြီး အဓိကအခန်းကဏ္ဍက ပါဝင်ခဲ့တာကလည်း ဂုဏ်ယူစရာတစ်ခုပါ။ ဖဆပလကို ဖွဲ့စည်းတည်ထောင်တာဟာ ကျွန်တော်တို့ရဲ့ လွတ်မြောက်ရေးတိုက်ပွဲသမိုင်းမှာ အရင်က မပေါ်ပေါက်ဖူးသေးတဲ့ အမျိုးသားလှုပ်ရှားမှုကြီးပါ။ ဒါဟာ ဗြိတိသျှနယ်ချဲ့ရဲ့ နိုင်ငံရေး၊ စီးပွားရေးနဲ့ စစ်ရေး ပြန်လည် လွှမ်းမိုးချယ်လှယ်တည်ဆောက်မယ့် အစီအစဉ် ဉာဏ်နီဉာဏ်နက်တွေကို ဆက်လက်ခုခံဆန့်ကျင်တဲ့ ကျွန်တော်တို့ရဲ့ အမျိုးသားရေးလှုပ်ရှားမှုကြီးတစ်ရပ် ဖြစ်ပါတယ်။

ကျွန်တော်တို့မှာ ချို့ယွင်းချက်တွေ အားနည်းချက်တွေ ရှိခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ တစ်ပတ်ရိုက်ခံရတာပေါ့။ ၁၉၄၆ ခုနှစ် စက်တင်ဘာလကတည်းက ဖဆပလအတွင်းက အမျိုးသားနေရှင်ခေါင်းဆောင်မှုအပိုင်းက နယ်ချဲ့နဲ့ အပေးအယူ စေ့စပ်ခဲ့တယ်။ ဒီအပေးအယူ စေ့စပ်တာကို အင်္ဂလိပ် – မြန်မာ စာချုပ်နဲ့ အဆုံးသတ်ခဲ့တယ်။ ဒီစာချုပ်အရ အမျိုးသားနေရှင်လူတန်းစားတွေဟာ အင်္ဂလိပ်ကို နောက်ထပ် ဆက်လက်မတိုက်ခိုက်တော့ပါဘူးလို့ အပြီးသတ်သဘောတူခဲ့တယ်။ အမျိုးသားနေရှင်တွေဟာ နယ်ချဲ့ကို အလျှော့ပေး အောက်ကျို့ပူးပေါင်းရေးဆီ လုံးလုံးလျားလျား ရောက်သွားပါပြီ။

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်မှာ ဗမာပြည်ဟာ "အပြည့်အဝ လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံ"တစ်နိုင်ငံဖြစ်ပြီလို့ တရားဝင်ကြေငြာခဲ့ပါတယ်။ ဒါပေမယ့် အတုအယောင်လွတ်လပ်ရေး မျက်နှာစာရဲ့ နောက်ကွယ်မှာ ကိုလိုနီလူမှုစနစ်ဟောင်းကို ဆက်လက်ထိန်းကျောင်းထားခဲ့တယ်။ ပုံသဏ္ဍာန်ပြောင်းပေမယ့် ဗြိတိသျှနယ်ချဲ့စနစ်ကတော့ ဆက်လက်ကြီးစိုးလွှမ်းမိုးနေဆဲပါပဲ။

ဒါဟာ အခြေအနေရဲ့ ဘက်တစ်ဘက်ပဲ ဖြစ်ပါတယ်။ ဗြိတိသျှကိုလိုနီသမားတွေနဲ့ ဂျပန်ဖက်ဆစ်ကို တိုက်ခဲ့တဲ့ ကျွန်တော်တို့ရဲ့ ကြီးမြတ်တဲ့ ပြည်သူတွေ တစ်နည်းအားဖြင့် လက်နက်ကိုင်တိုက်ခဲ့တဲ့ ပြည်သူတွေကတော့ အဲဒီအပေါ်မှာ မတုန်လှုပ်ပါဘူး။ ခုလည်းပဲ ပြည်သူတွေ နယ်ချဲ့ရဲ့ ဒီတိုက်ကွက်အသစ်တွေကို ခုခံတွန်းလှန်နေကြပါတယ်။





ဗြိတိသျှအရင်းအနှီးတွေ သိမ်းပိုက်ရေးနဲ့ အဓိကစက်မှုလုပ်ငန်းကြီးတွေ ပြည်သူပိုင်သိမ်းရေးအတွက် အလုပ်သမားလူတန်းစားလှုပ်ရှားမှု၊ ရိက္ခာဖူလုံရေးနဲ့ မြေယာပိုင်ဆိုင်ရေး၊ လယ်သမားထုရဲ့ တိုက်ပွဲ၊ စားဝတ်နေရေးအခြေအနေ ပိုမိုကောင်းမွန်ရေး၊ အဖိနှိပ်ခံလူလတ်တန်းစားတို့ရဲ့ တိုက်ပွဲ၊ ဒီမိုကရေစီရေး လွတ်လပ်ခွင့်တွေအတွက် ပြည်သူလူထုတစ်ရပ်လုံးရဲ့ အထွေထွေဒီမိုကရေစီရေးလှုပ်ရှားမှု၊ စစ်တပ် နှိပ်ကွပ်မှုကို ဆန့်ကျင်တဲ့ ဗမာပြည်အလယ်ပိုင်းနဲ့ ရခိုင်က ပြည်သူလူထုရဲ့ သူရဲကောင်းပီတဲ့ တိုက်ပွဲ၊ ကရင်လူမျိုးစုပြည်သူတို့ရဲ့ ဒီမိုကရေစီရေးလှုပ်ရှားမှု *(ကရင်လူထုအပေါ် ကိုယ်ကျိုးကြည့် ခေါင်းပုံဖြတ်သွေးစုပ်ပြီး အမျိုးသားကိုယ်ပိုင်ပြဋ္ဌာန်းခွင့် တောင်းဆိုခဲ့တဲ့ ကရင်အမျိုးသားပြည်သူတွေရဲ့ ရိုးသားတဲ့ ဆန္ဒကို နှိုက်ချုပ် နှိမ်နင်းတံစေခဲ့တဲ့ ဖောက်ပြန်ရေးသမား မြေရှင်ခေါင်းဆောင်မှုကြောင့် အားနည်းနေဆဲ ဖြစ်ပေမယ့်လည်း)* ပဒေသရာဇ်သက်ဦးဆံပိုင်စနစ် ဖြုတ်ချဖျက်သိမ်းရေး ရှမ်းပြည်နယ် ပြည်သူလူထုရဲ့တိုက်ပွဲ စတာတွေအားလုံးဟာ ဗြိတိသျှနယ်ချဲ့ပါဒ ဆန့်ကျင်ရေးကာလအတွင်း ကြီးထွားလာနေတယ်။

ဒီမိုကရေစီ တော်လှန်ရေးအင်အားစုတွေဟာ ရှေ့သို့ ချီတက်နေတယ်။ သူတို့ရဲ့ ကံကြမ္မာကို သူတို့ဘာသာ ဖန်တီးဖို့ ရှေ့သို့ ချီတက်နေတာဖြစ်တယ်။

ဒီနေ့ဒီအခါမှာ ဗမာပြည်ကွန်မြူနစ်ပါတီဟာ အမျိုးမျိုးကွဲပြားနေတဲ့ အဲဒီ ရေစီးကြောင်းအားလုံးကို စစ်မှန်တဲ့ လွတ်လပ်ရေး၊ ပြည်သူ့ဒီမိုကရေစီရေးနဲ့ ထာဝရ ငြိမ်းချမ်းရေးအတွက် တော်လှန်တဲ့ ဒီမိုကရေစီအထွေထွေလှုပ်ရှားမှု ပင်မရေစီးတစ်ခုတည်းအတွင်းမှာ ပါဝင်ညီညွတ်အောင် အဘက်ဘက်က လုံးပမ်းအားထုတ်လျှက် ရှိပါတယ်။

အင်အားကြီးမားတဲ့ တော်လှန်ရေးအုံကြွမှုကြီးနဲ့ ရင်ဆိုင်နေရတဲ့အတွက် နယ်ချဲ့စနစ်ဟာ အမျိုးသားနေရှင်ရဲ့ အောက်ကျို့ပူးပေါင်းမှုနဲ့ ချိတ်ဆက်ပြီး ဖြစ်အံ့ဆဲဆဲ တော်လှန်ရေးကို ဖြိုခွဲဖို့အတွက် ဗမာပြည်ကို ကပ်ဘေးသင့်စေမယ့် ပြည်တွင်းစစ် ချောက်ကမ်းပါးနှုတ်ခမ်းဝဆီ အရောက်ဆွဲခေါ်နေတယ်။

ကျွန်တော်တို့ပါတီကတော့ ခုအခါ ဖဆပလ ကွန်မြူနစ်ပါတီ ညီညွတ်ရေး *(နေရှင်ခေါင်းဆောင်မှု ပူးပေါင်းပါဝင်ခြင်း မရှိတဲ့)* အပေါ် အခြေခံတဲ့ ဒီမိုကရက်တစ်တွဲဦးတစ်ရပ် တည်ဆောက်ရေးကို ဖောင်းပေးဆောင်ရွက်တယ်။ ဒါမှ ပြည်တွင်းစစ်ကို ရှောင်လွှဲနိုင်မယ်။ နယ်ချဲ့ပဒေသရာဇ်၊ နေရှင်ပူးပေါင်းမှုကို ရိုက်ချိုးပစ်နိုင်မယ်။

အလုပ်သမား၊ လယ်သမားနဲ့ အဖိနှိပ်ခံ လူလတ်တန်းစားတွေရဲ့ လူတန်းစားမဟာမိတ်ဖွဲ့စည်းမှုအပေါ် အခြေခံတဲ့ ပြည်သူ့ဒီမိုကရေစီနိုင်ငံတော်သစ်ကို ထူထောင်နိုင်မှာ ဖြစ်တယ်။ အဲဒီနိုင်ငံတော်မှာ အလုပ်သမားလူတန်းစားဟာ ခေါင်းဆောင်မှုနေရာမှာရှိပြီး ခေါင်းပုံဖြတ်သွေးစုပ်တဲ့ လူတန်းစားများအတွက် ခေါင်းဆောင်မှုနေရာ မရှိဘူး။ ဒါဟာ ဆိုရှယ်လစ်စနစ်ကို ကူးပြောင်းမယ့် နိုင်ငံတော်သစ်ပဲ။

စစ်မှန်တဲ့ လွတ်လပ်ရေးနဲ့ ပြည်သူ့ဒီမိုကရေစီရေးအတွက် ရပ်ခံရင်း ဖဆပလခေါင်းဆောင်မှုနဲ့ပတ်သက်လို့ ယုံမှတ်မှား အလှည့်စားခံနေရတဲ့ ဖဆပလ အများစုကြောင့် ကျွန်တော်တို့အနေနဲ့ ဖဆပလ–ကွန်မြူနစ်ညီညွတ်ရေးကို ထောက်ခံပြောဆိုနေတာ ဖြစ်တယ်။ သူတို့တစ်တွေ ဒီမိုကရေစီ တော်လှန်ရေးဘက်ကို ကူးပြောင်းလာနိုင်လိမ့်မယ်လို့ ကျွန်တော်တို့ အခိုင်အမာ ယုံကြည်တယ်။ ဒါပေမယ့် သူတို့ခေါင်းဆောင်တွေနဲ့ ပတ်သက်လို့ ပြောရရင် ဒီခေါင်းဆောင်တွေဟာ ပြည်သူလူထုကို လုံးဝ စွန့်ခွါသွားပြီလို့ ဆိုရမယ်။

ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရပြီးတဲ့နောက်ပိုင်း ကျွန်တော်တို့က ဖဆပလ–ကွန်မြူနစ်ညီညွတ်ရေးကို လုံးပမ်းတဲ့အချိန်မှာ လက်ရှိ ဖဆပလ ခေါင်းဆောင်ပိုင်းက အမေရိကန်နယ်ချဲ့ရဲ့ ညွှန်ကြားချက်အရ ညီညွတ်ရေးကို နှောက်ယှက်ပိတ်ဆို့ခဲ့တယ်။ ဖဆပလခေါင်းဆောင်ပိုင်းက ညီညွတ်ရေးဆန့်ကျင်တဲ့ လုပ်ရပ်တွေကို ယနေ့ ဆက်လုပ်နေတယ်။ ဒါကြောင့် ကျွန်တော်တို့က အင်္ဂလိပ်–အမေရိကန် (လိပ်–ကန်) နယ်ချဲ့ ခိုင်းသလို လိုက်လုပ်မယ့် ခေါင်းဆောင်မှု မပါတဲ့ ဖဆပလ–ကွန်မြူနစ်ညီညွတ်ရေးကို အထူးပြုပြောဆိုနေတာဖြစ်တယ်။

ကျွန်တော်တို့ဟာ တစ်ဘက်မှာ အခြေအနေသစ်အောက်ကနေ တိုက်ပွဲဝင်မယ့် အမျိုးသားညီညွတ်ရေးတပ်ဦးကို ရှေ့တိုး လုံးပမ်းဖော်ဆောင်ရင်း အခြားတစ်ဘက်မှာ အမေရိကန်နယ်ချဲ့နဲ့ နယ်ချဲ့နောက်လိုက်ခွေး ဖဆပလခေါင်းဆောင်တွေ သွေးထိုးလှုံ့ဆော်တဲ့ ပြည်တွင်းစစ်ကို ရှောင်လွှဲနိုင်အောင် ဘက်စုံ ကြိုးပမ်းဆောင်ရွက်နေပါတယ်။

သို့တိုင်အောင် ကျွန်တော်တို့ဟာ ဖြစ်ပေါ်လာမယ့်အကျိုးဆက်တွေကို ကြောက်ရွံ့စရာ မရှိပါဘူး။ ပါးကိုက်ရင် နားကိုက်ဖို့ အသင့်ပြင်ထားပါတယ်။ ကျွန်တော်တို့အင်အားကို ကျွန်တော်တို့ သိပါတယ်။ နယ်ချဲ့ပဒေသရာဇ်မြေရှင်၊ ဓနရှင်တို့က ပူးပေါင်းတိုက်ခိုက်ပေမယ့်လည်း ကျွန်တော်တို့ပါတီကတော့ တစ်ကိုယ်





တော်ပဲ ရှိနေပါသေးတယ်။ ခုထိအောင် ပြည်တွင်းမှာ အဓိကကျတဲ့ပါတီ၊ အင်အားအကောင်းဆုံး ပါတီပါပဲ။ အမျိုးသားရေးလှုပ်ရှားမှုနဲ့ ဆက်စပ်နေတဲ့ ကျွန်တော်တို့ပါတီရဲ့ အခန်းကဏ္ဍဟာ ကျွန်တော်တို့ရဲ့ တည်ရှိဆဲဂဏန်းအရေအတွက်ထက် ပိုမို ကြီးမားပါတယ်။ တစ်ချိန်တည်းမှာ ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့ ပြည်တွင်းမှာ အကောင်းဆုံးကေဒါတွေ အထောင်အသောင်းရှိတဲ့ ပါတီဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ နောက်ကွယ်မှာ တော်လှန်ပြောက်ကျား စစ်ရေးအတွေ့အကြုံ၊ ဂျပန်ခုခံဆန့်ကျင်ရေး လက်နက်ကိုင်တိုက်ပွဲ အတွေ့အကြုံ "အကုန်အစင် ရှင်းလင်းရေးအော်ပရေးရှင်း"နဲ့ "အော်ပရေးရှင်းရခိုင်"စစ်ဆင်ရေးကတစ်ဆင့် ရှေ့တိုးလုပ်လာတဲ့ နယ်ချဲ့နဲ့ ဓနရှင် ပူးတွဲအစိုးရရဲ့ ကွန်မြူနစ်သုတ်သင်ရေးထိုးစစ်ကို ဆန့်ကျင်တိုက်ခိုက်တဲ့ အတွေ့အကြုံတွေ တစ်ပုံတစ်ပင်ကြီး ရှိပါတယ်။

ကျွန်တော်တို့မှာ စစ်သင်တန်းတက်ထားပြီးသား လူတန်းစားအသိစိတ်ဓာတ်ရှိတဲ့ တိုက်ရည်ခိုက်ရည်ပြည့်ဝတဲ့ ရဲဘော်တစ်သိန်းကျော် ရှိပါတယ်။ ဒီအထဲကအများအပြားက ပြောက်ကျားစစ် အတွေ့အကြုံရှိသူတွေ ဖြစ်တယ်။ အခြေအနေ အချိန်အခါက တောင်းဆိုလာရင် အချိန်မရွေး တိုက်ပွဲဝင်နိုင်သူတွေ ဖြစ်တယ်။ ဒါ့အပြင် ကျွန်တော်တို့မှာ သိန်းသန်းချီတဲ့ အလုပ်သမား၊ လယ်သမားနဲ့ သာမန်ပြည်သူတွေလည်း နောက်ခံရှိသေးတယ်။

ကျွန်တော့်စကားကို ပြန်ကောက်ပါရစေ။ ကျွန်တော်တို့ဟာ ပြည်တွင်းစစ်ကို ကြိုတင်တားဆီးဖို့ ဘက်ပေါင်းစုံက ကြိုးပမ်းနေပါတယ်။ သို့သော်လည်း အင်္ဂလိပ်၊ အမေရိကန်နယ်ချဲ့သမားများက ကျွေးကန်ပေးထားတဲ့ အမျိုးသားဓနရှင်တွေဟာ ပြည်တွင်းစစ်ဖြစ်ရေးကို အတင်းတွန်းလုပ်နေတယ်။ ဟုတ်ပါတယ်။ ဒီပြည်တွင်းစစ်ကို သူတို့ တိုက်ကြပါလိမ့်မယ်။ ကျွန်တော်တို့ကတော့ ကျွန်တော်တို့ကို တစ်ချက်ချရင် နှစ်ချက် ပြန်ချဖို့ ပြင်ဆင်ထားပါတယ်။ နယ်ချဲ့ပဒေသရာဇ်မြေရှင်၊ ဓနရှင်တို့ ပူးပေါင်းတိုက်ခိုက်လာမှုကို ရိုက်ချိုးဖို့ ပြင်ဆင်ထားတယ်။ ပြည်သူ့ဒီမိုကရေစီနဲ့ ထာဝရငြိမ်းချမ်းရေးရှိတဲ့ အစစ်အမှန် လွတ်လပ်ရေးကို တည်ဆောက်သွားဖို့လည်း ပြင်ဆင်ထားပါတယ်။

အိန္ဒိယကွန်မြူနစ်ပါတီဝင်တွေ ဖြစ်ကြတဲ့ ရဲဘော်တို့ ပါဝင်ထမ်းဆောင်ရမယ့် အထူးကဏ္ဍတစ်ရပ် ရှိပါတယ်။ ရဲဘော်တို့ဟာ အမျိုးသားလွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာပိုင်မှု အောင်လံတော်ကို ရဲဘော်တို့လက်နဲ့ မြဲမြဲဆုပ်ကိုင်မြှင့်တင်

ပြီး နယ်ချဲ့စနစ်၊ ပဒေသရာဇ်စနစ်နဲ့ ဓနရှင်စနစ် သုံးမျိုးစပ် ပူးပေါင်းမှုကို ရိုက်ချိုးဖျက်ဆီးရမယ်။ အဲဒီလို ရိုက်ချိုးဖျက်ဆီးပစ်မှသာ ရဲဘော်တို့အနေနဲ့ စစ်မှန်တဲ့ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်နေတဲ့ အာရှတိုက်ရှိ အရေးတော်ပုံတွေကို ကူညီရာရောက်ပါမယ်။

ရဲဘော်များခင်ဗျား –

တရုတ်ပြည်ပြည် ကွန်မြူနစ်ပါတီခေါင်းဆောင်တဲ့ တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်ရဲ့ ကြီးမားတဲ့ အောင်မြင်မှုတွေဟာ အာရှတိုက်ရှိ အဖိနှိပ်ခံပြည်သူတွေကို ကြီးစွာ အားတက်စေခဲ့ပါတယ်။ ဒါပေမယ့် သူတို့ဘာသာ သူတို့ အောင်ပွဲရရုံနဲ့ မလုံလောက်သေးပါဘူး။ တရုတ်ပြည် ဒီမိုကရေစီအရေးတော်ပုံဟာ တခြားကိုလိုနီနဲ့ ကိုလိုနီတစ်ပိုင်းနိုင်ငံတွေရဲ့ ဒီမိုကရေစီအရေးတော်ပုံများနဲ့ နီးနီးကပ်ကပ် ချိတ်ဆက်ထားရပါမယ်။

ဗမာပြည်မှာ အဲဒီလို ချိတ်ဆက်လုပ်ကိုင်နိုင်တဲ့ အထူးအခန်းကဏ္ဍဟာ ကျွန်တော်တို့ဆီမှာပဲ ရှိပါတယ်။ အောင်ပွဲအလီလီ ရနေတဲ့ တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်နဲ့ ဗမာပြည်ဒီမိုကရေစီအရေးတော်ပုံရဲ့ ရှေ့သို့ ဆက်လက်ချီတက်ရေးလမ်း ကြောင်းအကြား ချိတ်ဆက်မှုတွေကို ကျွန်တော်တို့အနေနဲ့ ခိုင်မာအောင် အကောင်းဆုံး အကောင်အထည်ဖော်နေကြပါတယ်။

ရဲဘော်များခင်ဗျား –

၁၉၄၈ ခုနှစ်ဟာ လွတ်မြောက်ရေးလှုပ်ရှားမှု အရေးတော်ပုံတွေအတွက် အဆုံးအဖြတ်ပေးမယ့် နှစ်တစ်နှစ်ပါ။ အရှေ့တောင်အာရှ လွတ်မြောက်ရေးလှုပ်ရှားမှု အရေးတော်ပုံတွေရဲ့ ကံကြမ္မာကို အဆုံးအဖြတ်ပေးပါလိမ့်မယ်။

ခုအခါမှာ နယ်ချဲ့ဆန့်ကျင်ရေး ဒီမိုကရေစီဂိုဏ်းကြီးကို ဖွဲ့စည်းပြီးပါပြီ။ ဒီဂိုဏ်းကြီးကို မဟာဆိုဗီယက်ယူနီယံက ခေါင်းဆောင်လျှက် ရှိပါတယ်။ ဒီဂိုဏ်းကြီးထဲမှာ ဒီမိုကရေစီသစ်လှုပ်ရှားမှုတွေဖြစ်တဲ့ အရင်းရှင်နိုင်ငံများက အလုပ်သမားလှုပ်ရှားမှုတွေ၊ တရုတ်ပြည်ရဲ့ ဒီမိုကရေစီလှုပ်ရှားမှုတွေနဲ့ ကိုလိုနီ၊ ကိုလိုနီတစ်ပိုင်းနိုင်ငံအားလုံးတို့ရဲ့ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုတွေ ပါဝင်ဖွဲ့စည်းထားပါတယ်။ ကွန်မြူနစ်ပါတီတွေက စည်းလုံးညီညွတ်ပြီး အခိုင်အမာ ခေါင်းဆောင်ခဲ့တဲ့





အတွက် ကျွန်တော်တို့ဂိုဏ်းကြီးဟာ အမေရိကန်နယ်ချဲ့ခေါင်းဆောင်တဲ့ ဒီမိုကရေစီဆန့်ကျင်ရေးဂိုဏ်းကြီးထက် အင်အားအလွန်ပိုကြီးပါတယ်။

ကျွန်တော်တို့ဟာ ကျွန်တော်တို့အရေးတော်ပုံရဲ့ တရားတဲ့သဘောကို အခိုင်အမာ ယုံကြည်တယ်။ အမေရိကန်နယ်ချဲ့ခေါင်းဆောင်တဲ့ ကမ္ဘာဖောက်ပြန်ရေးဂိုဏ်း ကျဆုံးဖို့ ကြမ္မာငင်နေတာကို ကျွန်တော်တို့ သိပါတယ်။

တရုတ်ပြည်သူ သန်းပေါင်းများစွာတို့ရဲ့ ခေါင်းဆောင် ရဲဘော်မော်စီတုန်း ပြောကြားခဲ့သလို *"အရှေ့ဦးအလင်းရောင်ဟာ ကျွန်တော်တို့အပေါ်ကို ကျရောက်နေပါပြီ"*

ရဲဘော်များခင်ဗျား –

နယ်ချဲ့စနစ်၊ ပဒေသရာဇ်စနစ်တို့ရဲ့ ပူးပေါင်းမှုကို ဆန့်ကျင်တဲ့ ရဲဘော်တို့ရဲ့ တိုက်ပွဲဟာ စစ်မှန်တဲ့ အမျိုးသားလွတ်လပ်ရေး၊ ပြည်သူ့ဒီမိုကရေစီရေး၊ ထာဝရငြိမ်းချမ်းရေးတို့အတွက် ချီတက်ရာမှာ ကျွန်တော်တို့နဲ့ ခွဲမရအောင် တစ်သားတည်း ရှိနေပါတယ်။

ကျွန်တော်တို့တစ်တွေဟာ ဘုံတိုက်ပွဲရဲ့ တစ်ပေါင်းတစ်စည်းတည်း ရှိမှု၊ တစ်ခုတည်းရှိမှုကို အစဉ်ထာဝရ သတိရှိနေကြပါစို့။ ဒါကြောင့် ကျွန်တော်တို့ ညီညွတ်ကြပါစို့။ ညီညွတ်ရင် အောင်ပွဲဟာ ကျွန်တော်တို့အတွက် ဖြစ်မယ်။ ရဲဘော်များခင်ဗျား နောက်ဆုံးအနေနဲ့ စစ်မှန်တဲ့ လွတ်လပ်ရေး၊ ဒီမိုကရေစီရေး၊ ထာဝရငြိမ်းချမ်းရေးတို့အတွက် ကျွန်တော်တို့အားလုံးရဲ့တိုက်ပွဲ တစ်ပေါင်းတစ်စည်းတည်း သွေးစည်းစေဖို့ အထိမ်းအမှတ်အလံကို ဗမာပြည်ကွန်မြူနစ်ပါတီကိုယ်စား ကျွန်တော်ကပဲ ဒီကွန်ဂရက်ကြီးထံ အပ်နှင်းလိုက်ပါတယ်။

– *ဆိုဗီယက်ယူနီယံခေါင်းဆောင်တဲ့ ဒီမိုကရေစီဂိုဏ်းကြီး အဓွန့်ရှည်ပါစေ။*
– *အမေရိကန်နယ်ချဲ့ဦးဆောင်တဲ့ ဒီမိုကရေစီဆန့်ကျင်ရေးဂိုဏ်း ကျဆုံးပါစေ။*
– *နယ်ချဲ့စနစ် ကျဆုံးပါစေ။*
– *အိန္ဒိယကွန်မြူနစ်ပါတီ အဓွန့်ရှည်ပါစေ။*

☆☆☆



## ပျဉ်းမနားကွန်ဂရက်မိန့်ခွန်း

၁၉၄၈ ခု မတ်လ ၁၃ ရက်(စနေနေ့)တွင် ပျဉ်းမနားမြို့၌ကျင်းပသော ဗမာနိုင်ငံတောင်သူလယ်သမားသမဂ္ဂ၏ ဒုတိယကွန်ဂရက်ကြီးတွင် ဥက္ကဋ္ဌ သခင်သန်းထွန်း ပြောကြားသော မိန့်ခွန်း





### ၁။ ၊ တကဲ့လွတ်လပ်ရေးနဲ့ မြေယာတော်လှန်ရေးအတွက် ပြင်ဆင်တဲ့ ပျဉ်းမနားကွန်ဂရက်ကြီး။

ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားသမဂ္ဂရဲ့ ဒုတိယကွန်ဂရက်ကြီးဟာ ဒီနေ့ကစပြီး ပျဉ်းမနားမှာ ဒီကွန်ဂရက်ကြီးကျင်းပဘို့ မန္တစ်တုန်းက ဖြူးကွန်ဂရက်မှာ ဆုံးဖြတ်ခဲ့တယ်။

ဒီကွန်ဂရက်ကို ပျဉ်းမနားမှာ ကျင်းပဘို့ ဆုံးဖြတ်တာဟာ အကြောင်းတွေရှိတယ်။

ပျဉ်းမနားဟာ ဂျပန်တော်လှန်ရေးတုန်းက ဂုဏ်ရောင်ပြောင်အောင် တိုက်ခဲ့တဲ့ နေရာဖြစ်ခဲ့တယ်။ ပျဉ်းမနားနယ်က ပျောက်ကြားတွေရဲ့ လက်နက်နဲ့ ဂျပန်စစ်တပ်ဟာ ခါးလယ်က ကျိုးခဲ့တယ်။ ဂျပန်တွေရဲ့ ပထမတန်းစစ်တပ်ဖြစ်တဲ့ ၅၄ နံပါတ်စစ်တပ်ကို အပြုတ်တိုက်ခဲ့တဲ့ နေရာဖြစ်တယ်။ ဂျပန်ဂျင်နရယ်တွေ လက်ဖတင်နင်ဂျင်နရယ်တွေဟာ ပျောက်ကြားတွေရဲ့ ပြောင်းဝမှာ အသက်ပျောက်ခဲ့တယ်။

ဂျပန်တို့ ကျဆုံးပြီးလို့ အင်္ဂလိပ်စစ်တပ်တွေ ရောက်လာတယ်။ စစ်အင်အားကို အသုံးပြုပြီး အင်္ဂလိပ်နယ်ချဲ့သမားဟာ ဗမာပြည်ကို အသစ်တဖန်ပြန်လည်လွှမ်းမိုးဘို့ ကြိုးစားခဲ့တယ်။ အဲဒီနယ်ချဲ့သမားကို အသေအကြေ ခုခံတဲ့ဌာနဟာ ပျဉ်းမနားဘဲ။

မန္တစ်တုန်းကဆိုရင် စစ်တပ်ရင်း ၄ ခုံ၊ ရေတပ် ခွဲ ၁၀ ခု။ လေတပ်ခွဲတခုနဲ့ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းနဲ့ နယ်ချဲ့သမားက လယ်သမားလူထုကို အဖက်ဖက်မှ စစ်ရေးဆင်ခဲ့တဲ့အခါမှာ ကျည်ဆံမိုးရွာကျတဲ့အခါမှာ တဆံ

ချည်မှ တွန့်ဆုတ်ခြင်းမရှိဘဲ ခုခံခဲ့တာဟာ ပျဉ်းမနားဘဲ။

အဲဒီအခါတုန်းကဆိုရင် ပျောက်ကြားခေါင်းဆောင်တွေဖြစ်ခဲ့တဲ့ ဗိုလ်ညွန့်မောင်တို့ ဗိုလ်သိန်းရွှေတို့ဟာ ကျဆုံးခဲ့ရတယ်။ ဗိုလ်သိန်းရွှေဆိုရင် ဒီကွန်ဂရက်ကျင်းပတဲ့ နေရာရဲ့အနီး သောင်ကုန်းတိုက်ပွဲမှာ ကျဆုံးခဲ့ရတယ်။ သူတို့တတွေနဲ့တကွ နယ်ချဲ့သမားကိုခုခံရင်း ကျဆုံးသွားရတဲ့ ရဲဘော်အပေါင်းကို ဒီကွန်ဂရက်ကြီးကနေပြီး လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုထိုက်ပါသည်။

နောက်ပြီးတော့ ပျဉ်းမနားဟာ တောင်သူလယ်သမားတွေရဲ့ တော်လှန်ရေးလုပ်ငန်းကြီးမှာ အချက်အချာဌာနတခုဖြစ်ခဲ့တယ်။ မြေဆီခမပေးရေးတိုက်ပွဲလက်ငုတ် လက်ရင်းမြေရရင်းတိုက်ပွဲ၊ မြေခွန်မပေးရေးတိုက်ပွဲကို အလျှော့မပေးဘဲ တိုက်ပွဲတွေဆင်တဲ့ နယ်ဖြစ်တယ်။

အဲဒါကြောင့် အခုကျင်းပတဲ့ ကွန်ဂရက်ကြီးဟာ ဂျပန်တွေကို အဆုံးအရှုံးကျဆုံးအောင် တိုက်ခဲ့တဲ့ ရဲဘော်တွေ၊ အင်္ဂလိပ်နယ်ချဲ့သမားကို အညံ့မခံဒူးမထုတ်ဘဲ ဆက်လက်ခုခံတဲ့ ရဲဘော်တွေ မြေယာတော်လှန်ရေးလုပ်ငန်းမှာ တပ်ဦးမှ တိုက်နေတဲ့ ရဲဘော်တွေ၊ အဲဒီရဲဘော်တွေကို ဂုဏ်ပြုတဲ့အနေနဲ့ ပျဉ်းမနားမှာ ကျင်းပခြင်းဖြစ်တယ်။ ဒီကွန်ဂရက်ကြီးဟာ ဘယ်လောက်ကြီးကျယ်ခမ်းနားတယ်ဆိုတာ အားလုံးအသိဘဲ။ ဒီလို ကြီးကျယ်ခမ်းနားတဲ့ ကွန်ဂရက်ကြီးကို ဖြစ်မြောက်အောင် ဝိုင်းဝန်းကူညီကြတဲ့ ပျဉ်းမနားမြို့သူမြို့သားတွေ နယ်သူနယ်သားတွေ ရမည်းသင်းခရိုင်သူ/ ခရိုင်သားတွေ အားလုံးကို ဗမာနိုင်ငံ တောင်သူလယ်သမားသမဂ္ဂကိုယ်စား ဗမာနိုင်ငံလုံးရှိ တောင်သူလယ်သမားတွေရဲ့ကိုယ်စား၊ ကျေးဇူးတင်တယ်။

လွန်ခဲ့တဲ့ ဇန်နဝါရီလ ၄ ရက်နေ့တုန်းက ဗမာ့လွတ်လပ်ရေး အင်အားစုတွေကို ပြိုကွဲဘို့အတွက် အင်္ဂလိပ်နယ်ချဲ့သမားက လွတ်လပ်ရေး အတုအယောင်ကို ပေးခဲ့တယ်။ ဒါဟာ **နယ်ချဲ့သမားက** ထိုးစစ်ဆင်တာဘဲ။

အခုအချိန်မှာ ဒီကွန်ဂရက်ကြီးကို ကျင်းပတာဟာ ဗမာ့လွတ်လပ်ရေးကို ဖြိုခွင်းဘို့ ထိုင်တဲ့ နယ်ချဲ့သမားရဲ့ ပရိယာယ်ကို တိုက်ဖျက်ဘို့ လုပ်လိုက်တာဘဲ။ တကဲ့လွတ်လပ်ရေးကို အရယူဘို့ လူထုနဲ့ ဒီမိုကရေစီနိုင်ငံ တည်ထောင်ဘို့အတွက် နယ်ချဲ့သမားရဲ့ ထိုးစစ်ကို ပြန်လှန်တိုက်စစ်ဆင်လိုက်တာဖြစ်တယ်။

လွန်ခဲ့တဲ့နှစ်တုန်းက ဖြူးမှာ ပထမကွန်ဂရက်ကို ကျင်းပခဲ့တယ်။ ဖြူး





ကွန်ဂရက်ကို မကျင်းပခင်က ဖဆပလနှင့် ကွန်မြူနစ်ကွဲခဲ့တယ်။ **အမျိုးသား** အင်အားစုတွေဟာ နှစ်စိပ်နှစ်ပိုင်း ဖြစ်ခဲ့တယ်။ ငါတို့ တောင်သူလယ်သမားတွေရဲ့ အင်အားစုတွေဟာလဲ ဖရိုဖရဲဖြစ်ခဲ့တယ်ဆိုတာ အားလုံးအသိဘဲ။ ဖြူးကွန်ဂရက်ကျင်းပလိုက်တဲ့အတွက် လယ်သမားအင်အားစုတွေ တဟုန်ထိုး ပြန်တက်ကြွလာခဲ့တယ်။ အင်္ဂလိပ်နယ်ချဲ့သမားကို အလျှော့မပေးဘဲ တိုက်ပွဲဆင်တဲ့ **အင်အားစုတွေဟာ** ပြန်လည် စုစည်းခိုင်မြဲလာခဲ့တယ်။ ဖြူးကွန်ဂရက်ကြီးကနေပြီး **ဗမာတမျိုးသား**လုံးကို သွေးကွဲစေတဲ့ အောင်ဆန်းအက်တလီစာချုပ်ကို တိုက်ဖျက်ဘို့ စိုင်းပြင်းနိုင်ခဲ့တယ်။ တနည်းအားဖြင့် အင်္ဂလိပ်နယ်ချဲ့သမားကိုရော နယ်ချဲ့သမားတွေနဲ့ စေ့စပ်နေတဲ့ ဖဆပလခေါင်းဆောင်တွေကိုရော၊ ပြန်လှန်တုံ့ပြန်တိုက်ခိုက် နိုင်ခဲ့တယ်။ ဖြူးကွန်ဂရက်ကြီးပြီးတဲ့နောက် ရိက္ခာတိုက်ပွဲတွေ၊ လက်ငုတ်လယ်မြေရရေးတိုက်ပွဲတွေကို အဆက်မပြတ် ဆင်နွှဲနိုင်ခဲ့တယ်။ ပျဉ်းမနားနယ်မှာဆိုရင်လဲ **စစ်ရေးအရ** တိုက်စစ်ဆင်နေတာကို တုံ့ပြန်နိုင်ခဲ့တယ်။ ဖိနှိပ်ချုပ်ချယ်မှုတွေကို ခုခံနိုင်ခဲ့တယ်။ နယ်ချဲ့သမားကို အရှုံးမပေးဘဲ အပြတ်အသတ်တိုက်မဲ့ အောင်လံတံခွန်ကြီးကို မားမားမတ်မတ် လွှင့်ထူထားနိုင်ခဲ့တယ်။

ဒီကွန်ဂရက်ကြီးမှာ ဗမာတပြည်လုံးက တောင်သူလယ်သမား ခေါင်းဆောင်တွေ အစုံအညီတက်ရောက်ကြတယ်။

အဲဒါကြောင့် ဒီကွန်ဂရက်ကြီးဟာဆိုရင် ကျုပ်တို့တောင်သူလယ်သမားတွေရဲ့ တိုက်ပွဲတွေကို ပြန်လည်သုံးသပ်တဲ့ ကွန်ဂရက်ကြီး၊ တနည်းဖြင့် ဒီတိုက်ပွဲတွေကို ပေါင်းစပ်ပြီး နယ်ချဲ့သမားကို အပြတ်အသတ် နောက်ဆုံးဆင်နွှဲတဲ့ တိုက်ပွဲနဲ့ မြေယာတော်လှန်ရေးအတွက် ပြင်ဆင်တဲ့ကွန်ဂရက်ကြီးဖြစ်တယ်။

## (၂) နယ်ချဲ့သမားရဲ့ထိုးစစ်

နယ်ချဲ့သမားကို ပြန်လှန်တိုက်စစ်ဆင်နိုင်အောင် နယ်ချဲ့သမားရဲ့ ထိုးစစ်ကို ငါတို့ သိရမယ်။ အင်္ဂလိပ်ဗမာစာချုပ်အရ လွတ်လပ်ရေးအတုအယောင်ကို ဘမ်းပြပြီး တိုင်းရင်းသား၊ အရင်းရှင်တွေကို စီးပွားရေးဝေစုအနည်းငယ်နဲ့ အစိုးရအာဏာကို လွှဲပြောင်းပေးခဲ့တယ်။ ဒါဟာ ဗမာတမျိုးသားလုံးကို အင်္ဂလိပ်နယ်ချဲ့သမားက အလျှော့ပေးတာမဟုတ်ဘဲ ဗမာ့လွတ်လပ်ရေးကြီးကို တိုက်စစ်ဆင်လိုက်တာဖြစ်တယ်။

ဖဆပလ သက်ရှိခေါင်းဆောင်တွေ ကိုယ်စားပြုနေတဲ့ တိုင်းရင်းသား အရင်းရှင်တွေဟာ သူတို့တတွေ တသက်လုံးမျှော်လင့်တောင့်တခဲ့ကြတဲ့ အစိုးရ အာဏာနဲ့ စီးပွားရေးဝေစုအနည်းငယ်ကို နယ်ချဲ့သမားဆီက ယူကြတယ်။ စီးပွားရေး ဝေစုအနည်းငယ်ကို နယ်ချဲ့သမားက ပေးတဲ့အတွက် နယ်ချဲ့သမားတို့ စနစ်ဟောင်း ကြီးတခုလုံးကို တည်မြဲဘို့ ကာကွယ်ပေးဘို့ ဖဆပလခေါင်းဆောင်များဟာ တာဝန် ယူထားကြတယ်။ ဖဆပလခေါင်းဆောင်တွေရတဲ့ အစိုးရအာဏာဟာ လူထုအတွက် အကျိုးဆောင်ရွက်နိုင်တဲ့ အာဏာမဟုတ်ဘဲ လူထုကို နှိပ်ကွပ်ဘို့သာ ဖြစ်တယ်။ အင်္ဂလိပ်ပိုင်၊ နိုင်ငံခြားပိုင် အရင်းအနှီးတွေကို လျော်ကြေးမပေး သိမ်းယူပြီး တိုင်းပြည် ပိုင်လုပ်ဘို့ တမျိုးသားလုံးက လိုလားတယ်။ ဒါပေမဲ့ ဖဆပလခေါင်းဆောင်တွေဟာ ဒီလုပ်ငန်းကြီးကို စွန့်လွှတ်လိုက်ရုံမက လက်ဝါးကြီးအုပ်အရင်းရှင်တွေရဲ့ အကျိုးစီးပွား တွေကို စောင့်ရှောက်ပေးဘို့ တာဝန်ယူထားကြပြီ။

တမျိုးသားလုံးက လိုလားတဲ့အတိုင်း မြေရှင်စနစ်ကို လျော်ကြေးမပေးဘဲ ဖျက်သိမ်းရမဲ့အစား မြေရှင်စနစ်ကို တည်မြဲအောင် လုပ်နေကြပြီ။ မြေခွန် ၂ ဆ သီးစားခဥပဒေ၊ သီးစားချထားရေးဥပဒေတို့ဟာ လယ်သမားတွေကို ကောင်းစား ဘို့မဟုတ်ဘဲ မြေရှင်စနစ်တည်မြဲရေးအတွက် ဖြစ်တယ်။ အစိုးရကိုယ်တိုင် သွေးစုပ်တဲ့ မြေရှင်ကြီးဖြစ်ထားပြီ။ ဒါတွေကို ကြည့်လိုက်ခြင်းအားဖြင့် ဖဆပလခေါင်းဆောင် တွေဟာ တမျိုးသားလုံးရဲ့အရေးကို သစ္စာဖောက်သွားတယ်ဆိုတာ ထင်ရှားတယ်။

တိုင်းပြည်ကို တာဝန်ယူအုပ်ချုပ်နေတဲ့ ဖဆပလအစိုးရဟာ တိုင်းပြည်ရဲ့ အခြေခံပြဿနာ ဘာတခုကိုမှ မဖြေရှင်းနိုင်ဘူး။ မဖြေရှင်းနိုင်တဲ့အပြင် ကိုယ့်အခွင့် အရေးအတွက် တိုက်ထားကြတဲ့ လူထုကို အကြမ်းပတမ်း နှိပ်ကွပ်ထားခဲ့တယ်။

ပုဒ်မ ၄ ဆိုပြီး ရွာတွေကို မီးရှို့ချင်တိုင်း ရှို့နေတယ်။ ပုဒ်မ ၅ ဆိုပြီး လူတွေကို ဖမ်းချင်တိုင်း ဖမ်းနေတယ်။ ပုဒ်မ ၆ နှင့် စစ်ယူနီဖောင်း မဝတ်ရ၊ စစ်ဒရိမ်း မပြုရဆိုပြီး တက်ကြွတဲ့အဖွဲ့အစည်းတွေကို ဖိနှိပ်လာတယ်။ အလုပ်သမား တွေလဲ ကိုယ့်အခွင့်အရေးအတွက် သပိတ်မမှောက်နိုင်အောင် ချုပ်ချယ်ထားတယ်။ အစိုးရအမှုထမ်းတွေ နိုင်ငံရေးမလုပ်ရဆိုပြီး ပိတ်ပင်ထားတယ်။ ထောင်နံရံတင်ပြီး လူထုရှေ့မှာ သေနတ်နဲ့ ပစ်သတ်ထားရှိသေးတယ်။ ဒါဟာ ကျဆုံးသွားတဲ့ ဂျပန်ဖက်ဆစ်ရဲ့ အမူတွေသာဖြစ်တယ်။

အခုဆိုရင် လူထုက ထကြွလာရင် နှိမ်နင်းဘို့ရာအတွက် ဗမာစစ်တပ်နဲ့





အားမရလို့ ဂေါ်ရခါးစစ်တပ်ကိုတောင် ဖဆပလအစိုးရက ငှားထားတယ်။

ဗမာပြည်စစ်တပ်ဟာ ဗမာအမျိုးသားတွေ ကာကွယ်ဘို့ မဟုတ်ဘဲ နယ်ချဲ့သမားရဲ့ ကာကွယ်ရေးစီမံကိန်းထဲမှာ ပါနေတယ်။ လူထုကို နှိပ်ကွပ်တဲ့ စစ်တပ်ဖြစ်လာတယ်။ ရခိုင်ပြည်မှာ စစ်တပ်ချထားတာကိုကြည့်၊ ရခိုင်ပြည်ကို စစ်တပ်နဲ့ နှိမ်တယ်ဆိုတာသိလို့ ဒီလိုမလုပ်သင့်တဲ့အကြောင်း သခင်နုကို ကျွန်တော် သွားပြောတယ်။

သခင်နုက ဘာပြောသလဲ။ စစ်တပ်နဲ့နှိမ်မှ ဖြစ်မယ်လို့ပြောတယ်။

ကျွန်တော်တို့ အများကြီး အံ့သြသွားတယ်။

ဗိုလ်ချုပ်ရှိတုန်းက ဘာပြောဘူးသလဲ။

ဗမာတမျိုးသားလုံးရဲ့ လိုလားချက်ကိုရအောင် အေးအေးဆေးဆေးနဲ့ လုပ်ရမယ်။ အေးအေးနဲ့ ရရင်ရ၊ အေးအေးနဲ့ မရရင် တိုက်မယ်လို့ပြောခဲ့တယ်။

သခင်နုတက်လာတော့ ဘာပြောသလဲ။ အေးအေးနဲ့ ရအောင်လုပ်မယ်။ အေးအေးနဲ့ ရရင်ရ၊ အေးအေးနဲ့မရရင် အေးအေးကလေးဘဲ နေမယ်လို့ ပြော တယ်။

အဲဒီလို အင်္ဂလိပ်နယ်ချဲ့သမားနှင့် ရင်ဆိုင်တဲ့အခါမှာ အေးအေးကလေး နုနုကလေး လုပ်ပါမယ်ဆိုတဲ့ သခင်နုဟာ ရခိုင်လူထုနဲ့ ဆိုင်လာတဲ့အခါမှာ ကြမ်းကြမ်းကြီးနှိမ်မယ်ဆိုတာ ဘာသဘောလဲ။ အဲဒါတွေကြည့်လိုက်တဲ့အခါမှာ ဖဆပလအစိုးရဟာ လူထုကို နှိပ်ကွပ်တဲ့ အစိုးရဖြစ်ထားပြီဆိုတာ ထင်ရှားတယ်။

ရခိုင်ပြည်သူလူထုဟာ ဂျပန်တွေကို တော်လှန်ခဲ့တယ်။ အဲဒီနောက် စစ်အုပ်ချုပ်ရေး၊ ဆာပေါ်ထွန်းအစိုးရ၊ ဖဆပလအစိုးရ မင်းလေးဆက်တိုင်တိုင် နှိပ်စက်ခံနေရတယ်။ ဒါပေမဲ့ သူတို့ဟာ အရှုံးမပေး ဒူးမထောက် တိုက်ပွဲဝင်နေ ကြတယ်။ ဒီကွန်ဂရက်ကနေပြီး သူတို့ကို ဂုဏ်ပြုရမဲ့အပြင် တပြည်လုံးက ထောက်ခံလာအောင် ငါတို့လုပ်ရမယ်။

ဖဆပလအစိုးရရဲ့ လူထုနှိပ်ကွပ်ရေးလုပ်ငန်းကို ဆိုရှယ်လစ်ခေါင်းဆောင် တွေသာမက ပြည်သူ့ရဲဘော်ခေါင်းဆောင်တွေဟာလဲ ထောက်ခံနေကြတယ်။ ဒီလို လူထုနှိပ်ကွပ်နေတဲ့ လူတွေကိုတော့ နှိပ်ကွပ်တာကို ထောက်ခံတဲ့ လူတွေကိုရော မျက်နှာဖုံးဆွဲချတ် ခေါင်းဆောင်တွေအဖြစ်က ကျဆုံးစေရမယ်။

ရှမ်းပြည်မှာဆိုရင် ပဒေသရာဇ်စနစ်၊ နယ်ရှင်စော်ဘွားစနစ်ဟာ လွှမ်းမိုး

နေတယ်။ ဒီပဒေသရာဇ်စနစ် နယ်ချဲ့စော်ဘွားစနစ်ကို ဖျက်ဆီးပစ်ဖို့ ရှမ်းလူထု ကရော ဗမာတမျိုးသားလုံးကရော လိုလားတယ်။ ၁၉၄၆ ခုနှစ် ဇန်နဝါရီလမှာ ကျင်းပတဲ့ ရွှေတိဂုံကုန်းတော် ဖဆပလ ပြည်လုံးကျွတ်ညီလာခံသဘင်ကြီးမှာလည်း ပဒေသရာဇ်စနစ်၊ နယ်ရှင်စော်ဘွားစနစ်ကို ဖျက်ဆီးပစ်ဖို့ ဆုံးဖြတ်ခဲ့တယ်။ အခုအခါမှာ ဖဆပလဥက္ကဋ္ဌလုပ်နေတဲ့ သခင်နုဟာ ပဒေသရာဇ်စနစ်၊ စော်ဘွား စနစ်ကို ဖျက်ဆီးရမဲ့အစား စော်ဘွားတွေနဲ့ ပေါင်းပြီး ပဒေသရာဇ်စနစ်၊ တည်မြဲ အောင် လုပ်နေတယ်။ ပဒေသရာဇ်စနစ်ကို ဖြိုဖျက်ဖို့ လုံးပမ်းနေတဲ့ လူထုကြီးကိုလဲ စော်ဘွားတွေနဲ့ ပူးပေါင်းပြီး နှိပ်ကွပ်နေတယ်။

ကရင်ကိစ္စကြည့်အုံး။ ကရင်တွေရဲ့ သီးခြားနယ်ကိစ္စကို ငါတို့ မထောက်ခံ ဘူး။ ဒါပေမဲ့ ကရင်ပြဿနာဟာ လယ်သမားပြဿနာဘဲ။ မြေရှင်စနစ် ဖျက်သိမ်း ပြီး လယ်လုပ်သူတိုင်း လယ်ပိုင်စေမှု တနည်းအားဖြင့် မြေယာတော်လှန်ရေး အောင်မြင်မှ ကရင်ပြဿနာဟာ ဖြေရှင်းမယ်။ ကရင်တွေကိစ္စကို ဖဆပလအစိုးရ ဟာ ဖြေရှင်းဖို့မလုပ်ဘဲ ကရင်က တချက်ချရင် နှစ်ချက်ပြန်ချမယ်လို့ တပြည်လုံး ထောင်မီးကျစေတဲ့ စကားပြောတယ်။

အဲဒီသခင်နုဟာ အင်္ဂလိပ်ကုမ္ပဏီတွေနဲ့တော့ ဘာပြောသလဲ။ မကြာသေး ခင်က အင်္ဂလိပ်ကုန်သည်ကြီးများအသင်းရဲ့ အစည်းအဝေးမှာ သခင်နုကို ဖိတ်ခေါ် ပြီး အင်္ဂလိပ်ကုန်သည်ကြီးများအသင်းရဲ့ ဥက္ကဋ္ဌလုပ်တဲ့သူက ဒီလိုပြောတယ်။ အင်္ဂလိပ်တွေ အခုလုပ်ကိုင်နေတဲ့ ကုန်ကြီးလုပ်ငန်းကို တိုင်းပြည်ပိုင်လုပ်မယ်ဆိုရင် အခက်အခဲတွေ များမယ်။ ဒါကြောင့် ဒီလုပ်ငန်းကြီးတွေကို တိုင်းပြည်ပိုင်လုပ်ဖို့ မစဉ်းစားဘဲ အစိုးရက လုပ်ငန်းအသစ်တွေသာ ထည့်သွင်းပြီးတော့ လုပ်ပါတဲ့။ အဲဒီ အင်္ဂလိပ်ကုန်သည်ကြီးများ အသင်းဥက္ကဋ္ဌရဲ့ အကြံပေးချက်ဟာ အင်မတန် လျှော်ကန်သင့်မြတ်ပါတယ်။ ဒီအတိုင်း လုပ်ပါမယ်ဆိုတဲ့စကားမျိုးကို သခင်နုက ပြန်ပြောခဲ့တယ်။ ကဲ ကြည့်စမ်း ကရင်အမျိုးသားတွေနဲ့ တွေ့တော့ တချက်ခုတ်ရင် နှစ်ချက်ခုတ်လိုက်မယ်လို့ ဒါးလွယ်သံပါတဲ့ စကားပြောတဲ့ သခင်နုဟာ အင်္ဂလိပ် ကုမ္ပဏီတွေနဲ့တွေ့တော့ မျက်နှာလိုမျက်နှာရ စကားပြောခဲ့တယ်။ ဒါကိုကြည့်ရင် ဖဆပလအစိုးရဟာ လူမျိုးရေး အဓိကရုဏ်းတွေ၊ လူမျိုးရေးစစ်ပွဲတွေ မီးမွှေးပေး နေတဲ့ အစိုးရဖြစ်တယ်။

နောက်တခု ပြောချင်သေးတယ်။ ခင်ဗျားတို့ အမှတ်ရပါလိမ့်မယ်။





ကျွန်တော်ရယ်၊ သခင်နုရယ်၊ ပျဉ်းမနားနယ်၊ တောင်ငူနယ်မှာ အတူလာပြီး လူသတ်ဝါဒတိုက်ဖျက်ရေးတွေ တရားဟောတာ။ အဲဒါနဲ့ပတ်သက်ပြီး ဗမာပြည်က သံအမတ် ဦးစိုးညွန့်ကို အမေရိကန်က မေးတယ်။ သခင်နုဟာ ကွန်မြူနစ်ခေါင်း ဆောင် သခင်သန်းထွန်းနဲ့အတူတူ နယ်တွေထွက်ပြီး တရားဟောနေတာ ဘယ်လို အဓိပ္ပါယ်လဲ။ ဖဆပလနဲ့ ကွန်မြူနစ် ပေါင်းကြမှာထားတဲ့။

အဲဒီတော့ ဦးစိုးညွန့်က ဒီလိုပြန်ပြောတယ်။ ပျဉ်းမနားနယ် တောင်ငူနယ် ဆိုတာ ကွန်မြူနစ်အင်အားကြီးမားတဲ့ နယ်ဖြစ်တယ်။ သခင်သန်းထွန်းကို ရှေ့က နေပြီး လူစုလို့ရအောင်အတွက် အတူတူ နယ်ထွက်တာပါ။ ဖဆပလနဲ့ ကွန်မြူနစ် ပေါင်းဖို့ လုပ်တာမဟုတ်ပါဘူးတဲ့။ အဲဒီတော့ အေး ဒီလိုဆိုရင် ကောင်းပြီလို့ အမေရိကန်က ပြန်ပြောတယ်။ နောက်မကြာခင်ဘဲ ဖဆပလနှင့် ကွန်မြူနစ် မပေါင်းနိုင်ဘူးဆိုပြီး ဖဆပလအဖွဲ့ချုပ်က ကြေညာချက်ထုတ်လိုက်တယ်။ ဖဆပလနဲ့ ကွန်မြူနစ်ညီညွတ်ရေးကို အမေရိကန်နယ်ချဲ့သမားရဲ့ အကြိုက်အတိုင်း ဖျက်ဆီး လိုက်တာဘဲ။

အဲဒါတွေကိုကြည့်ရင် ဖဆပလအစိုးရဟာ အမေရိကန်အင်္ဂလိပ်နယ်ချဲ့ သမားအလိုကျ လုပ်နေတဲ့အစိုးရ၊ စော်ဘွားစနစ် တည်မြဲအောင်လုပ်နေတဲ့ အစိုးရ၊ မြေရှင်စနစ်တည်မြဲအောင်လုပ်နေတဲ့ အစိုးရ၊ အင်္ဂလိပ်အရင်းရှင်တွေ ဗမာပြည်ကို ဆက်လက်လက်ဝါးကြီးအုပ်နိုင်အောင် လုပ်ပေးတဲ့ အစိုးရလူမျိုးရေး စစ်ပွဲတွေ မီးမွှေးနေတဲ့ အစိုးရလူထုကို နှိပ်စက်နေတဲ့ အစိုးရဆိုတာ ထင်ရှားတယ်။ ဒါတွေဟာ အင်္ဂလိပ်ဗမာစာချုပ်ကြောင့် ဖြစ်တယ်။ အင်္ဂလိပ်ဗမာစာချုပ်ဟာ ဗမာပြည်ကို လွတ်လပ်ရေးပေးတဲ့ စာချုပ်မဟုတ်ဘဲ ဗမာပြည်ကို တာရှည်ကျွန် လုပ်တဲ့ စာချုပ် လုံးဝ အရှုံးပေး အညံ့ခံလိုက်တဲ့ စာချုပ်ဖြစ်တယ်။ ဒီစာချုပ်ကို ငါတို့ဖျက်ဆီးပစ်ရမယ်။

ဒါကြောင့် ငါတို့ဟာ နယ်ချဲ့မြေရှင်စနစ်ကို တိုက်ဖျက်ပစ်ရမယ်။ ဒီစနစ်ကို တည်မြဲစေတဲ့ တိုင်းရင်းသားအရင်းရှင်တွေရဲ့ ဩဇာတန်ခိုးအာဏာကို ကျဆုံး စေရမယ်။

တကယ့် လွတ်လပ်ရေးကို အရယူရမယ်။
လူထုရဲ့ ဒီမိုကရေစီ တည်ထောင်ရမယ်။
ဖဆပလအစိုးရကို အခြေခံအားဖြင့် ပြောင်းလဲအောင် လုပ်ပစ်ရမယ်။

အင်္ဂလိပ်နဲ့ နိုင်ငံခြားအရင်းရှင်တွေရဲ့ အရင်းအနှီးတွေကို လျော်ကြေးမပေးဘဲ သိမ်းယူမဲ့ အစိုးရမြေရှင်စနစ်ကို လျော်ကြေးမပေးဘဲ ဖျက်သိမ်းပြီး လယ်လုပ်သူကို လယ်ပေးမဲ့ အစိုးရ၊ တိုင်းရင်းကုန်သေးလုပ်ငန်းတွေ ကာကွယ်ကြီးပွားအောင် လုပ်ပေးမဲ့ အစိုးရကို တည်ထောင်ရမယ်။

ဒီလမ်းဟာ ငါတို့ရဲ့လမ်းဖြစ်တယ်။

## ၃။ ။ ငါတို့၏ ထာဝရအင်အား။

ဒီတိုက်ပွဲမှာ ငါတို့နိုင်ပါ့မလား။ နယ်ချဲ့သမား မြေရှင်တိုင်းရင်းသား အရင်းရှင်ဂိုဏ်းကြီးဟာ စစ်တပ်၊ ပုလိပ်၊ ရုံး၊ ဂါတ်အစိုးရအာဏာတွေနဲ့ ပြည့်စုံလို့ အင်အားကြီးနေတယ်လို့ ထင်ရတယ်။

ဒါပေမဲ့ ဒါဟာ ထာဝရသဘောမဟုတ် ယာယီသဘောသာဖြစ်တယ်။

တရုတ်ပြည်ကိုကြည့်။ ဂျပန်တွေ လက်နက်ချပြီးကာစက ချန်ကေရှိတ်မှာ စစ်အင်အား၊ ပစ္စည်းအင်အား၊ လူအင်အား၊ အင်မတန် ကြီးမားတယ်။ အမေရိကန် နယ်ချဲ့သမားကလဲ ကူညီရတယ်။ ချိန်ကေရှိတ်နှင့်စာလျှင် တရုတ်ကွန်မြူနစ်တွေဟာ အရေအတွက်အားဖြင့် အင်အားနဲတယ်။ ဒါပေမဲ့ တရုတ်ပြည်ကွန်မြူနစ်တွေဟာ တွန့်ဆုတ်ခြင်းရှိသလား မရှိခဲ့ဘူး။

ချန်ကေရှိတ်ရဲ့ အင်အား အမေရိကန်ရဲ့ အင်အားဟာ ယာယီလို့ သိတယ်။ ငါတို့မှာ လူထုအင်အားဆိုတဲ့ ထာဝရအင်အားရှိတယ်ဆိုပြီး မှန်ကန်တဲ့ လမ်းစဉ်နဲ့ လွတ်လပ်ရေးစစ်ပွဲကို ဆင်နွှဲခဲ့တယ်။

အခုဆိုရင် တရုတ်ပြည်ကွန်မြူနစ်တွေဟာ ပြန်လည်ထိုးစစ်ဆင်နိုင်ပြီ။ ချန်ကေရှိတ်ရဲ့မြို့တော် နန်ကင်းအနီးအနားကိုတောင် စစ်ဦးရောက်နေပြီ။ ချန်ကေရှိတ်ကို အရှင်ဘမ်းဆီးတော့မယ်။

တရုတ်ပြည်မှာ ချိန်ခွင်လျှာဟာ ကွန်မြူနစ်တွေဘက်ကို စောင်းသွားပြီ။

တရုတ်ပြည်မှာ ငါတို့ရဲ့ ရဲဘော်တွေ အောင်ပွဲဆင်နေတာဟာ ကမ္ဘာ့အရှေ့ပိုင်းတခုလုံးမှာတောင် အခြေအနေပြောင်းလဲစေတယ်။ နယ်ချဲ့သမားရဲ့ အင်းအားဟာ အကြီးအကျယ် ပျက်သွားတာဘဲ။

အခုဆိုရင် တရုတ်ပြည်အောင်ပွဲဟာ ကမ္ဘာတခုလုံးရဲ့ အခြေအနေကိုပါ ပြောင်းလဲစေတယ်။ ကမ္ဘာတခုလုံးကို လွှမ်းမိုးဘို့ ကြိုးစားတဲ့ အမေရိကန်ဟာ





မာရှယ်စီမံကိန်းအရ ဥရောပကို ချယ်လှယ်ဘို့ သုံးဘို့ပိုက်ဆံတွေကို တရုတ်ပြည်ဘက် ပြောင်းပေးဘို့ စီစဉ်နေပြီ။ ဥရောပကို ချယ်လှယ်ဘို့ အမေရိကန်နယ်ချဲ့သမားရဲ့ အစီအစဉ်ဟာ လုံးဝပျောက်သွားပေမဲ့ ကုန်သွားပြီ။

ဒါဟာ ဘာကြောင့်လဲ။ ။ တရုတ်ကွန်မြူနစ်တွေဟာ ရန်သူရဲ့ ယာယီအားကို မကြောက်၊ ကိုယ့်ရဲ့ထာဝရအားကို ယုံကြည်ပြီး မှန်ကန်တဲ့ လမ်းစဉ်အတိုင်း တိုက်လို့ ဖြစ်တယ်။

ငါတို့ဘက်မှာ လူထုအင်အားရှိတယ်။ မှန်ကန်တဲ့ လမ်းစဉ်ရှိတယ်။ တိုက်ခိုက်တဲ့ အတွေ့အကြုံရှိတယ်။ ဒါကြောင့် ငါတို့ မုချနိုင်ရမယ်။

လူထုအုံကြွမှုကိုကြည့် အလုပ်သမားလူတန်းစားတရပ်လုံးဟာ တိုက်ပွဲဆင်နေတာတွေ မြို့ပေါ်က ဆင်းရဲသားတွေ အဝတ်အစားရဘို့ အိုးအိမ်ရဘို့ တိုက်ပွဲဝင်နေရတာတွေ၊ ဖိနှိပ်ချုပ်ချယ်မှုကို ခုခံနေကြတာတွေ၊ ရခိုင်ပြည်ကလူထုဟာ စစ်တပ်တွေကို ခုခံနေကြတာတွေ၊ ရှမ်းပြည်ကလူထုဟာ ပဒေသရာဇ်စနစ်ကို တိုက်ဖျက်ဘို့ လုပ်နေကြတာတွေဆိုရင် လူထုကြီးဟာလဲ နိုးကြားထားတာတွေ၊ ဒီလိုအုံကြွမှုတွေကို ငါတို့တောင်သူလယ်သမားတွေရဲ့ အုံကြွမှုနဲ့ ပေါင်းစပ်တိုက်ရင် နယ်ချဲ့သမား မြေရှင တိုင်းရင်းသားအရင်းရှင်တို့ ဂိုဏ်းကြီးကို ဖြိုပစ်နိုင်တဲ့ ငါတို့ရဲ့ ထာဝရအားဖြစ်တယ်။

ဒီအုံကြွမှုအားနဲ့ ငါတို့ရဲ့မှန်ကန်တဲ့ လမ်းစဉ်၊ ငါတို့ရဲ့ အတွေ့အကြုံတွေနဲ့ ပေါင်းလိုက်ရင် ငါတို့ မုချနိုင်ရမယ်။

## ၄။ ။ ငါတို့၏ တိုက်ပွဲသေနင်္ဂဗျူဟာ

ငါတို့ရဲ့ မှန်ကန်တဲ့နည်းလမ်းစဉ်ဆိုတာ ဘာလဲ။

တရုတ်ပြည်ကွန်မြူနစ်ခေါင်းဆောင်ကြီး မော်စီတုန်းက ကိုလိုနီ လက်အောက်ခံတိုင်းပြည်တွေဟာ နယ်ချဲ့သမားကို အပြုတ်တိုက်ဘို့ ဒီအတိုင်းလုပ်ဆိုပြီး အချက် ၄ ချက်ပြောတယ်။

**ပထမအချက်က** နယ်ချဲ့သမားကို စစ်ရေးတိုက်ပွဲနဲ့သာ နိုင်နိုင်တယ်။

**ဒုတိယအချက်** တော်လှန်ရေးတိုက်ပွဲနဲ့ မြေယာတော်လှန်ရေးနဲ့ ဆက်စပ်ပေးရမယ်။

**တတိယအချက်က** နယ်ချဲ့သမားကို စစ်ရေးအရ အပြုတ်တိုက်ပြီး

မြေယာတော်လှန်ရေးလုပ်မဲ့ အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုကြီး တည်ဆောက်ရမယ်။

**စတုတ္ထအချက်**ကတော့ ဒီလုပ်ငန်းတွေကို ဦးစီးရှေ့ဆောင်နိုင်မဲ့ မာ့က်စ်ဝါဒ၊ လီနင်ဝါဒအရ လုပ်မဲ့ပါတီလိုမယ်။

မော်စီတုန်းရဲ့ ဩဝါဒဟာ ငါတို့တတွေရဲ့ မီးရှူးတန်ဆောင်ဖြစ်တယ်။

ငါတို့တတွေဟာ မြေသီးခတိုက်ပွဲ၊ မြေခွန်တိုက်ပွဲ၊ လယ်မြေရရေးတိုက်ပွဲ၊ ရိက္ခာတိုက်ပွဲတွေ ဆင်နွှဲခဲ့ရတယ်။ ဒါပေမဲ့ ငါတို့ဘာဖြစ်လို့ မအောင်သေးသလဲ။

ပြီးခဲ့တဲ့အချိန်က ငါတို့ရဲ့တိုက်ပွဲတွေဟာ ဟိုတပျောက် ဒီတပျောက်ဖြစ်ပြီး တော်လှန်ရေးတခုလုံးရဲ့ အစိတ်အပိုင်းတွေအဖြစ် မပေါင်းစပ်လာသေးဘူး။

ငါတို့တိုက်ပွဲတွေဟာ အာဏာသိမ်းယူရေးကို မရှေးရှုသေးဘူး။ ငါတို့တိုက်ပွဲတွေဟာ နောက်ဆုံးတိုက်ပွဲအထိ မဖြစ်ပေါ်လာသေးဘူး။

ဒါ့ကြောင့် ငါတို့ရဲ့ တိုက်ပွဲတွေကို ပြန်လည်သုံးသပ်ပြီး တော်လှန်ရေးရဲ့ အစိတ်အပိုင်းတွေအဖြစ် ပေါင်းစပ်နေပြီး နောက်ဆုံးတိုက်ပွဲ အာဏာသိမ်းပွဲအထိ ချီတက်ကြရမယ်။

နောက်တချက် ငါတို့နားလည်ရမှာက ငါတို့ရဲ့ အဆုံးသတ်တိုက်ပွဲဟာ မြေယာတော်လှန်ရေးနဲ့ ဆက်စပ်သွားရမယ်။

တရုတ်ပြည်မှာ ချန်ကေရှိတ်ကို တိုက်ရင်း လယ်သမားတွေကို လယ်ဝေပေးတယ်။ ဒါကြောင့် အောင်ပွဲဆင်တယ်။

အင်ဒိုနေရှားမှာ နယ်ချဲ့သမားကို လက်နက်နဲ့ တိုက်ရင်း တိုက်နေတဲ့အခါမှာ လယ်ဝေမပေးသေးဘူး။ ဒါ့ကြောင့် သူတို့အရှုံးပေးရတယ်။

ဗီယက်နမ်မှာ ခုထက်ထိ လယ်ဝေပေးတဲ့အလုပ်တွေ မလုပ်သေးဘူး။ ဒါကြောင့် အင်မတန်ကြီးမားတဲ့ အန္တရာယ်နှင့် ကြုံနေပြီး အိန္ဒိယမှာဆိုရင် ဟိုက်ဒရာဘက်နယ်မှာ ရာဂျာနယ်ရှင်ကို တိုက်တဲ့ လူထုကြီးဟာ ရွာ ၂ ထောင်ကျော်ကို လွတ်လပ်ရေးရအောင် လုပ်ပြီးပြီ။ သူတို့ရဲ့ လွတ်လပ်ရေးတိုက်ပွဲနဲ့ မြေယာဝေတဲ့အလုပ် ပူးတွဲပေးနိုင်သလောက် ရက္ခုအောင်မြင်ရတယ်။

ဗမာပြည်အလယ်ပိုင်းနဲ့ ရခိုင်ပြည်မှာ ငါတို့ဘာကြောင့် အင်အားအခြေခံရှိသလဲ။ ဂျပန်ကို တော်လှန်းတုန်းကရော အင်္ဂလိပ်နယ်ချဲ့သမားကို ခုခံနေတုန်းကရော၊ လယ်ယာတိုက်ပွဲတွေ ရိက္ခာတိုက်ပွဲတွေနဲ့ ဆက်ပေးလို့ ဖြစ်တယ်။





ဒါကြောင့် ငါတို့ရဲ့ တကဲ့လွတ်လပ်ရေးအတွက် နောက်ဆုံးတိုက်ပွဲနဲ့ လယ်မြေဝေရေးကို ဆက်စပ်ပေးရမယ်။

**၅။ ။ မြေယာတော်လှန်ရေး**

ငါတို့ရဲ့ အခြေလုပ်ငန်းဟာ မြေယာတော်လှန်ရေးဖြစ်တယ်။ ငါတို့တတွေဟာ မြေသီးခတိုက်ပွဲ၊ လယ်မြေရရေးတိုက်ပွဲ၊ မြေခွန်တိုက်ပွဲ၊ ရိက္ခာတိုက်ပွဲတွေ ဆင်နွှဲရင်း နဲ့ တောင်သူလယ်သမား လူတန်းစားတရပ်လုံးကို နိုးကြားစည်းရုံးစေခဲ့တယ်။

တောင်သူလယ်သမားလူတန်းစားတရပ်လုံးကို တပ်ပေါင်းစုကြီးတရပ်ဖြစ်လာအောင် ဖွဲ့စည်းပေးရမယ်။ ငါတို့ရဲ့ တောင်သူလယ်သမားသမဂ္ဂကြီးဟာ ကူလီသီးစား ကိုယ်ပိုင်လယ်လုပ်တဲ့ တပ်ပေါင်းစုကြီးဖြစ်လာစေရမယ်။

ဒီတပ်ပေါင်းစုကြီးဟာ နယ်ချဲ့သမားနဲ့ မြေရှင်စနစ်ကိုငှင်း၊ ဒီစနစ်ကို တည်တန့်စေတဲ့ တိုင်းရင်းသားအရင်းရှင်တွေကိုငှင်း၊ တိုက်နေတဲ့ တိုက်ခိုက်ရေးအဖွဲ့ကြီးဖြစ်တယ်။

ဒီတိုက်ခိုက်ရေးအဖွဲ့ကြီးကို ခိုင်ခန့်တည်မြဲအောင် လယ်ကူလီတွေကို သမဂ္ဂအဖြစ်နဲ့ ဖွဲ့စည်းပေးရမယ်။ လယ်ကူလီတွေမှာ ကျွဲမရှိ နွားမရှိ ထွန်တုံးတံမရှိ၊ လယ်မရှိ၊ ယာမရှိ၊ တိုက်ပွဲဆင်တဲ့အတွက် သူတို့မှာ ဆုံးစရာရှုံးစရာဘာမှမရှိ။ သူတို့ဘဝဆိုးက လွတ်လပ်ဘို့ ဒါရှိတယ်။ ဒါကြောင့် လယ်သမားလူတန်းစားထဲက အလွှာ ၃ လွှာထဲမှာ အခက်ဆုံးအလွှာဖြစ်တဲ့ လယ်ကူလီတွေဟာ အထက်မျက်ဆုံး အလွှာဖြစ်တယ်။ ဒါကြောင့် လယ်ကူလီသမဂ္ဂတွေ မရှိရင် မဖြစ်ဘူး။ လယ်ကူလီသမဂ္ဂဟာ ကူလီတွေရဲ့ သီးခြားသမဂ္ဂဖြစ်ပေမဲ့ တောင်သူလယ်သမားသမဂ္ဂရဲ့ အပြင်က အဖွဲ့မဟုတ်ဘူး။ တောင်သူလယ်သမားသမဂ္ဂအတွင်းက အဖွဲ့ဖြစ်တယ်။ ကိုယ်ထည်ကြီးမှာ ကျောရိုးလိုဖြစ်တဲ့ အဖွဲ့အစည်းဖြစ်တယ်။

တောင်သူလယ်သမားတွေရဲ့ တိုက်ခိုက်ရေးအဖြစ် သမဂ္ဂကို တည်ဆောက်ရင်း သမဂ္ဂအတွင်းမှာဘဲ သမဂ္ဂရဲ့ လက်ရုံးဖြစ်တဲ့ တောင်သူလယ်သမားကာကွယ်ရေးအဖွဲ့တွေ ဖွဲ့ရမယ်။ ဒီအဖွဲ့တွေဟာ တောင်သူလယ်သမားတွေရဲ့ အကျိုးစီးပွားကို ကာကွယ်ဘို့ တိုက်ပွဲတွေကို စောင့်ရှောက်ဖို့ ရန်သူကို ခုခံဘို့ အဖွဲ့တွေဖြစ်တယ်။ ဒီပြင် လူတန်းစားတွေမှာ စစ်တပ်ပုလိပ်အဖွဲ့ရှိသလို တောင်သူလယ်သမားတွေကလဲ ကာကွယ်ရေးအဖွဲ့အစည်းတွေ ဖြစ်ရမယ်။ ဒီအဖွဲ့အစည်းတွေလဲ ပါတဲ့

လယ်သမားလူတန်းစားတရပ်လုံးရဲ့ တပ်ပေါင်းစုကြီးဟာ မြေယာတော်လှန်ရေးအတွက် တိုက်ခိုက်ရေးလက်နက်ကြီးဖြစ်တယ်။

**၆။ အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုံ**

ကောင်းပြီ။ မြေယာတော်လှန်ရေးလုပ်ဘို့ တကယ့်လွတ်လပ်ရေးကို ရဘို့ ငါတို့ တောင်သူလယ်သမားချည်းပြီးမထား။ မပြီးဘူး။

လယ်သမားလူတန်းစားတရပ်လုံးရဲ့ တပ်ပေါင်းစုကိုတည်ဆောက်ရမယ်။ သည့်အပြင် လယ်သမားလူတန်းစားတရပ်လုံးဟာ အထက်မြက်ဆုံးဖြစ်တဲ့ အလုပ်သမားလူတန်းစားနဲ့ မဟာမိတ်ဖွဲ့ရမယ်။ အလုပ်သမားလူတန်းစားရဲ့ ရှေ့ဆောင်မှုကို ခံယူရမယ်။ အလုပ်သမားနဲ့ လယ်သမားဟာမိတ်ဖွဲ့ရေးနဲ့ ပတ်သက်လို့ ရန်ကုန်မှာ ဘီအိုစီရေနံအလုပ်သမားတွေ၊ ရေနံမြေသယ်ယူပို့ဆောင်ရေး အလုပ်သမားတွေ၊ သစ်စက်အလုပ်သမားတွေဟာ သပိတ်တိုက်ပွဲ ဝင်နေရတယ်။ ဒီသပိတ်တိုက်ပွဲဟာ ငါတို့ရဲ့ တကဲ့လွတ်လပ်ရေးတိုက်ပွဲကို ခြေလှမ်းသွက်စေတဲ့ တိုက်ပွဲဖြစ်တယ်။ အလုပ်သမားတွေရဲ့ အထွေထွေသပိတ်ကြီးကို ဒီကွန်ဂရက်ကြီးက ချီးကျူးသြဘာပေးရမဲ့အပြင် တပြည်လုံးက ထောက်ခံလာအောင် ငါတို့ လုပ်ကြံရမယ်။ ငါတို့ရဲ့ တောင်သူလယ်သမားသမဂ္ဂနှင့် ကွန်မြူနစ်ပါတီရဲ့ ဆက်သွယ်မှုကို ရှင်းလင်းဘို့ လိုတယ်။

ငါတို့ရဲ့ တောင်သူလယ်သမားသမဂ္ဂဟာ အဖွဲ့အစည်းအနေနဲ့ဆိုရင် ကွန်မြူနစ်ပါတီနဲ့ တသီးတခြားစီပဲ။ ဒါပေမဲ့ ကွန်မြူနစ်ပါတီဟာ အလုပ်သမားလူတန်းစားရဲ့ ပါတီဖြစ်တယ်။ အလုပ်သမားလူတန်းစားဟာ နယ်ချဲ့သမားကို တိုက်တဲ့အခါမှာ မြေယာတော်လှန်ရေးလုပ်တဲ့အခါမှာ ရှေ့ဆောင်ရမယ်လို့ ငါတို့ ယုံကြည်တယ်။ ဒါကြောင့် တောင်သူလယ်သမားသမဂ္ဂဟာ ကွန်မြူနစ်ပါတီရဲ့ ရှေ့ဆောင်မှုကို ခံယူတယ်။

ကွန်မြူနစ်ပါတီဝင် အများအပြားဟာလဲ သမဂ္ဂရဲ့ အကောင်းဆုံးသော ခေါင်းဆောင်တွေအဖြစ်နဲ့ လယ်သမားလူတန်းစားကို ခေါင်းဆောင်နေတယ်။

လယ်သမားသမဂ္ဂနဲ့ ကွန်မြူနစ်တွေဟာ အဲဒီသဘောအရ အပြန်အလှန်ဆက်သွယ်တာကို ရှင်းလင်းဘို့လိုတယ်။

တောင်သူလယ်သမားနဲ့ အလုပ်သမားဟာ မိတ်ဖွဲ့ရုံတင် မကသေးဘူး။ ဒီမိုကရေစီလိုလားတဲ့ ပညာတတ်လူတန်းစားတွေနဲ့လဲ မဟာမိတ်ဖွဲ့ရမယ်။ အချုပ်





ပြောရရင် အလုပ်သမားလယ်သမား ပညာတတ်လူတန်းစားတွေရဲ့ တပ်ပေါင်းစု တနည်းအားဖြင့် တကဲ့လွတ်လပ်ရေးနဲ့ လူထုဒီမိုကရေစီလိုလားတဲ့ အမျိုးသားညီညွတ်ရေးတပ်ပေါင်းစု တနည်းအားဖြင့် ဒီမိုကရေစီတပ်ပေါင်းစုကို တည်ဆောက်ရမယ်။

အဲဒီ ဒီမိုကရေစီတပ်ပေါင်းစုဟာ ဖဆပလကွန်မြူနစ်ညီညွတ်ရေးအပေါ်မှာ အခြေတည်နေမယ်။ အားလုံးသိတဲ့အတိုင်း တိုင်းပြည်မှာ အမျိုးသားအင်အားစုတွေ နှစ်ပိုင်းကွဲပြားနေတယ်။ ဖဆပလထဲမှာရှိနေတဲ့ အမျိုးသားအင်အားစုတွေနဲ့ ကွန်မြူနစ်ထဲမှာရှိနေတဲ့ အမျိုးသားအင်အားစုတွေဟာ ညီညွတ်ရမယ်။

ဒါပေမဲ့ ဒီညီညွတ်ရေးဟာ တကဲ့လွတ်လပ်ရေးနဲ့ လူထုဒီမိုကရေစီအတွက် ညီညွတ်ရေးဖြစ်တယ်။ ဖဆပလလက်ရှိခေါင်းဆောင်တွေဟာ နယ်ချဲ့သမားရဲ့ အစေအပါးတွေဖြစ်နေကြတယ်။ သူတို့ဟာ ဒီညွှညွှတ်ရေးကို တားဆီးဖျက်ဆီးနေတယ်။ ဒါကြောင့် တကဲ့လွတ်လပ်ရေးကို ဆန့်ကျင်နေတဲ့ ဖဆပလ ခေါင်းဆောင်တွေဟာ ဒီတပ်ပေါင်းစုထဲ မပါရဘူး။ သူတို့မပါတဲ့ ဒီမိုကရေစီတပ်ပေါင်းစုဖြစ်တယ်။

ဒီအမျိုးသားညီညွတ်ရေးတပ်ပေါင်းစုထဲမှာ လူနည်းစုတွေလဲပါရမယ်။ အထူးသဖြင့် ကရင်တွေဟာ အရေးကြီးတယ်။ ကရင်အမျိုးသားတွေကို တကဲ့လွတ်လပ်ရေးအတွက် လူထုဒီမိုကရေစီတိုက်ပွဲထဲမှာ ပါအောင် လုပ်ရမယ်။ ဖောက်ပြန်တဲ့ မြေရှင်ခေါင်းဆောင်တွေကို ဖြိုချရမယ်။ ဒါတင်မကသေးဘူး ဖဆပလ ခေါင်းဆောင်တွေနဲ့အတူ ဝေစုယူပြီး ဖဆပလ ခေါင်းဆောင်တွေရဲ့ အစီအစဉ်အတိုင်း လုပ်နေတဲ့ ကရင်လူငယ်များ အစည်းအရုံးရဲ့ ခေါင်းဆောင်တွေကိုလဲ ကျဆုံးအောင်လုပ်ရမယ်။ နောက်ပြီး ကရင်အမျိုးသားတွေကို မြေယာတော်လှန်ရေးထဲ ပါလာစေရမယ်။ ဒီမိုကရေစီတပ်ပေါင်းစု တည်ဆောက်တဲ့အခါမှာ အကြီးဆုံး အနှောင့်အရှက်ဟာ ဆိုရှယ်လစ်တွေရဲ့ လူတန်းစားခြင်း ပူးပေါင်းရေးဝါဒ ဖြစ်တယ်။ လက်ဝါးကြီးအုပ်အရင်းရှင်တွေနဲ့ အလုပ်သမားတွေ သင့်မြတ်ရေး မြေရှင်နှင့် လယ်သမား ပူးပေါင်းရေး အဲဒီအလုပ်တွေကို လက်ဝဲစကားတွေ တွင်တွင်သုံးနေပြီး အလုပ်သမား၊ လယ်သမားတွေရဲ့ အင်အားတွေကို လိုက်ဖြိုခွဲနေတယ်။ မြေရှင်စနစ်တည်မြဲစေတဲ့ မြေခွန်နှစ်ဆသီးစားခ၊ ဥပဒေတို့ကို မြေသိမ်းပွဲသလို ကြွေးကြော်နေတယ်။ အတုအယောင်လွတ်လပ်ရေးကို ပစ္စည်းမဲ့အာဏာရှင်စနစ်လို့ ကြွေးကြော်နေတယ်။ ဆိုရှယ်လစ်ပါတီထဲမှာ လူထုကို စေတနာရှိတဲ့လူတွေ ဒီတပျောက် ဟိုတပျောက် ပါတာမှန်တယ်။ ဒါပေမဲ့ ဆိုရှယ်လစ်ပါတီရဲ့ ဝါဒလုပ်ငန်းဟာ လက်ဝဲစကား

တွေနဲ့ လယ်သမားကို တိုက်စစ်ဆင်နေတဲ့ ဝါဒဖြစ်တယ်။ ဒါကြောင့် ဆိုရှယ်လစ်တွေရဲ့ လူတန်းစားပူးပေါင်းရေးဝါဒမှန်သမျှ လုပ်ငန်းမှန်သမျှကို အားသွန် တိုက်ဖျက်ချေမှုန်းပစ်ရမယ်။

**၇။ ငါတို့ မုချအောင်ပွဲဆင်ရမည်**

ကဲ အဆုံးသတ်ကြစို့၊ ငါတို့ဟာ တကဲ့လွတ်လပ်ရေး၊ လူထုဒီမိုကရေစီအတွက် ချီတက်ကြစို့။ ဒီလိုချီတက်နေတဲ့အခါမှာ နယ်ချဲ့သမားမြေရှင်အရင်းရှင်ဂိုဏ်းဟာ လူထုကို တိုက်နေတယ်။ ငါတို့တတွေဟာ ဒီရန်သူတွေကို တိုက်ခိုက်ချေမှုန်းပြီး တကဲ့လွတ်လပ်ရေးကို ချီတက်ရမယ်။

ငါတို့ဟာ တောင်သူလယ်သမားလူတန်းစားတရပ်လုံး၊ လူထုကြီးတရပ်လုံးရော ငါတို့နဲ့အတူတူဖြစ်နေတယ်။

ငါတို့ ဂျပန်တော်လှန်ရေးအတွေ့အကြုံ နယ်ချဲ့သမားကို တော်လှန်ခဲ့တဲ့အတွေ့အကြုံနဲ့ ပြည့်စုံတယ်။

ငါတို့အထဲမှာ ထောင်သောင်းများစွာသော လူငယ်တွေဟာလဲ ပြောက်ကြားစစ်ပွဲအတွေ့အကြုံတွေ များပြားတယ်။

တကဲ့လွတ်လပ်ရေးနဲ့ မြေယာတိုက်ပွဲဆီသို့ ငါတို့ ချီတက်သွားရင်း အနှောက်အယှက် အတားအဆီးရန်သူမှန်သမျှကို တချက်မှ အရှုံးမပေးဘဲ ရဲရဲကြီး ချီတက်ရင်း တိုက်ဖျက်ကြရမယ်။

ရဲဘော်တို့ ......

ဒီနှစ်ဟာ ငါတို့ရဲ့ သေရေးရှင်ရေး ဆုံးဖြတ်ဘို့ နှစ်ဖြစ်တယ်။ တရုတ်ပြည်က ရဲဘော်တွေဟာ အောင်ပွဲအလီလီဆင်နွှဲနေတယ်။ အာရှတိုက် လွတ်လပ်ရေးလုပ်ငန်းတွေမှာ ဗမာပြည်လွတ်လပ်ရေးလုပ်ငန်းဟာ အချက်အချာဖြစ်တယ်။ ဒါကြောင့် တို့ဗမာပြည်ဟာ ကိုယ့်အစွမ်းအစနဲ့ နယ်ချဲ့သမားကို အပြတ်အသတ် နောက်ဆုံးတိုက်ပွဲ ဆင်နွှဲကြရမယ်။

ဒါကြောင့် ငါတို့တိုက်ပွဲ ပြင်ကြစို့။

လောလောဆယ်အားဖြင့် ရခိုင်ပြည်အရေးကို ပြည်လုံးကျွတ်ထောက်ခံကြ။

လယ်မြေရရေးအတွက် တိုက်ပွဲဝင်ကြ။

ရိက္ခာရရေးအတွက် တိုက်ပွဲဝင်ကြ။





စည်းရုံးရေးခိုင်မြဲအောင် လယ်ကူလီသမဂ္ဂတွေ တည်ထောင်ကြ။

ဤတိုက်ပွဲတွေအားဖြင့် တကယ့်လွတ်လပ်ရေးနဲ့ လူထုဒီမိုကရေစီ ထူထောင်ကြဘို့ ရဲဘော်တို့ . . . .။

ကမ္ဘာကို လွှမ်းမိုးဘို့ ကြိုးစားတဲ့ အင်္ဂလိပ်အမေရိကန်နယ်ချဲ့ဂိုဏ်း၊ ဒီမိုကရေစီဆန့်ကျင်ရေးဂိုဏ်းကို တိုက်ဖျက်ချေမှုန်းဘို့ နယ်ချဲ့သမားတိုက်ဖျက်ရေး ဒီမိုကရေစီဂိုဏ်းကြီးတခုကို တည်ထောင်ပြီးပြီ။

အဲဒီဂိုဏ်းမှာ ဆိုဗီယက်ယူနီယံက ခေါင်းဆောင်နေတယ်။ ဒါဟာ ငါတို့ရဲ့ အားဘဲ။

တရုတ်ပြည်က အောင်ပွဲတွေဟာ ငါတို့ရဲ့ အင်အားကို အဆမတန်ကြီးမားနေတယ်။

ငါတို့ရဲ့ ပြည်တွင်းက လူထုအုံကြွမှုအားဟာလဲ တနေ့တခြား ကြီးမားနေတယ်။

ငါတို့ရဲ့ အင်အားဟာ နယ်ချဲ့ဂိုဏ်းရဲ့ အင်အားထက် အဆပေါင်းများစွာ ကြီးမားတယ်။

ဒါကြောင့် ငါတို့ မုချနိုင်ရမယ်။

တကဲ့လွတ်လပ်ရေးနှင့် မြေယာတော်လှန်ရေးသို့ ရဲရဲကြီးချီတက်ကြ။

ပြည်သူ့အာဏာပုံနှိပ်တိုက်ထုတ် မှုရင်းစာအုပ်မှ

မူရင်းစာလုံးပေါင်းသတ်ပုံအတိုင်းဖော်ပြပါသည်။

☆☆☆



## တော်လှန်ရေးမိန့်ခွန်း

### ၁၉၄၈ ခုနှစ်၊ မတ်လ ၂၇ ရက် (စနေနေ့)

၁၉၄၈ မတ်လ ၂၇ ရက်နေ့တွင် ဗမာပြည်ကွန်မြူနစ်ပါတီမှ ဦးဆောင်ကာ ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံတွင် တော်လှန်ရေးနေ့အခမ်းအနားတစ်ရပ် ကျင်းပရာ သဘာပတိ သခင်သန်းထွန်း ပြောကြားသော မိန့်ခွန်းကို မတ်လ ၃၁ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၌ ဖော်ပြထားချက်ကို ပြန်လည်ဖော်ပြအပ်ပါသည်။ *(စီစဉ်သူ)*





### ဗမာပြည်ကွန်မြူနစ်ပါတီမှ ကြီးမှူး၍ ဗန္ဓုလပန်းခြံတွင် ကျင်းပရာ သခင်သန်းထွန်းက သဘာပတိအဖြစ်ဖြင့် ဆောင်ရွက်ခြင်း

**၃ နှစ် ၃ မိုယ်း။**

တော်လှန်ရေးနေ့ အထိမ်းအမှတ်ပွဲတရပ်ကို မတ်လ ၂၇ ရက်နေ့ နံနက် ၇ နာရီအချိန်တွင် ဗမာပြည်ကွန်မြူနစ်ပါတီမှ ရှေ့ဆောင်၍ ရန်ကုန်မြို့ ဗန္ဓုလပန်းခြံ၌ ကျင်းပရာ အလုပ်သမားသမဂ္ဂများ၊ ဒီမိုကရက်တစ် လူငယ်အဖွဲ့များ၊ **သိမ်ကြီး**ဈေးဗဟိုသမဂ္ဂ၊ အမျိုးသမီးကွန်ဂရက်ကို တက်ရောက်ကြရာ ပရိသတ် ၃ ထောင်ခန့်**ရှိ**ကြောင်း။ အထိမ်းအမှတ်ပွဲတွင် ကွန်မြူနစ်ပါတီ သခင်သန်းထွန်းက သဘာပတိ။ **အလုပ်သမား**သမဂ္ဂမှ ကိုဖုန်းညွန့်က အတွင်းရေးမှူးအဖြစ်ဖြင့် ဆောင်ရွက်**ကြောင်း။**

အခမ်းအနားကို မိုးသောက်ကြယ်သီချင်းဖြင့် ဖွင့်လှစ်ပြီး **အလုပ်သမား**၊ လယ်**သမား**တို့၏ အလံတော်ကို အလေးပြု၍ ကျဆုံးသော ခေါင်း**ဆောင်များ**ကို အလေးပြုပြီးနောက် သခင်သန်းထွန်းက သဘာပတိမိန့်ခွန်း ပြော**ကြားသည်မှာ** ၃ နှစ် ၃ မိုယ်းတိုင်တိုင် ဂျပန်ဖက်ဆစ်တို့ ဗမာပြည်တွင် အနှံ့အပြား **အတုံးအရုံး** ကျဆုံး**အောင်** တိုက်ခဲ့ရခြင်းမှာ ဖက်ဆစ်စနစ်ကို မလိုလားလို့ဖြစ်ကြော**င်း။** **၁၉၄၅** ခုနှစ် မတ် ၂၇ ရက်နေ့က တိုက်ခိုက်ခဲ့၍ ၄၆–၄၇ ခုနှစ် မတ်လ ၂၇ ရက်**တိုင်အောင်** အထိမ်းအမှတ်အဖြစ် တော်လှန်ရေးနေ့ရယ်လို့ ကျင်းပခဲ့ကြောင်း။ ယခုနှစ်**အဘို့ရာ**တွင် ယခင်နှစ်များထက် အဓိပ္ပါယ်ကျယ်ဝန်းစွာ ရှိကြောင်း။ ယခု ခေါင်းထောင်**ထလာ**တဲ့ ဖက်ဆစ်အဖွဲ့ ဖက်ဆစ်များကို ပြင်းပြင်းထန်ထန် တိုက်ပါမယ်လို့ ဒီနေ့ **သိန္နိဋ္ဌာန်** စွဲစွဲမြဲမြဲ **ချဘို့**လိုကြောင်း။

**တော်လှန်ရေးနေ့ ၂ နေရာ။**

ယခုနှစ်မှာ တော်လှန်ရေးနေ့ ၂ နေရာဖြစ်နေတယ်။ တနေရာက ဖက်ဆစ်ကို အပြင်းအထန် တိုက်ခိုက်ခဲ့တဲ့ ကွန်မြူနစ်ပါတီ ရှေ့ဆောင်ကျင်းပတဲ့ ဒီနေရာနဲ့ တခြားတနေရာက အာဇာနီအုတ်မြစ်ချပွဲမှာ ဖက်ဆစ်ကို အပြင်းအထန်တိုက်နေတုန်းက ဂျပန်ဖက်ဆစ်နဲ့အတူ မုဒုံကို ပါသွားတဲ့ သခင်နုခေါင်းဆောင်တဲ့ တနေရာဖြစ်တယ်။ ဒီနေရာဟာ ဖက်ဆစ်တိုက်မဲ့ အစည်းအဝေး။ ဟိုနေရာဟာ ဖက်ဆစ်ကို ဗမာပြည်ထဲမှာ တည်ထောင်ဘို့လုပ်မဲ့ အစည်းအဝေး။ မတော်တာလုပ်မဲ့ အစည်းအဝေးဖြစ်တယ်။ တပြည်လုံးလွတ်လပ်ရေး ပြင်းပြနေလို့ လွတ်လပ်ရေးအတုကို ပေးခဲ့ရာ ဒီအစည်းအဝေးဟာ လွတ်လပ်ရေးအစစ်ကို လိုချင်တဲ့ အစည်းအဝေးဘဲ။ နု-အက်တလီစာချုပ်ဟာ ဘိလပ်က သခင်ကြီး ခိုင်းတဲ့အတိုင်း လုပ်ပါမယ်လို့ ကတိပေးခဲ့တာဘဲ။ အခု ဖဆပလ ခေါင်းဆောင်တွေဟာ အင်္ဂလိပ်ကုမ္ပဏီတွေရဲ့ အကာအကွယ်တွေဖြစ်ကုန်ပြီ။ သတင်းစာတိုက်တွေကိုလဲ ဖျက်ဆီးကုန်ပြီ။

**ညီညွတ်ဘို့ဆိုတာ။**

ညီညွတ်ဘို့ဆိုတာလဲ တကယ့်အလုပ်သမား။ လယ်သမားတွေရဲ့ တိုက်ပွဲတွေကို ယှဉ်ပြိုင်တိုက်ရင်း တကယ့်ဖက်ဆစ်စနစ်ကို တိုက်ရင်းသာ ညီညွတ်လို့ရမယ်၊ တိုင်းပြည်မှာ လမ်း ၂ လမ်းဘဲ ရှိတယ်၊ ဖဆပလခေါင်းဆောင်တဲ့ ဖက်ဆစ်လမ်းနဲ့ ကျွန်တော်တို့ရဲ့လမ်း၊ ၂ လမ်းကို တိုင်းသူပြည်သားတွေ ရွေးဘို့ လိုလာပြီဖြစ်တယ် စသည်ဖြင့် အကျယ်တဝင့် ဟောပြောကြောင်း။

**ဟောပြောသူများ။**

၎င်းနောက် အလုပ်သမားသမဂ္ဂမှ မစ္စတာဆင်းက ကုလားဘာသာဖြင့် ဟောပြောကြောင်း။ ၎င်းနောက် သခင်ချစ်က အလုပ်သမားသပိတ်များ အခြေအနေကို ရှင်းလင်းပြောပြကြောင်း။

**ဆုံးဖြတ်ချက်များ။**

၎င်းနောက် ဂျပန်ဖက်ဆစ်တို့ကို အပြုတ်တိုက်ခဲ့သလို တကယ့်လွတ်လပ်ရေးနှင့် ဒီမိုကရေစီရေးအတွက် ဖက်ဆစ်အကြံအပြုအမူကို၎င်း၊ ဖက်ဆစ်အဖွဲ့အစည်းမှန်သမျှကို၎င်း၊ တိုက်ခိုက်ပစ်ရန်နှင့် တကယ့်လွတ်လပ်ရေးနှင့် ဒီမိုကရေစီရေးအတွက်





ဖက်ဆစ်ဆန့်ကျင်သော ဒီမိုကရေစီအင်အားစုတို့၏ တပ်ပေါင်းစုကို ဖွဲ့စည်းရန်နှင့် ပုဒ်မ ၁၄၄ အမိန့် အစရှိသည်တို့ကို ချက်ခြင်းရုပ်သိမ်းရန် အဆိုကို ဆုံးဖြတ်ကြပြီးလျှင် အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း။

၁၉၄၈ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ မြန်မာ့အလင်းသတင်းစာ

မူရင်းစာလုံးပေါင်းသတ်ပုံအတိုင်းဖော်ပြပါသည်။

☆☆☆



ဗမာပြည်အလယ်ပိုင်း၊ လွတ်မြောက်ပြီး ဒေသများဆိုင်ရာ
ပြည်သူ့ ဒီမိုကရေစီတပ်ပေါင်းစု
ကွန်ဖရင့်ကြီးတွင်
၁၉၅၀ ခုနှစ်၊ မတ်လ (၁၂) ရက် (တနင်္ဂနွေနေ့)က ပြောကြားသော
တပ်ပေါင်းစု ဥက္ကဋ္ဌ
သခင်သန်းထွန်း၏ မိန့်ခွန်း





## တော်လှန်ရေး ရှေ့တာဆင့်တက်ရန်

### ၁။ အခက်အခဲကြားမှ ကိုယ်စားလှယ်များ

အခြေအနေအရ ရှုတ်ထွေးနေခဲ့တာ မနေ့ကမှဘဲ ရှင်းလင်းရတယ်။ ဒါကြောင့် ဒီကွန်ဖရင့်နှင့် ပါတ်သက်လို့ ညွှန်ခံကော်မတီကိုယ်စား ဗိုလ်ချစ်မောင် ပြောသွားတဲ့အတိုင်း စိတ်ကူးထားခဲ့သလောက် မအောင်မြင်ဘဲ ချို့ယွင်းတာတွေရှိတဲ့အတွက် သည်းခံကြဘို့ ရှေးဦးစွာ ပြောလိုပါတယ်။

ဒီကွန်ဖရင့်ကြီးကို ခရိုင်အသီးသီးက တပ်ပေါင်းစုကိုယ်စားလှယ်တွေ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ ကိုယ်စားလှယ်တွေ၊ အဖွဲ့အစည်းများရဲ့ ကိုယ်စားလှယ်တွေ၊ တပ်မတော်များရဲ့ ကိုယ်စားလှယ်တွေ စုံစုံလင်လင် တက်ရောက်ကြတယ်။ ပြည်သူ့ရဲဘော်အဖွဲ့ချုပ်က ကိုယ်စားလှယ်တွေတော့ မပါကြဘူး။

ကိုယ်စားလှယ်ရဲဘော်တွေဟာ ဒီကွန်ဖရင့်ကို အခက်အခဲအမျိုးမျိုးတွေကြားထဲက လာခဲ့ကြရတယ်။ ဒီလိုလာကြတာ တော်လှန်ရေးအောင်မြင်မှုကို ရည်မှန်းပြီး လာကြတာဖြစ်တဲ့အတွက် အံ့ထူးဘဲချီးကျူးရမယ်။

အခု ကိုယ်စားလှယ်တွေထဲမှာ ရခိုင်ရဲဘော်တွေလဲပါတယ်။ ရခိုင်ရဲဘော်တွေနဲ့ တော်လှန်ရေးအတွင်းမှာ အဆက်ပြတ် နေရာက အခုတွေ့ဆုံရလို့ များစွာဘဲ ဝမ်းသာစရာကောင်းတယ်၊ ဘယ်ရခိုင်ရဲဘော်တွေဟာ မိမိတို့ဆိုင်ရာ ဗဟိုအဖွဲ့အစည်းတွေနဲ့ အဆက်ပြတ်ခဲ့ကြတယ်၊ ဒီလို အဆက်ပြတ်ပြီးနေပေတဲ့ တော်လှန်ရေးကို မတွန့်မဆုတ် လုပ်ခဲ့ကြတဲ့အတွက် ချီးကျူးစရာဘဲ ဖြစ်တယ်။ အခုဆိုရင် ရခိုင်ရဲဘော်တွေမှာ လက်နက် ၈၀၀ ကျော် ရှိတယ်။ အော်လီဂန်း အလက် ၂၀ လောက် ရှိတယ်။ ရသေ့တောင်မှာ ရန်သူက အော်လီဂန်း ၃ လက်နဲ့ ရခိုင်ရဲဘော်တွေက အော်လီဂန်း ၈ လက်နဲ့တောင် ယှဉ်ပြိုင်တိုက်ခိုက်နိုင်ခဲ့တယ်။

တော်လှန်ရေးအတွင်းမှာ ဆက်သွယ်မှုနဲ့ စည်းရုံးမှုဟာ အထူး လိုအပ်တယ်။ ဒီလိုလိုအပ်တဲ့အတိုင်း ခက်ခက်ခဲခဲ ရရှိင်ရဲဘော်တွေ လာခဲ့ကြရတယ်။ မနေ့က လာတော့ ပြည်မြို့အဝင်မှာ ကင်းရဲဘော်တွေရဲ့ အပစ်ကိုတောင် ခံကြရသေးတယ်။

ဒီပြင် ချီးကြူးစရာကောင်းတာက အောက်ဗမာပြည်တပ်ပေါင်းစု ကိုယ်စားလည် အဖြစ်နဲ့ ပြည်သူ့ရဲဘော်တွေ ဒီကွန်ဖရင့်ကို တက်ရောက်လာကြတာဖြစ်တယ်။

ဒီကွန်ဖရင့်ကို မအောင်မြင်အောင် ပြည်ခရိုင်၊ ပြည်သူ့ရဲဘော်များ နောက်ယှက်ကြပုံတွေ ပြည်သူ့ရဲဘော်ခေါင်းဆောင်များ ဖော်ပြန်ပုံတွေကို ဒီရဲဘော်တွေ မြင်ကြတယ်။ ဒါ့ကြောင့် သူတို့ မတက်ဖြစ် တက်ဖြစ်အောင် ကြိုးစားကြတယ်။ ဒီလို ကွန်ဖရင့်ကို တက်လာတဲ့ ပြည်သူ့ရဲဘော်ကိုယ်စားလည်တွေအတွက် ကျွန်တော်တို့ ဂုဏ်ယူတယ်။ မှန်တဲ့လမ်းစဉ်အတွက် လုပ်တာဖြစ်လို့ မှည့်တပေါက် မစွန်းစေရဘူးလို့။ ကျွန်တော်တို့ လုံးဝ တာဝန်ယူတယ်။

ဒီကွန်ဖရင့်မှာ ကိုယ်စားလည်တွေသာ မကဘူး။ အထူးဧည့်သည်တွေပါ ဘိတ်ကြားလို့ တက်ရောက်ခဲ့ကြတယ်။ သူတို့ကို ဘာကြောင့် ဘိတ်ကြားသလဲဆိုရင် ဒီကွန်ဖရင့်မှာ အစစအရာရာ အောင်မြင်ရေးအတွက်နဲ့ အင်မတန်ကြိုးကြိုက်ခဲ့တဲ့ ခရီးအဝေးကြီးက လာခဲ့ကြရတဲ့အတွက်ဘဲဖြစ်တယ်။

ဒီရဲဘော်တွေ တက်ရောက်ကြတဲ့အတွက် ဒီကွန်ဖရင့်ဟာ အထူးဂုဏ်သိက္ခာတက်ခဲ့ပါတယ်။

## ရာဇဝင်အခေါ်းသစ်

ဒီ ကွန်ဖရင့်အနေနဲ့ဆိုလို့ရှိရင် ပြည်သူ့ဒီမိုကရေစီတပ်ပေါင်းစု ရာဇဝင်နဲ့ တော်လှန်ရေးရာဇဝင်မှာ ထူးခြားချက်ဖြစ်တယ်။

ဒီကွန်ဖရင့်ဟာ ဗမာပြည်အလယ်ပိုင်း ကွန်ဖရင့်ဖြစ်တယ်။

နိုင်ငံလုံးဆိုင်ရာ ကွန်ဖရင့်ကို ကျင်းပမယ်လို့ မနှစ်က ကထဲက ကျေညာခဲ့တယ်။

ရည်ရွယ်ချက်က ဘာလဲ။

စစ်ရေးအရ အောင်ပွဲတွေရလာချိန်မှာ ရဲဘော်တွေအားလုံး တွေ့ဆုံပြီး





ပြည်သူ့ဒီမိုကရေစီအစိုးရ ကြော်ငြာနိုင်ဘို့ မျှော်လင့်ခဲ့တယ်။

ပြည်သူ့ဒီမိုကရေစီတပ်ပေါင်းစု တည်ထောင်ခဲ့တာ တနှစ်ရှိပြီ။ ၁၉၄၉ ခု မတ်လ ၂၄ ရက်နေ့က ဗဟိုစည်းရုံးရေးကော်မတီကို ဖွဲ့ခဲ့တယ်။ အဲဒီလို ဖွဲ့ပြီး အောင်မြင်တာတွေ အများကြီး လုပ်ခဲ့တယ်။ တပ်ပေါင်းစုတပ်မတော်တွေ စည်းဝေးပြီး တခုတည်းသော သေနင်္ဂဗျူဟာနဲ့ တခုတည်းသော တပ်မတော်ဖြစ်ရေးတို့အတွက် ဆွေးနွေးစိုင်းပြင်းခဲ့ကြတယ်။

တောင်သူလယ်သမားအဖွဲ့အစည်းများလဲ တွေ့ဆုံပြီးတော့ တခုတည်းသော မြေယာလမ်းစဉ်ဖြစ်ရေးအတွက် ဆွေးနွေးခဲ့ကြတယ်။

ကော်မရှင်အမျိုးမျိုးကို ဖွဲ့စည်းခဲ့တယ်။

ဒီလို အတော်ကလေး အလုပ်တွေ လုပ်လာရာမှာ အကောင်အထည်ဖြစ်ဘို့နဲ့ အောင်အောင်မြင်မြင် ခိုင်ခိုင်မြဲမြဲ လုပ်နိုင်အောင်လုပ်ဘို့ လိုလာခဲ့တယ်။

ဒီလို အောင်မြင်တာနဲ့အမျှ တဘက်ရန်သူဖြစ်တဲ့ ဖဆပလ သခင်နုအစိုးရဟာလဲ ငြိမ်နေတာ မဟုတ်ဘူးဆိုတာ နားလည်ရမယ်။ ဒါကြောင့် နှောက်ယှက်လာတယ်။

ဒီကွန်ဖရင့်ရဲ့ အဓိကရည်ရွယ်ချက်ဟာ။

၁။ တပ်ပေါင်းစုလုပ်ငန်းတွေကို ခိုင်မြဲအောင်လုပ်ဘို့နဲ့

၂။ အဖျက်အဆီး အန္တရာယ်တွေကို တိုက်ဖျက်ပစ်ဘို့ ဖြစ်တယ်။

ဒီကွန်ဖရင့်ကို အခက်အခဲများနဲ့ ကျင်းပခဲ့တယ်။

ဒီကွန်ဖရင့်ကို ကျင်းပပြီးရင် ဘယ်လိုဖြစ်လာမလဲလို့၊ မြင်ထားသလဲဆိုတော့ . . . . .

၁။ နိုင်ငံရေးအရ ပိုမိုစည်းလုံးလာမယ်။

၂။ ဒါကို အကြောင်းပြုလို့ ဖဆပလအစိုးရကို ထိုးစစ်ဆင်နိုင်ပြီး တခုတည်းသော တပ်မတော်ဖြစ်လာမယ်။ ပြည်သူ့လွတ်မြောက်ရေး တပ်မတော်။ ပြည်သူ့တပ်မတော် တော်လှန်နေသော ဗမာ့တပ်မတော်။ ဒီသုံးခုကို တထပ်တည်းဖြစ်ရေးလုပ်လာနိုင်မယ်။

၃။ အခုအခါမယ် နယ်အသီးသီးတွေမှာ ပြည်သူ့အုပ်ချုပ်ရေးအမျိုးမျိုး ဖြစ်နေခဲ့ကြတာကို ဗဟိုက ဦးစီးချုပ်ကိုင်နိုင်ဘို့ ဖြစ်လာမယ်။

၄။ ပြည်သူလူထုမှ အကြပ်အတည်းတွေ ဆိုက်ရောက်နေရာက လွတ်

မြောက်ဘို့ အခြေခံစီးပွားရေးပြဿနာတွေကို ဖြေရှင်းနိုင်မယ်။

အခု ကွန်ဖရင့်ဟာ ဗမာပြည်အလယ်ပိုင်း ကွန်ဖရင့်ဖြစ်တယ်။ သို့သော်လည်း များစွာ အလားအလာရှိတဲ့အတွက် တပြည်လုံးနဲ့လဲ သက်ဆိုင်တယ်။

ဒီကွန်ဖရင့်ဟာ အာဏာပိုင်မဟုတ်။ အတိုင်ပင်ခံသဘောဆိုပေတဲ့ ဒီကွန်ဖရင့်အပြီး အင်မတန်အရေးကြီးတဲ့ လုပ်ငန်းတွေပေါ်ပေါက်လာမယ်ဆိုတာ ကျွန်တော်တို့မြင်လို့ ထူးခြားတဲ့ ကွန်ဖရင့်ဖြစ်တယ်။

## ၂။ ဘာကြောင့် အကြပ်တွေ့ရသလဲ

ဒီကွန်ဖရင့်ဟာ တခုနဲ့တခု ကူးမဲ့ မှတ်တိုင်ဖြစ်မယ်။

တထပ်တည်းဖြစ်ရေး၊ စည်းလုံးခိုင်မာရေးဖြစ်တဲ့ ဗရုတ်ဗရက်တွေကြားထဲက ကျင်းပတဲ့ ဒီကွန်ဖရင့်ရဲ့ တန်ဘိုးနဲ့ အလားအလာဟာ ကြီးမားတယ်လို့ ယုံကြည်တယ်။

အခုအချိန်ဟာ သာမန်အချိန် မဟုတ်၊ ပတ်ဝန်းကျင်အခြေအနေထူးခြားတဲ့ အတွင်းမှာဖြစ်တယ်။ ဒီကွန်ဖရင့်ဟာ ကျည်ဆံကြားထဲက ကွန်ဖရင့်ဖြစ်တယ်။

ဒီလို အကျဉ်းအကြပ်တွေ ဘာကြောင့်ဖြစ်ရသလဲ၊ ဒါ နားလည်ဘို့လိုတယ်။

၁၉၄၉ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့က ပြည်သူ့ဒီမိုကရေစီတပ်ပေါင်းစုကို တည်ထောင်ခဲ့ရာမှာ ပြည်သူလူထုကြီးတရပ်လုံး အားတက်ခဲ့ကြတယ်။ ဖဆပလကို တိုက်ဘို့။ ပြည်သူလူထုကြီးက တောင့်တခဲ့တဲ့အတိုင်း ဗမာပြည်ကွန်မြူနစ်ပါတီ၊ ပြည်သူ့ရဲဘော်အဖွဲ့၊ တော်လှန်နေသော ဗမာ့တပ်မတော်၊ ဒီသုံးဖွဲ့က ဦးစီးတည်ထောင်ပြီး တိုင်းပြည်ကို ကျေညာခဲ့သော ပြည်သူလူထုရဲ့ တောင့်တမှုဟာ အောင်မြင်တယ်ဆိုပြီး လူထုကြီးများက ဝမ်းသာခဲ့ကြတယ်။

အထူးသဖြင့် စစ်ရေးမှာ အတော်ဘဲ တက်ကြွခဲ့ကြတယ်။ ဗမာတပြည်လုံး အနှံ့အပြားမှာ စစ်ရေးအောင်မြင်ချက်တွေ ဖြစ်ပေါ်ခဲ့တယ်။

ပြည်သူလူထုရဲ့ သားကောင်းရတနာများကို ဘမ်းဆီးပိတ်လှောင် ညှင်းပမ်းနှိပ်စက်ရာဖြစ်တဲ့ သာယာဝတီထောင် လေးထောင် အစရှိတဲ့ ထောင်များကို ဖေါက်ထွင်းပြီးတော့ ပြည်သူ့သားကောင်းရတနာများကို ကယ်တင်နိုင်ခဲ့တဲ့အတွက် တော်လှန်ရေးမှာ လုပ်အားတွေ တိုးခဲ့တယ်။

အရင်က အချင်းချင်း ပဋိပက္ခဖြစ်ခဲ့တာတွေလဲ ချေမ်းပြီးတော့ ရန်သူ





အစိုးရကို ထိုးစစ်လုပ်ငန်းတွေ ပေါ်ခဲ့တယ်။

တပ်ပေါင်းစုဖြစ်လာလို့ နိုင်ငံရေးမှာလဲ အောင်မြင်ခဲ့တယ်။ စစ်ရေးမှာလဲ အောင်မြင်ခဲ့တယ်။ စည်းရုံးရေးမှာလဲ အောင်မြင်ခဲ့တယ်။ တပ်ပေါင်းစုကို ဘယ်လောက် မုန်းနေသူဖြစ်ဖြစ်၊ ဒီလိုအောင်မြင်မှုတွေကို မငြင်းနိုင်ဘူး။

မနှစ်က ဇွန်လမှာ ဗဟိုစည်းရုံးရေးကော်မီတီ အစည်းအဝေး ထိုင်ခဲ့ကြတယ်။ ပူးတွဲစစ်ဌာနချုပ်များ၊ အစည်းအဝေးလည်း လုပ်ခဲ့ကြတယ်။ ပူးတွဲတောင်သူလယ်သမားအဖွဲ့များရဲ့ အစည်းအဝေးလည်း လုပ်ခဲ့တယ်။

စီးပွားရေး၊ မီးရထား။ သဘော်၊ ရေနံမြေ၊ ပညာရေး စတဲ့ ကော်မရှင်တွေ အမျိုးမျိုးဖွဲ့စည်းခဲ့တယ်။

အရေးကြီးတာတွေကို ဗဟိုစည်းရုံးရေးကော်မီတီက ဆုံးဖြတ်ခဲ့တယ်။

မတ်လနဲ့ ဇွန်လ ဆုံးဖြတ်ချက်တွေဟာ တော်တော်ဘဲ ပြည့်စုံတယ်။ ဒါတွေကို အကောင်အထည်ဖြစ်လာအောင် လုပ်ခဲ့ရင် နောက်ထပ်ဆုံးဖြတ်ချက်တွေ ချမှတ်ဘို့တောင် မလိုသလောက် ဖြစ်ခဲ့တယ်။ ချမှတ်ပြီး ဆုံးဖြတ်ချက်တွေကို ဖောက်ချပြီး လုပ်ဘို့ဘဲရှိတယ်။

ဒါကြောင့် လုပ်လာတဲ့အခါမယ် လုပ်လာရင်းနဲ့ အခက်အခဲတွေဖြစ်လာခဲ့တယ်။

ကော်မရှင်က အလုပ်တွေ လုပ်လာတော့မယ်ဆိုရင် လမ်းမှာ မီးရထားတွေဟာ စနစ်ကျလာမယ်။

ပြည်သူ့လွတ်မြောက်ရေး တပ်မတော်၊ ပြည်သူ့တပ်မတော်၊ တော်လှန်နေသော ဗမာ့တပ်မတော်။ ဒီတပ်မတော်များဟာ ငွေကြေးအခက်အခဲတွေ တွေ့ခဲ့ရတယ်။ မီးရထားကိုသာ စနစ်တကျ လုပ်ရင် တပ်မတော်များကို လုံလုံလောက်လောက် ထောက်ပံ့နိုင်တယ်။

ဒီပြင်လဲ သာယာဝတီမယ် ဆန်တွေကို ဘယ်ထုတ်ရမှန်းမသိဘူး ဖြစ်နေတယ်။ ပျဉ်းမနား၊ မကွေးစတဲ့ နေရာတွေမှာ ဆန်စပါး မလုံမလောက်ဖြစ်နေတယ်။ အဲဒီတော့ သယ်ယူပို့ဆောင်ရေးဟာ သော့ချက်ဖြစ်မနေပေဘူးလား။

ဒါကြောင့် ကော်မရှင်လုပ်ငန်းတွေဟာ အရေးကြီးတယ်။ လက်ငင်းအရေးကြီးဆုံးက စစ်နိုင်ဘို့နဲ့ လူထုချောင်ချိဘို့ဖြစ်တယ်။

တပ်ပေါင်းစု ဗဟိုစည်းရုံးရေးကော်မီတီက နေရာတိုင်းမှာ ကိုယ်တိုင်လိုက်

ပြီး အမြဲတန်း ထိုင်မလုပ်နိုင်ဘူး။ ကော်မရှင်ကသာ အာဏာပိုင်အဖြစ်နဲ့ လုပ်ရမှာဘဲ။

ဒီကိစ္စကစပြီး ပြည်သူ့ရဲဘော်နဲ့ စကားများတာဘဲ။

ကော်မရှင်ဟာ သူ့ဟာသူ စီမံကိန်းဆွဲပြီး သူ့ဟာသူ လုပ်ရမှာဘဲ။

ပြည်သူ့ရဲဘော်က ပြောတာကတော့ ဒီကော်မရှင်ဟာ စီမံကိန်းသာ ဆွဲရမယ်။ အာဏာမပိုင်ရဘူး။ စီမံကိန်းဆွဲပြီးတဲ့နောက် ဗဟိုစည်းရုံးရေးကော်မီတီကို တင်ပြရမယ်။

အမှန်က အမြန်ဆုံး အလုပ်ဖြစ်ဘို့ အရေးကြီးနေတဲ့အခါ ပြည်သူ့ရဲဘော်တို့ရဲ့ ပြောဆိုချက်ဟာ အလုပ်ကို နှောင့်နှေးစေတယ်လို့ ယူဆခဲ့တယ်။

နောက်တော့ ဒီကော်မရှင်နဲ့ ပတ်သက်လို့ အယူအဆကို စက်တင်ဘာလအတွင်းက သဘောတူခဲ့တယ်။ ဒါပေမဲ့ နောက်တဆင့် ဖြစ်လာတာက ကော်မရှင်ဖွဲ့ဘို့ရာ နှစ်လလောက်ဆိုင်းပါဦးလို့ ပြောလာခဲ့တယ်။

ထိုအခါက ပြည်သူ့ရဲဘော်ခေါင်းဆောင်က ဘာပြောသလဲ။

ကျွန်တော်တို့လူတွေကို ကျွန်တော်တို့ မနိုင်ဘူးတဲ့။

ဒါကြောင့် မူတွေကို သဘောတူပေမဲ့ နှစ်လလောက် ဆိုင်းပါအုံးတဲ့။ ဒီနှစ်လအတွင်းမှာ ကျွန်တော်တို့လူတွေကို နိုင်အောင် လုပ်နိုင်ပါလိမ့်မယ်တဲ့။

ဒါကြောင့် ခင်ဗျားတို့ဟာ လုပ်ငန်းတွေကို တမင်မရည်ရွယ်ပေတဲ့ နှောင့်နှေးအောင်လုပ်နေတာနဲ့ တူနေပေလို့ ကျွန်တော်တို့ ပြောခဲ့တယ်။ နောက်ဆုံးမှာ ပြောလို့မရတော့တဲ့အတွက် ဆိုင်းခဲ့ရတယ်။

တချို့ သဘော်တွေကို များသောအားဖြင့် ပြည်သူ့ရဲဘော် လက်ထဲမှာရှိတာများခဲ့တယ်။ ဒါတွေ မအပ်ချင်လို့ နေ့ရွှေ့၊ ညရွှေ့လုပ်နေတာဘဲလို့ ကျွန်တော်တို့ကပြောတော့ ဗိုလ်ထွန်းလင်းကိုယ်တိုင် ဟုတ်ပါတယ်လို့ ဝန်ခံတယ်။ တချို့ ပြည်သူ့ရဲဘော်တွေက ဒီပစ္စည်းတွေကို ပဒေသရာဇ်တွေလို အပိုင်စီးထားချင်ကြတယ်။ ပြည်သူ့ရဲဘော်ခေါင်းဆောင် ဗိုလ်ညွန့်မောင်ကိုယ်တိုင်ကဘဲ ဒီသဘော်တွေနဲ့ ပတ်သက်လို့ ပြောတာက ဗဟိုစည်းရုံးရေးကော်မီတီက မြန်မြန်သိမ်းရင် ကောင်းမယ်တဲ့။ ဘာကြောင့်လဲဆိုတော့ သူတို့ တပ်မှူးတွေဟာ ကိုယ်ပိုင်သဘော်တွေလို သဘောထားပြီး သွားချင်ရာ သွား၊ ဆိုက်ချင်ရာ ဆိုက်၊ ငှက်ပစ်ချင် ပစ် လုပ်နေကြတဲ့အတွက် ပျက်စီးကုန်မှာဘဲတဲ့။

အဲဒီတော့ သူတို့ကဘဲ ဗဟိုစည်းရုံးရေးကော်မီတီကို အကြံပေးတာဘဲ





ဖြစ်တယ်။ ဒါပေမဲ့ သူတို့ နောက်လိုက်တွေနဲ့ တွေ့တဲ့အခါကြတော့ ပြည်သူ့ရဲဘော်ခေါင်းဆောင်တွေဟာ သတ္တိကြောင်တယ်။ ဒါကြောင့်မို့လို့ ခင်ဗျားတို့ဟာ နောက်လိုက်တွေကို ကြောက်နေတာဘဲလို့ ကျွန်တော်တို့က ပြောတော့ ဒါဟုတ်ပါတယ်။ ကြိုးစားပြီး ပြန်တိုက်ပါ့မယ်လို့ သူတို့ပြောခဲ့ကြတယ်။

တပ်ပေါင်းစုဖြစ်ပေါ်ပြီးတဲ့နောက် ပူးတွဲစစ်ဆင်ရေးကိစ္စတွေ လုပ်ခဲ့ကြတယ်။ ဥပမာအားဖြင့် ရေနံချောင်းကို တိုက်ဘို့ ဆုံးဖြတ်ခဲ့ကြတယ်။ အဲဒီတုန်းက ပြည်သူ့ရဲဘော်ခေါင်းဆောင်တွေက ဘာပြောသလဲဆိုရင် ရေနံချောင်းကို တိုက်ရုံတွင်မကသေးဘူး။ တိုက်သိမ်းပြီးတော့ တပ်ပေါင်းစု ကွန်ဖရင့်ကိုတောင် အပ်မယ်လို့ ဆိုခဲ့ကြတယ်။ ဒါပေမဲ့ တမျိုးပြီးတမျိုး နေ့ရွှေ့ရက်ရွှေ့နဲ့ ပျက်ပြားခဲ့ရတယ်။

ဒီလို ကပျက်ယပျက် လုပ်တာတွေ ရှိခဲ့တယ်။ အရင်ကထဲက မူကိုတော့ လျှော့မပေးဘူး။ မူကလွဲလို့ တခြားကိစ္စတွေ ဆိုရင်တော့ လျှော့ပေးမယ်လို့ ပြောခဲ့တယ်။ မူတွေက ဘာတွေလဲဆိုရင် အစိုးရကို တိုက်ဘို့နဲ့ မြေယာတော်လှန်ရေး လုပ်မယ်ဆိုတာကို သဘောတူဘို့ရာ မူဘဲ။

ဥပမာ ၅ ရက်နေ့မှာ အစည်းဝေးလုပ်မယ်ဆိုတာကို ၁၀ ရက်နေ့ ပြောင်းပေးပါလို့ဆိုရင် ပြောင်းပေးမယ်။ ကိုယ်စားလှယ် ၂ ယောက်က ၃ ယောက်၊ ၄ ယောက်ထိ တိုးပေးပါဆိုရင် တိုးပေးမယ်။

အဲဒီလို သူတို့ ကပျက်ယပျက်လုပ်တာတွေကို လိုက်လျှောလာခဲ့လေ သူတို့က ပိုလုပ်လေဖြစ်လာခဲ့တယ်။ လိုက်လျှောလာခဲ့တာကြာတော့ သူတို့ကို ကြောက်လို့ဆိုတဲ့ အဓိပ္ပါယ်မျိုး ယူဆလာတာတွေ့ရတယ်။

ကော်မရှင်ထိုင်ဘို့ဆိုရင် မထိုင်ဘူး။ စစ်တိုက်ဘို့ဆိုရင် မတိုက်ဘူး။ နေ့ရွှေ့ညရွှေ့၊ ဖင်ရွှေ့ခေါင်းရွှေ့နဲ့ လုပ်ငန်းတွေဟာ အကောင်အထည် မပေါ်လာတော့ဘူး။

နောက် အသေအချာ စဉ်းစားကြည့်တော့ အလိုလိုက်တာ များအားကြီးနေလို့ဖြစ်တယ်။ အလိုလိုက် အမိုက်စော်ကားဆိုတာမျိုး ဖြစ်လာတာဘဲ။ ဒါကြောင့် အလုပ်ကို အကောင်အထည်ဖြစ်လာအောင်တော့ ဘယ်သူလာလာမလာလာ လုပ်မှ ဖြစ်မယ်လို့ ယူဆမိခဲ့တယ်။

ကျွန်တော်တို့ စစ်ခုံရုံးဖွင့်ခဲ့တယ်။ အဲဒီစစ်ခုံရုံးမှာ တပ်မတော်တွေက တဦးစီပါဝင်ပြီး သုံးယောက်လုပ်ကြဘို့ ဆုံးဖြတ်ခဲ့တယ်။ အဲဒီတော့ ပြည်သူ့ရဲဘော်

က ဘာပြောလာသလဲဆိုရင်၊ ၃ ယောက်ထဲက တယောက်သဘောတူရင် ဘာမှ မလုပ်တန်းလိုလိုဖြစ်လာလို့ ကျွန်တော်တို့က ၂ ယောက်ရှိရင် ၂ ယောက်ထဲ လုပ်မယ်။ အလုပ်လုပ်ဘို့ရာ တိတိကျကျ ရက်ချိန်းပေးမယ်။ ရက်ချိန်းစို့လို့ လာရင်လာ မလာရင်လဲ လုပ်မှာဘဲလို့ပြောပြီး ကျွန်တော်တို့ လုပ်ခဲ့ကြတယ်။

**စစ်ခုံရုံးကိစ္စ**ဟာ အင်မတန်အရေးကြီးတယ်။ လူတွေကို သက်သက်မဲ့ စားချင်ဝါးချင် **သတ်**ချင်ဖြတ်ချင်လို့ မဟုတ်ဘူး။ ပြည်သူ့သားကောင်းရတနာများကို ထောင်ထဲမှာ ရက်ရက်စက်စက် တိရိစ္ဆာန်လို ညှင်းပမ်းနှိပ်စက်ခဲ့တဲ့လူတွေကို ကျွန်တော်တို့က စစ်ဆေးပြီးတော့ အပြစ်ပေးတန်တာ ပေးရမယ်။ ထောင်ချတန်တာ ချရမယ်။ ဒီလိုလုပ်တဲ့သဘောက မောင်နုတို့ကို တနေ့မှာ မင်းတို့ဒီလမ်းကို လိုက်ရမယ်လို့ ထင်ထင်ရှားရှား သတိပေးတာဖြစ်တယ်။

ဒီလိုလုပ်ရေးဟာ နိုင်ငံရေးအရ ကြီးကျယ်တဲ့ အောင်မြင်မှုကြီးတရပ် ဖြစ်တယ်။ ဒါပေမဲ့ ပြည်သူ့ရဲဘော်ခေါင်းဆောင်တွေဟာ ဂျစ်ကန်ဂျစ်ကန် လုပ်ခဲ့ကြတယ်။ စစ်ခုံရုံးက စစ်ဆေးပြီး လက်မှတ်ထိုးချိန်ရောက်တော့မှဘဲ ပြည်သူ့ရဲဘော် ကိုယ်စားလှယ် ရောက်လာခဲ့တယ်။

**နောက်တခု**က ကျွန်တော်တို့ တပ်ပေါင်းစု စစ်တက္ကသိုလ် ဖွင့်လှစ်ခဲ့တယ်။ ဒါဟာ ကောင်းတဲ့ လုပ်ငန်းဘဲ။ ဆိုင်လာလို့ တခုပြောရအုံးမယ်။ ဖွန်လအတွင်းက တပ်ပေါင်းစု ရန်ပုံငွေအတွက် ဗမာပြည်ကွန်မြူနစ်ပါတီရယ်၊ ပြည်သူ့ရဲဘော်ရယ်၊ တော်လှန်နေတဲ့ ဗမာ့တပ်မတော်ရယ်၊ ဒီသုံးဖွဲ့က တဖွဲ့၊ ငွေသုံးသောင်းစီထည့်ဘို့ ဆုံးဖြတ်ခဲ့ကြတယ်။ ဒီလို ဆုံးဖြတ်ခဲ့ပေတဲ့ ပြည်သူ့ရဲဘော်အဖွဲ့က တသောင်းထဲ ပေးခဲ့တယ်။ ခတ်ရှင်းရှင်း ပြောရရင် ပြည်သူ့ရဲဘော်ဟာ တော်လှန်ရေးထဲမှာ အပွဆုံးဘဲ။ ဒါနဲ့တောင် ပိုက်ဆံပေးဘို့ကျတော့ ကပ်ဖဲ့လုပ်နေတယ်။

စစ်တက္ကသိုလ်ဟာ တော်တော့ကို ငွေကုန်တယ်။ တပ်မှူးတယောက် တယောက်အတွက် ငွေ ၃၀ဝ လောက်ကုန်တယ်။ အဲဒီတော့ စုလို့ရတဲ့ ငွေဟာလဲ စစ်တက္ကသိုလ်ဖွင့်တာနဲ့ဘဲ ကုန်သွားတယ်။

ဒါနဲ့ နောက်တခါ နှစ်သောင်းစီ ထပ်စုပြန်တယ်။ ပြည်သူ့ရဲဘော်က မပေးပြန်တော့ သူတို့အပေါ် အကြွေးလေးသောင်းတင်ခဲ့တယ်။ ကံအားလျော်စွာ ခု နောက်ဆုံးအစည်းအဝေးလုပ်ခါနီးမှ အဲဒီအကြွေးကို သူတို့ ထုတ်ပေးတယ်။

**စစ်တက္ကသိုလ်အုပ်ချုပ်ရေးနဲ့** ကျောင်းဆရာတွေအတွက် ကိုယ်စားလှယ်





တွေ အချိုးကျပေးဘို့ ဆုံးဖြတ်ခဲ့တယ်။ တော်လှန်နေတဲ့ ဗမာ့တပ်မတော်နဲ့ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ကသာ လာပြီးတော့ ပြည်သူ့ရဲဘော်က မလာလို့ ကျောင်းလာတက်တဲ့ ပြည်သူ့ရဲဘော်ကျောင်းသားထဲက သူတို့ကိုယ်စားလှယ်အဖြစ် ခွဲခေါ်ထားရတယ်။ အခု အဲဒီရဲဘော်ဟာလဲ ပြည်သူ့ရဲဘော်အဖွဲ့ လုပ်ပုံကိုင်ပုံတွေကို စိတ်ပျက်ပြီးတော့ ထွက်သွားပြီ။

ဒီလိုဘဲ ပြည်သူ့ရဲဘော်ခေါင်းဆောင်မှုအပေါ် စိတ်ပျက်ခဲ့တာတွေ ရှိကြတယ်။ ဗိုလ်ထိန်ဝင်းဟာ အောက်ဗမာပြည်တပ်ပေါင်းစု မဖြစ်အောင် ဘယ်လောက် ဖျက်ဆီးရေးတွေ လုပ်ခဲ့တယ်ဆိုတာ အောက်ဗမာပြည် ပြည်သူ့ရဲဘော်များကို ဘယ်လိုအန္တရာယ်ပေးခဲ့တယ်ဆိုတာ အခုဒီအစည်းအဝေးမှာ တက်ရောက်တဲ့ အောက်ဗမာပြည်က ပြည်သူ့ရဲဘော်ကိုယ်စားလှယ်တွေနဲ့ အလွတ်သက်သက် ဆွေးနွေးရင်း သေသေချာချာ သိကြမှာဘဲ။ အခုဆိုရင် ဆိုရှယ်လစ်မြဟန်က ပြည်သူ့ရဲဘော်အဖွဲ့မှာ သဘောတရားရေးဆရာကြီး ဖြစ်နေတယ်။

နောက် စိတ်ပျက်စရာတခု ပြောရအုံးမယ်။ မီးရထားကိစ္စလုပ်ငန်းတွေ စနစ်တကျဖြစ်အောင် လုပ်ဘို့ အဖွဲ့ ၃ ဖွဲ့က ကိုယ်စားလှယ်တွေ တဖွဲ့ ၂ ယောက်စီ။ ပေါင်း ၆ ယောက်ပါဝင်တဲ့ မီးရထားကော်မရှင်ဖွဲ့စည်းဘို့ သဘောတူခဲ့ကြတယ်။ အဲဒီလို ဖွဲ့စည်းရာမှာ အားလုံးသဘောတူမှ လုပ်တန်းလို့ ဆိုခဲ့ကြတယ်။

အားလုံး သဘောတူမှသာ လုပ်ရမယ်ဆိုရင် ဘာမှ လုပ်ရမှာ မဟုတ်ဘူး။ ဒါကြောင့် အားလုံးသဘောတူမှ လုပ်တန်းလို့ဆိုတာ ဘာမှ မလုပ်ကြနဲ့လို့ ယဉ်ယဉ်ကလေး ပြောတာဘဲဖြစ်တယ်။

အားလုံး သဘောတူအောင်တော့ ကြိုးစားရမယ်။ ဒါပေမဲ့ အားလုံး သဘောတူမှ လုပ်တန်းဆိုရင် တော်လှန်ရေးကို ဖျက်ဆီးတာဘဲ။

မီးရထားကော်မရှင်နဲ့ ရေနံမြေကော်မရှင်ကိစ္စတွေနဲ့ ပါတ်သက်လို့ ပြည်သူ့ရဲဘော် ဗိုလ်ထွန်းလင်းကဘဲ မူကို တင်ပြခဲ့တယ်။ ဗဟိုစည်းရုံးရေးကော်မီတီအများစုက သူ့မူထဲမှာ မကြိုက်တာတွေ အများကြီးပါတယ်။ သို့သော် စာတလုံးမှ မပြင်ဘဲနဲ့ လက်ခံခဲ့ကြတယ်။ မြန်မြန်အလုပ်ပြီးအောင် ဒီအတိုင်းဘဲဖြစ်အောင် လုပ်ရမယ်လို့ ဆိုခဲ့တယ်။

ဒါပေမဲ့ ပြည်သူ့ရဲဘော်တွေကဘဲ ဒီမူတွေထဲက ဘယ်မူဘယ်မူ မကြိုက်ဘူး။ ပြင်ပေးပါလို့ ပွက်လာကြတယ်။ ဒီလို လုက်တာတော့ မုန်းစရာတော့

မဟုတ်ဘူး။ ရှုံ့စရာဖြစ်လာခဲ့တယ်။

ပြင်ချင်ရင် ဒီမူကို တင်သွင်းတဲ့ ခေါင်းဆောင်တွေကိုယ်တိုင် ဒါဟာ ဘယ်လိုတယ်လို ပြင်ဘို့ လိုတယ်ဆိုပြီး ကိုယ်တိုင်လုပ်ပါလား။ အခုတော့ အောက်က လူတွေကို ပြင်ပေးဘို့ အအော်ခိုင်းတာဟာ သတ္တိကြောင်တာဘဲ။ လုပ်မှ မလုပ်ရသေးဘူး။ အပြင်ခိုင်းတာဟာ အခုခေတ်စားနေတဲ့ စကားနဲ့ ပြောရမယ်ဆိုရင် ခြေထိုးတာလို့ ခေါ်ရမှာဘဲ။ ဒီမူကို ပြည်သူ့ရဲဘော်ခေါင်းဆောင်တွေကိုယ်တိုင် လုပ်တာဖြစ်တယ်။ ပြီးတော့ အောက်ခြေက အပြင်ခိုင်းတာဘဲ။

ပြည်သူ့ရဲဘော်တွေ ကပျက်ယပျက်လုပ်တာ ဒီကွန်ဖရင့်မှာ အထွဋ်အထိပ် ရောက်လာတာဘဲ။

အခု ကွန်ဖရင့်ကို ခေါ်ဖြစ်အောင် ခေါ်ရတာက အကြောင်းတွေရှိတယ်။ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့တွေ၊ ခရိုင်တွေ အများကြီးမှာ ပေါ်ပေါက်ခဲ့တယ်။ အုပ်ချုပ်ပုံ အုပ်ချုပ်နည်းတွေ တမျိုးစီဖြစ်ခဲ့တယ်။ တပ်ပေါင်းစု လုပ်ပုံကိုင်ပုံတွေလဲ တမျိုးစီ ဖြစ်ခဲ့တယ်။ ဒါကြောင့် လုပ်ပုံတွေအားလုံး တပြေးညီစွာ ဖြစ်အောင်လုပ်ဘို့ဟာ လိုလာခဲ့တယ်။ ပြီးတော့ ခရိုင်တွေမှာ အလုပ်လုပ်နေကြတဲ့ ရဲဘော်တွေအားလုံး တွေ့ဆုံပြီးတော့ ရင်းနှီးအောင် လုပ်ဘို့လဲ လိုခဲ့တယ်။

ခရိုင်အမြောက်အများမှာ တူတဲ့ပြဿနာတွေရှိတယ်။ ဥပမာ ပြည်၊ ပျဉ်းမနား၊ သာယာဝတီ စတဲ့ ခရိုင်တွေမှာ အုပ်ချုပ်ရေးပြဿနာတွေ တူညီတာ ရှိတယ်။ ဒီလို တူညီတဲ့ ပြဿနာတွေကို ညှိနှိုင်းတိုင်ပင်ဆွေးနွေးဘို့ လိုအပ်လာတယ်။ အဖွဲ့အစည်းတွေ၊ ဆန္ဒတွေ၊ နီးစပ်တာတွေလဲ ရှိခဲ့တယ်။

ဒါကြောင့် အစက အနီးအနားမှာရှိတဲ့ ခရိုင်များလောက်ဘဲ တွေ့ဘို့ ရည်ရွယ်ခဲ့တယ်။ ဒါပေမဲ့ အခုတော့ ကျယ်ဝန်းလာခဲ့တယ်။

အုပ်ချုပ်ရေးပြဿနာ၊ စစ်တပ်ပြဿနာ စတဲ့ ထိထိရောက်ရောက် လုပ်ဘို့ ပြဿနာတွေ ပေါ်ခဲ့တဲ့အတွက် ဒီကွန်ဖရင့်ကို ကျင်းပဘို့ လုပ်တာဖြစ်တယ်။

ဒီကွန်ဖရင့်ကို တချို့ပြည်သူ့ရဲဘော် တက်တာရှိတယ်။ တချို့ မတက်တာရှိတယ်။ ပြည်ခရိုင်ပြည်သူ့ရဲဘော်ကတော့ ဒီကွန်ဖရင့်ကို အသိအမှတ် မပြုဘူးဆိုပြီး နှောင့်ယှက်တာတွေ လုပ်ခဲ့တယ်။

ကွန်ဖရင့် ကျင်းပခါနီးမှာ ကပ်ပြီးတော့ ကပျက်ယပျက် လုပ်တာဘဲ။ ဒီကွန်ဖရင့်နဲ့ပါတ်သက်လို့ ပြည်သူ့ရဲဘော်အဖွဲ့က သူတို့ဆန္ဒကို ကြိုတင်ပြောသလား။





မပြောဘူး။ **ဒီကွန်ဖရင့်** ကျင်းပမယ်ဆိုတာ အရင်ကထဲက ကျေညာထားပြီး ဖြစ်တယ်။ ဗဟိုစည်းရုံးရေးကော်မီတီရှိရာ ဌာနကို ဗိုလ်လှရွှေ လာတုန်းက ဒီကွန်ဖရင့်နဲ့ပါတ်သက်တဲ့ အစီအစဉ်ကို ပြောပြီးခဲ့တယ်။ ဒါကို ဗိုလ်လှရွှေက သဘောတူတယ်။ ဗဟိုစည်းရုံးရေးကော်မီတီအစည်းအဝေးမှာ ကွန်ဖရင့်ကိစ္စကြရင် ပြောပါလို့ဆိုတာ သူသဘောတူတယ်။

ကျွန်တော်တို့က ဗိုလ်ထိန်ဝင်းကိစ္စကို ပြောကြတော့ ဗိုလ်လှရွှေက ဘာပြောသလဲဆိုရင် ဗဟိုစည်းရုံးရေးကော်မီတီက တော်လှန်တဲ့ ဗမာ့တပ်မတော် ကိုယ်စားလည်တွေကို ထုတ်ပစ်ဘို့ စဉ်းစားပြီးမှ ကွန်ဖရင့်ကိစ္စတွေ ဘာတွေ စဉ်းစားနိုင်မယ်လို့ ပြောတယ်။ တော်လှန်နေတဲ့ ဗမာ့တပ်မတော်က ကိုယ်စားလည် တွေကို ထုတ်ပစ်ဘို့ရာကိစ္စ လက်ဦးဆုံး မစဉ်းစားဘူးဆိုရင် အစည်းအဝေး မတက်ဘူးဆိုပြီး ထွက်သွားတာဘဲဖြစ်တယ်။

သူတို့ကို ဒီကွန်ဖရင့်နဲ့ ပါတ်သက်လို့ ပြောပါလို့ဆိုတာ မပြောဘဲ ထွက်သွားပြီးမှ ထိုတနေ့က ကျေညာချက်ထုတ်ရာမှာ ဗမာပြည်ကွန်မြူနစ်ပါတီကို "အလံဖြူကွန်မြူနစ်"၊ တော်လှန်နေတဲ့ ဗမာ့တပ်မတော်ကို လက်ညှိုးထောင် ဩဇာခံတွေလို ပုတ်ခတ်ရေးသားထားတယ်။

ကျွန်တော်တို့ကို လက်သည်းဝှက် လုပ်တယ်လို့လဲ ပြောသေးတယ်။ အမှန်လက်သည်းဝှက်တာက ပြည်သူ့ရဲဘော်ဘဲဖြစ်တယ်။ အခုလို အင်မတန်အရေး ကြီးနေတော့မှ ကျွန်တော်တို့ အရှိုက်ကို ပိတ်ထိုးတာဘဲ။ ဒီလိုနဲ့ ပဋိပက္ခဖြစ်မှုဟာ အထွဋ်အထိပ်ကို ရောက်လာတယ်။

ဒီလို ပြည်သူ့ရဲဘော်တွေလုပ်တာ ဘယ်သဘောနဲ့ လုပ်တာလဲ။ မတော် တဆဘဲ လုပ်မိကြတာလား။ ဒါမှမဟုတ် အမှတ်တမဲ့ ချို့ယွင်းချက်တွေ ဖြစ်လာ တာလား။

အခုလို အထွဋ်အထိပ်ကို ရောက်လာရတာ ရိုးရိုး မဟုတ်တော့ဘူးလို့ ကျွန်တော်တို့ ယုံကြည်တယ်။ ဒီကွန်ဖရင့်ဟာ စစ်ရေးကိစ္စ၊ နိုင်ငံရေးကိစ္စတွေနဲ့ ပါတ်သက်လို့ တော်လှန်ရေးအနေနဲ့ တဆင့်တက်တော့မဲ့ ကွန်ဖရင့်ဖြစ်တယ်။

ဒီလို တဆင့်တက်တော့မှာကို သခင်နုတို့ မြင်တယ်။ ဒါ့ကြောင့် စဉ်ပြိုင် နိုင်ငံရေး၊ အားစုပွဲကြီးလုပ်ဘို့ရာ ဖဆပလ ကွန်ဖရင့်လုပ်ဘို့ ဆင်နေကြတယ်။ နောက်တခုကလဲ ရန်သူက စစ်ရေးအရပါ ထိုးစစ်ဆင်ဘို့ လုပ်လာခဲ့တယ်။

ဒီလိုအရေးကြီးတဲ့အခါမှာ ဒီကွန်ဖရင့်ကို ဖျက်ဆီးဘို့ လုပ်တာနဲ့ တိုက်ဆိုင်လာတာဟာ မတော်တဆဖြစ်လာတာ မဟုတ်ဘူး။ အမှန်စင်စစ် ကျွန်တော်တို့တတွေရဲ့ မဟာမိတ်အဖွဲ့အစည်းဖြစ်တဲ့ ပြည်သူ့ရဲဘော်အဖွဲ့ထဲမှာ ရန်သူရဲ့ သူလျှိုဝင်လာခဲ့လို့ဘဲဆိုတာ မြင်ရမယ်။

ပြည်သူ့ရဲဘော်အဖွဲ့ဟာ အရင်က အစိုးရနဲ့ စေ့စပ်တာတွေ မှားတာတွေဘာတွေရှိမယ်။ ဒါပေမဲ့ ဒါတွေဟာ ပူးတွဲပြီး ပြင်ဆင်ပေးနိုင်တဲ့အတွက် အရေးမကြီးပါဘူး။

အခုဟာက ချိတ်လုပ်ပြီး ဆင်ထားတာတွေကို တွေ့လာရတယ်။ တပ်ပေါင်းစုကို ဖျက်ဆီးဘို့ အုပ်ချုပ်ရေးအာဏာတွေကို အတင်းသိမ်းယူဘို့ ငွေတွေသိမ်းယူဘို့ ပစ္စည်းတွေ ဖျက်ဆီးဘို့ စတဲ့ စာတွေ။ နယ်တွေကို ညွှန်ကြားတာတွေ။ ကျွန်တော်တို့ ရထားတယ်။

တဘက်ကလဲ ရန်ကုန်မှာ ဆိုရှယ်လစ်ပျောက်ကြားတွေက လုပ်ကြံမှုတရပ်လုပ်မယ်ဆိုတဲ့ကိစ္စ ပေါ်ပေါက်ခဲ့တယ်။ ဗိုလ်နေဝင်းက အခုလက်ရှိ သခင်နုအစိုးရကို ဖြုတ်ချမယ်ဆိုတာ အလကား လူထုကို လှည့်ဖြားဘို့ဘဲ ဖြစ်တယ်။ တနည်းအားဖြင့် သူတို့ဟာ ကျွမ်းကျင်စွာ လက်ဝှေ့ညာထိုးနေကြတာဘဲ။ တခြားလူတွေက ယုံထင်ကြောင်ထင်ဖြစ်အောင် လုပ်တာဘဲ။ အမှန်စင်စစ် ဗိုလ်နေဝင်းတို့ဟာလဲ သခင်နုအစိုးရရဲ့ မကောင်းတဲ့လုပ်ငန်းတွေကို တာဝန်ခံလုပ်နေတာတွေ ဖြစ်တဲ့အတွက် အတူတူနဲ့ အနူနူဘဲ။

နန်းတွင်းပုန်ကန်မှုကြီးလုပ်မလို၊ ဘာမလိုကိစ္စတွေနဲ့ အခု ကွန်ဖရင့်ဖျက်ဆီးရေးကိစ္စတွေဟာ ဆက်နေတယ်။

တပ်ပေါင်းစု ဗဟိုဖွဲ့စည်းရေးကော်မီတီမှာ ထည့်သွင်းရမယ်လို့ သူတို့တောင်းဆိုခဲ့တဲ့။ ဗိုလ်ထိန်ဝင်းဆိုရင်လဲ ဗိုလ်နေဝင်းနဲ့ ဆက်နေတယ်။ ဒီဟာနဲ့ပါတ်သက်တဲ့ စာတွေကို မကြာခင်ဘဲ တိုင်းပြည်ကို ထုတ်ပြန်ကျေညာမယ်။ ပြီးတော့ ငွေသိန်း ၄၀ ခိုးခဲ့တဲ့ သူခိုး ကိုကိုကြီးတပည့် မြဟာန်ဆိုတာဘဲ ပြည်သူ့ရဲဘော်အဖွဲ့မှာ သဘောတရားရေးဆရာကြီးဖြစ်ပြီး အခုသင်တန်းတွေ ပေးနေတယ်။

ဒါတွေကို ကြည့်လိုက်ရင် ပြည်သူ့ရဲဘော်အဖွဲ့အတွင်းမှာ ရန်သူသခင်နုအစိုးရရဲ့ သူလျှိုတွေဟာ ပြည်သူ့ရဲဘော်အဖွဲ့ကို အတင်းကြိုးကိုင်လာတာ





ဖြစ်ကြောင်း အင်မတန် ထင်ရှားတယ်။

ပြည်သူ့ရဲဘော်တွေ အခုသွားနေတဲ့ လမ်းစဉ်ဟာ ဒီသူလျှိုတွေရဲ့ ကြိုးကိုင်မှုကြောင့် တော်လှန်ရေးကို ဖျက်ဆီးရေးလမ်းကို သွားနေတာဖြစ်တယ်။

တခါက ပြည်သူ့ရဲဘော်အဖွဲ့ဟာ ဖဆပလကို အတိုက်အခံလုပ်ခဲ့တဲ့ တော်လှန်ရေးအခန်းဟာ အခု တဖြေးဖြေး ကုန်းခမ်းလာခဲ့ပြီ။ အတိုက်အခံလုပ်ခဲ့တဲ့ တော်လှန်ရေးအခန်း ကုန်ဆုံးတယ်ဆိုရင် တော်လှန်ရေးကို ဆန့်ကျင်မှု ဖြစ်လာတာဘဲ။

အလုပ်သမား၊ လယ်သမား၊ လူတန်းစားနဲ့ ပါတ်သက်တဲ့ သဘောထားတွေ မှားလာရင် တော်လှန်ရေးဖျက်ဆီးတာဘဲ ဖြစ်လာတယ်။ အရင်တုန်းက ဖဆပလဟာ ဂျပန်ကို ဆန့်ကျင်ခဲ့တဲ့ တော်လှန်ရေးအခန်းရှိခဲ့ရာက အလုပ်သမားလူတန်းစားရဲ့ ပါတီဖြစ်တဲ့ ကွန်မြူနစ်ပါတီကို ဆန့်ကျင်လာတာနဲ့တပြိုင်နဲ့ ဖောက်ပြန်လာခဲ့တာဘဲ။ အခုလဲဘဲ ပြည်သူ့ရဲဘော်ခေါင်းဆောင်များက ကွန်မြူနစ်ပါတီဆန့်ကျင်ရေးကို လုပ်လာတာဟာ ဖောက်ပြန်ရေးဘဲဖြစ်တယ်။

ဒါကြောင့် အခုဖြစ်လာရတဲ့ ကိစ္စတွေဟာ မတော်တဆဖြစ်လာရတာတွေ မဟုတ်ဘူး။ အရင်ကထဲက စီစဉ်ချက်တွေအရ ဖြစ်လာတယ်ဆိုတာ မြင်ရမယ်။ မနှစ်တုန်းက ပြည်သူ့ရဲဘော်အဖွဲ့ဟာ မကွေးကွန်ဖရင့် ကျင်းပခဲ့တယ်။ အဲဒီ မကွေးကွန်ဖရင့်က ဘာတွေ ဆုံးဖြတ်ခဲ့သလဲဆိုရင် ဗမာပြည်ကွန်မြူနစ်ပါတီနဲ့အတူ ခရီးမသွားနိုင်တော့ဘူး။ ဒါ့ကြောင့် ဇူလိုင်လ ၁ ရက်နေ့ကစပြီး တိုက်ရမယ်လို့ ဆုံးဖြတ်ချက်ချခဲ့ကြတယ်။

ဒါတွေ ကျွန်တော်တို့ လုံးလုံးမသိခဲ့ဘူး။ နားစွန်နားဖျားလောက်ဘဲ ကြားခဲ့ရတယ်။ စည်းရုံးရေးကော်မီတီ အစည်းအဝေးလုပ်ကြတဲ့အခါ ပြည်သူ့ရဲဘော်ခေါင်းဆောင်တွေကို ဆွေးနွေးမေးမြန်းခဲ့တယ်။ ဒီလို ဒီလို ကျွန်တော်တို့ ကြားရတယ်။ အဲဒါ ဟုတ်သလား။ ဟုတ်လို့ရှိရင်တော့ မှားလိမ့်မယ်။ တကယ်လို့ မကြေနပ်တာတွေ ရှိရင် ပြောရမယ်လို့ တိုက်ရိုက်မေးလိုက်တော့ ဗိုလ်အောင်စိန်က ဟုတ်ကိုမဟုတ်ဘူးလို့ ဇွတ်ငြင်းတယ်။

ဒီကိစ္စနဲ့ပါတ်သက်လို့ ကျွန်တော်တို့က ဘယ်လောက်မှန်တယ်လို့ ကြားရပေမဲ့ ခေါင်းဆောင်တယောက် လုပ်နေတဲ့လူကပြောရင် ခေါင်းဆောင်ဆိုတဲ့ ဂုဏ်သိက္ခာကို လေးစားသော အားဖြင့် မှန်တယ်လို့ ယူဆရမှာဘဲ။

ဒါပေမဲ့ ထောင်ထဲက ဗိုလ်ထွန်းစိန်က ဗိုလ်ရဲမြင့်ဆိုတဲ့ လူဆီကို စာပေး တော့ မကွေးကွန်ဖရင့်ဆုံးဖြတ်ချက်တွေ ပါလာတာ တွေ့ရတယ်။ ဒါ့ကြောင့် ဗိုလ်ထွန်းလင်း၊ ဗိုလ်အောင်ညွန့်၊ ဗိုလ်လှရွှေတို့ကို ကျွန်တော်တို့ မေးတယ်။ အဲဒီတော့ သူတို့က နောက်တနေ့ အစည်းအဝေးကျမှ ဖြေမယ်လို့ ပြောတယ်။

နောက်တနေ့အစည်းအဝေးကြတော့ မဟုတ်ဘူးလို့ဘဲ ပြောတယ်။ ဒီကိစ္စ ကို ကြားရတဲ့အတွက် ညက အိပ်တောင်မပျော်ဘူးတဲ့ ထွန်းစိန်ကိုလဲ မဟုတ်တာ တွေ ရေးတဲ့အတွက် အရေးယူမယ်တဲ့။ ဒါလဲ ကျွန်တော်တို့က ယုံခဲ့တာဘဲ။

နောက် မင်းလှကွန်ဖရင့် ကျင်းပတော့ ပြည်သူ့ရဲဘော်အဖွဲ့ အထွေထွေ အတွင်းရေးမှူး အစီရင်ခံစာထဲမှာ ဒါတွေ ဟုတ်မှန်ကြောင်း တွေ့ရတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီကို ဇူလိုင်လ ၁ ရက်နေ့ကစပြီး တိုက်ခိုက်ဘို့ မကွေးကွန်ဖရင့်က ဆုံးဖြတ်ချက် ချခဲ့ပေတဲ့ ရန်သူရဲ့ ထိုးစစ်ဆင်မှုတွေနဲ့ တပ်ပေါင်းစုဆုံးဖြတ်ချက်တွေ မှန်တာတွေကြောင့် အခြေအနေအရ ဆိုင်းထားရတယ်လို့ အစီရင်ခံထားတယ်။

အဲဒီ အစီရင်ခံချက်ထဲမှာဘဲ ဖော်ပြထားတာက တဘက်က ကွန်မြူနစ်ပါတီကိုလဲ တိုက်ရမယ်လို့ ဆုံးဖြတ်ထားတယ်။ တဘက်က တပ်ပေါင်းစုရဲ့ ဆုံးဖြတ်ချက်တွေကလဲ မှန်တာတွေဖြစ်နေတယ်။ ဒီနှစ်ခုကြောင့် အလုပ်လုပ်လို့ မရအောင် ဖြစ်ခဲ့ကြောင်း ဖော်ပြထားတယ်။

အဲဒီတော့ ကွန်မြူနစ်ပါတီနဲ့ တွဲလုပ်နေတယ်ဆိုပေတဲ့ တိုက်ဖျက်ဘို့ရာဘဲ ကြိုးစားလာခဲ့တာကို တွေ့ရတယ်။

လုပ်ငန်းတွေ အောင်မြင်ဘို့ လုပ်နိုင်ရက်သားနဲ့ ပြည်သူ့ရဲဘော်ခေါင်းဆောင်တွေဟာ ဖျက်ဘို့ချည်း လုပ်နေတော့ ကျွန်တော်တို့က ဘယ်လောက်ဘဲ ကြိုးစားကြိုးစား တော်လှန်ရေးကို ဖျက်ဆီးရေးလမ်းကိုဘဲ ဖွတ်သွားနေတယ်ဆိုပြီး ထင်ရှားလာခဲ့တယ်။ ဒါတွေကို ကျွန်တော်တို့က တော်တော်လေး ပြောပြတော့ သူတို့ ဘာပြောလာသလဲဆိုရင် ကွန်မြူနစ်ပါတီကတော့ ကိစ္စမရှိပါဘူး။ တော်လှန်နေတဲ့ ဗမာ့တပ်မတော်ကသာ မကောင်းတာပါလို့ ဆိုပြီးတော့ အင်မတန် ကျင်လည်တဲ့ နည်းနဲ့ တိုက်တယ်။

တော်လှန်နေတဲ့ ဗမာ့တပ်မတော်ကို တိုက်ရာမှာလဲ ဗိုလ်ဇေယျကို အရင်တိုက်တယ်။ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ဩဇာခံလို့ ပြောကြတယ်။ ဒီဟာက





တော်လှန်နေတဲ့ ဗမာ့တပ်မတော်ကို ပြောင်တိုက်လို့ မရတဲ့အတွက် ဗိုလ်ဇေယျကို တိုက်တာဘဲဖြစ်တယ်။ ဗိုလ်ဇေယျကို တိုက်တာနဲ့ပါတ်သက်ပြီးတော့ ဒါဟာ ဗိုလ်ဇေယျကို တဦးထဲအနေနဲ့ တိုက်တာမဟုတ်။ တော်လှန်နေတဲ့ ဗမာ့တပ်မတော် တခုလုံးကို တိုက်တာ။ တော်လှန်နေတဲ့ ဗမာ့တပ်မတော်တခုလုံးကို တိုက်တာဟာ ပါတီကို တိုက်တာ။ တပ်ပေါင်းစုကို တိုက်တာလို့ ကျွန်တော်တို့ မြင်တယ်။ ဒါကြောင့် ဗိုလ်ဇေယျကို တိုက်တာကို ကျွန်တော်တို့အားလုံး ခုခံကာကွယ်ကြတယ်။ ပထမတော့ ကွန်မြူနစ်ပါတီကို တိုက်။ နောက်တော့ ဗိုလ်ဇေယျနဲ့ ဗမာ့တပ်မတော်ကို တိုက်၊ ဒီလိုတိုက်ရင်းနဲ့ တပ်ပေါင်းစုကို ပြောင်တိုက်လာတော့တာဘဲ။ တိုက်ပုံတိုက်နည်းတွေကတော့ တနေရာတမျိုး တွေ့ကရာ ရှောက်ပြောလာခဲ့ကြတာဘဲ။

အခုဆိုရင် ဗိုလ်သိန်း မကောင်းဘူးတဲ့။ ဗိုလ်သိန်းက လူတွေ့ရင် သူငယ်ချင်း သူငယ်ချင်းဆိုပြီး စကားတွေယူ။ ဗဟိုစည်းရုံးရေးကော်မတီမှာ ပြော။ ဒီလိုနဲ့ ရှုတ်နေတာဘဲလို့ ပြောလာပြန်တယ်။ အမှန်တော့ တပ်ပေါင်းစုနဲ့ ဆိုင်သမျှ လူတွေရော အဖွဲ့တွေရော အကုန်တိုက်လာတာဘဲ။

ပြည်သူ့ရဲဘော် အဖွဲ့အစည်းအနေနဲ့ လူလတ်တန်းစားကို ကိုယ်စားပြုတယ်။ ဒါကြောင့် ကိုယ်ပိုင်နိုင်ငံရေးဝါဒ မရှိခဲ့ဘူး။ အမှန်စင်စစ် ဓနရှင်ဝါဒနဲ့ ပစ္စည်းမဲ့လူတန်းစားဝါဒဆိုပြီး နှစ်မျိုးဘဲရှိတယ်။ အဲဒီတော့ လူလတ်တန်းစားအဘို့ ဓနရှင်ဆီဆန်ရင်လဲ ယူရင်ယူ။ ပစ္စည်းမဲ့လူတန်းစားဆီကရင်လဲ ယူရင်ယူ။ ယူစရာ နှစ်မျိုးဘဲရှိကယ်။ လူလတ်တန်းစားဟာ အဲဒီဝါဒနှစ်ခုအနက်က တခုခုကို ယူကြတာဘဲ။ ဓနရှင်ဝါဒကို ယူတဲ့အခါ အပေါ်ရံက သကြားကလေးဘာလေး မွှန်းမံပြီး ယူတယ်။ ပစ္စည်းမဲ့ လူတန်းစားဆီက ယူလို့ရှိရင်လဲ ပုံတမျိုးနဲ့ ထွင်ယူတာဘဲ။

အဲဒါကြောင့်မို့လို့ ပြည်သူ့ရဲဘော်တွေဟာ ကိုယ်ပိုင်မူ မရှိဘူး။ သူများက မူတခုတင်လို့ရှိရင် အဲဒီမူကို ယူပြီးတော့ တမျိုးပြင်လိုက်တာဘဲ။ နုမူ – ရဲဘော်မူ ဆိုပြီး ဖြစ်လာရတာဟာ ဓနရှင်ဆီကဝါဒကို သကြားမွှန်းမံခဲ့တာဘဲဖြစ်တယ်။

ပြည်သူ့ရဲဘော်တွေဟာ ခုထက်ထိ မူနှစ်မူအကျင့် မပျောက်သေးဘူး။ ကွန်မြူနစ်ပါတီက လုပ်ခဲ့တဲ့လုပ်ငန်းတွေနဲ့ နေရာတကာ ရှောက်ပြီး အတူဦးလုပ်လာတာတွေ တွေ့ရတယ်။ မင်း ဒါလုပ်ရင် ငါ ဒါလုပ်တယ်ကွာဆိုတာလို နေရာတကာ မူနှစ်မူ ရှောက်လုပ်နေတာဘဲ။

အမှန်စင်စစ် အဖွဲ့တဖွဲ့က မူတမူ ထင်လာလို့ရှိရင် အဲဒီမူကို ဝိုင်းပြီး

ပြင်တန်တာပြင်။ ဖြည့်တန်တာဖြည့်။ လုပ်သင့်တယ်။ အဲဒီမူကို နောက်ဆုံးသဘော တူရင် ဝိုင်းလုပ်ကြဘို့ဘဲ။ အခုတော့ အဲဒါမျိုး မဟုတ်ဘူး။ တခြားအဖွဲ့တဖွဲ့က မူတမူ တင်လို့ရှိရင် သူတို့ကလဲ အလုပ်လုပ်လို့မဖြစ်အောင် တခြားမူတမူ တင်ပြန် တယ်။ ဒါဟာ မူနှစ်မူအကျင့် မပျောက်သေးတာဘဲ။

အရင်တုန်းက ပြည်သူ့ရဲဘော်အဖွဲ့မှာ တောင်သူလယ်သမားတွေနဲ့ ပါတ်သက်တဲ့ လမ်းစဉ်ဆိုလို့ ဘာမှ မရှိခဲ့ဘူး။ ဒါဟာ သူတို့ကိုယ်တိုင်လဲ ဝန်ခံတာဘဲ။ နောက်တော့ တောင်သူလယ်သမားသမဂ္ဂနဲ့ လာပြီး ဆွေးနွေးကြတဲ့အခါမယ်။ တောင်သူလယ်သမားသမဂ္ဂက အရင်က ထုတ်ဝေထားတဲ့ စာစောင်တွေ၊ စာတမ်း တွေ၊ စာအုပ်တွေ၊ သူတို့ကိုပေးပြီး လေ့လာရေးမှာ ကူညီခဲ့တယ်။ အဲဒီလို သူတို့ လေ့လာပြီးတဲ့နောက် ပြည်သူ့ရဲဘော်က တောင်သူလယ်သမားနဲ့ ပါတ်သက်လို့ မူတမူပေါ်လာပြန်တာဘဲ။

ဒီနောက် ဗမာပြည်ကွန်မြူနစ်ပါတီဟာ ခေတ်မှီအလုပ်သမားလူတန်းစား ရဲ့ ပါတီဖြစ်တယ်။ တော်လှန်ရေးကို ရှေ့ဆောင်နေတဲ့ ပါတီဖြစ်တယ်။

ဗမာပြည်မှာ အလုပ်သမးလူတန်းစားပါတီဟာ တခုသာရှိရမယ်။ နှစ်ခု မရှိရ။ ရှိရင် တော်လှန်ရေးပျက်မှာဘဲ။ ကွန်မြူနစ်ပါတီ မဟုတ်တာတွေ လုပ်ခဲ့တာ ရှိချင် ရှိမယ်။ ချို့ယွင်းတာတွေ ရှိချင်ရှိမယ်။ ဒီလိုရှိလို့ရှိရင် ဝိုင်းပြင်ပေးရမယ်။ ဒီပါတီဟာ လူတိုင်းရဲ့ ပါတီဖြစ်တယ်။

ဒါပေမဲ့ ပြည်သူ့ရဲဘော်က ဟိုပါတီကို မကြည့်နဲ့။ ဟောဒီ ဒို့ဟာမှ ပစ္စည်းမဲ့ပါတီအစစ်ဆိုပြီးတော့ လုပ်လာပြန်တယ်။ ဒါလဲဘဲ မူနှစ်မူအကျင့်တွေဘဲ။

အခု နောက်ဆုံးဖြစ်လာခဲ့တာလဲ လက်ရှိပြည့်သူ့ဒီမိုကရေစီတပ်ပေါင်းစုဟာ မူမှန်တဲ့ တပ်ပေါင်းစု မဟုတ်တော့ဘူးတဲ့။ ပြည်သူ့ရဲဘော်ခေါင်းဆောင်တဲ့ မူမှန်တဲ့ တပ်ပေါင်းစုအသစ်ကို တည်ထောင်ရမယ်လို့ အော်လာကြပြန်တယ်။ ဒါလဲ တပ်ပေါင်းစု မူနှစ်မူဖြစ်လာတာဘဲ။

မြေယာလမ်းစဉ်လဲ မူနှစ်မူ၊ ပစ္စည်းမဲ့ပါတီတဲ့ မူနှစ်မူ၊ တပ်ပေါင်းစုမှာလဲ မူနှစ်မူဖြစ်လာတာဘဲ။ အခု ပြည်သူ့ဒီမိုကရေစီတပ်ပေါင်းစုကို စလုပ်တုန်းက မူတွေချခဲ့ကြတာဟာ သူတို့လဲပါတာဘဲ။ အခုမှ မူမမှန်ပြန်ဘူးတဲ့။

ဒါတွေဟာ တော်လှန်ရေးအတွက် အန္တရာယ်တွေဘဲ။

ဆိုရှယ်လစ်လောက ကွန်မြူနစ်လောက မရောက်မချင်း လူလတ်တန်းစား





ဆိုတာ ရှိနေမှာဘဲ။ ဒီလူလတ်တန်းစားနဲ့ပါတ်သက်လို့ ဒီလူတန်းစားဟာ အလုပ် သမား၊ လယ်သမားတို့ရဲ့ ထာဝရမိတ်ဆွေဖြစ်ရမယ်လို့ ကျွန်တော်တို့ ယုံကြည်တယ်။ ဒါကြောင့် ပြည်သူ့ရဲဘော်အဖွဲ့ထဲမှာ ချို့ယွင်းတာတွေရှိရင် ပြင်ဆင်ပေးဘို့ ကြိုး စားခဲ့တယ်။

ပြည်သူ့ရဲဘော်အဖွဲ့ထဲမှာ မသန့်ရှင်းတဲ့ သူတွေရှိနေတဲ့အတွက် ဘယ်သူ ဟာ မသန့်ရှင်းဘူး။ ဘယ်သူ့ကို အရေးယူရမယ်။ ဘယ်သူ့ကို ထုတ်ပစ်ရမယ် စသဖြင့် အကြံပေးပြောဆိုခဲ့တာတွေ ကျွန်တော်တို့ အများကြီးလုပ်ခဲ့တယ်။

သူတို့တတွေက သန့်ရှင်းရေးကို လုပ်ပါတယ်။ ဒါပေမဲ့ သူတို့ သန့်ရှင်းရေး က ကွန်မြူနစ်ပါတီနဲ့ နီးစပ်တဲ့လူတွေ၊ တပ်ပေါင်းစုကို လိုလားတဲ့လူတွေ၊ အဲဒီလို လူတွေကို သန့်ရှင်းပစ်တာဖြစ်တယ်။

အောက်ဗမာပြည်က ဗိုလ်ညွန့်မောင်က တပ်ပေါင်းစုကို လိုလားသူဖြစ်တဲ့ အတွက် ပြည်သူ့ရဲဘော်ဗဟိုအလုပ်အမှုဆောင်အဖြစ်က ပြုတ်ကြသွားပြီ။ ဗိုလ်ဖေ နဲ့ ဗိုလ်စောမောင်တို့လဲ တပ်ပေါင်းစုနဲ့ ရင်းနှီးတာနဲ့ ပြုတ်ကုန်ပြီ။

ဗိုလ်ထိန်ဝင်းကို အရေးယူရမယ်လို့ ကျွန်တော်တို့က ပြောလဲပြောရော ပြည်သူ့ရဲဘော်အဖွဲ့မှာ လူတွင်ကျယ်ဖြစ်လာတဲ့အပြင် တပ်ပေါင်းစုဗဟိုစည်းရုံးရေး ကော်မီတီလူကြီးလုပ်ဘို့တောင် လွှတ်လိုက်သေးတယ်။ ဒါတွင် မကသေးဘူး။ ဗဟိုစည်းရုံးရေးကော်မတီမှာ အထွေထွေအတွင်းရေးမှူးလဲ အလုပ်ခိုင်းမလို့တဲ့။

ကွန်မြူနစ်ပါတီက အသာဖယ်ထားခဲ့တဲ့ ကိုကိုကြီးကို မတန်ဘူးလို့လဲ ကျွန်တော်တို့က ပြောရော၊ ပြည်သူ့ရဲဘော့ထဲမှာ သဘောတရားရေးဆရာဖြစ်သွား တာဘဲ။ ဆိုရှယ်လစ်မြှဟန်ကိုလဲ အစိုးရသူလျှိုဖြစ်တယ်လို့ ကျွန်တော်တို့ကပြော နေတုန်းရှိသေး သူတို့က မြှဟန်ဆီမှာ သင်တန်းတက်နေကြပြီ။

ပြီးတော့ ကွန်မြူနစ်ပါတီက ပြည်သူ့ရဲဘော်ကို အနိုင်ကျင့်တယ်လို့လဲ ပြောကြသေးတယ်။ ကွန်မြူနစ်ပါတီက ဘယ်နေရာမှ အနိုင်မကျင့်ဘူး။ ပျဉ်းမနား ခရိုင်မှာ ပြည်သူ့ရဲဘော်ဟာ အနဲစုကလေးဘဲ။ အဲဒါကို အကာအကွယ်ပေးခဲ့တယ်။ ပျဉ်းမနားခရိုင်မှာ မနှစ်က ပြည်သူ့ရဲဘော်နဲ့ တိုက်ကြရတယ်ဆိုတာ အခုအစိုးရနဲ့ ပေါင်းနေတဲ့ အောင်ဒင်တို့က တာရာကို လက်ခံထားတဲ့ကိစ္စကြောင့် လယ်ဝေးမှာ တိုက်ခဲ့ရတာဘဲရှိတယ်။ ပျဉ်းမနားမြို့ပေါ်မှာ ပြည်သူ့ရဲဘော်နဲ့ ဘာမှမဖြစ်ဘူး။

ပြည်သူ့ရဲဘော်ခေါင်းဆောင်တွေဟာ လူ့သဘောနဲ့ ဆက်ဆံတဲ့နေရာမှာ

အင်မတန်ညံ့ဖျင်းတာကို တွေ့ရတယ်။ ဗိုလ်လှရွှေတို့ ဗဟိုစည်းရုံးရေးကော်မီတီ ရှိရာကို လာတုန်းက ဗိုလ်ထိန်ဝင်းကို ခေါ်ခဲ့တယ်။ ဒါပေမဲ့ ဗိုလ်ထိန်ဝင်းနဲ့ ကျွန်တော်တို့ကို မိတ်ဆက်ပေးတာလေ။ ဘာလေးတောင် မလုပ်ခဲ့ဘူး။ ဗိုလ်ထိန်ဝင်း ဟာ အစိုးရသူလျှိုဘဲဖြစ်နေအုံးတော့ သူတို့ ခေါ်လာတဲ့လူဆိုတာ ဘယ်သူဘယ်ဝါ ဖြစ်တယ်လို့ဆိုတာ လူလူချင်းဆက်ဆံရေးသဘောအရ မိတ်ဆက်ပေးသင့်တယ်။ ဒါပေမဲ့ ပြန်သာသွားရော ကျွန်တော်တို့ မသိလိုက်ဘူး။ ပြည်သူ့ရဲဘော်ခေါင်းဆောင် တွေဟာ လူချင်းပေါင်းသင်းဆက်ဆံရေးတောင် နားလည်တဲ့လူတွေမဟုတ်ဘူး။

ပြည်သူ့ရဲဘော်တွေ မဟုတ်တာတွေလုပ်နေတာ တွေ့ခဲ့ရပေတဲ့ ကျွန်တော် တို့က အတော်ဘဲ အလိုလိုက်ခဲ့တယ်။ အလိုလိုက်တော့ အမိုက်စော်ကားဆိုသလို ပိုဆိုးလာတယ်။ မီးရထားတွေကို သူတို့က အတင်းသိမ်းတယ်။ သဘော်တွေ မအပ်ဘူးဆိုပြီး သူတို့က အတင်းသိမ်းတယ်။ ကော်မရှင်တွေဆိုရင်လဲ ဖျက်ခဲ့တယ်။ သဘော်ကော်မရှင်ဆိုရင် ရုံးထဲက အတင်းမောင်းထုတ်ပစ်ခဲ့တယ်။ ဒီအထဲမှာ ဆန်ကိစ္စဟာ အရေးအကြီးဆုံးဘဲ။ ဆန်ကရတဲ့ ပိုက်ဆံနဲ့ အုပ်ချုပ်ရေးစားရိတ်တွေ၊ စစ်တပ်စားရိတ်တွေ အစရှိတဲ့ နေရာတွေမှာ သုံးခဲ့ရတယ်။ ဒါပေမဲ့ ဆန်သုံးလေး သောင်းဟာ ကြွက်စားလို့ ကုန်သွားသတဲ့။ ဆန်သုံးလေးသောင်းလောက် ကုန်အောင် စားတဲ့ကြွက်ဟာ ဘယ်လောက်ကြီးတဲ့ ကြွက်လဲမသိဘူး။

ဒါတွေကို ဗဟိုစည်းရုံးရေးကော်မတီက ဘမ်းရမယ်လို့ဆိုတော့ ဗဟို စည်းရုံးရေးကော်မီတီက မဘမ်းနိုင်ဘူး. ဘာဘူး၊ ညာဘူးနဲ့ လုပ်ခဲ့ကြတယ်။

ဒါတွေကို ကြည့်လိုက်ရင် ဘယ်လောက်ဖျက်ဆီးလာသလဲဆိုတာ တွေ့ ရတယ်။ ကျွန်တော်တို့ကတော့ ငြေဆေးဆေးဖြစ်အောင် ကြိုးစားခဲ့ပါတယ်။ ဒီလိုမှ မရရင်လဲ ခတ်ကြမ်းကြမ်းလုပ်ရမှာဘဲ။

ဒါပေမဲ့ ကျွန်တော်တို့က ဘယ်တော့မှ ပြန်မလာရဘူးဆိုတဲ့သဘောနဲ့ အသေတံခါးပိတ်တဲ့သဘော မဟုတ်ပါဘူး။ ဝင်ချင်တဲ့အချိန် ပြန်ဝင်ရင် ကျွန်တော်တို့ လက်ခံဘို့ သဘောလုပ်ခဲ့တယ်။ ပြည်သူ့ရဲဘော်နဲ့ ပါတ်သက်လို့ ကျွန်တော်တို့ အမှား မလုပ်မိဘို့ သတိပြုပါတယ်။ အမှားကို လုပ်ခြင်းလုပ်ရင်း သူတို့သာ လုပ်ပေစေ။ ကျွန်တော်တို့ကတော့ မလုပ်ဘူးဆိုပြီး အမြဲကြိုးစားခဲ့တယ်။

ပြည်သူ့ရဲဘော်ခေါင်းဆောင်တွေက ပြည်ခရိုင်အနေနဲ့ ကျေညာချက်တွေ ထုတ်ပြီး စော်ကားဆဲရေးတာတွေ လုပ်ခဲ့တယ်။ ဆဲတာတွေ၊ စာရွက်ဝေတာတွေ၊





အော်လံနှင့် ရှောက်အော်တာတွေ ဒါတွေကို ကျွန်တော်တို့က လုပ်ခဲ့တာ။ အန်ခွ နေပြီ။ သူတို့လုပ်နေတာဟာ ကျွန်တော်တို့က ပေးခဲ့တဲ့ ပညာတွေဘဲ။ ဒီလို ပညာရကာစဆိုတော့ ဟိုလုပ်ချင်၊ ဒီလုပ်ချင် ရှောက်လုပ်ချင်တာဘဲ၊ ပြည်သူ့ ရဲဘော်ခေါင်းဆောင်တွေဟာ ဘာနဲ့တူသလဲဆိုတော့ အစွယ်ပေါက်စ ခွေးကလေး တွေလို ဟိုကိုက်ချင် ဒီကိုက်ချင်ဖြစ်နေတာနဲ့တူတယ်။ အော်လိုက်ဟစ်လိုက်၊ စားပွဲထုလိုက် လုပ်တာတွေက သူတို့က အခုမှ လုပ်နေတယ်။

ဖေဖော်ဝါရီလ ၂၃ ရက်နေ့က ဗိုလ်လှရွှေက ကျွန်တော်တို့နဲ့ စကားပြော တော့ အော်လိုက်ဟစ်လိုက်၊ စားပွဲထုလိုက်နဲ့။ သူက စကားပြောခဲ့တယ်။ သူ့စကား ဆုံးတဲ့တိုင်အောင် ကျွန်တော်က နားထောင်ပြီးတဲ့နောက်မှ ဒီမယ် ဗိုလ်လှရွှေ ခင်ဗျားက နိုင်ငံရေးလုပ်တာ အခုမှလုပ်တာ ကျုပ်တို့က ခင်ဗျားအရင် အကြာကြီးက လုပ်ခဲ့တာ။ အော်လိုက်ဟစ်လိုက် ကြိမ်းလိုက်မောင်းလိုက်။ စားပွဲထုလိုက် လုပ်တာတွေဟာ ကောင်းတဲ့ အလုပ်တွေမဟုတ်ဘူး။ ခင်ဗျား ဒေါသဖြစ်မယ်ဆိုတာ လဲ ကျုပ်တို့သိတယ်။ ဒါ့ကြောင့် ခင်ဗျားပြောချင်တာ ပြောပါစေဆိုပြီး အသာကြည့် နေတာ။ အကောင်းမှတ်မနေနဲ့ စားပွဲကိုသာ ထုမယ်ဆိုရင် ကျုပ်က ခင်ဗျားထက်ပို ထုနိုင်သေးတယ်။ ဒါပေမဲ့ ဒါတွေဟာ မကောင်းဘူး။ နောက်မလုပ်နဲ့လို့ တားယူရ တယ်။ ခက်တာက ဒီလူတွေနဲ့ ဆက်ဆံရင် သူတို့ထက် ပိုမိုက်ပြရမယ်လိုဖြစ်နေ တယ်။

ဒါပေတဲ့ ကျွန်တော်တို့ကတော့ ဒီကနေ့အထိ တော်တော့်ကို ဂရုစိုက် ပါတယ်။ ပြည်မှာ ပဋိပက္ခဖြစ်တောင်။ သရက်မှာ မဖြစ်ဘို့။ မြင်းခြံမှာဖြစ်တောင် မန္တလေးမှာ မဖြစ်ဘို့။ တဲ့နေတဲ့နေရာမှာ ပိုတဲ့အောင်လုပ်ပြီးတော့ နမူနာပြရင်း ရန်ဖြစ်နေတဲ့ နေရာတွေမှာ ရပ်အောင်လုပ်ဘို့ ကြိုးစားခဲ့တယ်။

ထိန်ဝင်းကိစ္စမှာလဲဘဲ ကျွန်တော်တို့အရင်သိထားတာက ထိန်ဝင်းဟာ အောက်ဗမာပြည်တပ်ပေါင်းစု မဖြစ်အောင် ကြိုးစားခဲ့တယ်။ ဗိုလ်နေဝင်းနဲ့လဲ စာချုပ်ခဲ့တယ်။ အဲဒီလို အတိအလင်းသိခဲ့လို့ ဒီလို ရှုတ်ရှုတ်ရှက်ရှက်တွေကို အရင်ရှင်းပါ။ ရှင်းပြီးရင် ပြည်သူ့ရဲဘော်အဖွဲ့က တောင်းဆိုတဲ့အတိုင်း ဗဟိုစည်းရုံး ရေးကော်မီတီမှာ လက်ခံမယ်လို့ ပြောခဲ့တယ်။ ထိန်ဝင်းကို လုံးဝ လက်မခံဘူးလို့ မပြောဘူး။

ကျွန်တော်တို့ တပ်ပေါင်းစုဟာ လူတိုင်းက အသက်ပေးပြီး ပုံအပ်ဖွဲ့စည်း

ထားတာဖြစ်တယ်။ ဒီလို အင်မတန်အရေးကြီးတဲ့နေရာမှာ ရန်သူ သူလျှိုတယောက်ကို အရေးကြီးတဲ့ တာဝန်ခံပေးလို့ မဖြစ်နိုင်ဘူး။ မယုံရတဲ့လူကို တော်လှန်ရေးတာဝန်တွေကို ပုံမအပ်နိုင်ဘူး။ ဒါ့ကြောင့် ကျွန်တော်တို့က ရှင်းပြပြီးရင် လက်ခံမယ်လို့ ပြောခဲ့တာဖြစ်တယ်။

အဲဒီတော့ ဗိုလ်လှရွှေက မရှင်းနိုင်ဘူးလို့ ပြောတယ်။ ဒါ ဘယ့်နှယ်လုပ်ဖြစ်နိုင်မလဲ။

အမှန်စင်စစ် ထိန်ဝင်းကိစ္စဟာ ပဋိပက္ခဖြစ်ဘို့ အရင်စီစဉ်ချက်တွေမီးတောက်ခါနီးမှာ မီးချစ်ရှို့တာဘဲဖြစ်တယ်။

ဒီကွန်ဖရင့်လုပ်ခါနီးမှာ တော်လှန်နေတဲ့ ဗမာ့တပ်မတော်က ဗိုလ်ရဲထွဋ်၊ ဗိုလ်အောင်မြင့်နဲ့ ဗိုလ်စိန်တင်တို့က ပြည်သူ့ရဲဘော်ဌာနချုပ်ရှိရာကို သွားခဲ့တယ်။ တပ်ပေါင်းစု ဗဟိုစည်းရုံးရေးကော်မီတီနဲ့ ပြည်သူ့ရဲဘော်အာဏာပိုင်တို့နဲ့ တွေ့ပါ။ ကွန်မြူနစ်ပါတီက ပေါလစ်ဗျူရိုလူကြီးများလဲ တက်ရောက်ပြီးတော့ ပြန်လည်ဆွေးနွေးကြပါလို့ တိုက်တွန်းကြတယ်။ အဲဒါကို ခါးခါးသီးသီး ပြောလွှတ်လိုက်တယ်။

ဒါကိုကြည့်လိုက်တော့ ပြည်သူ့ရဲဘော်ဟာ ငြေအေးအေး လမ်းကိုဖြင့်မလိုလားဘူးဆိုတာ တွေ့ရတယ်။

တော်လှန်ရေးဟာ တဆင့်ကူးရတော့မယ်။ အဲဒီလို တဆင့်ခုန်ကူးရမယ့်ဟာ ပြည်သူ့ရဲဘော်က ခြေထောက်ဆွဲထားတာဘဲ။ ခုန်လဲကူးရတော့မယ်။ ခုန်မကူးရင်လဲ မဖြစ်ဘူး။ ဒါကြောင့် ခုန်ကူးချင်ရင် ခြေထောက် ဆွဲထားတဲ့လူကိုကန်ချပြီး အထက်ကို တက်ရမှာဘဲ။ ပြည်သူ့ရဲဘော်အဖွဲ့ထဲမှာ နောက်လိုက်အများစုရဲဘော်များမှာ ဆင်းရဲဒုက္ခခံကြရတယ်။ ခေါင်းဆောင်တွေကတော့ ပွနေကြတယ်။ ပြည်သူ့ရဲဘော်ခေါင်းဆောင်တယောက် မင်္ဂလာဆောင်ရာမှာ ဒါန်ချိုင့်တွေ။ လက်ဆောင်ကမ်းတာကို တွေ့ရတယ်။ တော်လှန်ရေးကို ရိုးရိုးသားသား လုပ်နေတဲ့လူဆိုရင် ဒီလောက် ကြီးကြီးကျယ်ကျယ်လုပ်ဘို့ရာ မပြောနဲ့ ထမင်းတောင်မနဲ့စားနေရတယ်။

တော်လှန်ရေးအတွင်း စီးပွားတက်လာတာတွေဟာ ဘုန်းလို့ ရတာတွေဘဲ။

တော်လှန်ရေးဆင့်တက်မယ်ဆိုရင် အဲဒီစည်းစိမ်တွေဟာ ပျောက်ကုန်မှာဘဲ။ ဒါကြောင့် သူတို့ ခုန်မကူးချင်ကြဘူး။

သတ္တဝါအများကို နိဗ္ဗာန်ခေါ်ဘို့ရာ ကြိုးစားရမှာဘဲ။ ဒါပေမဲ့ ဒေဝဒတ်





ကိုတော့ နိဗ္ဗာန်ကို ဘယ်လိုခေါ်ခေါ် အဝီစိကို ခုန်ချတာဘဲ။ ပြည်သူ့ရဲဘော်ခေါင်းဆောင်တွေဟာလဲဘဲ ဒေဝဒတ်လို အဝီစိခုန်ချနေကြတာဘဲ။ ပြည်သူ့ရဲဘော်အောက်ပိုင်းကတော့ အဲဒီလိုလူတွေ အနုတက္ကမဘဲ။ အထက်ပိုင်းက ဘာလုပ်နေတယ်ဆိုတာ မသိရဘူး။

ဗိုလ်ထွန်းဇော်ကို ခေါ်လာခဲ့တော့ ဗိုလ်ထွန်းဇော်က ဘာပြောသလဲဆိုရင် သူတို့ခေါင်းဆောင်တွေက ဟောဒါလောက် အရှည်ကြီး ညွှန်ကြားပေတဲ့။ ဒါလောက်ကလေးဘဲ လုပ်ပါတယ်လို့ ပြောတယ်။ ဒါလောက်ကလေး လုပ်တာဘဲ အတော်ဆိုးလှပြီ။ ပြီးတော့ ဗိုလ်ထွန်းဇော်က ပြောသေးတယ်။ သူ့ကို ဆိုရှယ်လစ်သူလျှိုလို့မခေါ်ပါနဲ့တဲ့။ တပ်ပေါင်းစုဆန့်ကျင်ရေးသမားလို့ ခေါ်ချင်ခေါ်ပါတဲ့ ပြောတယ်။ အမှန်က ဘာထူးသေးသလဲ။

အခုဆိုရင် ဗိုလ်ထွန်းဇော်လိုလူတောင် ပြည်သူ့ရဲဘော်ခေါင်းဆောင်တွေလုပ်တာ မဟုတ်တာတွေ လုပ်နေတယ်လို့ပြောတော့ ပြောစရာမရှိတော့ဘူး။

အဖွဲ့အစည်းတခုထဲမှာ ပါတီဆန့်ကျင်တဲ့အစု။ တပ်ပေါင်းစု ဆန့်ကျင်တဲ့အစုကလေးတွေ ရှိချင်ရှိမယ်။ ဒါပေမဲ့ အခုဟာ ဒါမျိုးမဟုတ်တော့ဘူး။ ပြည်သူ့ရဲဘော်အဖွဲ့ အာဏာပိုင်တယ်ဆိုတဲ့ ခေါင်းဆောင်အဖွဲ့အစည်းတခုလုံးကိုက တော်လှန်ရေးဖျက်ဆီးရေး လုပ်လာတယ်ဆိုတာ မြင်ရမယ်။

ဒါပေမဲ့ ဘယ်လောက်အလားအလာရှိတယ်ဆိုတာလဲ ကြည့်ရမယ်။ ဖောက်ပြန်တဲ့ ဟာကို ပြတ်ပြတ်သားသားတိုက်မှ တော်လှန်ရေးဘက်ကို ယိမ်းလာမယ်။ မပြတ်သားဘဲ ထောင်ဝါးဝါးလုပ်နေရင့် ပိုဝေးမယ်။

တပ်ပေါင်းစုအတွင်းမှာ လက်နက်နဲ့ မဖြေရှင်းရလို့ ဆုံးဖြတ်ခဲ့တယ်။ ဒါပေမဲ့ ပြည်သူ့ရဲဘော်ခေါင်းဆောင်တွေဟာ တပ်ပေါင်းစုကိုဖျက်ဘို့ဘဲ ကြိုးစားခဲ့ကြတယ်။ တကြိမ်တခါမှာ လက်နက်နဲ့ မဖြေရှင်းရလို့ဆိုတာ မှန်တယ်။ သို့သော်သူက လက်နက်နဲ့ ဟိုလုပ်ဒီလုပ် လုပ်နေတဲ့အခါ လက်နက်နဲ့ မဖြေရှင်းရင်မဖြစ်တော့တဲ့ အခြေအနေမှာ မလွှဲမရှောင်သာ လက်နက်နဲ့ ဖြေရှင်းရမှာဘဲ။

ပြည်သူ့ရဲဘော်ခေါင်းဆောင်ပိုင်းကတော့ ဆွဲခေါ်လို့ မပါတော့ဘူးလို့ မြင်ရမယ်။ ပါလာလိမ့်နိုးနိုးထင်နေရင် ဂျွန်းထိုးလိမ့်မယ်။

မနေ့က ပြည်မြို့မှာဖြစ်တဲ့ ကိစ္စဟာ ထူးခြားတယ်။ တနှစ်လုံးလုံးထောင်ဝါးဝါးလုပ်နေခဲ့တာကို တခန်းရပ်ပြီး အခန်းသစ်ဖွင့်လိုက်တာဘဲလို့ မြင်ရ

ထားတာဖြစ်တယ်။ ဒီလို အင်မတန်အရေးကြီးတဲ့နေရာမှာ ရန်သူ သူလျှိုတယောက်ကို အရေးကြီးတဲ့ တာဝန်ခံပေးလို့ မဖြစ်နိုင်ဘူး။ မယုံရတဲ့လူကို တော်လှန်ရေးတာဝန်တွေကို ပုံမအပ်နိုင်ဘူး။ ဒါ့ကြောင့် ကျွန်တော်တို့က ရှင်းပြပြီးရင် လက်ခံမယ်လို့ ပြောခဲ့တာဖြစ်တယ်။

အဲဒီတော့ ဗိုလ်လှရွှေက မရှင်းနိုင်ဘူးလို့ ပြောတယ်။ ဒါ ဘယ့်နှယ်လုပ်ဖြစ်နိုင်မလဲ။

အမှန်စင်စစ် ထိန်ဝင်းကိစ္စဟာ ပဋိပက္ခဖြစ်ဘို့ အရင်စီစဉ်ချက်တွေ မီးတောက်ခါနီးမှာ မီးချစ်ရှို့တာဘဲဖြစ်တယ်။

ဒီကွန်ဖရင့်လုပ်ခါနီးမှာ တော်လှန်နေတဲ့ ဗမာ့တပ်မတော်က ဗိုလ်ရဲထွဋ်၊ ဗိုလ်အောင်မြင့်နဲ့ ဗိုလ်စိန်တင်တို့က ပြည်သူ့ရဲဘော်ဌာနချုပ်ရှိရာကို သွားခဲ့တယ်။ တပ်ပေါင်းစု ဗဟိုစည်းရုံးရေးကော်မီတီနဲ့ ပြည်သူ့ရဲဘော်အာဏာပိုင်တို့နဲ့ တွေ့ပါ။ ကွန်မြူနစ်ပါတီက ပေါလစ်ဗျူရိုလူကြီးများလဲ တက်ရောက်ပြီးတော့ ပြန်လည်ဆွေးနွေးကြပါလို့ တိုက်တွန်းကြတယ်။ အဲဒါကို ခါးခါးသီးသီး ပြောလွှတ်လိုက်တယ်။

ဒါကိုကြည့်လိုက်တော့ ပြည်သူ့ရဲဘော်ဟာ ငွေအေးအေး လမ်းကိုဖြင့် မလိုလားဘူးဆိုတာ တွေ့ရတယ်။

တော်လှန်ရေးဟာ တဆင့်ကူးရတော့မယ်။ အဲဒီလို တဆင့်ခုန်ကူးရမယ့်ဟာ ပြည်သူ့ရဲဘော်က ခြေထောက်ဆွဲထားတာဘဲ။ ခုန်လဲကူးရတော့မယ်။ ခုန်မကူးရင်လဲ မဖြစ်ဘူး။ ဒါကြောင့် ခုန်ကူးချင်ရင် ခြေထောက် ဆွဲထားတဲ့လူကို ကန်ချပြီး အထက်ကို တက်ရမှာဘဲ။ ပြည်သူ့ရဲဘော်အဖွဲ့ထဲမှာ နောက်လိုက်အများစု ရဲဘော်များမှာ ဆင်းရဲဒုက္ခခံကြရတယ်။ ခေါင်းဆောင်တွေကတော့ ပွနေကြတယ်။ ပြည်သူ့ရဲဘော်ခေါင်းဆောင်တယောက် မင်္ဂလာဆောင်ရာမှာ ဒါန်ချိုင့်တွေ။ လက်ဆောင်ကမ်းတာကို တွေ့ရတယ်။ တော်လှန်ရေးကို ရိုးရိုးသားသား လုပ်နေတဲ့လူဆိုရင် ဒီလောက် ကြီးကြီးကျယ်ကျယ်လုပ်ဘို့ရာ မပြောနဲ့ ထမင်းတောင်မနဲ့စားနေရတယ်။

တော်လှန်ရေးအတွင်း စီးပွားတက်လာတာတွေဟာ ဘုန်းလို့ ရတာတွေဘဲ။

တော်လှန်ရေးဆင့်တက်မယ်ဆိုရင် အဲဒီစည်းစိမ်တွေဟာ ပျောက်ကုန်မှာဘဲ။ ဒါကြောင့် သူတို့ ခုန်မကူးချင်ကြဘူး။

သတ္တဝါအများကို နိဗ္ဗာန်ခေါ်ဘို့ရာ ကြိုးစားရမှာဘဲ။ ဒါပေမဲ့ ဒေဝဒတ်





ကိုတော့ နိဗ္ဗာန်ကို ဘယ်လိုခေါ်ခေါ် အငိစိကို ခုန်ချတာဘဲ။ ပြည်သူ့ရဲဘော်ခေါင်းဆောင်တွေဟာလဲဘဲ ဒေဝဒတ်လို အဝီစိခုန်ချနေကြတာဘဲ။ ပြည်သူ့ရဲဘော်အောက်ပိုင်းကတော့ အဲဒီလိုလူတွေ အနုတက္ကမဘဲ။ အထက်ပိုင်းက ဘာလုပ်နေတယ်ဆိုတာ မသိရဘူး။

ဗိုလ်ထွန်းဇော်ကို ခေါ်လာခဲ့တော့ ဗိုလ်ထွန်းဇော်က ဘာပြောသလဲဆိုရင် သူတို့ခေါင်းဆောင်တွေက ဟောဒါလောက် အရှည်ကြီး ညွှန်ကြားပေတဲ့။ ဒါလောက်ကလေးဘဲ လုပ်ပါတယ်လို့ ပြောတယ်။ ဒါလောက်ကလေး လုပ်တာဘဲ အတော်ဆိုးလှပြီ။ ပြီးတော့ ဗိုလ်ထွန်းဇော်က ပြောသေးတယ်။ သူ့ကို ဆိုရှယ်လစ်သူလျှိုလို့ မခေါ်ပါနဲ့တဲ့။ တပ်ပေါင်းစုဆန့်ကျင်ရေးသမားလို့ ခေါ်ချင်ခေါ်ပါတဲ့ ပြောတယ်။ အမှန်က ဘာထူးသေးသလဲ။

အခုဆိုရင် ဗိုလ်ထွန်းဇော်လိုလူတောင် ပြည်သူ့ရဲဘော်ခေါင်းဆောင်တွေ လုပ်တာ မဟုတ်တာတွေ လုပ်နေတယ်လို့ပြောတော့ ပြောစရာမရှိတော့ဘူး။

အဖွဲ့အစည်းတခုထဲမှာ ပါတီဆန့်ကျင်တဲ့အစု။ တပ်ပေါင်းစု ဆန့်ကျင်တဲ့ အစုကလေးတွေ ရှိချင်ရှိမယ်။ ဒါပေမဲ့ အခုဟာ ဒါမျိုးမဟုတ်တော့ဘူး။ ပြည်သူ့ရဲဘော်အဖွဲ့ အာဏာပိုင်တယ်ဆိုတဲ့ ခေါင်းဆောင်အဖွဲ့အစည်းတခုလုံးကိုက တော်လှန်ရေးဖျက်ဆီးရေး လုပ်လာတယ်ဆိုတာ မြင်ရမယ်။

ဒါပေမဲ့ ဘယ်လောက်အလားအလာရှိတယ်ဆိုတာလဲ ကြည့်ရမယ်။ ဖောက်ပြန်တဲ့ ဟာကို ပြတ်ပြတ်သားသားတိုက်မှ တော်လှန်ရေးဘက်ကို ယိမ်းလာမယ်။ မပြတ်သားဘဲ ထောင်ဝါးဝါးလုပ်နေရင် ပိုဝေးမယ်။

တပ်ပေါင်းစုအတွင်းမှာ လက်နက်နဲ့ မဖြေရှင်းရလို့ ဆုံးဖြတ်ခဲ့တယ်။ ဒါပေမဲ့ ပြည်သူ့ရဲဘော်ခေါင်းဆောင်တွေဟာ တပ်ပေါင်းစုကိုဖျက်ဘို့ဘဲ ကြိုးစားခဲ့ကြတယ်။ တကြိမ်တခါမှာ လက်နက်နဲ့ မဖြေရှင်းရလို့ဆိုတာ မှန်တယ်။ သို့သော် သူက လက်နက်နဲ့ ဟိုလုပ်ဒီလုပ် လုပ်နေတဲ့အခါ လက်နက်နဲ့ မဖြေရှင်းရင် မဖြစ်တော့တဲ့ အခြေအနေမှာ မလွဲမရှောင်သာ လက်နက်နဲ့ ဖြေရှင်းရမှာဘဲ။

ပြည်သူ့ရဲဘော်ခေါင်းဆောင်ပိုင်းကတော့ ဆွဲခေါ်လို့ မပါတော့ဘူးလို့ မြင်ရမယ်။ ပါလာလိမ့်နိုးနိုးထင်နေရင် ဂျွန်းထိုးလိမ့်မယ်။

မနေ့က ပြည်မြို့မှာဖြစ်တဲ့ ကိစ္စဟာ ထူးခြားတယ်။ တနှစ်လုံးလုံး ယောင်ဝါးဝါးလုပ်နေခဲ့တာကို တခန်းရပ်ပြီး အခန်းသစ်ဖွင့်လိုက်တာဘဲလို့ မြင်ရ

မယ်။

ဇာဘုရင်ရဲ့ နန်းတော်ကို အော်ရိုးယားရေတပ်က အမြောက်ကြီးနဲ့ စတင် ပစ်ခတ်လိုက်တဲ့ အမြောက်သံဟာ ကမ္ဘာတော်လှန်ရေးကြီးကို စလိုက်တာဘဲလို့ လီနင်တို့က ပြောခဲ့တယ်။ အဲဒီလိုဘဲ မနေ့က ပြည်မြို့မှယာ လက်ဦးဆုံးကြား လိုက်ရတဲ့ သေနတ်သံဟာ ဗမာပြည်တော်လှန်ရေးရာဇဝင်မှာ အခန်းသစ်ကို ဖွင့်လိုက်တာဘဲ။

မဟုတ်တာတွေဆိုရင် ပြည်မြို့ကချည်း ဖြစ်ခဲ့တာဘဲ။ သမင်မကာ လူမွေး တယ်ဆိုတဲ့ မဟုတ်တာတွေ ပြည်မှာ ဖြစ်ခဲ့တယ်။ ဘိန်းတွေ ခိုးချခဲ့တာလဲ ပြည်မြို့မှာ ဖြစ်ခဲ့တယ်။ ဆန်တွေ သုံးလေးသောင်း ကြွက်စားလို့ ကုန်တယ်ဆိုတာလဲ ပြည်မှာ ဖြစ်ခဲ့တယ်။ သင်္ဘော၊ မီးရထားက ငွေတွေ ဆုံးတာလဲ ပြည်မှာဖြစ်ခဲ့တယ်။ ဒီလို မဟုတ်တာတွေ ရှောက်ဖြစ်ခဲ့တဲ့ ပြည်မြို့ဟာ မတ်လ ၁၁ ရက်နေ့မနက်က သေနတ်သံကြားလိုက်ရပြီးတဲ့နောက် ပြည်မြို့ဟာ အသစ်ဖြစ်တဲ့ ပြည်မြို့ဖြစ်သွားပြီ။

သေနတ်သံတချက်ကြားပြီးတာနဲ့ တပြိုင်နက် တော်လှန်ရေးဟာ တဆင့် ကူးတာဘဲ။

## ၃။ ကွန်မြူနစ်ပါတီရဲ့ခေါင်းဆောင်မှု

အခုဆိုရင် ပြည်သူ့ရဲဘော်နဲ့ ကွန်မြူနစ်ပါတီပဋိပက္ခဖြစ်တယ်။ ပြည်သူ့ ရဲဘော်နဲ့ တော်လှန်နေတဲ့ ဗမာ့တပ်မတော် ပဋိပက္ခဖြစ်တယ်။ ပြည်သူ့ရဲဘော်နဲ့ တပ်ပေါင်းစု ပဋိပက္ခဖြစ်တယ်။ ပြည်သူ့ရဲဘော်ဟာ ငပွကြီးဖြစ်နေပြီ။ ဒီလို ဘာကြောင့် ဖြစ်လာသလဲ။ အလုပ်သမားလူတန်းစားရဲ့ ခေါင်းဆောင်မှုကို ဖယ်ရှားပြီး လူလတ်တန်းစားခေါင်းဆောင်မှုကို အစားထိုးချင်လို့ဖြစ်တယ်။

တော်လှန်ရေးရဲ့ ပြဿနာဟာ ဘယ်လူတန်းစား၊ ဘယ်အဖွဲ့က ခေါင်း ဆောင်မလဲဆိုတဲ့ ပြဿနာဘဲဖြစ်တယ်။ မှန်ကန်တဲ့ ခေါင်းဆောင်မှုမရှိရင် တော်လှန် ရေးပျက်မှာဘဲ။ အဲဒါနဲ့ ပါတ်သက်လို့ စဉ်းစားရမယ်။

အဓိကအားဖြင့် လူ့အဖွဲ့အစည်းမှာ လူနှစ်မျိုးဘဲရှိတယ်။ အရင်းရှင်နဲ့ အလုပ်သမားလူတန်းစားဆိုတာဘဲ။

လူလတ်တန်းစားအနေနဲ့ ကိုယ်ပိုင်ဝါဒ မရှိဘူး။ အရင်းရှင်နဲ့ အလုပ် သမားလူတန်းစားဝါဒတခုခုကို လက်ခံရမယ်။ ကျွန်တော်တို့အနေနဲ့ ဘယ်ဟာလက်ခံ





မလဲဆိုရင် အင်မတန်ရှင်းနေတာဘဲ၊ ဓနရှင်ခေါင်းဆောင်မှုကို လက်မခံနိုင်၊ အလုပ်သမားလူတန်းစားဝါဒ ခေါင်းဆောင်မှုကိုသာ လက်ခံရမှာဘဲ။

ဗမာပြည်နိုင်ငံရေးရာဇဝင်မှာ ဝါဒတွေ အမျိုးမျိုးပေါ်ပေါက်ခဲ့တယ်။ ဒါပေမဲ့ ဒီဝါဒတွေ အကုန်လုံးဟာ အသွင်အမျိုးမျိုးနဲ့ ဓနရှင်ဝါဒခေါင်းဆောင်မှုတွေ ဘဲဖြစ်ခဲ့တယ်။ ဒါကြောင့် ဗမာပြည်ဟာ မျောက်လောင်းမျောက်လောင်းဘဲ ဖြစ်ခဲ့ တာဘဲ။

ဗမာပြည်အဘို့ ရှေ့က လှမ်းတက်ချင်ရင် အလုပ်သမားလူတန်းစားရဲ့ ရှေ့ဆောင်မှုကို ခံယူရမယ်။ ကမ္ဘာမှာ အောင်ပွဲခံခဲ့တဲ့ ရုရှားပြည်၊ တရုပ်ပြည် စတဲ့ တိုင်းပြည်အားလုံး အလုပ်သမား၊ လူတန်းစားက ရှေ့ဆောင်ခဲ့လို့ အောင်မြင် ခဲ့တာဘဲဖြစ်တယ်။

အလုပ်သမား လူတန်းစားရဲ့ ပါတီဟာဘာလဲ၊ ကွန်မြူနစ်ပါတီဖြစ်တယ်။ ကမ္ဘာအနှံ့အပြားမှာ ကွန်မြူနစ်ပါတီတွေကဘဲ ရှေ့ဆောင်ခဲ့ကြတာဘဲ။ ကွန်မြူနစ် ပါတီတိုင်းဟာ မမှားဘူးတဲ့ ပါတီရယ်လို့ မရှိဘူး။ မှားခဲ့ကြတာချည်းဘဲ။ သို့သော် မှားရင်းပြင်ရင်းနဲ့ အမှန်ကို ရောက်ပြီး အောင်ပွဲဆင်ခဲ့ကြတာဘဲ။ ကွန်မြူနစ်ပါတီ တွေဟာ ကမ္ဘာအနှံ့အပြားမှာ အင်အားကြီးလာခဲ့တယ်။ တကမ္ဘာလုံးမှာ ကွန်မြူနစ် ပါတီဝင်တွေရဲ့ အရေအတွက်ဟာ သန်းပေါင်း ၂၀ ရှိလာပြီ။ ကမ္ဘာ့လူဦးရေ အနက် ၁၀၀ မှာ ကွန်မြူနစ် ၁ ယောက်ဖြစ်နေပြီ။

ဗမာပြည်မှာ ဖြစ်တာတွေမပြောခင် ကိုလိုနီတိုင်းပြည်တွေနဲ့ ပါတ်သက်လို့ သင်ခန်းစာယူစရာတွေကို ပြောရဦးမယ်။ အထူးသဖြင့် တရုတ်ပြည်က အတွေ့အကြုံ တွေကို သင်ယူရမယ်။ တရုတ်ပြည် ကွန်မြူနစ်ပါတီခေါင်းဆောင်တဦးဖြစ်တဲ့ လျူရှောချီက ကိုလိုနီတိုင်းပြည်များရဲ့ လွတ်မြောက်ရေးနဲ့ ပါတ်သက်လို့ အချက် ၄ ချက်ပြောခဲ့တယ်။

၁။ အလုပ်သမား၊ လယ်သမား၊ လူလတ်တန်းစားတို့ရဲ့ တပ်ပေါင်းစု ရှိရမယ်။

၂။ အလုပ်သမားလူတန်းစားက ခေါင်းဆောင်ရမယ်။

၃။ ကွန်မြူနစ်ပါတီက ခေါင်းဆောင်ရမယ်။

၄။ ကွန်မြူနစ်ပါတီရဲ့ ရှေ့ဆောင်မှုခံယူတဲ့ တခုတည်းသော တပ်မတော် ရှိရမယ်။

လျူရှောချီရဲ့ ဩဝါဒဟာ ဗမာပြည်နဲ့ တိုက်ရိုက်သက်ဆိုင်တယ်။

ဗမာပြည်မှာ ပြည်သူ့ဒီမိုကရေစီတပ်ပေါင်းစုလဲ ရှိလာခဲ့ပြီ။ တတပ်ထဲ ဖြစ်ရေးလဲ ကြိုးစားနေကြပြီ။ ကွန်မြူနစ်ပါတီရဲ့ ခေါင်းဆောင်မှုကို ခံယူဘို့ဘဲ လိုတော့တယ်။

ဒါကြောင့်မို့လို့ ကွန်မြူနစ်ပါတီဟာ ဘယ်လိုလဲဆိုတာ အကြမ်းအားဖြင့် နားလည်ရမယ်။

၁။ ကွန်မြူနစ်ပါတီမှာ ဘယ်လိုလူမျိုးတွေ ပါသလဲ။ ၁၃၀၀ ပြည့် အရေးတော်ပုံကတည်းကစပြီး တော်လှန်ရေးရာဇဝင်တလျှောက်မှာ အကောင်းဆုံးနဲ့ အမှန်ဆုံးလုပ်ခဲ့တဲ့ လူတွေ ပါခဲ့တယ်။ ဘယ်သူတွေဖြစ်တယ်ဆိုတာ နာမည်နှင့်တကွ ပြောနိုင်တယ်။

၁၃၀၀ ပြည့်ကစပြီး တော်လှန်ရေးအဆက်ဆက်မှာ လုပ်ခဲ့တဲ့ အကောင်းဆုံးလူတွေဟာ ကွန်မြူနစ်ပါတီထဲမှာဘဲ တချို့မပါသေးဘူး။ ထားအုံး။ အဲဒီအကောင်းဆုံးဖြစ်တဲ့ သားကောင်းသမီးကောင်းတွေဟာ ပါလာရမယ်ဆိုတာ မလွဲဘူး။ အကောင်းဆုံးဖြစ်တဲ့ သားကောင်း၊ သမီးကောင်းတွေမှန်ရင် ကွန်မြူနစ်ပါတီထဲ သော်၎င်း၊ တော်လှန်ရေးထဲကသော်၎င်း ပါရမယ်။ မပါဘူးဆိုရင် တော်လှန်ရေးနဲ့ ဝေးပြီး တော်လှန်ရေးကို ဆန့်ကျင်ဘက်ဖြစ်လာတာဘဲ။ ဒါကတော့ ပြောင်းပြန် ဖြစ်တာဘဲ။

ဗိုလ်လက်ျာဆိုရင် ကွန်မြူနစ်ပါတီ စတည်ထောင်တုန်းကပါတာဘဲ။ အခုတော့ ပါတီနှင့် ဝေးခဲ့သည်နှင့်အမျှ တော်လှန်ရေးရဲ့ ရန်သူဖြစ်နေပြီ။ သိန်းဖေကိုလဲကြည့်၊ ကွန်မြူနစ်ပါတီခေါင်းဆောင်တဦးဖြစ်ခဲ့ရာက ကွန်မြူနစ်ပါတီနဲ့ တဖြည်းဖြည်းဝေးဝေးသွားတော့ အခုတော်လှန်ရေးရဲ့ ရန်သူဖြစ်နေပြီ။ ဒါကြောင့်မို့လို့ ဒီဘက်ကိုလာရင်လာ မလာဘဲ ဝေးဝေးသွားရင် ရန်သူဖြစ်သွားတာဘဲ။

၂။ ကွန်မြူနစ်ပါတီဟာ ခဏခဏ အမှားတွေလုပ်ခဲ့တယ်။ ဒါကြောင့် စိတ်မချရဘူးလို့ ပြောကြတယ်။

အမှားလုပ်တာနဲ့ပါတ်သက်လို့ အမှန်ကို မြင်ဘို့ရာသာ အရေးအကြီးဆုံး ဖြစ်တယ်။ အမှားဆိုတာရှိမှာဘဲ၊ အမှားကို မမြင်တာနဲ့ မပြင်တာသာ အပြစ် ဖြစ်တယ်။ ကွန်မြူနစ်ပါတီဟာ အမှားတွေ လုပ်ခဲ့တာမှန်တယ်။ ဒီလိုမှားတာဟာ ဗမာပြည်မှာသာမဟုတ်။ တကမ္ဘာလုံးမှာရှိတဲ့ ကွန်မြူနစ်ပါတီတွေအားလုံး အမှားတွေ တပုံတခေါင်းကြီး လုပ်ခဲ့ကြတာဘဲ။ အမှားကို မြင်တယ်မြင်ပြီးတော့ ပြင်တယ်။





ဒါ့ကြောင့် အောင်ပွဲတွေ ဆင်ခဲ့ကြတာဘဲ။

ပြည်သူ့ရဲဘော်ကပြောတယ်။ ကွန်မြူနစ်ပါတီဟာ ခဏခဏမှားပြီး ပြည်သူ့ရဲဘော်ကတော့ မမှားဘူးလို့ ပြောတယ်။ ဒါ ဖြေဘို့ရာကတော့ အလွယ်ကလေးဘဲ၊ သူတို့မမှားတာ ဘာမှမလုပ်လို့ မမှားတာ။ အလုပ်လုပ်လို့ရှိရင် အမှားတွေ့တာဘဲ။ မမှားတဲ့လူရယ်လို့ ဘယ်မှာမှ မရှိဘူး။

၁၉၄၅ ခုနှစ်က ဂျပန်တော်လှန်ရေးအပြီးမှာ ကွန်မြူနစ်ပါတီဟာ ဘရောဒါဝါဒကိုလက်ခံပြီး လက်နက်ချခဲ့ကြတယ်လို့ ပြောနေကြတယ်။ ဒါကိုဘာမှ ပြန်ပြောနေစရာမလိုဘူး။ ဒီအမှားတွေကို မြင်လို့ ပြင်ခဲ့ကြပြီး အခုတော်လှန်ရေး ဖြစ်ပေါ်အောင် ကြိုးစားခဲ့ကြတယ်။ ဒီတော်လှန်ရေးကိုလဲ အောင်မြင်အောင် ကြိုးစားနေတာဟာ အထင်အရှားဘဲဖြစ်တယ်။ ဒါကြောင့် အရင်အမှားကို ပြန်ပြောနေဘို့ မလိုဘူး။

အမှန်စင်စစ် အဲဒီတုံးက မှားခဲ့တာတွေဟာ ဒါးခုတ်ရာမှာ ကျွန်တော်တို့က လက်ရှိမိခဲ့တာဘဲဖြစ်တယ်။ အခု ဖဆပလလုပ်နေတဲ့ လူတွေရဲ့အကြံကို သွားလုပ်မိတာဘဲ။ အတူတူလုပ်ခဲ့ရာက တိုင်းပြည်က မကြိုက်မှန်းသိတော့မှ သူတို့က ကွန်မြူနစ်ပါတီဟာ ဘရောဒါဝါဒ လက်ခံသလေး၊ လက်နက်ချသလေး။ ဘာလေးနဲ့ ဒုတ်လုပ်သုံးတာဘဲ။ ပြီးတော့ သူတို့ဘဲ ကွန်မြူနစ်တွေရဲ့ အမှားဆိုတာ အပေါ်မှာ အမြတ်ထုတ်နေကြတာဘဲ။

နောက်တခုက ပါတီကို မှားတယ်လို့ဆိုတဲ့အချိန်မှာ ဘယ်သူတွေ ခေါင်းဆောင်သလဲဆိုရင် အခုပါတီကို သစ္စာဖေါက်ပြီး တော်လှန်ရေးကို ဖျက်ဆီးနေတဲ့ လူတွေ ခေါင်းဆောင်တဲ့ အချိန်တုန်းကဘဲ။ အရင်တုန်းက ဗိုလ်လက်ျာလို ခေါင်းဆောင်ခဲ့တယ်။ အဲဒီတုန်းက ဂျပန်နဲ့ ပူးပေါင်းရေးလုပ်ခဲ့တာဘဲ။ လက်နက်ချတယ်ဆိုတုန်းက သိန်းဖေတို့ ခေါင်းဆောင်ခဲ့တယ်။ သခင်စိုးတို့ ခေါင်းဆောင်ခဲ့တယ်။

အခုတော်လှန်ရေး နှစ်နှစ်ကျော်အတွင်းမှာ ကွန်မြူနစ်ပါတီဟာ မှန်ကန်တဲ့ လမ်းစဉ်အရ ခေါင်းဆောင်နိုင်တယ်လို့ ကျွန်တော်တို့ ယုံကြည်တယ်။ အသေးစိတ် ချို့ယွင်းတာတွေတော့ရှိမယ်။ သခင်နုကို တိုက်အောင်လုပ်တာတွေ၊ တပ်ပေါင်းစုကို ဖြစ်ပေါ်အောင်လုပ်တာတွေ ဒါတွေဟာ မှန်ကန်တဲ့ ခေါင်းဆောင်မှုတွေဘဲ။

ကွန်မြူနစ်ပါတီကို ဆန့်ကျင်တိုက်ခိုက်ရာမှာ လွယ်တဲ့နည်းနဲ့ တိုက်လာတာကို တွေ့ရတယ်။ မှာက်စ်ဝါဒသမားပီပီ ရိုးသားစွာ ဝန်ခံကြစမ်းပါလို့ ဆိုရှယ်လစ်

တွေနဲ့ ဆိုရှယ်လစ်လေသံအတိုင်းအော်နေတဲ့ ပြည်သူ့ရဲဘော်တချို့က ပြောတယ်။ ရှေးတုန်းက သိင်္ကြာသမာဓိရှိမှ ဝတ်လဲတော်ပုဆိုးကို မြင်ရမယ်ဆိုတာလို ရှင်ဘုရင်ကအစ မှူးကြီးမတ်ကြီးတွေရော တတိုင်းပြည်လုံးအကုန်လုံး သိင်္ကြာသမာဓိရှိကုန်ကြတယ်။ နောက်ဆုံး အရှုးတွေဖြစ်ကုန်တာဘဲဗျို့။ ခင်ဗျားဟာ ပုဆိုးမပါဘူးလို့ ပြောလို့ရှိရင် သိင်္ကြာမရှိရာ ကျသွားမှာကိုး။

အဲဒီလိုဘဲ ဝန်မခံရင် မရိုးသားဘူးဆိုတဲ့ သဘောမျိုး သက်ရောက်နေတယ်။ ဝန်မခံရင် မာ့က်စ်ဝါဒသမား မပီသဘူးဆိုတာမျိုး ဖြစ်နေတယ်။ ကျွန်တော်တို့အနေနဲ့ ရှင်းရှင်းပြောမယ်။ ရန်သူကိုတော့ ဘယ်တော့မှ ဝန်မခံဘူး။ ရန်သူကို ဝန်ခံတာဟာ ဒူးတုတ်တာဘဲ။ မာ့က်စ်ဝါဒသမားပီပီ ရိုးသားစွာ ဝန်ခံကြစမ်းပါလို့ ဆိုတာဟာ စကားကိုက စီးနေတယ်။ ဒါဟာ သက်သက်ဂျောက်တွန်းတာဘဲ။ မျက်နှာလိုချင်ရင် ငါ့ကို ပိုက်ဆံပေးကြဆိုတာမျိုး ဖြစ်နေတယ်။

အဲဒါတွေနဲ့ပါတ်သက်လို့ တချို့ရဲဘော်တွေအနေနဲ့ ပါတီအနေနဲ့ မှားတာတွေ မရှိဘူးလားလို့ မေးစရာရှိတယ်။

သို့သော် ကွန်မြူနစ်ပါတီဟာ လူတဦးတယောက်ရဲ့ ပါတီမဟုတ်။ လူတစုကလေးရဲ့ ပါတီမဟုတ်။ လူတိုင်းရဲ့ ပါတီဖြစ်တယ်။ တော်လှန်ရေးရဲ့ ပါတီဖြစ်တယ်။ လက်ဝါးကြီးအုပ်ထားတဲ့ ပါတီမဟုတ်ဘူး။ ဒါ့ကြောင့် မှားတဲ့လူရှိရင် မကောင်းတဲ့လူရှိရင် ပါတီထဲ တိုက်ထုတ်ပစ်ရမယ်။ ပါတီကို တိုက်ရမယ်ဆိုရင်တော့ တော်လှန်ရေးရဲ့ ရန်သူဘဲ။ ကွန်မြူနစ်ပါတီမှာ မကောင်းတဲ့လူတွေရှိရင် အပြင် ရောက်တာဘဲ။ အဲဒီလူလဲ သစ္စာဖောက်သွားတာဘဲ။ နားလည်ရမယ်။ သိန်းဖေကို ကြည့် အခု သစ္စာဖောက်ဖြစ်နေပြီ မဟုတ်လား။

လီနင်ဟာ ဗိုလ်ရှီဗစ်ပါတီကို ကြီးထွားအောင် လုပ်လာရာမှာ အစက အများစုက သူ့ဘက်ကို မပါကြ။ သို့သော် လီနင်ဟာ စိတ်မပျက်လက်မပျက် မှန်တဲ့လမ်းစဥ် ဖြစ်လာအောင် ကြိုးစားခဲ့တယ်။ ၁၉၁၇ ခုနှစ် တော်လှန်ရေးပြီးတာ တောင် ၅ နှစ်လုံးလုံးမဟုတ်တဲ့လူတွေ တိုက်ထုတ်နိုင်အောင် ကြိုးစားခဲ့ရတယ်။ ၁၉၂၂ ခုနှစ် ပါတီကွန်ဂရက်ကျတော့မှ အနိုင်ရခဲ့တယ်။

ပါတီမှာ မကောင်းတဲ့လူတွေအနည်းအကျဉ်း ရှိချင်ရှိမယ်။ ဒါပေမဲ့ လူတိုင်းရဲ့ ပါတီဖြစ်တယ်ဆိုတာ နားလည်ပြီးတော့ ပါဝင်ရမယ်။ ပါဝင်ပြီးတော့ မကောင်းတဲ့ လူတွေကို တိုက်ထုတ်ရမယ်။ ကျွန်တော်ဆိုရင် ပါတီကို ဝင်တာဟာ





နောက်ကျမှ ဝင်တာဘဲ။ လူတိုင်းရဲ့ ပါတီဖြစ်တဲ့အတိုင်း ဒီလိုဘဲလုပ်ခဲ့တာဘဲ။

သိန်းဖေနဲ့ ပါတီဆန့်ကျင်ရေးသမားတွေက ပါတီကို လက်ဝါးကြီးအုပ်တဲ့ ပါတီ၊ မကောင်းတဲ့ လူတွေရှိတဲ့ပါတီလို့ဘဲ တိုက်ခဲ့တာဘဲ။ ဒါဟာ တော်လှန်ရေးရဲ့ ရန်သူများက တိုက်တဲ့နည်းဘဲဖြစ်တယ်။

ကွန်မြူနစ်ပါတီမှာ မှန်ကန်တဲ့ရှေ့ဆောင်မှုကိုပေးလို့ အများက လက်ခံတယ်ဆိုရင် ရှေ့ဆောင်မှုပေးတာဘဲလို့ ဆိုရမယ်။ နေရာရတာ မရတာ အရေးမကြီးဘူး။ ဒါ့ကြောင့် လက်ဝါးကြီးအုပ်တယ်ဆိုတာ မဟုတ်ဘူး။ ကွန်မြူနစ်ပါတီက လက်ဝါးကြီးမအုပ်တဲ့အပြင် မှန်ကန်တဲ့ နေရာချထားမှုတွေကို လုပ်ခဲ့တယ်။

တပ်ပေါင်းစု ဗဟိုစည်းရုံးရေးကော်မီတီ ဖွဲ့တယ်ဆိုရင် ကျွန်တော်တို့က အကြံပေးခဲ့တယ်။ ဥက္ကဋ္ဌကို ကျွန်တော်လုပ်မယ်။ ဒါဘာကြောင့်လဲဆိုရင် ရှေ့ဆောင်မှုပေးနိုင်မယ်လို့ ယုံကြည်တဲ့အတွက် ဖြစ်တယ်။ အထွေထွေအတွင်းရေးမှူးဆိုရင် ပြည်သူ့ရဲဘော်အဖွဲ့က ဗိုလ်ထွန်းလင်းလုပ်သင့်တယ်လို့ အကြံပေးခဲ့တယ်။ ဒုတိယ ဥက္ကဋ္ဌများအဖြစ် ဗိုလ်ဇေယျ၊ သခင်ဗသိန်းတင်နဲ့ ပြည်သူ့ရဲဘော်တယောက်၊ ပေါင်း ၃ ယောက်အကြံပေးခဲ့တယ်။ လုပ်ငန်းဌာနတွေ ၇ နေရာရှိတယ်။ ဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူးက ဘယ်ဌာနမှ မထိုင်ဘဲ ကျန် ၇ ယောက် ၇ ဌာနကို ခွဲလုပ်စေခဲ့တယ်။ အဲဒီတော့ လက်ဝါးကြီးအုပ်တယ် ဆိုတဲ့သဘော။ ပါကို မပါဘူးဆိုတာ တွေ့ရမယ်။ လက်ဝါးကြီးအုပ်တယ်ဆိုတာ ဟုတ်ကို မဟုတ်ဘူး။

ကွန်မြူနစ်ပါတီက လက်ဝါးကြီးအုပ်တယ်ဆိုတာ နေရှင်တွေက ကွန်မြူနစ်ပါတီကို တိုက်တဲ့နည်းဘဲ။

ကွန်မြူနစ်ပါတီရဲ့ ခေါင်းဆောင်မှုအခန်းနဲ့ ပါတ်သက်ပြီး ဒါလောက်ပြောရတာ ကြွားချင်လို့ မဟုတ်ဘူး။

ကွန်မြူနစ်ပါတီက ခေါင်းဆောင်တယ်။ ခေါင်းဆောင်တယ်လို့ လူမုန်းလောက်အောင် ရှောက်ကြွားနေဘို့ မဟုတ်ဘူး။ ငါတို့သာ တော်သည်၊ ငါတို့သာ ခေါင်းဆောင်ရမည်လို့ အချောက်တိုက် ရှောက်အော်နေတာဟာ တော်လှန်ရေးကို ဖျက်ဆီးတာဘဲ။

ဒါပေမဲ့ ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးမှာ ကွန်မြူနစ်ပါတီက ရှေ့ဆောင်ရမယ်ဆိုတဲ့ အချက်ကိုတော့ အခြေခံအားဖြင့် လက်ခံဘို့လိုတယ်။

မလုပ်ဘဲနဲ့ ကြွားတာကိုတော့ ကျွန်တော်တို့အလိုမရှိ။ ဒါပေမဲ့ လုပ်သ

လောက်တော့ လူတွေ သိရမယ်။ ခေါင်းဆောင်မှုအခန်းကိုလဲ တော်လှန်ရေးမှာ နားလည်ဘို့လိုတယ်။

ဗိုလ်ဖေယျာက အရင်တုန်းက ပါတီကို ဝေဘန်တာတွေရှိတယ်။ တချို့များတာတွေနဲ့ ဂိုဏ်းဂနစိတ်ရှိတာတွေ သူဝေဘန်ခဲ့လို့ ကျွန်တော်တို့က မြင်ရင် လက်ခံခဲ့တာဘဲ။ အဲဒီလိုဆိုတော့ ကွန်မြူနစ်ပါတီအနေနဲ့ တိုးတက်လာခဲ့တာဘဲ။ ဗိုလ်ဖေယျာဟာ ပါတီဝင်လားဆိုတော့ မဟုတ်ဘူး။ ကျွန်တော်ဆိုလိုတာက ကွန်မြူနစ်ပါတီဟာ အတွင်းကရော အပြင်ကရော ဝေဘန်တာကို လက်ခံတယ် ဆိုတာပါပဲ။ ကျွန်တော်တို့ ကိုယ်တိုင်လဲ အရင်ကအပြင်က အကြံပေးခဲ့တာဘဲဖြစ်တယ်။ ဒီလိုဆိုရင် ကွန်မြူနစ်ပါတီဆိုတာ လူတိုင်းရဲ့ပါတီဆိုတာ မြင်ရမယ်။

ကွန်မြူနစ်ပါတီဟာ ကွန်မြူနစ်လောက တည်ထောင်ဘို့အထိ ရည်ရွယ်တယ်။ ဒါပေမဲ့ လက်ရှိတော်လှန်ရေးအဆင့်မှာ ကွန်မြူနစ်ပါတီရဲ့လမ်းစဉ်ဟာ တပ်ပေါင်းစုလမ်းစဉ်ဘဲ။ တပ်ပေါင်းစုလမ်းစဉ်နဲ့ သီးခြားသတ်သတ် လုပ်နေစရာ မလို ဒါ့ကြောင့် ပါတီမှာ လက်ရှိတော်လှန်ရေးအဆင့်မှာ သီးခြားလမ်းစဉ် မရှိ။ ဂိုဏ်းဂနဝါဒအရ လုပ်ဘို့ မလို၊ ကွန်မြူနစ်ပါတီက တပ်ပေါင်းစုကြီးထွားအောင် လုပ်ဘို့ဘဲဖြစ်တယ်။

ကွန်မြူနစ်ပါတီဟာ အတွင်းကသာမဟုတ် အပြင်ကပါ ဝေဘန်အောင် လုပ်ခဲ့တယ်။

စက်တင်ဘာလတုန်းက ဗဟိုစည်းရုံးရေးကော်မတီ အစည်းအဝေးလုပ်တုန်းက ကွန်မြူနစ်ပါတီခေါင်းဆောင်တွေ ဗဟိုကော်မတီတွေစုံလို့ တပ်ပေါင်းစုခေါင်းဆောင်တွေနဲ့ ပါတီခေါင်းဆောင်တွေရဲ့ အစည်းအဝေးတခု လုပ်ခဲ့တယ်။ အပြန်အလှန် ဝေဖန်ခဲ့ကြတယ်။ မကြာသေးခင်ကလဲ တပ်ပေါင်းစုဗဟိုစည်းရုံးရေးကော်မတီနဲ့ တော်လှန်တဲ့ ဗမာ့တပ်မတော်ခေါင်းဆောင်တွေရဲ့ အစည်းအဝေးလုပ်ပြီး အပြန်ပြန်အလှန်လှန် ဝေဖန်ခဲ့ကြတယ်။

ပြည်သူ့ရဲဘော်အဖွဲ့ကိုလဲ ကျွန်တော်တို့ အကြံပေးခဲ့တာတွေ ရှိတယ်။ ခင်ဗျားတို့ ဦးစီးအဖွဲ့အစည်းအဝေးကို ကျုပ်တို့လာခဲ့မယ်လို့ဆိုတာ ဘာမှ စကားမပြန်ဘူး။ မလာစေချင်ဘူးထား၊ လက်မခံဘူးထား၊ စာတော့ပြန်ဘို့ ကောင်းတယ်။ ဘယ်လောက် လူ့ကျင့်ဝတ္တရားပျက်တဲ့ လူတွေလဲဆိုတာကြည့်။

အကောင်းဆုံးနည်းက အတွင်းအပြင် ဝေဖန်ရေးနဲ့ တိုးတက်နိုင်တယ်ဆို





တာဘဲ။

အခု ပြည်သူ့ရဲဘော်အဖွဲ့က သူတို့ကိုယ်သူတို့ ပစ္စည်းမဲ့ပါတီလို့ ပြောလာကြတယ်။ ဒါပေမဲ့ ဆိုင်းဘုတ်တင်ရုံနဲ့ မဖြစ်နိုင်ဘူး။ လုပ်ပုံလုပ်နည်း၊ ရာဇဝင်ကို ကြည့်မှဖြစ်မယ်။ သူတို့ ဒီလိုပြောလာကြတာဟာ တော်လှန်ရေးကို ရှုတ်ထွေးအောင် လုပ်တာဘဲဖြစ်တယ်။ ပြည်သူ့ရဲဘော်အဖွဲ့ထဲမှာကိုဘဲ ကွန်မြူနစ်ပါတီကို လိုလားတဲ့ ရဲဘော်တွေ ရှိလာခဲ့တယ်။ အဲဒီလို ကွန်မြူနစ်ပါတီကို လိုလားတဲ့ လူတွေရှိလာလို့ သူတို့ကို တားဆီးတဲ့အနေနဲ့ ဒို့လဲ ပါတီပါဘဲကွလို့ လုပ်တာဘဲ။

မတ်လ ၂၄ ရက်နေ့ တပ်ပေါင်းစုတည်ထောင်တဲ့ ကြေညာချက်ထဲမှာ ကွန်မြူနစ်ဝါဒကို ဆန့်ကျင်သူများ မပါရလို့ ရေးခဲ့တယ်။ ကွန်မြူနစ်ပါတီက ရှေ့ဆောင်မှုကို လက်ခံရမယ်ဆိုတာတော့ ထည့်မရေးခဲ့ဘူး။ ဒါပေမဲ့ အားလုံးသဘောတူပြီးသားဖြစ်တယ်။ အဲဒီ အစည်းအဝေးမှာ ဗိုလ်ထွန်းလင်းတို့က ကျွန်တော်တို့တောင် ကွန်မြူနစ်ပါတီဝင်ဖြစ်လာမှာဘဲ။ တယောက်နှစ်ယောက်ကို မလိုချင်ပါနဲ့။ ပြည်သူ့ရဲဘော်တဖွဲ့လုံးပါဘို့ ရည်ရွယ်ပါလို့တောင်မှ ပြောခဲ့သေးတယ်။ အဲဒီလို သဘောတူခဲ့ကြတယ်။ ဘယ်သူဖြစ်ဖြစ် ကွန်မြူနစ်ပါတီကို ဝင်ကြ။ တော်လှန်တဲ့ ခေါင်းဆောင်တွေအားလုံး ကွန်မြူနစ်ပါတီထဲ ရောက်လာဘို့ ရည်မှန်းခဲ့ကြတယ်။

ကမ္ဘာ့ကွန်မြူနစ်ခေါင်းဆောင်တွေဟာ အစကတည်းက ခေါင်းဆောင်တွေ ဖြစ်လာကြတာ မဟုတ်ဘူး။ ရုရှားပြည်က လီနင်တို့ဆိုရင် နောက်မှ ဝင်လာပြီး ခေါင်းဆောင်ဖြစ်လာသူဖြစ်တယ်။ တရုတ်ပြည်က မော်စီတုံးဆိုရင်လဲ စည်းမျဉ်းအရ ခေါင်းဆောင်ရယ်လို့ ဖြစ်လာတာ (၅) နှစ်လောက်ဘဲရှိသေးတယ်။

ကွန်မြူနစ်ပါတီဟာ ထာဝရအားဖြင့် ဒီလူမဟုတ် လူတစုက ခေါင်းဆောင်ဖြစ်နေရမယ်လို့ မဟုတ်ဘူး။ အရည်အချင်းရှိတဲ့လူကို တားထားလို့ မရဘူး။ တက်လာမှာဘဲ။ လက်ဝါးကြီးအုပ်ချင်တဲ့လူက အုပ်လို့မရဘူး။

ဒီတော်လှန်ရေးမှာ ကွန်မြူနစ်ပါတီရဲ့ ခေါင်းဆောင်မှုကို ခံယူရမယ်လို့ တော်လှန်နေတဲ့ ဗမာ့တပ်မတော်က သူ့ဟာသူ ဆုံးဖြတ်ခဲ့တယ်။ ဒီလိုဆုံးဖြတ်တာဟာ သူ့ဟာသူလုပ်ရင်းလုပ်ရင်းနဲ့ နိုင်ငံရေးအရ ရှင်သန်လာလို့ ဖြစ်တယ်။

ပြည်သူ့ရဲဘော်က ကိုယ်ပိုင်မူမရှိဘဲနဲ့လဲ ပြည်သူ့ရဲဘော်အဖွဲ့ဟာ ခေါင်းဆောင်ဖြစ်ရမယ်လို့ ပြောသေးတယ်။ ကွန်မြူနစ်ပါတီကို တန်ပြန်တော်လှန်ရေးပါတီလို့ သူတို့ကဆိုကြတယ်။ ဒီလိုဆိုတဲ့ စကားလုံးကိုက သူတို့ထွင်တဲ့

စကားလုံး မဟုတ်ဘူး။ တန်ပြန်တော်လှန်ရေးဆိုတဲ့ စကားလုံးကို ဆိုရှယ်လစ်တွေ သုံးခဲ့တာ ဖြစ်တယ်။

ပြီးတော့ ကျွန်တော်တို့ကို အလံဖြူပါတီလို့လဲ ခေါ်သေးတယ်။ ဒါလဲဘဲ အလံနီတွေက ခေါ်တဲ့ စကားလုံးဖြစ်တယ်။ ပြည်သူ့ရဲဘော်က သူများထွင်ပြီးသားကို လိုက်သုံးတာဟာ ထွေးပြီးသားတံတွေးကို လိုက်မျိုတာဘဲ။ ဒါကြောင့် ပြည်သူ့ရဲဘော် ခေါင်းဆောင်တွေဟာ တော်လှန်ရေးကို ဖျက်ဆီးတာတောင် ကိုယ့်နည်းနဲ့ ကိုယ် မထွင်တတ်သေးဘူး။

ဒီကိစ္စနဲ့ပါတ်သက်ပြီး အချုပ်ပြောချင်တာက တော်လှန်ရေးအောင်မြင်ချင်ရင် ကွန်မြူနစ်ပါတီရဲ့ ရှေ့ဆောင်မှု ခံယူရမယ်။ ကွန်မြူနစ်ပါတီရဲ့ ရှေ့ဆောင်မှုကို ဆန့်ကျင်ရင် တော်လှန်ရေးကို ဆန့်ကျင်တာဘဲ။

## ၄။ ပြည်သူ့ ဒီမိုကရေစီဆိုတာဘာလဲ

ပြည်သူ့ဒီမိုကရေစီတပ်ပေါင်းစုဆိုတာ သာမန်လူတွေ ရိုးရိုးပေါင်းထားတာ မဟုတ်။ အလုပ်သမား၊ လယ်သမားနဲ့ လူလတ်တန်းစားတွေ ပေါင်းထားတဲ့ အထဲမှာ အလုပ်သမားလူတန်းစားရဲ့ ခေါင်းဆောင်မှုကို လက်ခံရမယ်ဆိုတာပါ နားလည်ရမယ်။

ပြည်သူ့ဒီမိုကရေစီဆိုတာ ကျုပ်တို့ ဒီမိုကရေစီဘဲ။ ကျုပ်တို့ ဒီမိုကရေစီဆိုတာ တခြားလူတွေရဲ့ ဒီမိုကရေစီ မဟုတ်။ ကျုပ်တို့ဆိုတာ ပြည်သူကို ပြောတာ။ ပြည်သူကို ဆန့်ကျင်တဲ့လူတွေအဘို့ ဒီမိုကရေစီ မဖြစ်နိုင်ဘူး။ ဆန့်ကျင်လာသူကို ပြင်းပြင်းထန်ထန် နှိပ်ကွပ်ရမှာဘဲ။ ဘယ်သူမဆို လူလူချင်း ထင်ရာလုပ်တန်းဆိုရင် ဒီမိုကရေစီမဟုတ်ဘဲ ငါမိုကရေစီ ဖြစ်မှာဘဲ။

လွတ်မြောက်တဲ့ နယ်မြေထဲမှာ ကောင်းတဲ့လုပ်ငန်းတွေအတွက် လုပ်နေတဲ့ ဟာကို လိုက်ပြီး ဖျက်ဆီးနေတဲ့ လုပ်ငန်းတွေကို လွတ်လွတ်လပ်လပ် လုပ်ခွင့်မပေးနိုင်ဘူး။ ကွန်ဖရင့် ပျက်စီးရာပျက်စီးကြောင်းကို ဒီမိုကရေစီဆိုပြီး ခွင့်မပြုနိုင်ဘူး။ ဒီလိုခွင့်မပြုတာကို တပ်ပေါင်းစုဟာ လူထုဆန့်ကျင်ပြီလို့ အော်ချင် အော်မယ်။

လူထုဆိုပြီးပြောတိုင်း လုပ်နိုင်မှ လုပ်မယ်။ နေ့ရှင်လောကထဲမှာ နှစ်ပေါင်း များစွာ အကြာကြီး နေခဲ့ရတဲ့အတွက် အတန်ကြာအောင် လူထုတချို့ အစိတ်အပိုင်း တွေဟာ မဟုတ်တဲ့အယူအဆတွေ ရှိနေမှာဘဲလို့ လီနင်တို့ပြောခဲ့တယ်။





အခုဆိုရင် မီးရထားအလုပ်သမားတွေ တချို့က လုပ်ချင်မယ်။ အလုပ် ဝင်ချင်မှ ဝင်မယ်ဆိုရင် မဖြစ်ဘူး။ အလုပ်သမားတွေထဲမှာ မီးရထားဌာနဟာ အတော်ဖေါက်ပြန်တယ်။ ဘာကြောင့်လဲဆိုရင် လာဘ်ပေးလာဘ်ယူ အများဆုံး ဖြစ်တဲ့နေရာမို့ဘဲ ဆိုဗီယက်အစိုးရဖြစ်တောင်မှ မီးရထားအလုပ်သမားတွေက မထောက်ခံဘူး။ အိန္ဒိယမှာလဲ မီးရထားဌာနက လူတွေဟာ ဖောက်ပြန်တာဘဲ။

လူထုနဲ့ တချို့အစိတ်အပိုင်း အလုပ်သမားလူတန်းစားရဲ့ တချို့အစိတ် အပိုင်းဟာ ဖေါက်ပြန်နေအုံးမယ်။ ဒါ့ကြောင့် အာဏာကို တင်းတင်းကြပ်ကြပ် သုံးပေးရမယ်ဆိုတာ နားလည်ဘို့လိုတယ်။

စစ်အုပ်ချုပ်ရေးမလုပ်ခင်က မီးရထား၊ အလုပ်သမားတွေ တော်တော် ကန့်လန့်လုပ်နေတယ်။

မနေ့က စစ်အုပ်ချုပ်ရေးလဲ လုပ်ပြီးရောဟော့ မောင်မောင်ခ လာအုံးဆို တော့ ငွေ ၂၀၀၀၀ နှစ်သောင်း လာအပ်တာဘဲ။ ဒါဟာ သေနတ်ကြောက်လို့ လာတာ။

ကျွန်တော်တို့တွေဟာ ရှေ့က မူစလင်သာသနာပြုပုံသလို လက်တဘက် က ကိုရ်ရမ်ကျမ်း လက်တဘက်က ဒါးကိုကိုင်၊ သာသနာပြုခဲ့တဲ့အတိုင်း လူထု ကောင်းစားရေးအတွက် ကျွန်တော်တို့ဟာလဲ တဘက်က ကောင်းတဲ့ဝါဒကိုပြမယ်။ တဘက်ကလဲ သေနတ်ကို ကိုင်မယ်။ မှန်ကန်တဲ့ ဝါဒကိုပြပြီးတော့ အလုပ်ခိုင်းမယ်။ ဒါနဲ့မှမရရင် သေနတ်ကိုကိုင်ပြီး အလုပ်ခိုင်းရမှာဘဲ။ လူထုကို ယုံပါ။ ဒါပေမဲ့ သေနတ်လဲ မေ့မထားနဲ့လို့ လီနင်ကပြောဘူးတယ်။

တောင်ငူခရိုင်မှာ မြေဝေတာကြိုက်သလား၊ မကြိုက်ဘူးလားလို့ မေးတယ်။ ဒါမျိုးကို မေးဘို့ မလိုဘူး။ မြေရှင်တွေက ဝင်ပြီးတော့ နှောက်လိုက်ရင် လူတွေ အားလုံး ယောင်ဝါးဝါးဖြစ်ပြီးတော့ ပျက်မှာဘဲ။

ဒါကြောင့် ကျောင်းဆရာက ကျောင်းသားကို ဟင်းအကြောင်းမေးသလို မေးရမယ်။ ကျောင်းမှာ ချက်တဲ့ဟင်း ကောင်းသလား၊ မကောင်းဘူးလားလို့ မမေးဘူး။ ကျောင်းသားတွေက ဟင်းမကောင်းဘူးဖြေရင် ခက်နေအုံးမှာကိုး။ မနက်ကဟင်းနဲ့ ခုညနေဟင်း ဘယ်ဟင်းပိုကောင်းသလဲလို့ မေးလိုက်ရင် ထွေထွေ ထူးထူးစဉ်းစားနေစရာ မလိုဘူး။ ဟင်းတခုခုကတော့ ကောင်းရတော့မှာဘဲ။ ဟင်းမ ကောင်းဘူးလို့တော့ဖြေလို့ မဖြစ်တော့ဘူး။ ဘယ်ဟင်း ပိုကောင်းသလဲသာ

ဖြစ်ရတော့မယ်။ ဟင်းကတော့ အကောင်းချည်းဘဲ။ မြေဝေတာ ကောင်းသလား။ မကောင်းဘူးလားမေးလို့ မဖြစ်ဘူး။ ဘယ်လိုဝေရင် အကောင်းဆုံးလဲလို့သာ မေးရမယ်။

လူထုကို ကျွန်တော်တို့ ဖြစ်ချင်တဲ့အတိုင်း ဖြစ်လာအောင် လုပ်ယူရမှာဘဲ ကျွန်တော်တို့ရဲ့ ဒီမိုကရေစီဆိုတာဒါဘဲ။ တဘက်ကလဲ လမ်းမှန်ပြမယ်။ တဘက်က လဲ အာဏာသုံးရမယ်။

တော်လှန်ရေးကို ဆန့်ကျင်ရင် ရက်စက်ရမှာဘဲ။ ကျွန်တော်တို့က အရင် တုန်းက တရားမျှတရေးတွေ ဘာတွေဆိုတာ လုပ်လာခဲ့တော့ တော်လှန်ရေးကို ဆန့်ကျင်တဲ့ လူကိုလဲ အသာကလေးကြည့်နေရမလို ဖြစ်ခဲ့တယ်။ အခု ပြည်သူ့ရဲဘော် တွေဟာ တပ်ပေါင်းစုကွန်ဖရင့်ကို ဖျက်ဘို့ ကြိုးစားခဲ့တယ်။ ဒါဟာ တော်လှန်ရေးကို ဖျက်ဆီးတာဘဲ။ တော်လှန်ရေးကို ဖျက်ဆီးရင် ရက်စက်ရမှာဘဲ။ ရက်စက်မှ ကြေကွဲသတဲ့။

### ၅။ လွတ်မြောက်ရေးတိုက်ပွဲ

လွတ်မြောက်ရေးဖြစ်လာတာ နှစ်နှစ်ရှိလာခဲ့ပြီ။ ပြည်သူလူထုရဲ့ လွတ် မြောက်ရေးအတွက် ကမ္ဘာနှင့်အဝှမ်း တော်လှန်ရေးလုပ်ခဲ့ကြတယ်။ ကမ္ဘာ့တော်လှန် ရေးအားတွေဟာလဲ တနေ့တခြား ကြီးမားလာတယ်။ အဲဒီလို ကမ္ဘာ့တော်လှန်ရေး ကြီးမှာ ဆိုဗီယက်ယူနီယံက ကမ္ဘာ့ခေါင်းဆောင်ဖြစ်တယ်။ ဘယ်တိုင်းပြည်က တော်လှန်ရေးမဆို ကမ္ဘာ့တော်လှန်ရေးအင်အားစုနဲ့ ပေါင်းစည်းရမယ်။ ကမ္ဘာ့ဒီမို ကရေစီအင်အားစုနဲ့ မဟာမိတ်ဖွဲ့ရမယ်။ အဲဒီအထဲမှာ ဆိုဗီယက်ကို ခေါင်းဆောင်ပြု ရမယ်။

ယူဂိုစလေးဗီးယားပြည်ရဲ့ အမှားဟာ ကမ္ဘာ့တော်လှန်ရေးအင်အားစုတွေနဲ့ ကင်းကွာနေတာ ဆိုဗီယက်ယူနီယံရဲ့ ခေါင်းဆောင်မှုကို လက်မခံတာဘဲ။ ဗမာပြည်က ပြည်သူ့ဒီမိုကရေစီအင်အားစုတွေဟာ ကမ္ဘာ့ဒီမိုကရေစီအင်အားစု တွေနဲ့ပါတ်သက်ပြီးတော့ရော ဆိုဗီယက်ယူနီယံနဲ့ပါတ်သက်ပြီးတော့ရော သဘော ထား မှန်ဘို့လိုတယ်။ ဒါကြောင့်လဲ နိုဝင်ဘာလ ၇ ရက်နေ့မှာ ဗမာပြည်အနှံ့အပြား မှာ အောက်တိုဘာလတော်လှန်ရေးနေ့ကို ပြည်သူ့ဒီမိုကရေစီတပ်ပေါင်းစုက ကြီးမှူး ကျင်းပခြင်းဖြစ်တယ်။





မကြာခင်ကဘဲ တရုတ်ပြည်ဟာ ပြည်သူ့ဒီမိုကရေစီသမတနိုင်ငံ တည် ထောင်ခဲ့တယ်။ ဒီလို အောင်ခဲ့တဲ့ တရုတ်ပြည်နဲ့ ပါတ်သက်လို့ အောက်တိုဘာလ ၂၅ ရက်နေ့က ကျွန်တော်တို့ ဗမာတပြည်လုံး အောင်ပွဲတွေ ကျင်းပခဲ့တယ်။ ဒီလိုကျင်းပခဲ့တာက တရုတ်ပြည်ကို အားကိုဘို့မဟုတ်။ ကျည်ဆံလက်နက် အကူ အညီ မျှော်လင့်လို့မဟုတ်။ ကမ္ဘာ့တိုးတက်တဲ့ ဒီမိုကရေစီအင်အားစုတွေနဲ့ တိုက်ရိုက် သော်၎င်း၊ သွယ်ဝိုက်၍သော်၎င်း ဆက်စပ်ခဲ့လို့ဘဲ။

တရုတ်ပြည်မှာ ပြည်သူတွေရဲ့ အောင်ပွဲဟာ ကမ္ဘာ့အင်အားစုတွေရဲ့ နှိုင်းယှဉ်ချက်ကို ပြောင်းလဲစေခဲ့တယ်။ သခင်နုအစိုးရက တရုတ်ပြည် ပြည်သူ့အစိုးရ ကို အသိအမှတ်ပြုတာနဲ့ ပါတ်သက်ပြီး နားလည်ဘို့လိုတယ်။ သခင်နုအစိုးရဟာ တရုတ်ပြည် ပြည်သူ့အစိုးရကို အသိအမှတ်ပြုတာနဲ့ တိုးတက်တဲ့အစိုးရလိုလို ပြည်သူလူထုကို ယောင်ဝါးဝါးဖြစ်အောင် လုပ်တာဘဲ။ တရုတ်ပြည် ပြည်သူ့အစိုးရ ကလဲ သခင်နုအစိုးရကို ဆက်သွယ်တာ အစိုးရအနေနဲ့ ဆက်သွယ်တာဖြစ်တယ်။ သခင်နုအစိုးရရဲ့ ဝါဒတွေ သဘောကျလို့ မဟုတ်ဘူး။

ဆိုဗီယက်ယူနီယံကိုကြည့် တရုတ်ပြည် ပြည်သူ့တော်လှန်ရေးအင်အားစု တွေကို ဘယ်လောက်လိုလားလိုလား နောက်ဆုံးအချိန်အထိ ချန်ကေရှိတ်နဲ့ ဆက်သွယ်နေရတာဘဲ။ အဲဒီသဘောမျိုး နားလည်ဘို့လိုတယ်။

နောက်တခု ကမ္ဘာမှာ ပြောင်းလဲတဲ့ ကိစ္စကတော့ အရှေ့ပိုင်းဂျာမန်သမတ နိုင်ငံ ပေါ်ပေါက်လာတာဘဲ။ ဒါဟာ ဥရောပရာဇဝင်မှာ အကြီးဆုံးပြောင်းလဲချက် ဖြစ်တယ်။

ကမ္ဘာ့ငြိမ်းချမ်းရေးကို အာမခံတဲ့အချက်ဖြစ်တယ်။

အာရှတိုက်တောင်ပိုင်းမှာလဲ အကြီးအကျယ်ပြောင်းလဲလာတယ်။ **ဗီယက်** နမ် ပြည်သူ့သမတနိုင်ငံကို ဆိုဗီယက်ယူနီယံ၊ တရုတ်ပြည်နဲ့ ပြည်သူ့ဒီမိုက**ရေစီ** နိုင်ငံတွေက အသိအမှတ်ပြုတာဟာလဲ ပြည်သူ့ဒီမိုကရေစီအင်အားစုတွေ အား**တက်** စေတယ်။

ပသျှူးကျွန်းဆွယ်မှာ တော်လှန်ရေးတပ်တွေဟာ တခုတည်းသော တပ်မတော် တည်ဆောက်နိုင်ခဲ့ပြီ။

ဒါတွေကို အကုန်လုံးချုံကြည့်ရင် ကမ္ဘာနဲ့အဝှမ်း လွတ်မြောက်ရေးအင်အား စုတွေဟာ ကြီးကျယ်လာတယ်။ ရှေ့ကို တဟုန်တိုးတက်နေတယ်ဆိုတာကို ပြ**တာဘဲ။**

ကမ္ဘာ့ငြိမ်းချမ်းရေးနေ့ကို ကမ္ဘာနဲ့ချီပြီးတော့ ကြီးကျယ်စွာ လုပ်ခဲ့တယ်။ အဲဒီအထဲမှာ ဗမာပြည်ဟာလဲ ကမ္ဘာနဲ့ချီပြီး ကမ္ဘာ့ငြိမ်းချမ်းရေးနေ့ကို ကျင်းပခဲ့တယ်။

တကမ္ဘာလုံးမှာ လူဦးရေ သန်းပေါင်း ၈၀၀ လောက်ဟာ လွတ်မြောက်ရေးစစ်ပွဲမှာ ပါဝင်ဆင်နွှဲနေကြတာကို တွေ့ရတယ်။

ရန်သူက ထိုးစစ်တွေ ဆင်လာတဲ့အခါမယ် တချို့ရဲဘော်တွေအဘို့ စိတ်ပျက်စရာ ရှိချင်ရှိမယ်။ ဒါပေမဲ့ အခုဆိုရင် လက်နက်တွေလဲ ကျွန်တော်တို့မှာ အများကြီး ရှိလာပြီ။ နယ်တွေလဲ ကျယ်ဝန်းလာခဲ့ပြီး။ ပြီးတော့ ကမ္ဘာ့အင်အားစုကြီးနဲ့လဲ မဟာမိတ်ပြုခဲ့ကြပြီ။ ဒါတွေကို ကြည့်ခြင်းအားဖြင့် ကျွန်တော်တို့တော်လှန်ရေးဟာ မုချအောင်မြင်ရမယ်လို့ ယုံကြည်ရမယ်။

**၆။ ဗမာ့တော်လှန်ရေးဘာလဲ**

တော်လှန်ရေးနဲ့ပါတ်သက်လို့ အဓိကလုပ်ရမဲ့လုပ်ငန်းတွေကတော့ တော်လှန်ရေးသမားတွေနဲ့ တော်လှန်ရေး ဖျက်ဆီးသူ နှစ်ဘက်စလုံးတဘက်နှင့်တဘက် လက်နက်ကိုင် တိုက်နေရာတာ ဖြစ်တယ်။ ဒါ့ကြောင့် နိုင်ငံရေးအဆင့်အတန်းအားဖြင့် အမြင့်ဆုံးအခြေအနေကို ရောက်နေပြီဆိုတာ မြင်ရမယ်။ လက်နက်ကိုင်တိုက်ပွဲဟာ နောက်ဆုံးဘဲ။ နိုင်ငံရေးအဆုံးအဖြတ်ကို ပေးမှာဘဲ။

ကျွန်တော်တို့က လွတ်မြောက်ရေးကို လိုချင်တယ်။ သူတို့က တားဆီးနှောက်ယှက်တယ်။ အဲဒီလို အတိုက်အခံဖြစ်လာတဲ့ဟာ နောက်ဆုံးလက်နက်ကိုင်တိုက်ပွဲနဲ့ အဆုံးအဖြတ်ကို ပြုရတာဘဲ။ ဘယ်ရာဇဝင်ကို ပြန်ကြည့်ကြည့် နောက်ဆုံးစစ်ရေးက ဆုံးဖြတ်တာဘဲ။

ဒါကြောင့် စစ်ရေးကိစ္စဟာ အရေးကြီးတယ်။ အလုပ်သမားလူတန်းစားဟာ အာဏာရချင်ရင် စစ်ရေးအရ သတ္တိပြတ္တိရှိရမယ်လို့ လီနင်က ပြောခဲ့တယ်။

စစ်ရေးအရ အဘက်ဘက်က အားကြီးဘို့နဲ့ အဘက်ဘက်က ကျွမ်းကျင်ဘို့ လိုတယ်။ ဒါကြောင့် ကျွန်တော်တို့အဘို့ ဆောင်ထားရမဲ့ကြွေးကြော်သံက စစ်နိုင်ရေးအတွက် ဘာဖြစ်ဖြစ်လုပ်ရမယ်။ ဘာကိုဘဲလုပ်လုပ် စစ်နိုင်ရေးအတွက် ဖြစ်ရမယ်ဆိုတာဘဲ အခု ပြည်သူ့ရဲဘော်နဲ့ လက်နက်ကိုင်ပြီး တိုက်လိုက်ရတာလဲ စစ်နိုင်ရေးအတွက်ဘဲ ဖြစ်တယ်။ ပြည်သူ့ရဲဘော်ခေါင်းဆောင်တွေဟာ စစ်နိုင်ရေးကို ဖျက်ဆီးနေတာဖြစ်တယ်။ အခုကြည့် ပြည်သူ့ရဲဘော်တွေဟာ တောင်ပိုင်းလဲ





ကောင်းကောင်းမတိုက်ဘူး။ မြောက်ပိုင်းလဲ ကောင်းကောင်းမတိုက်ဘူး။ အလယ်ပိုင်းမှာလဲ ဖျက်ဆီးနေတယ်။ နေရာတကာမှာဘဲ ဖျက်ဆီးနေတာဘဲ။

ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့တွေဟာ ဟိုအဖွဲ့၊ ဒီအဖွဲ့ အမျိုးမျိုးကွဲပြားနေပြီ။ အမျိုးမျိုး လုပ်လာခဲ့ကြတယ်။ ဒီအဖွဲ့တွေအားလုံး အမှန်စင်စစ် စစ်နိုင်ရေးအတွက်ဘဲ ကြိုးပမ်းကြရမယ်။ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့တွေရဲ့ ဝင်ငွေတွေကို စစ်ဆေးကြည့်တယ်။ ဝင်ငွေပေါင်းအားလုံး သိန်း ၄၀ ရှိတယ်။ ဘာတွေသုံးသလဲလို့ ကြည့်လိုက်တော့ အမှုထမ်းတွေအတွက် ၃၅ သိန်း သုံးခဲ့တယ်။ စစ်တပ်အတွက်တော့ ၃ သိန်းခွဲဘဲ သုံးတာကို တွေ့ရတယ်။ သုံးရင် အများဆုံး စစ်တွက်အတွက်သာ သုံးတာဖြစ်ရမယ်။

အခုတော့ ဒီအုပ်ချုပ်ရေးတွေ တည်မြဲနေအောင် ရှေ့တန်းက တိုက်ခိုက်နေရတဲ့ တပ်တွေအဘို့တော့ ပေးမှုကမ်းမှု သနားမှု စားရမဲ့ဘဝဆိုတာမျိုး ဖြစ်နေတယ်။

ငွေ ၃၅ သိန်းသုံးတဲ့လူတွေကိုလဲ ပြန်ကြည့်လိုက်ရင် ရုံးမှန်မှန် မတက်တဲ့လူတွေ။ ခွင့်ရက်ရှည်ယူတဲ့လူတွေဘဲ များနေတယ်။ ဒီအထဲက ဗဟိုစည်းရုံးရေးကော်မတီ အလိုမရှိလို့ အော်လိုက်သေးတယ်။

ဘာဘဲဖြစ်ဖြစ် စစ်နိုင်ရေးဟာ အရေးအကြီးဆုံးဆိုတာ မြင်ရမယ်။ လူလောက ရာဇဝင်တလျှောက်လုံး ပြောင်းလဲတာတွေဟာ အကြမ်းဘက်ပြီး ပြောင်းလဲရတာတွေဖြစ်တယ်။ ဒါဟာ စစ်ရေးနဲ့ ပြောင်းတာဘဲဖြစ်တယ်။

စစ်ဖြစ်လာတယ်ဆိုရင် တဘက်ရန်သူကလဲ အားကို **အသုံးပြုတာဘဲ။** ဒါကြောင့် ကျွန်တော်တို့ကလဲ ရန်သူထက်ကြီးတဲ့အားကို သုံးရမယ်။ **ငယ်တဲ့အားတန်းတူအားနဲ့သာ** လုပ်နေရင် မအောင်ဘူး။

**ဒီလိုကြီးမားတဲ့** အင်အားကို လိုအပ်တဲ့အလျောက် **တပ်ပေါင်းစုဝင်တပ်မတော်တွေအားလုံး** တထပ်တည်းဖြစ်ရေး၊ ဆုံးဖြတ်ချက်ချထားတယ်။ ဘာ့ကြောင့် တတပ်တည်းဖြစ်ရေးလဲ။

(က) စစ်အင်အားမှာ အရေအတွက်များရေးနဲ့။ အရည်အချင်း တိုးတက်ရေးဘဲဖြစ်တယ်။ တတပ်ထဲ ဖြစ်လာတယ်ဆိုရင် ဒါတွေ အကုန်တိုးတက်လာမယ်။

(ခ) အခုဆိုလို့ရှိရင်လဲ လက်နက်တပ်ဆင်ပုံတွေဟာ စနစ်မကျဘူး။

(ဂ) တပ်သားတွေရဲ့ စိတ်ဓာတ်ကိုလဲမြှင့်ဘို့ လိုတဲ့အတိုင်း အနောက်ပိုင်း

က စစ်တပ်တွေမှာ နိုင်ငံရေးမှူးတွေ ထားဘို့ရာ စီစဉ်ပြီးခဲ့ပြီ။

(ဃ) အရင်က တပ်တွေဟာ အင်မတန် ချို့ငဲ့ခဲ့တယ်။ ရှေ့ဆိုရင်တော့ သဘော်ာတို့၊ မီးရထားတို့က ရတာတွေဟာ စစ်တပ်တွေအတွက် အဓိက ဖြစ်စေရမယ်။ ဒါကြောင့် ရှေ့ဆိုရင် ပိုတိုက်နိုင်မယ်လို့ အခုယုံကြည်တယ်။

(င) နောက်ဆုံးအချက်ကတော့ တပ်မှူးတွေရဲ့ အရည်အချင်းမြှင့်တင်ဘို့၊ တပ်တွေကောင်းသထက်ကောင်းလာအောင် စိတ်ဓါတ်မြှင့်တင်ပေးရမယ်။

အခု ပြည်သူ့ရဲဘော်ပြဿနာဖြေရှင်းရတာ ရှေ့ပိုင်းက ရန်သူကို ရှင်းဘို့ရာအတွက် နောက်ပိုင်းကို ရှင်းရတာဘဲဖြစ်တယ်။

ပူးတွဲစစ်ဆင်ရေးဆိုတာ မတတ်သာလို့ လုပ်ထားရတယ်။ တကယ်က တတပ်နဲ့တတပ် မတူလို့ တိုက်လို့ မဖြစ်ဘူး။ တိုက်လို့ဖြစ်တာက တတပ်ထဲဖြစ်ရေး၊ အုပ်ချုပ်မှုတခုတည်းဖြစ်ရေးဘဲ တတပ်ထဲဖြစ်ရေးဆိုတဲ့အထဲမှာ ပြည်သူ့ တပ်မတော်ကို ဘယ်တော့မှ မပါရဘူးလို့ မဟုတ်ဘူး။ အကုန်လုံးပါနိုင်တယ်။

တတပ်ထဲဖြစ်အောင် တည်ဆောက်လာတဲ့အခါမှာ လက်ရှိတပ်တွေဟာလဲ တဖြေးဖြေး ပျောက်ကုန်ရမှာဘဲ။ လက်ရှိအခြေအနေအရ တပ် ၃ တပ်။ လောလောဆယ်အားဖြင့် ဖြစ်ချင်ဖြစ်နေမယ်။ ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တော်လှန်နေသော ဗမာ့တပ်မတော်တို့နဲ့ နောက်ဆုံးတတပ်ထဲ ဖွဲ့စည်းတဲ့ တပ်ဆိုတာတွေဘဲ။

နောက်ဆုံး တတပ်ထဲဖြစ်လာရင် ဒီတော်လှန်ရေးအောင်မြင်မှာဘဲ။

အခုအခါမှာဆိုရင် လက်ရှိတပ်မတော်တွေဟာ သူ့အခန်းနဲ့သူ ရှိကြတယ်။ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရော၊ တော်လှန်တဲ့ ဗမာ့တပ်မတော်ရော အသီးသီး သူ့အခန်းနဲ့သူ ရှိကြတယ်။ တော်လှန်နေတဲ့ ဗမာ့တပ်မတော်ထဲမှာ စစ်ရေးကျွမ်းကျင်သူတွေရှိတယ်။ ဒါပေမဲ့ သူ့ဟာနဲ့သူ မြုပ်နေသလိုဖြစ်နေတယ်။ ဒီရဲဘော်တွေကို ဖော်ထုတ်ပေးရမယ်။ လူတွေစီကို စစ်ပညာတွေ အမြောက်အများ ရှိအောင်လုပ်ပေးဖို့ လိုတယ်။ လိပ်အခွံထဲမှာဘဲ ခေါင်းကလေး ပုဝင်နေတာမျိုး၊ စစ်ပညာတတ်သူတွေဟာ ကိုယ့်တပ်ထဲမှာဘဲကိုယ် မြုပ်နေကြတာဘဲ။ တတပ်ထဲ ဖြစ်လာမယ်ဆိုရင် အားအလာ အများကြီးရှိလာမယ်။ စစ်ပညာလိုနေတဲ့ လူတွေကို ဒီရဲဘော်တွေကဘဲ စစ်ပညာဖြန့်ဖြူးပေးနိုင်မယ်။ တပ်ပေါင်းစုက ဖွဲ့တဲ့ တတပ်တည်းသော တပ်မတော်ဟာ ဒီရဲဘော်တွေ တော်တော်များများဟာ ခေါင်းဆောင်ဖြစ်လာမှာဘဲ။





ဒါကြောင့် တော်လှန်နေတဲ့ ဗမာ့တပ်မတော်မှာ အခန်းဟာ ကြီးမားတယ်ဆိုတာ မြင်ကြရမယ်။

တချို့ရဲဘော်တွေဟာ အားငယ်တာရှိနေတယ်ဆိုတာကို တွေ့ရတယ်။ ဒါဟာ ဘာမှမဟုတ်ဘူး။ တော်လှန်နေတဲ့ ဗမာ့တပ်မတော်ဟာ လူထုအဖွဲ့အစည်းမရှိဘူး။ သဘောတရားမရှိဘူးလို့ ပြည်သူ့ရဲဘော်က ခြောက်လို့ဘဲဖြစ်တယ်။ ဒါဟာ ဘာမှ အားငယ်စရာ မရှိဘူး။ တော်လှန်ရေးလမ်းစဉ်ကို လက်ခံလာတာဟာ ကြီးမားတဲ့အခန်းကို ထမ်းဆောင်နေတာဘဲလို့ မြင်ကြရမယ်။

တော်လှန်နေတဲ့ ဗမာ့တပ်မတော်က ရဲဘော်တွေဟာ အနာဂါတ်စစ်ရေးခေါင်းဆောင်တွေ ဖြစ်တယ်လို့ မြင်ရမယ်။ နောက်ကြောင်းကို ပြန်ကြည့်မနေနဲ့။ နောက်ကိုပြန်ကြည့်နေရင် ထမင်းတစ္စေခြောက်သလိုဖြစ်နေမယ်။

ရှေ့ကိုသာ ရဲရဲကြီး ရင်ဆိုင်ကြရမယ်။ ရှေ့မှာ ကြီးမားတဲ့ တပ်မတော်ဖြစ်လာလိမ့်မယ်။ အဲဒီ တပ်မတော်ကြီးမှာ တာဝန်ယူပြီးတော့ ရှေ့ဆောင်ဘို့လိုလိမ့်မယ်။

တော်လှန်ရေးအောင်မြင်ဘို့ တခုတည်းသော တပ်မတော်လိုတယ်ဆိုတာကို မြင်နေရမယ်။ အဲဒီအတွက် အစွမ်းကုန်ကြိုးစားဆောင်ရွက်ကြရမယ်။

အခုဆိုရင် အဆင့်အသစ်တွေကို ပြောင်းလာခဲ့ပြီ။ အရင်တုန်းက လုပ်ပုံလုပ်နည်းတွေကို ပြောင်းလဲပစ်ကြရမယ်။ ဥပမာအားဖြင့်ဆိုလျှင် ကျွန်တော်တို့လူတွေအားလုံး အစိုးရကို ဆန့်ကျင်တယ်။ အစိုးရရဲ့ ဥပဒေတွေကို ချိုးဖောက်တယ်။ အစိုးရရဲ့အာဏာဆိုရင် ဖီဆန်တယ်။ ဒီလို လုပ်ခဲ့တာတွေဟာ အရင်းရှင်၊ မြေရှင်အစိုးရကို လုပ်ခဲ့တာမို့ မှန်ခဲ့တယ်။ ဒါပေမဲ့ အခုအခါမှာ အဲဒါမျိုးဆက်လုပ်နေရင် နှိပ်ကွပ်ရလိမ့်မယ်။

အရင်အစိုးရနဲ့ အခု ကျွန်တော်တို့တည်ထောင်နေတဲ့အစိုးရဟာ လုံးဝမတူတော့ဘူးလို့ နားလည်ရမယ်။ အရင်က လူလူချင်းအတူတူဘဲ။ ဘယ်သူကဘယ်သူ့မှ မရိုသေတန်းဖြစ်ခဲ့တယ်။ အခု ဒါတွေကို တိုက်ဖျက်ရမယ်။ ပြည်သူတွေအတွက် တာဝန်ခံလုပ်လာရတဲ့လူတွေကို လေးစားရမယ်။ ခေါင်းဆောင်ကို ရိုသေရမယ်။

အရင်တုန်းက အကျင့်တွေမပျောက်ဘဲနဲ့။ အခု ပြည်သူ့ဒီမိုကရေစီတပ်ပေါင်းစုကိုလဲ ဆန့်ကျင်တယ်ဆိုရင် ခွင့်မပြုနိုင်ဘူး။ လွတ်မြောက်နေတဲ့ဒေသ

အတွင်းမှာ တပ်ပေါင်းစုကို ဆန့်ကျင်တဲ့ တပ်တွေကို မထားနိုင်ဘူး။ ဘယ်သူ့တပ်ဘဲ ဖြစ်ဖြစ် တပ်ပေါင်းစုကို ဆန့်ကျင်ရင် လွတ်မြောက်တဲ့ နယ်တွေထဲက တိုက်ထုတ်ရမယ်။

အစိုးရဟာ အစိုးရလို လုပ်ရမယ်။ အစိုးရရဲ့ သဘောအတိုင်း ပြည်သူ့အစိုးရကို ဆန့်ကျင်သူကိုလဲ တိုက်ရမယ်။ အဲဒီသဘောအတိုင်းဘဲ ပြည်သူ့ရဲဘော်က ဆန့်ကျင်ဘက်လုပ်နေရင် ဘယ်နည်းနဲ့မှ ခွင့်မပြုနိုင်ဘူး။

**၇။ မြေယာပြဿနာ**

မြေယာကိစ္စတွေ သီးခြားတင်ပြအုံးမှာတွေရှိတယ်။ ဒါကြောင့် အဲဒီကိစ္စ အကျယ်မပြောလိုတော့ဘူး။ အကျဉ်းချုံးပြီး ပြောမယ်။

ကျွန်တော်တို့ မြေယာပြဿနာနဲ့ပါတ်သက်လို့ တပ်ပေါင်းစုက ဆုံးဖြတ်ခဲ့တယ်။ အဲဒီဆုံးဖြတ်ခဲ့တဲ့ အချက်တွေကတော့ ဒီနှစ်အတွင်းမှာ မြေတွေဝေရမယ်။

မြေဝေတဲ့အခါမယ် မူ ၃ ခုအပေါ်မယ် အခြေတည်ပြီး ဝေရမယ်။

၁။ ဆင်းရဲသော လယ်သမားကို အခြေခံ။

၂။ အလတ်တန်းစားကို မဟာမိတ်ပြု။

၃။ မြေရှင်နဲ့ ချမ်းသာသော လယ်သမားကိုတိုက်။

ဒီမူ ၃ ခုဟာ တခုနဲ့တခု ခွဲလို့မရတဲ့ မူတွေဘဲ။

ဒီမူ ၃ ခုအပေါ်မှာ အခြေတည်ပြီးတော့ တောင်သူလယ်သမား အဖွဲ့အစည်းတွေကို တဖွဲ့တည်းဖြစ်အောင်လုပ်ရမယ်လို့လဲ ဆုံးဖြတ်ခဲ့တယ်။

**၈။ တပ်ပေါင်းစု**

ကျွန်တော်တို့ တပ်ပေါင်းစုဆိုတာစာ ဖဆပလလို သဘောတူရင် တွဲလုပ်။ သဘောမတူရင် ခွဲလုပ်ဆိုတဲ့ သဘောနဲ့ အဖွဲ့တွေ ပေါင်းစည်းထားတာ မဟုတ်ဘူး။ အသင်းဝင်တွေကို အောက်ခြေက သိမ်းသွင်းဖွဲ့စည်းလာတဲ့ အမျိုးသားအဖွဲ့အစည်း ကြီးတခုဖြစ်တယ်။ ဒါ့ကြောင့် အသင်းဝင်တွေကို တဦးချင်း အောက်ခြေက စည်းရုံးတာတွေ လုပ်ရမယ်။

ဒီလိုအောက်ခြေက စည်းရုံးခဲ့တာ ပျဉ်းမနားမှာ ရှိလာခဲ့ပြီ။ ပဲခူးမှာ ရှိလာခဲ့ပြီ။ ဒီလို အောက်ခြေက ဖွဲ့စည်းတည်ထောင်လာခဲ့တဲ့ တပ်ပေါင်းစုကြီး





မဖြစ်ခဲ့လို့ တပ်ပေါင်းစုဟာ ပြည်သူ့ရဲဘော်တွေက အနိုင်ကျင့်နေတာတွေကို ခံခဲ့ရတာ တနှစ်ရှိခဲ့ပြီ။ ဒါကြောင့် အောက်ခြေက တည်ဆောက်ကြရမယ်။

မကြာခင် တပ်ပေါင်းစု စည်းမျဉ်းတွေကိုလဲ သတ်မှတ်ပေးနိုင်လိမ့်မယ်။ တပ်ပေါင်းစုအနေနဲ့ နိုင်ငံရေးကျောင်းတွေ ဖွင့်ဘို့လဲလိုမယ်။ ရဲဘော်အများဟာ ဒီလိုတပ်ပေါင်းစု နိုင်ငံရေးကျောင်း ဖွင့်ဘို့ လိုလားခဲ့ကြတယ်။ ဒါပေမဲ့ ပြည်သူ့ရဲဘော်တွေနဲ့ အရင်က ဘာသာရပ်တွေ ရွေးရတာနဲ့၊ ကျောင်းဆရာတွေ ရွေးခဲ့ရတာနဲ့ ဘာမှမလုပ်ဖြစ်ခဲ့ဘူး။ တပ်ပေါင်းစုအဖွဲ့ဝင်တွေအဘို့ နိုင်ငံရေးပညာ၊ စည်းရုံးရေးပညာ စတဲ့ပညာရပ်တွေကို မြှင့်တင်ပေးဘို့ရာအတွက် ရှေ့ဆိုရင် ကြိုးစားနိုင်ကြလိမ့်မယ်။

**၉။ ပြည်သူ့အစိုးရ**

ဗဟိုစည်းရုံးရေးကော်မီတီဟာ ဗဟိုအစိုးရလို့ မကြေညာသေးသော်လည်း ကွန်ဖရင့်ပြီးရင် အစိုးရအနေနဲ့ ရှေ့ကိုပိုပြီး အလုပ်တွေ လုပ်သွားနိုင်မယ်လို့ ရည်ရွယ်တယ်။

ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့တွေ တမျိုးဆီဖြစ်နေတာကို တမျိုးထဲဖြစ်လာအောင် လုပ်ဘို့လိုတယ်။ ဥပမာ အခွန်ကောက်တဲ့ကိစ္စဆိုပါတော့ ပျဉ်းမနားနဲ့ ပဲခူးနယ်မှာ အခွန်ကောက်နေတယ်။ သီးနှံထွက်ဝင်ငွေ ၁၀ ရာခိုင်နှုန်း၊ အများဆုံး ထားပြီး ကောက်တာဖြစ်တယ်။ ဒီလို အခွန်ကောက်တာလဲ အများကြီး အောင်မြင်တာကို တွေ့ရတယ်။ အဲဒီတော့ ဒီလိုအခွန်ကောက်တဲ့ဟာမျိုး ခရိုင်အားလုံးမှာ စနစ်တခုထဲဖြစ်ဘို့ လိုတယ်။ ဒါပေမဲ့ အခွန်ကောက်တဲ့နေရာမှာ ၁၀ ရာခိုင်နှုန်း ထက်တော့ မပိုစေရဘူး။

တချို့ခရိုင်တွေက ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့တွေမှာ လုပ်နေကြတဲ့ ရဲဘော်တွေဟာ ဒီလို အခွန်ကိစ္စတို့ ဘာတို့မှာ တွန့်ဆုတ်ဖြစ်နေတကြတယ်။ မင်းဟာ မင်းလိုဘဲ ကျင့်ရမယ်။ တင်းစရာရှိရင် တင်းတင်းဘဲ လုပ်ရမယ်။ အစိုးရဆိုတာ ဆွမ်းကြီးလောင်းသင်းလိုလို၊ စာဖတ်သင်းလိုလို လုပ်လို့မရဘူး။ အစိုးရဟာ အစိုးရလိုဘဲ လုပ်ရမယ်။ အာဏာသုံးစရာရှိတဲ့ နေရာမှာ အာဏာသုံးရမယ်။ ရေမြွေလိုလုပ်နေလို့ မရဘူး။ နဂါးဆိုရင် နဂါးမှန်းသိအောင် အမောက် ထောင်ပြရမယ်။ ရာဇပလ္လင်ပေါ်တက်ထိုင်ရမှာ လန့်တာမျိုးလို ကိုယ့်လိပ်ပြာကိုယ် လန့်နေလို့ မဖြစ်ဘူး။

အရင်က အစိုးရကို ဆန့်ကျင်ခဲ့တဲ့ အကျင့်တွေကြောင့် ကိုယ့်အစိုးရကိုလဲ

ကိုယ့်ဟာကိုယ် ဆန့်ကျင်ရမလို ဖြစ်နေတာကိုလဲ စွန့်လွှတ်ရမယ်။ ကိုယ့်အစိုးရကို လူအများက ရှိသေလာအောင် လမ်းမှန်ကိုရော ပြရမယ်။ အာဏာကိုရော သုံးရမယ်။

ပြဿနာအရပ်ရပ်တွေကို သေသေချာချာ ဖြေရှင်းနိုင်ဘို့အတွက် တတပ်တည်းဖြစ်မှ တော်လှန်ရေးအောင်မြင်မယ်။

ကမ္ဘာကို ကျေညာနိုင်လောက်အောင်လဲ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များ အပေါ် အခြေတည်ပြီး ဗဟိုအစိုးရကို တည်ထောင်ဘို့ ကြိုးစားကြရမယ်။ တပြည်လုံး နိုင်ငံရေး၊ ကွန်ဖရင့်ကြီးကို ရည်မှန်းပြီး ချီတက်ကြရမယ်။

**၁၀။ ခေါင်းဆောင်မှုအခန်း**

တနှစ်အတွင်း ကြီးကျယ်တဲ့အောင်မြင်မှုတွေ လုပ်ခဲ့တဲ့ ဗဟိုစည်းရုံးရေး ကော်မီတီရဲ့ အခန်းကိုလည်း မြင်ရမယ်။

ခေါင်းဆောင်နေတဲ့ ရဲဘော်တွေဟာ ရှေ့လာဘ်ကို မြင်ကြရမယ်။ ငါတို့ဟာ ဗမာပြည်ရာဇဝင်မှာ အကြီးဆုံးတော်လှန်ရေးကြီးကို လုပ်ခဲ့တဲ့ တကဲ့ရောမပုဂ္ဂိုလ်ကြီး တွေဆိုတာ မြင်ကြရမယ်။ အခုရာဇဝင်မှာ လူထုရဲ့ ရာဇဝင်အသစ်ကို ထုလုပ်နေတာဖြစ်တယ်။ ဒါကြောင့်မို့ ကိုယ့်ရဲ့ကြီးမားတဲ့ ခေါင်းဆောင်မှုအခန်းကို မမေ့အပ်ဘူး။

ဒီလိုရာဇဝင်အခန်းမှာ ကျွန်တော်တို့ရဲ့ ခေါင်းဆောင်မှုအခန်းဟာ ကြီးမားတဲ့အကြောင်း၊ ကျွန်တော်က မကြာမကြာ ပြောခဲ့တဲ့အတွက် ပြည်သူ့ရဲဘော်တချို့က မျက်ကွယ်မှာ နောက်ပြောင်တာတွေ တွေ့ရတယ်။ ရန်ကုန်နဲ့ ၃၅ မိုင်ဝေးတဲ့ ပင်လယ်ဝမှာ သခင်သန်းထွန်းရဲ့ ရုပ်ပုံကျောက်ရုပ်အကြီးကြီး ထုထားရမယ်လို့ ပြောကြတယ်။ ဒီလို နောက်ပြောင်တာဟာ ရာဇဝင်မှာ အင်မတန်ကြီးမားတဲ့ တော်လှန်ရေးရဲ့ ခေါင်းဆောင်မှုအခန်းကို မမြင်တာဘဲ။

တော်လှန်ရေးအောင်ရင် ရာဇဝင်ပြောင်းမှာဘဲ။ ဒါ့ကြောင့် ရာဇဝင်ကို ပြောင်းအောင် လုပ်နေကြတဲ့၊ မိမိတို့ရဲ့ ခေါင်းဆောင်မှုအခန်းကို ပြတ်ပြတ်သားသား မြင်ကြရမယ်။

ခေါင်းဆောင်ဟာ ခေါင်းဆောင်ပီပီ ရဲရဲတင်းတင်း သတ္တိရှိရှိ လုပ်ရမယ်။ ကြောက်နေလို့ရှိရင် ချောက်ကျမယ်။ အခက်အခဲတွေ ရှုတ်ထွေးများပြားနေလို့ ခေါင်းဆောင်မှုအခန်းဟာ အရေးကြီးနေတဲ့ အချိန်အခါမှာ သတ္တိကြောင်နေရင်





ဂျွန်းထွန်းလိမ့်မယ်။

ပြည်သူ့ရဲဘော် ခေါင်းဆောင်တွေရဲ့ အကြီးဆုံးချို့ယွင်းချက်ဟာ ဘာလဲ။ သတ္တိကြောင်တာတွေဘဲဖြစ်တယ်။ တခုခု ဆုံးဖြတ်ပြီးတော့ လုပ်စရာရှိရင် ခေါင်းဆောင်ပီပီ မလုပ်ရဲဘဲ နောက်ပိုင်းကို ပြန်ကြောက်နေတာကို တွေ့ရတယ်။ ဗိုလ်ကွန်းဇော်တို့တပ် ရေနံချောင်း ရုတ်ရုတ်ရက်ရက်နဲ့ ဆုတ်ပြေးလာတော့ ပြည်သူ့ရဲဘော်ခေါင်းဆောင်ဖြစ်တဲ့ ဗိုလ်ထွန်းလင်းတို့ဟာ တပ်သားတွေကို မတွေ့ရဲဘဲ မှောင်ထဲမှာ ပုန်းနေတယ်။ မကွေးမှာထားတဲ့ ဌာနချုပ်ရှေ့တောင် ကွန်းဇော် တပ်သားတွေက ဆဲသွားသေးတယ်။

ခေါင်းဆောင်တွေက ငယ်သား ကြောက်နရထဲကိုက ဘယ်ဟာန်ကျမလဲ။

ခေါင်းဆောင်ဆိုတာဟာ လုပ်ရဲကိုင်ရဲရှိဘို့ အားတွေလိုတယ်။

အဖွဲ့ခေါင်းဆောင်တွေအနေနဲ့ ဖွဲ့ရှိရမယ်။ သတ္တိရှိရမယ်။ အားရှိရမယ်။ အာဏာတွေကို စနစ်တကျ သုံးသတ်ရမယ်။

ရှေ့ဆိုရင် ပြည်သူ့ရဲဘော်ကိစ္စနဲ့ ပါတ်သက်လို့ အရှုတ်အထွေးတွေ ရှိမယ်။ ဒါပေမဲ့ ကိစ္စမရှိဘူး။ ဒီအရှုတ်အထွေးတွေနဲ့ အခက်အခဲတွေဟာ ခဏဘဲ ဖြစ်ရမယ်။

ဘယ်လိုဘဲခက်ခဲခက်ခဲ သတ္တိရှိရင် အောင်ရမယ်။

ပြည်သူ့ရဲဘော်ကိစ္စနဲ့ ပါတ်သက်လို့ အရှုတ်အထွေးတွေရှိလို့ အခက်အခဲတွေရှိလို့ တချို့တွေသွားတာတွေ ရှိမယ်။ ဒါတွေကို ဖျောက်ပစ်ရမယ်။

ဒါတွေကို ဖျောက်နိုင်ဘို့ ခေါင်းဆောင်လုပ်တဲ့လူတွေဟာ ဖွဲ့၊ သတ္တိ၊ အား၊ အာဏာတွေလိုတယ်။

သတ္တိနဲ့ ဖွဲ့သာ လက်ကိုင်ထားပြီး ရဲရဲကြီး ရှေ့ဆောင်မှုပေးရင် တော်လှန်ရေးဟာ မုချအောင်ရမယ်။

**ဤတွင် ဗမာပြည်အလယ်ပိုင်းဆိုင်ရာ ပြည်သူ့ဒီမိုကရေစီတပ်ပေါင်းစု ကွန်ဖရင့်ကြီး၏ သဘာပတိမိန့်ခွန်းပြီး၏။ (၁၂ - ၃ - ၅၀)**

**မှုရင်းစာအုပ်မှ**

မှုရင်းစာလုံးပေါင်းသတ်ပုံအတိုင်းဖော်ပြပါသည်။

☆☆☆



ဝါးချွန်က – ရှိင်ဖယ်ဖြစ်လာပြီလို့ ဝမ်းသာမနေဘဲ

## ရှိုင်ဖယ်က အမြောက်ဖြစ်လာအောင်တိုက်ကြ

**၁၉၅၁ ခုနှစ်၊ စက်တင်ဘာလ ၁ရက်နေ့ (စနေနေ့)**

စက်တင်ဘာ ၁ ရက်နေ့၊ ပြည်သူ့တပ်မတော်အခမ်းအနားတွင် ဗမာပြည်ကွန်မြူနစ်ပါတီ စစ်သေနာပတိချုပ် သခင်သန်းထွန်း ပြောကြားခဲ့သော မိန့်ခွန်းဖြစ်၍ အလင်းရောင်ဂျာနယ် အတွဲ ၃၊ အမှတ် ၁ မှ ကူးယူဖော်ပြသည်။ (စီစဉ်သူ)





## စစ်သေနာပတိချုပ်၏ အမိန့်ပြန်တမ်း

ရဲဘော်၊တပ်မှူး၊ နိုင်ငံရေးမှူး တပ်ကြပ်နှင့် တပ်သားအပေါင်းတို့ .

**၁။ ဒီနေ့ဟာ ပြည်သူ့တပ်မတော်နေ့ဖြစ်တယ်။ ပြည်သူ့တပ်မတော် တည်ထောင်တာ တနှစ်စေ့ခဲ့ပြီ။**

ပြည်သူ့တပ်မတော်ကို တည်ထောင်တဲ့အခါမှာ လွယ်လွယ်ကူကူနဲ့ တည်ထောင်ခဲ့ရတာ မဟုတ်။

စက်ယန္တရားတပ်များနဲ့ ရန်သူက ပြင်းထန်တဲ့ ထိုးစစ်ဆင်နွဲတဲ့အတွက် ပျဉ်းမနား၊ ပြည် အစရှိတဲ့ မြို့တွေက ဆုတ်ခွာနေရတဲ့ အချိန်ဖြစ်တယ်။

ငြိမ်းချမ်းရေးရပြီလို့ သခင်နု ဖဆပလအစိုးရက ကြွေးကြော်ပြီး နိုင်ငံရေးအရ ထိုးစစ်ဆင်နေတဲ့အချိန်ဖြစ်တယ်။

ပြည်သူ့ဒီမိုကရေစီတပ်ပေါင်းစုအတွင်းက ပြည်သူ့ရဲဘော်များ ခွဲထွက်သွားပြီးတဲ့နောက် ပြည်သူ့ဒီမိုကရေစီတပ်ပေါင်းစုနဲ့ ပြည်သူ့ရဲဘော်တို့ တိုက်ခိုက်နေကြတဲ့အချိန်အခါမှာ ဖြစ်တယ်။ တနည်းအားဖြင့်ဆိုလျှင် ရှေ့မီး၊ နောက်မီး၊ မီးနှစ်မီးကြား အညှပ်ခံနေရတဲ့ အချိန်အခါမှာ ဖြစ်တယ်။

တပ်ပေါင်းစုရဲ့ လက်ထဲမှာ မြို့တွေလမ်းတွေ မရှိတဲ့အတွက်ကြောင့် စီးပွားရေးအကြပ်အတည်း ဖြစ်ပေါ်စေတဲ့ အချိန်အခါဖြစ်တယ်။ ဒါကြောင့်လဲ ကြီးမားလာတဲ့ တပ်တွေကို ထောက်ပန့်ရေးအတွက် အခက်အခဲကြုံတွေ့နေတဲ့ အချိန်အခါမှာ ဖြစ်တယ်။

အဲဒီလို အကြပ်အတည်းတွေကြောင့် ပြည်သူ့ဒီမိုကရေစီ တပ်ပေါင်းစုအတွင်းမှာ ဂိုဏ်းဂဏစိတ်တွေ၊ အထက်ဆန့်ကျင်ရေးစိတ်တွေ၊ ဒေသခွဲစိတ်ဓါတ်တွေ ပြင်းထန်လာတဲ့ အချိန်အခါမှာဖြစ်တယ်။

ဒီလောက်တောင် ဒီလိုအခြေအနေဆိုးနေတဲ့အထဲမှာ နယ်ချဲ့သမားရဲ့ သူလျှိုဖြစ်တဲ့ တင်ထွန်းအောင်တို့ဟာ ပြည်သူ့တပ်မတော်အတွင်းမှာ ဖျက်လိုဖျက်ဆီး အမျိုးမျိုးလုပ်ပြီး အတွင်းမီးတောက်လာအောင် မီးတောက်တာနဲ့ တချိန်ထဲ အပြင်က ရန်သူက ငါတို့ကို ခြေမှုန်းနိုင်အောင် စီစဉ်နေတဲ့ အချိန်အခါဖြစ်တယ်။

အဲဒီလို မရေမတွက်နိုင်တဲ့ အခက်အခဲတွေကြားထဲက ပြည်သူ့တပ်မတော်ကို တည်ဆောက်ခဲ့ရတယ်။

ဒီလို အခက်အခဲတွေကို ရင်ဆိုင်တဲ့အခါမှာ ပြည်သူ့တပ်မတော်ဟာ တုန်လှုပ်ချောက်ခြားချင်း မရှိဘဲ ရဲရဲကြီးရင်ဆိုင်ကာ ကျော်နင်းခဲ့တယ်။

ဒါကြောင့် ဒီနေ့အဘို့ရာမှာ ပြည်သူ့တပ်မတော်ဟာ ပြည်သူလူထုရဲ့ ရှေ့ မှောက်မှ မားမားရပ်တည်ပြီးတော့ ပြည်သူလူထုကို ကာကွယ်လျှက်ရှိတယ်။

## ၂။ ဗမာပြည်သမိုင်းတွင် ပထမဦးဆုံးပေါ်ပေါက်သော ပြည်သူ့တပ်မတော်

ပြည်သူ့တပ်မတော်ဟာ ဗမာပြည်သမိုင်းမှာ နှစ်ပေါင်း (၂၀၀၀) ကျော်ရှိခဲ့တဲ့ မြေရှင်စံနစ်နဲ့ နှစ်ပေါင်း (၁၀၀) ကျော် လွှမ်းမိုးလာတဲ့ နယ်ချဲ့စနစ်ကို တိုက်ဖျက်ပြီးတဲ့နောက် ပြည်သူလူထုရဲ့ ဘဝသစ်ကို တည်ထောင်မဲ့တပ်မတော် ဖြစ်တယ်။

ဗမာပြည်သမိုင်းမှာ စစ်တပ်တွေ အမျိုးမျိုး ပေါ်ပေါက်ခဲ့တယ်။ အဲဒီ စစ်တပ်တွေဟာ စံနစ်အဟောင်းကို ဖျက်ဆီးပြီး စနစ်သစ်ကို တည်ထောင်မဲ့ တပ်တွေ မဟုတ်ဘူး။ လူတစုလက်ထဲက အာဏာလူတစ်စုလက်ထဲ ရောက်ရေး အတွက် တိုက်ပေးတဲ့တပ်တွေသာ ဖြစ်တယ်။ အခု ပြည်သူ့တပ်မတော်ဟာ လူတစုလက်ထဲ အာဏာရရေးမဟုတ် လူထုလက်ထဲ အာဏာရရေးအတွက်တိုက်တဲ့ တပ်မတော်ဖြစ်တယ်။

လူတစုကို ကာကွယ်ရေးအတွက် တိုက်တဲ့ တပ် မဟုတ်ဘူး။ လူထုကို ကာကွယ်ရေးအတွက်တိုက်တဲ့ တပ်မတော်ဖြစ်တယ်။

လူတစုရဲ့ လွတ်မြောက်ရေးအတွက် တိုက်ပေးတဲ့ တပ်မဟုတ်ဘူး။ လူထုတရပ်လုံး လွတ်မြောက်ရေးအတွက် တိုက်တဲ့ တပ်မတော်ဖြစ်တယ်။

လူတစုကောင်းစားရေးအတွက် တိုက်တဲ့တပ် မဟုတ်ဘူး။ လူထုတရပ်လုံးရဲ့ ကောင်းစားရေး။ ပြည်သူလူထုရဲ့ ဘဝသစ်တည်ထောင်ရေးအတွက် တိုက်တဲ့





တပ်မတော် ဖြစ်တယ်။

ဒါကြောင့် ပြည်သူ့တပ်မတော်ဟာ ဗမာပြည်သမိုင်းမှာ တခါမှ မပေါ်ပေါက်ဘူးသေးတဲ့ တပ်မတော်ဖြစ်တယ်။ သမိုင်းအဟောင်းကို သင်ပုံးချေပြီး သမိုင်းအသစ်ရေးမဲ့ တပ်မတော်ဖြစ်တယ်။

နယ်ချဲ့သမားကို ဆန့်ကျင်တဲ့ အင်အားစုတွေ အကုန်မပါသေးတဲ့အတွက် ပြည်သူ့တပ်မတော်ဟာ လုံးဝ ပြည့်စုံနေပြီလားလို့မေးရင် မပြည့်စုံသေးဘူးလို့ဘဲ ဖြေရမယ်။ ဒါပေမဲ့ ပြည်သူ့တော်လှန်ရေး လက်နက်ကိုင်အင်အားစုတွေထဲက ကြီးမားတဲ့ အစိပ်အပိုင်းဟာ ပြည်သူ့တပ်မတော်ထဲ ပါနေတာကြောင့် အခြေခံအားဖြင့် ပြည်သူ့တပ်မတော်ကို တည်ဆောက်ပြီးသားဖြစ်တယ်။

ပြည်သူလူထုရဲ့ အားကိုးရာ ပြည်သူလူထုရဲ့ လက်ရုံးအဖြစ်နဲ့ ပြည်သူ့တပ်မတော် ပေါ်ပေါက်လာခြင်းဟာ ပြည်သူလူထုအောင်ပွဲဆင်ဘို့အတွက် အာမခံချက် ဖြစ်တယ်။

## ၃။ တနှစ်အတွင်း ပြောင်းလဲလာတဲ့ အခြေအနေ။

လွန်ခဲ့တဲ့ တနှစ်လောက်တုံးက ပြည်သူ့တပ်မတော် တည်ထောင်တဲ့ အချိန်အခါမှာ တော်လှန်ရေးအင်အားစုတွေ အချင်းချင်း လက်နက်ကိုင်တိုက်နေရတဲ့ အချိန်အခါဖြစ်တယ်။

အဲသည်အခြေအနေတွေကို ပြည်သူ့တပ်မတော်ဟာ တနှစ်အတွင်း ပြောင်းပြန်လှန်ပစ်နိုင်ခဲ့တယ်။

တဦးတည်းသော ရန်သူကို ဦးတည်တိုက်ဆိုတဲ့ ကြွေးကြော်သံအရ တော်လှန်ရေးသမားတွေ အချင်းချင်း လက်နက်ကိုင်တိုက်နေတာကို ရပ်စဲခဲ့တယ်။

အချင်းချင်းတိုက်နေတာကို စစ်ရပ်စဲယုံသာ မဟုတ်ဘူး။ ပူးပေါင်းပြီးတော့ ရန်သူကို တိုက်နိုင်ခဲ့တယ်။

အောက်ဗမာပြည် မြစ်ဝကျွန်းပေါ်မှာဆိုလျှင် ပြည်သူ့တပ်မတော်တွေ ကော်သူလေးတပ်တွေနဲ့ စစ်ရပ်စဲရေးတွေ လုပ်ပြီး သခင်နု ဖဆပလအစိုးရကို ဦးတည်တိုက်နေကြတယ်။

ဗမာတပြည်လုံးမှာလဲ အလံနီကွန်မြူနစ်ပါတီက ဦးဆောင်တဲ့ ရဲနီတော်တပ်နဲ့ စစ်ရပ်စဲပြီး သခင်နု ဖဆပလအစိုးရကို ဦးတည်တိုက်နေကြတယ်။

ပြည်သူ့ရဲဘော်တွေနဲ့လဲ တပြည်လုံးမှာစစ်ရပ်စဲရေးရပြီး ပူးတွဲတိုက်ခဲ့နေရာ မှာလဲ တိုက်နေကြပြီ။

ရခိုင်ပြည်မှာဆိုရင်လဲ ပြည်သူ့ရဲဘော်၊ အလံနီ၊ ဦးစိန္ဒာ၊ မူဂျာဟိတ်တို့ဟာ စစ်ရပ်စဲပြီးတော့ ပူးပေါင်းတိုက်ခိုက်ဘို့ ကျိုးစားနေကြပြီ။

ဒါတွေတခုလုံး ခြုံကြည့်တဲ့အခါမှာ တော်လှန်ရေးသမားတွေအချင်းချင်း စစ်ရပ်စဲပြီး ပူးတွဲတိုက်ခိုက်ရေးဟာ တော်လှန်ရေးအခြေအနေတခုလုံးကို ပြောင်းလဲစေခဲ့တယ်။

အခုဆိုရင် ကျေးလက်တောရွာပိုင်းအားလုံးလိုလိုဟာ တော်လှန်ရေးသမားတွေရဲ့လက်ထဲမှာ လုံးဝ ကျရောက်ပြီး ရန်သူတပ်စွဲထားတဲ့ မြို့တွေကို သေနတ်ပြောင်းဝ ချိန်ထားတဲ့ အခြေအနေထိ ရောက်ခဲ့တယ်။

## ၄။ ထူးခြားတဲ့ တိုက်ပွဲများ

အဲသည်လို အခြေအနေကြောင့် ပြီးခဲ့တဲ့နှစ်အတွင်းမှာ ပြည်သူ့တပ်မတော်ဟာ ပြင်းထန်တဲ့ ပြန်လှန်ထိုးစစ်တိုက်ပွဲတွေကို ဆင်နွှဲနိုင်ခဲ့သည်။

တနှစ်အတွင်း ပြည်သူ့တပ်မတော်က ဆင်နွှဲတဲ့တိုက်ပွဲတွေဟာ အင်မတန် ပြင်းထန်တယ်။ ထူးခြားတဲ့ တိုက်ပွဲတွေကို ဖော်ပြရမယ်ဆိုရင် . . . .။

အထက်မောပြည်။ ။ ရွာကြီးတိုက်ပွဲ၊ မြောင်တိုက်ပွဲ၊ တံတားဦးတိုက်ပွဲ၊ နှောက်ကံတိုက်ပွဲ၊ မြစ်သားတိုက်ပွဲ၊ နွားထိုးကြီးတိုက်ပွဲ။

အလယ်ပိုင်းဗမာပြည်။ ။ လယ်ဝေးတိုက်ပွဲ၊ ရွှေမြို့တိုက်ပွဲ၊ တီတွတ်တိုက်ပွဲ၊ ဆင်မြီးဆွဲတိုက်ပွဲ။

ရှမ်းပြည်တောင်ပိုင်း။ ။ လုံကာတောင်တိုက်ပွဲ၊

အောက်ဗမာပြည်။ ။ ကျွဲပွဲတိုက်ပွဲ၊ ဖြူးတိုက်ပွဲ၊

မြစ်ဝကျွန်းပေါ်။ ။ ညောင်ကျိုးတိုက်ပွဲ။

## ၅။ ရန်သူ့အဆုံးအရှုံးနှင့် ငါတို့အဆုံးအရှုံး နှိုင်းယှဉ်ချက်

တနှစ်အတွင်း ပြည်သူ့တပ်မတော်ရဲ့ တိုက်ပွဲတွေအကြောင်း စာရင်းပြမယ်ဆိုရင် –





(၁) **တိုက်ပွဲ။**

| | |
|---|---|
| ထိုးစစ် | ၂၄၃ – ပွဲ။ |
| ခံစစ် | ၈၃ – ပွဲ။ |
| ပျောက်ကြား | ၁၀၉ – ပွဲ။ |
| စုစုပေါင်း | ၄၃၅ – ပွဲ။ |

ဒီတိုက်ပွဲတွေကို ကြည့်လိုက်ရင် ရန်သူက ငါတို့ကို တကြိမ်လာတိုက်တဲ့အခါမှာ ငါတို့က (၄) ကြိမ် သွားပြီး ရန်သူကို တိုက်ခဲ့တယ်။

တနှစ်အတွင်းမှာ နည်းပရိယာယ်အရ လက်ဦးမှု ငါတို့လက်တွင်းမှာ ရှိတယ်။

(၂) **ငါတို့နှင့် ရန်သူ့အဆုံးအရှုံး။**

ငါတို့

| | |
|---|---|
| ကျဆုံး | ၁၉၇ – ယောက်။ |
| ဒါဏ်ရာရ | ၂၆၈ – ယောက်။ |
| ဘမ်းမိ | ၇ – ယောက်။ |
| စုစုပေါင်း | ၄၇၂ ယောက်။ |

ရန်သူ

| | |
|---|---|
| ကျဆုံး | ၈၃၅ – ယောက်။ |
| ဒါဏ်ရာရ | ၅၄၅ – ယောက်။ |
| ဘမ်းမိ | ၃၆၉ – ယောက်။ |
| စုစုပေါင်း | ၁၇၄၉ – ယောက်။ |

အဆုံးအရှုံးများကို နှုန်းနှင့်ကြည့်လျှင် . . .

**ငါတို့ (၁) ယောက်ကျတိုင်း ရန်သူ (၄) ယောက်ကျတယ်။**

ငါတို့ (၁) ယောက် ဒါဏ်ရာရတိုင်း ရန်သူ (၂) ယောက် ဒါဏ်ရာရတယ်။
ငါတို့ (၁) ယောက် အဖမ်းခံရတိုင်း ရန်သူ (၅၂) ယောက်ကို ဘမ်းမိတယ်။

(၃) **လက်နက်။**

ရန်သူထံမှ ရရှိသောလက်နက် ၆၀၇ လက်
ငါတို့က ဆုံးရှုံးသောလက်နက် ၁၂၃ လက်
ငါတို့က လက်နက်တလက်ဆုံးလျှင် ရန်သူထံမှ (၅) လက် ရရှိတယ်။

(၄) **ရန်သူ့တပ်မှ ပြည်သူ့တပ်မတော်သို့ လာရောက်ပူးပေါင်းသူ ၇၇ ယောက်။**

**၆။ ပြည်သူ့တပ်မတော်၏ တနှစ်အတွင်း ထူးခြားသောစစ်စွမ်းရည်**

ဒီတိုက်ပွဲတွေမှာ ထူးခြားတဲ့ အချက်တွေကို ဖော်ပြဘို့လိုမယ်။

ဗမာပြည်အလယ်ပိုင်းက တပ်တွေဟာ တဟုန်ထိုးစီးတဲ့ လုံ့စွပ်ထိုးတိုက်ပွဲတွေကို လုပ်နိုင်ခဲ့တယ်။

အထက်ဗမာပြည်က တပ်တွေဟာ ၁၅၀၀ နဲ့ တိုက်တဲ့ ရန်သူရဲ့ ထိုးစစ်ကို ဦးကျိုးအောင် တိုက်နိုင်တဲ့အပြင် ပြည်သူလူထုရဲ့ ဗုံးစစ်ပွဲနဲ့ ဆက်စပ်ပေးနိုင်ခဲ့တယ်။ မင်းစုနားမှာ ဗုံးတိုက်ပွဲတခုထဲနဲ့ ရန်သူ ၁၀၀ နီးပါး ကျဆုံးစေတာဟာ ထူးထူးခြားခြား မှတ်တမ်းတင်ဘို့ ကောင်းတယ်။

အောက်ဗမာပြည်က တပ်တွေဟာ မဟာမိတ်တွေဖြစ်တဲ့ ကော်သူလေးတို့ရဲ့ ယုံကြည်ကိုးစားမှုကို ရအောင်ယူပြီး ပြင်းထန်တဲ့ တိုက်ပွဲတွေကို ဆင်နွှဲနိုင်ခဲ့တယ်။

ရှမ်းပြည်က တပ်တွေဟာ ရှမ်း၊ ကချင်လူမျိုးတွေရဲ့ အားကိုးအားထားရာ ဖြစ်အောင် တိုက်ပွဲတွေကို ဆင်နွှဲနေနိုင်တယ်။

မြစ်ဝကျွန်းပေါ်က တပ်တွေဟာ ရန်သူအကျအဆုံးများအောင် ငါတို့ဘက်က (၁) ယောက်ကျလျှင် ရန်သူ (၁၀) ယောက်နီးနီးကျအောင် တိုက်နိုင်တဲ့အပြင် မဟာမိတ်တပ်တွေနဲ့လဲ ပူးတွဲတိုက်နိုင်ခဲ့တယ်။

ရခိုင်ပြည်က တပ်တွေနှင့် တနင်္သာရီ၊ ထားဝယ်ဘက်က တပ်တွေဟာ





ဗဟိုစစ်ဦးစီးဌာနချုပ်နဲ့ အဆက်အသွယ် ဘယ်လိုဘဲပြတ်နေပြတ်နေ **မိမိဘာသာ** ရပ်တည်နိုင်ယုံမက တနေ့တခြား အင်အားကြီးအောင် လုပ်နိုင်ခဲ့တယ်။

ပြည်သူ့တပ်မတော်တခုလုံးကို ခြုံကြည့်လျှင် တပ်မကြီးသီးသီး၊ တပ်မဟာအသီးသီးဟာ ဗဟိုစစ်ဦးစီးဌာနချုပ်က ချမှတ်ပေးတဲ့ သေနင်္ဂဗြူဟာ **နည်းပရိယာယ်များအရ** ရွတ်ရွတ်ချွန်ချွန် တာဝန်တွေ ထမ်းဆောင်နေကြတယ်။

ရှမ်းပြည်ကနေပြီး မလေးကျွန်းဆွယ်အထိ ငါတို့ရဲ့တပ်တွေဟာ ပြင်းထန်တဲ့ ပြန်လှန်ထိုးစစ်တိုက်ပွဲတွေကို တိုက်နေပြီ။ မြို့ကလေးတွေ သိမ်းနေပြီလို့ ရန်သူ့အသံလွှင့်ရုံတွေ၊ သတင်းစာတွေကကို ဝန်ခံထားကြတယ်။

ပြည်သူ့တပ်မတော်တခုလုံးရဲ့ ထူးခြားတဲ့စစ်စွမ်းရည်ကြောင့် ငါတို့ရဲ့ လွတ်မြောက်ရေးစစ်ပွဲဟာ မုချအောင်ရမယ်။

**၇။ မုချအောင်ရမည့် ငါတို့စစ်ပွဲ**

ငါတို့ဆင်နွှဲနေတဲ့ လွတ်မြောက်ရေးစစ်ပွဲဟာ မုချအောင်ရမယ်။ **ဘာကြောင့်**လဲဆိုလျှင် . . . .

(က) ငါတို့ရဲ့ ပြည်သူ့တပ်မတော်ကို မှန်ကန်တဲ့ သဘောတရားရှိတဲ့ ကွန်မြူနစ်ပါတီက ဦးဆောင်နေလို့ ဖြစ်တယ်။

(ခ) ငါတို့ရဲ့ ပြည်သူ့တပ်မတော်ဟာ မှန်ကန်တဲ့ စစ်ပွဲကို ဆင်နေလို့ ဖြစ်တယ်။

ငါတို့ဟာ ဗမာတပြည်လုံးကို ကျွန်လုပ်ဘို့ လုပ်နေတဲ့ အမေရိကန်နယ်ချဲ့သမားနဲ့ အမေရိကန်နယ်ချဲ့သမားရဲ့ ခိုင်းရာလုပ်နေတဲ့ သခင်နုအစိုးရကို တိုက်နေခြင်းသာဖြစ်တယ်။

ငါတို့ဟာ ပြည်တွင်းမှာ စစ်မီးငြိမ်းပြီး တပြည်လုံးအေးချမ်းရေးအတွက် တိုက်နေတာဖြစ်တယ်။

ငါတို့ရဲ့ ပြည်သူ့တပ်မတော်ဟာ တပြည်လုံးညီညွတ်ရေးအတွက် တိုက်နေတာ ဖြစ်တယ်။

**ငါတို့ဟာ** ကရင်–ဗမာလူမျိုးရေးစစ်ပွဲ စတဲ့ လူမျိုးရေးစစ်ပွဲတွေကို ရပ်စဲပြီး **ဗမာပြည်အတွင်းမှာရှိတဲ့** လူမျိုးအချင်းချင်း သွေးစီးညီညွတ်ရေးအတွက် **တိုက်နေတာဖြစ်တယ်။**

(ဂ) ငါတို့ ပြည်သူ့တပ်မတော်သားတွေရဲ့ စိတ်ဓါတ်ဟာ အထူး ကောင်း မွန်ပြီး ဖွဲ့သတ္တိဟာ အံ့သြစရာ ကောင်းလောက်ပေတယ်။

ထမင်းထုတ်စားပြီး တိုက်တာတွေ၊ ဆံပြုတ်သောက်ပြီး တိုက်တာတွေ ကျီအား များများမသုံးဘဲနဲ့ မြို့ဝင်စီးတာတွေဟာ ထူးထူးခြားခြား မှတ်တမ်းတင် လောက်တဲ့ ဖွဲ့သတ္တိတွေဘဲ။

(ဃ) ငါတို့ရဲ့ ပြည်သူ့တပ်မတော်ဟာ ပြည်သူလူထုရဲ့ ထောက်ခံမှု လုံးဝ ရရှိနေတယ်။ ဥပမာဆိုလျှင် ပျဉ်းမနားနယ်က လူထုဟာ တနှစ်မှာ ရက် ပေါင်း ၃၆၅ ရက်ရှိတဲ့အနက် ရက်ပေါင်း ၃၀၀ လောက် တော်လှန်ရေးတာဝန် ထမ်းဆောင်တယ်ဆိုတာ အင်မတန်ကို ကြည်ညိုစရာကောင်းတယ် အားရစရာ ကောင်းတယ်။

သခင်နု ဖဆပလ အစိုးရဟာ မြို့တွေကို သိမ်းနိုင်ပေမဲ့ ဒီနေ့အထိ အသက်သွေးကြောဖြစ်တဲ့ ရန်ကုန်မန္တလေး မီးရထားလမ်းကို မဆက်နိုင်သေးဘူး။ ပျဉ်းမနားနဲ့ ရွှေမြို့ကြားမှာ ရန်သူ့ဆက်သွယ်ရေးလမ်းကြောင်း ဖြတ်တောက်ခဲ့တာ ရက်ပေါင်း (၉၀၀) ကျော်ပြီ။ ဒီနေ့အထိ ပြန်မဆက်နိုင်သေးဘူး။ ဒါဟာ ပြည်သူ လူထုရဲ့အစွမ်းအစ ဖြစ်တယ်။

(င) တော်လှန်နေတဲ့ ပြည်သူလူထုဟာလဲ ပြည်သူ့ဒီမိုကရေစီတပ်ပေါင်း စုအဖြစ် ဖွဲ့ဖွဲ့စည်းစည်းရှိပြီး စည်းစည်းရှိတဲ့နောက်ပိုင်းအဖြစ်နဲ့ ငါတို့ကို ထောက်ခံ လျက် ရှိတယ်။

(စ) ငါတို့ရဲ့ ပြည်သူ့တပ်မတော် ဆင်နွှဲနေတဲ့ ပြည်သူ့လွတ်မြောက်ရေး စစ်ပွဲဟာ ဒီမိုကရေစီလိုလားတဲ့ ကမ္ဘာ့ပြည်သူလူထုက ထောက်ခံနေတယ်။

ငါတို့ရဲ့ ပြည်သူ့တပ်မတော်ဟာလဲ နယ်ချဲ့ဆန့်ကျင်ရေးစစ်ပွဲတွေဖြစ်တဲ့ ကိုရီးယားပြည်သူလူထုရဲ့ စစ်ပွဲ၊ ဗီယက်နမ်လွတ်မြောက်ရေးစစ်ပွဲတို့ကိုလဲ ကူညီလျက် ရှိတယ်။

ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် တိုက်နေတာဖြစ်တယ်။

အဲဒီအကြောင်းတွေကြောင့် ငါတို့ပြည်သူ့တပ်မတော်က ဆင်နွှဲနေတဲ့ ပြည်သူ့ လွတ်မြောက်ရေးစစ်ပွဲဟာ အောင်နိုင်ရမယ်။





## ၈။ အကြပ်အတည်းတွေ့နေသော ရန်သူ။

ငါတို့ရဲ့ ပြည်သူ့တပ်မတော်ဟာ တနေ့တခြား ကြီးထွားလာတာနဲ့ အောင်ပွဲ တွေ တခုပြီးတခု ဆင်နွှဲလာတာနဲ့ ရန်သူရဲ့အခြေအနေဟာ တနေ့တခြား ဆိုးရွား လာတယ်။

သခင်နု ဖဆပလအစိုးရဟာ အမေရိကန်နယ်ချဲ့သမားရဲ့ ရုပ်သေးရုပ် လုံးလုံးဖြစ်လာတဲ့အတွက်ကြောင့် မလွတ်မြောက်တဲ့ နယ်မြေမှာရှိတဲ့ ပြည်သူလူထု တရပ်လုံးက အုံကြွလာခဲ့တယ်။

ဖဆပလရဲ့ မဏ္ဍိုင်ဖြစ်တဲ့ ဆိုရှယ်လစ်ပါတီဟာ ကွဲပြီး အလုပ်သမား လယ်သမားပါတီ ပေါ်ပေါက်လာခဲ့တယ်။ အလုပ်သမား၊ လယ်သမားပါတီဟာ မလွတ်မြောက်တဲ့ နယ်တွေမှာ နယ်ချဲ့ဆန့်ကျင်ရေးလုပ်ငန်းတွေကို ဦးစီးရွေ့ဆောင် နေခဲ့တယ်။

ဗိုလ်ချုပ်အောင်ဆန်းအစ်ကို ဦးအောင်သန်းတို့ဟာလဲ ဖဆပလကို အတိုက်အခံလုပ်နေကြတယ်။

အစိုးရအဖွဲ့အတွင်းမှာတောင် သခင်နုနဲ့ ဗိုလ်နေဝင်းတို့ဟာ ပဋိပက္ခဖြစ်နေ တယ်လို့ ကြားရတယ်။

ကချင်၊ ချင်း၊ ပအို့၊ တောင်သူ စတဲ့ လူမျိုးတွေဟာလဲ နယ်ချဲ့သမားနဲ့ ဖဆပလရဲ့ ဖိနှိပ်မှုဒဏ်ကို မခံနိုင်ကြလို့ အုံကြွလာကြပြီ။

ဖဆပလ အစိုးရဟာ ဒီအကြပ်အတည်းတွေကို မဖြေရှင်းနိုင်တဲ့အတွက် ကြောင့် ရွေးကောက်ကျင်းပပြီး ပြည်သူလူထုကို လှည့်စားဖို့ ကျိုးစားပေမဲ့ မအောင်မြင်ခဲ့ဘူး။

အခုဆိုရင် ဗမာပြည်တပြည်လုံးကို အမေရိကန်စစ်စခန်းဖြစ်အောင်လုပ်ပြီး တတိယကမ္ဘာစစ်ထဲ ဆွဲသွင်းဖို့ လုပ်နေတယ်။

မေလအတွင်းက စင်ကာပူမှာ နယ်ချဲ့စစ်ဗိုလ်တွေ ကွန်ဖရင့်လုပ်ပြီး ချန်ကေရှိတ် စစ်တပ်တွေနဲ့ ဂျပန်စစ်တပ်တွေ သုံးပြီး တရုပ်ပြည်ကို တိုက်ဖို့ အစီအစဉ်တွေ လုပ်ခဲ့တယ်။

## ၉။ ညီညွတ်ရေးသည် အဓိက။

ဒီလိုအခြေအနေမှာ ငါတို့ရဲ့ပြည်သူ့တပ်မတော်ဟာ တတိယကမ္ဘာစစ်

တားဆီးရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေး အမေရိကန်နယ်ချဲ့ကျွန်အဖြစ်က လုံးဝလွတ်မြောက်ရေးတို့အတွက် တရုပ်ပြည်နဲ့ ခင်မင်ရင်းနှီးရေးတို့အတွက် ပြည်သူလူထုရဲ့ရှေ့မှာ မားမားမတ်မတ်နေပြီး တိုက်ရမယ်။

အမေရိကန်နယ်ချဲ့သမားကို ဆန့်ကျင်တဲ့ အင်အားစုမှန်သမျှ တစည်းတလုံးတည်းဖြစ်အောင် လုပ်ရမယ်။

ဒါကြောင့် တော်လှန်ရေးအင်အားစုတွေ မှန်သမျှ ပြည်သူ့ဒီမိုကရေစီတပ်ပေါင်းစုထဲ ပါရေး၊ ပြည်သူ့ဒီမိုကရေစီတပ်ပေါင်းစု ကျယ်ပြန့်ရေးတို့အတွက် ပြည်သူ့တပ်မတော်ဟာ အစွမ်းကုန်ကူညီရမယ်။

နယ်ချဲ့ဆန့်ကျင်တဲ့ အင်အားစုတွေမှန်သမျှ တလုံးတစည်းတည်းရှိတဲ့ အလုပ်သမားလူတန်းစားရဲ့ ခေါင်းဆောင်မှုအောက်မှာ ရှိရမယ်။

ဒါကြောင့် ဗမာပြည်ကွန်မြူနစ်ပါတီ၊ အလံနီကွန်မြူနစ်ပါတီ၊ ပြည်သူ့ရဲဘော်တို့ တပါတီဖြစ်ရေးအတွက်မှာ ပြည်သူ့တပ်မတော်ဟာ လုံးဝ ထောက်ခံရမယ်။

ပြည်သူ့တော်လှန်ရေး လက်နက်ကိုင်အင်အားစုမှန်သမျှဟာ တခုတည်းသော စစ်ဦးစီးအောက်မှာ တခုတည်းသော တပ်မတော်ဖြစ်ရမယ်။

ဒါကြောင့် ကော်သူလေးတပ်၊ အလံနီရဲ့ ရဲနီဘော်တပ်၊ ပြည်သူ့ရဲဘော်တို့ဟာ ငါတို့နဲ့ တလုံးတစီးတည်းသော ပြည်သူ့တပ်မတော်ဖြစ်လာအောင် ငါတို့ရဲ့ အဓိကလုပ်ငန်းအဖြစ် အစွမ်းကုန် ကျိုးစားရမယ်။

ငါတို့ရဲ့ ပြည်သူ့တပ်မတော်ဟာ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၊ တော်လှန်နေသော ပြည်သူ့ရဲဘော်တို့ကို ဖွဲ့စည်းထားခဲ့တယ်။ တခုတည်းသော တပ်မတော်ဖြစ်ပြီလို့ ငါတို့က တင်းတိမ်ကြေနပ်နေလို့ မဖြစ်ဘူး။ ပြည်သူ့တော်လှန်ရေး လက်နက်ကိုင်အင်အားစုမှန်သမျှ ပါလာအောင် ဆက်ပြီး ကျိုးစားသွားရမယ်။

ငါတို့ရဲ့ ပြည်သူ့တပ်မတော်ဟာ အင်အားကြီးမားမှ ရန်သူနယ်ချဲ့နဲ့ ဖဆပလကို နိုင်မယ်၊ တော်လှန်ရေး ၃ နှစ်အတွင်းမှာ ဝါးချွန်ကနေပြီးတော့ ရိုင်ဖယ်ဖြစ်လာတဲ့အတွက်ကြောင့် တင်းတိမ်နေတဲ့ သဘောထားတွေရှိတယ်။ ဒီလို တင်းတိမ်နေလို့ မဖြစ်ဘူး။ ရိုင်ဖယ်ကနေ အမြောက်ဖြစ်လာမှ ရန်သူကို အနိုင်တိုက်နိုင်မယ်။

ရိုင်ဖယ်ကနေ အမြောက်ဖြစ်အောင် ညီညွတ်ရေးဟာ အဓိကဘဲ။

ငါတို့ရဲ့ ပြည်သူ့တပ်မတော်ဟာ တော်လှန်ရေးအင်အားစုတွေ ညီညွတ်ရေး





အတွက် အစွမ်းကုန်ကျိုးစားရမယ်။ လာမဲ့နှစ်အတွင်းမှာ ငါတို့ရဲ့ အကြီးဆုံးအဓိဋ္ဌာန် ဖြစ်ရမယ်။

## ၁၀။ ပြည်သူလူထုရဲ့ သားသွီးကောင်းတွေဖြစ်ကြ။

ငါတို့ရဲ့ ပြည်သူ့တပ်မတော်ဟာ နိုင်ငံရေးတပ်မတော်ဖြစ်တယ်။ ဒါပေမဲ့ ချို့ယွင်းချက်တွေ ရှိနေသေးတယ်။ ဒီချို့ယွင်းချက်တွေ ပျောက်ပြီး တကဲ့နိုင်ငံရေးတပ်မတော် ဖြစ်လာရအောင် ကျိုးစားရမယ်။

ငါတို့ရဲ့ ပြည်သူ့တပ်မတော်ဟာ ပြည်သူလူထုရဲ့ သားသွီးဖြစ်တယ်။ ပြည်သူလူထုဟာ ငါတို့ရဲ့ ကျေးဇူးရှင်တွေဖြစ်တယ်၊ ငါတို့ရဲ့ မိဘတွေဖြစ်တယ်။

ငါတို့ ပြည်သူ့တပ်မတော်ထဲက တချို့တပ်မှူးတွေ၊ တချို့တပ်သားတွေဟာ လူထုဆန့်ကျင်ရေးအလုပ်တွေ လုပ်ကြတယ်။ လူထုအပေါ် ဗိုလ်ကျတာတွေ မင်းမူတာ တွေရှိတယ်။ ဒါတွေကို ချက်ခြင်းရပ်ပစ်ရမယ်။ သတိပေးလျက်နဲ့ ဆက်လက်ဆိုးနေဒါကို တွေ့ရင် ပြင်းပြင်းထန်ထန် အရေးယူဘို့ ပြည်သူ့တော်လှန်ရေး ဗဟိုစစ်ကောင်စီက သတ်မှတ်ပြီးပြီ။

ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့အစည်းတွေ လူထုအဖွဲ့အစည်းတွေကိုလဲ ကိုယ့်အမိဘလို ဆက်ဆန်ကြရမယ်။

ငါတို့ရဲ့ ပြည်သူ့တပ်မတော်ကို ဗမာ၊ ကရင်၊ ကချင်၊ ချင်း၊ ရှမ်း စတဲ့ အညွှင်းဆဲခံလူမျိုးအားလုံးရဲ့ တပ်မတော်ဖြစ်လာစေရမယ်။

ပြည်သူ့စစ် ပြည်သူ့ပျောက်ကြားတွေကို လေးစားရမယ်။ သူတို့နဲ့ ငါတို့ဟာ တဆက်စပ်ထဲ ဖြစ်စေရမည်။

## ၁၁။ ကိုယ့်ဟာကိုယ် ဖြည့်စွမ်းနိုင်သော တပ်မတော်ဖြစ်စေရမယ်။

ငါတို့ရဲ့ ပြည်သူ့တပ်မတော်ဟာ သုညကစပြီးတော့ တည်ထောင်ရတဲ့ တပ်မတော်ဖြစ်တယ်။ ငါတို့ဆီမှာ ငွေတိုက်ကြီးတွေ ဂိုဒေါင်ကြီးတွေ၊ လက်နက်ရုံကြီးတွေ မရှိဘူး။ အဲဒါကြောင့် ငါတို့တတွေမှာ ထောက်ပန့်ရေးနဲ့ပါတ်သက်ပြီးတော့ အခက်အခဲတွေ ရှိခဲ့တယ်။

ဒီအခက်အခဲတွေဟာ မကျော်လွှန်နိုင်တဲ့ အခက်အခဲတွေ မဟုတ်ဘူး။

ရန့်လက်နက်၊ ဒို့လက်နက်ဆိုပြီး ငါတို့တိုက်ခဲ့တယ်။ ဒါကြောင့်လဲ ငါတို့

လက်ထဲမှာ လက်နက်အင်အား၊ ပစ္စည်းအင်အား တနေ့တခြား များပြားလာတာဖြစ်တယ်။

နယ်ချဲ့သမားရဲ့ လက်နက်ရုံက ပစ္စည်းတွေဟာ ငါတို့ဆီကို တနေ့တခြား ရောက်လာရတယ်။ အမေရိကန်နယ်ချဲ့သမားက သခင်နု ဖဆပလအစိုးရကို ထုတ်ပေးတဲ့ လက်နက်ခဲယမ်းမီးကျောက်တွေ ပစ္စည်းတွေဟာလဲ ငါတို့ဆီကိုသာ ရောက်လာရတယ်။

တချိန်ထဲမှာဘဲ ပြည်သူလူထုဟာ ငါတို့ကို ကူညီနေတဲ့အတွက်ကြောင့် ငါတို့ရဲ့ ထောက်ပန့်ရေးအခက်အခဲတွေဟာ ဖြေရှင်းသွားနိုင်တယ်။

ငါတို့ ပြည်သူ့တပ်မတော် တည်ထောင်စက ထောက်ပန့်ရေးအတွက် အခက်အခဲ ရှိခဲ့တယ်။ ဒီအခက်အခဲတွေကို အခုတဖြည်းဖြည်း ကျော်လွန်လာနိုင်ပြီ။

ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့က ထောက်ပန့်တဲ့ သီးနှံခွန်တွေထဲကဆိုရင် ၆၀ ရာခိုင်နှုံးထက်မက ငါတို့ရဲ့ တပ်မတော်အတွက် သုံးစွဲတယ်။

ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့တွေကရတဲ့ အခွန်နှင့်ပင် မလုံလောက်လို့ ပြည်သူ့ဒီမိုကရေစီတပ်ပေါင်းစု ဗဟိုစည်းရုံးရေးကော်မတီကလဲ တပ်မတော်ထောက်ပန့်ရေးကော်မတီဖွဲ့စည်းပြီး တပ်မတော်ထောက်ပန့်ရေးအတွက် ငွေကြေးပစ္စည်း ကောက်ခံပေးခဲ့တယ်။

မနှစ်တုံးကဆိုရင် ပျဉ်းမနားခရိုင်တခုထဲက ၃ လ အတွင်းမှာ တပ်မတော်ထောက်ပန့်ရေးအတွက် တသိန်း၊ ငါးသောင်းထည့်ခဲ့တယ်။

အဲသည်လို စီစဉ်ချက်တွေကြောင့် ငါတို့ ပြည်သူ့တပ်မတော်ရဲ့ အခြေအနေဟာ တနေ့တခြား ကောင်းမွန်လာပြီ။

ဒါနဲ့ပင် မလုံလောက်သေးဘူး။ ပြည်သူ့တပ်မတော်ဟာ ပြည်သူလူထုကို အားကိုးရမယ်။ ဒါပေမဲ့ ပြည်သူလူထုချည်း သက်သက်အားကိုးနေလို့ မဖြစ်ဘူး။ ကိုယ့်ကိုယ်လဲ အားကိုးရမယ်။

ပက်ကျိတွေလို လူထုပေါ် တွယ်ကပ်နေတာမျိုး မဟုတ်ဘဲနဲ့ ကိုယ့်အစွမ်းကိုယ့်ဟာကိုယ် ဖြည့်စွမ်းနိုင်တဲ့ တပ်မတော်ဖြစ်လာအောင် ကျိုးစားရမယ်။

ငါတို့ရဲ့ ပြည်သူ့တပ်မတော်ဟာ တဘက်က တိုက်ခိုက်ရေးတပ်မတော်ဖြစ်သလို တဘက်ကလဲ ကိုယ့်ဝမ်းစာအတွက်ကိုယ်လုပ်တဲ့ တပ်မတော်ဖြစ်ရမယ်။

စစ်မြေပြင်မှာ တိုက်နေတဲ့ တပ်သားတွေကလွဲလျှင် နောက်ပိုင်းမှာ ရှိတဲ့





တပ်မတော်သားတွေဟာ အသီးအနှံ စိုက်ပျိုးတဲ့လူက ပျိုး။ ဘဲ၊ ကြက်၊ ဝက်စတဲ့ တိရစ္ဆာန်မွေးတဲ့လူက မွေး စတဲ့ ကုန်ထုတ်လုပ်ရေးလုပ်ငန်းတွေကို လုပ်ကြရမယ်။

အဲဒီလို ကုန်ထုတ်လုပ်ရေးလုပ်ငန်းတွေတွင်သာမက ပြည်သူလူထုရဲ့ စီးပွားရေးလုပ်ငန်းတွေမှာ အစွမ်းကုန် ဝင်ရောက်ကူညီကြရမယ်။ လယ်ထွန်တဲ့အချိန်မှာ ဝင်ထွန်ပေးတာတို့၊ ကောက်ရိပ်ချိန်မှာ ဝင်ရိပ်ပေးတာတို့ လုပ်ပေးရမယ်။

### ၁၂။ ပတ္တမြားမှုန်လျှင် နွံမနစ်စေရ။

ငါတို့ ပြည်သူ့တပ်မတော်အတွင်းမှာ အခက်အခဲတခုက ရာထူးအဆင့်အတန်းတွေနဲ့ ပါတ်သက်တဲ့ ပြဿနာဘဲ။

ငါတို့ ပြည်သူ့တပ်မတော် တည်ထောင်တဲ့အခါမှာ ထိုက်သင့်တဲ့ရာထူးနေရာမရာတာမျိုးတွေ မထိုက်သင့်ဘဲနဲ့ ရတာမျိုးတွေ အနဲအများ ရှိမယ်။ဒါကတော့ ဘယ်အဖွဲ့အစည်းဘဲဖွဲ့ဖွဲ့ အစမှာတော့ တွေ့ရမယ်။။

တာတွေဟာ ငါတို့ရဲ့လုပ်ငန်းတွေမှာ အနှောက်အယှက်ဖြစ်စရာအကြောင်းမရှိဘူး။ ပတ္တမြားမှုန်လျှင် နွံမှာ မနစ်စေရဘူးဆိုတဲ့ စကားကို ထိုက်သင့်တဲ့လူဟာ ထိုက်သင့်တဲ့နေရာ အမှန်ရမှာဘဲ။ ဒါတွေအတွက်လဲ ဗဟိုစစ်ဦးစီးဌာနချုပ်က ပြန်လည်ဆန်းစစ်ပြီး နေရာအမှန်ရောက်အောင် လုပ်နေပြီ။

စစ်အဖွဲ့အစီးတခုဟာ ကြီးမားလာတဲ့အခါမှာ မထိုက်ထန်ဘဲနဲ့ ကိုယ့်လူကိုယ် နေရာပေးခြင်တာတွေ မမှန်းနဲ့ ကိုယ့်လူကိုယ် ကာကွယ်ခြင်တာတွေ အနဲအများတော့ ရှိမယ်။ ဒါတွေကိုလဲ ဆိုင်ရာတပ်မှူးကြီးတွေက အထူးဂရုစိုက်ပေးရမယ်။

### ၁၃။ သတိကြီးကြီး ထားကြ

ငါတို့ ပြည်သူ့တပ်မတော်ရဲ့ တနှစ်သက်တန်းအတွင်းမှာ တင်ထွန်းအောင်သစ္စာဖောက်မှု အင်းစိန်ကျော်ထူးရဲ့ သစ္စာဖောက်မှု၊ ဖျာပုံကျော်ထူး နောင်ချိုရဲ့ သစ္စာဖောက်မှုဆိုပြီး (၃) ကြိမ်ပေါ်ပေါက်ခဲ့တယ်။ ဒီလို သစ္စာဖေါက်မှုတွေကို ပြည်သူ့တပ်မတော်ဟာ အချိန်မှီ တိုက်ဖျက်နိုင်ခဲ့တယ်။ ဒီလိုအချိန်မှီ တိုက်ဖျက်နိုင်တာဟာလဲ ဗဟိုစစ်ဦးစီးဌာနချုပ်အဘို့ ဂုဏ်ယူစရာဖြစ်တယ်။ နယ်ချဲ့သမားက

တဘက်၊ ပြည်သူလူထုက တဘက်၊ ပြင်းပြင်းထန်ထန် တိုက်ပွဲဆင်နေတဲ့ အချိန်မှာ ပြည်သူ့တော်လှန်ရေး အင်အားစုတွေအတွင်းမှာ နယ်ချဲ့သူလျှိုဟာ ပိုမိုလှုပ်ရှားလာစရာ အကြောင်းရှိတယ်။ ငါတို့ ပြည်သူ့တပ်မတော်ဟာ သတိကြီးကြီးထားပြီး တပ်မတော်တွင်းက နယ်ချဲ့သူလျှိုတွေကို ဖါယ်ရှားပစ်ဘို့ လိုတယ်။ လူထုရှေ့မှာ ဖေါ်ထုတ်ဘို့ လိုတယ်။ နယ်ချဲ့ သူလျှိုတွေဟာ တပ်မတော်အတွင်းမှာ ဖြစ်တတ်တဲ့ ချို့ယွင်းချက် အနည်းအကျဉ်းကို ချက်ယူပြီး ဇီးစေ့ကို မြင့်မိုတောင်ဖြစ်အောင် လုပ်တတ်တယ်။

နယ်ချဲ့သူလျှိုတွေဟာ ဒီလိုချက်ယူပြီး အသုံးမပြုနိုင်အောင် ပြည်သူ့တပ်မတော်အတွင်းမှာ ချို့ယွင်းချက်တွေကို ပိုက်စိတ်တိုက်ရှာပြီး ပြုပြင်ပေးရမယ်။

## ၁၄။ ဒါတွေလုပ်

**ရဲဘော်တပ်မှူး နိုင်ငံရေးမှူး တပ်ကြပ်နှင့် တပ်သားအပေါင်းတို့၊**

ငါတို့ရဲ့ နိုင်ငံရေးရည်ရွယ်ချက်တွေ စစ်ရေးရည်ရွယ်ချက်တွေ အောင်မြင်ဘို့အတွက် ဒါတွေလုပ်ဘို့ အမိန့်ပေးလိုက်တယ်။

(၁) ကော်သူလေး၊ အလံနီ၊ ပြည်သူ့ရဲဘော် စတဲ့ ပြည်သူ့တော်လှန်ရေး လက်နက်ကိုင်အင်အားစုမှန်သမျှ တခုတည်းသော ပြည်သူ့တပ်မတော်အတွင်းရောက်အောင် အစွမ်းကုန်ကျိုးစားကြ။

(၂) ငါတို့ ပြည်သူ့တပ်မတော်ဟာ ပြည်သူလူထုနှင့် တဆက်စပ်တည်း ဖြစ်အောင် ကျင့်သုံးလုပ်ကြ။

(၃) ငါတို့ရဲ့ တပ်မတော်ဟာ တိုက်ခိုက်ရေး တပ်မတော်သာမဟုတ်ဘဲ ကိုယ့်ဘာသာကိုယ် ဖြည့်စွမ်းနိုင်တဲ့ တပ်မတော်ဖြစ်အောင် ကျိုးစားကြ။

(၄) ငါတို့ရဲ့ တပ်မတော်အတွင်း နှောက်ယှက်ဖျက်ဆီးမဲ့ နယ်ချဲ့သူလျှိုတွေကို ပြည်သူ့တပ်မတော်တွင်းက တိုက်ထုတ်ကြ... နယ်ချဲ့သူလျှိုတွေက အချက်ယူပြီး အသုံးချမဲ့ အပြုအမူတွေမှန်သမျှ ချက်ခြင်းရပ်စဲကြ။

(၅) ပြည်သူလူထုရဲ့ ပျောက်ကြားစစ်ပွဲတွေ အကျယ်ပြန့်ဆုံးဖြစ်အောင် ဖော်ထုတ်ကြ။

(၆) ပြည်သူ့တပ်မတော်တခုလုံးရဲ့ စစ်စွမ်းရည်ကို မြှင့်တင်ကြ– တပ်မှူးများရဲ့ ရှေ့ဆောင်မှုစွမ်းရည်၊ အုပ်ချုပ်မှုစွမ်းရည်ကို မြှင့်တင်ကြ၊ သမရိုးကျနည်း





ပရိယာယ်တွေကို စွန့်လွှတ်ပြီး . . . . ဆန်းသစ်တဲ့ နည်းပရိယာယ်တွေကို ကျင့်သုံးကြ။

(၇) စစ်ဦးစီးလုပ်ငန်းကို လေးစားကြ။ ပြည်သူ့တပ်မတော်က ထုတ်ပြန်ထားတဲ့ စီးကမ်းဥပဒေများကို တသွေမတိမ်း လိုက်နာကြ။

(၈) ပြင်းထန်တဲ့ ပြန်လှန်ထိုးစစ်တိုက်ပွဲတွေကို ဆင်နွဲကြ။

ငါတို့ (၁) ယောက်ကျလျှင် ရန်သူ (၁၁) ယောက်ကျစေရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တိုက်ကြ၊ ဝါးချွန်ကနေပြီး ရိုင်ဖယ်ဖြစ်လာတယ်လို့ တင်းတိမ်မနေဘဲ ရိုင်ဖယ်က အမြောက်ဖြစ်စေရမယ်ဆိုသည့် ရည်ရွယ်ချက်နဲ့ ဆထက်တန်ဘိုးတိုး၍ တိုက်ကြ။

(၉) ၁၉၅၁ ခုနှစ်အတွင်းမှာ နိုင်ငံရေးအရ၊ စစ်ရေးအရ၊ အကြီးအကျယ် ပြောင်းလဲအောင်လုပ်ကြ။

၁၃၁၃ – ခု၊ တော်သလင်းလဆန်း (၁) ရက်။
၁၉၅၁ – ခု စက်တင်ဘာလ (၁) ရက်
(ပုံ) သန်းထွန်း
စစ်သေနာပတိချုပ်
ပြည်သူ့တပ်မတော်

**အလင်းရောင်ဂျာနယ်၊ အတွဲ ၃၊ အမှတ် ၁၄**

မူရင်းစာလုံးပေါင်းသတ်ပုံအတိုင်းဖော်ပြပါသည်။

☆☆☆



## တော်လှန်သော စစ်အတွေးအခေါ်များ ထွန်းကားရေး
### ၁၉၆၅ ခုနှစ်

၁၉၆၅ ခုနှစ်အတွင်း ပဲခူးရိုးမ ဗဟိုမာက်စ်လီနင်ဝါဒကျောင်း၊ ပထမပတ်တွင် မာက်စ်လီနင်ဝါဒ စစ်ရေးဘာသာရပ်၏ ဟောပြောချက်အမှတ် (၂) "တော်လှန်သော စစ်အတွေးအခေါ်များ ထွန်းကားရေး"ခေါင်းစဉ်တပ်ထားသော ယင်းဟောပြောချက်ကို ဗဟိုစစ်ကော်မတီဥက္ကဋ္ဌ သခင်သန်းထွန်းကိုယ်တိုင် တက်ရောက်၍ အထူးလေးနက်စွာပင် သင်ကြားပို့ချလေသည်။ သခင်သန်း‌ထွန်း၏ ဟောပြောချက်မှာ ဤသို့တည်း။ . . . .





ဒီသင်တန်းမှာတော့ ကွန်မြူနစ်ပါတီခေါင်းဆောင်တဲ့ ပြည်သူ့တပ်မတော်တည်ဆောက်ရေးကိုပဲ စူးစူးစိုက်စိုက် လေ့လာသွားမှာဖြစ်တယ်။

ဒီမှာ အပိုင်း ၃ ပိုင်းရှိမယ်။

(က) တော်လှန်တဲ့ စစ်အတွေးအခေါ်တွေ ထွန်းကားရေး။ ဒါဟာ ပါတီခေါင်းဆောင်တဲ့ တပ်မတော်တည်ဆောက်ရေးအတွက် အယူဝါဒရေးအုတ်မြစ်ဖြစ်တယ်။

(ခ) ပြည်သူ့တပ်မတော်မှာ ပါတီခေါင်းဆောင်မှု အကြွင်းမဲ့ရရှိရေးကို ဘယ်လိုတည်ဆောက်မလဲ။

(ဂ) ရန်သူ ချေမှုန်းရေး။

> ဒီဟောပြောချက်ကတော့ ပထမပိုင်းဖြစ်တဲ့ တော်လှန်တဲ့စစ်အတွေးအခေါ် ထွန်းကားရေးကိုပဲ ပြောသွားမှာဖြစ်တယ်။ ပါတီတွင်း၊ တော်လှန်တဲ့စစ်ကို ဆန့်ကျင်တဲ့ အတွေးအခေါ်တွေ၊ တော်လှန်တဲ့စစ်ကို ဖျက်သိမ်းပစ်ချင်တဲ့ အတွေးအခေါ်တွေ၊ တိုက်ဖျက်ပစ်ရေးဟာ ဒီကနေ့ အရေးအကြီးဆုံးအလုပ်။

၁။ ဗမာပြည်တော်လှန်ရေးစစ်ကို စီစစ်ကြည့်တဲ့အခါမှာ ထူးထူးခြားခြား ပေါ်လွင်တာတခုကို ပြောချင်တယ်။

စစ်ရေးအရ အင်မတန်အင်အားကြီးမားတဲ့ ရန်သူကို ၁၇ နှစ်ကျော် ရွှတ်ရွှတ်ချွံချွံ ခုခံတိုက်ခိုက်ပြီး ကမ္ဘာ့ဗိုလ်ပုံအလယ်မှာ မားမားရပ်တည်နိုင်ကာ တဖြေးဖြေး အင်အားကြီးမားနေတာ ဒီအတွက် ကျွန်တော်တို့ကွန်မြူနစ်ပါတီဟာ ဂုဏ်ရောင်ပြောင်တဲ့ ကြီးမြတ်တဲ့ ပါတီ၊ ကျွန်တော်တို့ တပ်မတော်ဟာ ဂုဏ်ရောင်

ပြောင်တဲ့ ကြီးမြတ်တဲ့တပ်မတော်၊ ကျွန်တော်တို့ပြည်သူတွေဟာ ဂုဏ်ရောင်ပြောင်တဲ့ ကြီးမြတ်တဲ့ ပြည်သူတွေဖြစ်တယ်။ ဒါကတော့ ထင်ရှားတယ်။

၂။ ဒါပေမဲ့ ၁၉၅၁ ခုနှစ်မှာ ငြိမ်းချမ်းရေးညွန့်ပေါင်းအစိုးရလမ်းစဉ် ပေါ်လာတယ်။ ''စစ်ရေးချို'' ဆိုတာ ပေါ်လာတယ်။ ဒါတွေကြောင့် ကျွန်တော်တို့ လက်နက်ကိုင်အင်အားစုတွေ အကြီးအကျယ် ဆုတ်ယုတ်ခဲ့ရတယ်။

၅၅ ခုနှစ်နောက်ပိုင်း အင်မတန်တိုတောင်းတဲ့ ကာလကလေးမှာ တော်လှန်တက်ကြွတာတွေဖြစ်ပြီး နောက်ပိုင်းမှာ ငြိမ်းချမ်းရေးစိတ်ကူးယဉ်တာတွေ၊ နေရှင်နောက်မြီးဆွဲဖြစ်တာတွေ၊ ဗိုလ်ရဲထွဋ်ပေးစာအရ လက်နက်အပ်ရေး မိမိဘာသာ အတိုက်အခိုက် ရပ်စဲထားရေး ချုပ်လိုက်ရင် ''စစ်မတိုက်ရေး''အတွေးအခေါ်တွေကြောင့် လက်နက်ကိုင်တော်လှန်ရေးအင်အားစုတွေ အကြီးအကျယ် ဆုတ်ယုတ်ခဲ့ရတယ်။

အမှန်စင်စစ်အားဖြင့် ၅၁ ခုနှစ် ငြိမ်းချမ်းရေးညွန့်ပေါင်းအစိုးရလမ်းစဉ် ''စစ်ရေးချို''တို့နဲ့ ၅၅ ခုနှစ်နောက်ပိုင်း ငြိမ်းချမ်းရေးစိတ်ကူးယဉ်တာ လက်နက်အပ်ရေး၊ စစ်မတိုက်ရေးတို့ကြောင့် ဆုံးရှုံးနစ်နာမှုဟာ ၅၀–၅၁ ခုနှစ် နှစ်နှစ်အတွင်း စစ်နိုင်ရေးတုန်းက လက်ဝဲစွန့်စားရေး အမှားထက်ပိုပြီး ကြီးမားတယ်။

၃။ ၄၅ ခုနှစ်တုန်းက ဂျပန်ဆန့်ကျင်တဲ့ တော်လှန်ရေးအပြီးမှာ ဘရောက်ဒေါက်ဝါဒ ပေါ်လာတာကို ဒီနေရာမှာ ထည့်မပြောသေးဘူး။ ၁၇ နှစ်လုံးလုံး တော်လှန်တဲ့စစ် အပြင်းအထန်တိုက်နေရတဲ့ထဲက ''စစ်မတိုက်ရေး''ဖြစ်တဲ့ တော်လှန်တဲ့စစ်ကို ဆန့်ကျင်တဲ့၊ တော်လှန်တဲ့စစ်ကို ဖျက်သိမ်းဘို့ကြံရွယ်တဲ့ အတွေးအခေါ်ဟာ ဘာကြောင့် အဖန်တလဲလဲ ပါတီရဲ့ခေါင်းဆောင်ပိုင်းမှာ ပေါ်ရသလဲ။ အကယ်လို့ တော်လှန်တဲ့စစ်သာ လက်တွေ့တိုက်မနေရရင် အင်မတန်ကို ဆိုးဝါးတာတွေဖြစ်နိုင်တယ်ဆိုတာ သေချာတယ်။

အချောင်သမားဝါဒဟာ လူတဦးတယောက်ရဲ့ ချွတ်ချော်မှု၊ မတော်တဆဖြစ်မှု၊ တိမ်းပါးမှု၊ သစ္စာဖောက်မှုမဟုတ်ဘူး။ လူမှုရေးဇာတ်မြစ်က ပေါက်ဖွားလာတာဖြစ်တယ်လို့ လီနင်ပြောဘူးတယ်။

ဒါကြောင့် ကျွန်တော်တို့ ပါတီခေါင်းဆောင်ပိုင်းမှာ ဒီလိုတော်လှန်တဲ့စစ်ကို ဆန့်ကျင်တဲ့ တော်လှန်စစ်ကို ဖျက်သိမ်းချင်တဲ့ အတွေးအခေါ်ပေါ်ပေါက်ရတာရဲ့ လူမှုရေးအကြောင်းရင်းတွေကို ရှာဖွေရမယ်။





ရန်သူကနေပြီး ဒလစပ်စစ်တိုက်နေတာနဲ့ ငြိမ်းချမ်းရေးလှည့်စားမှုတွေ လုပ်နေတာ၊ ဒါဟာ ကျွန်တော်တို့အတွင်းမှာ လက်ျာအချောင်သမားဝါဒဖြစ်စေတာရဲ့ ပြင်ပအကြောင်းဖြစ်တယ်။

နောက်အကြောင်းတခုကတော့ ကျွန်တော်တို့ပါတီနဲ့ တရုတ်ပြည်ပါတီနဲ့ မတူတဲ့ အခြေအနေတခု ရှိတယ်။ တရုတ်ပြည် ကွန်မြူနစ်ပါတီအနေနဲ့ လီနင်စတာလင်တို့ရဲ့ တိုက်ရိုက်ခေါင်းဆောင်မှု ရရှိခဲ့ပြီး စစ်မှန်တဲ့ မာ့က်စ်ဝါဒလီနင်ဝါဒနဲ့ ကြီးပြင်းခဲ့ရတယ်။ ကျွန်တော်တို့ပါတီအနေနဲ့တော့ အင်္ဂလန်ပါတီ၊ အိန္ဒိယပါတီတို့ကတဆင့် မာ့က်စ်ဝါဒကို သင်အံလာခဲ့ရတယ်။ ဒီလို ကျွန်တော်တို့ရတဲ့ မာ့က်စ်ဝါဒဟာ ဆိုရှယ်ဒီမိုကရေစီဝါဒတို့ အမျိုးသားပြုပြင်ရေးဝါဒတို့နဲ့ ရောစပ်ပြီး လာခဲ့တာကို တွေ့ရမယ်။ မျိုးသိပ်မစစ်ဘူးလို့ ပြောရမယ်။

ဒီပြည်တွင်းစစ်ကာလမှာလဲ ကရုံးရှော့ဖ်ဝါဒရဲ့ ဩဇာဟာ အတော်ပဲ ဂယက်ရိုက်ခတ်ခဲ့တယ်။ ဒါတွေကတော့ ပြင်ပအကြောင်းပဲ။

အဓိကအကြောင်းကတော့ အတွင်းအကြောင်းပဲ။ ပါတီခေါင်းဆောင်တွေ အနေနဲ့ နေရှင်ပေါက်စလက္ခဏာတွေ အကုန်အစင် မစွန့်လွှတ်နိုင်သေးတာ ပစ္စည်းမဲ့လူတန်းစားဘဝနဲ့ အတွေးအခေါ်ကို အပြည့်အဝ မခံယူနိုင်သေးတာ ဖြစ်တယ်။

၄။ ပါတီခေါင်းဆောင်တွေရဲ့ အတွေးအခေါ်နဲ့ ဘဝပြုပြင်ရေးဟာ အရေးအကြီးဆုံးလုပ်ငန်းတာဝန် ဖြစ်တယ်ဆိုတာကို ဗမာပြည်တော်လှန်ရေးစစ်က ထူးထူးခြားခြား ဖော်ထုတ်လိုက်တယ်။

ဒါကြောင့် ပါတီတရပ်လုံး အထူးသဖြင့် ခေါင်းဆောင်ပိုင်းမှာ တော်လှန်တဲ့စစ်ကိုဆန့်ကျင်တဲ့ တော်လှန်တဲ့စစ်ကို ဖျက်သိမ်းပစ်ချင်တဲ့ အတွေးအခေါ်တွေကို အကြွင်းမဲ့တိုက်ဖျက်ပစ်ရေး၊ တော်လှန်စစ်အတွေးအခေါ် ထွန်းကားရေးဟာ ဒီကနေ့ ကျွန်တော်တို့အားလုံးရဲ့ အရေးအကြီးဆုံးအလုပ်ဖြစ်တယ်။ ဒါမှသာ ပစ္စည်းမဲ့နိုင်ငံရေးလွှမ်းမိုးတဲ့တပ်မတော်၊ ပါတီခေါင်းဆောင်မှုရှိတဲ့တပ်မတော်ကို တည်ဆောက်နိုင်မယ်။

ဒါမှသာ တော်လှန်တဲ့စစ်ကို အနိုင်တိုက်နိုင်မယ်။

ဒါမှသာ ပစ္စည်းမဲ့လူတန်းစားနဲ့ လုပ်သားပြည်သူတွေက အာဏာသိမ်းနိုင်မယ်။

## တော်လှန်တဲ့ စစ်အတွေးအခေါ်များ ထွန်းကားရေး

**၁။ တော်လှန်သောစစ်၏ ရည်ရွယ်ချက်။**

**အာဏာသိမ်းရေး။**

၅၁ ခုနှစ်ကျတော့ ငြိမ်းချမ်းရေးညွန့်ပေါင်းအစိုးရလမ်းစဉ် ချမှတ်ခဲ့တယ်။ ရန်သူလူတန်းစားနဲ့ ပူးပေါင်းပြီး အာဏာယူဘို့ ကြံစည်အားထုတ်ခဲ့တယ်။ ဒါဟာ အာဏာသိမ်းရေးအမြင်ကို စွန့်လိုက်တာဖြစ်တယ်။

၅၅ ခုနှစ်ကျတော့ ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးလမ်းစဉ် ဆိုတာ ပေါ်လာတယ်။ ဥပဒေတွင်း ဝင်ရေးဆိုတာတွေ ဖြစ်လာတယ်။ တဘက်က တော့ အာဏာသိမ်းရေးကို မျှော်မှန်းနိုင်တဲ့ကာလအထိ ရွှေ့ပစ်လိုက်တာဘဲ။

''ပြည်တွင်းစစ်ရပ်စဲရေး''ဆိုတာရဲ့ နောက်မှာ စကားနောက်တရားပါ ဆိုတာလို စစ်မတိုက်ရေးဖြစ်လာတယ်။

ပြည်တွင်းစစ်ရပ်စဲရေး ပြည်တွင်းငြိမ်းချမ်းရေးသည် ဗမာပြည်ပြဿနာ အရပ်ရပ် ဖြေရှင်းရေး၏ အဓိကသော့ချက်ဖြစ်တယ်ဆိုတာတွေ ပေါ်လာတယ်။ ပြည်တွင်းငြိမ်းချမ်းရေးမှတပါး ကိုးကွယ်ရာ မရှိဆိုတာပါပဲ။ အာဏာသိမ်းရေးဟာ လုံးဝ ပျောက်သလောက် ဖြစ်သွားတယ်။ တကယ်ကတော့ အာဏာသိမ်းရေးသာ လျှင် ဗမာပြည်ပြဿနာအရပ်ရပ် ဖြေရှင်းရေးရဲ့ သော့ချက်ဖြစ်တယ်။

ဓနရှင်လူတန်းစားအတွင်း အကြပ်အတည်းတွေဖြစ်ပြီး တစုကတစု ဖြုတ်ချလုပ်နေကြတဲ့ အချိန်မှာတောင် ကျွန်တော်တို့ပါတီဟာ ဒီအခြေအနေကို အာဏာသိမ်းရေးအတွက် ဘယ်လိုလုပ်မလဲ မစဉ်းစားခဲ့ဘူး။ ငြိမ်းချမ်းရေးပဲ ပြောခဲ့တယ်။

ကျွန်တော်တို့ရဲ့ အတွေးအခေါ်က ''*တို့တော့ အာဏာသိမ်းဘို့ အားမရှိဘူး။ ဓနရှင်အစိုးရပဲ တည်မြဲနေမှာပဲ။ ဒါကြောင့် လက်ရှိအစိုးရကို ကာကွယ်ဘို့လုပ်ကြ။ ဒါမှမဟုတ် အာဏာလုနေတဲ့ ဓနရှင်အစုတွေထဲက ကိုယ်နဲ့ နီးစပ်မယ် ထင်တဲ့အစု အာဏာရဘို့သာလုပ်*''ဆိုတာပဲဖြစ်တယ်။

ကျုပ်တို့တော့ အာဏာသိမ်းနိုင်တဲ့ အားမရှိဘူး။ တိုးတက်တဲ့ ဓနရှင်အစု ကိုပဲ ခွေးကတက်နေရနေရ အလုပ်အကျွေးပြုသွားမယ်လို့ 'သခင်ချစ်မောင်'က ပြောလေ့ရှိတယ်။

ခွေးကတက်ကနေပြီး ဓနရှင်လူတန်းစားကို အလုပ်အကျွေးပြုရေးဆိုတဲ့ သခင်ချစ်မောင်ရဲ့ ဝါဒဟာ ကျွန်တော်တို့ပါတီထဲမှာ မသေးငယ်တဲ့ အတိုင်းအတာ အထိ အားရှိဆဲဖြစ်တယ်။

ရန်သူအုပ်စိုးတဲ့ ဓနရှင်လူတန်းစားနဲ့ ပူးပေါင်းပြီး အာဏာယူချင်တဲ့ အတွေးအခေါ်တွေ ဓနရှင်လူတန်းစားအစုတခုခုက အာဏာယူစေပြီး ကိုယ်က ခွေးကတက်နေပြီး အလုပ်အကျွေးပြုချင်တဲ့ အတွေးအခေါ်တွေကို ပါတီတွင်းမှာ အကြွင်းမဲ့ သုတ်သင်ရှင်းလင်းပစ်ဘို့ လိုမယ်။

'အာဏာသိမ်းရေး'အတွေးအခေါ် ပါတီတွင်း လွှမ်းမိုးလာမှသာ တော်လှန် တဲ့စစ်အလံဟာ တလူလူလွင့်နေမှာဖြစ်တယ်။

ဒါမှမဟုတ်ရင် တက်လာတဲ့ အညွန့်အတက်တွေ ခဏခဏ အချိုးခံရလို့ အပင်ဟာ ညှိုးနွမ်းသွားသလို တော်လှန်တဲ့စစ်ဟာ ဆုတ်ယုတ်ပျက်စီးသွားနိုင်တယ်။

**၂။ စစ်အနိုင်တိုက်ရေး။**

စစ်အနိုင်တိုက်ရေးဆိုတာနဲ့ အာဏာသိမ်းရေးဆိုတာ တကယ်ကတော့ အတူတူပါပဲ။

နိုင်ငံရေးအရပြောရင် အာဏာသိမ်းရေးပဲ၊ စစ်ရေးအရပြောရင် တနည်း အားဖြင့် စစ်ကာလနိုင်ငံရေးအရပြောရင် စစ်နိုင်ရေးပါပဲ။

၆၄ ခုနှစ် ဗဟိုကော်မတီဆုံးဖြတ်ချက်ရဲ့ အရေးကြီးတဲ့အပိုင်းတခုဟာ 'ရပ်တည်ရေး'သက်သက်အမြင်ကို ဆန့်ကျင်တိုက်ခိုက်ပြီး စစ်အနိုင်တိုက်ရေးအမြင် ကို ဖော်ထုတ်လိုက်ခြင်းဖြစ်တယ်။

၄၈ ခုနှစ်ကစပြီး စစ်နိုင်ရေးအမြင်ဟာ ပါတီတရပ်လုံး လွှမ်းမိုးခဲ့တယ်။

၅၁ ခုနှစ်ကစပြီး နှစ်နှစ်အတွင်းစစ်နိုင်ရေးလမ်းစဉ်ကို သွေးလန့်ပြီး စစ်နိုင်ရေးအမြင်ဟာ ပပျောက်ခဲ့တယ်။

၅၅ ခုနှစ်နောက်ပိုင်းမှာ ပိုဆိုးတယ်။ 'တော်လှန်ရေးရှုံးပြီ'ဆိုတဲ့ အမြင် ဆိုးဟာ ပါတီထဲမှာ ကြီးကြီးမားမား ဖြစ်ပေါ်ခဲ့တယ်။ 'ငါတို့ မရပ်တည် နိုင်တော့ဘူး' လို့ ပါတီတွင်းတချို့ အစိတ်အပိုင်းတွေဟာ ဆောက်တည်ရာမရ ဖြစ်ခဲ့ကြတယ်။ လက်နက်ချမှုကြီးတွေ ဖြစ်ခဲ့တယ်။




ယဉ်မျိုးစာအုပ်တိုက်

'ငါတို့ ရပ်တည်နိုင်တယ်'လို့ ကြွေးကြော်ပြီး ပါတီဗဟိုခေါင်းဆောင်အဖွဲ့ အစည်းဟာ 'ငါတို့ မရပ်တည်နိုင်တော့ဘူး'ဆိုတဲ့ ဆောက်တည်ရာမရတဲ့ အမြင်ဆိုးကို တိုက်ခိုက်ခဲ့တယ်။ 'ငါတို့ ရပ်နိုင်တယ်'ဆိုတဲ့ တောက်ပတဲ့ အမြင်ကောင်းဟာ 'ငါတို့ မရပ်တည်နိုင်ဘူး'ဆိုတဲ့ အမြင်ဆိုးအပေါ် အနိုင်ရခဲ့တယ်။ ဒီအတိုင်းအတာအထိ 'ငါတို့ ရပ်တည်နိုင်တယ်'ဆိုတဲ့ အမြင်ဟာ တော်လှန်တဲ့ သဘောရှိတယ်။ ဒါပေမဲ့ **ဒီအတိုင်းအတာအထိပဲ။**

'ငါတို့ ရပ်တည်နိုင်တယ်'ဆိုတဲ့အမြင်ဟာ 'စစ်နိုင်ရေး'အမြင် မဟုတ်ဘူး။ 'ရပ်တည်ရေး'သက်သက်အမြင်နဲ့ တော်လှန်တဲ့စစ်ကို **အောင်ပွဲခံနိုင်အောင်** တိုက်လို့ မရဘူး။ ဒီဘက်ကကြည့်ရင် 'ရပ်တည်ရေး'အမြင်ဟာ **တော်လှန်စစ် အနိုင်တိုက်ရေး** အတွက် အတားအဆီးဖြစ်တယ်။ တနည်းအားဖြင့်ပြောရင် **'ရပ်တည်ရေး'**အမြင်ဟာ **'ဘယ်တော့မှ** စစ်မနိုင်ရေး'အမြင်ဖြစ်တယ်။

ရပ်တည်ရေးသက်သက်အမြင်ဟာ ခံစစ်သေအမြင် **ဖြစ်တယ်။** တော်လှန်ရေးအင်အားစုတွေရဲ့ ထိုးစစ်စိတ်ဓာတ်ကို ပျက်စီးစေတယ်။ **ရန်သူရဲ့** ထိုးနှက်ချက်တွေ ရှေ့မှောက်မှာ ငုတ်တုတ်ခံရေးဖြစ်တယ်။ ရပ်တည်ရေးသက်သက်အမြင်ရှိနေရင် တော်လှန်ရေးအင်အားစုတွေဟာ ဘယ်နည်းနဲ့မှ **မကြီးထွားနိုင်ဘူး။**

ပစ္စည်းမဲ့လူတန်းစားပါတီရဲ့ ရပ်တည်ရေးအမြင်နဲ့ ထိုင်စားမနေဘဲ အခြေအနေကို ပြောင်းလဲပစ်ရေးဖြစ်တယ်။ ကျွန်တော်တို့ရဲ့ လက်နက်ကိုင်အင်အားစုတွေဟာ တိုးပွားပြီးရင်း တိုးပွားရမယ်။

ကျွန်တော်တို့ဟာ ရပ်တည်ရေးသက်သက်အမြင်ကို ဆန့်ကျင်ရမယ်။ ရပ်တည်ရေးသက်သက်အမြင်ဟာ ကိုယ့်အင်အားကြီးထွားရေးကို အားမထုတ်ပဲ ရှိတာကလေးနဲ့ တင်းတိမ်ပြီး လူထုအပေါ် မင်းမူနေတဲ့ ဒေသန္တရ စစ်ဘုရင်ဝါဒကို မွေးထုတ်တယ်။ ဒေသန္တရစစ်ဘုရင်ဝါဒဟာ တော်လှန်ရေးလက်နက်ကိုင်တပ်တွေ ကြီးထွားရေးအတွက် ကြီးမားတဲ့ အတားအဆီးတခုဖြစ်တယ်။ ကျွန်တော်တို့ 'ရပ်တည်ရေး'သက်သက်အမြင်က မွေးထုတ်လိုက်တဲ့ လေးငါးဆယ်ယောက်အစုကလေးနဲ့ ခွဲဖြန့်နေပြီး တော်လှန်တဲ့စစ်အနိုင်တိုက်ရေးကို အားမထုတ်တဲ့ ဒေသန္တရ **စစ်ဘုရင်ဝါဒကိုပါ** တိုက်သွားရမယ်။

ကျွန်တော်တို့ဟာ ရပ်တည်ရေးသက်သက်အမြင်၊ ခံစစ်သေအမြင် ဒေသန္တရစစ်ဘုရင်ဝါဒဆိုတဲ့ စစ်မနိုင်ရေးအမြင်ဆိုးတွေကို တိုက်ခိုက်ချေမှုန်းပြီး





ပါတီတရပ်လုံးမှာ 'စစ်နိုင်ရေး'အမြင်လွှမ်းမိုးအောင် မနားမနေ အားထုတ်သွားရမယ်။

ဒါကြောင့် ကျွန်တော်တို့အဘို့ –

– **စစ်နိုင်ရေးဟာ ပထမ။**

– **စစ်နိုင်ရေးဟာ ဒုတိယ။**

– **စစ်နိုင်ရေးဟာ တတိယ** ဖြစ်တယ်။

**၃။ လက်နက်ကိုင်တော်လှန်ရေး (သို့မဟုတ်) တော်လှန်သော စစ်သည် ပစ္စည်းမဲ့တော်လှန်ရေး၏ ယေဘုယျတရား**

အကြမ်းဖက်တော်လှန်ရေး၊ လက်နက်ကိုင်တော်လှန်ရေး၊ တော်လှန်တဲ့စစ် *(ဒါတွေဟာ အတူတူဘဲ)* ဒါကို ကေန်မိုချ လုပ်ရမယ်ဆိုတာဟာ မာ့က်စ်တို့ အိန်ဂဲလ်တို့ သင်ကြားချက်အားလုံးရဲ့ အရင်းခံပဲ။

အကြမ်းဖက် တော်လှန်ရေးဟာ လက်နက်ကိုင်တော်လှန်ရေးအပြင် လက်နက်မကိုင်တဲ့ အကြမ်းဖက်တော်လှန်ရေး ရှိနိုင်တယ်လို့ ခေတ်သစ်ပြန်လည်ပြင်ဆင်ရေးဝါဒသမားတွေက ပြောတာရှိတယ်။ ပါတီထဲမှာလည်း ဒီလိုခံယူတာတွေ ဖြစ်ပေါ်ဘူးတယ်။

ဒါပေမဲ့ ၅၈ ခုနှစ်တုန်းက မိုးကုတ်ဘက်မှာ ကျင်းပတဲ့ ပေါလစ်ပြူရို အစည်းအဝေးက *"လက်နက်ကိုင်တော်လှန်ရေး ဒါမှမဟုတ် တော်လှန်တဲ့စစ်ဟာ ယေဘုယျတရားမဟုတ်တော့ဘူး"*လို့ ဆုံးဖြတ်ခဲ့တယ်။ ဒီဆုံးဖြတ်ချက်ဟာ တကယ်ကတော့ မာ့က်စ်ဝါဒ၊ လီနင်ဝါဒရဲ့ အခြေခံအကျဆုံးတရားကို စွန့်လွှတ် လိုက်တာဖြစ်တယ်။

ဒီလိုဆုံးဖြတ်ချက်မျိုးကို ဘာကြောင့် ပါတီခေါင်းဆောင်အဖွဲ့အစည်းက ချမှတ်သလဲ၊ ဆိုဗီယက်ပါတီ နှစ်ဆယ်ကြိမ်မြောက် ကွန်ဂရက်ရဲ့ ဩဇာကြောင့်လို့ တချို့ကပြောနိုင်တယ်။ ကရူးရှော့ဖ်ဝါဒဟာ ဗမာပြည်ကွန်မြူနစ်လှုပ်ရှားမှုကို ဂယက်ရိုက်တာ အမှန်ပဲ။ ဒါပေမဲ့ လူတင်ပါလို့ နွားကျားကိုက်ဆိုတာလို တော်လှန်တဲ့စစ်အပေါ်မှာ ပါတီခေါင်းဆောင်တွေအနေနဲ့ ပင်ကိုယ်က မခိုင်မြဲတာဟာ အဓိက အကြောင်းဖြစ်တယ်။

လက်နက်ကိုင်တော်လှန်ရေး ဒါမှမဟုတ် တော်လှန်တဲ့စစ်ဟာ ယေဘုယျ

တရားဖြစ်တယ်လို့ ၆၂ ခုနှစ် ဗဟိုကော်မတီက ဆုံးဖြတ်ခဲ့တယ်။ ဒါဟာ ကျွန်တော်တို့ ပါတီရဲ့ ရင့်ကျက်လာမှုကို ပြရုံမက အနိုင်နိုင်ငံကွန်မြူနစ် လှုပ်ရှားမှုကို အလုပ်အကျွေးပြုလိုက်ခြင်းလဲဖြစ်တယ်။

ဒါပေမဲ့ ဒါနဲ့ ကျွန်တော်တို့ နှစ်သိမ့်လို့ မဖြစ်ဘူး။ ပါတီရဲ့သမိုင်းကို သုံးသပ်ကြည့်ရင် လက်နက်ကိုင်တော်လှန်ရေးနဲ့ပတ်သက်တဲ့ မာ့က်စ်ဝါဒ၊ လီနင်ဝါဒ အပေါ် မခိုင်မြဲသေးဘူးလို့ တွေ့ရမယ်။

တရုတ်ပြည် ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရဲ့ သမိုင်းကိုကြည့်ရင် ဒီတရားအပေါ်မှာ အခိုင်အမာ တည်ဆောက်ထားတယ်လို့ တွေ့ရမယ်။

ဗီယက်နမ် ပြည်သူ့တပ်မတော်ရဲ့ သမိုင်းကို လေ့လာကြည့်တဲ့အခါမှာ ဒီလိုပဲတွေ့ရတယ်။

"*လက်နက်ကိုင်တော်လှန်ရေး ဒါမှမဟုတ် တော်လှန်စစ်ဟာ ယေဘုယျ တရား*" ဆိုတာကို ဘယ်လိုမှ ဖြိုဖျက်လို့ မရအောင် ခိုင်ခိုင်မာမာ ကျွန်တော်တို့ ပါတီမှာ တည်ဆောက်ကြရမယ်။

ဒါမှသာ တော်လှန်တဲ့တပ်မတော်ကို တည်ဆောက်နိုင်မယ်။

တော်လှန်စစ်ကို အနိုင်တိုက်နိုင်မယ်။ အာဏာသိမ်းမယ်။

၄။ ဗမာပြည်မှာ ငြိမ်းချမ်းစွာ အာဏာသိမ်းရေး မဖြစ်နိုင်ဘူး။ လက်နက်ကိုင်တိုက်ပွဲနဲ့သာ အာဏာသိမ်းနိုင်တယ်။

လက်နက်ကိုင်တော်လှန်ရေး ဒါမှမဟုတ် တော်လှန်တဲ့စစ်ဟာ ယေဘုယျ တရားဖြစ်တယ်ဆိုတာကို လက်ခံယုံကြည်ရုံနဲ့ မလုံလောက်သေးဘူး။

ဗမာပြည်မှာ ငြိမ်းချမ်းစွာ အာဏာသိမ်းရေး မဖြစ်နိုင်ဘူး။ လက်နက်ကိုင်တိုက်ပွဲနဲ့သာ အာဏာသိမ်းနိုင်တယ်ဆိုတာကို ခိုင်ခိုင်မာမာ ယုံကြည်ဘို့လိုတယ်။

၄၈ ခုနှစ်တုန်းက လက်နက်ကိုင်တိုက်ပွဲကို တရားအနေနဲ့ ယုံကြည်တယ်။ ဒါပေမဲ့ လက်ရှိဆင်နွှဲနေတဲ့ ဗမာပြည်လက်နက်ကိုင်တော်လှန်ရေးတော့ မယုံဘူး ဆိုတာမျိုးတွေလဲ ပေါ်ခဲ့ဘူးတယ်။

ဗမာပြည်မှာ လက်နက်ကိုင်တော်လှန်ရေးနဲ့သာ အာဏာသိမ်းနိုင်တယ်ဆိုတာဟာ ၄၈ ခုနှစ်တော်လှန်ရေးရဲ့ အခြေခံအုတ်မြစ်ဖြစ်တယ်။ ဒါကို ၅၅ ခုနှစ် ဗဟိုကော်မတီက အတည်ပြုခဲ့တယ်။

ဒါပေမဲ့ ပြည်တွင်းစစ်ရပ်စဲပြီးတဲ့နောက် လက်နက်ကိုင်အာဏာသိမ်းတဲ့





အလားအလာတခုတည်းသာမက ငြိမ်းချမ်းစွာ အာဏာသိမ်းနိုင်တဲ့ အလားအလာ ရှိနိုင်တယ်လို့ ၅၆ ခုနှစ် စက်တင်ဘာလ ပေါလစ်ဗြူရိုက ဆုံးဖြတ်ခဲ့တယ်။

ကျွန်တော်တို့ပါတီတွင်းမှာ ပေါ်ပေါက်တတ်တဲ့ အချောင်သမားဝါဒဟာ အတော်ကလေး သိမ်မွေ့တယ်လို့ သတိပြုရပါမယ်။ အဲဒီဆုံးဖြတ်ချက်မှာဆိုရင် လက်နက်ကိုင်အာဏာသိမ်းရေးကို တိုက်ရိုက်ပယ်ထားသလားဆိုရင် မပယ်ထားဘူး။

ဒါပေမဲ့ –

(က) ပြည်တွင်းစစ်ရပ်စဲရေးဟာ ကေန်မုချဖြစ်တော့မလိုလို စိတ်ကူး ယဉ်ထားတာ။

(ခ) ငြိမ်းချမ်းရေးရပြီးတဲ့နောက် အလားအလာ ၂ ခုရှိလိမ့်မယ်လို့ စိတ်ကူးယဉ်ထားတာကို တွေ့ရမယ်။

ဘယ်လိုပဲဖြစ်ဖြစ် လက်နက်ကိုင်တော်လှန်ရေးနဲ့ အာဏာသိမ်းရမယ်ဆိုတဲ့ ယုံကြည်ချက်ကို ပျက်စေတဲ့ ဆုံးဖြတ်ချက်ဖြစ်တယ်။

ဒီဆုံးဖြတ်ချက်ကို ၆၂ ခုနှစ် ဗဟိုကော်မတီက ပယ်ဖျက်ခဲ့တယ်။ "*ဗမာပြည်မှာ ငြိမ်းချမ်းစွာ အာဏာသိမ်းရေးမဖြစ်နိုင်ဘူး။ လက်နက်ကိုင်တိုက်ပွဲ၊ ဒါမှမဟုတ် တော်လှန်တဲ့စစ်နဲ့သာ အာဏာသိမ်းနိုင်တယ်*"ဆိုတာကို အခိုင်အမာ ထူထောင်ခဲ့တယ်။

ဒီကနေ့ကြည့်ရင် ပါတီဟာ လက်နက်ကိုင်တော်လှန်ရေးဆိုတဲ့ မှန်ကန်တဲ့ လမ်းစဉ်ပေါ်မှာ လျှောက်နေပြီလို့ ပြောနိုင်တယ်။ ဒါကို ခိုင်မာအောင် ကျွန်တော်တို့ ဆက်လက်ကြိုးပမ်းရအုံးမယ်။

တော်လှန်တဲ့စစ် ဖွံ့ဖြိုးတိုးတက်ဘို့ဆိုရင် ရန်သူအုပ်စိုးတဲ့လူတန်းစားကို တော်လှန်ရေးဖျက်ဆီးတဲ့ အင်အားစုလို့ သဘောမထားတဲ့ အတွေးအခေါ်ကို ကျူပင်ခုတ်ကျူငုတ်မကျန်အောင် တိုက်ဖျက်ပစ်ဘို့လိုတယ်။

၄၈ ခုနှစ်က ကနေ့အထိ ဗမာပြည်မှာ လက်နက်ကိုင်တိုက်ပွဲဟာ အဓိကတိုက်ပွဲပုံသဏ္ဌာန်ဖြစ်ပြီး လက်နက်ကိုင်စည်းရုံးရေးဟာ အဓိကစည်းရုံးရေး ပုံသဏ္ဌာန်ဖြစ်တယ်။

ဒီအမြင်ဟာ ၄၈ ခုနှစ် လက်နက်ကိုင်တော်လှန်ရေးစကတည်းက ပါတီရဲ့ အခြေခံအမြင်ဖြစ်တယ်။

ပါတီဟာ ၄၈ ခုနှစ်က ၅၅ ခုနှစ်အထိ လက်နက်ကိုင်တိုက်ပွဲကို

အဓိကတိုက်ပွဲအဖြစ်နဲ့ ဆင်နွှဲခဲ့တယ်။ တော်လှန်တဲ့ တပ်မတော်တည်ဆောက်ရေးနဲ့ ပြည်သူ့စစ်ဖွဲ့စည်းရေးကို အဓိကစည်းရုံးရေးအဖြစ် လုပ်ခဲ့တယ်။

ကျွန်တော်တို့ပါတီမှာ တော်လှန်ရေးဆန့်ကျင်တဲ့ အတွေးအခေါ်တခုဟာ ကာလကြာရှည်စွာ အခိုင်အမာ လွှမ်းမိုးနိုင်တယ်ဆိုတာ လေးလေးနက်နက် စီစစ်ရမဲ့ကိစ္စ ဖြစ်တယ်။ ပါတီတွင်းမှာ မာ့က်စ်ဝါဒ လီနင်ဝါဒ တကဲ့ကို အားနည်းနေမှုကို ပြတယ်။ ပါတီတွင်းမှာကို တော်လှန်ရေးဆန့်ကျင်တဲ့ လူမှုရေးအခြေခံတွေ တစုံတရာ ရှိနေတယ်ဆိုတာကို ပြတယ်။ ပါတီတွင်းက တော်လှန်တဲ့ အတွေးအခေါ်ရှိတဲ့ အင်အားစုတွေဟာ ဆထက်ထမ်းပိုး ပြင်းပြင်းထန်ထန် တိုက်ဘို့ လိုအပ်နေပြီဆိုတာကို ပြတယ်။

လက်နက်ကိုင်တိုက်ပွဲနဲ့ လက်နက်ကိုင်တပ် စည်းရုံးရေးဟာ အဓိကဖြစ်တယ်လို့ ပါတီဗဟိုခေါင်းဆောင်အဖွဲ့အစည်းက ဆုံးဖြတ်လိုက်လို့ အစစအရာရာ ချောမောသွားပြီလို့ ထင်ရင် မှားမယ်။ လက်နက်ကိုင်တိုက်ပွဲဟာ အဓိကမဟုတ်ဆိုတဲ့ အတွေးအခေါ်ဟာ တချို့လူတွေအဖို့ သည်းခြေကြိုက်ဖြစ်တဲ့အပြင် ကာလကြာရှည်စွာ စွဲကပ်နေတာမို့ နေရာအများအပြားမှာ အခိုင်အမာ တပ်စွဲနေတုန်းပဲဖြစ်တယ်ဆိုတာ ဂရုပြုရမယ်။ အတွေးအခေါ်ဆိုင်ရာက ခုခံနိုင်အားနည်းသွားပေမဲ့ စည်းရုံးရေးခံကတုတ်ကနေပြီး ခုခံမှာတွေ၊ လက်တွေ့လုပ်ငန်းဆိုင်ရာကနေ ခုခံမှာတွေ အသွင်အမျိုးမျိုးနဲ့ ခုခံမှာတွေကို ကျွန်တော်တို့ ကြုံတွေ့ရအုံးမယ်။

**၅။ တော်လှန်တဲ့ လက်နက်ကိုင်တိုက်ပွဲနဲ့ တော်လှန်တဲ့ငြိမ်းချမ်းရေး။**

ကျွန်တော်တို့ရဲ့ တော်လှန်တဲ့ ငြိမ်းချမ်းရေးတိုက်ပွဲဟာ စစ်ရှုံးလို့ လက်နက်ချ အညံ့ခံဘို့အတွက်မဟုတ်ဘူး။ ရန်သူ့အောက်ကို ခေါင်းလျှိုဝင်ဘို့အတွက် မဟုတ်ဘူး။ စစ်ရေးထိုးနှက်ချက်တွေကို အထောက်အကူဖြစ်စေဘို့ ငြိမ်းချမ်းရေးထိုးစစ်သာ ဖြစ်တယ်။ ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေးတိုက်ပွဲဟာ ထာဝစဉ်ငြိမ်းချမ်းရေးအတွက် တိုက်နေတဲ့ တော်လှန်တဲ့ လက်နက်ကိုင်တိုက်ပွဲကို အထောက်အကူဖြစ်စေတဲ့ ငြိမ်းချမ်းရေးတိုက်ပွဲ တော်လှန်တဲ့ ငြိမ်းချမ်းရေးတိုက်ပွဲသာ ဖြစ်တယ်။

၅၁ ခုနှစ်မတိုင်ခင်က ကျွန်တော်တို့ပါတီဟာ တော်လှန်တဲ့ လက်နက်ကိုင်တိုက်ပွဲကို ပြတ်ပြတ်သားသား တိုက်ခဲ့တယ်။ ဒါပေမဲ့ အုပ်စိုးသူလူတန်းစား တော်လှန်ရေးဖျက်ဆီးတဲ့ ဖောက်ပြန်တဲ့ ငြိမ်းချမ်းရေးနည်းပရိယာယ်ကို လစ်လျူ





ရှုခဲ့တယ်။ ဒါကြောင့် အုပ်စိုးတဲ့ လူတန်းစားရဲ့ ဖောက်ပြန်မှုကို အလိုအလောက် ဖွင့်မချနိုင်ခဲ့ဘူး။ ရန်သူကို ထိထိရောက်ရောက် ဝိုင်းမပယ်နိုင်ခဲ့ဘူး။ ရန်သူက နိုင်ငံရေးလက်ဦးမှုရသွားခဲ့တယ်။

၅၁ ခုနှစ်မှာ ပါတီကငြိမ်းချမ်းရေးညွန့်ပေါင်း အစိုးရလမ်းစဉ်ကို ချမှတ်ခဲ့တယ်။ ငြိမ်းချမ်းရေးအလံကို ကိုယ့်လက်ထဲရဘို့ ကြိုးစားတာဖြစ်ပေမဲ့ လမ်းစဉ်က ရန်သူနဲ့ ပူးပေါင်းရေးလမ်းစဉ်ဖြစ်နေတယ်။ ဒါကြောင့် တော်လှန်ရေးအင်အားစုတွေကို အတော်ဘဲ ကျဆင်းစေခဲ့တယ်။

၅၁ ခုနှစ်မှာ အမျိုးသားလွတ်လပ်ရေး၊ ဒီမိုကရေစီရေး အချက်အလက်တွေအရ ငြိမ်းချမ်းရေးလုပ်ဘို့ ပါတီက အစိုးရကို ကမ်းလှမ်းခဲ့တယ်။ ရန်သူနဲ့ ပူးပေါင်းရေးမဟုတ်ဘဲ လူတန်းစားမှုတွေအရ ကမ်းလှမ်းတာဖြစ်တယ်။ တော်လှန်တဲ့ လက်နက်ကိုင်တိုက်ပွဲနဲ့ တော်လှန်တဲ့ ငြိမ်းချမ်းရေးတိုက်ပွဲကို တစုံတရာပေါင်းစပ်နိုင်တာကြောင့် ၅၅ နောက်ပိုင်းမှာ ကာလအပိုင်းအခြားတခုမှာ တော်လှန်တဲ့စစ်ဟာ ဖွံ့ဖြိုးတိုးတက်လာခဲ့တယ်။ ပါတီလက်ထဲမှာ နိုင်ငံရေးလက်ဦးမှု ရရှိခဲ့တယ်။ ကျယ်ပြန့်တဲ့ လူထုအုံကြွမှုဖြစ်ပေါ်စေခဲ့တယ်။ အုပ်စိုးသူလူတန်းစားအတွင်း အကြပ်အတည်းဆိုက်ပြီး အစိတ်စိတ်အမွှာမွှာ ကွဲသွားခဲ့တယ်။

ဒါပေမဲ့ 'ဥပဒေတွင်းဝင်ရေး'၊ အတိုက်အခံအဖြစ်နေရေး၊ 'ဗိုလ်ရဲထွင်မှု ပေးစာအရ လက်နက်အပ်ရေး'၊ ချုပ်လိုက်ရင် 'စစ်မတိုက်ရေး'နဲ့ 'ခွေးကတက်နေပြီး ရန်သူကို အလုပ်အကျွေးပြုရေး'ဆိုတာတွေကြောင့် တက်လာတဲ့ အင်အားစုတွေကိုလဲ မစုစည်းနိုင်ဘူး။ ပေါ်ပေါက်လာတဲ့ အခွင့်အလမ်းကောင်းတွေကိုလဲ အသုံးမချနိုင်ဘူး။ ပိုဆိုးတာက ကိုယ့်အင်အားတွေကိုတောင် မထိန်းသိမ်းနိုင်ပဲ ၅၈ ခုနှစ်နောက်ပိုင်းမှာ အထွေထွေလက်နက်ချမှုကြီးတွေ ဖြစ်ခဲ့တယ်။

၆၂ ခုနှစ် ဗဟိုကော်မတီက ဒီအတွေ့အကြုံတွေကို စီစစ်ပြီး ငြိမ်းချမ်းရေးတိုက်ပွဲနဲ့ ပတ်သက်တဲ့ တော်လှန်တဲ့ မူတွေကို ပြန်လည်ထူထောင်ခဲ့တယ်။ ဒါပေမဲ့ ၆၃ ခုနှစ် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ ဖြစ်လာတဲ့အခါမှာ အစောပိုင်းမှာ ပါတီခေါင်းဆောင်တွေဟာ အစိုးရနဲ့ မတွေ့ရဲမဆုံရဲဖြစ်ခဲ့တယ်။ ဒီအခါမှာ ပါတီဟာ နိုင်ငံရေးလက်ဦးမှု ဆုံးလုဆဲဆဲဖြစ်ခဲ့တယ်။ ဒီလိုဖြစ်ရတာဟာ ရန်သူလူတန်းစားနဲ့ ပတ်သက်ပြီးတော့ရော၊ ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီးတော့ရော၊ တရားသေဝါဒ လွှမ်းမိုးနေလို့ ဖြစ်တယ်။

နောက်ပိုင်းကျတော့ ပါတီဟာ မှန်ကန်တဲ့ရပ်တည်မှုနဲ့ နည်းပရိယာယ်တွေကို အခြေခံပြီး အစိုးရနဲ့ တွေ့ဆုံဆွေးနွေးခဲ့တယ်။ အစိုးရက မရေရာတဲ့ အကြောင်းပြချက်တွေနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဖျက်ပစ်လိုက်တယ်။ အစိုးရဟာ လူထုရဲ့ ဆန့်ကျင်တာ၊ ဝိုင်းပယ်တာ ခံခဲ့ရတယ်။ ပါတီအနေနဲ့ ငြိမ်းချမ်းရေးအလံကို ဆုပ်ကိုင်မြဲ ဆုပ်ကိုင်ထားနိုင်ခဲ့တယ်။

၆၄ ခုနှစ် ဗဟိုကော်မတီက

– အာဏာသိမ်းရေးကို ဦးတည်ပြီး လက်နက်ကိုင်တိုက်ပွဲကို ဆင်နွှဲသွားရမယ်ဖြစ်ကြောင်း။

– ငြိမ်းချမ်းရေး၊ အခွင့်အလမ်းပေါ်က ငြိမ်းချမ်းရေးလုပ်သွားမယ်ဖြစ်ကြောင်း။

– ငြိမ်းချမ်းရေးရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အာဏာသိမ်းရေးကို ဦးတည်ရမည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့တယ်။

ဒါဟာ လွန်ခဲ့တဲ့ ၁၆ နှစ်ကျော် တော်လှန်တဲ့ စစ်အတွေ့အကြုံတွေကို ပေါင်းချုပ်ပြီး တော်လှန်တဲ့ လက်နက်ကိုင်တိုက်ပွဲနဲ့ တော်လှန်တဲ့ငြိမ်းချမ်းရေးတိုက်ပွဲကို ပေါင်းစပ်လိုက်ခြင်းဖြစ်တယ်။

၆၄ ခုနှစ်လမ်းစဉ်ဟာ ငြိမ်းချမ်းရေးလမ်းစဉ် မဟုတ်ဘူး။ အာဏာသိမ်းရေး စစ်နိုင်ရေးလမ်းစဉ်ဖြစ်တယ်။

လမ်းစဉ်ဆိုတာ ဦးတည်ချက်တခုရောက်အောင် ကေန်မုချ မဖြစ်မနေ ကြိုးပမ်းအားထုတ်ခြင်းဖြစ်တယ်။

ငြိမ်းချမ်းရေးလမ်းစဉ်လို့ဆိုရင် ငြိမ်းချမ်းရေးမရ၊ ရအောင်၊ မဖြစ်မနေ ကြိုးပမ်းအားထုတ်ရမှာဖြစ်တယ်။ ၆၄ ခုနှစ်လမ်းစဉ်အရဆိုရင် ငြိမ်းချမ်းရေး မရမနေ ကြိုးပမ်းအားထုတ်ရမှာ မဟုတ်ဘူး။ အာဏာသိမ်းရေးကို ဦးတည်ပြီး၊ လက်နက်ကိုင်တိုက်ပွဲကို ဆင်နွှဲရင်း၊ ငြိမ်းချမ်းရေးအခွင့်အလမ်းပေါ်လာရင်သာ လုပ်သွားဘို့ဖြစ်တယ်။

၆၄ ခုနှစ်လမ်းစဉ်မှာပါတဲ့ တော်လှန်တဲ့ လက်နက်ကိုင်တိုက်ပွဲနဲ့ တော်လှန်တဲ့ ငြိမ်းချမ်းရေးတိုက်ပွဲ ပေါင်းထားတဲ့ အနှစ်သဘောကို နားလည်မှသာ တော်လှန်တဲ့ စစ်ကို ဆင်နွှဲလို့ ရမှာဖြစ်တယ်။ တော်လှန်တဲ့ တပ်မတော်ကို တည်ဆောက်လို့ ရမှာ ဖြစ်တယ်။





ငြိမ်းချမ်းရေးလမ်းစဉ်ရဲ့ အတွေးအခေါ်တွေ ကြွင်းကျန်နေသေးရင် တော်လှန်တဲ့စစ်ဟာ ဖွံ့ဖြိုးတိုးတက်သင့်သလောက် ဘယ်နည်းနဲ့မှ ဖွံ့ဖြိုးတိုးတက်မှာ မဟုတ်ဘူး။

တော်လှန်ရေးနယ်မြေတခုမှာ အခွန်ကောက်ခံရေးသက်သက်၊ အုပ်ချုပ်ရေးလုပ်ငန်းသက်သက် စီးပွားရေးပြုပြင်မှုလုပ်ငန်းသက်သက်သာ စီးပွားရေးဝါဒဖြစ်တယ်။ ဒါကို ဆန့်ကျင်တိုက်ဖျက်ရမယ်။ တကဲ့နိုင်ငံရေးအလုပ်ဟာ လူထုတရပ်လုံးကို တော်လှန်တဲ့စစ်အတွက် စည်းရုံးရေး၊ တော်လှန်ရေးအာဏာကို တည်ဆောက်ရေး၊ ခိုင်မြဲရေး၊ တိုးချဲ့ရေးဖြစ်တယ်။ ဒါတွေကို အစီအစဉ်နဲ့ လုပ်သွားရမယ်။

ရန်သူကို သေနင်္ဗျူဟာအရ အထင်သေးရမယ်။ နည်းပရိယာယ်အရ အလေးဂရုပြုရမယ်။ တနည်းအားဖြင့်ဆိုရင် ရန်သူကို မကြောက်ရဘူး။ ပေါ့လဲ မပေါ့ရဘူး။

၅၂ ခုနှစ် နောက်ပိုင်းကျတော့ ရန်သူအပေါ် သေနင်္ဗျူဟာအမြင်ဟာ ပြောင်းလဲသွားတယ်။ ငြိမ်းချမ်းရေးညွန့်ပေါင်းအစိုးရလမ်းစဉ်နဲ့အတူ ‘စစ်ရေးချို့’ဆိုတဲ့ စစ်ရေးလမ်းစဉ်ဟာ တွဲဘက်ပြီး ပေါ်လာခဲ့တယ်။ ဒီလမ်းစဉ်ရဲ့သဘောက ‘မိမိအင်အား ထိန်းသိမ်းရေး’လို့ စစ်ဆန်ဆန် စကားသုံးစွဲထားပေမဲ့ တကယ်ကတော့ ရန်သူကို သေနင်္ဗျူဟာအရ အထင်ကြီး၊ အကြောက်ကြီးကြောက်၊ အကြီးအကျယ်သွေးလန့်ပြီး စစ်မတိုက်ရေးပဲ ဖြစ်တယ်။ အောက်ခြေတပ်မှူး၊ တပ်သားတွေကတော့ ဒီကာလအတွင်းမှာ ရန်သူကို ရွတ်ရွတ်ချွန်ချွန် တိုက်ခဲ့ကြတယ်။ ဒါပေမဲ့ ပါတီတရပ်လုံးကို လွှမ်းခြုံထားတဲ့ သဘောထားလမ်းစဉ်ကတော့ စစ်မတိုက်ရေး၊ စစ်တိုက်လို့မဖြစ်သည်အထိ တပ်တွေကို ခွဲဖြန့်ရေး ဗဟိုဦးစီးမှုကို ဖျက်ပစ်သလောက် နီးနီးအထိ ချုပ်ကိုင်မှုကို လျှော့ပစ်ရေးတို့ဖြစ်တယ်။

၅၅ ခုနှစ် ပါတီဗဟိုကော်မတီဟာ ပြည်တွင်းစစ် ရပ်စဲရေးလမ်းစဉ်နဲ့အတူ ရန်သူကို ပြတ်ပြတ်သားသား တိုက်ခိုက်ရေး၊ စစ်ရေးလမ်းစဉ်နဲ့ စီမံကိန်းတို့ကို ချမှတ်ခဲ့တယ်။ ဒါပေမဲ့ ရန်သူကို နည်းပရိယာယ်အရ အလေးဂရုပြုရေးကို အကြောင်းပြုပြီး သေနင်္ဗျူဟာအရ အထင်ကြီးနေတဲ့အမြင်ဟာ လွှမ်းမိုးဆဲဖြစ်တယ်။ “တော်လှန်ရေး ကျဆင်းနေတယ်၊’ ‘တော်လှန်ရေးရှုံးပြီ’ဆိုတဲ့ အမြင်တွေဟာ လွှမ်းခဲ့တယ်။ ဒါကြောင့် ၅၅ ခုနှစ် ချမှတ်ခဲ့တဲ့ စစ်ရေးလမ်းစဉ်နဲ့ စစ်ရေး စီမံကိန်းတို့ဟာ စက္ကူပေါ်မှာပဲ တည်ရှိခဲ့တယ်။ ‘စစ်ရေးချို့’လမ်းစဉ်နဲ့

အမွှာညီနောင်ဖြစ်တဲ့ 'မိမိဘာသာ အတိုက်အခိုက်ရပ်စဲရေး'သဘောထားဟာ ဒီကာလအတွင်းမှာ တကြိမ်မက ဖြစ်ပေါ်ခဲ့တယ်။

၆၂ ခုနှစ် ဗဟိုကော်မတီဟာ ထွက်ပြေးရေး၊ ရှောင်တိမ်းရေး၊ အလွန်အကျွံ ဖြန့်ခွဲရေးဆိုတာတွေကို တိုက်ခိုက်ခဲ့တယ်။ ဒါဟာ တော်လှန်တဲ့စစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစုံတရာ အကျိုးပြုခဲ့တယ်။ ဒါပေမဲ့ ရန်သူကို သေနင်္ဂဗျူဟာအရ အထင်ကြီးနေတာကို အတွေးအခေါ်အရ တိုက်ခိုက်ခြင်း မရှိသေးဘူး။

ရန်သူကို သေနင်္ဂဗျူဟာအရ အထင်ကြီးနေတာဟာ ၆၄ ခုနှစ်၊ ဗဟိုကော်မတီအထိပဲဖြစ်တယ်။

**ရန်သူကို အစွမ်းကုန်ချေမှုန်းရေး။**

ပြီးခဲ့တဲ့အချိန်က ရန်သူကို ချေမှုန်းရေးအမြင်ဟာ ပါတီမှာပဲ အလွန်ခေါင်းပါးခဲ့တယ်။ 'ပစ်ပြေးရေး'၊ 'အမှည့်ချွေရေး'၊ 'ရှောင်တိမ်းရေး'ဆိုတဲ့ အမြင်တွေသာ လွှမ်းမိုးခဲ့တယ်။

ချေမှုန်းရေး အမြင်ခေါင်းပါးတာဟာ စစ်နိုင်ရေးအမြင် ခေါင်းပါးတာကနေပြီး ပေါက်ဖွားတာဖြစ်တယ်။

ကျွန်တော်တို့ဟာ ရန်သူကို စစ်ရေးအရ အနိုင်တိုက်ရမယ်။

ကျွန်တော်တို့ဟာ ရန်သူထက် အင်အားသေးငယ်ရာက ရန်သူနဲ့ ပုခုံးချင်းယှဉ်နိုင်တဲ့ အနေအထား၊ အဲဒီကနေပြီး ရန်သူထက် အင်အားသာလွန်တဲ့ အနေအထား အဲဒီလို အင်အားတိုးတက်ကြီးထွားပြောင်းလဲပစ်ရမယ်။

ရန်သူနဲ့ ကျွန်တော်တို့အင်အား နှိုင်းယှဉ်ချက်မှာ ပြောင်းပြန်လှန်ပစ်ရေး တနည်းအားဖြင့် ရန်သူထက် ကျွန်တော်တို့က အင်အားသာလွန်လာရေးဟာ ကျွန်တော်တို့ရဲ့ သေနင်္ဂဗျူဟာ းတည်ချက်ဖြစ်တယ်။

ရန်သူနဲ့ ကျွန်တော်တို့အကြား အင်အားနှိုင်းယှဉ်ချက် ပြောင်းပြန်လှန်ပစ်ရေးအတွက် သော့ချက်လုပ်ငန်းဟာ ရန်သူကိုအစွမ်းကုန် ချေမှုန်းရေး ဖြစ်တယ်။

ချေမှုန်းရေးကိစ္စကို သေနင်္ဂဗျူဟာ အမြင်အရ ရှင်းပြချင်တယ်။ ၅၅ – ၅၆ တုန်းက တနှစ်အတွင်းမှာ ကျွန်တော်တို့ တော်လှန်ရေးအင်အားစုတွေက တိုက်လို့ ရန်သူတပ်သား *(ကျဆုံးဒဏ်ရာရ ဖမ်းမိတောခို)* စုစုပေါင်း ၂၃၀၀





ယောက်ရှိတယ်လို့ ဗိုလ်အောင်ကြီးက ၅၆ ခုနှစ် စက်တင်ဘာလ တပ်မှူးကွန်ဖရင့်မှာ အစီရင်ခံတယ်။ ရန်သူတပ်ရင်း ၄ ရင်း ပြုတ်သွားတယ် ဆိုနိုင်တယ်။ ကျွန်တော်တို့ကသာ ၅၅ – ၅၆ ကတဲက အစီအစဉ်နဲ့ ချေမှုန်းရေးလုပ်ခဲ့ရင် အခုဆိုရင် ရန်သူရဲ့ အင်အားဟာ အကြီးအကျယ် ပြုတ်သွားပြီလို့ ခန့်မှန်းနိုင်တယ်။ ဒါပေမဲ့ ကျွန်တော်တို့ မလုပ်ခဲ့ကြဘူး။ ရေစုန်မျှောလိုက်ခဲ့ကြတယ်။

၆၄ ခုနှစ်အတွင်းမှာ ရန်သူအင်အား ၂၀၀၀ လောက် *(ကျဆုံးဒဏ်ရာရ ဖမ်းမိ တောခို)* အောင် လုပ်နိုင်ခဲ့တယ်။ ကျွန်တော်တို့အနေနဲ့ အစီအစဉ်နဲ့ ချေမှုန်းရေးလုပ်သွားရင် အချိန်ပိုင်းတခုအတွင်းမှာ ရန်သူနဲ့ ကျွန်တော်တို့အကြား အင်အားနှိုင်းယှဉ်ချက်ကို ပြောင်းပြန်လှန်ပစ်နိုင်တယ်။

ချေမှုန်းရေးကိစ္စကို တိုက်ပွဲအရ ရှင်းပြချင်တယ်။ မကြာသေးခင်ကအထိ 'ရန်သူကို သုံးဘက်ပိတ်ပြီးတိုက် တပေါက်ဖွင့်ပေးရမယ်။ အလုံပိတ်တိုက်ရင် ခွေးတောင်ကိုက်မိကိုက်ရာ ပြန်ကိုက်တတ်တယ်'ဆိုတဲ့ စစ်အတွေးအခေါ်ဟာ ကျွန်တော်တို့ တပ်တွေမှာ လွှမ်းမိုးခဲ့တယ်။ ဒါဟာ နေရှင်လူတန်းစား စစ်ရေး အမြင်ဖြစ်တယ်။

ပစ္စည်းမဲ့လူတန်းစားအမြင်က ရန်သူဟာ သေနင်္ဂဗျူဟာအရ အားသာလွန်းတယ်။ ကျွန်တော်တို့က နည်းပရိယာယ်အရ တိုက်ပွဲအရ အင်အား သာလွန်အောင် လုပ်ရမယ်။ ရန်သူကို အပိုင်းပိုင်း တပိုင်းစီ ချေမှုန်းသွားရမယ်။ ရန်သူရဲ့ အသက်ရှိအင်အားကို ဖျက်ဆီးပစ်ရေးဖြစ်တယ်။ တိုက်ပွဲတခုချင်းမှာ ထွက်ပေါက်ပေးလို့ မဖြစ်ဘူး။ ဒါကြောင့် အဘက်ဘက်က ဝိုင်းတိုက်ရေး၊ အထပ်ထပ် ဝိုင်းတိုက်ရေး အလုံပိတ်တိုက်ရေးပဲ။

ရန်သူကို ချေမှုန်းရေးဆိုတာ တကယ်ကတော့ ကျွန်တော်တို့အင်အားကြီးထွားရေးပဲ၊ ခေါင်းနဲ့ပန်းပဲ။

ဒါကြောင့် ကျွန်တော်တို့ဟာ ရန်သူကို ချေမှုန်းပြီးရင်း ချေမှုန်းသွားရမယ်။

**သခင်သန်းထွန်းနောက်ဆုံးနေ့များ၊ မြရာပင်စာပေမှ**

☆☆☆



## သခင်သန်းထွန်း၏ ကျောင်းဆင်းမိန့်ခွန်း
## ၁၉၆၅ ခုနှစ် နိဝင်ဘာလ

ပထမပတ် ဗဟိုမာ့က်စ်လီနင်ဝါဒကျောင်း၏ ကျောင်းဆင်း မိန့်ခွန်းကို ဗမာပြည်ကွန်မြူနစ်ပါတီဥက္ကဋ္ဌ သခင်သန်းထွန်းသည် ဤသို့ပြောကြားလေတော့သည်။





ကျွန်တော်တို့က ကျောင်းဖွင့်နေတဲ့အချိန်မှာ ရန်သူစစ်အစိုးရကလဲ ဗမာပြည်တော်လှန်ရေးကို ဖျက်ဆီးဘို့ 'ကေဒါ'လို့ တံဆိပ်တပ်ထားတဲ့ လက်မရွံ့ အာဏာသားတွေကို လေ့ကျင့်နေတာဖြစ်တယ်။ တနည်းအားဖြင့်ပြောရင် ကျွန်တော်တို့ဟာ ရန်သူလူတန်းစားနဲ့ နင်လားငါလားအပြိုင်တိုက်ပြီး တော်လှန်ရေးကေဒါတွေကို မွေးမြူနေတာဖြစ်တယ်။

ချုပ်လိုက်မယ်ဆိုရင် ကျွန်တော်တို့ကျောင်းဟာ နိုင်ငံတကာမှာရော၊ ပြည်တွင်းမှာရော လူတန်းစားတိုက်ပွဲဟာ မကြုံစဖူး ပြင်းထန်နေတဲ့ အခြေအနေ ပြင်းထန်တဲ့ အချိန်အခါမှာ ဖွင့်လှစ်လိုက်တာဖြစ်တယ်။

၆၄ ခုနှစ် ဗဟိုကော်မတီက ချမှတ်လိုက်တဲ့ နိုင်ငံရေးလမ်းစဉ်ဟာ ကျွန်တော်တို့ပါတီရဲ့ သမိုင်းမှာ အရေးကြီးတဲ့ အလှည့်အပြောင်းတခုဖြစ်တယ်။

၆၄ ခုနှစ်လမ်းစဉ်ဟာ ကျွန်တော်တို့ပါတီဟာ အာဏာသိမ်းရဲတဲ့ပါတီ ဖြစ်ကြောင်း အောင်ပွဲခံမဲ့ပါတီဖြစ်ကြောင်း၊ အာဏာသိမ်းရဲတဲ့ အာဏာသိမ်းမဲ့ အောင်ပွဲခံရတဲ့ အောင်ပွဲခံမဲ့ပါတီဟာ ကျွန်တော်တို့ပါတီမှတပါး အခြားမရှိကြောင်း အတိအလင်း ကြေညာလိုက်တာဖြစ်တယ်။ ကျွန်တော်တို့ပါတီရဲ့ လမ်းစဉ်ဟာ အာဏာသိမ်းရေး၊ စစ်နိုင်ရေးလမ်းစဉ်ဖြစ်ကြောင်း ကျွန်တော်တို့ပါတီဟာ ဗမာပြည် တခုတည်းသော မာ့က်စ်ဝါဒလီနင်ဝါဒပါတီဖြစ်ကြောင်း အခိုင်အမာ ကြေညာလိုက်တာဖြစ်တယ်။

၆၄ ခုနှစ်လမ်းစဉ်ဟာ ၄၈ ခုနှစ်လမ်းစဉ်ကို အခြေခံထားတာဖြစ်တယ်။ ၅၅ ခုနှစ်လမ်းစဉ်ရဲ့ တော်လှန်တဲ့မှုတွေကို ထိန်းသိမ်းထားတာဖြစ်တယ်။ ၆၂ ခုနှစ်လမ်းစဉ်ရဲ့ အဆိုးပိုင်းတွေကို ပယ်ပြီး အကောင်းပိုင်းတွေကို ထိန်းသိမ်းထားတာဖြစ်တယ်။

၆၄ ခုနှစ်လမ်းစဉ်ဟာ ၆၄ ခုနှစ်မတိုင်ခင်က ပါတီတွင်းမှာ ပေါ်ပေါက်ခဲ့တဲ့ အာဏာမသိမ်းရဲတဲ့ အတွေးအခေါ်တွေ၊ နေရှင်လူတန်းစားကို ခွေးကတက်နေပြီး အလုပ်အကျွေးပြုချင်တဲ့ အတွေးအခေါ်တွေ၊ တော်လှန်တဲ့ စစ်မတိုက်ရဲတဲ့ အတွေးအခေါ်တွေ၊ ပါတီဖျက်သိမ်းရေးအတွေးအခေါ်တွေ၊ ကိုယ့်ခေါင်းဆောင်မှုကို မယုံကြည်တဲ့ ကိုယ့်ပါတီကို မယုံကြည်တဲ့ တော်လှန်ရေးအလားအလာပေါ် မယုံကြည်တဲ့ အမြင်ဆိုးတွေ၊ စိတ်ပျက်အားငယ်မှုတွေကို တိုက်ဖျက်လိုက်တဲ့ လမ်းစဉ်ဖြစ်တယ်။ ဒါဟာ ၆၄ ခုနှစ်လမ်းစဉ်ရဲ့ အဓိက ထူးခြားချက်ဖြစ်တယ်။

တော်လှန်ရေးတက်နေသလား၊ ကျနေသလားဆိုတာမှာ တော်လှန်ရေးဟာ တက်နေတယ်လို့ ၆၄ ခုနှစ်လမ်းစဉ်က အတိအကျ ဖြေလိုက်တာဖြစ်တယ်။

ရန်သူဟာ လက်နက်ကိုင်ပြီး တော်လှန်ရေးကို ဖျက်ဆီးနေတဲ့ အင်အားစုဖြစ်တယ်။ မိမိဟာ လက်နက်ကိုင်တော်လှန်ရေးဖြစ်တယ်လို့ ရန်သူနဲ့ မိမိအကြားမျဉ်းကို ထင်ထင်ရှားရှား သားလိုက်တာဖြစ်တယ်။

လက်နက်ကိုင်တိုက်ပွဲနဲ့ လက်နက်ကိုင်တပ် စည်းရုံးရေးဟာ အဓိကဖြစ်တယ်ဆိုတာဟာ တော်လှန်တဲ့စစ်ကို ဆုံးခန်းတိုင်တိုက်ပြီး အာဏာသိမ်းမယ်လို့ အဓိဋ္ဌာန်ပြုလိုက်တာဖြစ်တယ်။

အလံနီနဲ့ ပြန်လည်ညီညွတ်ရေးဟာ တော်လှန်ရေးအောင်ပွဲရဲ့ သော့ချက်ဆိုတဲ့ သဘောထားကို ၆၄ ခုနှစ် ဗဟိုကော်မတီဟာ ပယ်ဖျက်လိုက်တာဟာ တော်လှန်ရေးအောင်ပွဲကို အလုံပိတ်ထားတဲ့ သော့ကိုရိုက်ချိုးပြီး တော်လှန်ရေးအောင်ပွဲခံရေးအတွက် တကဲ့သော့ချက်ကို ဖွင့်လိုက်တာဖြစ်တယ်။

*(လမ်းစဉ်တခု ချတယ်ဆိုတာဟာ ရှေ့ ဘာလုပ်မယ်ဆိုတာကို ဆန္ဒပြုတာသာဖြစ်တယ်။ အဓိဋ္ဌာန်ပြုတာသာဖြစ်တယ်။ အကောင်အထည်ဖော်သေးတာမဟုတ်ဘူး။*

*၆၄ ခုနှစ်လမ်းစဉ် အကောင်အထည်ဖော်ဘို့ဆိုရင် ပထမဦးဆုံးအနေနဲ့ ပါတီတရပ်လုံး လမ်းစဉ်အတိုင်း လှည့်ပြောင်းလာအောင် ကြိုးစားအားထုတ်ရအုံးမယ်။ ပါတီတရပ်လုံးအနေနဲ့ ၆၄ ခုနှစ်လမ်းစဉ်ရဲ့ စိတ်ဓာတ်ကို ဆုပ်မိကိုင်မိအောင် ရောမကြီးမားတဲ့ လုံးပမ်းအားထုတ်မှု လုပ်ရအုံးမယ်။ ၆၄ ခုနှစ်လမ်းစဉ်ရဲ့ အရင်လမ်းစဉ်အချို့ဟာ "ထူးမခြားနား"လို့ ထင်မြင်တာကို ရှင်းလင်းပစ်ဘို့ အများကြီးလုပ်ရအုံးမယ်)။*





ခု ကျွန်တော်တို့ ဖွင့်ခဲ့တဲ့ကျောင်းဟာ ၆၄ ခုနှစ် စိတ်ဓာတ် အပြည့်အဝနဲ့ ဖွင့်လိုက်တဲ့ ကျောင်းဖြစ်တယ်။ ဒီကျောင်းဖွင့်လိုက်တဲ့အတွက်လဲ ၆၄ ခုနှစ်စိတ်ဓာတ်ဟာ ပိုပြီးတော့ ဖွံ့ဖြိုးဝေဆာလာတယ်။ ၆၄ ခုနှစ်လမ်းစဉ်ကို ပိုပြီးတောက်ပြောင်လာစေခဲ့တယ်။

ဒီကျောင်းဟာ ကျွန်တော်တို့ပါတီတရပ်လုံး အတွေးအခေါ် လှည့်ပြောင်းရေးအတွက် အရေးကြီးတဲ့ ကွင်းဆက်ဖြစ်တယ်။

ဒီကျောင်းဟာ ကျွန်တော်တို့ပါတီ ဗိုလ်ရှီဗစ် ပိုပီသရေးအတွက် ကြီးမားစွာအကျိုးပြုလိုက်တာဖြစ်တယ်။

ပစ္စည်းမဲ့လူတန်းစား ရပ်တည်မှုရုပ်ဝါဒအမြင် အနုပဋိလောမနည်းနာဆိုတဲ့ ပစ္စည်းမဲ့နိုင်ငံရေးဟာ ပါတီတရပ်လုံး လွှမ်းမိုးအောင်လုပ်ဘို့ ၆၄ ခုနှစ် ဗဟိုကော်မတီက ဆုံးဖြတ်ခဲ့တယ်။

ဒီကျောင်းဟာ ပစ္စည်းမဲ့လူတန်းစားရပ်တည်မှု ရုပ်ဝါဒအမြင် အနုပဋိလောမ နည်းနာတွေစိုက်ထူဘို့ ၆၄ ခုနှစ် ဆုံးဖြတ်ချက်နဲ့အညီ ဖွင့်တာဖြစ်တယ်။

ဒါကြောင့် ဒီကျောင်းဟာ ဒီပြည်တွင်းစစ် (၁၇) နှစ်အတွင်းမှာပဲဖြစ်ဖြစ်၊ ပါတီရဲ့ သက်တမ်း (၂၆) နှစ်အတွင်းမှာပဲဖြစ်ဖြစ်၊ အရင်တုန်းက ဖွင့်ခဲ့တဲ့ကျောင်းတွေနဲ့ မူအရရော နည်းနာအရရော ခြားနားတယ်။

ဒီကျောင်းမှာဆိုရင် သဘောတရားတွေကို အကောင်အထည်မဲ့သင်တာမဟုတ်ပဲ လက်တွေ့နဲ့ ပေါင်းစပ်သင်တာဖြစ်တယ်။

ဒီကျောင်းဟာ ၆၄ ခုနှစ်လမ်းစဉ်ကို အကောင်အထည်ဖော်ရုံသာမကဘူး။ ၆၄ ခုနှစ်လမ်းစဉ်ကို ပိုမိုဖွံ့ဖြိုးစေတဲ့ ကျောင်းဖြစ်တယ်။

ဒီကျောင်းဟာ ပါတီတရပ်လုံး အတွေးအခေါ်ပုံသစ်လောင်းရေးအတွက် အစပြုလိုက်တာ ဖြစ်တယ်။ ဗဟိုကော်မတီနဲ့ တခြားခေါင်းဆောင်အဖွဲ့အစည်းတွေ အတွေးအခေါ် ပုံသစ်လောင်းရေးအတွက် ကြီးမားစွာ အကျိုးပြုလိုက်တာဖြစ်တယ်။

မာ့က်စ်လီနင်ဝါဒသဘောတရားဟာ အဖိနှိပ်ခံ လူတန်းစားတွေရဲ့ လွတ်မြောက်ရေး သဘောတရားဖြစ်တယ်။ မာ့က်စ်ဝါဒ၊ လီနင်ဝါဒသဘောတရားတွေဟာ သေနတ်အမြောက်တို့ထက် အဆပေါင်းများစွာ တန်ခိုးကြီးတယ်။ အတိုင်းမသိတဲ့ တန်ခိုးနဲ့ ပြည့်စုံပြီး ရန်တကောကို အောင်နိုင်စွမ်းရှိတယ်။

မဟာအောက်တိုဘာ ဆိုရှယ်လစ်တော်လှန်ရေးက တရုတ်ပြည်တော်လှန်

ရေးကို အောင်ပွဲခံနိုင်တဲ့ လက်နက်တွေပေးလိုက်တယ်။ အဲဒီလက်နက်တွေကတော့ မာ့က်စ်ဝါဒ၊ လီနင်ဝါဒပဲလို့ ရဲဘော်မော်စီတုန်းက ပြောဘူးတယ်။

အဲဒီလိုပဲ ဒီကျောင်းကနေပြီး ဗမာပြည်တော်လှန်ရေးအောင်ပွဲခံဘို့ လက်နက်တွေ ပေးလိုက်တယ်။ အဲဒါတွေကတော့ ဗမာပြည်တော်လှန်ရေးလက်တွေ့နဲ့ ပေါင်းစပ်ထားတဲ့ မာ့က်စ်ဝါဒ၊ လီနင်ဝါဒတရားတွေပဲ။

ကျောင်းဖွင့်တဲ့အခါတုန်းက ကျွန်တော်ဒီလိုပြောခဲ့ပါတယ်။

*'ကျွန်တော်တို့ဆီမှာ မာ့က်စ်ဝါဒ၊ လီနင်ဝါဒပိုင်တဲ့ လူငါးဆယ်ရအောင်သာ ကြိုးစား တော်လှန်ရေးအောင်နိုင်တယ်။''*

(ကျောင်းဖွင့်မိန့်ခွန်းမှ)

ဒီကျောင်းဟာ ဗမာပြည်မှာ မာ့က်စ်ဝါဒ လီနင်ဝါဒ ပိုင်နိုင်သူတွေ မွေးထုတ်ရေးအတွက် အရေးကြီးတဲ့ အစပြုချက်ဖြစ်တယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

ဒို့ကြောင့် ဒီကျောင်းဟာ တော်လှန်ရေးတဆင့်တက်ရေးအတွက် အာမခံလိုက်တာဖြစ်တယ်။ တော်လှန်ရေးအောင်ပွဲခံရေးအတွက် အာမခံလိုက်တာ ဖြစ်တယ်။

ဒါဟာ ဒီကျောင်းရဲ့ လေးနက်တဲ့ နိုင်ငံရေးအဓိပ္ပာယ်ဖြစ်တယ်။

ဒီကျောင်းမှာ မာ့က်စ်ဝါဒ၊ လီနင်ဝါဒနဲ့ တရားကိုယ်တွေကို ပို့ချနိုင်ခဲ့တယ်။ ပြန်လည်ပြင်ဆင်ရေးဝါဒနဲ့ စာရင်းရှင်းနိုင်ခဲ့တယ်။

မာ့က်စ်ဝါဒအတုနဲ့ မာ့က်စ်ဝါဒအစစ်ကို ခွဲခြားနိုင်ခဲ့တယ်။ မာ့က်စ်ဝါဒရဲ့ အမှန်တရားဆိုတာလဲ ရှာဖွေတွေ့ရှိခဲ့တယ်။

ကျွန်တော်တို့ကိုယ်ကို ပြန်သုံးသပ်ရင် ကျွန်တော်တို့ဟာ မာ့က်စ်ဝါဒ လေ့လာတဲ့အခါမှာ မာ့က်စ်ဝါဒအတုတွေနဲ့လဲ ရောနှောလေ့လာခဲ့ရတယ်။

ဥပမာ ၁၉၃၇ ခုနှစ်တုန်းက သခင်စိုးရေးတဲ့ 'ဆိုရှယ်လစ်ဝါဒ'ကျမ်း ဆိုပါတော့၊ ဒီစာအုပ်ဟာ ဟိုတုန်းကဆို အခြေအနေအရ ဗမာပြည်တော်လှန်ရေးကို အကျိုးပြုခဲ့တာ ရှိပါတယ်။ နိုင်ငံရေး နိုးကြားလာတဲ့ လူတွေ၊ တော်လှန်တက်ကြွတဲ့ လူတွေကို ဆိုရှယ်လစ်ဝါဒ လေ့လာဘို့ လှုံ့ဆော်အားပေးခဲ့တာ အမှန်ပဲ။ ဒါပေမဲ့





ဒီကျမ်းကို ဒီကနေ့ ကျွန်တော်တို့ပြန်ပြီး စိစစ်ကြည့်ရမယ်။ သခင်စိုး ရေးတုန်းက ဟိုတုန်းက လက်ဝဲဂိုဏ်းစာအုပ်အသင်း အမှုဆောင်တယောက်ဖြစ်တဲ့ ဂျွန်စတရတ်ချီ ရေးတဲ့ ဆိုရှယ်လစ်ဝါဒရဲ့ သဘောတရားနဲ့ လက်တွေ့ဆိုတဲ့ကျမ်းကို မဏ္ဍိုင်ပြုပြီး ရေးသားခဲ့တာပဲ။ တော်တော်များများက အဲဒီအထဲက ဘာသာပြန် ထည့်ခဲ့တာပဲ။ အဲဒီတုန်းက ဂျွန်စထရတ်ချီဟာ ဘာမှန်းမသိဘူး။ ကွန်မြူနစ်လို့တောင် ထင်ကြတာ ရှိတယ်။ အခုကျတော့ ဂျွန်စထရတ်ချီဟာ အင်္ဂလန်ပြည် လေဘာပါတီရဲ့ အရေးကြီးတဲ့ ခေါင်းဆောင်တယောက်ဖြစ်တဲ့အပြင် ခေတ်သစ်နယ်ချဲ့ စနစ်ရဲ့ မဏ္ဍိုင်တခုဖြစ်တဲ့ ဒုတိယလူမျိုးစုံအဖွဲ့ချုပ် *(အခုတော့ ကမ္ဘာ့ဆိုရှယ်လစ် အဖွဲ့ချုပ်လို့ ခေါ်တယ်)*ရဲ့ အဓိပတိသဘောတရားရေးဆရာကြီးပါကလား။

နောက်တခုပြောရအုံးမယ်။ သခင်စိုးရေးတဲ့ 'ဗမာ့တော်လှန်မှု'ဆိုတဲ့ စာအုပ်မှာ ကိုဘဟိန်းရေးတဲ့အမှာကို ဖတ်ဘူးကြလိမ့်မယ်။ အဲဒီမှာ သခင်စိုးဟာ မာ့က်ဝါဒကို ဘယ်လောက်ကြိုးစားလေ့လာတယ်ဆိုတာကို ဖော်ပြထားတယ်။ သခင်စိုးဟာ စကော့ဈေးထဲက *(အခုတော့ ဗိုလ်ချုပ်ဈေးလို့ ခေါ်ကြတယ်)* စာအုပ်ရောင်းတဲ့ ကုလားဆိုင်တဆိုင်မှာ စာအုပ်သွားဖတ်တဲ့အကြောင်း ဖွဲ့နွဲ့ရေးထားတယ်။ စာအုပ်လဲ မဝယ်နိုင်တော့ စာအုပ်ဝယ်မလိုလိုနဲ့ ခဏထိုင်ကြည့်ပြီး ပြီးသလောက် ဖတ်တယ်။ နောက်ပြီးတော့ ကုလားကို စာအုပ်ပြန်ပေးပြီး ထွက်လာတယ်။ အဲဒီလိုနဲ့ နေ့တိုင်း စာအုပ်သွားဖတ်တာ စာအုပ်ရောင်းတဲ့ ကုလားက ရိပ်မိပြီး ကာအုပ်ဆွဲသွားပြီး နောက်မပေးတော့တဲ့ အကြောင်းတွေ ရေးထားတယ်။ သခင်စိုးရဲ့ လေ့လာလိုတဲ့ စိတ်ဓာတ် တခမ်းတနား ရေးထားတာဖြစ်တယ်။ သခင်စိုးအနေနဲ့ အတုမရှိတဲ့ မာ့က်စ်ဝါဒသဘောတရားကြီးအဖြစ် ဟိုးဟိုးကျော်ကြားခဲ့တယ်။ ဒါပေမဲ့ အဲဒီတုန်းက သခင်စိုး သွားသွားဖတ်တဲ့စာအုပ်ဟာ ဘာစာအုပ်လဲ ဘူခါရင်ရေးတဲ့ 'သမိုင်းရေး ရုပ်ဝါဒ'ဆိုတဲ့ စာအုပ်ပါကလား။ ဘူခါရင်ဆိုတာ ဆိုဗီယက်ပါတီက လက်ျာအချောင်သမား သဘောတရားရေးဆရာကြီး ဖြစ်ပြီး ၁၉၃၇ ခုနှစ်တုန်းက ဆိုဗီယက်နိုင်ငံတော်ကို သစ္စာဖောက်မှုနဲ့ သတ်ပစ်ရတဲ့ လူပါကလား၊ သခင်စိုး အဲဒီတုန်းက ဘူခါရင်ကို လေ့လာတာဟာ ရန်သူကို လေ့လာနည်းအရ လေ့လာတာမဟုတ်ပါဘူး။ ဆရာအနေနဲ့ လေ့လာတာဖြစ်ပါတယ်။

ဒါတွေကို ကြည့်လိုက်မယ်ဆိုရင် ကျွန်တော်တို့ ဗမာပြည်ကွန်မြူနစ် လှုပ်ရှားမှုရဲ့ သန္ဓေဆင့်ကထဲက ဆိုရှယ်ဒီမိုကရေစီဝါဒတို့၊ လက်ျာအချောင်သမား

ဝါဒတို့ဟာ ရောနှောပြီး ပါလာတာတွေ တွေ့ရပါမယ်။

ကဲ ဒီပြည်တွင်းစစ်ကာလကြည့်အုံး၊ လီနင်တို့ စတာလင်တို့ မော်တို့ ရေးသားတာတွေကို လေ့လာခဲ့တာတွေကတော့ တော်လှန်ရေးကို တကယ်ဘဲ အကျိုးပြုခဲ့တာဘဲ။

၅၆ ခုနှစ်နောက်ပိုင်းမှာ ကရူးရှော့ဖ်ဝါဒဟာ ကျွန်တော်တို့ပါတီထဲမှာသာ တော်တော်ကြီးကြီးမားမားရှိခဲ့တယ်။ ဒါတွေကတော့ အများတကာသိပြီးသားမို့ မပြောတော့ဘူး။

ပြောချင်တာတခုကတော့ ကျွန်တော်တို့ရဲ့ အဖြစ်ဆိုးပုံကတော့ ပြန်လည်ပြင်ဆင်ရေးဝါဒရတာတောင် စစ်စစ်နဲ့ တိုက်ရိုက်လေ့လာခဲ့ရတာ မဟုတ်ဘူး။ **အိန္ဒိယပြန်**လည်ပြင်ဆင်ရေးသမားတွေက ဖောက်သည်ချပေးတာကို လေ့လာခဲ့ရတာ **ဖြစ်တယ်**။ အိန္ဒိယပြန်လည်ပြင်ဆင်ရေးသမားတွေက မော်စကို သွားလိုက် ကရူးရှော့ဖ်တို့နဲ့ ဆွေးနွေးလိုက် အပြန်ကျတော့ နေရူးအလုပ်အကျွေးပြုတဲ့ လမ်းစဉ်ကို မွမ်းမံလိုက် လုပ်ကြတယ်။ ပြည်တွင်းစစ်လုပ်တဲ့ ကျွန်တော်တို့ပါတီက ကိုယ့်ဟာကိုယ် **မစဉ်းစားဘဲ** အဲဒါတွေကူးချတာ အများကြီးဖြစ်ခဲ့တယ်။ ၅၆ ခုနှစ်နောက်ပိုင်း **ပါတီက** ထုတ်ပြန်တဲ့ ဓနရှင်လူတန်းစားနဲ့ ပတ်သက်တဲ့ သဘောတရားတွေဟာ **အိန္ဒိယပြန်လည်**ပြင်ဆင်ရေးသမားတွေရဲ့ ဓနရှင်လူတန်းစားဆိုင်ရာ သဘောတရား **တွေကို ဗမာအဝတ်**အစား ဝတ်ပေးထားတာသာဖြစ်တယ်။ အဲဒီတော့ ကျွန်တော်တို့ရဲ့ လေ့လာမှုတွေထဲမှာ မာ့က်စ်ဝါဒအတုနဲ့ အစစ်ဟာ ဘယ်လောက် ရောထွေးနေ **တယ်ဆိုတာ** ခန့်မှန်းနိုင်ပါတယ်။

**ဒါ**ကြောင့် အခုကျွန်တော်တို့ဖွင့်တဲ့ ကျောင်းဟာ မာ့က်စ်ဝါဒ၊ လီနင်ဝါဒ **နဲ့ ပြန်လည်**ပြင်ဆင်ရေးဝါဒ ရောထွေးနေတာကို အရင်းအမြစ်ကနေပြီး စာရင်းရှင်းပစ်လိုက်တာဖြစ်တယ်။

ဒါဟာ ကျွန်တော်တို့ပါတီ ဗိုလ်ရှီဗစ်ဖြစ်ရေးအတွက်ရော တော်လှန်ရေး အောင်ပွဲခံရေးအတွက်ရော အဆုံးအဖြတ်အခန်းက ပါဝင်လိုက်တာဖြစ်တယ်။

**ကျွန်**တော်တို့ပါတီဟာ ပြန်လည်ပြင်ဆင်ရေးဝါဒကို အကောင်အထည်မဲ့ ဆန့်ကျင်တိုက်ခိုက်နေတာ မဟုတ်ဘူး။ ဗမာပြည်ရဲ့ အကောင်အထည် အခြေအနေအရ ဆန့်ကျင်တိုက်ခိုက်နေတာဖြစ်တယ်။

ဗမာပြည်လွတ်လပ်ရေးရပြီးတဲ့နောက် လက်နက်ကိုင်တိုက်ပွဲ မလိုတော့ဘူး





လို့ ၁၉၅၅ ခုနှစ် ဒီဇင်ဘာတုန်းက ဗမာပြည်လာရင်း ကရူးရှော့ဖ်က ပြောသွားတယ်။ ဒီဆယ်နှစ်အတွင်းမှာ ကျွန်တော်တို့ပါတီအနေနဲ့ တော်လှန်တဲ့**စစ်ကို ကြံ့ကြံ့ ခိုင်ခိုင်** တိုက်ခိုက်နေခြင်းဟာ ကရူးရှော့ဖ်ဝါဒကို လက်တွေ့အကျဆုံး **ဆန့်ကျင် တိုက်ခိုက်**နေခြင်းဖြစ်တယ်။

သဘောတရားရေးဘက်ကဆိုရင် ဒီကျောင်းမှာ သိန်းဖေဝါဒ၊ ချမ်းအေးဝါဒတို့ကို ကွက်ကွက်ကွင်းကွင်း ဖော်ထုတ်တိုက်ခိုက်ခဲ့တယ်။ ဒါတွေကတော့ ပါတီပက ပြန်လည်ပြင်ဆင်ရေးအနွယ်တွေ ဖြစ်တယ်။

ပါတီတွင်းမှာလဲရှိနေတဲ့ ပြန်လည်ပြင်ဆင်ရေးဝါဒအနွယ်တွေကို တိုက်ခဲ့တာ ဖြစ်တယ်။ ဒီလို တိုက်ရာမှာလဲ အကောင်အထည်ရှိရှိ တိုက်ခဲ့တာဖြစ်တယ်။ ပြန်လည်ပြင်ဆင်ရေးဝါဒကို တိုက်ရာမှာ အကောင်အထည်ရှိတဲ့ ဂိုက်တံကတော့ သုံးခုဖြစ်တယ်။

**နံပါတ် (၁) ကတော့**

အကြမ်းဖက်တော်လှန်ရေး သဘောတရားဟာ မာ့က်စ်ဝါဒရဲ့ အရင်းခံ အကျဆုံးတရား ဖြစ်တယ်။ ဒါကို ဒီကျောင်းမှာ အခိုင်အမာ စိုက်ထူခဲ့တယ်။ အကြမ်းဖက်တော်လှန်ရေးကို ဆန့်ကျင်တဲ့ အတွေးခေါ်ကို ဆန့်ကျင်တိုက်ခိုက်ခဲ့တယ်။

အကြမ်းဖက်တော်လှန်ရေး သဘောတရားဟာ တော်လှန်တဲ့ လက်နက်ကိုင်တပ်တွေ တည်ဆောက်ရေးရဲ့ အခြေခံအုတ်မြစ်ဖြစ်တယ်။ အကြမ်းဖက်တော်လှန်ရေးသဘောတရားကို အခိုင်အမာစိုက်ထူခြင်းဟာ တော်လှန်တဲ့ လက်နက်ကိုင်တပ်တွေကို ခိုင်ခိုင်မာမာ တည်ဆောက်ခြင်းဖြစ်တယ်။

**နံပါတ် (၂) ကတော့**

ပစ္စည်းမဲ့အာဏာရှင်စနစ် သဘောထားဟာ မာ့က်စ်ဝါဒ၊ လီနင်ဝါဒရဲ့ အနှစ်သာရဖြစ်တယ်။ ဒါကို ဒီကျောင်းမှာ အခိုင်အမာ စိုက်ထူခဲ့တယ်။ လူတန်းစား အာဏာထူထောင်ရေး သံသယဖြစ်တာတွေကို ဆန့်ကျင်တိုက်ခိုက်ခဲ့တယ်။ အာဏာ မသိမ်းရဲတဲ့ အတွေးအခေါ်တွေကို ဆန့်ကျင်တိုက်ခိုက်ခဲ့တယ်။ ကွန်မြူနစ်ပါတီဟာ အာဏာယူရဲသလား၊ မယူရဲဘူးလား၊ အာဏာယူမလား မယူဘူးလားဆိုတာကို ရဲရဲတင်းတင်း အဖြေပေးတာဖြစ်တယ်။

**နံပါတ် (၃) ကတော့**

ပစ္စည်းမဲ့ ပါတီတည်ဆောက်ရေးဟာ အကြမ်းဖက်တဲ့ တော်လှန်ရေး အောင်ပွဲခံရေး၊ ပစ္စည်းမဲ့လူတန်းစား အာဏာရှင်စနစ် တည်ထောင်ရေးအတွက် အဓိကလက်နက်ဖြစ်တယ်။ ဒါကို ကျောင်းမှာ အခိုင်အမာစိုက်ထူခဲ့တယ်။ ပစ္စည်းမဲ့လူတန်းစားပါတီရဲ့ အခန်းကို လျှော့ချတဲ့ ပါတီဖျက်သိမ်းရေး အတွေးအခေါ်တွေကို ကျောင်းမှာ ဆန့်ကျင်တိုက်ခိုက်ခဲ့တယ်။

ဒီတရားသုံးခုအပေါ်မှာ ပါတီတရပ်လုံးဟာ ခိုင်မာမှသာ ပြန်လည်ပြင်ဆင်ရေးဝါဒကို အပြတ်အသတ် တိုက်ခိုက်နိုင်မယ်။ ကျောင်းအနေနဲ့ ဒီသဘောတရားရေးလက်နက်သုံးခုကို တပ်ဆင်ပေးခဲ့တယ်။ ကျောင်းက ရန်သူနဲ့ မိမိအကြား မျဉ်းကို ပြတ်အောင် လုပ်ပေးခဲ့တယ်။ ဓနရှင်လူတန်းစားနဲ့ ပတ်သက်ပြီး တော်လှန်တဲ့ အမြင်ကို စိုက်ထူပေးခဲ့တယ်။

ပြီးခဲ့တဲ့အချိန်က ပါတီရဲ့ နည်းပရိယာယ်ခေါင်းဆောင်မှုမှာ မှားယွင်းတာတွေရှိခဲ့တော့ ဓနရှင်လူတန်းစားနဲ့ ပတ်သက်ပြီး ရှုပ်ထွေးခဲ့တာပဲ။

ဗမာပြည်ဓနရှင်လူတန်းစားနဲ့ပါတ်သက်ပြီး ခွဲခြားမှုတွေ ဘယ်လိုဖြစ်ဖြစ်၊ သတ်မှတ်မှုတွေ ဘယ်လိုမှားမှား၊ ဓနရှင်လူတန်းစားဟာ အခြေခံအားဖြင့် ရန်သူလူတန်းစားဖြစ်တယ်။

အမျိုးသားဓနရှင်လူတန်းစားနဲ့ ပတ်သက်ပြီး 'ပေါင်းတိုက်' နည်းပရိယာယ် ကျင့်သုံးရမှာဖြစ်တယ်။ ဒါပေမဲ့ အမျိုးသားဓနရှင်လူတန်းစားဟာလဲ ဓနရှင်လူတန်းစားရဲ့ အစိတ်အပိုင်းဖြစ်တယ်။ ဓနရှင်လူတန်းစားနဲ့ ပတ်သက်ရင် ရန်ဘက်အဖြစ် ရှုရမယ်။ ဓနရှင်လူတန်းစားလက်ထဲက ခေါင်းဆောင်မှု လုယူရမယ်။ ဓနရှင်လူတန်းစားလက်ထဲက အာဏာကို လုယူရမယ်ဆိုတဲ့ အမြင်ရှိရမယ်။

ဒီအမြင်ကို ကျောင်းကစိုက်ထူခဲ့တယ်။

နယ်ချဲ့ဆန့်ကျင်ရေးကို အပေါ်ယံပြောတာဟာ ဗမာပြည်ဓနရှင်လူတန်းစားနဲ့ ပတ်သက်တဲ့အမြင်ကို ရှုပ်ထွေးစေတယ်။ ၄၈ ခုနှစ်နောက်ပိုင်း၊ ဗမာပြည်ရဲ့ အခြေအနေမှာ နယ်ချဲ့ဆန့်ကျင်ရေးဆိုရင် ဗမာပြည်အုပ်စိုးတဲ့ ဓနရှင်လူတန်းစားကို ဆန့်ကျင်တိုက်ခိုက်ရေးဖြစ်တယ်ဆိုတာကို ကျောင်းက အခိုင်အမာစိုက်ထူနိုင်ခဲ့တယ်။

ဗမာပြည်အုပ်စိုးတဲ့ ဓနရှင်လူတန်းစားက ပြည်သူတွေကို သတ်ဖြတ်နေတဲ့ အကြားက ဓနရှင်လူတန်းစားဟာ ဘယ်နေရာမှာ တိုးတက်ပါမလဲ၊ ဘယ်လို





ထောက်ခံရပါမလဲ၊ ကြံစည်အားထုတ်နေတာကို ကျောင်းကအခိုင်အမာ ဆန့်ကျင်တိုက်ခိုက်ခဲ့တယ်။

ချုပ်ပြောရမယ်ဆိုရင် ကျောင်းအနေနဲ့ ပစ္စည်းမဲ့လူတန်းစားရဲ့ ရပ်တည်မှုကို အခိုင်အမာစိုက်ထူနိုင်ခဲ့တယ်။

(ပထမပတ် ဗဟိုမာ့က်စ်လီနင်ဝါဒကျောင်းတွင် ပြောကြားသော
သခင်သန်းထွန်း၏ ကျောင်းဆင်းမိန့်ခွန်းမူရင်း စာမျက်နှာ ၂ မှ ၁၅)

**မာ့က်စ်ဝါဒ၊ လီနင်ဝါဒကို အသစ်တဖန်လေ့လာကြစို့**

'မာ့က်စ်ဝါဒ၊ လီနင်ဝါဒ အသစ်တဖန်လေ့လာရေးလို့ ပြောတဲ့အခါမှာ မာ့က်စ်၊ အိန်ဂဲလ်၊ လီနင်၊ စတာလင်တို့ကို လေ့လာရေးသာမက အထူးသဖြင့် ရဲဘော်မော်စီတုန်းကို လေ့လာရေးဖြစ်တယ်။ ဒီသဘောပဲ ကျောင်းဖွင့်မိန့်ခွန်းမှာ ကျွန်တော်ပြောခဲ့တယ်။

ရဲဘော်မော်စီတုန်းရဲ့ သဘောတရားတွေဟာ မာ့က်စ်ဝါဒ၊ လီနင်ဝါဒရဲ့ တလောကလုံးဆိုင်ရာ အမှန်တရားနဲ့ တရုတ်ပြည်တော်လှန်ရေးလက်တွေ့ကို ပေါင်းစည်းထားတာ ဖြစ်ရုံမကဘူး။ ဒုတိယကမ္ဘာစစ်ပြီး၊ ကမ္ဘာ့ပစ္စည်းမဲ့ တော်လှန်ရေး အဖိနှိပ်ခံပြည်သူတွေနဲ့ အဖိအနှိပ်ခံလူမျိုးတွေရဲ့ အမျိုးသားလွတ်မြောက်ရေး တော်လှန်ရေးအတွေ့အကြုံတွေကို မာ့က်စ်ဝါဒ၊ လီနင်ဝါဒတရားမှန်တွေ အခြေခံပြီး နိဂုံးချုပ်ထားတာဖြစ်တယ်။

ဒါကြောင့် ရဲဘော်မော်ရဲ့ သဘောတရားတွေဟာ အဖိနှိပ်ခံလူမျိုးတွေရဲ့ အဖိနှိပ်ခံပြည်သူတွေအားလုံးအတွက် အကျိုးဝင်တဲ့ ကမ္ဘာ့တရားမှန်တွေ ဖြစ်တယ်။ ရဲဘော်မော်စီတုန်းရဲ့ သဘောတရားတွေဟာ ကျွန်တော်တို့ခေတ်ရဲ့ အထိန်းအမှတ်လက္ခဏာဆောင်တယ်။ တနည်းအားဖြင့်ပြောရင် ကျွန်တော်တို့ခေတ်ဟာ မော်စီတုန်းခေတ်ပဲ၊ ရဲဘော်မော်စီတုန်းရဲ့ သဘောတရားတွေဟာ အဖိနှိပ်ခံပြည်သူတွေ အဖိနှိပ်ခံလူမျိုးတွေအားလုံးက ဘုံပစ္စည်းအဖြစ် ပိုင်ဆိုင်တဲ့ အဘိုးထိုက်အဘိုးတန် ရတနာတွေဖြစ်တယ်။

မော်စီတုန်းရဲ့ အတွေးအခေါ်ဟာ ကျွန်တော်တို့ခေတ်ရဲ့ မာ့က်စ်ဝါဒ၊ လီနင်ဝါဒပဲ ဒါကို ကျွန်တော်တို့ အခိုင်အမာ ဆုတ်ကိုင်ထားရမယ်။

ဒါကြောင့် ကျွန်တော်တို့ဟာ ရဲဘော်မော်စီတုန်းရဲ့ သဘောတရားတွေကို အထူးတလည် လေ့လာကြရမယ်။

(အထက်ပါ သခင်သန်းထွန်း၏ ကျောင်းဆင်းမိန့်ခွန်း မှုရင်း စာမျက်နှာ ၄၅ - ၄၆ မှ)

**"ရှေ့အလားအလာနှင့် လုပ်ငန်းတာဝန်များ"**

'တကယ်တော့ ဗိုလ်နေဝင်း စစ်အစိုးရရဲ့ အကြပ်အတည်းဟာ မဖြေရှင်းနိုင်တဲ့ အကြပ်အတည်းဖြစ်တယ်။ ဒီကနေ့ သူနဲ့ အဓိကပဋိပက္ခဖြစ်နေတာဟာ ပြည်သူတွေနဲ့ ဖြစ်တယ်။ သူရဲ့ ပကတိလက္ခဏာဟာ ပြည်သူ့ဆန့်ကျင်ရေးဖြစ်တယ်။ ဒါကြောင့် သူဟာ ပြည်သူတွေနဲ့ ဖြစ်နေတဲ့ ပဋိပက္ခကို ဘယ်နည်းနဲ့မှ မဖြေရှင်းနိုင်ဘူး။ သူ့အကြပ်အတည်းတွေကြောင့် သူဟာ တော်လှန်တဲ့ လူထုအုံကြွမှု လှိုင်းတံပိုးတွေအောက်မှာ စုန်းစုန်းမြုပ်သွားမှာဖြစ်တယ်။

ကျွန်တော်တို့ အခက်အခဲဟာ ရန်သူအကြပ်အတည်းနဲ့ အခြေခံလက္ခဏာ အရ ခြားနားတယ်။ ကျွန်တော်တို့မှာ အခက်အခဲတွေကို ကျော်လွှန်နိုင်တဲ့ နည်းလမ်းတွေ အပြည့်အဝရှိတယ်။ ကျွန်တော်တို့ရဲ့ အခက်အခဲတွေဟာ ကျွန်တော်တို့ရဲ့ ကြိုးပမ်းမှု၊ လူထုရဲ့ အကူအညီနဲ့ ကျော်လွှန်နိုင်တဲ့ အခက်အခဲတွေ ဖြစ်တယ်။

ဒါကြောင့် ကျွန်တော်တို့ဟာ ကေန်မုချအောင်ပွဲခံရမှာဖြစ်တယ်။

ဒီကနေ့အခြေအနေက တောင်းဆိုနေတာက ဒီကနေ့အခြေအနေမှာ ဖြစ်နိုင်တာနဲ့ ကျွန်တော်တို့ရဲ့ လုပ်နိုင်တဲ့ စွမ်းအားနဲ့ နှိုင်းယှဉ်ရင် ကျွန်တော်တို့ဟာ အတော်ပဲ နောက်ကျနေတယ်။

အခြေအနေကို အမှီလိုက်ဖို့ ကျွန်တော်တို့ဟာ အများကြီးအားထုတ်ရမယ်။

တချို့က ကျွန်တော်တို့ကို မလောစေချင်ဘူး။ မှန်ပါတယ်။ အခြေအနေနဲ့ ကျွန်တော်တို့ လုပ်နေတာနဲ့ တပြေးညီစွာ ဖြစ်နေရင် လုံးဝ မလောသင့်ဘူး။ လောရင် မှားတယ်။ ဒါပေမဲ့ အခြေအနေနဲ့ ကျွန်တော်တို့ဟာ တပြေးညီစွာ ဖြစ်နေသလား။ ကျွန်တော်တို့က အများကြီး နောက်ကျနေသလား။

ဒီကနေ့အခြေအနေမှာ လောတာမလောတာဟာ ပြဿနာမဟုတ်ဘူး။





ကျွန်တော်တို့အနေနဲ့ ပိုင်းဖြတ်ဖို့ကတော့ အခြေအနေနဲ့ နောက်ကနေပြီး ရှောက်လိုက်မလား။ အခြေအနေကို အမှီလိုက်ဖို့ လုံးပမ်းအားထုတ်မလား။

ရဲဘော်တို့၊

ကျွန်တော်တို့ရဲ့ ရှေ့မှာတော့ တော်လှန်ရေးဒီလှိုင်းကြီးဟာ တက်လာပြီ။

ကျောင်းက တပ်ဆင်ပေးလိုက်တဲ့ မာ့က်စ်ဝါဒ၊ လီနင်ဝါဒကို စွဲစွဲမြဲမြဲ ဆုပ်ကိုင်ပြီး၊ ဒီတော်လှန်ရေး ဒီလှိုင်းကြီးကို ရဲရဲတက်စီးပြီး မြင်နေရတဲ့ တဖက်ကမ်းက အောင်ပွဲဆီကို အရောက်ကူးမလား။

တော်လှန်ရေး ဒီလှိုင်းကြီးရဲ့ရှေ့မှာ တွန့်ဆုတ်တွန့်ဆုတ်နဲ့ လှိုင်းအပုတ်ခံပြီး လှိုင်းအောက်မှာ အမြုပ်ခံမလား။

ရဲဘော်တို့ဟာ မာ့က်စ်ဝါဒ၊ လီနင်ဝါဒကို စွဲစွဲမြဲမြဲ ဆုပ်ကိုင်ပြီး၊ ဒီတော်လှန်ရေးဒီလှိုင်းကြီးကို ရဲရဲတက်စီးပြီး မြင်နေရတဲ့ တဖက်ကမ်းက အောင်ပွဲဆီကို အရောက်ကူးကြလိမ့်မယ်လို့ ကျွန်တော်လုံးဝယုံကြည်ပါတယ်။

(အထက်ပါ သခင်သန်းထွန်း၏ကျောင်းဆင်းမိန့်ခွန်းမူရင်း စာမျက်နှာ ၅၉ - ၆၀)။

သခင်သန်းထွန်းနောက်ဆုံးနေ့များ(မြရာပင်စာအုပ်တိုက်)မှ

☆☆☆



## သတင်းဖော်ပြချက်များသာတွေ့ရှိပြီး အပြည့်အစုံ မတွေ့ရသော မိန့်ခွန်းများစာရင်း





၁။ ၁၉၄၂ ခုနှစ်၊ အောက်တိုဘာ ၂၈ ရက်နေ့၊ မြစ်ဝကျွန်းပေါ်ဒေသများသို့ ခရီးလှည့်လည်ရာတွင် ပြောကြားခဲ့သော 'ကရင်–ဗမာ ချစ်ကြည်ရေးမိန့်ခွန်း'။

၂။ ၁၉၄၅ ခုနှစ်၊ အောက်တိုဘာလ၊ ၂၈ ရက်နေ့ ဒလသင်္ဘောကျင်း အလုပ်သမားသမဂ္ဂ၏ ပထမအကြိမ် ကွန်ဖရင့်တွင် ပြောကြားခဲ့သော 'ဗမာပြည် လက်ရှိနိုင်ငံရေးအခြေအနေ' မိန့်ခွန်း။

၃။ ၁၉၄၅ ခုနှစ်၊ နိုဝင်ဘာ ၅ ရက်နေ့၊ မန္တလေးမြို့ အောင်နန်ရိပ်သာရပ်၊ ဗုဒ္ဓဘာသာ အထက်တန်းကျောင်းဝင်းအတွင်းရှိ နေသူရိန်ရုံကြီးတွင် ပြောကြားသော 'ဘုရင်ခံ ဘာ့ကြောင့်လက်မခံသလဲ' မိန့်ခွန်း။

၄။ ၁၉၄၇ ခုနှစ်၊ ဇူလိုင် ၂ ရက်နေ့၊ မြင်းခြံခရိုင်၊ တောင်သူလယ်သမားသမဂ္ဂရုံးနှင့် ကွန်မြူနစ်ပါတီ ဘုံရိပ်သာတွင် ပြောကြားသော 'လုံးဝလွတ်လပ်ရေးနှင့် ဖဆပလ–ကွန်မြူနစ် ပူးပေါင်းဆောင်ရွက်ရေး' မိန့်ခွန်း။

၅။ ၁၉၄၇ ခုနှစ်၊ ဇူလိုင် ၁၈ ရက်နေ့၊ စစ်ကိုင်းခရိုင်၊ မြင်းမူမြို့နယ်၊ အလ္လကပ္ပရွာတွင် ကျင်းပသော တောင်သူလယ်သမားအရေးဆိုပွဲကြီးတွင် ပြောကြားသော 'ဖဆပလ–ကွန်မြူနစ်ပါတီ ညီညွတ်ရေးနှင့် သမဂ္ဂများ' လုပ်ငန်းစဉ်' မိန့်ခွန်း။

၆။ ၁၉၄၇ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့၊ ရန်ကုန်၊ တာမွေ၊ ပုသိမ်ညွန့်ရပ်ကွက်တွင် ပြောကြားသော 'နု–အက်တလီစာချုပ်၊ ဖဆပလ–ကွန်မြူနစ် ညီညွတ်ရေး'' မိန့်ခွန်း။

၇။ ၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာ ၂ ရက်နေ့တွင် လမ်းမတော်တွင် ပြောကြားသော မိန့်ခွန်း။

၈။ ၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် ထီးတန်း ကြည့်မြင်တိုင်တွင် ပြောကြားသော မိန့်ခွန်း။

၉။ ၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာ ၁၄ ရက်နေ့တွင် အင်းစိန်၊ အောင်သိန်းတန် ရုံတွင် ပြောကြားသော မိန့်ခွန်း။

၁၀။ ၁၉၄၈ ခုနှစ်၊ မတ်လ၊ ၁၃ ရက်၊ ပျဉ်းမနား၊ ရွာလယ်ကွင်းကြီးထဲ တွင် ကျင်းပသော 'ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားသမဂ္ဂ ဒုတိယ အကြိမ်မြောက် တောင်သူလယ်သမားကွန်ဂရက်ကြီးတွင် ပြောကြားသော မိန့်ခွန်း။

☆☆☆







## နောက်ဆက်တွဲ (၁)

## ညီညွတ်ရေးအတွက် တိုက်ပွဲဆင်နွှဲခြင်းဖြင့် တည်ဆောက်ရမည်။

ဗမာပြည်ကွန်မြူနစ်ပါတီ

## ဗဟိုရ်ကော်မတီ၏ ထုတ်ပြန်ကျေညာချက်။

၁၉၄၆ ခုနှစ်၊ ဇူလိုင်

ဗမာပြည်ကွန်မြူနစ်ပါတီ ဇူလိုင်ကွန်ဖရင့်မှ တိုင်းပြည်ပြန်လည် ထူထောင်ရေးနှင့် လွတ်လပ်ရေးတို့အတွက် လုပ်ငန်းစဉ်ပါသော ဆုံးဖြတ်ချက်များ ချမှတ်ခဲ့သည့် ကြေညာချက်ဖြစ်သည်။ ထိုကျေညာချက်ကိုပင် ပြည်သူ့လုပ်ငန်းစဉ် အမည်ဖြင့် ပြည်သူ့ အာဏာပုံနှိပ်တိုက်မှ စာအုပ်ထုတ်ဝေခဲ့သည်။

*(စီစဉ်သူ)*

*လွန်ခဲ့သောနှစ်က ဗမာပြည်သူပြည်သားတို့သည် ဖက်ဆစ်ဂျပန်တို့အား လက်နက်စွဲကိုင်တော်လှန်ခဲ့ပေသည်။*

*သို့ရာတွင် နိုင်ငံရေးအားဖြင့် စည်းရုံးမှု ရှိသင့်သလောက် မရှိခဲ့ခြင်းကြောင့် ဗမာပြည်လွတ်လပ်ရေး၏ ပဌမအဆင့်ဖြစ်သော ယာယီအမျိုးသားအစိုးရကို မဖွဲ့စည်းနိုင်ခဲ့ပေ။ တနည်းအားဖြင့်ဆိုလျှင် ဖက်ဆစ်ဂျပန်တော်လှန်ရေးကို စည်းရုံးခဲ့သော ဖ–ဆ–ပ–လအဖွဲ့ချုပ်သည် လူထု၏ ခိုင်မြဲစွာ စည်းရုံးမှုထက် အပေါ်က ခေါင်းဆောင်များ၏ ညီညွတ်မှုအပေါ်တွင်သာ အခြေတည်ခဲ့သောကြောင့် ဖြစ်ပေသည်။*

ဗြိတိသျှနယ်ချဲ့သမား၏ ကိုယ်စားလည် ဗမာပြည် ဘုရင်ခံသည် စစ်အုပ်ချုပ်ရေးကို ရုပ်သိမ်းပြီးနောက် အမှုဆောင်အဖွဲ့တရပ်ကို ဖွဲ့စည်းကာ တိုင်းပြည်ကို အုပ်ချုပ်ခဲ့ပေသည်။ ၎င်းအမှုဆောင်အဖွဲ့သည် တိုင်းပြည်၏ ယုံကြည်ကိုးစားမှုလည်း မရ၊ တိုင်းပြည်တွင် ပေါ်ပေါက်နေသော ပြဿနာများကိုလည်း မဖြေရှင်းနိုင်။ ဗမာပြည် လွတ်လပ်ရေးဆိုလည်း ရှေ့မရှုဘဲ ဗြိတိသျှနယ်ချဲ့စနစ်အတွင်း ဒိုမီနီယံအုပ်ချုပ်ရေးသို့ ရှေ့ရှု၍ နေပေသည်။

**အစိုးရ၏ ပြန်လည်ထူထောင်ရေး။**

''ပရိုဂျက်'' ခေါ် စီမံကိန်းများဖြင့် ဗမာပြည်တွင် နယ်ချဲ့သမားတို့၏ လက်ဝါး ကြီးအုပ်စနစ်ကို ပြန်လည်ထူထောင်နေပေသည်။

ကုလားအရင်းရှင်၊ ဗမာအရင်းရှင်ကလေးတို့ကိုလည်း လက်ဝေခံစေကာ မိမိတို့ဘက်သို့ သိမ်းသွင်းနေပေသည်။

တိုင်းပြည်တွင် သူခိုးဈေး ပေါ်ပေါက်စေခြင်းအားဖြင့်လည်း မြို့နေဆင်းရဲ





သားများ၊ လူလတ်အောက်တန်းစားတို့ကို ဖျက်ဆီးနေပေသည်။

ကျေးလက်တောရွာများတွင်လည်း မြေပိုင်ရှင်စနစ်၊ ငွေတိုးကြီးစားစနစ်၊ အမြတ်ကြီးစားစနစ်ကို ပြန်လည်ထူထောင်နေပေသည်။

လူထုကြီး၏ စီးပွားရေးအခြေအနေမှာ တနေ့တခြား ဆိုးဝါး၍ လာပေသည်။

လယ်သီးစားသမားများအဖို့ လယ်ခမပေးနိုင်ခြင်း၊ လယ်မှ နှင်ထုတ်ခံရခြင်း၊ ဝမ်းစာမျိုးစပါးမရှိခြင်း။ ထွန်တုံး၊ ထွန်တန်၊ ကျွဲနွား မလုံလောက်ခြင်းစသော ပြဿနာများကို ရင်ဆိုင်နေရပေသည်။

၎င်းပြင် လယ်ကူလီများ၊ ကောက်စိုက်မများအဘို့လည်း ဝမ်းစာ မရှိကြ။ အဝတ်အထည်မရှိကြ သုံးစရာငွေမရှိကြ။

ထိုမှတပါး ကိုယ်ပိုင်လယ်လုပ်သူများမှာလည်း ငွေမရှိခြင်း။ ကျွဲနွားမလုံလောက်ခြင်း စသော ပြဿနာများ ကြုံတွေ့နေရပေသည်။

ထို့ကြောင့်လည်း ဗမာပြည်အနှံ့အပြားတွင် လယ်သီးစားခမပေးရေးတိုက်ပွဲ၊ လယ်ဝင်လုပ်ရေးတိုက်ပွဲတို့ ပေါ်ပေါက်ခဲ့ပေသည်။ အထက်ဗမာပြည်တွင်လည်း မြေခွန်မပေးရေးတိုက်ပွဲများ ပေါ်ခဲ့ပေသည်။

အလုပ်သမားများအဘို့လည်း နေရေးထိုင်ရေး စရိတ်ကြီးလာခြင်း၊ အလုပ်လက်မဲ့ဖြစ်ခြင်း၊ အိုးအိမ် အတည်တကျမရှိခြင်းတို့နှင့် ကြုံတွေ့နေရပေသည်။

မြို့နေဆင်းရဲသားတို့မှာလည်း နေရေးထိုင်ရေး ကြပ်တည်းလာကြပေသည်။

ရန်ကုန်မြို့တွင်သာမက မြို့ပေါင်းများစွာတွင် အလုပ်သမားသပိတ်များ အနှံ့အပြား ပေါ်ပေါက်ခဲ့ပေသည်။ ရိက္ခာအခြေအနေမှာ တနေ့တခြား ဆိုးဝါးလာခဲ့ပေရာ ပဲခူးတွင် သောင်းချီ၍ အင်တပ်ကြီးများလည်း ချီတက်ခဲ့ပေသည်။

**ဖက်ဆစ်အသွင်ဆောင်ခဲ့ပြီ။**

နယ်ချဲ့သမားတို့သည် ပြည်သူတို့၏ ပြဿနာများကို မဖြေရှင်းဘဲ ပြည်သူတို့၏ လွတ်လပ်မှုများကို ပြင်းပြင်းထန်ထန် ချုပ်ချယ်ခဲ့ပေသည်။

ထားပြန့်မိန်နင်းရန် ကြွေးကြော်ပြီး သကာလ စစ်တပ်များ။ ပုလိပ်အဖွဲ့များသည် ကျေးလက်တောရွာများတွင် မွေနှောက်သဖြင့် လူထုမှာ စိတ်အေးလက်အေး မနေကြရ။

နေရာတကာတွင် အစည်းအဝေးများကို ပိတ်ပင်ခြင်း၊ အလုပ်သမား၊ လယ်သမားခေါင်းဆောင်များ။ ပြည်သူ့ရဲဘော်များကို ဘမ်းဆီးခြင်းတို့ကို ပြုခဲ့ပေသည်။

ထန်းတပင်တွင် လက်နက်မပါသော လူထုကို သေနတ်နှင့် ပစ်ခတ်သတ်ဖြတ်သည်ကို ကြည့်ခြင်းဖြင့် နယ်ချဲ့သမားတို့က အကြမ်းဖက်လာကြောင်း ထင်ရှားပေသည်။

နယ်ချဲ့သမားတို့၏ ရမ်းကားမှုကို ဖုံးကွယ်ရန်အတွက် သတင်းစာများ ပုံနှိပ်တိုက်များကို အာမခံတောင်းခြင်း၊ တရားစွဲခြင်းတို့ကို ပြုခဲ့လေသည်။ နယ်ချဲ့စနစ်သည် တနေ့တခြား ဖက်ဆစ်အသွင်ကို ဆောင်ခဲ့လေပြီ။

တတိုင်းပြည်လုံး ဒေါသမီးပေါက်ကွဲတော့မည်ကို ငြိမ်းအေးစေရန် ရည်ရွယ်ချက်ဖြင့် ဗမာပြည်ဘုရင်ခံသည် (ဖ–ဆ–ပ–လ) အဖွဲ့ချုပ်ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့ ပြန်လည်ဖွဲ့စည်းရေးနှင့် ပတ်သက်၍ စကားကမ်းလှမ်းခဲ့ပေသည်။

**ယာယီအမျိုးသား အစိုးရဖွဲ့စည်းရေး**

သို့ရာတွင် နယ်ချဲ့သမားတို့က ပေးမည့်အစိုးရမှာ တိုင်းပြည်က လိုလားသော ယာယီအမျိုးသားအစိုးရမဟုတ်ဘဲ တိုင်းပြည်၏ ညီညွတ်ရေးကို ဖြိုခွဲရန်အတွက် ဘုရင်ခံအမှုဆောင်အဖွဲ့ကို အသစ်ပြန်လည်ဖွဲ့စည်းရေးသာဖြစ်ပေသည်။

နယ်ချဲ့သာမားတို့က အသစ်ပြန်လည်ဖွဲ့စည်းပေးအံ့သော အမှုဆောင်အဖွဲ့သည် တိုင်းပြည်က လိုလားတောင့်တသော ယာယီအမျိုးသားအစိုးရ မဟုတ်ကြောင်း နေ့သူရိန်ဆုံးဖြတ်ချက်ကို အကိုးအကားပြုကာ တတိုင်းပြည်လုံးက နားလည်စေရန် ကွန်မြူနစ်ပါတီက လုံးပမ်းခဲ့ပေမည်။

(က) ယာယီအမျိုးသား အစိုးရဖွဲ့စည်းရေး။

(ခ) အရွယ်ရောက်သူတိုင်း၏ ဆန္ဒမဲဖြင့်တင်မြှောက်သော တိုင်းပြုပြည်ပြုလွှတ်တော်ခေါ်ရေး။

(ဂ) ဗမာပြည်သည် လွတ်လပ်သောနိုင်ငံဖြစ်သည် ကျေညာရေး။

(ဃ) ဗမာပြည်မှ နယ်ချဲ့စစ်တပ်များ ရုပ်သိမ်းရေးဟူသော ဆောင်ပုဒ်များကို အခြေပြုကာ တတိုင်းပြည်လုံး သိမ်းသွင်းရမည်။





**အန္တရာယ် ၂ ရပ်**

တိုင်းပြည်၏ လိုလားချက်များအတွက် တတိုင်းပြည်လုံးအား သိမ်းသွင်းနေစဉ် အန္တရာယ် ၂ ရပ်ကို အစဉ်အားဖြင့် သတိပြုရမည်။

အန္တရာယ်တရပ်မှာ တိုက်ပွဲဆင်နွှဲခြင်း မရှိဘဲ နယ်ချဲ့သမားရှေ့မှောက်တွင် ဒူးထောက်ခြင်းဖြင့် ယာယီအမျိုးသားအစိုးရအဖွဲ့အစည်းကို ရရှိနိုင်သည်ဟူသော အယူ အဆများဖြစ်ပေသည်။

ယာယီအမျိုးသား၊ အစိုးရဖွဲ့စည်းရေးမှာ လူထုတိုက်ပွဲများကို သရဖူဆောင်းခြင်းမျှသာဖြစ်သည်။ ခေါင်းဆောင်များ လျှို့ဝှက်စွာ စခမ်းသွားရုံမျှနှင့် မဖွဲ့စည်းနိုင်ပေ။

လူထု၏ တိုက်ပွဲများ ဆင်နွှဲခြင်းကို မလိုလားဘဲ ယာယီအမျိုးသားအစိုးရကို အချောင်နည်းဖြင့် ရရန် ကြိုးပမ်းမှုများ လူထုတိုက်ပွဲ ပြင်းထန်လာသည့်အခါ နယ်ချဲ့သမားရှေ့မှောက်တွင် ဒူးထောက်သည့်ဝါဒများကို ပါတီက တိုက်ဖျက်ရန် လိုပေသည်။

အခြားအန္တရာယ်တရပ်မှာ တက်ကြွနေသောလူထုကြီးအား စနစ်တကျစည်းရုံး ခြင်းမရှိဘဲ ဘရမ်းဘတာပေါက်ကွဲမှုများဖြင့် နယ်ချဲ့သမားကို တိုက်ခိုက်နိုင်သည်ဟူသော အယူအဆများပင်ဖြစ်ပေသည်။

ယခုအခါ နယ်ချဲ့သမားတို့သည် တတိယကမ္ဘာစစ်ကြီးအတွက် အကြီးအကျယ် ပြင်ဆင်နေသလို ဗမာပြည်လွတ်လပ်ရေးလုပ်ငန်းကို စစ်အင်အားနှင့် အကြမ်းဘက်၍ နှိပ်ကွပ်ရန်အတွက်လည်း ပြင်ဆင်နေပေသည်။ ထိုမှတပါး တိုင်းသူပြည်သားတို့အား စည်းရုံးမှုမရှိဘဲ ဘရမ်းဘတာ ထကြွစေရန် နယ်ချဲ့သမားတို့က ရန်စလိမ့်မည်ကိုလည်း သတိပြုရန်လိုပေသည်။ နယ်ချဲ့သမားတို့က ဆွပေးတိုင်း တိုင်းသူပြည်သားတို့က စည်းရုံးမှုမရှိဘဲ ထကြွပါမူကား ဗမာပြည်လွတ်လပ်ရေးခြေလှမ်းတို့ အကြီးအကျယ် ဆုတ်ဆိုင်းသွားစေပေလိမ့်မည်။

**တိုက်ပွဲများ၏ လက်ရှိအဓိကအသွင်**

ဗမာပြည်တွင် လက်ငင်းဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေများအရ လူထု၏ နိုင်ငံရေးတိုက်ပွဲများသာလျှင် အဓိကအသွင်ဆောင်ရမည်ဖြစ်ကြောင်း။ ဤအချက်ကို ပါတီဝင်များ အထူးနားလည်ပြီး စစ်ဦးကျွန်သော အပြုအမူများကို

သတိပြုရမည်ဖြစ်ကြောင်း။

ပါတီဝင်များသည် အထက်ပါအန္တရာယ်နှစ်ရပ်ကို ကျော်နင်းကာ လူထု၏ နိုင်ငံရေးတိုက်ပွဲများကို အဓိကထား၍ စည်းရုံးရမည်ဖြစ်ကြောင်း။

တိုင်းပြည်တွင် ပေါ်ပေါက်နေသော ပြဿနာများကို ဖြေရှင်းနိုင်ပြီး လွတ်လပ်ရေးဆီသို့ ရှေ့ရှုမည့် ယာယီအမျိုးသားအစိုးရကို မဖွဲ့စည်းနိုင်သေးခြင်းမှာ လူထု၏ တိုက်ပွဲများသည် စည်းရုံးမှု ရှိသင့်သလောက် မရှိသေးသည့်အပြင် ရှေ့ဆောင်မှုမှာလည်း ညီညွတ်မှုရှိသင့်သလောက် မရှိသေးခြင်းကြောင့် ဖြစ်ပေသည်။

သို့အတွက် ရှေ့အဘို့တွင် ယာယီအမျိုးသားအစိုးရဖွဲ့စည်းရေးအတွက် လူထု၏ တိုက်ပွဲများ ပိုမိုပြင်းထန်လာရန် တိုင်းသူပြည်သားများကလည်း ပိုမိုစည်းရုံးမိစေရန် ရှေ့ဆောင်မှုကလည်း ပိုမိုတိကျမှန်ကန်စေရန် ကြိုးပမ်းကြရမည် ဖြစ်ကြောင်း။

## မှန်သောလမ်းစဉ်

ဗမာပြည်တွင် လက်ငင်းဖြစ်ပေါ်နေသော အရေးများနှင့် ပတ်သက်၍ ကွန်မြူနစ်ပါတီသည် မှန်ကန်သော ရှေ့ဆောင်မှုပေးအပ်သည့်အတိုင်း အာဏာဖီဆန်ရေးလုပ်ငန်းတို့နှင့် ပတ်သက်၍ အောက်ပါအတိုင်း ထင်မြင်သဘောရရှိကြောင်း။

ပြည်သူ့ရဲဘော်များအား ချုပ်ချယ်မှုကို အကြောင်းပြု၍ အာဏာဖီဆန်ရေး လုပ်ငန်း ပေါ်ပေါက်ခဲ့သည်။ အမှန်စင်စစ်အားဖြင့် အာဏာဖီဆန်ရေးလုပ်ငန်းဖြင့် ထောင်ကျခံသော စနစ်သည် နယ်ချဲ့သမားတို့က ဒူးထောက်လာစေမည့် စနစ် မဟုတ်သဖြင့် ၎င်းလုပ်ငန်းများအစား ထိုထက်ပြင်းထန်သော လူထုတိုက်ပွဲများကို ဆင်နွှဲရမည်ဟု ကွန်မြူနစ်ပါတီက ယုံကြည်ကြောင်း။

သို့အတွက် ပြည်သူ့ရဲဘော်တပ်ဖွဲ့များသည် အာဏာဖီဆန်ရေးသက်သက်ကို မလုပ်တော့ဘဲ မိမိတို့၏ စည်းရုံးမှုကို ပိုမိုတောင့်တင်းစေကာ လူထုတိုက်ပွဲများတွင် ပါဝင်ကြရန် အကြံပေးအပ်ကြောင်း။

"အာဏာဖီဆန်ရေး မလုပ်ရ"ဆိုရာ၌ "တဦးချင်းသက်သက် ထောင်အကျခံသော စနစ်ကို အသုံးမပြုရ" ဆိုလိုပေသည်။

သို့ရာတွင် နယ်ချဲ့သမားက ပြည်သူတို့၏ အခွင့်အရေးများကို ချုပ်ချယ်လာသည်တို့ကိုမူကား တိုင်းပြည်နှင့်အဝှမ်း လူထုအင်အားနှင့် စည်းဝေးခြင်း၊





ကန့်ကွက်ခြင်း စသည်တို့ဖြင့် ခုခံကာကွယ်ကြရမည်ဖြစ်ကြောင်း။

## လက်ငင်းဆင်နွှဲရမည့် တိုက်ပွဲသုံးရပ်

လွတ်လပ်ရေးသို့ ရှေ့ရှုပြီး လူထုကို စည်းရုံးရေးအတွက် လက်ငင်း ဗမာပြည် အခြေအနေအရ

(က) ရိက္ခာပြဿနာ။

(ခ) ချုပ်ချယ်မှုပြဿနာ။

(ဂ) ထားပြန့်မြို့ နင်းရေးပြဿနာ။

တို့သည် အရေးအကြီးဆုံးပြဿနာများဟု ကွန်မြူနစ်ပါတီက ယူဆကြောင်း။

သို့အတွက် ၎င်းပြဿနာများကို အခြေပြုကာ လူထုတိုက်ပွဲများ ဆင်နွှဲကြရန် ကွန်မြူနစ်ပါတီက ဆုံးဖြတ်ကြောင်း။

ဤပြဿနာသုံးရပ်ကို အခြေပြု၍ လူထုအင်အားနှင့် တိုက်ပွဲဆင်ခြင်းသည် ယာယီအမျိုးသားအစိုးရဆီသို့ ရှေ့ရှုလိမ့်မည်ဟု ကွန်မြူနစ်ပါတီက ယုံကြည်ကြောင်း။

ဤတိုက်ပွဲများကို ဆင်နွှဲရာတွင် တပါတီသဘောမျိုးနှင့် မဟုတ်ဘဲ ဂိုဏ်းပေါင်းစုံ၊ အဖွဲ့ပေါင်းစုံပါဝင်စေရန် လူအားလုံးတို့က မိမိတို့ကိုယ်ပိုင်တိုက်ပွဲဟု ယူဆလာစေရန် ပါတီဝင်များက ကြိုးစားရမည်ဖြစ်ကြောင်း။

သို့ရာတွင် ဤကဲ့သို့သော တစိတ်တဒေသ တိုက်ပွဲဆင်နွှဲရင်း အဆုံးသတ် လွတ်လပ်ရေးတိုက်ပွဲအတွက် ဆင်နွှဲရင်း အဆုံးသတ်လွတ်လပ်ရေးတိုက်ပွဲအတွက် ပြင်ဆင်အပ်သည်တို့ကို ပြင်ဆင်ထားရန် မမေ့မလျော့ဘဲ နေကြရန်လည်း ကွန်မြူနစ်ပါတီက ပါတီဝင်များအား ညွှန်ကြားကြောင်း။

လွတ်လပ်ရေး အဆုံးသတ်တိုက်ပွဲတွင်၎င်း၊ လွတ်လပ်ရေးတိုက်ပွဲဆီသို့ ရှေ့ရှု သော တစိတ်တဒေသတိုက်ပွဲများတွင်၎င်း၊ စည်းရုံးရေး ရှေ့ဆောင်မှုသည် အဓိကဖြစ်သည့်အတိုင်း ဖ–ဆ–ပ–လအဖွဲ့ချုပ်အား ခိုင်မြဲသော အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုဖြစ်ရေး၊ တိုးတက်သော ပါတီများအဖွဲ့အစည်းများ အလုပ်အတူလုပ်ရေး၊ တခုတည်းသော လူထုအစည်းအရုံးများ ဖြစ်မြောက်ရေး၊ ပါတီအတွင်း ပြန်လည်စည်းရုံးရေးတို့ကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

**ဖ - ဆ - ပ - လ ကွန်မြူနစ်ပါတီ၊**

(ဖ–ဆ–ပ–လ) အဖွဲ့ချုပ်ကြီးသည် ဒီမိုကရေစီသစ် အင်အားစုများဟု ခေါ်ဆို ကြသော ပစ္စည်းမဲ့အလုပ်သမားများ၊ တောင်သူလယ်သမားများနှင့် မြို့နေဆင်းရဲသား လူလတ်တန်းစား၏ အဖွဲ့ချုပ်ကြီးဖြစ်ပေသည်။ ထိုဒီမိုကရေစီသစ် လူတန်းစားများ သည် လွတ်လပ်ရေးကို အပြီးအပိုင် တိုက်ယူရန် (ဖ–ဆ–ပ–လ) အဖွဲ့ချုပ်ကြီးကို တည်ထောင်ထားကြပေရာ အခိုက်အတန့်အားလျော်စွာ ဗြိတိသျှနယ်ချဲ့သမားနှင့် ဆန့်ကျင်ဘက်ဖြစ်နေသော တိုင်းရင်းသားအရင်းရှင်အချို့ သည်လည်း ဖ–ဆ–ပ–လအဖွဲ့အတွင်းသို့ ဝင်ရောက်ပါဝင်ခဲ့ပေသည်။ ဒီမိုကရေစီ သစ်လူတန်းစားများသည် ဖ–ဆ–ပ–လအဖွဲ့ချုပ်ကြီး၏ ခိုင်မြဲသော အဓိကအင်အားစုဖြစ်လျက် အဆိုပါ တိုင်းရင်းသားအရင်းရှင်ကလေးအချို့သည် မတည်မြဲ သော အင်အားစုသာဖြစ်ပေသည်။

ယခုအခါ လွတ်လပ်ရေးလုပ်ငန်းအရှိန်သည် ပိုမို ကျယ်ဝန်းလာသော လူထုကို ဟတ်၍လာပေရာ သိန်းပေါင်းများစွာသော မြို့နေဆင်းရဲသား လူလတ်တန်း စားများမှာ တိုးတက်ထကြွလာလျက် စည်းရုံးရေးပုံသဏ္ဌာန်ကို ရှာကြံလာခဲ့ကြသည်။ တောင်သူလယ်သမားနှင့် ပစ္စည်းမဲ့အလုပ်သမားတို့မှာ သူတို့အတွက် ဆိုင်ရာလူတန်း စားအဖွဲ့အစည်းများကို တည်ထောင်ပြီးဖြစ်ကြသော်လည်း ၎င်းတို့မှာကား လူတန်းစားအဖွဲ့ အစည်းများ အခိုင်အမာ မရှိကြပေ။ ထို့ကြောင့် ၎င်းတို့သည် ဖ–ဆ–ပ–လ အဖွဲ့ချုပ် ကြီးအတွင်းသို့ တဦးစီ တဦးစီအားဖြင့် ဝင်ရောက်လာရန် ကြိုးစားလာပေသည်။ ဖ–ဆ–ပ–လ အဖွဲ့ကြီးအတွင်း၌လည်း အချို့ခေါင်းဆောင် တို့သည် ၎င်းတို့ကို အဓိက အင်အားဖြစ်ဖြင့် ဆီးကြိုလက်ခံလိုကြသည်။ ဤနိမိတ် လက္ခဏာသည် ယခုအခါ ပိုမို ထင်ရှားလာပြီးလျှင် ဖ–ဆ–ပ–လ အဖွဲ့ချုပ်ကြီးကို ပါတ်မရှိသော တသီးပုဂ္ဂလနေကြသော လူလတ်တန်းစားတို့နှင့် တိုင်းရင်းသား အရင်းရှင်ကလေးများ၏ ပါတီအဖြစ်သို့ ပြောင်းပစ်ရန် ကြိုးပမ်းမှုဖြစ်၍ လာခဲ့ပြီ။ ကွန်မြူနစ်တို့သည် ဖ–ဆ–ပ–လ အဖွဲ့ချုပ်ကြီးကို ဒီမိုကရေစီသစ် လူတန်းစား အားလုံးတို့၏ 'တပ်ပေါင်းစု'ဖြစ်မှုကို လိုလားအားပေးသော်လည်း အထက်ပါလူလတ် တန်းစား၏ ပါတီတပါတီဖြစ်သွားသည်ကိုကား မလိုလားရုံမက ကန့်ကွက်ခုခံရမည် ဖြစ်ပေသည်။

ဖ–ဆ–ပ–လ အဖွဲ့ချုပ်ကြီးအတွင်းတွင် လူတန်းစားဉာဉ်တို့ကြောင့်၎င်း၊ ဝါဒစွဲအားဖြင့်၎င်း၊ ပုဂ္ဂိုလ်စွဲအားဖြင့်၎င်း၊ ကွန်မြူနစ်ဆန့်ကျင်ရေးနိမိတ်လက္ခဏာသည် ပိုမို၍ အကောင်အထည်ဖြစ်ပေါ်လာကာ ကွန်မြူနစ်ဆန့်ကျင်ရေးအင်အားစု အဖြစ်ဖြင့် လှုပ်ရှားစပြုလာပေသည်။ ကွန်မြူနစ်ပါတီကွဲပြီးနောက်မှ ပိုမို၍ လှုပ်ရှား လာခဲ့သည်။ ကွန်မြူနစ်ဆန့်ကျင်ရေးလုပ်ငန်းသည် ဖ–ဆ–ပ–လ ညီညွတ်ရေးကို များစွာ ထိခိုက်သဖြင့် ကွန်မြူနစ်တို့သည် မိမိတို့တွင်ရှိသော ကွန်မြူနစ်ဆန့်ကျင်ရေး ဖြစ်စေသော အပြစ်များကို ပြင်သင့်ရုံမက ဖ–ဆ–ပ–လအတွင်းရှိ အခြားသော လူတန်းစားများပါတီများနှင့် ပုဂ္ဂိုလ်များရှိ ကွန်မြူနစ်ဆန့်ကျင်ရေးဖြစ်စေသော အပြစ်များကိုလည်း တိုက်ဖျက်ပစ်ကြရလိမ့်မည်ဖြစ်သည်။

ကွန်မြူနစ်တို့သည် ဖ–ဆ–ပ–လ အဖွဲ့ချုပ်ကြီးကို သွေး–ချွေးတို့နှင့် တည်ဆောက်ခဲ့ကြ၏။ ဖ–ဆ–ပ–လ အဖွဲ့ချုပ်ကြီး မပျက်အောင် အသက်နှင့် လဲ၍ ကာကွယ်ကြရမည်ဖြစ်၏။ ဖ–ဆ–ပ–လ အဖွဲ့ချုပ်ကြီး၏ ညီညွတ်ရေးသည် သည့်ထက် သည် ခိုင်မာအောင် ဒုဒယ်လည်း သည့်ထက်သည် ကျယ်ပြန့်အောင် အနစ်နာအပင်ပမ်းခံကာ ကြိုးပမ်းကြရမည်ဖြစ်ပေသည်။

ကွန်မြူနစ်တို့သည် ဖ–ဆ–ပ–လ အဖွဲ့ချုပ်ကို နယ်ချဲ့စနစ် တိုက်ဖျက်ရေး အကောင်းဆုံးသော လက်နက်ကြီးအဖြစ်ဖြင့် ထုသား–ပေသားရအောင် လုပ်ပေးရ မည်။ ကွန်မြူနစ်တို့သည် ဖ–ဆ–ပ–လ အဖွဲ့ချုပ်ကြီးအတွင်းတွင် ဒီမိုကရေစီသစ် လူတန်းစားအားလုံး၏ ညီညွတ်ရေးကို တည်ဆောက်သော ဗိသုကာများ ဖြစ်ရမည်။ လွတ်လပ်သောအခါ ဒီမိုကရေစီသစ်လူတန်းစားအားလုံးသည် ဖ–ဆ–ပ–လ အဖွဲ့ချုပ်ကြီးအနေနှင့် နိုင်ငံရေးအာဏာကို သိမ်းပိုက်ကြရလိမ့်မည်။ စက်မှုလုပ်ငန်း ကြီးများကို အမျိုးသားပိုင်လုပ်ခြင်း၊ မြေကို တောင်သူလယ်သမားတို့ထံသို့ ရောက် အောင် လုပ်ခြင်း၊ ဆင်းရဲသားတို့၏ ကြွေးမြီကို လျှော်ပစ်ခြင်း စသော ဒီမိုကရေစီ သစ် စီးပွားရေးစနစ်ကို တည်ဆောက်ကြရလိမ့်မည်။

ကွန်မြူနစ်တို့သည် အထက်ပါတာဝန်များကို ကျေပြွန်စွာ ဆောင်ရွက်ရာ၌ မကြာမီက ဖ–ဆ–ပ–လ ဦးစီးအဖွဲ့မှ သတ်မှတ်ဆုံးဖြတ်လိုက်သော စည်းမျဉ်းကို ကောင်းစွာ အသုံးမချတတ်လျှင် မသန့်ရှင်းသော နိုင်ငံရေးသမားများ၊ လူကြောက် များ၊ ရာထူးတော်များ၊ လွတ်လပ်ရေးဆန့်ကျင်ဘက်အင်အားစုများ စသော ဖ– ဆ–ပ–လ နှင့် ဆန့်ကျင်ဘက်အင်အားစုတို့သည် ဖေါက်ထွင်းဝင်ရောက်နိုင်စရာ ရှိပေသည်။ ထိုသို့အားဖြင့် ဖ–ဆ–ပ–လ ဆန့်ကျင်ရေးအင်အားစုများနှင့် ယခု

ဖ–ဆ–ပ–လ အတွင်း၌ ရှိနေပြီးသော ကွန်မြူနစ်ဆန့်ကျင်ရေးအင်အားစုတို့ ပူးပေါင်းမိလျှင် ဖ–ဆ–ပ–လ အဖွဲ့ချုပ်ကြီး၏ ညီညွတ်ရေးကို များစွာ ထိခိုက်ပေလိမ့်မည်။ ဗမာပြည်၏ လွတ်လပ်ရေးသည် သားစဉ်မြေးဆက် ဆိုင်းသွားလိမ့်မည်။

ငှင်းပြင် ဗမာပြည်ကွန်မြူနစ်ပါတီသည် လက်ငင်းအားဖြင့် ဖ–ဆ–ပ–လ ဦးစီးအဖွဲ့က ဆုံးဖြတ်အတည်ပြုထားသော စည်းကမ်းဥပဒေသစ်အတိုင်းပင် လိုက်နာ ဆောင်ရွက်သွားမည်ဖြစ်သော်လည်း ထိုစည်းကမ်းဥပဒေတွင် ပါတီအလိုက် ဝင်ခွင့်မပြုသော မူမှာ ဖ–ဆ–ပ–လ အဖွဲ့ချုပ်ကြီး၏ လွတ်လပ်ရေးတပ်ပေါင်းစု ညီညွတ်ရေးမူနှင့် ဆန့်ကျင်နေသောကြောင့် နောင်လာမည့်ညီလာခံတွင် ထိုမူကို တိုက်ဖျက်ပစ်ရမည် ဖြစ်ကြောင်း။

ထို့ကြောင့် ကွန်မြူနစ်တို့သည် ဖ–ဆ–ပ–လ လုပ်ငန်းကို ကိုယ်ဘိရင်ဘိ လုပ်ကြရမည်။ ဖ–ဆ–ပ–လ အဖွဲ့ချုပ်ကြီးကို ဒီမိုကရေစီသစ်လူတန်းစားအားလုံးတို့၏ ကျယ်ဝန်းနက်နဲသော စည်းရုံးမှုနှင့် ထက်မြက်သော တိုက်ပွဲများအပေါ်တွင် အခြေပြုကာ အင်အားခိုင်ခန့်လာစေရမည်။ ထိုသို့သော အင်အားဖြင့် ဖ–ဆ–ပ–လအတွင်းရှိ မတည်ငြိမ်သော တိုင်းရင်းသားအရင်းရှင်ကလေးများကို တည်ငြိမ်စေရမည်။

သက်ဆိုင်ရာ လူတန်းစားတို့၏ သီးသန့်ပြဿနာများကို ဖြေဆိုရန်ငှင်း၊ လူထုနိုင်ငံရေးတိုက်ပွဲများကို ခေါင်းဆောင်ရန်ငှင်း၊ ဖ–ဆ–ပ–လ အဖွဲ့ချုပ်ကြီးကို မယိမ်းမယိုင် နိုင်အောင်ထိန်းပေးသော အခြေခံအဖွဲ့များအဖြစ်ဖြင့်ငှင်း၊ လူထုအဖွဲ့အစည်းများကို ကွန်မြူနစ်တို့သည် အားတိုက်သရော ဖွဲ့စည်းပေးရမည်ဖြစ်ကြောင်း၊ အခြေခံလူထု အဖွဲ့အစည်းများ အင်အားတောင့်တင်းပြီး မယိမ်းမယိုင်ဘဲ လွတ်လပ်ရေးကို အရတိုက်ယူနိုင်လိမ့်မည်ဖြစ်ပေကြောင်း။

☆☆☆

## တောင်သူလယ်သမားအဆို။

### (၁) တောင်သူလယ်သမားအရေးပေါ်လစီ၊

ဗမာပြည်သည် တောင်သူလယ်သမားလူများစုတို့၏ တိုင်းပြည်ဖြစ်၏။





ဗမာပြည် လုံးဝ လွတ်လပ်ရေးသည်လည်း လူများစုတောင်သူလယ်သမားတို့၏ လွတ်လပ်ရေးဖြစ်ပေသည်။ ထိုကြောင့် ဗမာပြည် လုံးဝလွတ်လပ်ရေးတိုက်ပွဲအတွက် ဗမာပြည်ကွန်မြူနစ်ပါတီသည် တောင်သူလယ်သမားများကို အပြင်းအထန် စည်းရုံးခဲ့ကြပေသည်။ ရှေ့ကိုလည်း အပြင်းအထန် စည်းရုံးသွားရပေမည်။ ထိုကဲ့သို့ စည်းရုံးရာတွင် တောင်သူလယ်သမားတို့၏ လက်ငင်းလိုလားချက်များကို အခြေခံသည့် တိုက်ပွဲများမှ နယ်ချဲ့ စနစ်တိုက်ဖျက်ရေးလမ်းစဉ်ပေါ်သို့ ရောက်ရှိလာစေရန် ကြိုးပမ်းရပေမည်။

ထိုကဲ့သို့ နယ်ချဲ့စနစ် တိုက်ဖျက်ရေးအင်အားစု၏ ကြီးမားသော အစိတ်အပိုင်းဖြစ်သည့် တောင်သူလယ်သမားများကို စီးပွါးရေးတိုက်ပွဲအားဖြင့်ငှင်း၊ နိုင်ငံရေးတိုက်ပွဲအားဖြင့်ငှင်း၊ စည်းရုံးရာတွင် ငါတို့ပါတီ၏ တောင်သူလယ်သမားအရေးပေါ်လစီကို အတိအကျ ရေးဆွဲအတည်ပြုခဲ့ခြင်း မရှိသဖြင့် လယ်သမားစည်းရုံးရေးမှာ တတိုင်းတပြည်လုံးနှင့် ခြုံ၍ကြည့်လျှင် စနစ်တကျ မရှိခဲ့ပေ။

ထိုကြောင့် ပါတီသည် တောင်သူလယ်သမားအရေးပေါ်လစီကို အတိအကျဆုံးဖြတ်၍ ထိုပေါ်လစီကို ပါတီဝင်တိုင်း သိရှိနားလည်ကြစေရန် အရေးကြီးပေသည်။

ထိုကြောင့် ငါတို့သည် လယ်သမားအရေးပေါ်လစီကို အောက်ပါအတိုင်း သတ်မှတ်ရပေမည်။

### ဒီမိုကရေစီသစ်နိုင်ငံ

တောင်သူလယ်သမားတို့၏ ရည်မှန်းချက်သည် လယ်သမား၊ အလုပ်သမားတို့ အာဏာရသော ဒီမိုကရေစီသစ်နိုင်ငံဖြစ်ပေသည်။

### ဒီမိုကရေစီသစ်နိုင်ငံ၏ အခြေခံ ၄ ရပ်၊

ဒီမိုကရေစီသစ် သမတနိုင်ငံ၏ လက္ခဏာများတွင် တောင်သူလယ်သမားများအဘို့ အောက်ပါအခြေခံများ ထားရှိရပေမည်။

၁။ (က) လယ်ပိုင်ရှင်ကြီးစနစ်ကို ပယ်ဖျက်ခြင်း။

(ခ) လယ်မြေတို့ကို တိုင်းပြည်ပိုင်လုပ်ခြင်း။

(ဂ) လယ်ယာလုပ်ကိုင်သူတို့အား လယ်ပြန်လည်ဝေငှခြင်း။

(ဃ) အကြီးအကျယ် စုပေါင်းထွန်ယက်လုပ်ကိုင်ခြင်း စသော လယ်မြေ

စနစ်ပြောင်းလဲမှုများ။

၂။ (က) ကြွေးမြီဟောင်းများကို လျှော်ပစ်ခြင်း။

(ခ) ငွေတိုးကြီးစားစနစ်ကို ပါယ်ဖျက်ခြင်း။

(ဂ) လယ်ယာလုပ်ငန်းတို့အတွက် အစိုးရကိုယ်တိုင် သမဝါယမအားဖြင့် ငွေကြေးထုတ်ချေးခြင်း။

၃။ (က) အမြတ်ကြီးစားသမားများကို နှိပ်ကွပ်ခြင်း။

(ခ) တောင်သူလယ်သမားတို့ နေ့စဉ်သုံးစွဲသော ကုန်ပစ္စည်းများကို စုပေါင်းရောင်းဝယ်ရေးဆိုင်များအားဖြင့် ရရှိစေခြင်း စသည်တို့ပါဝင်ရပေမည်။

**တောင်သူလယ်သမားများ၏ လက်ငင်းလိုလားချက်များ။**

လွတ်လပ်ရေးတိုက်ပွဲ ဆင်နွှဲနေစဉ် (ဝါ) ဒီမိုကရေစီသစ်နိုင်ငံ ထူထောင်ရေးအတွက် လုံးပမ်းနေစဉ် အောက်ပါလက်ငင်းလိုလားချက်များအတွက် တိုက်ပွဲဆင်သွားရမည်။

(၁) အစိုးရပိုင်မြေနှင့် လယ်ပိုင်ရှင်ကြီးတို့၏ စိုက်ပျိုးနိုင်သော မြေကွက်လပ်များကို လယ်ယာမဲ့များ – ဆင်းရဲသားလယ်သမားများအား ဝေငှလုပ်ကိုင်စေရန်။

(၂) လယ်ပိုင်ရှင်ကြီးများထံမှ လယ်ယာစိုက်ပျိုးရေးနှင့် ပါတ်သက်သော အမြတ်တော်ခွန်ကောက်ခံစေရန်။

(၃) လယ်ယာတောင်သူတို့အတွက် ကြီးလေးသော သီးထောက်ခံစနစ်ကို တိုက်ဖျက်ရန်။

(၄) လယ်ကူလီနှင့် ကောက်စိုက်မများအား အနည်းဆုံးပေးရမည့် အခကြေးငွေကို သတ်မှတ်ပေးရန်။

(၅) သမဝါယမကုန်စုံဆိုင်များ ပျံ့နှံ့စေရန်။

(၆) လယ်ယာမှထွက်သော ကောက်ပဲသီးနှံများအတွက် လယ်ယာ လုပ်ကိုင်သူတို့ မနစ်နာစေသည့် ဈေးနှုန်းများ သတ်မှတ်စေရန်။

(၇) စက်ထွက်ပစ္စည်းများကို လယ်သမားတို့အား အနည်းဆုံးဈေးများနှင့် ရောင်းချစေရန်။

(၈) လယ်ယာတောင်သူတို့အား (လယ်ကူလီကောက်စိုက်မများ အပါ





အဝင်) အစိုးရက အမတော်ကြေး–အထည်အလိပ်–ကျွဲနွားတိရိစ္ဆာန်–လယ်ထွန်ကိရိယာ–မြေဩဇာ–မျိုးစပါး စသည်တို့ လုံလောက်စွာ ထုတ်ပေးရန်။

(၉) လယ်ယာလုပ်ကိုင်ရေးအတွက် မရှိမဖြစ်သော တအိမ်ထောင်သုံး သစ်–ဝါး အခမဲ့ ခုတ်ယူခွင့်ရရန်။

(၁၀) လယ်ယာတောင်သူတို့၏ ကျွဲ–နွား–ဘဲ–ဝက် စသော တိရိစ္ဆာန်တို့ကို ခေတ်မှီစွာ မွေးမြူခြင်း၊ ခေတ်မှီစွာ လယ်ယာလုပ်ကိုင်ခြင်း၊ သမဝါယမ အသင်းများကို အုပ်ချုပ်ခြင်း စသည်တို့ကို သင်ကြားပေးရန်။

(၁၁) လယ်ယာတောင်သူတို့၏ ကျန်းမာရေး ပညာရေးတို့ကို စီမံပေးရန်။ ကျေးလက်လူငယ်များအတွက် အလုပ်အကိုင် စီမံပေးရန်။

(၁၂) လယ်ယာတောင်သူတို့၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင်ကျယ်ခြင်းကို အနှောင့်အယှက်ပေးသည့် ကျေးရွာဥပဒေများကို တိုက်ဖျက်ရန် စသည်တို့ကို ပါတီက ရှေ့ဆောင်သွားရပေမည်။

**အုပ်ချုပ်ရေးအဖွဲ့များ ဖြစ်လာရေး။**

ORGAN OF STRUGGLE

ကျေးရွာများရှိ သမဂ္ဂများသည် သာမန်အဖွဲ့များသာမဖြစ်စေရဘဲ တောင်သူ လယ်သမားများက နိုင်ငံရေးတန်ခိုးအာဏာကို မသိမ်းပိုက်နိုင်သေးမီ တိုက်ပွဲဆင်နေသော အဖွဲ့များ Organ of Struggle အဖြစ်မှ နိုင်ငံရေးတန်ခိုးအာဏာရလာသည့်အခါ အုပ်ချုပ်ရေးအဖွဲ့များ (Organ of Power) ဖြစ်လာအောင် အဘက်ဘက်မှ ကြိုတင်ပြင်ဆင်ထားရပေမည်။

ဤကား ငါတို့ပါတီ၏ လယ်သမားအရေးပေါ်လစီပင်ဖြစ်ပေသည်။

**၂။ တိုက်ပွဲများအတွက် ကြိုတင်ပြင်ဆင်ထားခြင်း**

ဗမာပြည်တောင်သူလယ်သမားသမဂ္ဂသည် လွန်ခဲ့သည့်တနှစ်အတွင်း တပြည်လုံးအနှံ့အပြား တောင်သူလယ်သမားများကို သမဂ္ဂအတွင်းသို့ ဝင်ရောက်စေပြီးလျှင် တောင်သူလယ်သမားတို့၏ လက်ငင်းလိုလားချက်များကို အခြေပြုသည့် မြေဆီခမပေးရေး၊ စာမချုပ်ဘဲ လက်ဝယ်လုပ်ရေး၊ အမတော် ငွေကြေးဟောင်း

ပြန်မပေးရေး၊ မြေခွန်မပေးရေး စသည့်တိုက်ပွဲများကို ရှေ့ဆောင်၍ တိုက်ခဲ့ကြပေရာ အချို့စီရင်စုများတွင် အောင်ပွဲများ ဆင်နိုင်ခဲ့၍ အချို့စီရင်စုများတွင်မူ အောင်မြင့်သင့်သလောက် မအောင်မြင်ဘဲ ရှိကြပေသည်။ ထိုကဲ့သို့ တပြည်လုံးနှင့် သက်ဆိုင်သော တောင်သူလယ်သမားတိုက်ပွဲများ အောင်မြင်သင့်သလောက် မအောင်မြင်သည့်အကြောင်းများအနက် အဓိကအကြောင်းတရပ်ကား ဖြစ်ပေါ်လာမည့် လယ်သမားတိုက်ပွဲများကို ကြိုတင်ပြင်ဆင်မှုတို့ မရှိဘဲ နယ်များမှ အလိုအလျောက် ဖြစ်ပေါ်လာသော တိုက်ပွဲများကို အထက်က အစီအစဉ်မရှိဘဲ ဆောင်ရွက်ကြခြင်းပင် ဖြစ်ပေသည်။

ထို့ကြောင့် ပါတီ့ပါတီသည် တောင်သူလယ်သမားအရေးကို အထူးဂရုစိုက်၍ ရှေ့ဆောင်မှုပေးနိုင်ရန် တောင်သူလယ်သမားများနှင့် သက်ဆိုင်သည့် လိုလားချက်များ ကြိုတင်သိရှိပြင်ဆင်ခြင်းရှိရန်နှင့် ဖြစ်ပေါ်လာမည့် လယ်သမားတိုက်ပွဲများအတွက် အချိန်မီ ကြိုတင်ပြင်ဆင်ထားခြင်းရှိရန် လိုပေသည်။

## သမဂ္ဂစည်းရုံးရေး

တောင်သူလယ်သမားသမဂ္ဂသည် စီးပွါးရေးတိုက်ပွဲအတွက်ငှင်း၊ နိုင်ငံရေးတိုက်ပွဲအတွက်ငှင်း စည်းရုံးရေးကို ဆောင်ရွက်ရာတွင် တပြည်လုံးရှိ တောင်သူလယ်သမားများကို တစုတပေါင်းတည်းရှိရေး၊ သမဂ္ဂဝင်အင်အားတောင့်တင်းရေး အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုတွင် ပါဝင်ရေးတို့မှာ အရေးအကြီးဆုံးဖြစ်ပေရာ အောက်ပါအချက်များကို မဖြစ်မနေ သမဂ္ဂက ရှေ့ဆောင်၍ ဆောင်ရွက်သွားကြရန်။

(က) ယခုအခါ ဗြိတိသျှနယ်ချဲ့စနစ်လက်အောက်တွင် ကျရောက်နေကြသော တောင်သူလယ်သမားများသည် တခုတည်းသော မြေရှင်စနစ်၏ ချယ်လှယ်မှုကို အပြင်းအထန် ခံစားနေကြရသော်လည်း အဆိုပါ စနစ်ဆိုးများကို တိုက်ခိုက်ကြရာတွင် တစုတပေါင်းတည်းမရှိကြဘဲ တောင်သူလယ်သမားသမဂ္ဂ၊ တောင်သူလယ်သမားအစည်းအရုံး၊ အလံနီတောင်သူလယ်သမားသမဂ္ဂ စသည်ဖြင့် ကွဲပြားနေကြသဖြင့် လယ်သမားအင်အားမှာ ကြီးမားသင့်သလောက် မကြီးမား၊ တိုက်ခိုက်ရေးအင်အားမှာ ဒုဒယ်ရှိသင့်သလောက် မရှိသဖြင့် လယ်သမားများ၏ တခုတည်းသော ရန်သူဖြစ်သည့် မြေရှင်စနစ်နှင့် ဗြိတိသျှနယ်ချဲ့စနစ်ကို တိုက်ဖျက်ရန် တခုတည်းသော သမဂ္ဂဖြစ်ရေးကို ဖြစ်မြောက်အောင် ဆောင်ရွက်သွားရန်





အရေးကြီးပေသည်။ သို့သော်လည်း သမဂ္ဂ တခုတည်းဖြစ်ရေးအတွက် ယခင်က လက်ခံခဲ့သော အများဆန္ဒအရ အောက်အဖွဲ့များမှ တဆင့်တဆင့် ရွေးကောက်ခြင်းအားဖြင့် တခုတည်းသော အဖွဲ့ပေါ်ပေါက်ရေးသည် အောင်မြင်ခြင်း မရှိခဲ့ပေ။ သို့ဖြစ်၍ ၎င်းမူကို ရည်မှန်း၍ အောင်မြင်နိုင်သည့် နည်းလမ်းများကို ရှာဖွေ၍ သမဂ္ဂတခုတည်းဖြစ်ရေးကို ဆောင်ရွက်ကြရန်။

(ခ) ပြီးခဲ့သောနှစ်တွင် ဗမာပြည်တောင်သူလယ်သမားသမဂ္ဂဝင် အင်အားမှာ ၂ သိန်းကျော်သာ ရှိခဲ့သော်လည်း လယ်သမားများ၏ ရှေ့လာမည့် တိုက်ပွဲများအတွက် ယခုနှစ်အဘို့ သမဂ္ဂဝင်ဦးရေ အနည်းဆုံး ၅ သိန်းဖြစ်အောင် စုဆောင်းရေးအတွက် ဗဟိုရုံတောင်သူလယ်သမားသမဂ္ဂက ဆုံးဖြတ်ခဲ့သည်ကို ပါတီဝင်များက အပြင်းအထန် ကူညီကြိုးစားကြရန်။

(ဂ) လွန်ခဲ့သော နှစ်က သမဂ္ဂဝင်အင်အားစုဆောင်းရာတွင် အထူးသဖြင့် လယ်သီးစားသမားကိုသာ အဓိကထား၍ စည်းရုံးခဲ့ပြီးလျှင် များသောအားဖြင့် လယ်သီးစားများ၏ တိုက်ပွဲများကိုသာ ရှေ့ဆောင်ခဲ့ပေသည်။ သို့သော်လည်း လယ်သီးစားများထက် ဗြိတိသျှနယ်ချဲ့စနစ်၏ ဖိနှိပ်မှုနှင့် မြေရှင်စနစ်၏ ချယ်လှယ်မှုကို အောက်ဆုံးတန်းမှ ခံနေကြရသော လယ်ကူလီများနှင့် လယ်သူမများကို စည်းရုံးရာတွင် ချို့ယွင်းခဲ့ပေသည်။ ထို့ကြောင့် ယခုနှစ်သမဂ္ဂဝင်သစ်များ စုဆောင်းရာတွင် လယ်ကူလီများနှင့် လယ်သူမများကိုပါ သမဂ္ဂအတွင်းသို့ ဝင်ရောက်ရေးကို အပြင်းအထန် ကြိုးပမ်းကြရန် လိုပေသည်။ ထို့ပြင်လည်း ရှမ်း–ကရင်–ကုလား စသော တောင်သူလယ်သမား များကိုလည်း သမဂ္ဂဝင်များ ဖြစ်လာကြစေရန် နည်းအမျိုးမျိုးတို့ဖြင့် ကြိုးစားကြရန် လိုပေသည်။

(ဃ) ဗမာပြည်ဗြိတိသျှနယ်ချဲ့စနစ်အောက်မှ လုံးဝလွတ်မြောက်ရေးတိုက်ပွဲအတွက် ဖ–ဆ–ပ–လသည် ဗမာတမျိုးသားလုံး၏ ညီညွတ်ရေးတပ်ပေါင်းစုကြီး ဖြစ်ပေသည်။ ဖ–ဆ–ပ–လ အဖွဲ့ချုပ်က သတ်မှတ်သော အမျိုးသားလွတ်မြောက်ရေးလုပ်ငန်းဟူသ၍ တောင်သူလယ်သမားများသည် မတွန့်မဆုတ်သော ဇွဲသတ္တိတို့ဖြင့် ပါဝင်ဆောင်ရွက်ခဲ့ပေသည်။ သို့သော်လည်း ဖ–ဆ–ပ–လတွင် လယ်သမားကိုယ်စားလှယ်များ ပါဝင်ရေးနှင့် ပါတ်သက်၍ ဖ–ဆ–ပ–လအတွင်းရှိ မြေပိုင်ရှင်ကိုယ်စားလှယ်များနှင့် ဖေါက်ပြန်ရေးသမားများ၏ တားဆီးမှုကြောင့် ရသင့်သော ကိုယ်စားလှယ်အရေအတွက်ကို မရခဲ့ပေ။

ထို့ကြောင့် တောင်သူလယ်သမားများသည် သမဂ္ဂဝင်ဦးရေ အချိုးအစားအလိုက် ဖ-ဆ-ပ-လသို့ ကိုယ်စားလှယ် ပါဝင်ရေးကို နယ်များမှ တောင်းဆိုခဲ့ကြပေသည်။ ဤတောင်းဆိုချက်သည် သင့်မြတ်လျော်ကန်သော တောင်းဆိုချက်ဖြစ်သည့်အတိုင်း တတိုင်းတပြည်လုံးရှိ တောင်သူလယ်သမားများက အလားတူတောင်းဆိုချက်ကို တောင်းဆိုကြရန်နှင့် တောင်းဆိုချက်အတိုင်း မဖြစ်မနေ ဆောင်ရွက်ကြရန် ဤကွန်ဖရင့်ကြီးက ဆုံးဖြတ်ကြောင်း။

**(၄) သမဂ္ဂ ရှေ့ဆောင်အဖွဲ့များ ပြုပြင်ဖွဲ့စည်းခြင်း။**

တောင်သူလယ်သမားများကို စီးပွားရေးတိုက်ပွဲအားဖြင့်၎င်း၊ နိုင်ငံရေးတိုက်ပွဲအားဖြင့်၎င်း၊ မြေတိသျှနယ်ချဲ့စနစ် တိုက်ဖျက်ရေးလမ်းစဉ်ပေါ်သို့ ရောက်ရှိလာရန် စည်းရုံးရာတွင် သမဂ္ဂရှေ့ဆောင်အဖွဲ့များသည် အဓိကအချက်အချာများဖြစ်ပေသည်။ သို့သော်လည်း တောင်သူလယ်သမားသမဂ္ဂ ရှေ့ဆောင်အဖွဲ့များတွင် အကြောင်းအမျိုးမျိုးတို့ကြောင့် မပါသင့်သူများ ပါခဲ့ပေသည်။ ထို့ကြောင့် လယ်သမားတိုက်ပွဲများကို အနှောင့်အယှက် ဖြစ်ခဲ့ရပေသည်။

ယခုအခါ တောင်သူလယ်သမားသမဂ္ဂသည် တိုင်းပြည်နှင့်အဝှမ်း စည်းရုံးရေးအားဖြင့် ကျယ်ပြန့်လာရုံသာမက မြေရှင်တို့၏ စနစ်ဆိုးများနှင့် အစိုးရ၏ ဖိနှိပ်ချုပ်ချယ်မှုကို တိုက်ဖျက်ရေး စသော တိုက်ပွဲများအတွက် စနစ်တကျဆင်နွှဲနိုင်ရန် ရှေ့ဆောင် အဖွဲ့များကို စနစ်တကျ ပြန်လည်ဖွဲ့စည်းရမည်ဖြစ်ကြောင်း။

☆☆☆

### အလုပ်သမားသမဂ္ဂအဆိုကြမ်း။

၁။ ။ ဗမာပြည်အလုပ်သမားသမဂ္ဂ ဖွဲ့စည်းအောင်မြင်ခဲ့သည့် တနှစ်အတောအတွင်း အလုပ်သမားလုပ်ငန်းအတွင်း၌ ပါဝင်ဆောင်ရွက်နေကြသော ပါတီဝင်များ၏ ကြိုးပမ်းချက်အရ ဗမာပြည် ကုန်လုပ်ငန်း၏ အဓိကဌာနကြီးများဖြစ်သော (၁) မီးရထားဌာန၊ (၂) ရေနံလုပ်ငန်းဌာန၊ (၃) သစ်လုပ်ငန်းဌာန၊ (၄) မြို့နေသယ်ယူပို့ဆောင်ရေးဌာန၊ (၅) ဆိပ်ကမ်းကုန်တင်ကုန်ချဌာန၊ (၆) သတ္တော





ကျင်းလုပ်ငန်းဌာန၊ (၇) တွင်းတူးလုပ်ငန်းဌာန၊ (၈) လက်လုပ်လက်စားလုပ်ငန်းပိုင်ရှင်ကလေးများဌာနနှင့် (၉) အထွေထွေဌာနတို့အနက် တွင်းတူးလုပ်ငန်းမှလွဲ၍ ကျန်လုပ်ငန်းအားလုံးတို့တွင် အတော်အသင့် အောင်မြင်စွာ စည်းရုံးနိုင်ခဲ့ခြင်းကို ဤကွန်ဖရင့်က မှတ်တမ်းတင်ကြောင်း။

၂။ ။ ဗမာပြည်အလုပ်သမားသမဂ္ဂ တည်ထောင်ပြီးနောက် ၆ လမျှကြာသောအခါ ဗမာပြည်အလုပ်သမားသမဂ္ဂမှ အလုပ်သမားစစ်စစ်သမဂ္ဂများကို ချန်လုပ်၍ ကျန်လက်လုပ်လက်စားလုပ်ငန်းရှင်ကလေးများ၏ သမဂ္ဂကို ကုန်သွယ်ရေးသမဂ္ဂအဖြစ် ခွဲထုတ်ခဲ့ပေသည်။ ဤသို့ ကုန်သွယ်ရေးသမဂ္ဂများအဖြစ် ခွဲထုတ်စည်းရုံးခဲ့ခြင်းသည် လက်တွေ့စည်းရုံးရေးအလုပ်များမှနေ၍ ကြည့်လျှင်သော်၎င်း၊ နိုင်ငံရေးအရကြည့်လျှင်သော်၎င်း၊ မှားယွင်းခဲ့ကြောင်း တွေ့ရသည်ဖြစ်၍ ယခုအခါ အလုပ်သမားစစ်စစ်သမဂ္ဂများနှင့် ကုန်သွယ်ရေးသမဂ္ဂများကို ဗမာပြည်အလုပ်သမားသမဂ္ဂကြီး၏ လက်အောက်၌ပင် ကုန်လုပ်ငန်းအလိုက် ဌာနများခွဲ၍ ဖွဲ့ခြင်းဖြင့် ပြန်လည်ပူးပေါင်းရန် ဆုံးဖြတ်ကြောင်း။

၃။ ။ လက်ရှိဗမာပြည်အလုပ်သမားသမဂ္ဂကို စည်းရုံးထားပုံမှာ ယာယီသဘောမျှသာ ဖြစ်နေရာ စည်းရုံးမှု မြဲမြံခိုင်ခန့်ရေးနှင့် ဗမာပြည်လုပ်သားလူထုကြီး၏ သွေးစည်းမှုအတွက် ပဌမအလုပ်သမားကွန်ဂရက်ကြီးတရပ်ကို ယခုမိုးကုန်လျှင်ကုန်ခြင်း အောက်တိုဘာလလောက်တွင် ခေါ်ယူကျင်းပရန်အတွက် ယခုကစ၍ ပြင်ဆင်စိုင်းပြင်းရန်၊ အလုပ်သမားသမဂ္ဂပါတီစိပ်အား တာဝန်လွှဲအပ်ကြောင်း။ ပဌမကွန်ဂရက်ကြီးမတိုင်မီ အလုပ်သမားသမဂ္ဂကို အောက်ပါစည်းရုံးရေးအခြေခံများအတိုင်း ပြန်လည်စည်းရုံးရမည်ဖြစ်ကြောင်း။ ၎င်းတို့မှာ (၁) သမဂ္ဂများကို ကုန်လုပ်ငန်းများအလိုက် ကောင်စီများဖွဲ့၍ စည်းရုံးပေးခြင်း၊ ဥပမာအားဖြင့် သစ်လုပ်ငန်းကောင်စီတွင် ဖူးကား၊ စတီး၊ ဘီ-ဘီ -တီ-စီ၊ ဟုံဟိုင်းနှင့်နယ်ရှိ သစ်စက်သစ်ခွဲသမဂ္ဂများကို ပူးပေါင်းဖွဲ့စည်းရမည်။ မြို့နေသယ်ယူပို့ဆောင်ရေးကောင်စီတွင် ဘတ်ကား၊ ဆိုက်ကား၊ မြင်းလှည်း၊ အာ -တီ-ဘီ၊ လန်ချားစသည်တို့ ပါဝင်မည်။ လက်လုပ်လက်စားပိုင်ရှင်ကလေးများ ကောင်စီတွင် ဈေး၊ သားရေချုပ်၊ ကုန်စိမ်း၊ ရွှေပန်းတိမ် စသည်တို့ ပါဝင်မည်။ (၂) ဤသို့ လုပ်ငန်းအလိုက် ဖွဲ့စည်းထားသော ဌာနများမှ ကိုယ်စားလှယ်အညီအမျှ ပါဝင်သော ဗဟိုရုံကောင်စီကို ဖွဲ့စည်းခြင်းတို့ဖြစ်ပေကြောင်း။

၄။ ။ အလုပ်သမားသမဂ္ဂအတွင်းရှိ ငါတို့ ပါတီဝင်များသည် သဘောတရားရေးအခြေခံများ အလွန်နည်းပါးရသည့်အထဲတွင် နေ့စဉ် အလုပ်ဝတ္တရားများမှာလည်း လူအားနှင့် မမျှအောင် အလွန်များပြားသဖြင့် လက်တွေ့လုပ်ငန်းများကို လုပ်ရင်း အခြေခံအမြင်များ ပျောက်ကွယ်ကုန်ပြီး အမြင်ကျဉ်းသော လက်တွေ့ဝါဒအတွင်း နစ်မြုပ်လာကြပေသည်။ ဤသို့ ဖြစ်ပျက်နေခြင်းကို အပြင်းအထန် ပြန်လည်ပြင်ဆင်ရန်အတွက် (၁) သမဂ္ဂပါတီစိပ်ကို စနစ်တကျ လုပ်သွားခြင်း၊ အလုပ်သမားလုပ်ငန်းအတွင်းရှိ ပါတီဝင်များသည် အခြေခံသဘောတရားများကို ပြန်လည်သင်ကြားခြင်း (၂) ပါတီဝင်များကို နှစ်စုခွဲ၍ တစုကို အလုပ်ရုံ၊ စက်ရုံ၊ အလုပ်သမားရပ်ကွက်တို့တွင် အသီးသီး အမြဲတန်း တာဝန်ချထား၍ ကျန်တစုက စက်ရုံလိုက်၊ ရပ်ကွက်လိုက်၊ တာဝန်ချထား ခံရသော ရဲဘော်များ၏ အလုပ်များကို ဆက်သွယ်ပေါင်းစပ်ပေးခြင်း စသည်တို့ကို လုပ်ရမည်ဟု ဤကွန်ဖရင့်က ယုံကြည်ကြောင်း။

၅။ ။ ယခုအခါ အလုပ်သမားလုပ်ငန်းတွင် ပါတီတပ်သား ဖြန့်ဖြူးထားခြင်းမှာ အလွန် နည်းပါးနေပေသည်။ ပါတီတပ်သား တိုးတက်များပြားရန် နှစ်နည်းနှစ်လမ်းရှိရာ ၎င်းတို့မှာ (၁) အခြားလုပ်ငန်းများမှ ပါတီဝင်များကို အလုပ်သမားလုပ်ငန်းသို့ ခွဲ၍ ပို့ချခြင်း၊ (၂) အလုပ်သမားလူတန်းစားအတွင်းမှ တပ်သားသစ်များကို ဖန်တီးခြင်း ဖြစ်သည်။ ၁ နှင့် ပတ်သက်၍ ရန်ကုန်စီရင်စုသည် ကြီးသောတာဝန်ကို ထမ်းရွက်ရမည်။ ၂ နှင့် ပတ်သက်၍မူ ယခုပါတီစိပ်က လုပ်နေသည်ကို ယခုထက်အကြိမ်များစွာ ပြင်းထန်လာစေရမည်။ ကျယ်ပြန့်လာစေရမည်။

ဗမာပြည် ကုန်လုပ်ငန်းတွင် ဦးရေတဝက်ကျော်ကျော်ရှိသော ကုလားအလုပ် သမားများကို စည်းရုံးရေးအတွက် ယခု တွေ့ရှိနေသော အခက်အခဲများမှ ကျော်လွှန်ရန် အတွက် အိန္ဒိယပါတီနှင့် အိန္ဒိယအလုပ်သမားသမဂ္ဂတို့မှ အကူအညီ တောင်းသင့်ပေသည်။ ကုလားအလုပ်သမားများအတွင်းသို့ ပါတီ မထိုးဖေါက်နိုင်ဘဲ အလုပ်သမားလုပ်ငန်း၏ ရှေ့ပြေးကို မတွေးတောအပ်ဟု ဤကွန်ဖရင့်က ယူဆကြောင်း။

၆။ ။ ယခုအခါ ဗြိတိသျှနယ်ချဲ့သမားသည် (၁) ကုလား – ဗမာ မုန်းတီးရေးကို ဆွပေးလာခြင်း။ (၂) အလိုတော်ရိသမဂ္ဂများကို တိုက်ရိုက်တမျိုး၊ သွယ်ဝိုက်၍တဖုံ၊ ဖန်တီးပေးလာခြင်း။ (၃) ပြုပြင်ရေး အလုပ်သမားသမဂ္ဂ ခေါင်းဆောင်များကို ပွဲထုတ်လာခြင်း စသော အလွန်ယုတ်မာညစ်ညမ်းသော နည်းများကို အသုံးပြုကာ အလုပ်သမား လုပ်ငန်းတခုလုံးကို ခွဲဖျက်ပစ်ရန် ကြိုးစားနေပေသည်။ ဤနယ်ချဲ့စနစ်၏ လုပ်ကြံမှုကို တိုက်ဖျက်နိုင်ရန်အတွက် တခုတည်းသော လမ်းမှာ အလုပ်သမားလူတန်းစား၏ ညီညွတ်ရေးဖြစ်ပေသည်။ လက်တွေ့အခြေအနေအရ ကြည့်လျှင် ဗမာပြည်တွင် အလုပ်သမားသမဂ္ဂ ဆိုရှယ်လစ်အစည်းအရုံးနှင့် အလံနီသမဂ္ဂတို့ ရှိကြရာ ဤသုံးခု ပူးပေါင်းရေးအတွက် ငါတို့သည် ရှေ့ဆောင်ရှေ့ရွက်လုပ်ခါ ဆောင်ရွက်ကြရမည်။ ပူးပေါင်းရေး၏ အခြေခံမှာ လူတန်းစားတိုက်ပွဲနှင့် နယ်ချဲ့စနစ်ဆန့်ကျင်ရေးဖြစ်ရာ ဤအခြေခံကို ရလျှင် ပူးပေါင်းရေးကို ဖြစ်အောင် လုပ်ကြရမည်ဟု ဤကွန်ဖရင့်က ဆုံးဖြတ်ကြောင်း။





## ရိက္ခာတိုက်ပွဲသည် လွတ်လပ်ရေးတိုက်ပွဲ။

ပြီးခဲ့သော စစ်ကြီးသည် လူ့လောကသို့ ဒုက္ခအမျိုးမျိုးကို ဆောင်ကျဉ်းခဲ့ရာ ယခုအခါ ဝတ်မွတ်ခေါင်းပါး၊ ရေးဘေးဒုက္ခသည် အကြီးဆုံးနှင့် အနီးကပ်ဆုံး ဖြစ်ပေသည်။ ဝတ်မွတ်ခေါင်းပါး ရေးဘေးဒုက္ခသည် ကမ္ဘာ့လူဦးရေ၏ ၄ – ပုံတပုံကို ချိန်းချောက်လျက် ရှိချေပြီ။ သာမန်အချိန်အခါများ၌ အစားအသောက်၊ ကောက်ပဲသီးနှံကို အပြင်သို့ တင်ပို့ခဲ့သော နိုင်ငံများတွင်ပင်လျှင် ထိခိုက်လျှက် ရှိပေသည်။

ဗြိတိသျှနယ်ချဲ့သမားသည် ကမ္ဘာ့အရပ်ရပ်၌ "ဗမာပြည်တွင် ဆန်စပါး လုံလောက်သည်"ဟု ကြွေးကြော်ရင်း ဆန်စပါးကို အပြင်သို့ ပို့လျှက်ရှိပေရာ တကယ်ပင် ဗမာပြည်တွင် အစားအစာ ပိုလျှံစွာရှိသည် သာယာချမ်းလျှက်ရှိသည် စသည်ဖြင့် ကမ္ဘာက အထင်ရှိနေပေသည်။

အမှန်အားဖြင့် ဗမာပြည်အစိုးရတို့၏ စာရင်းအင်းအရပင် အစားအစာ သည် မလုံလောက်ပေ။ သာမန်အချိန်များ၌ စီရင်စု ၁၇ ခုတွင်သာ ပိုမိုစွာ ဆန်စပါးထွက်၍ ကျန် ၁၈ ခုမှာ စီရင်စုအတွင်း သုံးစားရန်ပင် လုံလောက်အောင် မထွက်ခဲ့ချေ။ အစိုးရစာရင်းအရ တကေလျှင် တင်း ၃၀ ထွက်သည်ဟု ဆိုထား ပေရာ သာမန်အချိန်မျိုး၌ အပိုထွက်သော နယ်များ၌ပင် ယခုအခါတွင် ဤမျှ

မထွက်သည်ကို တွေ့ရပေသည်။ အစိုးရစာရင်းအရ တယောက်တလလျှင် စပါးတတင်း စားသုံးသည်ဟု တွက်ထားသည်မှာလည်း အမှန်စင်စစ်အားဖြင့် လျှော့တွက်ထားခြင်းသာ ဖြစ်ပေသည်။

ထို့ကြောင့် "တို့ပြေမှာ ဝေ်သေတဲ့မသာ မရှိ"ဟူသော အယူဟောင်းအဆဲဟောင်းကို စွန့်ပါယ်ကြလျှင် ရိက္ခာဖူလုံရေးတိုက်ပွဲသို့ ဗမာပြည်သူပြည်သားအားလုံးသည် ဆင်နွဲကြရန် လိုပေသည်။

ငါတို့က ရိက္ခာဖူလုံရေးတိုက်ပွဲကို အားတက်သရော မဆင်နွဲကြသေးသော်လည်း နယ်ချဲ့သမားတို့ကား သူတို့အကျိုးငှါ ရိက္ခာဖူလုံရေးတိုက်ပွဲကို ဆင်နွဲလျက်ရှိကြပေပြီ။ ဥပမာ အမေရိကန်နယ်ချဲ့သမားသည် ၎င်း၏ အပိုလျှံအစားအသောက် ကောက်ပဲသီးနှံတို့ကို အသုံးချလျှက် ဥရောပတိုက်တွင် ဒီမိုကရေစီသစ်နိုင်ငံများကို နှိမ်နင်းရန် ကြိုးပမ်းနေသည်။ ဂျပန်တွင် ဖက်ဆစ်အကြွင်းအကျန် ဖောက်ပြန်သော အစိုးရကို အစားအသောက် ကောက်ပဲသီးနှံလက်နက်ဖြင့်ပင် ကာကွယ်ပေးနေသည်။ ဗြိတိသျှနယ်ချဲ့သမားသည်လည်း ၎င်း၏ အင်ပါယာအတွင်းမှ ထွက်သမျှ ကောက်ပဲသီးနှံတို့ကို လက်ဝါးကြီးအုပ်၍ အသုံးပြုကာ နယ်ချဲ့စနစ် တည်မြဲတိုးချဲ့ရေးကို လုပ်နေပေသည်။

ဗမာပြည်တွင်း၌ ဗြိတိသျှနယ်ချဲ့သမားသည်

(က) ၎င်းတို့၏ အရင်းရှင်ကုမ္ပဏီဟောင်းကြီးများကို အသက်သွင်းပေးရန်။

(ခ) ထိုကုမ္ပဏီကြီးများ၏ ကိုယ်စားလည်ကလေးများအဖြစ်ဖြင့် ကုလား ဗမာအရင်းရှင်အချို့ကို စီးပွားဘက်အဖြစ်ဖြင့် သိမ်းသွင်းရန်၊ နယ်ချဲ့သမား မဟာမိတ် ရှာရန်။

(ဂ) ကချင်၊ ကရင်နီ၊ ရှမ်း စသော ဒေသများတွင် အစာအစာခေါင်းပါးမှုကို အရင်းပြုလျက် ၎င်း၏လွှမ်းမိုးမှုကို ခိုင်မြဲရန်။

"ဆန်စီမံကိန်း"ဟူသော အဖွဲ့ကို တည်ထောင်လုပ်ကိုင်လျက်ရှိပေသည်။

နယ်ချဲ့သမားလက်ဝါးကြီးအုပ် အရင်းရှင်များသည် ရိက္ခာအခက်အခဲများမှ အမြတ်ထုတ်၍ ကမ္ဘာသူ-ကမ္ဘာသား လူအများ၏ အကျိုးနှင့် ဆန့်ကျင်သော အလုပ်များကို လုပ်နေပေရာ ဤအတိုင်းသာ သူတို့အား ခွင့်ပြုထားလျှင် ရိက္ခာအခက်အခဲမှာ ပိုမိုပြင်းထန်လာစရာ ရှိပေသည်။ ထို့ကြောင့် ပြည်သူ-ပြည်သား လူအများသည် နယ်ချဲ့သမား ရိက္ခာစီမံကိန်းများကို တိုက်ဖျက်ပစ်ကြရမည်။





အများပြည်သူတို့၏ ရိက္ခာစီမံကိန်းတို့ကို **အစားသွင်းပေးကြရမည်။**

(က) ရိက္ခာနှင့်ပတ်သက်၍ အပြင်းအထန်ဝါဒဖြန့်ဘို့ လိုသည်။ ဗမာပြည်တွင် အစာရေစာကောင်းစွာ မလုံလောက်ကြောင်း ကမ္ဘာအရပ်ရပ်တွင် ရှင်းလင်းပြရမည်။ သို့မှသာ ဗမာပြည်သူပြည်သား လူအများက ဆန်စပါးမပို့နိုင်ဟု ကြွေးကြော်နေသည်ကို ကမ္ဘာက နားလည်နိုင်မည်။ သို့မှသာ ကမ္ဘာက ဗမာ့အပေါ်တွင် မေတ္တာမပျက်ဘဲရှိမည်။ဗမာပြည်တွင်း၌လည်း ရိက္ခာပြဿနာကို အပြင်းအထန်ဝါဒဖြန့်ပေးမှသာ "တို့ပြည်မှာ ဝေ်သေတဲ့ မသာမရှိ"ဟူသော အေးအေးဆေးဆေးနိုင်မှု ပျောက်ပျက်မည်။ ဝေ်မွတ်ခြင်းဘေးကား ကြီးလှ၏။ ငါတို့ လက်လျှော့ရတော့မည်စသော အရှုံးပေးစိတ်လည်း ပျောက်ပျက်မည်။

(ခ) ရိက္ခာပြဿနာကို ကိုင်လျက် လူထုကို လှုံ့ဆော်ရမည်။ စည်းရုံးရမည်။ ရိက္ခာတိုက်ပွဲသည် လူထုကို လှုံ့ဆော်ရေး၊ စည်းရုံးရေးပင်ဖြစ်သည်။

(ဂ) ရိက္ခာပြဿနာသည် ဗမာ-ကရင်-ရှမ်း စသော အားလုံးသော တိုင်းရင်းသားတို့နှင့် သက်ဆိုင်သည်။ ထို့ကြောင့် ဗမာပြည်ဘွားတိုင်းရင်းသားအားလုံးကို ရိက္ခာတိုက်ပွဲက စည်းရုံးပေးနိုင်သည်။ ရိက္ခာပြဿနာသည် လယ်သမား၊ အလုပ်သမား၊ မြို့နေဆင်းရဲသားနှင့် လူလတ်တန်းစား ဒီမိုကရေစီသစ်အင်အားစုများ၏ အရေးအကြီးဆုံးသော ပြဿနာဖြစ်သည်။ ထို့ကြောင့် ဒီမိုကရေစီသစ်အင်အားစုများကို ရိက္ခပြဿနာဖြင့် စည်းရုံးပေးနိုင်သည်။

(ဃ) ရိက္ခာတိုက်ပွဲဖြင့် လူထုသည် အစွမ်းအစရှိသမျှကို ထုတ်လျက် ကိုယ့်ကိုယ်ကို အားကိုးရေး ဖြစ်မြောက်လာစေရမည်။ တဘက်တွင် နယ်ချဲ့သမား၏ ရိက္ခာအစီအမံများကို တိုက်ဖျက်လျက် တဘက်တွင် ကိုယ်တတ်နိုင်သော နည်းဖြင့် ကိုယ့်အားကိုယ် အဓိကအားကိုးလျက် ရိက္ခာပြဿနာများကိုဖြေရှင်း နယ်ချဲ့သမားမှ ရနိုင်သမျှ အခွင့်အရေးကို တိုက်ယူရမည်။

(င) ရိက္ခာတိုက်ပွဲသည် လူထုကို လှုံ့ဆော်စည်းရုံးသော တိုက်ပွဲ၊ ဗမာပြည်ဘွား တိုင်းရင်းသားအားလုံးကို စည်းရုံးပေးသော တိုက်ပွဲ၊ ဒီမိုကရေစီသစ်အင်အားစုကို စုစည်းပေးသော တိုက်ပွဲ၊ လူထု ကိုယ့်ကိုယ်ကို အားကိုးရေး ပေါ်ပေါက်စေသော တိုက်ပွဲ။ နယ်ချဲ့သမား၏ အကြံဆိုး အစီမံဆိုးများကို ဖျက်ဆီးသော တိုက်ပွဲ။ ထို့ကြောင့် ရိက္ခာတိုက်ပွဲသည် လွတ်လပ်ရေးတိုက်ပွဲပင် ဖြစ်ပေသည်။

ထို့ကြောင့် လွတ်လပ်ရေးတိုက်ပွဲဖြစ်သော ရိက္ခာတိုက်ပွဲကို ငါတို့ ပါတီသည်

တပ်ဦးကနေ၍ ဆင်နွှဲကြရန် အောက်ပါလက်ငင်းလုပ်ငန်းစဉ်များကို လုပ်ကြရမည်ဖြစ်ကြောင်း။

☆☆☆

## လုပ်ငန်းစဉ်

(၁) ဝါဒဖြန့်ပွါးရေး – လှုံ့ဆော်ရေး

ရိက္ခာပြဿနာနှင့် ပါတ်သက်၍ အချက်အလက်များ စုဆောင်းရမည်။ ၎င်းတို့၏ အထက်က ဖော်ပြသော သဘောအတိုင်း ဝါဒဖြန့်ရမည်။

(၂) ရိက္ခာကော်မတီများခရိုင်၊ မြို့နယ်၊ ကျေးရွာတို့တွင် ဖွဲ့စည်းရမည်။ ၎င်းတွင် အဖွဲ့ပေါင်းစုံပါဝင်ရမည်။ (ဖ–ဆ–ပ–လ) အဖွဲ့ချုပ်က ရိက္ခာနှင့်ပါတ်သက်၍ ဆုံးဖြတ်ထားသည်။ ၎င်းဆုံးဖြတ်ချက်ကို လေ့လာရန် ဖ–ဆ–ပ–လကဖြစ်စေ ဂိုဏ်း ပေါင်းစုံရိက္ခာကော်မတီကို ဖွဲ့ရန် ဤလုပ်ငန်းမှာမူ မျိုးချစ်မှန်သမျှ ပါဝင်ရန် အရေးကြီး ပေသည်။ ၎င်းရိက္ခာကော်မတီကို အစိုးရက အသိအမှတ်ပြုစေရန် ကြိုးစားရမည်။ ရိက္ခာကော်မတီများ ဖွဲ့စည်းခြင်းကို လူထုအစည်းအဝေးများအားဖြင့် အတည်ပြုရမည်။ ဖ–ဆ–ပ–လအဖွဲ့ချုပ်ကလည်း ဗဟိုရိရိက္ခာကော်မတီတခု ဖွဲ့စည်းရေးအတွက် စီစဉ်ရန်။

(၃) ပြည်သူ့ရဲဘော်တပ်ဖွဲ့များသည် ရိက္ခာတိုက်ပွဲတွင် ရှေ့တန်းမှ ပါဝင်စေရမည်။

(၄) ဝမ်းစာရောင်းသော ဆိုင်များ ဖွင့်လှစ်စေရန် ရိက္ခာမလုံလောက်သော နေရာများသို့ ရိက္ခာပို့စေရန် ရိက္ခာသိုလှောင်ထားသူများကို ဖော်ထုတ်ရန်။ ရိက္ခာကော်မတီ များကို အသိအမှတ်ပြုစေရန်။ ရိက္ခာကော်မတီများအားဖြင့်သာ ရိက္ခာကို ဝေငှဖြန့်ဖြူးရန် ရိက္ခာကော်မတီတို့က တောင်းဆိုရမည်။

(၅) ရိက္ခာကော်မတီများကို ခရိုင်တိုင်းတွင် ဖွဲ့စည်းပြီးသည့်နောက် ရိက္ခာကော်မတီများ၏ ကွန်ဖရင့်ကို ကျင်းပရန် လိုအပ်ပေသည်။ သို့မှသာလျှင် ရိက္ခာပြဿနာကို တိုင်းပြည်က ယခုထက်ပို၍ စိတ်ဝင်စားလာပြီး ဖြေရှင်းရာ၌လည်း ပိုမို အောင်မြင်မည်။





(၆) ရိက္ခာတိုက်ပွဲတွင် ကုန်သည်ကလေးများ ပါဝင်စေရန် ကြိုးစားရမည်။ သူတို့အား မျိုးချစ်စိတ်ဓါတ်ကို လှုံ့ဆော်ပြီးသကာလ ရိက္ခာကော်မတီနှင့် ပူးတွဲ လုပ်စေရမည်။

(၇) မြို့နေဆင်းရဲသား အလုပ်သမား၊ ကျောင်းသား၊ အမျိုးသမီး စသည်တို့ကလည်း ရိက္ခာကော်မတီကို ထောက်ခံလာအောင် ပြုလုပ်ရမည်။

အလုပ်သမားသမဂ္ဂများသည် အလုပ်သမားများအဘို့ ရိက္ခာကို ပေါပေါနှင့် လွယ်လွယ်ရအောင် လုပ်ပေးရမည်။ ရိက္ခာတိုက်ပွဲနှင့် ရှားပါးစရိတ်တိုက်ပွဲတို့ကို ဆက်စပ်ပေးရမည်။

ရိက္ခာတိုက်ပွဲဆင်နွှဲရင်း အလုပ်သမားသမဂ္ဂ အမျိုးသမီးအဖွဲ့တို့၏ အသင်းဝင် စုဆောင်းခြင်းတို့ကိုလည်း လုပ်သွားရမည်။

မြို့များတွင် ဖွဲ့စည်းသော ရိက္ခာကော်မတီများက မြို့များတွင် အချိုးကျ သုံးစွဲသည့်စနစ် (Ratoning) ကို တည်ထွင်ရန် သင့်မသင့် စဉ်းစားရန်လည်း လိုပေသည်။

(၈) ရိက္ခာအကြီးအကျယ် လှောင်ထားသူများ၏ ရိက္ခာကို လူထုအား ဝေငှပေးစေရန် ရိက္ခာကော်မတီများက တောင်းဆိုရမည်။ ၎င်းလုပ်ငန်းများကို ရိက္ခာကော်မတီများက ဖြစ်မြောက်အောင် လုပ်ရမည်။

(၉) ကျေးလက်တောရွာများမှ မြို့များသို့ ဆန်သမားလာခြင်းကို မတားဆီးသင့်ပေ။ သို့ရာတွင် သမဂ္ဂဖြစ်စေ၊ ရိက္ခာကော်မတီမှဖြစ်စေ အရောင်းအဝယ် ဖြစ်စေရန် ကြိုးစားကြရမည်။ လယ်သမားများကိုလည်း ၎င်းတို့၏ ပိုလျှံသော စပါးများကို သမဂ္ဂ သို့မဟုတ် ရိက္ခာကော်မတီသို့ အပ်စေရန် ပြောဟောရမည်၊ စီစဉ်ရမည်။

(၁၀) လယ်သမား၏ လက်ထဲတွင် ဝမ်းစာကျန်စေရန် သမဂ္ဂ သို့မဟုတ် ရိက္ခာကော်မတီက စီစဉ်ရမည်။

(၁၁) ရိက္ခာလုပ်ငန်းသာမက စပါးစိုက်ပျိုးရေးဖြစ်မြောက်အောင် စီစဉ်ရမည်။

☆☆☆

## ထားပြန်နိမ်နင်းရေးအဆို။

ဗြိတိသျှစစ်အုပ်ချုပ်ရေး စတင်ဝင်ရောက်သည်မှစ၍ ဗမာပြည်အနှံ့အပြား ထားပြတိုက်ခိုက်မှုများ၊ ဆူပူသောင်းကြမ်းမှုများမှာ တနေ့တခြား တိုးတက်များပြားလာခဲ့ပေရာ ထိုထားပြတိုက်ခိုက်မှုများကြောင့် အချို့ဒေသများတွင် ယခုနှစ်လယ်လုပ်ရေးအခြေအနေမှ အကြီးအကျယ် ထိခိုက်ဘွယ်ရာအကြောင်းများ ဖြစ်ပေါ်နေပေကြောင်း။ ဤကဲ့သို့ ဆူပူသောင်းကြမ်းမှုများ ဖြစ်ပွါးခြင်း၏ အကြောင်းရင်းများကိုရှာသော် –

(၁) ဖက်ဆစ်အသွင်ဆောင်ကာ ပြန်လာသော ဗြိတိသျှနယ်ချဲ့စနစ်၏ လက်ဝါးကြီးအုပ် သွေးစုတ်မှုများကြောင့် ဗမာပြည်စီးပွားရေးအခြေအနေမှာ တနေ့တခြား ဆိုးဝါးကြပ်တည်းလာခြင်း။

(၂) စစ်မြေပြင် နှစ်ကြိမ်တိုင်တိုင် ဖြစ်ခဲ့သော ဗမာပြည်တွင် ကျန်ရစ်ခဲ့သည့် လက်နက်များမှာ လူဆိုးထားပြများ လက်ထဲသို့ ကျရောက်ခါ တိုက်ခိုက်မှုများကို ဖြစ်ပေါ်နေစေခြင်း။

(၃) နယ်ချဲ့သမားများသည် ထိုဆူပူသောင်းကြမ်းမှုများကို တကယ်တန်းနှိမ်နင်းရန် အားထုတ်ဆောင်ရွက်ခြင်းမပြုဘဲ ထိုဆူပူသောင်းကြမ်းမှုများကို အကျိုးရှိရာရှိကြောင်း ဗမာပြည်တွင် နယ်ချဲ့စနစ်တည်တန့်ရာ တည်တန့်ကြောင်း အတွက်သာ အသုံးချနေခြင်း။

(၄) တိုင်းသူပြည်သားများကလည်း ထားပြကာကွယ်ရေး၊ နှိမ်နင်းရေးနှင့် ပါတ်သက်၍ ထထကြွကြွ စည်းစည်းရုံးရုံး မရှိသေးခြင်း။ လက်နက်နဲ၍ ထားပြခုခံကာကွယ်ရေးကို မလုပ်နိုင်ဟု ခိုကိုးရာမဲ့စိတ် ဖြစ်ပေါ်နေခြင်း။

စသည်ဖြင့် ဆန်းစစ်တွေ့ရှိရပေကြောင်း။

နယ်ချဲ့သမားများသည်လည်း ထားပြနှိမ်နင်းရန်ဟူသော ကြွေးကြော်သံကို သံကုန်ဟစ်ခါ ဗမာပြည်တွင်းတွင် နယ်ချဲ့ပုလိပ်တပ်များအပြင် စစ်တပ်များကိုပါ အသုံးပြုလျက် ပြည်သူ့လွတ်လပ်ခွင့်များကိုပါ ချုပ်ချယ်နေ၏။ ကာကွယ်ရေးဥပဒေများကို ဆက်လက်ထားရှိပြီး ၎င်းဥပဒေများဖြင့် တိုးတက်သော နိုင်ငံရေးခေါင်းဆောင်များ၊ လူထုခေါင်းဆောင်များ၊ ပြည်သူ့ရဲဘော်တပ်အဖွဲ့ဝင်များကို အတောမသတ် ဖိနှိပ်နေခြင်း၊ ထားပြနှိမ်နင်းရေး၊ ငြိမ်ဝပ်ပိပြားရေး ရရှိရေးအရေးကို ခြိုကာ တက်ကြွတော်လှန်လာသော တိုးတက်သည့် အင်အားစုများ၊ လူထုအဖွဲ့အစည်းများကို ပြောင်ပြောင်ကြီး နှိပ်ကွပ်ဖျက်ဆီးနေခြင်းဖြင့် အကြမ်းဖတမ်း





အုပ်ချုပ်မှုကို အထင်အရှား ပြုလုပ်နေပေကြောင်း။ ၎င်းပြင် ခိုးသားထားပြဆူပူမှုများကြောင့် သာမန်နေရေးထိုင်ရေး အရောင်းအဝယ်များ ပျက်ပြားနေပေ၏။ ထိုအခြေအနေများအထဲတွင် တိုင်းသူပြည်သားများသည် နယ်ချဲ့စနစ်ကို တိုက်ဖျက်ရေးလုပ်ငန်းများကို စိတ်ရောကိုယ်ပါ မလုပ်ဆောင်နိုင်သဖြင့်လည်း ထားပြဆူပူသောင်းကြမ်းမှုများမှာ တနည်းအားဖြင့် နယ်ချဲ့သမား၏ အကြိုက်ကို ဖန်တည်းပေးနေပေရာ ထိုကြောင့်သာလျှင် နယ်ချဲ့သမားများသည် ထားပြနှိမ်ကွပ်ရေးကို ဝတ်ကြေတိုင်းကြေသာလျှင် ပြုလုပ်နေပေ၏။ ဗမာပြည်ပြင်ပတွင်လည်း နယ်ချဲ့သမားများသည် ဗမာပြည်တွင်းတွင် ခိုးသားထားပြ လွှမ်းမိုးနေသဖြင့် စစ်တပ်များဖြင့်ပင် နှိပ်ကွပ်နေရသည်ဟူ၍၎င်း။ (ဖ–ဆ–ပ–လ) သည် ခိုးသားထားပြကို ထောက်ခံအားပေးကာ ဆူပူမှုကို လှုံ့ဆော်နေသည်ဟူ၍၎င်း၊ အနှံ့အပြား ဝါဒဖြန့်ကာ ဗမာပြည်တွင် နယ်ချဲ့စစ်တပ်များ ဆက်လက်ထားရှိရန် အကြောင်းပြနေခြင်း၊ ဗမာပြည်အပေါ်တွင် စေတနာထားကြသော အခြားတိုင်းပြည်များအားလည်း အထင်လွဲအမြင်မှား ရှိစေရန်တို့ကိုလည်း ဖန်တီးနေပေကြောင်း။

အထက်ပါအကြောင်းများကြောင့် ခိုးသားထားပြနှိမ်ကွပ်ရေးပြဿနာမှာ ဗမာပြည်ငတ်မွတ်ခေါင်းပါးရေးကို ကာကွယ်လိုသူမှန်သမျှ နယ်ချဲ့စနစ်ကို တိုက်လိုသူမှန်သမျှ လျစ်လျူရှု၍ မဖြစ်သည့် ပြဿနာတရပ် ဖြစ်ပေါ်နေပေကြောင်း။ ဤကဲ့သို့ ခိုးသားထားပြနှိမ်နင်းရေး တကယ်တန်းအောင်မြင်မှုရရှိရန် ပြည်သူပြည်သားများကိုယ်တိုင်က ထထကြွကြွနှင့် ပြည်သူ့နည်းနှင့် မဖြေရှင်းဘဲ ဒင်ပြည့်အောင်မြင်မှု မရရှိနိုင်သည့်အတိုင်း နယ်ချဲ့သမားနည်းဖြင့် ထားပြနှိမ်နင်းနေခြင်းကို ပြည်သူ့နည်းဖြင့်သာ အစားထိုးကြရန်လည်း လိုလားအပ်ပေကြောင်း။ သို့ဖြစ်၍ ငါတို့ ပါတီခွဲများသည် နယ်ချဲ့ စနစ်တိုက်ဖျက်ရေး အောင်မြင်မှုကို ရှေ့ရှုလျက် ထားပြနှိမ်ကွပ်ရေးလုပ်ငန်းကို နယ်ချဲ့စနစ်တိုက်ပွဲတခုအနေဖြင့် ရှေ့ဆောင်ပြုလုပ်ကြရန် ဤကွန်ဖရင့်က နှိုးဆော်လိုက်ကြောင်း၊ ဤထားပြနှိပ်ကွပ်မှုများကို ဆောင်ရွက်ရာကြရာ၌ –

(၁) အခြားလူထုအဖွဲ့အစည်းများ နိုင်ငံရေးအဖွဲ့အစည်းများဖြင့် ပူးပေါင်းတွဲဘက်၍ လူထုကော်မတီများဖြင့် လုပ်ကိုင်ကြရန်။

(၂) နယ်ပါယ်အစိုးရအဖွဲ့များနှင့် ဖြစ်နိုင်သမျှ ပူးတွဲလုပ်ကိုင်ကြရန်။

(၃) ထားပြနှိပ်ကွပ်ရေးကို အကြောင်းပြပြီး အစိုးရ၏ ဖိနှိပ်ချုပ်ချယ်မှုများကို လူထုဖြင့် ခုခံကာကွယ်ကြရန်နှင့် လက်ရှိဥပဒေကို အသုံးပြုနိုင်သောနေရာများတွင် ကျင်လည်စွာ အသုံးပြုရန်။

(၄) ထားပြန့်နိုင်ကွပ်ရာတွင် အစိုးရ၏ ချို့ယွင်းချက်များ ရည်ရွယ်ချက်များ ရက်စက်မှု နှိပ်ကွပ်မှုများကို ပြည်တွင်းပြည်ပတွင် တကဲ့အမြင်မှန် ရှိလာရန် လုံးပန်းကြရန်။

(၅) ထားပြန့်မိနင်းရေးတွင် ပြည်သူပြည်သားတို့ကိုယ်တိုင် ထထကြွကြွဖြင့် စိတ်ရောကိုယ်ပါ ပါဝင်ကြရန် မြို့ရွာများတွင် ကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်း၊ ၎င်းအဖွဲ့များကို အစိုးရက လက်နက်ပေးအပ်၍ အကူအညီယူခြင်းများ ပြုလုပ်ပေးရန် လှုံ့ဆော်ရန်။

(၆) ထားပြဆူပူသောင်းကြမ်းနေခြင်းမှာ နယ်ချဲ့သမားအကြိုက်ဖြစ်ပြီး ဗမာပြည် ပြန်လည်ထူထောင်ရေး၊ လယ်ယာစိုက်ပျိုးရေး၊ လွတ်လပ်ရေးတို့တွင် အကြီးအကျယ် အနှောင့်အယှက် ဖြစ်နေခြင်းတို့ကို သဘောပေါက်လာရန် လှုံ့ဆော်ပေးရန်။

(၇) စီးပွါးရေးချောင်ချိမှု လုပ်ငန်းသစ်များ ဖွင့်လှစ်ပေးမှုကိုလည်း လုံးပန်းကြရန်။

(၈) ဗမာပြည်တွင် စစ်တပ်များ ထားရှိခြင်း၊ နယ်ချဲ့သမားအကြံအစီကို ထုတ်ဖေါ်၍ စစ်တပ်များ ပြန်လည်ရုပ်သိမ်းဘို့ လှုံ့ဆော်ရန်။

(၉) ထားပြန့်မိနင်းခြင်းကို အကြောင်းပြု၍ နယ်ချဲ့သမားများ၏ ဖိနှိပ်ခြင်းနှင့် စပ်လျဉ်းပြီး လူထုတိုက်ပွဲများ အနှံ့အပြား ဖြစ်ပေါ်စေရန် စည်းရုံးမှုတိုးတက်လာစေရန် နိုးကြားတက်ကြွပြီး အမြင်မှန်ရှိနေသော လူထုကြီး ပေါ်ပေါက်လာစေရန်နှင့် လူထုက မိမိအင်အားယုံကြည်မှုကို ပိုမို ခိုင်မြဲလာစေရန်။

စသည်တို့အတွက် တိုက်ပွဲတခုအနေဖြင့် အပြင်းအထန်လုပ်ကြရန် ဆုံးဖြတ်ကြကြောင်း။

ပြည်သူ့အာဏာပုံနှိပ်တိုက်ထုတ်၊ ပြည်သူ့လုပ်ငန်းစဉ်စာအုပ်မှ

မှုရင်းစာလုံးပေါင်းသတ်ပုံအတိုင်းဖော်ပြပါသည်။

☆☆☆







# နောက်ဆက်တွဲ (၂)

## ၁၉၄၆ ခုနှစ် အောက်တိုဘာ ၂၂ ရက်နေ့မှ ၂၉ ရက်နေ့အထိ ကျင်းပသော ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအစည်းအဝေးတွင် စဉ်းစားလက်ခံသော ဗမာပြည် လွတ်လပ်ရေးတိုက်ပွဲ၏ နောက်ဆုံးအခန်းအတွက် ဗြိတိသျှနယ်ချဲ့စနစ်အား အပြုတ်တိုက်ထုတ်ရန် ကွန်မြူနစ်ပါတီ၏ လုပ်ငန်းစဉ်

## ပါတီဝင်များသို့

၁။ အောက်တိုဘာ ၂၂ ရက်မှ ၂၉ ရက်နေ့အထိ ကျင်းပသော ကွန်မြူနစ်ပါတီ၏ ဗဟိုရ်ကော်မတီ အစည်းအဝေးတွင် စဉ်းစားလက်ခံသော ကွန်မြူနစ်ပါတီ၏ နိုင်ငံရေးလုပ်ငန်းစဉ်ကို ထုတ်ပြန်လိုက်သည်။

၂။ ၎င်းလုပ်ငန်းစဉ်သည် လောလောဆယ်အားဖြင့် လိုက်နာဆောင်ရွက်ရန်သာမက ပါတီဝင်များက အားလုံးဆွေးနွေးရန်ဖြစ်သည်။ ဤလုပ်ငန်းစဉ်သည် လွတ်လပ်ရေးအတွက် တိုက်လိုသူအားလုံး တစည်းတရုံးတည်း စည်းရုံးပြီးသကာလ နယ်ချဲ့စနစ်ကို အပြုတ်တိုက်သည့် လုပ်ငန်းစဉ်ဖြစ်သည်။

၃။ ဤလုပ်ငန်းစဉ်ကို ဒီဇင်ဘာလတွင် ကျင်းပမည့် ပါတီကွန်ဖရန့်တွင်လည်း ဆွေးနွေးလိမ့်မည်။

၄။ ဤလုပ်ငန်းစဉ်ကို ပါတီဝင်များသည် အောက်ပါအတိုင်း ဆွေးနွေးကြရန်–

(က) နိုဝင်ဘာ ၃၀ ရက်နေ့ မတိုင်မှီ ပါတီကလပ်စည်းတိုင်းက ဆွေးနွေးပြီးသကာလ မိမိတို့၏ ထင်မြင်ချက်များကို မြို့နယ်ကော်မတီများသို့ တင်ပြကြရန်။

(ခ) ဒီဇင်ဘာ ၇ ရက်နေ့ မတိုင်မှီ မြို့နယ် ပါတီကော်မတီ အစည်းအဝေးများက ပါတီလုပ်ငန်းစဉ်ကို ဆွေးနွေးပြီးသကာလ မိမိတို့၏ ထင်မြင်ချက်များကို စီရင်စုကော်မတီများသို့ တင်ပြကြရန်။

(ဂ) ဒီဇင်ဘာ ၁၄ ရက်နေ့မတိုင်မှီ စီရင်စု ပါတီကော်မတီအစည်းအဝေးက ပါတီလုပ်ငန်းစဉ်ကို ဆွေးနွေးပြီးသကာလ မိမိတို့၏ ထင်မြင်ချက်များကို စာဖြင့်ရေး၍ ဗဟိုရ်ကော်မတီသို့ တင်ပြကြရန်။

(ဃ) ဗဟိုရ်ကော်မတီသို့ စီရင်စုကော်မတီတို့က ဒီဇင်ဘာ ၂၁ ရက်နေ့မတိုင်မှီ အရောက်ပို့ကြရမည်။

သန်းထွန်း၊ အထွေထွေအတွင်းရေးမှူး
ကွန်မြူနစ်ပါတီ





## ဗမာပြည် လွတ်လပ်ရေးတိုက်ပွဲ၏ နောက်ဆုံးအခန်းအတွက် ဗြိတိသျှနယ်ချဲ့စနစ်အား အပြုတ်တိုက်ထုတ်ရန် ကွန်မြူနစ်ပါတီ၏ လုပ်ငန်းစဉ်

### (၁)
### စစ်အပြီးခေတ်၏ ထူးခြားချက်များ

စစ်အတွင်း၌ ဗမာပြည်သည် မီးလောင်ပြာကျခဲ့၏။ အိုးပြုတ် – အိမ်ပြုတ်– ကျွဲပြုတ်–နွားပြုတ် စသည်ဖြင့် တတိုင်းပြည်လုံး ဆောက်တည်ရာမရ ဖြစ်ခဲ့လေသည်။ ဗမာပြည်သူပြည်သားတို့သည်လည်း မခံမရပ်နိုင်ဖြစ်ကာ တတိုင်းပြည်လုံးအား နှိပ်စက်လျက် ရှိသော ဂျပန်တို့အား လက်နက်စွဲကိုင်တော်လှန်၍ မောင်းထုတ်ခဲ့ပေသည်။ သို့ရာတွင် ငါတို့၏ ရှေ့ဆောင်မှု ညံ့ဖျင်းခဲ့သဖြင့် ဗြိတိသျှနယ်ချဲ့သမားတို့က အသစ်တဖန် အခြေစိုက်ရန် ကြိုးပမ်းမှုတို့ကို မတိုက်ဖျက်နိုင်ခဲ့ပေ။

ဗြိတိသျှနယ်ချဲ့သမားတို့သည် ဗမာပြည်ကို ပြန်လည်သိမ်းပိုက်ပြီး စစ်တပ်များဖြင့် လွှမ်းမိုးခဲ့၏။ သစ်စီမံကိန်း–ဆန်စီမံကိန်း–ပို့ဆောင်ရေးစီမံကိန်း စသည်တို့ဖြင့် လက်ဝါးကြီးအုပ်အရင်းရှင်စနစ်ကို ပြန်လည်ထူထောင်ကြ၏။ မြေရှင်စနစ်–ငွေတိုးကြီးစားစနစ်–ဗြူရိုကရေစီစနစ်တို့ကိုလည်း ပြန်လည် သွင်းခဲ့ပေသည်။

အလုပ်သမားလူထုသည် ၎င်းတောင်သူလယ်သမားလူထုသည်၎င်း၊ မြို့နေဆင်းရဲသားများ–လူလတ်တန်းစားများသည်၎င်း၊ နယ်ချဲ့စနစ် လက်ဝါးကြီးအုပ်ပရိုဂျက်များ–မြေရှင်စနစ်၊ ငွေတိုးကြီးစားစနစ်နှင့် ဗြူရိုကရေစီစနစ်၏ ဒဏ်ကို ၎တ်တုတ်မခံတော့ဘဲ အုံကြွ၍ တော်လှန်ခဲ့ပေသည်။

လူထုအသီးသီးတို့က အုံကြွတော်လှန်လာကြသဖြင့်လည်း ဗမာပြည် လွတ်လပ်ရေးတိုက်ပွဲသည် အဆုံးသတ်တိုက်ပွဲ ဆင်နွှဲရမည့်အချိန်သို့ ဆိုက်ရောက်လာလေပြီ။ နယ်ချဲ့သမားတို့အား ရင်ဆိုင်၍ တိုက်ခဲ့ကြသော လူထုတိုက်ပွဲကြီးများ တပွဲပြီးတပွဲ ဆင့်ကဲဆင့်ကဲ ပေါ်ပေါက်လာခဲ့ခြင်းတို့ကြောင့် လူထုကြီးသည် နိုင်ငံရေး တန်ခိုးအာဏာကို အတင်းသိမ်းယူ၍ နယ်ချဲ့စနစ်အုပ်စိုးမှုကို မြေမြှုပ်သင်္ဂြိုဟ်မည့် အခါ နီးကပ်လာခဲ့လေပြီ။

၁၉၄၅ ခုနှစ် နိုဝင်ဘာလလောက်ကစ၍ ကျွဲ၊ နွား၊ ထွန်တုံး၊ ထွန်တံ မရှိခြင်း၊ ပိုးမွှားများ ဖျက်ဆီးခြင်း။ လယ်သမားလက်ထဲရှိ ဂျပန်စက္ကူများ အသုံး မပြုရခြင်း စသည်တို့ကြောင့် သိန်းပေါင်းများစွာသော လယ်သမားတို့၏ မြေဆီခ မပေးရေးတိုက်ပွဲများ အထက်ဗမာပြည်နယ်များစွာတွင် အမတော်ကြေး မပေးနိုင် သဖြင့် ပြန်လည် မဆပ်ဘဲနေသည့် တိုက်ပွဲများ။

၁၉၄၆ ခု ဧပြီလလောက်မှစ၍ အောက်ဗမာပြည်တွင် ထွန်တုံးပေါင်း ရာပေါင်းများစွာနှင့် ထောင်ပေါင်းများစွာသော လယ်သမားတို့ စုရုံးကာ အောင်လံထူ၍ လယ်မြေများကို အတင်းဝင်ရောက်လုပ်ကိုင်ခြင်းများ၊ ပဲခူး–ပုသိမ်–စစ်ကိုင်း –မြောင်းမြ–ဟံသာဝတီ–ရွှေဘို စသော နယ်ပေါင်းများစွာတွင် ထောင်သောင်းမက သော အင်တပ်ကြီးများ ချီတက်ခြင်း၊ ဆန်စပါး သိုလှောင်ထားရာများသို့ လူစုလူဝေးဖြင့် ချီတက်ပြီးသကာလ ဆန်စပါးတို့ကို သိမ်းယူ၍ ဝေငှသည့် ဆန်လုပွဲများ (ဖျာပုံ) စသော တောင်သူလယ်သမားတို့ တိုက်ပွဲများသည် တခုပြီး တခု ပေါ်ပေါက်လာ၍ မြေရှင်စနစ်ကို ဖြိုခွင်းတော့မည့်ဆဲဆဲ ဖြစ်နေသည်။

စတီး–ဖူးကား–ဟုံဟိုင်း စသော သစ်စက်သပိတ်များ။ ဖျဉ်းမနားရှိ သစ်တောသပိတ်များ။ ဒလသင်္ဘောကျင်းသပိတ်–ဒေါပုံသင်္ဘောကျင်းသပိတ်– မန္တလေး–မြင်းခြံ သင်္ဘောကျင်းသပိတ် စသော ရေကြောင်းပို့ဆောင်ရေးဆိုင်ရာ သပိတ်များ။

ရေဝန်အလုပ်သမားနှင့် မီးရထားသပိတ်၊ ဇေယျဝတီသကြားစက် သပိတ်များ။

နယ်ချဲ့သမား အရင်းရှင် ဖ–ဆ–ပ–လ ဆိုရှယ်လစ်–ပြည်သူ့ရဲဘော် – ခရိုင်ဝန်သတင်းစာ – ပုလိပ်တို့အားလုံးက ဝိုင်း၍ ဖျက်သော်လည်း ကြံ့ကြံ့ခိုင်ခိုင် တောင့်တင်းစွာ မှောက်လာခဲ့သော အောက်တိုဘာအလုပ်သမားတို့၏ အထွေထွေ





သပိတ်ကြီးစသော သပိတ်တို့ကိုကြည့်လျှင် ဗမာပြည်တွင် မကြုံစဖူး ထူးကဲသော အလုပ်သမားလူတန်းစား၏ သပိတ်မီးသည် တဟုန်းဟုန်းထထောက်၍ တတိုင်းပြည် လုံး ပြန့်နှံ့လာခဲ့သည်။ နောက်လည်း ပြန့်နှံ့တော့မည်မှာ အထင်အရှားဖြစ်လေသည်။

အလုပ်သမားလူတန်းစား၏ အုံကြွမှုတောင်သူလယ်သမားတို့၏ ထကြွမှု သည် မြို့နေလူလတ်တန်းစားတို့ကို ညီညွတ်စည်းရုံးစေကာ တလှုပ်လှုပ်တရွရွ ဖြစ်စေခဲ့လေသည်။

ကျောင်းဆရာပေါင်းများစွာသည် အလုပ်သမား–လယ်သမားတို့၏ စည်းရုံးမှုကို အားကျ၍ သပိတ်လက်နက်စွဲကိုင်လာကြ၏။ စာရေးများ – ရုံးအလုပ် သမားများသည်လည်း ဘဝသစ်ရမှုအတွက် တိုက်ပွဲဝင်ခဲ့ကြ၏။

ပုလိပ်သပိတ်–စာတိုက်သပိတ်–အစိုးရအမှုထမ်းတို့၏ သပိတ်ကြီးသည် နယ်ချဲ့သမားတို့၏ ဗြူရိုကရေစီစက်ကြီယာကြီးကို ဂယိမ်းဂယိုင်ဖြစ်၍ ပြိုလုဆဲဆဲ ဖြစ်စေခဲ့၏။

ယခု ပေါ်ပေါက်နေဆဲဖြစ်သော မြေစာရင်းသပိတ်သည်ပင် အစိုးရ၏ အခွန်ကောက်ခံရေးစက်ကြီယာကို ရိုက်ချိုးလိုက်ခြင်းဖြစ်ပေသည်။

အလုပ်သမား–တောင်သူလယ်သမား မြို့နေလူလတ်တန်းစားတို့သည် တတိုင်းပြည်လုံး အုံးအုံးကြွက်ကြွက် ဆူပွက်လာသည့်အခါ နယ်ချဲ့သမားသည် လူထု၏အုံကြွမှုကို စက်သေနတ်–ရိုင်ဖယ်ကျည်ဆံ–တင့်ကားတို့ဖြင့် ဖိနှိပ်ခဲ့ပေသည်။

သို့ရာတွင် တက်ကြွနေသော လူထုသည် နယ်ချဲ့သမားတို့၏ ကျည်ဆံကို မကြောက်မရွံ့ ရင်ကော့၍ ချီတက်ခဲ့ကြသည်။ ထန်းတပင်တွင် သေနတ်ပြောင်းဝကို ရင်ကော့တက်သူများအား နယ်ချဲ့သမားတို့က ပစ်ချခဲ့လေသည်။ သို့ရာတွင် အင်းစိန်–ဟံသာဝတီ–မအူပင်နယ်တို့သည် နယ်ချဲ့သမားတို့အား အညှာခံခြင်း လုံးဝမရှိဘဲ ဆက်လက်ချီတက် တိုက်ခိုက်နေကြပေသည်။

နယ်ချဲ့သမား၏ ကျည်ဆံကို မကြောက်မရွံ့ ချီတက်ခြင်းများ၊ လူစုလူဝေးနှင့် ရုံးပိုင်းခြင်းတို့ကြောင့် လက်နက်ကိုင်အဖွဲ့အစည်းများပင်လျှင် လှုပ်ရှားလာခဲ့ပေသည်။ ပုလိပ်သပိတ်များ–လက်နက်ကိုင်ပုလိပ်သပိတ်များအတွင်း မကြေမနပ် လှုပ်ရှားမှုများ ပေါ်ပေါက်ခဲ့၏။ လူထုတိုက်ပွဲများ ပြင်းထန်လာသည့်အခါ သာမန်အုပ်ချုပ်ရေး စက်ကြီယာ သာမန်ပုလိပ်အဖွဲ့တို့လောက်နှင့် အားမရဘဲ စစ်တပ်များကို အသုံးပြု လာခဲ့၏။ လူထုတိုက်ပွဲများကို စစ်တပ်များနှင့် နှိမ်နင်းရန် ကြိုးပမ်းလာခဲ့ကြ၏။

သို့ရာတွင် စစ်တပ်တွင်းမှ ရဲဘော်တို့ကား ပြည်သူလူထု၏ သားများဖြစ်ရကား မိမိတို့၏ မိဘ၊ မိမိတို့၏ အစ်ကိုများကို မပစ်ခတ်လို၊ တက်ကြွလျက်ရှိသော လူထုနှင့်သာ ပူးပေါင်းလိုသောဆန္ဒသည် တောမီးကဲ့သို့ ပြန့်နှံ့လာခဲ့လေပြီ။ လက်နက်ကိုင်အဖွဲ့အစည်းများအတွင်း၌ပင်လျှင် နယ်ချဲ့စနစ်ကို တတိုင်းပြည်လုံး အံကြွတော်လှန်ရမည်ဟူသောဝါဒသည် ပြန့်ပွားခဲ့လေပြီ။

ကရင်နီပြည်တွင် လွတ်လပ်ရေးအတွက် ကြိုးပမ်းမှုများ–ကချင်တောင်တန်းများတွင် လွတ်လပ်ရေးထကြွမှုများ၊ ရှမ်းပြည်တွင် ရှမ်းပြည်လွတ်လပ်ရေးအဖွဲ့ချုပ် ပေါ်ပေါက်လာပြီးနောက် ရှမ်းပြည်လူထု၏ လွတ်လပ်ရေးအတွက် စတင်ကြိုးပမ်းမှုများ စသည်တို့သည် နယ်ချဲ့စနစ်ကို အဆုံးသတ်ရေး နယ်ချဲ့စနစ်က ထောက်ခံထားသော စော်ဘွားစနစ် ပဒေသရာဇ်စနစ်တို့ကို တော်လှန်မည့်အလားအလာများ ဖြစ်ပေသည်။

စီးပွားရေးတိုက်ပွဲများမှ နိုင်ငံရေးတိုက်ပွဲများ၊ နိုင်ငံရေးတိုက်ပွဲများမှ လက်နက်ကိုင်တိုက်ပွဲများအထိ တိုက်ပွဲများသည် ပြင်းထန်လာသည်နှင့်အမျှ တိုက်ပွဲတို့၏ အသွင်သဏ္ဌာန်သည် ပြောင်းလဲလာရမည်။

စီးပွားရေးကြပ်တည်းမှုတို့ကြောင့် ပေါ်ပေါက်လာသော အထက်ပါတိုက်ပွဲများတို့သည် လက်နက်ကိုင်တိုက်ပွဲများအဖြစ် ပြောင်းလဲမည့်အလားအလာတို့သည် ပေါ်ပေါက်ခဲ့လေပြီ။

၁၉၄၅ ခုနှစ် ဝင်းဂတတ် ဂါတ်စီးရာမှဖြစ်လာသော ပဲခူးသူပုန်ကြီးယခုအခါ ရခိုင်ရိုးမအရှေ့ဘက် အနောက်ဘက်တလျှောက်တွင် တနှစ်ကျော်ကာစ၍ အလျှော့မပေးဘဲ ပြောက်ကြားတိုက်ခိုက်နေခြင်းတို့ကို ကြည့်ကာ တတိုင်းတပြည်လုံး၏ အုံကြွမှုတို့သည် လက်နက်ကိုင်တိုက်ပွဲတို့ဖြင့် သရုပ်ဆောင်းရမည့် အလားအလာများ ဖြစ်ပေသည်။

### ခေနရှင်ခေါင်းဆောင်တို့၏ ဒူးထောက်ရေးလမ်းစဉ်

ဤကဲ့သို့ တိုက်ပွဲများ အတောမသတ်ပေါ်ပေါက်လာသော်လည်း တိုင်းပြည်လွတ်လပ်ရေးအင်အားစုများ စုပေါင်းရာဟု အများက ယုံကြည်ကိုးစားအားကိုး၍ လိုက်ခဲ့ကြသော ဖ–ဆ–ပ–လအဖွဲ့ချုပ်သည် နယ်ချဲ့သမားရှေ့မှောက်တွင် ဒူးထောက်၍ နေပေသည်။





တိုင်းပြည်လွတ်လပ်ရေးအင်အားစုများ စုပေါင်းရာဟု ဖ–ဆ–ပ–လ အဖွဲ့အချုပ်အား တိုင်းပြည်က ယုံကြည်ကိုးစားအားထားခဲ့ခြင်းမှာ အခြားကြောင့်မဟုတ်။ ဖ–ဆ–ပ–လအဖွဲ့ချုပ်သည် မူလက တော်လှန်ရေးသမားများ၏ အဖွဲ့အစည်းဖြစ်၏။ သို့ရာတွင် ငါတို့သည် ပြည်သူလူထု၏ အစွမ်းကို ယုံကြည်မှုနဲ့ခဲ့သဖြင့် ဖောက်ပြန်သော နိုင်ငံရေးသမားများကို ဖ–ဆ–ပ–လ အထဲသို့ သွတ်သွင်းခဲ့၏။ သွတ်သွင်းခဲ့ရုံမက လူထု၏ သီးခြားကင်းလွတ်သော စည်းရုံးမှု၊ သီးခြားကင်းလွတ်သော တိုက်ပွဲများ ဆင်နွှဲခြင်းမပြုဘဲ ဖ–ဆ–ပ–လကို တိုင်းပြည်က မျက်စိမှိတ်ယုံကြည်ကိုးစားအောင် ငါတို့ လုပ်ခဲ့ကြ၏။ ငါတို့ ပါတီကွဲလိုက်သည့်အခါ ဖောက်ပြန်ရေးသမားများ ခေါင်းထောင်လာခဲ့၏။ အချောင်နည်းဖြင့် တိုင်းပြည်တွင် ရရှိခဲ့သော ဩဇာကို အလွဲသုံးစားပြုကာ ဖ–ဆ–ပ–လအဖွဲ့ချုပ်သည် ဒူးထောက်ရေးလမ်းစဉ်ကို လိုက်ခဲ့တော့၏။

မိမိ၌ရှိနေသော ဩဇာတန်ခိုးကို အလွဲသုံးစားပြုခါ လူထု၏ အုံကြွမှုကို အတားအဆီး ဖြစ်စေခဲ့၏။ တော်လှန်ရေးတိုက်ပွဲများကိုလည်း ဖျက်ဆီးနေ၏။ လူထုတိုက်ပွဲများတွင် မိမိနောက်လိုက်နေသူများကို ပါလည်းမပါစေရ။ အကူအညီလည်း မပေးစေရ။ အတင်းသာလိုက်၍ ဖျက်ဆီးနေတော့၏။

မိမိတို့၏ နောက်လိုက်များကို မဟုတ်တန်းတရား ဝါဒဖြန့်စေကာ အရှုးအမူး ဖြစ်စေပြီး အဓိကရုဏ်းများဖြစ်အောင် လှုံ့ဆော်၍ နေပေသည်။ လူထုကြီးက အလိုလို အုံကြွကာ အလိုအလျှောက် သွေးစီးနေသည်ကို အတင်းခွဲ၍နေပေတော့၏။

ဆိုရှယ်လစ်များကလည်း ''ပြည်တွင်းစစ်ပွဲ မကြာခင်ဖြစ်ရမည်''ဟူသော ကြွေးကြော်သံတို့ဖြင့် နယ်ချဲ့သမားကို တလုံးတစည်းတည်း တိုက်ရမည့် အင်အားစုများကို ဖြိုခွဲ၍ နေပေသည်။

ပြည်သူ့ရဲဘော်တပ်ဖွဲ့များအားဖြင့်လည်း လူထုအစည်းအဝေးပွဲများကို အတင်းအဓမ္မ ဖျက်ဆီးခဲ့ပေသည်။

သို့ရာတွင် လူထုသည် မကြောက်မရွံ့ ဂရုမစိုက် ပမာမထားဘဲ အနှောင့်အယှက်အဖျက်အဆီးများကို ကျော်နင်းကာ ညီညွတ်ရေးကို အတင်းတည်ဆောက်နေ ကြ၏။

*(ဇူလိုင်လ ၂၆ ရက်နေ့တွင် တိုင်းပြည်အနှံ့အပြားမှ ချုပ်ချယ်မှုကန့်ကွက်ပွဲများ)*

စက်တင်ဘာလ ၂၃ ရက်နေ့ တောင်သူလယ်သမားတို့၏ ပြည်လုံးကျွတ်အားပြပွဲများ အောက်တိုဘာလ အထွေထွေသပိတ်ကြီးအတွင်း –

*(အောက်တိုဘာလ ၂၆ ရက်နေ့ တောင်သူလယ်သမားတို့၏ ပြည်လုံးကျွတ်တိုက်ပွဲများ)*

ဖ–ဆ–ပ–လအဖွဲ့ချုပ်ကို နယ်ချဲ့သမားတိုက်ဖျက်ရေး တပ်ပေါင်းစုကြီးအဖြစ် ဖွဲ့စည်းခဲ့ကြ၏။ နယ်ချဲ့သမား တိုက်ဖျက်ရေးတွင် ကွန်မြူနစ်တို့၏ အင်အား၊ အလုပ်သမား လယ်သမားတို့၏ အင်အားသာ အဓိကဖြစ်ရမည်။ သို့မှသာ နယ်ချဲ့စနစ်ကို မဖေါက်မပြန် မသွေမဖီ တိုက်ခိုက်လိမ့်မည်။ သို့ရာတွင် နယ်ချဲ့သမားတို့သည် အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုကို ဖျက်ဆီးလို၏။ အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုမှ တပ်ဦးဖြစ်သော ကွန်မြူနစ်အင်အားစုတို့ကို ဖယ်ရှားပစ်လို၏။ သို့အတွက် ဖ–ဆ–ပ–လ မှ ဖေါက်ပြန်သော ခေါင်းဆောင်တို့သည် နယ်ချဲ့သမားတို့၏ အလိုကျ ကွန်မြူနစ်တို့ကို ဖယ်ရှားကာ အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုကို အတင်းဖျက်ပစ်၏။ လွတ်လပ်ရေးကြိုးပမ်းလျှက်ရှိသော လူထု၏ စိတ်ဓါတ်ကို ခြောက်ခြားစေခဲ့၏။ မိမိတို့သာ ဒူးထောက်နေရုံမက တတိုင်းပြည်လုံးကို နယ်ချဲ့သမားရှေ့မှောက်တွင် ပြားပြားမှောက်စေခဲ့၏။

အောက်တိုဘာလသပိတ်ကြီး၊ ၂၆ ရက်နေ့ တောင်သူလယ်သမားတိုက်ပွဲတို့သည် လူထုစိတ်ဓာတ်ကို ပြန်လည်တက်ကြွစေခြင်းတို့ ဖြစ်ပေသည်။

ၐင်းပြင် ဓနရှင်ခေါင်းဆောင်တို့သည် လက်နက်ကိုင်အဖွဲ့အစည်းများတွင် တော်လှန်ရေးစိတ်ဓာတ် တက်ကြွခြင်းတို့ကိုပင် အကြီးအကျယ် ဖျက်ဆီးနေပေသည်။

*(ဖ–ဆ–ပ–လ)နှင့် ပုလိပ်လက်နက်ကိုင်တပ်အတွင်းမှ ဗိုလ်ကြီးများ–*

နယ်ချဲ့သမားအား အပြီးတိုင်မြေမြှုပ်သင်္ဂြိုဟ်ပြီးသကာလ လူထုလက်ထဲသို့ နိုင်ငံရေးတန်ခိုးအာဏာသိမ်းယူမည့် အချိန်အခါတွင် နယ်ချဲ့သမားထံမှ လက်ဝေခံရာထူးယူရေးအတွက်သာ လုံးပမ်းခဲ့ပေသည်။

ဖ,ဆ,ပ,လ အဖွဲ့ချုပ်ခေါင်းဆောင်များသည် အဘယ်ကြောင့် တတိုင်းတပြည်လုံးအား သစ္စာဖေါက်ရဲကြသနည်း။ လူထုတိုက်ပွဲများကို အဘယ်ကြောင့် နောက်ကြောမှ ဒါးနှင့် ထိုးစိုက်ရဲကြသနည်း။ ငါတို့၏ ပါတီတွင် တနှစ်ကျော် အချောင်သမားဝါဒသည် လွှမ်းမိုးလာခဲ့၏။ 'ငြိမ်းချမ်းစွာ ဖြစ်ပေါ်ရေး' 'လူတန်းစားတိုက်ပွဲများ ချောမွတ်ရေး' စသော မှောက်မှားသည့် အယူအဆများကို မြိန်ရေ





ရှက်ရေ လက်ခံလာခဲ့၏။

ငါတို့ပါတီသည် မှောက်မှားသည့် အယူဝါဒတို့ကို ဆေးကြောသုတ်သင်ပြီး တော်လှန်ရေးလမ်းစဉ်ကို လိုက်ခါ နယ်ချဲ့သမားတို့၏ အလိုတော်ရိသြဇာများကို အတင်းဖြိုချရမည်။

ရှေ့အဘို့တွင် နှစ်လမ်းသာရှိသည်။

တလမ်းကား – နယ်ချဲ့သမားသည် ဖ–ဆ–ပ–လ ဟူသော ဓနရှင်လူလတ်တန်းစား၏သြဇာကို အသုံးပြုကာ လူထု၏ အုံကြွမှုကို ချေမှုန်းတော့မည်။

နောက်တလမ်းကား – အလုပ်သမား လယ်သမားတို့၏ ပါတီသည် ရဲရဲတင်းတင်း၊ မားမားမတ်မတ်ကြီးရပ်ခါ မှန်ကန်သော ဆောင်ပုဒ်။ မှန်ကန်သော လုပ်ငန်းစဉ်၊ မှန်ကန်သော သေနင်္ဂဗျူဟာတို့ဖြင့် ရှေ့ဆောင်ရမည်။ လူထု၏ မကြေနပ်မှုတို့ကြောင့် ပေါက်ကွဲလာသည်တို့ကို အခြေထားကာ အတော်မသတ်တိုက်ပွဲဆင်နွှဲခြင်းဖြင့် လူထုကို တလုံးတစည်းတည်း ဖြစ်စေရမည်။ လူထုတိုက်ပွဲတို့ဖြင့် ဓနရှင်ရှေ့ဆောင်မှုကို ဖြိုချရမည်။ ပြည်သူလူထုက တန်ခိုးအာဏာသိမ်းရေးအတွက် ပြင်ဆင်ကြရမည်။

### ညီညွတ်ရေးအသစ် တည်ဆောက်ရန်ဆောင်ပုဒ်များ

ဓနရှင်ခေါင်းဆောင်တို့ အတင်းဖြိုခွဲသည့်အထဲမှ ငါတို့သည် ညီညွတ်ရေးအသစ်ကို တည်ဆောက်ကြရမည်။ လူထုတိုက်ပွဲများတွင် ငါတို့သည် မားမားမတ်မတ် ရှေ့ဆောင်ကြရမည်။ လူထုကို တိုက်ခိုက်ရေးအစွမ်းအစများ ထက်မြက်လာစေရမည်။ ဓနရှင်ခေါင်းဆောင်မှုနောက်သို့ ယောင်မှား၍ လိုက်နေကြသူများကိုလည်း တိုက်ပွဲဆင်ခြင်းအားဖြင့် သိမ်းသွင်းရမည်။

အောက်ပါဆောင်ပုဒ်တို့ဖြင့် တတိုင်းတပြည်လုံး အုံးအုံးကြွက်ကြွက် ဆူပွက်စေခါ ညီညွတ်ရေးတပ်ပေါင်းစုအသစ်ကို တည်ဆောက်ကြရမည်။

***ဗမာပြည်မှ ချက်ခြင်းထွက်သွားကြ။ (နယ်ချဲ့စစ်တပ်များကို မောင်းထုတ်)***

***လူထုလက်ထဲ အာဏာကုန်သိမ်းရမယ်။ (လွတ်လပ်တဲ့နိုင်ငံအဖြစ် ကြေညာမည်။)***

***အချုပ်အချာအာဏာပိုင် တိုင်းပြု-ပြည်ပြု လွှတ်တော်ကို ခေါ်မည်။***

ငါတို့ လိုလားသော တိုင်းပြုပြည်ပြုလွှတ်တော်၏ အင်္ဂါများ။

**(က)** လွှတ်တော်ကို (အသက် ၁၈ နှစ်ပြည့်သူ) အရွယ်ရောက်သူတိုင်းက ရွေးတင်ရမည်။

**(ခ)** တိုင်းရင်းသားလူနည်းစုများနှင့် ဗမာ ရောထွေးနေသောနေရာတွေမှာ အချိုးကျကိုယ်စားလည် ရွေးတင်ရမည်။

**(ဂ)** တိုင်းရင်းသားလူနည်းစုတို့ ခွဲထွက်ချင်ထွက်၊ ပေါင်းချင်ရင်ပေါင်း။ ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးနိုင်ရမည်။

**(ဃ)** ဒီမိုကရေစီတော်လှန်ရေးလုပ်ငန်းစဉ်ကို လုပ်ရမည်။

☆☆☆

## (၂)
## နယ်ချဲ့သမားတို့၏ သဘောထား

ဗြိတိသျှနယ်ချဲ့စနစ်သည် ဒုတိယကမ္ဘာစစ်ကြီးပြီးသည့်နောက် ကမ္ဘာတွင်၎င်း။ ပြည်တွင်း၌၎င်း။ အင်အားချိနဲ့ လာခဲ့ပေသည်။ အမေရိကန်နယ်ချဲ့စနစ်၏ နောက်မြီးဆွဲလုပ်ခါ ကမ္ဘာ့အလုပ်သမား-လယ်သမားတို့၏ မီးရှူးတန်ဆောင်ဖြစ်သော ဆိုဗီယက်ယူနီယံကို၎င်း၊

ဥရောပနှင့် တရုပ်ပြည်တွင် ပေါ်ပေါက်လာသော ဒီမိုကရေစီသစ်များကို၎င်း၊ အာရှအလယ်ပိုင်းနှင့် အာရှတောင်ပိုင်းမှ လွတ်လပ်ရေးအင်အားစုများကို၎င်း ဖြိုခွဲရန်လုံးပမ်းခဲ့ပေသည်။

သို့ရာတွင် သံမဏိကဲ့သို့ တည်မြဲနေသော ဆိုဗီယက်အင်အား၊ ကြံ့ခိုင်သော ဒီမိုကရေစီသစ်တို့၏ အင်အား၊ တဟုန်ထိုးတက်ကြွနေသော ကိုလိုနီလွတ်လပ်ရေးအင်အားတို့ကြောင့် သေပန်းပွင့်နေသော နယ်ချဲ့သမား၏ အကြံအစီတို့မှာ မည်သည့်နည်းနှင့်မျှ မအောင်မြင်နိုင်ရာ ပျက်စီးရမည်။





ဗြိတိသျှနယ်ချဲ့စနစ်၏ ဂျုံသေနင်္ဂဗြူဟာတွင် ကိုလိုနီခံတပ်ကြီးဖြစ်သော အိန္ဒိယပြည်သည် အချက်အချာဖြစ်ခဲ့ပေသည်။

အိန္ဒိယပြည်တွင် တော်လှန်ရေးအဟုန်သည် အုံကြွလာခဲ့ပေရာ ဗြိတိသျှနယ်ချဲ့အုပ်စိုးမှုသည် ပြိုလဲမည်ကဲ့သို့ ဖြစ်ခဲ့ပေသည်။

သို့အတွက် စစ်အတောအတွင်း စီးပွားတက်လာခဲ့သော အိန္ဒိယအရင်းရှင်များကို သိမ်းသွင်းခါ အိန္ဒိယနှင့် အာရှတောင်ပိုင်းတွင် အတူတကွ ပူးတွဲသွေးစုတ်ရန် စီမံခဲ့လေသည်။

နိုင်ငံရေးဘက်ကလည်း ခေရှင်ခေါင်းဆောင်များဖြစ်သော ကွန်ဂရက်နှင့် လိဂ်ကို ရာထူးလုစေကာ ကြားဖြတ်အစိုးရ ဖွဲ့စည်းစေခဲ့ပေသည်။

**နယ်ချဲ့သမားတို့၏ စီမံကိန်းနှင့် လမ်းစဉ်။**

ဗမာပြည်တွင်လည်း နယ်ချဲ့သမားတို့သည် အစွန့်ရှည်စွာ သွေးစုတ်နိုင်ရန် စီမံကိန်းတရပ် တည်ထွင်ခဲ့ပေသည်။

၎င်းစီမံကိန်းအရဆိုလျှင်-

**(က)** ဗမာပြည်ကို အပိုင်းပိုင်း အစိတ်စိတ်စွဲခြားရန်။

**(ခ)** ဗမာပြည်ကိုမူ ဒိုမီနီယံဟူသော ကျွန်အကြီးစားအခြေအနေပေးရန်။

**(ဂ)** ကျွန်ဒေသသို ဘုရင်ခံတဦးတည်း သဘောနှင့် အုပ်ချုပ်ရန်။

**(ဃ)** နှစ်ပိုင်းစလုံးကို နယ်ချဲ့သမားတို့က ခွဲပြီး အုပ်ချုပ်ထားရန်။

**(င)** နှစ်ပိုင်းစလုံးတွင်လည်း နယ်ချဲ့သမားတို့၏ စီးပွားရေးများကို ပြန်လည် တည်ထောင်ပြီ ခိုင်မြဲစေရန်။

**(စ)** ၎င်းတို့၏ အကျိုးစီးပွားများကို လက်ရှိအုပ်ချုပ်ရေးဥပဒေအရ အကာအကွယ်များပြုလုပ်ထားသည်ကို စီးပွားရေးစာချုပ်ဖြင့် တစ်မျိုးလှည့်၍ ကာကွယ်ရန်။

**(ဆ)** နယ်ချဲ့စနစ်ကာကွယ်ရေး သေနင်္ဂဗျူဟာ၏ အစိတ်အပိုင်း အနေဖြင့် ဗမာပြည်တွင်းပြည်ပ ကာကွယ်ရေးများကို ၎င်းတို့လက်တွင် ချုပ်ကိုင်ထားရန်တို့ ဖြစ်ပေသည်။

နယ်ချဲ့သမားတို့က ပဌမခြေလှမ်းကား ဘုရင်ခံ၏ အလိုကျအမှုဆောင်အဖွဲ့ကို ဖွဲ့ရန် ဖြစ်ပေသည်။

ဒုတိယခြေလှမ်းကား အချုပ်အချာအာဏာပိုင်သော တိုင်းပြုပြည်ပြု လွှတ်တော်မဟုတ်ဘဲ ၃၅ ခုနှစ် အုပ်ချုပ်ရေးအရ ရွေးကောက်ပွဲကျင်းပရန် ဖြစ်ပေသည်။

တတိယခြေလှမ်းကား အာဏာမပိုင်သော လွှတ်တော်က အုပ်ချုပ်ရေး ရေးဆွဲစေပြီး ဘိလပ်အစိုးရကသာ အတည်ပြုစေရန်ဖြစ်၏။ အုပ်ချုပ်ရေးရေးဆွဲရာတွင် အကူအညီပေးရန်ဟူ၍ ယခုပင် အုပ်ချုပ်ရေးအတိုင်ပင်ခံအရာရှိတို့ကို ခန့်ထားခဲ့လေပြီ။

စတုတ္ထကား ဗမာပြည်တိုင်းရင်းသားတို့အား မိမိတို့ ကံကြမ္မာကို မိမိတို့ဘာသာ ဖန်တီးနိုင်ခွင့်မပေးဘဲ နယ်ချဲ့သမားများလက်ထဲတွင် နယ်ခြားဒေသများကို သူတို့လက်ထဲတွင် ချန်ထားရန် ဖြစ်ပေသည်။ ကချင်နယ်–ချင်းနယ်–ရှမ်းပြည်တို့ကို ဗမာပြည်အတွင်းသို့ မပါစေရန် နယ်ချဲ့သမားတို့သည် အပြင်းအထန် စိုင်းပြင်းလျက် ရှိပေသည်။ ကရင်တို့ကိုလည်း တတိုင်တပြည်ထောင်စေရန် နယ်ချဲ့သမားနှင့် ၎င်းတို့ကိုယ်စားလည်များက လုံးပမ်းပေးနေပေသည်။

*(ဇူလိုင်လ အစီရင်ခံစာမှ)*

နယ်ချဲ့သမားတို့သည် ဤခြေလှမ်းများကိုလှမ်းရာ၌ ဓနရှင်လူလတ်တန်းစားတို့ကို မိမိတို့ဘက်သို့ သိမ်းသွင်းကာ လူနည်းစုတို့ထဲမှ မြေရှင်ခေါင်းဆောင်တို့နှင့်၎င်း၊ တောင်ကုန်းဒေသများမှ စော်ဘွားများ၊ နယ်ရှင်များနှင့်၎င်း။ မဟာမိတ်ဖွဲ့၍ နယ်ချဲ့အုပ်စိုးမှု တည်မြဲစေရန် ရည်ရွယ်၏။ မျက်နှာဖုံးအသစ်ကို စွပ်ပြီး သကာလ တက်ကြွလာသော တော်လှန်ရေးအင်အားစုများကို ခြေမှုန်းရန်ဖြစ်တော့၏။

တက်ကြွနေသော အုံကြွမှုကို ကွန်မြူနစ်ပါတီသည် ရဲရဲတင်းတင်း ရှေ့ဆောင်ပြီးသကာလ လူထု၏ ညီညွတ်ရေးတိုက်ပွဲဖြင့် တည်ဆောက်နိုင်ခဲ့လျှင် ဖေါက်ပြန်ရေးခေါင်းဆောင်မှုတို့ကို ကျဆုံးစေကာ နယ်ချဲ့သမားတို့၏ စီမံကိန်းများကို ခြေမှုန်းပစ်နိုင်ပေသည်။

သို့အတွက် ကွန်မြူနစ်ပါတီသည် လူထု၏တက်ကြွမှုကို တိုက်ပွဲဖြင့် စည်းရုံးကာ ရဲရဲကြီး ချီတက်ရမည်။

☆☆☆





## (၃)
## ဖေါက်ပြန်ရေးခေါင်းဆောင်များ

စစ်အပြီးတွင် လွတ်လပ်ရေးအုံကြွလာမှုတို့ကြောင့် ဖ–ဆ–ပ–လ အဖွဲ့ချုပ်သည် တတိုင်းပြည်လုံး၏ ထောက်ခံမှုကို ရခဲ့၏။ တော်လှန်ရေးကြွေးကြော်သံတို့ဖြင့် ပွဲတင်ထပ်လျက်ရှိသော တတိုင်းပြည်လုံး၏ အင်အားတို့ကို နယ်ချဲ့စနစ်နှင့် အပြတ်အသတ်တိုက်ရာတွင် အသုံးမပြုဘဲ နယ်ချဲ့သမားတို့၏ စီမံကိန်းထဲမှ အရိုးအရင်းရရန် ချိမ်းချောက်ဟိန်းဟောက်ရေးအတွက်သာလျှင် အသုံးပြုခဲ့၏။ တတိုင်းပြည်လုံးမှ မြေဆီခမပေးရေး။ မြေခွန်မပေးရေးတို့ကို အကြောင်းပြု၍ ဟိန်းဟောက်သံတွေ လွှင့်ခဲ့၏။ *(ဗိုလ်ချုပ်အောင်ဆန်း မေလဦးစီးအဖွဲ့အစည်းအဝေး)*

ထန်းတပင်တွင် သေနတ်ပစ်မှုကို အကြောင်းပြု၍ ဘုရင်ခံနှင့် စေ့စပ်ရေး လုပ်ခဲ့၏။

ဗြိုလ်ရိုကရေစီစက်ကိရိယာကြီး ပြိုလဲတော့မယောင်ယောင် ဖြစ်လာသည်ကို ဘုရင်ခံအမှုဆောင်အဖွဲ့သစ် ဖွဲ့စည်းရေးအတွက်သာ အသုံးချခဲ့၏။

သို့အတွက် ဖ–ဆ–ပ–လ အဖွဲ့ချုပ်သည် လူထုတိုက်ပွဲများကို ပစ်ပစ်ခါခါကြီး လုပ်ခဲ့လေပြီ။ မြေဆီခမပေးရေး၊ မြေခွန်မပေးရေး၊ လယ်မြေများ အတင်းဝင်ရောက်လုပ်ကိုင်ရေး စသော လယ်သမားတိုက်ပွဲများတွင်၎င်း ဒေါပုံသပိတ်၊ အောက်တိုဘာလ အလုပ်သမားအထွေထွေသပိတ်ကြီးတွင်၎င်း၊ ဇူလိုင်လ ၂၆ ရက်နေ့မှစသော ချုပ်ချယ်မှုတို့ကို ဖျက်ပွဲများတွင်၎င်း၊

ဖ–ဆ–ပ–လ အဖွဲ့ချုပ်သည် မပါဝင်ရုံမက ထိုတိုက်ပွဲများကို ဖျက်ဆီးခဲ့ပေသည်။

ဗမာပြည်ရှိ တိုင်းရင်းသားလူနည်းစုတိုင်းသည် မိမိတို့ကံကြမ္မာကို မိမိတို့ဖန်တီးနိုင်ခွင့်ရှိပြီး အားလုံးသဘောတူ လွတ်လပ်စွာ တိုင်းသစ်ပြည်သစ် ထူထောင်ရန်ဟူသော သဘောထားကို ဖ–ဆ–ပ–လ သည် မူအားဖြင့် လက်ခံထားသော်လည်း အလုပ်အားဖြင့် ဖျက်ဆီးနေပေသည်။ သို့ကြောင့်လည်း ကရင်အမျိုးသားများအား တိုင်းပြည်လွတ်လပ်ရေးတိုက်ပွဲအတွင်းသို့ သိမ်းသွင်းခြင်း မပြုနိုင်ပေ။

ဖ–ဆ–ပ–လ အဖွဲ့ချုပ်အတွင်း၌လည်း တိုင်းရင်းသားလူနည်းစုများကို

မုန်းထားသော ၂၁ ဦးဝါဒသည် လွှမ်းမိုးလာခဲ့ပြီ။ ရှမ်းပြည်မပါဘဲ လွတ်လပ်ရေး ယူမည်ဟူသော ဝါဒဖြင့် ရှမ်းပြည်တွင် လူထုတက်ကြွမှု လုံးပမ်းနေသော လူငယ်များကိုလည်း ရှုံ့ချခဲ့၏။

ဗမာပြည်ထဲကို ရှမ်းပြည်မပါလျှင် စီးပွားရေးသပိတ်မှောက်မည် စသည်ဖြင့် ရှမ်းနှင့် ဗမာ သဘောတူလွတ်လပ်စွာ ပူးပေါင်းရေးကို ကြိုးပမ်းနေကြသူ လူငယ်ခေါင်းဆောင်တို့အား ဖ–ဆ–ပ–လ ခေါင်းဆောင်တို့သည် ချိမ်းချောက်ခဲ့ကြ၏။

ဖ–ဆ–ပ–လ ခေါင်းဆောင်များသည် ဦးစောနှင့်အတူ ရှမ်းလူထု၏ လွတ်လပ်ရေးကို ထိထိရောက်ရောက်တိုက်ရန် စိတ်မကူးဘဲ ရှမ်းစော်ဘွားများနှင့်သာ ပလူးပလဲ လုပ်ခဲ့၏။ ရှမ်းပြည်ယဉ်ကျေးမှုအသင်းဟူ၍ ရှမ်းစော်ဘွားများနှင့် အတူ မဟာမိတ်ဖွဲ့ထားကြလေပြီ။ *"ဗမာပြည်ကို အပိုင်းပိုင်းအစိတ်စိတ်လုပ်ပြီး နယ်ချဲ့သမားက ခွတုပ်အုပ်စိုးမည့် အင်္ဂလိပ်အကြိုက် ပြည်ထောင်စုတည်ထောင်ရေးသဘောတရားများကို အကြီးအကျယ် ဝါဒဖြန့်၍နေလေပြီ။"*

နယ်ချဲ့သမားတို့၏ သေနင်္ဂဗြူဟာကား ဓနရှင်လူလတ်တန်းစား ခေါင်းဆောင်များ ကရင်မြေရှင်များ၊ ရှမ်းစော်ဘွားများ၏ ညီညွတ်ရေးတပ်ပေါင်းစုကို ဖွဲ့စည်းရန် ဖြစ်တော့၏။

ဤသေနင်္ဂဗြူဟာအတိုင်း ထောင်ချောက်ဆင်ခါ မကြာသေးမီက ဘုရင်ခံအမှုဆောင်အဖွဲ့သစ်ကို ပြန်လည်ဖွဲ့စည်းခဲ့၏။ ထိုထောင်ချောက်အတွင်းသို့ ဖ–ဆ–ပ–လ အဖွဲ့ချုပ်သည် ဝင်ရောက်သွားခဲ့ပေသည်။ ဖ–ဆ–ပ–လ အဖွဲ့ချုပ်သည် နယ်ချဲ့သမားတို့၏ လက်သုံးဖြစ်ခါ လူထု၏တက်ကြွမှုများကို ဖိနှိပ်တော့မည်။

ကွန်မြူနစ်ပါတီသည် နယ်ချဲ့သမားတို့၏ စီမံကိန်းတို့ကို တခုမကျန် ဖော်ထုတ်ပြီး ဖေါက်ပြန်သော ဓနရှင်ခေါင်းဆောင်မှုကို ကျဆုံးစေကာ လွတ်လပ်ရေးအတွက် လူထုက ညီညွတ်စွာတိုက်ပွဲဆင်ခြင်းဖြင့် ရှေ့သို့ချီတက်ရမည်။

☆☆☆





## (၄)
## ကွန်မြူနစ်ပါတီ၏ သဘောထား။

တက်ကြွလာသော လူထုအလုံးအရင်းကို ခြေမှုန်းရန် လွတ်လပ်ရေး အင်အားစုများကို ဖြိုခွဲရန် မျက်နှာဖုံးစွပ်ထားသော နယ်ချဲ့မြေရှင်စနစ်ကို ရာသက်ပန်တည်မြဲစေရန်ဖြစ်သော နယ်ချဲ့သမားတို့၏ စီမံကိန်းတရပ်လုံးကို ကွန်မြူနစ်ပါတီသည် တိုက်ဖျက်ပစ်ရမည်။

နယ်ချဲ့သမားတို့က ရည်ရွယ်ထားသော လွှတ်တော်သည် ကျွန်အကြီးစားဖြစ်သော ဒိုမီနီယံသို့ ရှေ့ရှုမည့်အကြောင်းကို ဖေါ်ထုတ်ရမည်။

အသစ်ပြန်လည် ဖွဲ့စည်းခဲ့သော ဘုရင်ခံအမှုဆောင်အဖွဲ့သစ်သည် နယ်ချဲ့သမားတို့၏ ရှေ့မှောက် ဒူးထောက်သော အစိုးရဖြစ်ကြောင်း တတိုင်းပြည်လုံးအား သိစေရမည်။

ထိုကြောင့်လည်း ငါတို့သည် ဤအမှုဆောင်အဖွဲ့ ဖွဲ့ကတည်းက လူထုတိုက်ပွဲများကို တော်လှန်ရေးလမ်းစဉ်အတိုင်း အပြင်းအထန် လှုံ့ဆော်ဦးစီးခဲ့၏။ အမှုဆောင်အဖွဲ့သစ်အကြောင်းကိုလည်း ဖွင့်ချခဲ့၏။

၎င်းအမှုဆောင် အဖွဲ့တွင်းသို့ ငါတို့သည် ပရိယာယ်များ၍ ဝင်ခဲ့၏။ သို့ရာတွင် ချက်ချင်းပင် ငါတို့၏အမှားကိုမြင်ခါ အမှုဆောင်အဖွဲ့မှ နုတ်ထွက်ခဲ့ပေသည်။

(ဖ–ဆ–ပ–လ) ခေါင်းဆောင်များသည် ယခုအခါ ဘုရင်ခံအမှုဆောင်အဖွဲ့အတွင်းရောက်နေရကား နယ်ချဲ့သမားတို့၏ ထောင်ချောက်အတွင်း နက်သထက်နက်အောင် ကျတော့မည်။

တတိုင်းပြည်လုံး နစ်မွန်းသထက် နစ်မွန်းခြင်းမဖြစ်လေအောင် အောက်ပါလုပ်ငန်းစဉ်တို့ဖြင့် လူထုကိုအုံကြွလာစေရမည်။ ပြည်သူ့လွတ်လပ်မှုများ ပြန်လည်ရယူရေး။

– နယ်ချဲ့စစ်တပ်များ ထွက်သွားအောင်လုပ်ရေး။
– အလုပ်သမားတို့က လူတန်းစေ့နေနိုင်မှုအတွက် သပိတ်တိုက်ပွဲများဆင်နွှဲသည့်အခါ ပုလိပ်စစ်တပ်များ အသုံးမပြုရေး။
– မြေရှင်နှင့် ရိက္ခာလှောင်သူတို့အား တောင်သူလယ်သမားလူထုက

တိုက်ပွဲ ဆင်နွဲသည့်အခါ ဖိနှိပ်ခြင်းမပြုရေး။

– နယ်ချဲ့သွားတို့အုပ်စိုးမှုကို ဆန့်ကျင်သောအင်အားပြပွဲကြီးများကို ကူညီရေး။

– အမြတ်ကြီးစားများ၊ မြေရှင်များ၊ ရိက္ခာလှောင်သူများကို ထိုးစစ်ဆင်ရေး။

စသည်တို့ကို အခြေခံထား၍ တိုက်ပွဲများဆင်နွဲသွားက ဓနရှင်ခေါင်းဆောင်မှုသည် ကျဆုံးသွားပေလိမ့်မည်။

☆☆☆

## (၅)

## ဗဟိုရ်ပြုရမည့် နိုင်ငံရေးဆောင်ပုဒ်

တတိုင်းပြည်လုံးကို လွတ်လပ်ရေးဒီမိုကရေစီရေး ကိုယ့်ကကြမ္မာကိုယ်ဖန်တီးရေးအတွက် တစည်းတရုံးတည်း ချီတက်တိုက်ခိုက်ရန်အတွက် ပါတီသည် အောက်ပါဆောင်ပုဒ်ကို ဗဟိုရ်ပြုရမည်။

*ပြည်သူလူထုက နိုင်ငံရေးအာဏာကုန်သိမ်းရမည်။ အရွယ်ရောက်သူတိုင်း မဲပေး၍ အချိုးကျကိုယ်စားလှယ်လွှတ်ပြီး တိုင်းရင်းသားလူနည်းစုတိုင်း ကိုယ့်ကံကြမ္မာကိုယ် ဖန်တီးနိုင်ခွင့်ရှိသော အချုပ်အချာအာဏာပိုင် တိုင်းပြုပြည်ပြုလွှတ်တော်ဖွဲ့စည်းရမည်။*

တိုင်းသစ်ပြည်သစ် တည်ထောင်သည့်အခါတွင် လူမျိုးတိုင်း လွတ်လပ်ပြီး လယ်လုပ်သူတိုင်း မြေရစေ၍ လူတိုင်းအလုပ်ရပြီး လူတန်းစေ့နေရသော ဒီမိုကရေစီတော်လှန်ရေးလုပ်ငန်းစဉ်ကိုပါ တခါတည်းပါတီက ကြေညာရမည်။

အာဏာသိမ်းယူရေးအတွက် ချက်ချင်းပြင်ကြ။

နယ်ချဲ့သမားကို တိုက်ဖျက်လိုသော ပါတီတိုင်း အဖွဲ့အစည်းတိုင်း ညီကြဟူသော နှိုးဆော်ချက်ကိုလည်း ပါတီက ထုတ်ပြန်ရမည်။

အချုပ်အချာ အာဏာပိုင် တိုင်းပြုပြည်ပြုလွှတ်တော်သည် အာဏာသိမ်းရေးအတွက် ပြင်ဆင်မှုနှင့်ရင်း။ ညီညွတ်ရေးတပ်ပေါင်းစု တည်ဆောက်ရေး





သေနင်္ဂဗြူဟာနှင့်ရင်း၊ ဆက်စပ်နေပေသည်။

ငါတို့လိုလားသော တိုင်းပြုပြည်ပြုလွှတ်တော်သည် နယ်ချဲ့သမားနှင့် အလိုတော်ရိများက လိုလားသော တိုင်းပြုပြည်ပြုလွှတ်တော်နှင့် မတူ။ ငါတို့၏ တိုင်းပြုပြည်ပြုလွှတ်တော်ကား လူထုတိုက်ပွဲ အောင်မြင်၍ နယ်ချဲ့စနစ်မှ လုံးဝကင်းလွတ်ခါ လွတ်လပ်ရေးနယ်နိမိတ်အတွင်းမှသာ ပေါ်ပေါက်နိုင်သည်။ တနည်းအားဖြင့်ဆိုလျှင် နယ်ချဲ့စစ်တပ်များကို မောင်းထုတ်ပြီးသည့်အခါ လွတ်လပ်သောနိုင်ငံဖြစ်သည်ဟု ငါတို့ဖါသာ ကြေညာပြီးသည့်အခါမှသာ ပေါ်ပေါက်လာနိုင်ပေသည်။

### ဒီမိုကရေစီတော်လှန်ရေး၏ လုပ်ငန်းစဉ်

ငါတို့၏ တိုင်းပြုပြည်ပြုလွှတ်တော်သည် အရွယ်ရောက်သူတိုင်း မဲဆန္ဒပေးသဖြင့် လူထုကသာ လွှတ်တော်ကို လွှမ်းမိုးလိမ့်မည်။ အချိုးကျကိုယ်စားလှယ်လွှတ်ခွင့်လည်းပေးပြီး လူနည်းစုအရေးတို့တွင် သူတို့၏ သဘောတူညီချက်ဖြင့်သာ ဆုံးဖြတ်မည်ဖြစ်သဖြင့် သူတို့၏အကျိုးမှာ ကာကွယ်ပြီး ဖြစ်၏။ ကိုယ့်ကံကြမ္မာကိုယ် ဖန်တီးခွင့်ပေးထားသဖြင့် ရှမ်းပြည်၊ ကရင်နီပြည်တို့မှ စော်ဘွားများနယ်ရှင်များ မပါစေဘဲ အများဆန္ဒနှင့် တင်မြှောက်လိုက်သော ကိုယ်စားလှယ်များ တက်ရောက်ရမည်။ ထိုကိုယ်စားလှယ်များသည် ဗမာပြည်သစ်အတွင်းသို့ မပါဝင်ဘဲ နေလိုက သူတို့ဘာသာ ဆုံးဖြတ်မည်ဖြစ်၏။

### ပဒေသရာဇ်စနစ်၊ မြေရှင်စနစ်၊ ဗြူရိုကရေစီစနစ် ဖျက်သိမ်းရေး။

အဆိုပါ တိုင်းပြုပြည်ပြုလွှတ်တော်က လုပ်သွားရမည့် လုပ်ငန်းများကား–

(၁) နယ်ခြားဒေသများ၊ တောင်ပေါ်ဒေသများတွင် ပဒေသရာဇ်စနစ် ဖျက်သိမ်းရေး။

(၂) လျော်ကြေးမပေးဘဲ မြေရှင်စနစ်ကို ဖျက်သိမ်းပြီး သကာလ လယ်လုပ်သူတိုင်း မြေရာရရှိရေး၊ ကြွေးမည်အဟောင်းများ လျော်ပစ်ရေး။

(၃) ဗြိတိသျှအရင်းရှင်ကြီးများ ပိုင်ဆိုင်သော သတ္တုတွင်း၊ ရနံ့တွင်း၊ သစ်တော၊ ရော်ဘာခြံ စသည်တို့ကို အတင်းသိမ်းယူပြီး သကာလ တိုင်းပြည်ပိုင် လုပ်ပစ်ရေး။

(၄) ဗြူရိုကရေစီအုပ်ချုပ်ရေးစနစ်ကြီးကို ဖျက်ဆီးပြီးသကာလ အများ

ဆန္ဒအရ ရွေးကောက်တင်မြှောက်သော အုပ်ချုပ်ရေးကိရိယာ တည်ထောင်ရေး။

(၅) ဗြူရိုကရေစီ စစ်တပ်ကြီးအား ဖျက်သိမ်း၍ ဒီမိုကရေစီသစ် တိုင်းပြည်အား ကာကွယ်ပေးမည့် တပ်နီတော်ကြီးတည်ထောင်ရေး။

**အလုပ်သမားများအဘို့ အခြေခံအခွင့်အရေးများ**

(၆) စက်ရုံအလုပ်သမားများ စာရေးစာချီ ရုံးလုပ်သားများအဘို့ အောက်ပါအခြေခံအခွင့်အရေးများကို သတ်မှတ်ပေးရမည်။

- တနေ့လျှင် ရှစ်နာရီသာ လုပ်စေရန်။
- တပါတ်လျှင် – နာရီ ၄၀ သာလုပ်စေရန်။
- အနည်းဆုံးပေးရမည့် အခသတ်မှတ်ရန်။
- အလုပ်လက်မဲ့ မဖြစ်ရေးသာမှုနာမှုတို့အတွက် ဥပဒေနှင့်သတ်မှတ်ရန်။
- အခမဲ့ ပညာမသင်မနေရ – စီမံပေးရန်။
- အစိုးရနှင့် အလုပ်ရှင်တို့က နေအိမ်များပေးရန်။
- ကျမ္မာရေးအတွက် အခမဲ့ စီမံပေးရန်။
- လူတိုင်း အလုပ်ရရေး။
- အလုပ်သမားတိုင်း စည်းရုံးခွင့်။
- အလုပ်သမားသမဂ္ဂများကို အသိအမှတ်ပြုရေး – သပိတ်မှောက်နိုင်ခွင့်။
- အလုပ်တူလျှင် – အခတူရေး။
- သားသယ်အမေများအား အထူးအခွင့်ရေးပေးရေး။
- အတင်းအဓမ္မခိုင်းစေမှုများအား ဖျက်ပစ်ရေး။

(၇) မြစ်ဝကျွန်းပေါ်ဒေသကဲ့သို့သော ရောထွေးယှက်တင်၍ နေထိုင်သော လူနည်းစုများအား ဘာသာရေး၊ ပညာရေး၊ ယဉ်ကျေးမှု စသည်တို့တွင် သီးခြားသောအခွင့်အရေးများ ပေးရမည်။ သူတို့အား ဥပဒေအရ အခွင့်အရေး တန်းတူပေးရမည်။

(၈) အောက်ကျနောက်ကျဖြစ်သော ဒေသများရှိ လူမျိုးကလေးများ အတွက် စီးပွားရေး၊ ပညာရေးတိုးတက်ကာ အခြားသူများနှင့် တန်းတူဖြစ်ရေးအတွက် လွတ်လပ်သော ဗမာပြည်အစိုးရသည် ချက်ချင်း





စီမံရမည်။

☆☆☆

## (၆)
## ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးရေး

ဖ–ဆ–ပ–လခေါင်းဆောင်များ၊ လူနဲ့စုမြေရှင်ခေါင်းဆောင်များ ရှမ်းစော်ဘွားတို့သည် လူထုကြီးအား သွေးခွဲနေသဖြင့် ''တိုင်းရင်းသားလူနဲ့စုတိုင်း ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးရမည်'' ဟူသော သဘောတရားသည် လွတ်လပ်ရေး အာဏာသိမ်းရေးအတွက် တကယ့်လက်နက်ကြီးဖြစ်ကြောင်း ငါတို့နားလည်ရမည်။

ဤသဘောတရားကို လက်တွေ့ကျင့်သုံးလိုက်သည်နှင့် ဗမာလူထုသည် ဓနရှင်လူလတ်တန်းစား ရှေ့ဆောင်မှုကို တော်လှန်၍၎င်း၊ ကရင်–ရခိုင် လယ်သမားတို့သည် မြေရှင်ခေါင်းဆောင်များကို တော်လှန်၍၎င်း၊ ရှမ်း၊ ကချင် စသော လူထုသည် စော်ဘွားနယ်ရှင်တို့ကို တော်လှန်၍၎င်း၊ လူထုချင်း သွေးစည်းမိလာပေသည်။

ဗမာချည်းလည်း လွတ်လပ်ရေးမရ၊ ကရင်ချည်းလည်း လွတ်လပ်ရေးမရ၊ ရှမ်းချည်းလည်း လွတ်လပ်ရေးမရနိုင်ကြသဖြင့် ဗြိတိသျှနယ်ချဲ့စနစ်အား တလုံးတစည်းတည်း တိုက်ခိုက်ရေးအတွက် ကြွေးကြော်သံဖြစ်လာပေသည်။

ယခုအခါ အချို့သော ကရင်ခေါင်းဆောင်များက တနင်္သာရီတိုင်းကို သူတို့ နေထိုင်ရန်အတွက်ပေးရန် တောင်းဆိုနေသည်ကို တွေ့ရပေသည်။ ၎င်းမှာ ဗြိတိသျှနှင့် ပေါင်းနေကြသော အချို့ကရင်မြေရှင်ခေါင်းဆောင်များ၏ တောင်းဆိုချက်ဖြစ်ပေသည်။ ၎င်းမှာ တနင်္သာရီတိုင်းတွင် နေထိုင်သူတို့၏ ဆန္ဒကို မယူဘဲ တောင်းဆိုခြင်းသာ ဖြစ်သဖြင့် တိုက်ဖျက်ရမည်။

သို့ရာတွင် နှစ်ပေါင်း ၂၀၀၀ ကျော် ကရင်နှင့် ဗမာ တသီးတခြား နေခဲ့သည်ကို အထောက်အထားပြု၍ ကရင်များ၏ ဗမာကို ကြောက်ရွံ့သော စိတ်။ မယုံကြည်သော စိတ်ကို နားလည်ရမည်။ ကရင်ပြည် တည်ထောင်ရေး

ကြွေးကြော်သံ၏ အဓိပ္ပါယ်ကို ငါတို့နားလည်ရမည်။

လွတ်လပ်ရေးကို သီးခြားတိုက်၍ မရ။ အတူတကွ တိုက်ယူမှသာရမည်။ ကရင်ပြည် တည်ထောင်ရေးမှာ ဤနယ်ချဲ့သမားသြဇာမှ ကင်းလွတ်ကာ အများဆန္ဒအရ ဆုံးဖြတ်စေမှသာ ဖြစ်နိုင်ကြောင်းနားလည်စေကာ ကရင်တို့၏ နယ်ချဲ့စနစ်တိုက်ဖျက်ရေးဆန္ဒကို တက်ကြွစေရမည်။

ကရင်အမျိုးသားများကိုလည်း နယ်ချဲ့စနစ်ဆန့်ကျင်ရေးအင်အားပြုပွဲများသို့ သိမ်းသွင်းလာရမည်။

ရခိုင်များအဘို့လည်း ရာဇဝင်ချီကတည်းက ဗမာများနှင့် တစီတခြားဖြစ်ခဲ့သည်ကို ငါတို့နားလည်ရန် လိုသည်။ လွတ်လပ်ရေးနှင့် နီးလေ ဗမာများနှင့်တသီးတခြားနေလိုသော စိတ်ဓာတ်များ ပိုမိုပြင်းထန်လာမည်ကို ငါတို့ မျှော်မှန်းထားရမည်။ ရခိုင်များကို နယ်ချဲ့စနစ်တိုက်ဖျက်ရေးအတွင်းသို့ သိမ်းသွင်းရမည်။

သို့အတွက်ကြောင့် ကရင်–ရခိုင်စသော လူနည်းစု တောင်သူလယ်သမားများကို တခုတည်းသော လူတန်းစား အဖွဲ့အစည်းများထဲသို့ သိမ်းသွင်းခြင်းဖြင့် ကွန်မြူနစ်ပါတီသည် တိုင်းရင်းသား အချင်းချင်းတို့၏ ညီညွတ်ရေးကို တည်ဆောက်ရမည်။

ဤလမ်းစဉ်အားဖြင့် တိုင်းရင်းသားလူမျိုးတိုင်းအား ကိုယ်ကံကြမ္မာကိုယ်ဖန်တီးခွင့်ပေးသော အားလုံးသဘောတူ လွတ်လပ်စွာ တည်ထောင်သည့် ဗမာပြည်သစ်သို့ ငါတို့ချီတက်နိုင်လိမ့်မည်။

☆☆☆

## (၇)
## ညီညွတ်ရေးတပ်ပေါင်းစုသေနင်္ဂဗြူဟာ

*"သေနင်္ဂဗြူဟာသည် တော်လှန်ရေး၏ အဓိကအင်အားစုများ သူတို့၏ အရှိအင်အားများနှင့် သက်ဆိုင်ပေသည်"*။ စတာလင်ရေး *(လီနင်ဝါဒ အခြေခံများ မျက်နှာ ၀၁)*





တိုင်းသူပြည်သားအပေါင်းတို့၏ လူများစုသည် တော်လှန်ရေးဘက်သို့ သိမ်းသွင်းမိသည်အခါသာလျှင် လက်ရှိတော်လှန်ရေးအုံကြွမှုသည် အပြီးသတ်အာဏာသိမ်းပွဲနှင့် ဒီမိုကရေစီတော်လှန်ရေးလုပ်စဉ်ကို ဆောင်ရွက်ရေးအတွက် တက်လာလိမ့်မည်ဟု ကွန်မြူနစ်ပါတီက ယုံကြည်ပေးသည်။

သို့အတွက် အလုပ်သမား–တောင်သူလယ်သမား၊ ၎င်းပြင် အလုပ်သမား–တောင်သူလယ်သမားအကျိုးကို လိုလားသော မြို့နေလူလတ်တန်းစားတို့ကို တော်လှန်ရေး ဘက်သို့ သိမ်းသွင်းရမည်။

တနည်းအားဖြင့်ဆိုရလျှင် အဆိုပါလူတန်းစားသုံးရပ်၏ အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုကို တည်ဆောက်ရမည်။

တိုင်းပြည်လွတ်လပ်ရေးအတွက် ဦးတည်၍ တိုက်ရမည့် အဓိက ရန်သူကား– ဗြိတိသျှနယ်ချဲ့စနစ်နှင့် အလိုတော်ရိများ အမျိုးသားညီညွတ်ရေးကို သွေးခွဲသူများ ဖြစ်ပေသည်။ သူတို့အား–စက်ရုံ အလုပ်ရုံများ လယ်ကွင်းထဲများ၊ အစည်းအဝေးများ၊ အသင်းများ၊ သတင်းစာများတွင်၎င်း တွေ့ရာသင်းချိုင်း–ဒါးမဆိုင်းဘဲ တိုက်ရမည်။

*(ဖူလိုင်လအစီရင်ခံစာ)*

"ငါ့မင်းငါချင်းသမားတို့၏ တွန်းလှန်မှုကို ချေမှုန်းရန်အတွက်၎င်း၊ ဓနရှင်လူတန်းစား၏ မတည်ငြိမ်မှုကို သွက်ချာပါဒလိုက်သွားစေရန်အတွက်၎င်း၊ ပစ္စည်းမဲ့လူတန်းစား၊ တောင်သူလယ်သမားလူထုနှင့် မဟာမိတ်ဖွဲ့ပြီးသည်ကာလ ဒီမိုကရေစီတော်လှန်ရေးကို အဆုံးသတ်ထိဆောင်ရွက်ရမည်။" *(လီနင်လက်ရွေးစဉ်ကျမ်းများ အတွဲ–၃။ စာမျက်နှာ–၁၁၀)*

သို့ဖြစ်၍ ငါတို့သည် အမျိုးသားညီညွတ်ရေး လုပ်ငန်းတွင် ဓနရှင်လူလတ်တန်းစား ရှေ့ဆောင်နေသည်ကို ကျဆုံးစေကာ အလုပ်သမား–လယ်သမား၊ ၎င်းပြင် အလုပ်သားသမားနှင့် လယ်သမားအကျိုကို လိုလားသော လူလတ်တန်းစားတို့၏ ညီညွတ်ရေးတပ်ပေါင်းစုကို တည်ဆောက်ရမည်။

ငါတို့သည် (ဖ–ဆ–ပ–လ)အဖွဲ့ချုပ်ကို အမျိုးသားညီညွတ်ရေး တပ်ပေါင်းစု၏ အသွင်ကို ဆောင်လာအောင် တည်ဆောက်ခဲ့၏။ သို့ရာတွင် ငါတို့ပါတီအတွင်း၌ ညီညွတ်ရေးနှင့် ပတ်သက်၍ မှောက်မှားသည့် အယူအဆတို့ကြောင့်၎င်း၊ ဓနရှင်လူတန်းစား၏ သြဇာမှ ကင်းလွတ်သော လူတန်းစားအဖွဲ့အစည်းများ တည်ဆောက်

ခြင်း။ သီးခြားကင်းလွတ်သော လူတန်းစားတိုက်ပွဲများ ဆင်နွှဲခြင်း၊ လုံလောက်စွာ မပြုလုပ်ခဲ့သည့်အတွက်ကြောင့်၎င်း၊ ငါတို့ တည်ဆောက်ခဲ့သော (ဖ-ဆ-ပ-လ) အဖွဲ့ချုပ်သည် အမျိုးသားညီညွတ်ရေးတပ်ပေါင်းစု မဖြစ်လာဘဲ အမျိုးသား သွေးခွဲရေးတပ်ပေါင်းစု ဖြစ်ခဲ့ပေသည်။ (ဖ-ဆ-ပ-လ) အဖွဲ့ချုပ်သည် ငါတို့ပါတီ အား ထုတ်ပါယ်ပစ်ရုံမက လူထုစိတ်ဓာတ်ပျက်ပြားမှုများကို အတောမသတ် ဆက်လက်လုပ်နေပေတော့သည်။

သို့အတွက် ယခုအခါ နယ်ချဲ့သမားတို့၏ လက်ကိုင်တုတ်ဖြစ်နေသော ဖြစ်နေသော (ဖ-ဆ-ပ-လ) ဓနရှင်လူတန်းစားရှေ့ဆောင်မှုကို မလှုပ်မရှက်နိုင် အောင်လုပ်မှသာလျှင် နိုင်ငံရေး ရှေ့တလှမ်းတက်နိုင်ပေလိမ့်မည်။

တိုက်ပွဲများ အတောမသတ် ဆင်နွှဲခြင်းဖြင့်၎င်း၊ ထိုတိုက်ပွဲများကို ပါတီသည် ရဲရဲတင်းတင်း ရှေ့ဆောင်ခြင်းအားဖြင့်၎င်း၊ ဖ-ဆ-ပ-လ နောက်သို့ ယောင်မှားပါနေသော လူထု၏ အချို့အစိတ်အပိုင်းကို တိုက်ပွဲများသို့ ဝင်လာစေခြင်း ဖြင့်၎င်း၊ ဖ၊ဆ၊ပ၊လ ဓနရှင်လူတန်းစားခေါင်းဆောင်မှု၏ ဒူးထောက်ရေးလမ်းစဉ် ကို အပြုတ်တိုက်ရမည်။

ညီညွတ်ရေးဆိုသည်ကား ခေါင်းဆောင်များကို တောင်းပန်ရုံနှင့် မရရှိနိုင်။ သူတို့၏ နောက်တွင်ရှိသော လူထုသည် သူတို့ခေါင်းဆောင်များ၏ ဩဇာကို တော်လှန်ကာ တော်လှန်ရေးလမ်းစဉ်ကို လိုက်လာအောင် တိုက်ပွဲဆင်ခြင်းဖြင့်သာ ညီညွတ်ရေးတပ်ပေါင်းစုကို တည်ဆောက်နိုင်သည်ဟု ပါတီက မမိုတ်မသုံ ယုံကြည် ပေသည်။

တနေ့တခြား ဒီရေအလား တိုးပွားကျယ်ပြန့်လာသော လူထုတိုက်ပွဲများ အပေါ်တွင် ပါတီသည် ရှေ့ဆောင်မှုပေးနိုင်သလောက် -

ဓနရှင်လူတန်းစားတို့၏ ဒူးထောက်ရေးလမ်းစဉ်၊ သွေးခွဲရေးလုပ်ငန်းတို့နှင့် ပတ်သက်၍ လူထုက အကြည်ညိုကင်းမဲ့လာအောင် ပါတီက လုပ်နိုင်သလောက်-

ဗြိတိသျှနယ်ချဲ့သမား၏ စီမံကိန်းကို တိုက်ဖျက်ရေးအတွက်၎င်း၊ အမျိုး သားဒီမိုကရေစီ တော်လှန်ရေးလုပ်ငန်းစဉ် ဖြစ်မြောက်အောင် တိုက်ယူရေးအတွက် ၎င်း၊ လူထုကို တက်ကြွလာအောင် ပါတီသည် လုပ်နိုင်သလောက်-

ညီညွတ်ရေးတပ်ပေါင်းစုအသစ်သည် ပေါ်ထွက်လာရမည်။





**လက်ဝဲဂိုဏ်းများ ညီညွတ်ရေး**

ပါတီသည် ဆိုရှယ်လစ်ပါတီနှင့်အတူ လက်ဝဲဂိုဏ်း ဖွဲ့စည်းခဲ့၏။ ၎င်း လက်ဝဲဂိုဏ်းဖွဲ့စည်းရာတွင် အခြေခံများကား -

(၁) မြေဆီခ မပေးရေး၊ မြေခွန်မရေးတိုက်ပွဲများ။

(၂) ရိက္ခာတိုက်ပွဲများ။

(၃) ချုပ်ချယ်မှု တိုကဖျက်ရေးတိုက်ပွဲ။

(၄) ထားပြန့်မိန်နင်းရေးတိုက်ပွဲ။

(၅) အလုပ်သမားသပိတ်များ ကူညီရေး၊

တို့တွင် အတူတကွ အလုပ်လုပ်ကြရန် ဖြစ်၏။ သို့ရာတွင် တကယ်အလုပ် လုပ်လာကြသည့်အခါတွင် -

ငါတို့က မြေဆီခမပေးရေးလုပ်လျှင် သူတို့က ပေးရေးလုပ်၏။

ငါတို့က မြေခွန်ခမပေးရ‌ေလုပ်လျှင်မှ သူတို့က မြေခွန်ပေးရေးလုပ်၏။

ငါတို့က အင်တာတပ်များ ချီတက်လျှင် သူတို့က ထမင်းသုံးနပ်စားပြ၏။

ချုပ်ချယ်မှုကန့်ကွက်ပွဲတွေကို လိုက်ဖျက်၏။

စင်ပြိုင်လူထုအဖွဲ့အစည်းများ တည်ထောင်၏။ အလုပ်သမားသပိတ်များ ကို ဖျက်ဆီး၏။

သူတို့နှင့် ငါတို့သည် အလုပ်ချင်းအားဖြင့် မဲတူ၊ အအလုပ်တူ လုပ်ရေးဆို သည်မှာ အလုပ်တူမှသာ အလုပ်လုပ်၍ ရမည်။ အလုပ်ချင်း ဆန့်ကျင်လျှင် အတူမလုပ်နိုင်။

လက်ဝဲဂိုဏ်းဖွဲ့စည်းရာတွင် ငါတို့၏ မှောက်မှားသော ညီညွတ်ရေးအယူ အဆတို့ကြောင့် -

(က) ငါတို့ပါတီ၏ သီးခြားကင်းလွတ်မှုကို ထိခိုက်ခဲ့၏။

(ခ) လူတန်းစား အစည်းအရုံးများကို လက်ဝဲဂိုဏ်းအောက်သို့ ထိုးအပ်ခဲ့၏။

အလုပ်ချင်းမတူ၍ အတူမလုပ်တော့သဖြင့်၎င်း၊ ညီညွတ်ရေးမှန်ကို ငါတို့လက်ခံလာသဖြင့်၎င်း၊ လက်ဝဲဂိုဏ်းကို ဖျက်ခဲ့ရပေသည်။

ဆိုရှယ်လစ်ပါတီသည် အမည်အားဖြင့် ဆိုရှယ်လစ်ဖြစ်စေကာမူ အလုပ် အားဖြင့် မြေရှင်ပါတီဖြစ်၏။ ကွန်မြူနစ်ဆန့်ကျင်ရေးလုပ်ငန်းတွင် လက်ျာဂိုဏ်းတို့ ထက်သာ၏။ လူတန်းစားအင်အားစုတို့ကို ဖြိုခွဲခြင်းဖြင့် ဖ-ဆ-ပ-လ ဒူးထောက်

ရေးသမားတို့ကို ကူညီနေ၏။

ဖ–ဆ–ပ–လ ခေါင်းဆောင်တို့၏ အလိုကျ စင်ပြိုင်လူထုအဖွဲ့အစည်းများ ဖွဲ့ကာ သပိတ်အစရှိသော အလုပ်သမားအရေးများကို ဖျက်နေ၏။ လယ်သမား အင်အားစုကိုလည်း ဖြိုခွဲနေ၏။

## ပူးပေါင်းလုပ်ကိုင်ရေးအတွက် အခြေခံများ

ဆိုရှယ်လစ်ခေါင်းဆောင်တို့၏ လုပ်ငန်းနှင့် ဆိုရှယ်လစ်ဝါဒတို့ တသီး တခြားဖြစ်နေသည်ကို သူတို့၏ နောက်လိုက်များ သိမြင်လာရန်လို၏။ ဆိုရှယ်လစ် ပါတီနောက်လိုက်များသာမက နယ်ချဲ့စနစ်ကို တိုက်ခိုက်လိုသူများရှိက မည်သူနှင့်မဆို အောက်ပါအခြေခံတို့နှင့် ကွန်မြူနစ်ပါတီသည် ပူးတွဲလုပ်ကိုင်ရန် အသင့်ရှိပေသည်။ ဤကဲ့သို့ နယ်ချဲ့စနစ်တိုက်ဖျက်လိုသည့်ပါတီများ၊ ပုဂ္ဂိုလ်များ ပူးတွဲလုပ်ကိုင်ရင်းဖြင့် လည်း လူထုအားလုံးသည် ညီညွတ်ရေးတပ်ပေါင်းစု ဖွဲ့စည်းလာကာ နယ်ချဲ့စနစ် ကို အပြုတ်တိုက်ပြီး အာဏာကို သိမ်းနိုင်လိမ့်မည်ဟု ယုံကြည်ပေသည်။

အလုပ်သမားတိုက်ပွဲများ–လယ်သမားတိုက်ပွဲများ–အမှုထမ်းတိုက်ပွဲများ – ကျောင်းသားတိုက်ပွဲများကို မတွန့်မဆုတ် ကူညီရန်။

ပြည်သူ့လွတ်လပ်မှုများ ရရှိရန်။

နယ်ချဲ့သမားတို့၏ စီမံကိန်းကို အပြုတ်တိုက်ထုတ်ရန်။

လူထုကြီးအား တန်ခိုးအာဏာ သိမ်းယူရေးအတွက် တလုံးတစည်းတည်း စည်းရုံးရန်။

အချုပ်အချာအာဏာပိုင် တိုင်းပြုပြည်ပြု လွှတ်တော်ခေါ်ယူရန်။

*(အရွယ်ရောက်သူတိုင်း မဲဆန္ဒပေးခွင့် အချိုးကျကိုယ်စားလည်လွှတ်ရေး – ကိုယ့်ကံကြမ္မာကိုယ် ဖန်တီးရေးတို့အပေါ်တွင် အခြေတည်ရမည်။)*

ဤကဲ့သို့ ပူးတွဲလုပ်ကိုင်ရာတွင် အဖွဲ့ချုပ်တခုအဖြစ် ဖွဲ့စည်းရေးကို ငါတို့ ကွန်မြူနစ်ပါတီသည် မလိုလား၊ အလုပ်တူသည့်အခါ ယာယီပူးပေါင်းရေး ဖြစ်ရမည်။

၎င်းပြင် လူတန်းစားအဖွဲ့အစည်းများ၏ သီးခြားကင်းလွတ်မှုကို တည်မြဲ စေရမည်။





## အလံနီနှင့် ပူးပေါင်းရေး။

"အမျိုးသားညီညွတ်ရေးကို တည်ဆောက်ရာ၌ အခြေခံအုတ်မြစ်သည်ကား တခုတည်းသော ကွန်မြူနစ်ပါတီဖြစ်မြောက်ရေးပင် ဖြစ်ပေသည်။

ကွန်မြူနစ်ပါတီသည် လွတ်လပ်ရေးတပ်ဦးဖြစ်သော ပစ္စည်းမဲ့လူတန်းစား ပါတီဖြစ်သည်။ တောင်သူလယ်သမားနှင့် မြို့နေလူလတ်တန်းစားတို့၏ ရှေ့ဆောင် လည်းဖြစ်သည်။ ချင်း–ကချင်–ကရင်–ရှမ်း စသော တိုင်းရင်းသားလူ နည်းစုတို့၏ မဟာမိတ်လည်းဖြစ်သည်။ ပါတီသည် နယ်ချဲ့စနစ်တိုက်ရာတွင် ရှေ့ဆောင်ခဲ့၏။ သို့ရာတွင် ကွန်မြူနစ်ပါတီကွဲပြီးသည့်နောက် လူထုမှာ ရှေ့ဆောင်ကင်းမဲ့ခဲ့၏။ ကွန်မြူနစ်ဆန့်ကျင်ရေးအင်အားစုများ ကြီးမားလာခဲ့၏။ သို့ဖြစ်၍ တခုတည်းသော ကွန်မြူနစ်ပါတီဖြစ်မြောက်အောင် ပြန်လည်တည်ဆောက်ရမည်။

*(ဇူလိုင်လ အစီရင်ခံစာမှ ကောက်နုတ်ချက်)*

ငါတို့သည် အလံနီတို့နှင့် တပါတီဖြစ်ရေးအတွက် စေ့စပ်ကြောင်းလမ်းခဲ့၏။ အပြန်အလှန်ငြင်းခုံပြီးနောက် ပါတီတခုတည်း ရုတ်ချင်း မဖြစ်နိုင်သည့်အတွက် ပူးတွဲအလုပ်လုပ်ရန် သဘောတူခဲ့၏။ ပူးတွဲအလုပ်လုပ်ရေးအတွက် ပူးတွဲအတိုင်ပင် ခံကော်မတီကို ဖွဲ့စည်းခဲ့၏။ ၎င်းအဖွဲ့အစည်း ဖွဲ့ရာတွင် ရည်ရွယ်ချက်ကား –

(၁) နယ်ချဲ့စနစ်အား တိုက်ခိုက်ရန်။

(၂) ပြည်သူ့လွတ်လပ်မှုများအတွက် တိုက်ယူရန်။

(၃) လူထု၏ နေရေး – ထိုင်ရေး အဆင့်အတန်းမြင့်မားရေး အတွက် တိုက်ယူရန်။

ပူးတွဲပါတီကော်မတီ၏ လုပ်ငန်းများကား –

(၁) တိုက်ပွဲများကို ပူးတွဲစီစဉ်ရန်။

(၂) အချင်းချင်း မကြေနပ်မှုများကို တင်ပြဆွေးနွေးရန်။

(၃) အချင်းချင်း ဝေဖန်ရန်။

(၄) သတင်းချင်း လဲလှယ်ရန်။

(၅) သဘောတရားရေးနှင့် ပါတ်သက်၍ ရှင်းလင်းမှုများ ဆောင်ရွက်ရန်။

(၆) တပါတီဖြစ်ရေးလမ်းစများကို ရှာဖွေရန်။

ပူးတွဲကော်မတီသာမက အလုပ်သွားဆိုင်ရာ ပူးတွဲကော်မတီ – တောင်သူ

လယ်သမားဆိုင်ရာ ပူးတွဲကော်မတီတို့ကိုပါ ဖွဲ့စည်းထားခဲ့၏။

ဤအဖွဲ့အစည်းများကို တည်ထောင်သည်မှာ အလံနီအား မတရားသင်း ကြေညာထားသည့် အတောအတွင်း ဖြစ်ပေသည်။

စက်တင်ဘာလ ၂၃ ရက်နေ့တိုက်ပွဲမှာ သူတို့နှင့် တိုင်ပင်၍ ရက်ချိန်းခြင်း ဖြစ်ပေသည်။ သူတို့က အခက်အခဲအမျိုးမျိုးကြောင့် ငါတို့ချည်းလုပ်ပါဟု ဆိုလာခဲ့ သဖြင့် ငါတို့ချည်းလုပ်ခဲ့သည်။ သူတို့က အနှောင့်အယှက် မပေးခဲ့ပေ။

ပုလိပ်သပိတ်၊ စာတိုက်သပိတ်၊ အစိုးရအမှုထမ်းတို့၏ အထွေထွေသပိတ် ကြီးအတောအတွင်း၌ အလံနီဂိုဏ်းသည် နိုင်ငံရေးလုပ်ငန်းကို ပြောင်ပြောင်တင်း တင်း လုပ်နိုင်ခဲ့၏။ လုပ်နိုင်လာသည်နှင့် ငါတို့၏သဘောတူထားသော အလုပ်တူ လုပ်ရေးကို ဖျက်ပစ်တော့၏။

အထက်က အတူတူပူးတွဲလုပ်ကိုင်ရန် သဘောတူခဲ့သည်ကို အထောက် အထားပြု၍ တပါတီတည်း မဖြစ်နိုင်သော်လည်း အလုပ်တူလုပ်ရေးအတွက် ငါတို့ ရည်ရွယ်ခဲ့၏။

သို့ရာတွင် အလံနီဂိုဏ်း၏ ကြေညာချက်တရပ်တွင် အောက်ပါအချက် များ ပါခဲ့ပေသည်။

*"ငါတို့ အလံနီကွန်မြူနစ်များသည် အလိုတော်ရိအောင်ဆန်းနှင့် ပေါင်းကာ အချောင်သမား သိန်းဖေ–သန်းထွန်းတို့ကို တိုက်လိမ့်မည်လည်းမဟုတ်။ သိန်းဖေ သန်းထွန်း အချောင်သမားများနှင့်ပေါင်းကာ အောင်ဆန်းတို့ကိုလည်း တိုက်လိမ့်မည် မဟုတ်။ ငါတို့သဘောထား တိတိကျကျမှာ တယောက်ကိုတယောက် ဖေါ်ကောင် လုပ်နေသော သူခိုးနှစ်ကောင်အပေါ်တွင် တရားသူကြီးက စီရင်ချက်ချကာ နှစ်ဦး စလုံး အပြစ်ပေးသော သဘောထားမျိုးဖြစ်ပေသည်။"*

ဤကြေညာချက်သဘောအရ အလုပ်တူလုပ်ရန် သဘောတူညီချက်ကို ပါယ်ဖျက်ရုံမက ငါတို့၏ ပါတီက သူတို့ဂိုဏ်းအား လိုက်ကပ်နေသလိုလို အချောင် သမားနည်းနှင့် ထုတ်ပြန်သော ကြေညာချက်ဖြစ်ပေသည်။

အောက်တိုဘာလ အလုပ်သမား အထွေထွေသပိတ် အတောအတွင်း၌ လည်း အောက်ပါကြေညာချက်ကိုထုတ်ခါ ၎င်းအတိုင်း ဆောင်ရွက်ခဲ့ပေသည်။

*"ယခုအခါ သိန်းဖေ – သန်းထွန်း နောက်လိုက်အချောင်သမားများသည် အလုပ်သမားသပိတ်တွင် အလုပ်သမားများ၏ ဟန်ဆောင်မိတ်ဆွေများ ဖြစ်ကြ*





*သောကြောင့် အန္တရာယ်အကြီးဆုံးဖြစ်ပေလိမ့်မည်။"*

အထက်ပါကြေညာချက်မှာ လက်ဝဲစကားတို့ဖြင့် ဖုံးလွှမ်းသော်လည်း ကာယကံမြောက်အားဖြင့် အရင်းရှင်တို့၏ အလုပ်အရင်းရှင်တို့၏ ကိုယ်စားလည် ဖ–ဆ–ပ–လ ၏ အလုပ်ဖြစ်သော သပိတ်ဖျက်ရေးကိုသာ အလံနီတို့ လုပ်ခဲ့ကြ သည်။

အချုပ်ဆိုရလျှင် အလံနီတို့သည် ပါးစပ်ဖြင့် ဖ–ဆ–ပ–လ ကို တိုက်နေ သော်လည်း အလုပ်အားဖြင့် ဖ–ဆ–ပ–လကို ထောက်ခံနေသည်။ လက်ဝဲစကား ဖြင့် တော်လှန်ရေးလုပ်ငန်းများကို ဖျက်ဆီးနေကြပေသည်။

ဟံသာဝတီခရိုင်၊ အင်းစိန်ခရိုင်တို့တွင် တောင်သူလယ်သမားတို့အား လှုံ့ဆော်ပြီး နယ်ချဲ့သမားတို့က ဖိနှိပ်လာသည့်အခါ ပစ်ပြေးခြင်း။ နယ်ချဲ့သမားတို့ က တောင်သူလယ်သမားတို့ကို နှိပ်စက်ချင်တိုင်း နှိပ်စက်အောင် ထိုးအပ်ခဲ့ခြင်း၊ မုံရွာစီရင်စု ပုလဲနယ်တွင် တောင်သူလယ်သမားတို့ကို လှုံ့ဆော်ပေးခါ ပစ်ပြေးခြင်း စသည်တို့ကို အားလုံးခြုံကြည့်လျှင် တော်လှန်ရေးလုပ်ငန်းတို့ကို လိုက်လံဖျက်ဆီး နေသော လူတစုဖြစ်သည်ကို တွေ့ရပေ၏။

သို့အတွက် အလံနီဂိုဏ်းနှင့် ငါတို့ပါတီသည် တပါတီတည်း မဖြစ်နိုင်။ အလုပ်တူလုပ်ရေးသာ ဖြစ်နိုင်သည်။ သူတို့၏ နောက်တွင် တက်ကြွသော လုပ်ငန်း စဉ်ကို လုပ်လိုသည့်လူငယ်များ ရှိမည်ကို ငါတို့ အသိအမှတ်ပြု၏။ သူတို့အပေါ်၌မူ ငါတို့သည် ယောင်မှား၍ လိုက်နေသူများဟု ယူဆပေသည်။ သို့အတွက် ငါတို့သည်

(၁) နယ်ချဲ့စနစ် တိုက်ဖျက်ရေး၊

(၂) နယ်ချဲ့စနစ်၏ ကိုယ်စား တိုင်းပြည်လွတ်လပ်ရေးအင်အားစုများ ကို ဖျက်ဆီးနေသော ဖ–ဆ–ပ–လ ဖေါက်ပြန်ရေးခေါင်းဆောင်တို့၏ သြဇာကို ဖြိုချရေး၊

(၃) ပြည်သူ့လွတ်လပ်မှုများ ရရှိရေး။

(၄) အလုပ်သမား လယ်သမားတို့၏ အင်အားစုများ တလုံးတစည်း တည်း ဖြစ်ရေး။

(၅) အလုပ်သမားလယ်သမား လူတန်းစားအင်အားစုများ၏ အန္တရာယ် ဖြစ်သော အချောင်သမားဝါဒ၊ ရေသာခိုဝါဒ၊ ပြုပြင်ရေးဝါဒတို့ကို တိုက်ဖျက် ရေးတို့တွင် ၎င်းတို့နှင့် ပူးတွဲလုပ်ရန် အသင့်ရှိပေသည်။ ဤနည်းအားဖြင့်

ငါတို့သည် ဗမာပြည်ရှိ ကွန်မြူနစ်အင်အားစုများကို တပါတီတည်းအဖြစ်သို့ စည်းရုံးတည်ဆောက်ရမည်။

သို့ရာတွင် တော်လှန်ရေးကို ဖျက်ဆီးပြီးမှ အခြားသူများ လက်ဝဲစကားဖြင့် အပြစ်တင်သောဝါဒ၊ တနည်းအားဖြင့် မုဒိန်းကျင့်သမားဝါဒ (ဝါ) မုဒိန်းကျင့်သမားက တရားသူကြီးလုပ်သော ဝါဒ (ဝါ) မုဒိန်းကျင့်သမားတရားသူကြီးဝါဒတို့ကိုမူ ငါတို့သည် အကြွင်းမဲ့တိုက်ဖျက်ခြေမှုန်းပစ်မည်ဖြစ်ကြောင်း။

အချုပ်ဆိုရလျှင် ညီညွတ်ရေးကိုတိုက်ယူရမည်။ အလံနီနှင့် ညီညွတ်ရေးကိုလည်း တိုက်ယူရမည်။

☆☆☆

## (၈)

## လူထုတိုက်ပွဲများ ရှေ့ဆောင်မှု၊

နိုင်ငံရေးတန်ခိုးအာဏာသိမ်းယူရေးအတွက် ပြင်ဆင်ရာတွင်၎င်း၊ ပါတီနှင့် လူထုအစည်းအရုံးများ ခိုင်ခန့်တိုးတက်ရေးအတွက်၎င်း၊ အလုပ်သမား လယ်သမားတို့ တိုက်ပွဲများ ပြင်းထန်သထက်ပြင်းထန်စွာ ပေါ်ပေါက်လာစေရန် ဤတိုက်ပွဲများအတွက် မှန်ကန်သော ဆောင်ပုဒ်များကို ဖော်ထုတ်ရန် ဖြစ်ပေ၏။

ဖ၊ဆ၊ပ၊လ ဆိုရှယ်လစ် ပြည်သူ့ရဲဘော်တို့သည် ဤတိုက်ပွဲများကို အမျိုးမျိုး ဖြိုဖျက်လိမ့်မည်။

ကွန်မြူနစ်ပါတီသည် ဤလူထုတိုက်ပွဲများကို မကြောက်မရွံ့ ရဲရဲဝန့်ဝန့် ရှေ့ဆောင်ခြင်း မားမားမတ်မတ် ရပ်ခြင်းဖြင့် သွေးခွဲရေးကို တိုက်ဖျက်ရမည် ညီညွတ်ရေးကို တည်ဆောက်ရမည်။

### သပိတ်တိုက်ပွဲသေနင်္ဂဗြူဟာ

အလုပ်သမား လူတန်းစားတစ်မျက်နှာတွင် ဖြစ်ပေါ်နေသော အခြေအနေတို့အရ သပိတ်သေနင်္ဂဗြူဟာကို ခင်းကျင်းရမည်။ အလုပ်သမားတို့၏ နေရေးထိုင်ရေးအခြေအနေက ဆိုးဝါးလာသဖြင့် တတိုင်းတပြည်လုံးတွင် အလုပ်သမား





လူတန်းစားသည် အလိုအလျောက် လှုပ်လှုပ်ရွရွဖြစ်နေ၏။ သပိတ်တရပ် ဖြစ်လိုက်လျှင် ဝုန်းကနဲကူးစက်သွားခဲ့ပေသည်။

သပိတ်တခုနှင့်တခုကို အားတတ်သရော ကူညီခဲ့ကြ၏။

ဤကဲ့သို့ စည်းရုံးရေးဖွဲ့ လူတန်းစားသွေးစည်းမှု လူတန်းစားစေ့နေရမှုအတွက် တိုက်လိုသည့် သတ္တိသည် ပြန့်နှံ့လာကာ စာရေးများ၊ ပုလိပ်များ၊ ကျောင်းဆရာများ အစိုးရအမှုထမ်းတို့ကိုပင် ကူးစက်လာခဲ့၏။

စက်တင်ဘာလ ၂၃ ရက်နေ့ ပြည်လုံးကျွတ်သပိတ်ကြီးကား ရာဇဝင်မှတ်တမ်းတင်ရပေမည်။

မေလ ၂၇ ရက်နေ့ ထန်းတပင် အရေးကိစ္စ (ဇွန်လ ၇ ရက်နေ့) ဇူလိုင်လ ၂၆ ရက်နေ့ ကန့်ကွက်ပွဲတို့ကို ကြည့်က အလုပ်သမားလူတန်းစားသည် နိုင်ငံရေးစိတ်ဓာတ် မည်မျှရင့်သန်နေသည့်ကို ဖော်ပြပေ၏။

အလုပ်သမားလူတန်းစားသည် ဤမျှတက်ကြွလာစေကာမူ ပါတီသည် များစွာ နောက်ကျ ကျန်နေခဲ့၏။ အလိုလျောက် တက်ကြွလာသော သပိတ်ဒီရေကို တိုးတက်စေရန်အတွက် ရဲရဲတင်းတင်းကြီး ရှေ့ဆောင်မှု မပေးနိုင်ခဲ့သေး။

လက်ရှိအခြေအနေများအရ အလုပ်သမားသပိတ်ကြီးများသည် မကြာခဏ ပေါ်ပေါက်လာမည်ကို ကွန်မြူနစ်ပါတီသည် သိထားရမည်။ သို့အတွက် ၎င်းတို့ ခြေမှုန်းခြင်း မခံရလေအောင် အလုပ်သမားလူတန်းစား၏ တိုက်ခိုက်ရေး တိုးတက်လာအောင် ပါတီက ရှေ့ဆောင်ရမည်။

အခြေခံလိုလားချက်များအတွက် စက်ရုံလုပ်ငန်းတိုင်းမှ သပိတ်ကြီးများသည် အထွဋ်အထိပ်သို့ ရောက်လာအောင် လုပ်ရမည်။ အလုပ်သမားလူတန်းစား တခုလုံးကို အခြေခံလိုလားချက်များအတွက် တိုက်လာစေရမည်။ *(အထွေထွေ စီးပွါးရေးသပိတ်ကြီး၊ အောက်တိုဘာ ၁၂ ရက်နေ့ သပိတ်မျိုး။)*

နိုင်ငံရေးကန့်ကွက်ပွဲ သပိတ်များကို ပါတီက ခေါင်းဆောင်၍ လုပ်ပေးရမည်။ ဤနည်းဖြင့် အလုပ်သမားလူတန်းစားတခုလုံးကို နိုင်ငံရေးအထွေထွေ သပိတ်ကြီးအတွက် ပြင်ဆင်ရမည်။ နိုင်ငံရေးအထွေထွေသပိတ်ကြီးသည် နောက်ဆုံး အာဏာသိမ်းပွဲ၏ တစိတ်တဒေသဖြစ်လာရမည်။

သပိတ်များကို တဆင့်မှ တဆင့် စည်းရုံးရင်း–ရှေ့ဆောင်ရင်း အလုပ်သမားသမဂ္ဂများကို လူထုသမဂ္ဂများဖြစ်လာအောင် တည်ဆောက်ရမည်။ အလုပ်

သမားတို့အလည်တွင် ပါတီ၏ ခံတပ်ကို ပိုမိုခိုင်မြဲလာစေရမည်။ ဤနည်းအားဖြင့် အလုပ်သမားလူတန်းစားအပေါ်တွင်ရှိသော ဓနရှင်လူတန်းစား၏ ဩဇာကို ကျဆုံးစေကာ အလုပ်သမားလူတန်းစားသည် တော်လှန်ရေး၏ အဓိကအင်အားစု ဖြစ်လာရမည်။

**တောင်သူလယ်သမား တိုက်ပွဲသေနင်္ဂဗြူဟာ။**

တောင်သူလယ်သမားလူတန်းစားသည် အလုပ်သမား၏ နောက်ကို မကျခဲ့ပေ။ မြေဆီခမပေးရေး–မြေခွန်မပေးရေး–လယ်အတင်းဝင်လုပ်ရေး–တိုက်ပွဲများ ဆင်နွှဲခြင်းကိုငှင်း၊ မကြာသေးမီက ဖျာပုံနယ်တွင် ဆန်လုပွဲဖြစ်ခြင်းကငှင်း၊ မြေရှင်များ–ပစ္စည်းသိုလှောင်သူများ–အရာရှိဆိုးများကို မကြောက်မရွံ့ တိုက်ခိုက်လာကြောင်း ထင်ရှားပေသည်။

သူတို့အစွမ်းအစနှင့် တိုက်ခိုက်မှုများမှာ တနေ့တခြား ပွါးများလာမည်ကား မုချဖြစ်၏။ ရိက္ခာအကြပ်အတည်း၊ ပစ္စည်းဈေးကြီးခြင်း၊ ရှားပါးခြင်း၊ တောရွာများတွင် အရာရှိဆိုးများ နှိပ်စက်ခြင်း၊ မြေရှင်တို့ နှိပ်စက်ခြင်းတို့ကြောင့် ယခုထက် ပြင်းထန်သော လုပ်ငန်းများ ပိုမို ပေါ်ပေါက်လာပေလိမ့်မည်။

ဤကဲ့သို့သော လူထုလုပ်ငန်းများကို ကွန်မြူနစ်ပါတီက ရှေ့ဆောင်မည်။ သူတို့ အနှိပ်အကွပ်မခံရလေအောင် တုံ့ပြန်အောင် စည်းရုံးမည်။ တောင်သူလယ်သမားတိုက်ပွဲများကို မြို့နေတောနေလယ်သမား မဟုတ်သူတို့က ကူညီလာအောင် ပါတီသည် စည်းရုံးရမည်။ အလုပ်သမား၊ လယ်သမားတို့၏ တိုက်ပွဲများကို ဆက်စပ်ပေးရမည်။ နယ်ချဲ့သမား စီမံကိန်းတိုက်ဖျက်ရေးနှင့် တောရွာများတွင် လွတ်လပ်သော ရွာများ တည်ထောင်ရေးအတွက် တောင်သူလယ်သမားသမဂ္ဂကို တကယ့်လက်နက်ကြီးဖြစ်လာရန် တည်ဆောက်ရမည်။

တောင်သူလယ်သမားတို့ အကျိုးရှိမည့် ဥပဒေများ ပြဋ္ဌာန်းရေး ထိခိုက်သော ဥပဒေများ ဖျက်သိမ်းရေးအတွက် တဖက်ကလည်း ပြင်းပြင်းထန်ထန် လှုံ့ဆော်ပြီး မြေနှင်ခံရသည့်အခါ လယ်သမားတို့က တွန်းလှန်ခြင်းများ မြေရှင်တို့ ခွင့်ပြုချက်မရဘဲ မြေကွက်လပ်များကို အတင်းဝင်ရောက်လုပ်ကိုင်ခြင်းများ မြေဆီခမပေးနိုင်သည့်အခါ မြေဆီခမပေးဘဲနေခြင်းများကို ကွန်မြူနစ်ပါတီက ရှေ့ဆောင်မည်။





ရိက္ခာ မျှမျှတတ ဝေငှရေးတို့အတွက်လည်း အစွမ်းကုန်အားပေးမည်။ ငှင်းပြင် ရိက္ခာကော်မတီများ–သမဝါယမအသင်းများ–ဒေသန္တာရအုပ်ချုပ်ရေးအဖွဲ့များကို လူထုအတွက် အများဆုံး အသုံးကျလာအောင် အသုံးချမည်။ သို့ရာတွင် ဆင်းရဲသော လယ်သမားတို့ထံမှ ပစ္စည်းများ သိမ်းယူသည့်အခါ၌ လယ်သမားတို့က ငြင်းဆန်တော်လှန်မှုများကို ပါတီက ရှေ့ဆောင်လိမ့်မည်။

ငတ်ပြတ်သော နေရာတို့တွင် အစိုးရရိက္ခာများ ကုန်လှောင်သူများ၏ ရိက္ခာများကို လူထုလက်ထဲ ဝေငှရေးအတွက် လွှဲပေးအောင် ပါတီသည် လုပ်ရမည်။

လယ်ထွန်ကိရိယာမျိုးစေ့ ဆည်မြောင်းစသော ကိစ္စများအတွက် အစိုးရထံမှ အကူအညီရရန် လှုံ့ဆော်ရင်းပင် မြေရှင်အစိုးရနှင့် သိုလှောင်ထားသူတို့လက်ထဲမှ ပစ္စည်းများကို တောင်သူလယ်သမားတို့က အတင်းသိမ်းယူခြင်းတို့ကို ပါတီသည် ရှေ့ဆောင်မည်။

တောင်သူလယ်သမားတိုက်ပွဲများကို ဆင်နွှဲသည့်အခါ မြေရှင်များ၊ အရာရှိဆိုးများ၊ ငွေတိုးကြီးများဘက်သို့ လုံ့သွားကို ဦးတည်ထားရမည်။

ပါတီသည် အလုပ်သမားတိုက်ပွဲနှင့် လယ်သမားတိုက်ပွဲတို့ကို ဆက်စပ်ပေးရမည်။ အလုပ်သမားသပိတ်များကို လယ်သမားတို့က ဆန်ရိက္ခာ စသည်တို့ဖြင့် ကူညီရမည်။ လယ်သမားတို့၏ တိုက်ပွဲများကို အလုပ်သမားတို့က သပိတ်ဖြင့် ကူညီရမည်။

**တပ်နီ**

အလုပ်သမား လယ်သမားတိုက်ပွဲများ ဆင်နွှဲရင်း အလုပ်သမားတပ်နီများ၊ လယ်သမားတပ်နီများကို ဖွဲ့စည်းရမည်။ အလုပ်သမား၊ လယ်သမားတပ်နီများသည် ဒီမိုကရေစီသစ် သမတနိုင်ငံတော်၏ အမြုတေရှေ့ပြေး ဖြစ်ရမည်။

တပ်နီသည် အလုပ်သမားနှင့် လယ်သမားလူတန်းစားကို အခြေခံကာ ဖွဲ့စည်းထားသဖြင့် အလုပ်သမားနှင့် လယ်သမားအကျိုးကို လိုလားသူများ၊ အလုပ်သမား၊ လယ်သမားအကျိုးကို အခြေခံကာ ဗြိတိသျှနယ်ချဲ့စနစ်ကိုငှင်း၊ အရင်းရှင်စနစ်ကိုငှင်း၊ မြေရှင်စနစ်ကိုငှင်း အဆုံးတိုင် တိုက်ဖျက်လိုသူများ၊ တော်လှန်ရေးမျိုးချစ်ပုဂ္ဂိုလ်များ၊ ကွန်မြူနစ်ပါတီဝင်များ၊ ကွန်မြူနစ်ပါတီလိုလားသူများ ပါဝင်ကြရမည်။

တပ်နီသည် လုပ်ငန်းစဉ်ဝါဒကို ပြတ်ပြတ်သားသား ရှင်းရှင်းလင်းလင်း ချပြကာ စည်းရုံးရမည်။ ဖွဲ့စည်းရမည်။

တပ်နီသည် ဖွဲ့စည်းပုံအရ သီးခြားလွတ်လပ်သော အဖွဲ့အစည်းဖြစ်၍ လောလောဆယ် လုပ်ငန်းအားဖြင့် –

(၁) နယ်ချဲ့သမား၊ အရင်းရှင်၊ မြေရှင်တို့ကို ဆန့်ကျင်သော တိုက်ပွဲမှန်သမျှ တပ်ဦးမှ ပါဝင်ဆောင်ရွက်ရမည်။ အလုပ်သမားလယ်သမား နင်းပြားတို့၏ စည်းဝေးပွဲ၊ ကန့်ကွက်ပွဲတို့ကို စောင့်ရှောက်ရမည်။

(၂) ထားပြန့်မြိမ်နင်းရေး။ သူခိုး–လူဆိုးကာကွယ်ရေးကို အစွမ်း ကုန် ဆောင်ရွက်ရမည်။

(၃) လူထုအကျိုးရှိစေမည့် ဝန်ထမ်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ရမည်။

(၄) ပြည်တွင်းပြည်ပ ကာကွယ်ရေးအတွက် အခြေခံစစ်ပညာများကို လေ့လာရမည်။

တပ်နီသည် အလုပ်သမား–လယ်သမားတို့၏ လက်နက်ဖြစ်သည်။

**အမျိုးသမီးစည်းရုံးရေး။**

အမျိုးသမီးများ မလွတ်လပ်ဘဲ တိုင်းပြည်လွတ်လပ်ရေး မရှိနိုင်။ မီးဖိုချောင်ထဲမှ ခလေးမကိုပင် တိုင်းပြည်အုပ်ချုပ်တတ်ရမည်ဟူသော လီနင်၏ဩဝါဒအတိုင်း အမျိုးသမီးတို့၏ လွတ်လပ်ရေးတိုက်ပွဲ၊ လူတန်းစားတိုက်ပွဲ၊ နယ်ချဲ့စနစ်တိုက်ဖျက်ရေးတို့တွင် အမျိုးသမီးတို့ အုံကြွပါလာအောင် စည်းရုံးရမည်။

လယ်သူမများ စည်းရုံး၍ အဝတ်အစား၊ အမတော်ငွေ စသည်တို့အတွက် တိုက်ပွဲဆင်ပေးရမည်။ အလုပ်သမားအမျိုးသမီးများကလည်း အထူးအခွင့်အရေးများအတွက် တိုက်ပွဲဆင်ကြရမည်။ ထိုမှတပါး အလုပ်သမားအားလုံး၏ တိုက်ပွဲများ၊ တောင်သူလယ်သမားများအားလုံး၏ တိုက်ပွဲများတွင် အလုပ်သမားများ၊ လယ်သူမများ၊ ဆွေမျိုးသားချင်းများသည် အုံကြွကာ ပါဝင်စေရမည်။

ဝံသာနုခေတ်၊ ကုမ္မာရီခေတ်၊ သခင်မခေတ် စသော လွတ်လပ်ရေးတိုက်ပွဲ၏ ခေတ်အသီးသီးတို့တွင် အမျိုးသမီးတို့သည် ယောက်ျားများနှင့် ရင်ဘောင်တန်း ပါဝင်ခဲ့ကြသလို ဗမာပြည်လွတ်လပ်ရေး၏ နောက်ဆုံးအခဏ်းတွင် အလုပ်သမား





များ၊ လယ်သူမများ၊ ဆွေမျိုးသားချင်းတို့သည် အရံအင်အားစုကြီးတရပ်အဖြစ်ဖြင့် ပါဝင်လာစေရမည်။

ဤကဲ့သို့သော တိုက်ပွဲများ ဆင်နွှဲရင်း အမျိုးသမီးတို့၏ လူတန်းစားအစည်းအရုံးများကို တည်ဆောက်သွားရမည်။ တိုက်ပွဲများကြောင့် ပေါ်ပေါက်လာသော အမျိုးသမီးလူတန်းစားအစည်းအရုံးများကို ပေါင်းစပ်ခါ အမျိုးသမီးအဖွဲ့ချုပ် (ကွန်ဂရက်)များကို တည်ဆောက်ရမည်။

**ကျောင်းသားများ စည်းရုံးရေး။**

ဝိုင်–အမ်–ဘီ–အေလုပ်ငန်း ၁၉၂၀ ခု ကျောင်းသားသပိတ်၊ ၁၉၃၆ ခု ကျောင်းသားသပိတ်၊ ၁၉၃၉ ခု ကျောင်းသားသပိတ်တို့ကိုကြည့်က ကျောင်းသားတို့သည် နယ်ချဲ့စနစ်တိုက်ဖျက်ရေးတွင် အင်အားနှင့် ပါလာကြ၏။ သို့အတွက် နယ်ချဲ့သမားတို့လက်ထဲမှ အာဏာကို အပြီးသတ် သိမ်းရေးတိုက်ပွဲတွင် အရံအင်အားစုကြီးတရပ်အဖြစ်ဖြင့် စည်းရုံးရမည်။

စစ်အတောအတွင်း၌ ကျောင်းသားများ ပညာသင်ပျက်ခဲ့ပေသည်။ ကျောင်းများ ပျက်စီးခဲ့ပေသည်။

ကောလိပ်များ ကျောင်းများ တိုးချဲ့ဖွင့်လှစ်ရန်။

ပညာရေးကို ခေတ်မှီစေရန်။

ပညာတတ်များ အလုပ်လက်မဲ့ မဖြစ်စေရန်။

စသော လုပ်ငန်းစဉ်တို့ဖြင့် ကျောင်းသားများကို စည်းရုံးရမည်။

ကျောင်းသားများ တိုက်ပွဲဆင်ရင်း အလုပ်သမားတိုက်ပွဲများနှင့် ဆက်စပ်ပေးခါ ကျောင်းသားအလုပ်သမားတို့၏ ညီညွတ်ရေးကို တည်ဆောက်ကြရမည်။

☆☆☆

## (၉)
## ပါတီ၏ အခန်း

ဗမာပြည်လွတ်လပ်ရေးတိုက်ပွဲသည် နောက်ဆုံးအခန်းရောက်လာသဖြင့် ပါတီအပေါ်တွင် ကြီးမားသောတာဝန်သည် ကျရောက်ခဲ့လေသည်။

လူထုတိုက်ပွဲများကို ရှေ့ဆောင်နိုင်ကြောင်း ပါတီသည် အစွမ်းပြရမည်။ ပါတီ၏ မစွမ်းအစကိုလည်း တိုးတက်အောင်လုပ်ရမည်။ လူထု၏ တိုက်ခိုက်ရေး အစွမ်းအစကိုလည်း တိုးပွားစေရမည်။ တိုက်ပွဲများ ဆင်နွှဲရင်း သွေးခွဲရေးသမားများကို ပျက်ပြုန်းစေကါ တခုတည်းသော လူထုအဖွဲ့အစည်းများကို တည်ဆောက်ရမည်။

တိုက်ပွဲဝင်လာသော လူထုအထဲမှ နိုင်ငံရေးအစွမ်းအစရှိသူများကို ပါတီထဲသို့ သိမ်းသွင်းရမည်။ အထူးသဖြင့် တိုက်ပွဲဝင်ခဲ့သော အလုပ်သမား – လယ်သမားတို့ကို သိမ်းသွင်းရမည်။

ပါတီသည် လူထု၏ နိုင်ငံရေးခေါင်းဆောင်အဖြစ် ပေါ်ထွက်လာရမည်။ တိုက်ပွဲဝင်နေသော လူထုအား နိုင်ငံရေးပညာပေးရမည်။ အချုပ်အချာအာဏာပိုင် တိုင်းပြုပြည်ပြုလွှတ်တော် စသော ပါတီ၏ ဆောင်ပုဒ်နောက်သို့ လူထုပါလာအောင် သိမ်းသွင်းရမည်။

ပါတီဝင်အားလုံးတို့ကို သဘောတရား ပြင်းပြင်းထန်ထန် လေ့လာစေရမည်။ ပါတီ၏ လုပ်ငန်းစဉ် မာ့က်စ်ဝါဒ၊ လီနင်ဝါဒ အခြေခံများ၊ လူထုစည်းရုံးရေး၊ ပါတီစည်းရုံးရေးတို့ကို ပါတီဝင်တိုင်း နားလည်လာကြရမည်။

ငါတို့ပါတီသည် ဤစည်းရုံးရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်သလောက် ဗမာပြည်တော်လှန်ရေးကို အောင်ပွဲဆီသို့ ရှေ့ဆောင်ခေါ်ယူသွားနိုင်မည်ဖြစ်ပေသတည်း။

☆☆☆





## (၁၀)
## ပါတီအတွင်း သဘောတရားရေးတိုက်ပွဲများ။

ငါတို့ပါတီသည် သဘောတရားအရေးအရ များစွာ နုနယ်၏။ လူထုတိုက်ပွဲ အတွေ့အကြုံလည်း အလွန်နဲ၏။ ဇာတိခေါင်းဆောင်လုပ်သူများလည်း ပါတီအားဖြင့် လူလတ်တန်းစားမှ ပေါက်ဖွားသူများ၏။ သို့အတွက် မှောက်မှားသော အယူအဆတို့ကို အလွယ်တကူ လက်ခံတတ်၏။ သို့ဖြစ်၍ ပါတီအဖို့ အကြီးဆုံးလုပ်ငန်းတရပ်ကား ပါတီအတွင်း သဘောတရားရေးတိုက်ပွဲများ ဆင်နွှဲခြင်းဖြစ်ပေသည်။ သို့မှသာ ပါတီဆန့်ကျင်ရေးအယူအဆများကို ပါတီတွင်းမှ ရှင်းလင်းပစ်နိုင်သည်။

**(က) ဒီမိုကရေစီသစ်၊**

တရုပ်ကွန်မြူနစ်ခေါင်းဆောင်ကြီး မော်စီတုံးက "ညွန့်ပေါင်းအစိုးရ" ဟူသော ကျမ်းတွင် ဤသို့ရေးထား၏။

*"တော်လှန်ရေး၏ လက်ရှိအဆင့်ကို အဘယ်ကြောင့် နေရှင်ဒီမိုကရေစီ ဟု ခေါ်သနည်း။ တော်လှန်ရေးက သုတ်သင်ရှင်းလင်းရမည်မှာ နေရှင်လူတန်းစား မဟုတ်။ နယ်ချဲ့သမားနှင့် ပဒေသရာဇ်နှိပ်ကွပ်မှု ဖြစ်ပေသည်။ ယေဘုယျအားဖြင့် ပုဂ္ဂလိကပစ္စည်းကို တော်လှန်ရေးက မပယ်ဖျက်လိုပေ။ ပုဂ္ဂလိကပစ္စည်းကို ကာကွယ်လိုပေသည်။ တော်လှန်ရေးသည် အရင်းရှင်စနစ်တိုးတက်မှုကိုပင် လမ်းခင်းပေးပေလိ့မ်မည်။"*

*"လက်ရှိစစ်" ဖြစ်ကတည်းက ကွန်မြူနစ်ပါတီက လယ်မြေသည် လယ်သမားအဘို့ဟူသော ဝါဒအစား လယ်ခလျှော့ရန်၊ အတိုးလျှော့ရန်ဟူသော ဝါဒကို အစားထိုးခဲ့သည်။ ဤသို့ လျှော့ပေးသည်မှာ မှန်သည်။ ဂျပန်တော်လှန်ရေး စစ်ပွဲတွင် ကူအိုမင်တန်ကို ပါဝင်စေခဲ့သည်။ လွတ်လပ်သော နယ်များတွင် ဂျပန်ကို တိုက်ရန် မြေရှင်များနှင့် လယ်သမားများကို ပေါင်းစေခဲ့သည်။ အခက်အခဲ ထူးထူးခြားခြား မရှိခဲ့လျှင် စစ်ပြီးအထိ ဆက်လက်ထားရန် ငါတို့ရည်ရွယ်သည်။ မြေခနှင့် အတိုးလျှော့ရေးကို တပြည်လုံး ပဋ္ဌမလုပ်ပြီးနောက် လယ်မြေသည် လယ်သမားအဘို့ဟူသော ဝါဒကို သင့်တော်သလို လုပ်သွားရမည်။"*

မော်စီတုန်း၏ အထက်ပါသဘောတရားတို့သည် ကွန်မြူနစ်တန်ခိုးအာဏာရနေသော တရုပ်ပြည်မြောက်ပိုင်းတွင် လက်တွေ့လုပ်နိုင်၏။ နှစ်ပေါင်း

နှစ်ဆယ်ကျော် လူထုတိုက်ပွဲကို ပြင်းထန်စွာ ဆင်နွှဲခဲ့ပြီး တန်ခိုးအာဏာရ၍ဖြစ်၏။

မော်စီတုံး၏ အထက်ပါစကားတို့ကို သပ်သပ်ထုတ်၍ ဗမာပြည်အခြေအနေတွင် လာအသုံးပြုလျှင် မှောက်မှားလိမ့်မည်။ "လူတန်းစားတိုက်ပွဲများကို ချော့မွတ်အောင် လုပ်ရေး"ဟူသော အယူအဆတို့သည် အထက်ပါ မော်စီတုံး၏ စကားတို့ကို အလွဲသုံးစားပြုခြင်းဖြစ်၏။

ဒီမိုကရေစီသစ်သည် အလုပ်သမားလယ်သမားနှင့် ဒီမိုကရေစီလူထုဟူသော လူတန်းစားသုံးရပ် ပေါင်းထားခြင်းဖြစ်၏။ သို့ရာတွင် အလုပ်သမား၊ လယ်သမားသည် အုဋ္ဌမြစ်ဖြစ်၏။ အလုပ်သမား၊ လယ်သမားကို စည်းရုံးရာတွင် လူတန်းစားတိုက်ပွဲသဘောတရားကို အခြေပြုရမည်။

"လူတန်းစားတိုက်ပွဲ ချော့မွတ်ရေး" ဟူသော မှောက်မှားသည့် အယူအဆများကို ပါတီတွင်းမှ တိုက်ထုတ်ပစ်ရမည်။

ဒီမိုကရေစီသစ်နှင့် ပတ်သက်၍ မှန်ကန်သော သဘောတရားကို ငါတို့ ပွါးများကြရမည်။

ဒီမိုကရေစီသစ်နှင့် ပတ်သက်၍ ဗိုလ်အောင်ဆန်းအမျိုးပြုသူတို့က မဟုတ်မတရားဝါဒဖြန့်နေခြင်းတို့ကိုလည်း တိုက်ဖျက်ရမည်။

## (ခ) ညီညွတ်ရေးတပ်ပေါင်းစု၊

ညီညွတ်ရေးတပ်ပေါင်းစုတွင် ပါရမည့်များကား အလုပ်သမား လယ်သမားနှင့် အလုပ်သမားလယ်သမားအကျိုးကို လိုလားသော လူလတ်တန်းစားများဖြစ်၏။ သို့ရာတွင် လူလတ်တန်းစားကား တွေဝေယိမ်းယိုင်သော လူတန်းစားဖြစ်သဖြင့် အခြေခံကား အလုပ်သမားနှင့် လယ်သမားဖြစ်သည်။ အလုပ်သမားနှင့် လယ်သမားဖြစ်သည်။ အလုပ်သမားနှင့် လယ်သမားအင်အား မတောင့်တင်းဘဲ လူလတ်တန်းစားတို့ ပါလာမည်မဟုတ်သည်ကို ငါတို့နားလည်ရမည်။

ညီညွတ်ရေးတပ်ပေါင်းစုဆိုရာ၌ အုဋ္ဌအရောရော ကျောက်အရောရော ပေါင်းရေး မဟုတ်။ ဒူးထောက်သူ ကွန်မြူနစ်ဆန့်ကျင်ရေးလုပ်သူတို့နှင့် မပေါင်းနိုင်သည်ကို ငါတို့နားလည်ရမည်။

မော်စီတုံးက ဤသို့ဆိုထား၏။ ဒူးမထောက်သူ ကွန်မြူနစ်ဆန့်ကျင်ရေး မလုပ်သူ စသောမည်သည့်တော်လှန်ရေးသာမးကိုမှ ငါတို့ ကွန်မြူနစ်များသည်





ပစ်ပါယ်ခြင်းမပြု။ ဂျပန်ကို ပြတ်ပြတ်သတ်သတ် တိုက်မည့်သူ ညီညွတ်ရေးတပ်ပေါင်းစုကို တည်မြဲစေလိုသူ မည်သည့်လူတန်းစား၊ မည်သည့်ပါတီ မည်သည့်အဖွဲ့အစည်းနှင့်မဆို ငါတို့သည် ပူးပေါင်းဆောင်ရွက်မည်ဖြစ်၏။ သို့ရာတွင် ကွန်မြူနစ်ပါတီကို ဖယ်ထုတ်သူများ ညီညွတ်ရေးတပ်ပေါင်းစုကို ဖျက်ဆီးလိုသူများနှင့် ငါတို့သည် ဘာမျှမလုပ်လို"

*(မော်စီတုံးရွေ ဒီမိုကရေစီသစ် စာမျက်နှာ ၂၀)*

ညီညွတ်ရေးဆိုရာ၌လည်း အချင်းချင်း စကားပြောကျေနပ်မှုဖြင့် မပြီး တိုက်ယူရမည်ကို ငါတို့နားလည်ရမ်။

## (ဂ) တိုင်းရင်းသားခနရှင်တို့အခက်း

နယ်ချဲ့စနစ်အောက်ရှိ တိုင်းရင်းသားခနရှင်တို့သည် အတိုက်အခံ လုပ်တတ်သဖြင့် သူတို့နှင့်ပါတ်သက်၍ မှောက်မှားသော အယူအဆများ ငါတို့ ပေါ်ပေါက်တတ်သည်။ သို့ရာတွင် တိုင်းရင်းသားအရင်းရှင်တို့နှင့် ပါတ်သက်၍ မော်စီတုံးက အောက်ပါအတိုင်း ဆိုထား၏။

"တရုပ်အရင်းရှင်တို့သည် ကိုလိုနီနိုင်ငံ–ကိုလိုနီတပိုင်းနိုင်ငံတို့မှ အရင်းရှင်လည်းဖြစ်ပြီး နယ်ချဲ့စနစ် နှိပ်စက်မှုဒဏ်ကို ပြင်းပြစွာခံစားရသဖြင့် နယ်ချဲ့စနစ်လွှမ်းမိုးနေသည့်အချိန်၌ အချို့သော အခြေအနေတွင် အတော်အတန်လောက် နယ်ချဲ့စနစ်ကို ဆန့်ကျင်သော စိတ်ရှိ၏။"

*(ဒီမိုကရေစီသစ် စာမျက်နှာ ၁၀)*

"အလုပ်သမားနှင့် လယ်သမားတို့သည် နိုင်ငံရေးနိုးကြားလာသည်နှင့် ရန်သူနှင့် ပူးပေါင်းပြီး အလုပ်သမားနှင့် လယ်သမားတို့ကို နှိပ်စက်လေတော့သည်။ ဤကား ကမ္ဘာတခုလုံးမှ အရင်းရှင်တို့၏ အခန်းဟု ယူဆရမည်။ တရုပ်အရင်းရှင်တို့သည် ဤကဲ့သို့ အလုပ်မျိုးတွင် သူများထက်ပိုသည်ဟု လေးလေးနက်နက် ဆိုရမည်။"

*(ဒီမိုကရေစီသစ် စာမျက်နှာ – ၁၁)*

ဗမာအရင်းရှင်တို့သည် သူများထက် အင်အားနဲ့သဖြင့် အလိုတော်ရိ လူတန်းစားဖြစ်၏။ သို့အတွက် သူများထက်ဆိုးသည်ဟု ယူဆရမည်။

သို့အတွက် တချို့သော အခြေအနေတွင် အတော်အတန်လောက်

နယ်ချဲ့သမားကို ဆန့်ကျင်လိမ့်မည်ဟု ငါတို့က မျှော်လင့်အားထားနေ၍ မဖြစ်။ ငါတို့၏ အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုကိစ္စတွင် တိုင်းရင်းသားအရင်းရှင်များကို ဝိုင်းပါယ်ထားရမည်။

### (ဃ) ဗိုလ်ချုပ် ကွန်မြူနစ်များ။

ငါတို့ပါတီအတွင်း၌ ကွန်မြူနစ်ဝါဒလည်း ကြိုက်သည်။ ဗိုလ်ချုပ်ကိုလည်း ကြည်ညိုသည်ဆိုသူများရှိသည်။ ၎င်းတို့သည် ယောင်ဝါးဝါးကွန်မြူနစ်များ။ ကိုယ့်စိတ်ကိုယ် အစိုးမရသူများသာ ဖြစ်ပေသည်။

စတာလင်က "အနုပဋိလောမရုပ်ဝါဒ"တွင် ဤသို့ ဆိုထား၏။

ပစ္စည်းမဲ့ လူတန်းစားပါတီတရပ်၏ လက်တွေ့လုပ်ငန်းသည် ထင်ရှား ကျော်ကြားသော ပုဂ္ဂိုလ်တို့၏ စိတ်ကောင်းစေတနာကောင်းတို့အပေါ်တွင် မတည်။ "အသိဉာဏ်" "ကမ္ဘာတည်သော လူကျင့်တရား" စသည့် အဆုံးအမတို့အပေါ်တွင် မတည်။ လူ့လောက၏ ဖြစ်ပေါ်တိုးတက်မှုသဘောတရားများပေါ်တွင်၎င်း။ ၎င်းသဘောတရားများကို လေ့လာမှုအပေါ်တွင်၎င်း။ အခြေပြုရမည်။

*(ဆိုဗီယက်ယူနီယံ၊ ကွန်မြူနစ်ပါတီရာဇဝင်စာမျက်နှာ ၁၂၀)*

နာမည်ကြီး ပုဂ္ဂိုလ်တို့အား အစွဲရှိခြင်းနှင့် ကွန်မြူနစ်ပါတီ၏ အခြေခံ သဘောတရားတို့မှာ ဆန့်ကျင်ပေသည်။

ပါတီအတွင်း၌ သဘောတရားရေးပညာကို ငါတို့ မပေးခြင်း။ ဗိုလ်အောင်ဆန်း၏ ဖေါက်ပြန်ရေးလမ်းစဉ်ကို ငါတို့က အုပ်ထားခြင်းတို့ကြောင့် ပါတီအတွင်း ဗိုလ်ချုပ်ကွန်မြူနစ်များ ပေါ်ပေါက်နေခြင်းဖြစ်ပေသည်။

ဗိုလ်အောင်ဆန်း၏ ဖေါက်ပြန်ရေးလမ်းစဉ်ကို သဘောတရားအရ၎င်း၊ လူတန်းစားတိုက်ပွဲ ပြင်းထန်စွာ ဆင်နွှဲခြင်းအားဖြင့် ၎င်းဖွင့်ချသွားရမည်။

### (င) စိတ်ဝါဒနှင့် ပုဂ္ဂိုလ်စွဲမှု။

ငါတို့ပါတီအတွင်း၌ သဘောတရားရေးအရ နုနယ်သဖြင့် ပြဿနာများကို ဖြေရှင်းရာတွင် စိတ်ဆန္ဒအရ ကြည့်ခြင်း၊ ပုဂ္ဂိုလ်စွဲအရ ဆုံးဖြတ်ခြင်းတို့ ရှိခဲ့ပေသည်။ ၎င်းတို့သည် ပါတီပျက်စီးရာပျက်စီးကြောင်း ဖြစ်ပေသည်။

လူတန်းစားတိုက်ပွဲများတွင် အားထက်သရော ပါဝင်စေခြင်းဖြင့် ဖေါက်





ပြန်သော အယူအဆများကို တိုက်ထုတ်ပစ်ရမည်။

### (စ) ကွန်မြူနစ်ဆန့်ကျင်ရေး။

လူတန်းစားတိုက်ပွဲ ပြင်းထန်လာသည်နှင့်အမျှ နယ်ချဲ့စနစ်တိုက်ဖျက်ရေး တိုက်ပွဲပြင်းထန်လာသည်နှင့်အမျှ ကွန်မြူနစ်ဆန့်ကျင်ရေးတို့သည် ပြင်းထန်လာပေလိမ့်မည်။

သို့ရာတွင် ကွန်မြူနစ်တို့၏ အင်အားကား ခြေမှုန်းပစ်၍ မရ။

သို့အတွက် ကွန်မြူနစ်ဝါဒတော့ ကောင်းပါသည်။ သို့ရာတွင် ကွန်မြူနစ်များ မကောင်းဟူ၍၎င်း။ ကွန်မြူနစ်များတော့ ကောင်းပါသည်။ သို့ရာတွင် ကွန်မြူနစ်ခေါင်းဆောင်များ မကောင်းဟူ၍၎င်း။ ဆင်ခြေများပေး၍ ကွန်မြူနစ် အင်အားစုများကို ဖြိုခွဲလိမ့်မည်။

ကွန်မြူနစ်တို့အား ရွှေ–ငွေ–ပစ္စည်း–မိန်းမ–ရာထူး စသည်တို့ဖြင့် ယုတ်ယုတ်မာမာ ဝါဒဖြန့်ဖြူးလိမ့်မည်။ ဓနရှင်လူတန်းစားခေါင်းဆောင်တို့သည် အကျင့်စာရိတ္တကောင်း၊ သူတော်ကောင်းဖြစ်လေဟန်ဖြင့် ငါတို့ကို တိုက်ခိုက်လိမ့်မည်။

ဤကဲ့သို့ ရန်သူတို့အား သူတို့၏ နိုင်ငံရေးအတိတ်၊ လက်ရှိလုပ်ငန်း သူတို့၏ ယုတ်မာပုံ ကြောင်သူတော်အကျင့်အကြံတို့ကို ပရိသတ်အား ဖွင့်ချရမည်။

ကွန်မြူနစ်တို့သည် "သစ္စာဖေါက်သူ" စသည်ဖြင့် တိုက်ခိုက်လိမ့်မည်။ ဓနရှင်လူတန်းစားခေါင်းဆောင်တို့သာ အလုပ်သမား လယ်သမားအကျိုးကို သစ္စာဖေါက်သည်။ ငါတို့သည် အလုပ်သမားအကျိုး၊ လယ်သမားအကျိုးကို မဖေါက်ပြန် ဆောင်ရွက်ခဲ့ကြသည်။ ငါတို့ "သစ္စာဖေါက်ခြင်း"မှာ လူယုတ်မာမာများကို သစ္စာဖေါက်ခြင်းဖြစ်သည်။ အလုပ်သမား၊ လယ်သမား၊ ပြည်သူတို့အရေးကို ရွတ်ရွတ်ချွန်ချွန် တိုက်ခြင်းသာဖြစ်သည်။

ယခုအခါ၌ အလုပ်သမား၊ လယ်သမားတို့သည် လွတ်လပ်ရေးလုပ်ငန်းတွင် တပ်ဦးမှ နေကြပြီး ဓနရှင်လူတန်းစားမှာ ကျဆုံးနေရာ ၎င်းတို့ ကျဆုံးမှုကို မခံမရပ်နိုင်သဖြင့် အလုပ်သမား၊ လယ်သမားအင်အားကိုဖြိုရန် အသေအလဲ ကြိုးစားနေသည်ဟူ၍ ငါတို့ နားလည်ရမည်။

ငါတို့ ကွန်မြူနစ်များသည် ပါတီကို အဓိကထားလုပ်သည်။ သူတို့က

အမျိုးသားရေးကို အဓိကထား၍ လုပ်သည်ဟု ဝါဒဖြန့်ဦးမည်။ ကွန်မြူနစ်၏ အဓိပ္ပါယ်ကား အလုပ်သမားလယ်သမားဖြစ်သည်။ ကွန်မြူနစ်တို့ ပါတီအကျိုး လုပ်ခြင်းကား အလုပ်သမား – လယ်သမားတည်းဟူသော ပြည်သူလူထုအတွက် တိုက်ခြင်းဖြစ်သည်။ သူတို့၏ အမျိုးသားအရေးကား မြေရှင်အကျိုး – အရင်းရှင် အကျိုးသာ ဖြစ်သည်။ ငါတို့ပါတီသည် အမျိုးသားအရေးကို ဆန့်ကျင်သယောင် ယောင် ဝါဒဖြန့်မှုတို့ကို ပြန်လှန်တိုက်ခိုက်ရမည်။

ငါတို့ပါတီဝင်များသည် ကွန်မြူနစ်ဆန့်ကျင်ရေး ဝါဒဖြန့် နည်းပရိယာယ်တို့ ကို သေချာစွာ နားလည်ကာ အပြင်းအထန် ပြန်လည်တိုက်ခိုက်ရမည်။ ကွန်မြူနစ် ဆန့်ကျင်ရေးသည် ကွန်မြူနစ်ခေါင်းဆောင် တဦးနှစ်ဦးကို မကြိုက်ရုံ မဟုတ်။ လူတန်းစားပြဿနာတရပ်ဟု ငါတို့လေးလေးနက်နက် နားလည်ကြရမည်။

## (ဆ) ပြုပြင်ရေးဝါဒများ။

ပြုပြင်ရေးဝါဒမှာ ငါတို့ပါတီ၏ အန္တရာယ်ကြီးတရပ်ဖြစ်သည်။ တိုက်ပွဲ ပြင်းထန်လာသည်နှင့်အမျှ ပြုပြင်ရေးဝါဒသည် အသွင်အမျိုးမျိုးနှင့် ရောဂါပေါ် လိမ့်မည်။ ဘယ်အသွင်နှင့် ပေါ်ပေါ် တိုက်ဖျက်ရမည်။

ငါတို့ပါတီသည် အရေးအကြီးဆုံးအချိန်အခါလို့ ဆိုက်ရောက်နေသည်။ ထိုအချိန်တွင် ပါတီအတွင်း၌ သဘောတရားရေးတိုက်ပွဲများကို မကြောက်မရွံ့ ပြင်းထန်စွာ ဆင်နွှဲနေမည်။ သို့မှသာ ငါတို့၏ ပါတီသည် မှောက်မှားသော အယူအဆများ၊ ပြုပြင်ရေးဝါဒများ၊ အချောင်သမားဝါဒဟများ၊ ရေသာခိုဝါဒများ ကင်းစင်သော ပါတီတရပ်အဖြစ် တည်ရှိလိမ့်မည်။

**တန်ဆောင်မုန်းလဆုတ် ၈ ရက်**

၁၉၄၆ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့ထုတ် ပြည်သူ့အာဏာဂျာနယ်မှ

မှုရင်းစာလုံးပေါင်းသတ်ပုံအတိုင်းဖော်ပြပါသည်။

☆☆☆







# နောက်ဆက်တွဲ (၃)

## လွတ်လပ်ရေးကို အရယူသော့

အရှုံးမပေးသောစိတ်ဓာတ်ဖြင့် ဖြေရှင်းကြကုန်အံ့၊
ဤလမ်းသာလျှင် မှန်မြတ်သော လက်စားချေခြင်းဖြစ်မည်၊
၁၉၄၇ ခုနှစ်၊ ဇူလိုင်၊ ၁၉ ရက်

## ကွန်မြူနစ်ပါတီ
## ဗဟိုကော်မတီ၏ ကျေညာချက်။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ဗမာရာဇဝင်သာမက ကမ္ဘာ့ရာဇဝင်တွင် မကြုံဘူးသော တိုင်းပြည်က ကြည်ညိုလေးစားသည့် အမျိုးသားခေါင်းဆောင်ကြီးများကို လူသတ်သမားတို့က ရက်စက်စွာ သတ်ဖြတ်မှုကြီးတရပ် ဖြစ်ပေါ်ခဲ့လေသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ သခင်မြ၊ မန်းဘခိုင်၊ ဒီးဒုတ် ဦးဘချို၊ ဆရာကြီးရာဇတ်နှင့် ဦးဘဝင်း စသည့် အမျိုးသားခေါင်းဆောင်ကြီးများသည် ရန်သူလူသတ်သမားတို့၏ လက်ချက်ဖြင့် ကျဆုံးကြသဖြင့် တတိုင်းပြည်လုံး ယူကျုံးမရ ဝမ်းနည်းပက်လက် ဖြစ်ရလေသည်။

ဗမာတပြည်လုံးနှင့်အတူ ဗမာပြည်ကွန်မြူနစ်ပါတီသည် ကျဆုံးရှာသည့် အမျိုးသားခေါင်းဆောင်ကြီးများအတွက် ယူကျုံးမရဖြစ်ရုံမက ဤအမျိုးသားခေါင်းဆောင်ကြီးများအား အလေးနီုပြုလိုက်ပေသည်။ ဤသို့ အလေးနီုပြုရင်း ဗမာနိုင်ငံလုံးဝ လွတ်လပ်ရေးရယူတည်းဟူသော ဤခေါင်းဆောင်ကြီးများ၏ မပြီးဆုံးသေးသော တိုက်ပွဲကြီးကို ဆထက်ထမ်းပိုးတိုး၍ တိုက်ပွဲဆင်ပါမည်ဟူ၍လည်း သစ္စာအဓိဋ္ဌာန်ပြုပါ၏။

### လက်လှမ်းမီလောက်သောအချိန်တွင်၊

အမျိုးသားခေါင်းဆောင်ကြီးများ ကျဆုံးသဖြင့် မကြုံဘူးသော နိုင်ငံရေးအကြပ်အတည်းကြီး ဖြစ်ပေါ်ခဲ့လေပြီ။ အမျိုးသားခေါင်းဆောင်ကြီးများ ကျဆုံးသည်ကို အချက်ယူကာ နယ်ချဲ့သမားတို့သည် ဒိုမီနီယန်ပေးရန်ဟူသော ယုတ်မာသည့်





အကြံအစည်ကို ဖြစ်မြောက်စေရန်။ အမျိုးသားအင်အားစုများ ပိုမို ကွဲပြားစေရန် ကြံစည်မည်ဖြစ်တော့၏။ ၎င်းပြင် အမျိုးသားခေါင်းဆောင်ကြီးများ အသတ်ခံရသည့်အတွက် နယ်ချဲ့စံနစ်ကို မေ့ပျောက်ကာ အချင်းချင်း ရန်သတ္တရုပြုနေမည် ဖြစ်ပေသည်။

ဗမာပြည်လွတ်လပ်ရေးသည် လက်လှမ်းမီလောက်သည့်အချိန်တွင် အမျိုးသားခေါင်းဆောင်ကြီးများ အသတ်အဖြတ်ခံရခြင်းမှာ တပြည်လုံး လွတ်လပ်ရေးကြွမှု၏ ရှေ့မှောက်တွင် ဆုတ်ကန်ဆုတ်ကန်ဖြစ်နေသော အင်္ဂလိပ်နယ်ချဲ့သမား ဗြူရိုကရက်များနှင့် အလိုတော်ရိဂိုဏ်းသားများ၏ တိတ်တိတ်ပုန်းလုပ်ကြံမှုဟု ငါတို့ အတည့်အလင်းစွပ်စွဲပေသည်။

### ငါတို့ စွပ်စွဲပေသည်၊

တိုင်းပြုပြည်ပြု လွှတ်တော်ကြီးကလည်း ဗြိတိသျှပြည်ထောင်စုထဲမှ ထွက်ခွါရန်နှင့် လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင် သမတနိုင်ငံထူထောင်ရန် ဆုံးဖြတ်ခဲ့၏။ တနှစ်အတွင်း လုံးဝ လွတ်လပ်ရေးရစေရမည်ဟု ဖ–ဆ–ပ–လ ခေါင်းဆောင်များကလည်း တိုင်းပြည်ကို ကတိပြုခဲ့၏။ အင်္ဂလိပ်တို့ မလိုက်လျောလျှင် တိုင်းပြည်ကို မိမိကိုယ်တိုင်ခေါင်းဆောင်၍ တိုက်မည်ဟု ဗိုလ်ချုပ်အောင်ဆန်းကလည်း ကျေညာခဲ့၏။ အာဏာကို လက်မလွှတ်ချင်သော အင်္ဂလိပ်နယ်ချဲ့သမားတို့ အကြပ်အတည်းရိုက်၍ နေပေသည်။ ဤအခြေအနေကို ပြောင်းပြန်လုပ်ပစ်ရန်မှာ ဤအမျိုးသားခေါင်းဆောင်ကြီးများအား ဖယ်ရှားပစ်ရေးသာ ဖြစ်သည်။ နယ်ချဲ့သမားနှင့် ဗြူရိုကရက်တို့၏ လက်သိပ်ထိုးကြံစည်မှုများ ပါသည်ဟု ငါတို့စွပ်စွဲပေသည်။

ထိုမှတပါး အင်္ဂလိပ်နယ်ချဲ့သမားနှင့် အင်္ဂလိပ်လက်ဝါးကြီးအုပ် အရင်းရှင်တို့၏ သွေးစုတ်မှုအောက်တွင် အလူးအလိမ့် ဒုက္ခခံစားနေရသော (အတန်းစားတိုင်း)သည် တိုက်ပွဲဆင်၍ နေကြပေသည်။ ထိုတိုက်ပွဲများသည် ယခုအခါ စုစည်းပြီး နယ်ချဲ့သမားကို အပြုတ်တိုက်ရန် ရင်ဆိုင်လျက် ရှိပေသည်။ သို့အတွက် ဤသို့ ယုတ်မာလှသည့် သတ်ဖြတ်မှုအားဖြင့် မိမိတို့ဘက် လုံ့သွားလှည့်လျက်ရှိသော လူထုကြီးကို အချင်းချင်းတိုက်ပွဲဆင်ကာ ပြည်တွင်းစစ် ရှေ့ရှုသည့် အမျိုးသားပြိုကွဲမှုကြီးဖြစ်အောင် အင်္ဂလိပ်နယ်ချဲ့သမားက ဖန်တီးလိုက်ခြင်းဖြစ်၏။

**အရှုံးပေးရန် မဟုတ်။**

သို့ရာတွင် လွတ်လပ်ရေးကို အရယူရန် တက်ကြွနေသော ငါတို့တိုင်းပြည်သားအပေါင်းတို့သည် အရှုံးပေးရန် မဟုတ်။ တိုင်းပြည်တွင် ဆိုက်ရောက်လျက်ရှိသော အကြပ်အတည်းကို တည်ငြိမ်သော စိတ်ဓါတ်၊ အရှုံးမပေးသော စိတ်ဓါတ်ဖြင့် ဖြေရှင်းကြကုန်အံ့။ ယနေ့အဘို့ အကြပ်အတည်း ဆိုက်နေခြင်းမှ ကယ်တင်ရေးမှာ ညီညွတ်စွာ လွတ်လပ်ရေးကို အရယူရေးဖြစ်၏။ တတိုင်းတပြည်လုံးက လိုလားလျက်ရှိသော ဖ–ဆ–ပ–လနှင့် ကွန်မြူနစ်ညီညွတ်ရေးသာလျှင် ငါတို့ ရင်ဆိုင်လျက်ရှိသော အကြပ်အတည်းကို ကျော်နင်းနိုင်လိမ့်မည်။ ဤညီညွတ်ရေးလမ်းစဉ်သာလျှင် နယ်ချဲ့သာမးကို နောက်ဆုံးတိုက်ပွဲဆင်နွှဲရန် တမျိုးသားလုံးကို ရှေ့ဆောင်နိုင်လိမ့်မည်။

ညီညီညွတ်ညွတ်နှင့် လွတ်လပ်ရေးအရယူခြင်းသာလျှင် ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသော အမျိုးသားခေါင်းဆောင်ကြီးများအား ဂုဏ်ပြုခြင်း။ ခေါင်းဆောင်ကြီးများ၏ မပြီးပြတ်သေးသော လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ ဤခေါင်းဆောင်ကြီးများအတွက် လက်စားချေခြင်းဖြစ်ပေသည်။

**အဆုံးထိဆင်နွှဲရန်။**

ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသောအမျိုးသားခေါင်းဆောင်ကြီး ကျဆုံးသဖြင့် တုန်လှုပ်ချောက်ချားခြင်း မဖြစ်ကြကုန်လင့်။ တွေဝေခြင်း၊ ယိုင်ခြင်း မဖြစ်ကြကုန်လင့်။ ဗိုလ်ချုပ်အောင်ဆန်းတို့ ရှေ့ဆောင်ခဲ့သော လွတ်လပ်ရေးတိုက်ပွဲကို အဆုံးထိဆင်နွှဲရန် အဓိဋ္ဌာန်ပြုကြကုန်လော့။

လွတ်လပ်ရေးအတွက် တခုတည်းသော လမ်းဖြစ်သည့် ဖဆပလနှင့် ကွန်မြူနစ်ညီညွတ်ရေးကို တည်ဆောက်ကြကုန်လော့။ တပြည်လုံးရှိ ဖဆပလ အင်အားစုများ။ ကွန်မြူနစ်အင်အားစုများသည် တွေဝေခြင်း – တုန်လှုပ်ချောက်ချားခြင်းကို တားဆီးပြီး ယုတ်မာသော လူသတ်သမားတို့ကို လက်စားချေရန် အင်္ဂလိပ်နယ်ချဲ့သမားကို အပြုတ်တိုက်ပြီး လွတ်လပ်ရေးကို အရယူရန် အဓိဋ္ဌာန်ပြုကြကုန်လော့။

ဤလမ်းသာလျှင် ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော ခေါင်းဆောင်ကြီးများကို ဂုဏ်ပြုသော လမ်း။ ဤခေါင်းဆောင်ကြီးများ၏ မပြီးပြတ်သေးသော





လုပ်ငန်းကို ဆက်လက်ဆောင်ရွက်သောလမ်း။ လွတ်လပ်ရေးကို အရယူသောလမ်းဖြစ်ပေသတည်း။

(ပုံ) သန်းထွန်း။ အထွေထွေအတွင်းရေးမှူး။
ဗဟိုကော်မီတီ ဗမာပြည်ကွန်မြူနစ်ပါတီ။
၁၉ – ၇ – ၄၇။

၁၉၄၇ ခုနှစ်၊ ဇူလိုင် ၂၄ ရက်နေ့ မြန်မာ့အလင်းသတင်းစာမှ

မူရင်းစာလုံးပေါင်းသတ်ပုံအတိုင်းဖော်ပြပါသည်။

☆☆☆



နောက်ဆက်တွဲ (၄)

ဤသို့ ဆောင်ရွက်ခဲ့ပြီဟု အစီရင်ခံပါသည်။

ဤမွန်မြတ်သော သစ္စာအဓိဋ္ဌာန်များဖြင့် ခေါင်းဆောင်အာဇာနည်ကြီးများအား

ဂုဏ်ပြုပါ၏

ဗိုလ်ချုပ်နှင့် ဝန်ကြီးတို့၏ လမ်းစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ရန်

အဓိဋ္ဌာန်ပြုကြပါ၏

၁၉၄၇ ခုနှစ်၊ ဩဂုတ်လ ၂၂





## ကွန်မြူနစ်ပါတီ၏ အစီရင်ခံစာတမ်း။

အမျိုးသားခေါင်းဆောင်ကြီး အာဇာနည်ကြီးများသို့ –

ယနေ့ ဤအချိန် ဤဌာနသို့ ကွန်မြူနစ်ကိုယ်စားလှယ်အမတ်များတို့သည် အခြားအမတ် ရဲဘော်အပေါင်းတို့နှင့်အတူ တိုင်းပြည်ပြုလွှတ်တော် ညီလာခံ၏ လုပ်ငန်းကြီး ပြီးမြောက်ကြောင်း အစီရင်ခံကြရန် ခေါင်းဆောင်ကြီးများရှေ့မှောက်သို့ ရောက်ရှိကြပါကုန်၏။

လွန်ခဲ့သည့် တိုင်းပြည်ပြုလွှတ်တော် ပဌမညီလာခံကြီးအတွင်းက ခေါင်းဆောင်ကြီးများသည် ဗမာနိုင်ငံ၏ အနာဂတ်အုပ်ချုပ်ရေးမူကို ရှေ့ဆောင် သတ်မှတ်ခဲ့ကြပေသည်။ လုံးဝ လွတ်လပ်ရေးအချုပ်အခြာအာဏာပိုင်ရေး သမတနိုင်ငံ ထူထောင်ရေး။ အမျိုးသားညီညွတ်ရေး စသည့် မွန်မြတ်နက်နဲသည့် ရည်ရွယ်ချက်ကြီးများကို တင်ပြကျေညာခဲ့ကြပေသည်။

ယနေ့အဘို့၌မူကား ထိုမွန်မြတ်သည့် မူများအပေါ်၌ အခြေတည်ခါ တိုင်းပြည်ပြုလွှတ်တော်ညီလာခံကြီးက ဗမာနိုင်ငံတော်၏ အနာဂတ်အုပ်ချုပ်ရေးကို ရေးဆွဲပြီးကြပြီ ဖြစ်ပါသည်။ ထိုအုပ်ချုပ်ရေးမှာ ထိုမွန်မြတ်လှသည့်မူကြီးများ၏ ရည်ရွယ်အတိုင်း လုံးဝ ဒင်ပြည့်ကျပ်ပြည့် ပြည့်ဝလုံလောက်လှသည်ဟု မယူဆနိုင်သေးပါ။ ယခုဖြစ်ပေါ်လျက်ရှိသော အခြေအနေများအရ အချိန်အခါအလိုက် အကောင်းဆုံးအဖြစ်နိုင်ဆုံး အုပ်ချုပ်ရေးကိုသာ ထုလုပ်ပုံသွင်းခဲ့ကြပါသည်။

ထိုမွန်မြတ်လှသည့် ရဲရဲတောက်မူကြီးများ ရည်ရွယ်ချက်အတိုင်း အသွင်မှ အကောင်ထည်ဖြစ်ပေါ်စေရန် အပတ်တကုတ်ကြိုးစားအားထုတ်ကြရဦးမည်သာ ဖြစ်ပါသည်။

ဤမူကြီးများအတိုင်း အကောင်အထည်ဖြစ်ပေါ်လာရေး၌ရင်း၊ ဤသို့

ဖြစ်ပေါ်လာရန် ကြိုးစားအားထုတ်ရာ၌ တွေ့ရှိရမည့် အဖျက်အဆီးအခက်ခဲကြီးများကို ဖယ်ရှားတိုက်ဖျက်ရေး၌၎င်း ဤသို့ တိုက်ဖျက်ရန်အလို့ငှါ လက်ရှိအမျိုးသားညီညွတ်ရေးကို ပိုမို ခိုင်မြဲတောင့်တင်းစေရန် အားထုတ်ကြရာ၌၎င်း၊ ကွန်မြူနစ်ကိုယ်စားလှယ်များသည် အခြားကိုယ်စားလှယ်များနည်းတူ မနေမနား ကြိုးစားကြပါမည်ဟူ၍ ခေါင်းဆောင်ကြီးများရှေ့မှောက်တွင် သစ္စာအဓိဋ္ဌာန်ပြုကြပါ၏။

ဤမွန်မြတ်သည့် သစ္စာအဓိဋ္ဌာန်များဖြင့် အမျိုးသားခေါင်းဆောင်အာဇာနည်ကြီးများအား ဂုဏ်ပြုကြပါ၏။

၁၉၄၇ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့၊ မြန်မာ့အလင်းသတင်းစာမှ

မူရင်းစာလုံးပေါင်းသတ်ပုံအတိုင်းဖော်ပြပါသည်။

☆☆☆







## နောက်ဆက်တွဲ (၅)

## လူထုကြီး၏ ဆန္ဒကိုယူရျှင်။

ဖ ဆ ပ လ ကွန်မြူနစ်ညီညွတ်ရမည်ဟု လူထုကမုချဆုံးဖြတ်မည်ကို ငါတို့ရဲရဲကြီး ဆိုလိုက်ပေသည်။

၁၉၇၄ ခုနှစ်၊ နိုဝင်ဘာလ၊ ၁၈ ရက်

## ဗမာပြည်ကွန်မြူနစ်ပါတီ၏ ထုတ်ပြန်ချက်။

၁၉၄၆ ခု အောက်တိုဘာလတွင် ဖဆပလ အလုပ်အမှုဆောင်အဖွဲ့က ဗမာပြည်ကွန်မြူနစ်ပါတီအား ထုတ်ပစ်သည်မှအစပြု၍ ဗမာပြည်အမျိုးသား လုပ်ငန်းတွင် နှစ်ဂိုဏ်း နှစ်ပက္ခ ကွဲပြားမှုကြီး ဖြစ်ခဲ့၏။ လွတ်လပ်ရေးဆန္ဒ ပြင်းပြသော တိုင်းသူပြည်သားတို့၏ မှန်ကန်သော မျိုးချစ်စိတ်ဓာတ်ကြောင့်၎င်း။ ငါတို့၏ မနားမနေကြိုးပမ်းမှုကြောင့်၎င်း၊ မျိုးချစ်အင်အားစုများကို ကိုယ်စားပြုသော ဖဆပလနှင့် စည်းရုံးထားသော အလုပ်သမား၊ လယ်သမားတို့ ကိုယ်စားပြုသော ကွန်မြူနစ်ပါတီတို့၏ ပြန်လည်ညီညွတ်ရေးမှာ တနေ့တခြား နီးကပ်လာခဲ့၏။ သို့ရာတွင် ယခုအခါ ဖဆပလ ကို လွှမ်းမိုးနေသော ဖဆပလလက်ျာဂိုဏ်း ခေါင်းဆောင်များသည် ညီညွတ်ရေးပျက်ပြားအောင် အစဉ်သဖြင့် ကြိုးစားခဲ့ပေ သည်။ ဗိုလ်ချုပ်အောင်ဆန်းတို့ ကျဆုံးသည့်အခါမှစ၍ ညီညွတ်ရေးအတွက် ဖဆပလခေါင်းဆောင်များနှင့် စကားကမ်းလှမ်းခဲ့၏။ ဤအချိန်တွင်ပင် ဗိုလ်ချုပ် အောင်ဆန်းကို သတ်ရာတွင် ကွန်မြူနစ်ပါတီအနေနှင့် မပါတောင် တဦးချင်းအနေ နှင့် ပါသည်ဟု မဟုတ်မတရား သတင်းများပင် လွှင့်ခဲ့၏။ နယ်များစွာတွင် ညီညွတ်ရေးပျက်ပြားစေသော လုပ်ငန်းများကို လုပ်ခဲ့၏။

**အောက်ခြေညီညွတ်ရေး။**

အောက်ခြေတွင် ဖဆပလနှင့် ကွန်မြူနစ်အဖွဲ့အစည်းများ အချင်းချင်း အလုပ်တူလုပ်ခြင်းဖြင့် ညီညွတ်ရေးတည်ဆောက်လာသည့်အခါတိုင်း၌လည်း အပေါ်ပိုင်းခေါင်းဆောင်တို့သည် စည်းမျဉ်းသေဝပ်ရေးဟု အကြောင်းပြကာ အောက်ခြေညီညွတ်ရေးကို ပိတ်ပင်တားဆီးခဲ့၏။ ကွန်မြူနစ်တို့နှင့် ညီညွတ်ရေး မရနိုင်ဟု ယခုအခါ ဖဆပလအဖွဲ့ချုပ်ခေါင်းဆောင်များက တိုင်းပြည်ကို ကျေညာခဲ့





ပေသည်။ ညီညွတ်ရေးမရနိုင်ဟူသော ဖဆပလခေါင်းဆောင်တို့၏ သဘောထားကို ငါတို့ လုံးဝလက်မခံပေ။ ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခြင်းမခံရမီက ပြင်းပြင်း ထန်ထန် လုံးပမ်းခဲ့သော ဖဆပလ–ကွန်မြူနစ် ညီညွတ်ရေးကို မဖြစ်မနေ ငါတို့ ဆက်လက်ကြိုးစား၍ တည်ဆောက်မည် ဖြစ်ပေသည်။

ဖဆပလ–ကွန်မြူနစ်ညီညွတ်ရေးသည် တတိုင်းတပြည်လုံးက လှိုက်လှိုက် လှဲလှဲ လိုလားတောင့်တနေသော လူထုကြီးတရပ်လုံးဆန္ဒဖြစ်၏။ ဖဆပလ ခေါင်း ဆောင်တို့ကသာ ယခုအချိန်အခါတွင် လူထုကြီး၏ ဆန္ဒကို ယူခဲ့လျှင် ဖဆပလ ကွန်မြူနစ်ညီညွတ်ရမည်ဟု လူထုကြီးသည် မုချဆုံးဖြတ်မည်ဟု ငါတို့ ရဲရဲကြီး ဆိုလိုက်ပေသည်။

**မရေရာသော အကြောင်းပြချက်။**

ဖဆပလနှင့် ကွန်မြူနစ်ညီညွတ်ရေးကမ်းလှမ်းခြင်းကို ဝမ်းနည်းစွာနှင့် ရပ်စဲလိုက်ရကြောင်း ဖဆပလအဖွဲ့ချုပ်က ကျေညာထားရာ ဤအချက်သည် အမှန်ကို ဖုံးကွယ်ကာ သူများအပေါ် အပြစ်ပုံချထားခြင်းသာဖြစ်၍ ဖဆပလ ခေါင်းဆောင်များသည် ငါတို့နှင့် နိုင်ငံရေးအရ၎င်း၊ စည်းရုံးရေးအရ၎င်း၊ သေနင်္ဂဗျူ ဟာအရ၎င်း၊ နည်းပရိယာယ်အရ၎င်း၊ သဘောတူညီခဲ့ပြီးသည့်နောက် မရေရာသော အကြောင်းပြချက်တို့ဖြင့် ညီညွတ်ရေး ပယ်ချလိုက်သည်ကို မကြာမီ တိုင်းပြည်ရှေ့ မှောက်တွင် ငါတို့တင်ပြမည်ဖြစ်သော (ဖ–ဆ–ပ–လ)နှင့် ကွန်မြူနစ် အပြန်အလှန် ပေးစာများဖြင့် ထင်ရှားပေလိမ့်မည်။

နယ်ချဲ့သမားသည် ဗမာ့တော်လှန်ရေးကို တားဆီးရန်နှင့် ဖဆပလ လက်ျာဂိုဏ်းခေါင်းဆောင်တို့နှင့် စေ့စပ်ရေးလုပ်နိုင်ရန် ဖဆပလအထဲမှ ကွန်မြူနစ် ပါတီကို ထုတ်ပစ်စေခဲ့၏။ နယ်ချဲ့သမားပင်လျှင် ဖဆပလနှင့် ကွန်မြူနစ်ပါတီ ပြန်လည်ညီညွတ်ရေးကို တားဆီးနေ၏။ နု–အက်တလီစာချုပ်အားဖြင့် ဖဆပလ လက်ျာဂိုဏ်းသည် နယ်ချဲ့သမားအား အလျှော့ပေးလိုက်ပြန်ကြောင်း။ ဖဆပလ ကွန်မြူနစ်ညီညွတ်ရေးကို ပယ်ချလိုက်ခြင်းဖြင့် ထင်ရှား၏။ ဤအချက်ကို ဖုံးကွယ် ရန် ဖဆပလလက်ျာဂိုဏ်း ခေါင်းဆောင်တို့သည် မရေမရာသော အကြောင်းများ ပြနေခြင်းဖြစ်၏။

**အန္တရာယ်ကြီး ၂ ရပ်**

ယခုအခါ ငါတို့တိုင်းပြည်တွင် အန္တရာယ်ကြီး ၂ ရပ်သည် ဆိုက်ရောက် နေ၏။ တခုကား နယ်ချဲ့သမားသည် ဗမာပြည်အား အဆောင်အယောင်အားဖြင့်

ပြီးသော လွတ်လပ်ရေးကိုပေးပြီး စစ်ရေးအရရင်း၊ **စီးပွားရေးအရရင်း၊** ချယ်လှယ်ခြင်းအားဖြင့် သွယ်ဝိုက်၍ ထာဝရအုပ်စိုးမှု တည်မြဲစေရန် ကြိုးပမ်းနေ၏။

အခြားတခုကား ဖဆပလလက်ျာဂိုဏ်းခေါင်းဆောင်တို့သည် ဖဆပလ၏ တော်လှန်ရေးအစဉ်အလာတို့ကို စွန့်ပစ်ကာ နယ်ချဲ့သမားအား တခုပြီးတခု အရှုံးပေးနေ၏။ အမျိုးသားအင်အားစုများ ကွဲပြားရေးကို ဖန်တီးနေ၏။

ဤအန္တရာယ်ကြီး ၂ ရပ်ကို တိုက်ဖျက်ရန်ကား တိုင်းသူပြည်သားတိုင်း၏ တာဝန်ဖြစ်၏။ သို့အတွက် ပြည်သူလူထုသည် ဖဆပလ–ကွန်မြူနစ် ညီညွတ်ရေးကို ရရှိအောင် ဆထက်ထမ်းပိုး ကြိုးစားခြင်းဖြင့် တိုင်းပြည်တွင် ကျရောက်နေသော အန္တရာယ်ကို တားဆီးရန် ငါတို့ နှိုးဆော်လိုက်ပေသည်။

## ပြည်လုံးကျွတ်ညီလာခံ၊

ဖဆပလ ပြည်လုံးကျွတ်ညီလာခံသဘင်ကို နောက်လတွင် ကျင်းပမည်ဖြစ်ရာ မျိုးချစ်စိတ်ထက်သန်လျက်ရှိသော ဖဆပလ အခြေခံအဖွဲ့အစည်းများသည် ၎င်းပြည်လုံးကျွတ်ညီလာခံသဘင်တွင် ဖဆပလ–ကွန်မြူနစ် ညီညွတ်ရေးအရယူရန် လေးနက်စွာ တိုက်တွန်းအပ်ပါကြောင်း။

ငါတို့အဘို့ရာမူကား ဖဆပလမှ ထုတ်ပစ်သည့်အခါမှစ၍ ဖဆပလ၏ တော်လှန်ရေးအစဉ်အလာ၊ ညီညွတ်ရေးအစဉ်အလာကို ထိန်းသိမ်းခဲ့၏။ ၁၉၄၆ ခု၊ ဇန်နဝါရီလ ပြည်လုံးကျွတ်ညီလာခံသဘင်၏ ဆုံးဖြတ်ချက်အတိုင်း ဖြစ်အောင် လုံးပန်းနေ၏။ ရှေ့အဘို့တွင်လည်း သည်အတိုင်း ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း။

သို့အတွက်ကြောင့် ဖဆပလလက်ျာဂိုဏ်းခေါင်းဆောင်တို့က ဖဆပလ ကွန်မြူနစ်ညီညွတ်ရေးကို မည်ကဲ့သို့ တားဆီးစေကါမူ ဖျက်ဆီးစေကာမူ လူထုကြီး၏ အလိုကျဖြစ်သော ဖဆပလ–ကွန်မြူနစ်ညီညွတ်ရေးသည် အချိန်မကြာမီ မုချဖြစ်ရမည်ဟု ငါတို့ စွဲမြဲစွာ ယုံကြည်ပေသတည်း။

သန်းထွန်း၊ အထွေထွေ **အတွင်းရေးမှူး။**

(၁၈ – ၁၁ – ၄၇)။ ဗမာပြည်ကွန်**မြူနစ်**ပါတီ

၁၉၄၇ ခုနှစ်၊ နိုဝင်ဘာ ၂၁ ရက်နေ့၊ မြန်မာ့အလင်းသတင်းစာ

မူရင်းစာလုံးပေါင်းသတ်ပုံအတိုင်းဖော်ပြပါသည်။

☆☆☆

ယဉ်မျိုးစာအုပ်တိုက်





# နောက်ဆက်တွဲ (၆)

## စင်ပြိုင်အစိုးရ

၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာ ၉ ရက်

## ဗမာပြည် ကွန်မြူနစ်ပါတီ၏ ကျေညာချက်။

ဗမာပြည်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး သခင်သန်းထွန်းက (၉. ၁၂. ၄၇) နေ့စွဲဖြင့် ဗမာပြည်ကွန်မြူနစ်များ စင်ပြိုင်အစိုးရတည်ထောင်နေပြီဟူသော သတင်းနှင့် ပတ်သက်၍ ရှင်းလင်းကျေညာချက်တစောင် ထုတ်ပြန်လိုက်ရာတွင် လိုရင်းအချက်များကို ထည့်သွင်းဖေါ်ပြရပါမူ ဖဆပလနှင့် ကွန်မြူနစ်တို့ ညီညွတ်ရေးအတွက် စေ့စပ်သော စကားကမ်းလှမ်းချက် ပျက်သွားပြီဟူသော သတင်း ပေါ်ထွက်လာပြီးနောက် ဗမာပြည်အလယ်ပိုင်းခရိုင်သုံးခုတွင် ဗမာပြည် ကွန်မြူနစ်တို့သည် အာဏာသိမ်းပိုက်၍ စင်ပြိုင်အစိုးရ တည်ထောင်နေကြပြီဟူသော သတင်းသည် လူနောက်အရိပ်ပါသလို တခါတည်း ကပ်ပါလာခဲ့၏။ ဤသတင်းကား လုံး၀ မှား၏။ ရိုက်တာသတင်းက ခရိုင် ၃ ခုတွင် စင်ပြိုင်အစိုးရတည်ထောင်ပြီးပြီ ဆိုထား၏။ တောင်ငူ၊ ပျဉ်းမနား၊ ရမည်းသင်းဟု ခရိုင်နံမည်များ ပေးထား၏။ အံ့ဘွယ်ကောင်းစွတကား။ ဤမမှန်သော သတင်းကို ဘယ်လောက်ကား၍ ချဲ့ထားသည်ကို ရမည်းသင်းနှင့် ပျဉ်းမနားသည် ခရိုင်တခုအထဲတွင် ပါရှိနေပါလျက် ခရိုင်နှစ်ခုဟု စာရင်းပေးထား၏။ အခြေအမြစ်ကင်းမဲ့သည့် ဤကဲ့သို့သော သတင်းများ ဘယ်ကဲ့သို့ထွက်လာသည် မသိ။

### ထာ၀ရကွဲပြားစေရန်၊

တခုကား သေချာ၏။ ဖဆပလ–ကွန်မြူနစ် စေ့စပ်ရေးပျက်ပြားသည်ကို အချက်ယူကာ နယ်ချဲ့သမားနှင့် စီးပွားရှာသမားတို့သည် အမျိုးသားညီညွတ်ရေးတွင် ထာ၀ရကွဲပြားစေရန် ပြည်တွင်းစစ်အခြေအနေ ဖန်တီးရန် အစွမ်းကုန်ကြိုးပမ်းနေ၏။ လွန်ခဲ့သောနှစ်က ဖဆပလနှင့် ကွန်မြူနစ် ကွဲခါစတွင် ဒမြအာဏာရှင်စနစ်သည် ဗမာပြည်အလယ်ပိုင်း ဤခရိုင်များတွင် လွှမ်းမိုးနေသည်။ စတုရန်းမိုင်ဓါပင်း ၂၅၀၀၀ ကို ဒမြများ ကြီးစိုးနေသည်ဆို၍ စစ်ရေးဆင်ခါ လယ်သမားများ





အပေါ်တွင် ကျည်ဆံမိုး ရွာချခဲ့၏။ ဤအဖြစ်မျိုး ထပ်၍ ဖြစ်ရန် ကြံစည်၍ နေပေသည်။

ဗမာပြည်အလယ်ပိုင်းတွင် ဤနည်းနှင့် အသုံးပြုလိမ့်မည်ဟု ငါတို့ကြားရ၏။ ငါတို့ သိရသလောက် ဤနေရာများမှာ အေးအေးချမ်းချမ်းပင်ဖြစ်၏။

ဗမာပြည်လွတ်လပ်ရေးနှင့် ငြိမ်းချမ်းရေးသို့ ချီတက်ရာတွင် တားဆီးရန် နယ်ချဲ့သမားသူလျှိုများနှင့် သွေးခွဲရေးသမားတို့သည် အစွမ်းကုန် လုပ်နေကြသည်ဟု ငါတို့ယုံကြည်၏။

### ဇန်နဝါရီလ ၄ ရက်၊

ဇန်နဝါရီလ ၄ ရက်နေ့တွင် ဗမာပြည်သည် လွတ်လပ်သော သမတနိုင်ငံအဖြစ်ဖြင့် ကျေညာတော့မည်။ တိုင်းပြည်ကို ရှေ့ဆောင်သော ခေါင်းဆောင်ပုဂ္ဂိုလ်များသည် မိမိအလိုကျ ဆောင်ရွက်ရန် နယ်ချဲ့သမားသည် လိုလား၏။ ဤအခြေအနေမျိုး ရောက်စေရန် ပဌမအချက်ကား ဒီမိုကရေစီအင်အားစုများ ချေမှုန်းပစ်ရန်ဖြစ်၏။ ဗမာပြည် ကွန်မြူနစ်များ အာဏာသိမ်းနေပြီ။ စင်ပြိုင်အစိုးရတည်ထောင်နေပြီဟု သတင်းလွှင့်ခြင်းကား လူထုအင်အားကို ချေမှုန်းရန် နယ်ချဲ့သမားနှင့် သူလျှိုများ၏ ပက်စက်သော အကြံသာ ဖြစ်ပေသည်။

ဗမာပြည်ယာယီအစိုးရနှင့် ပတ်သက်၍ ငါတို့သဘောထားကို **ပြောအံ့။** ဗမာပြည်၏ လွတ်လပ်ရေးသည် နှစ်ပေါင်းများစွာ တိုက်ခြင်းအား**ဖြင့်သာ ဖြစ်ပေါ်**ခဲ့၏။ အဆောင်အယောင်အားဖြင့် ပြီးသော ဗမာပြည်၏ **လွတ်လပ်ရေးကို** အကောင်အထည်ဖြစ်အောင် လုပ်ရာတွင် ငါတို့ဗမာပြည် **ယာယီအစိုး**ရအား ထောက်ခံမည်။

နု–အက်တလီစာချုပ်အရ ဖြစ်ပေါ်လာသော ဗမာသမ**တနိုင်ငံ**အား စစ်ရေးအရှုင်း၊ စီးပွါးရေးအရှုင်း၊ အထပ်ထပ် ရစ်ပတ်ထားသော **နှောင်ကြိုး**များကို ဖြတ်တောက်ရာ၌ ဗမာပြည်သမတအစိုးရကို ငါတို့သည် အင်တို**က်အားတိုက်** ထောက်ခံမည်ဖြစ်ကြောင်းနှင့် ဖော်ပြပါရှိလေသည်။

၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာ ၁၄ ရက်၊ မြန်မာ့**အလင်းသတင်းစာမှ**

မူရင်းစာလုံးပေါင်းသတ်ပုံအတိုင်းဖော်ပြပါသည်။

☆☆☆



## နောက်ဆက်တွဲ (၇)

## ကွန်မြူနစ်တွင် လက်နက်မရှိ

**သက်သေအခိုင်အလုံရှိခဲ့လျှင် လူထုရှေ့တွင် တင်ပြလော့။**

**အစိုးရသည် တရားဥပဒေအရ အရေးယူနိုင်၏**

၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာလ၊ ၁၂ ရက်





### ဗမာပြည်ကွန်မြူနစ်ပါတီ ထုတ်ပြန်ကြေညာချက်။

ကွန်မြူနစ်များသည် လက်နက်များ မအပ်ဟူ၍ စွပ်စွဲပြီးသကာလ ဗမာပြည်သမတနိုင်ငံ၏ အစိုးရကို နောင်အခါတွင် ပုန်ကန်ထကြွရန်အတွက် လက်နက်များ ဝှက်ထားသလိုလို ဝါဒဖြန့်ဖြူးခြင်းအားဖြင့် ဗမာပြည်တွင် ကွန်မြူနစ်ဆန့်ကျင်ရေးစစ်ကို စတင်လျက် ရှိနေပေပြီ။

ဤကဲ့သို့ ဝါဒဖြန့်ဖြူးခြင်းသည် ယုတ်မာစွာ ကြံစည်ထားသလောက် ရှေ့နောက်ညီခြင်းလည်း မရှိပေ။

နယ်ချဲ့သမားအား မသွေမဖီသော လမ်းစဉ်ဖြင့် တိုက်ခိုက်လာစေရန်အတွက် အမျိုးသားခေါင်းဆောင်တို့အား သိမ်းသွင်းရန် အစွမ်းကုန်ကြိုးစားလျက် ရှိရုံမက အခြေခံမူများနှင့်ပတ်သက်၍ မိမိကိုယ်တိုင်လည်း အလျှော့ပေးခြင်း မရှိသော ဗမာပြည်ကွန်မြူနစ်ပါတီက ကိုယ်စားပြုနေသည့် ဗမာပြည်ရှိ ဒီမိုကရေစီအင်အားစုများကို ချေမှုန်းပစ်ရန်ဟူသော နယ်ချဲ့သမားစီမံကိန်း၏ အစိတ်အပိုင်း တရပ်ဖြစ်သော ဝါဒဖြန့်စစ်ပွဲဆင်ခြင်းသာဖြစ်၏။

**ပြည်တွင်းစစ်အခြေအနေ။**

နယ်ချဲ့သမားသည် အဆောင်အယောင်အားဖြင့် ပြီးသော လွတ်လပ်ရေးကို ပေး၍ ဗမာပြည်မှ တိုက်ရိုက်အုပ်စိုးမှုကို စွန့်လွှတ်ခြင်းဖြင့် ခြေလှမ်းဆုတ်ပေးသည်ကား မှန်၏။ သို့ရာတွင် စစ်ရေးအရရင်း၊ စီးပွားရေးအရရင်း၊ နှောင်ကြိုးများကို တင်းကြပ်စေခြင်းအားဖြင့် တိုက်ရိုက်ချယ်လှယ်မှုကို ဂမူးရှူးထိုး ကြိုးစားနေပေသည်။ သို့အတွက်ကြောင့် အလျှော့ပေး စေ့စပ်နေသော အမျိုးသားခေါင်းဆောင်တို့ကို နယ်ချဲ့သမားသည် မိမိတို့ဘက်သို့ ပါအောင်ကြိုးစားကာ ပြည်တွင်းစစ်ဒ‌ေခြအနေများကို ဖန်တီးလျက် နေပေ၏။

၁၉၄၅ ခုနှစ်တွင် ဂျပန်တော်လှန်ရေးအပြီး ဂျပန်တို့ လက်နက်ချပြီးသည့်

နောက် ကွန်မြူနစ်များကပင် ဦးဦးဖျားဖျား လက်နက်အပ်ခဲ့ကြ၏။ လွန်ခဲ့သော ၂ နှစ်အတွင်းနှင့် မကြာသေးမီက အချိန်အထိ ကွန်မြူနစ်များသည် လက်နက်အပ်သဖြင့် သစ္စာဖောက်များဖြစ်သည်ဟု မျိုးချစ်လုပ်ငန်း၏ အချို့သော အစိတ်အပိုင်းတို့က စွပ်စွဲခဲ့ကြ၏။ ယခုတဖန် ကွန်မြူနစ်များသည် လက်နက်မအပ်ဟု ရှေ့နောက်မညီသော စွပ်စွဲချက်သည် ဖြစ်ပေါ်နေပေ၏။

အမှန်စင်စစ်အားဖြင့် ကွန်မြူနစ်ပါတီတွင် မရှိသော လက်နက်များကို အပ်စရာလည်း မလို။ ဝှက်စရာလည်း မလို။

ဤကိစ္စနှင့်ပတ်သက်၍ ငါတို့၏ အခြေခံသဘောတရားများကို ဖော်ပြလိုပေသည်။

## နယ်ချဲ့စံနစ်။

(၁) နယ်ချဲ့စံနစ်သည် အလိုအလျောက်အားဖြင့် ခန္ဓာကြွေလိမ့်မည် မဟုတ်။ တက်ကြွလျက်ရှိသော လူထုအင်အားများကို နယ်ချဲ့သမားသည် ချေမှုန်းပစ်ရန် အမျိုးမျိုးအဖုံဖုံ ကြိုးစားလျက် ရှိ၏။ အမျိုးသားလုပ်ငန်းကြီးတရပ်၏ အဓိက တာဝန်သည်ကား တိုက်ပွဲအားဖြင့် ရရှိခဲ့သော အကျိုးအမြတ်၏ ရခဲ့သမျှကို ခုခံကာကွယ်ရန်၊ နယ်ချဲ့သမား၏ တိုက်ခိုက်မှုများကို ခုခံတွန်းလှန်ရန် အချို့သော အဆင့်များတွင် လက်နက်နှင့် ခုခံတိုက်ရန် ဖြစ်သည်။

(၂) အမျိုးသားညီညွတ်ရေးတပ်ပေါင်းစု တည်ဆောက်ရခြင်းမှာ နယ်ချဲ့သမားအပေါ်ဝယ် အောင်ပွဲဆင်ခြင်း၏ မရှိမဖြစ်သော အခြေခံအကြောင်းရင်းဖြစ်၏။ သို့အတွက်ကြောင့် ကွန်မြူနစ်ပါတီ၏ သေနင်္ဗျူဟာ၏ အကြောင်းရင်း ရည်ရွယ်ချက်သည် ဖဆပလ–ကွန်မြူနစ်ညီညွတ်ရေး ပြန်လည်တည်ဆောက် ဆောက်မှုပင်ဖြစ်၏။

## လက်ျာဝါဒ မှိုင်းမိလျက်ရှိသည်။

(၃) ဖဆပလ–ကွန်မြူနစ် ညီညွတ်ရေးမရရှိမီ အမျိုးသားလုပ်ငန်းတွင် လက်ျာဝါဒမှိုင်းမိလျက်ရှိစဉ် ယခုအခိုက်အတန့်၌ ဟိုတပြောက်ဒီတပြောက်နှင့် လက်နက်ကိုင်ထကြွမှုသည် ပြည်တွင်းစစ်ကိုသာ ရှေ့ရှုလိမ့်မည်။ နယ်ချဲ့သမား၏ အကျိုးကိုသာ ဆောင်ရွက်ခြင်းဖြစ်ပေ၏။

(၄) နှ–အက်တလီစာချုပ်အရ ပေါ်ပေါက်လာသော စစ်ရေးအရှုပ်အရှင်း၊ စီးပွားရေးအရှုပ်အရှင်း၊ နှောင်ကြိုးများကို ဖြတ်တောက်ရန်နှင့် ၁၉၄၆ ခု ဇန်နဝါရီလတွင်





ကျင်းပခဲ့သော ဖဆပလညီလာခံ၏ လုပ်ငန်းစဉ်ကို ဖြစ်မြောက်ရန်အတွက် ဗမာသမတနိုင်ငံ၏ ယာယီအစိုးရသည် အမျိုးသားညီညွတ်ရေးတပ်ပေါင်းစု သေနင်္ဗျူဟာ၏ လက်နက်ဖြစ်သည်ဟု ငါတို့ယူဆ၏။

(၅) ကွန်မြူနစ်ပါတီသည် လက်နက်များ ဝှက်ထားရန် မလိုပေ။ အကြောင်းမှုကား လက်နက်ကိုင်တပ်များ လက်ထဲတွင်ရှိသော လက်နက်များပါ လူထု၏ လက်ထဲတွင် ရှိသမျှသော လက်နက်တို့သည် အရေးအကြောင်းပေါ်သည့်အခါ ဆိုလိုရင်ကား နယ်ချဲ့သမားအား နောက်ဆုံးတိုက်ပွဲဆင်နွှဲသည့်အခါ အမျိုးသားဒီမိုကရေစီတော်လှန်ရေး၏ ရည်ရွယ်ချက်များကို ဖြစ်မြောက်အောင်မြင်ရေးအတွက် အစွမ်းကုန်အသုံးချနိုင်သည်ဟု ငါတို့ယုံကြည်ပေသည်။

## ဂျပန်တော်လှန်ရေးအတွင်းက။

ဂျပန်တော်လှန်ရေးအတွင်းက ငါတို့အတွေ့အကြုံများကလည်း ဤအတိုင်းပင် လမ်းပြနေပေ၏။

သို့အတွက်ကြောင့် ကွန်မြူနစ်တို့သည် လက်နက်အပ်ဟူသော ဝါဒဖြန့်ဖြူးခြင်းသည် အထက်က ပြခဲ့သည့်အတိုင်း ရှေ့နောက်မညီခြင်းရှိသကဲ့သို့ တမင်ယုတ်မာစွာ လုပ်ကြံ၍ ဝါဒဖြန့်ခြင်းသာဖြစ်၏။

အကယ်၍ ကွန်မြူနစ်ပါတီ ခေါင်းဆောင်များ၏ လက်နက်များ ဝှက်ထားရမည်ဟု ညွှန်ကြားချက်များ ထုတ်ထားသည်ဟူ၍၎င်း၊ ကွန်မြူနစ်ပါတီဝင်တို့အား လက်နက်ဝှက်ထားသည်ဟူ၍၎င်း။ သက်သေခံ အခိုင်အလုံရှိခဲ့လျှင် လူထုရှေ့အား တင်ပြလော့။ အစိုးရသည် တရားဥပဒေအရ အရေးယူနိုင်၏။

သို့အတွက်ကြောင့် နယ်ချဲ့သမားကိုသာ အကျိုးရှိစေသော ဤယုတ်မာညစ်ညမ်းသည့် ဝါဒဖြန့်မှုတို့ကို ဆက်လက်၍မလုပ်ကြပါရန် သက်ဆိုင်ရာတို့အား လေးနက်စွာ မေတ္တာရပ်ခံပါကြောင်း။

သန်းထွန်း၊ အထွေထွေအတွင်းရေးမှူး။
ဗမာပြည်ကွန်မြူနစ်ပါတီ။
၁၂.၁၂.၄၇

၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာ ၁၇ ရက်နေ့၊ မြန်မာ့အလင်းသတင်းစာမှ
မူရင်းစာလုံးပေါင်းသတ်ပုံအတိုင်းဖော်ပြပါသည်။

☆☆☆



နောက်ဆက်တွဲ (၈)

လွတ်လပ်ရေးနေ့

ဗမာပြည်ကွန်မြူနစ်ပါတီ ပါဝင်မည်။

၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာ ၂၇ ရက်





၁၉၄၈ ခု ဇန်နဝါရီလ ၄ ရက်နေ့တွင် ဗမာပြည်သည် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုသမတနိုင်ငံအဖြစ် ကျေညာခြင်းသည် နှစ်ပေါင်း ၁၂၀ ကျော် အဆက်အပြတ် အလျှော့မပေး တိုက်ခဲ့ကြသော ဗမာ့လွတ်လပ်ရေးလုပ်ငန်းကြီးတရပ်လုံး၏ အောင်ပွဲကြီးတရပ်ဟု ဗမာပြည်ကွန်မြူနစ်ပါတီက ယုံကြည်ပေသည်။

လွတ်လပ်ရေးကျေညာသည့်နေ့တွင် ဗမာပြည်ကွန်မြူနစ်ပါတီသည် ပြည်သူပြည်သားတို့၏ အစိတ်အပိုင်းတရပ်အဖြစ်ဖြင့် လွတ်လပ်ရေးအထိမ်းအမှတ်ပွဲများတွင် ပါဝင်မည်ဖြစ်ပါကြောင်း။

လွတ်လပ်ရေးကျေညာသည့်နေ့ရက်တွင် ပျော်ရွှင်ပွဲတို့ဖြင့်သာ အထိမ်းအမှတ်ပွဲကျင်းပသည်ထက် နိုင်ငံရေးအုံကြွမှုကြီးတရပ် ဖြစ်လာအောင်လုပ်ရန် ဗမာပြည်ကွန်မြူနစ်ပါတီက ဗမာပြည်ယာယီအစိုးရဝန်ကြီးချုပ် သခင်နုအား ပျဉ်းမနားနှင့် တောင်ငူဘက်သို့ အတူတကွ ခရီးထွက်စဉ် အကြံပေးဘူးပါကြောင်း။

လွတ်လပ်ရေးအောင်ပွဲကော်မတီဖွဲ့သည့်အခါ ဗမာပြည်ကွန်မြူနစ်ပါတီနှင့် တိုင်ပင်၍ ဖွဲ့စည်းပါမည်ဟု ဝန်ကြီးချုပ်သခင်နုက ပြန်ပြောခဲ့ပေသည်။

သခင်နုတို့ ရန်ကုန်မရှိသည့်အချိန်အတွင်း လွတ်လပ်ရေးအောင်ပွဲကော်မီတီတခုကို ဖ-ဆ-ပ-လ အဖွဲ့ချုပ်က ဖွဲ့သည်ဟု သတင်းစာများတွင် တွေ့ရှိရပါသည်။

၎င်းလွတ်လပ်ရေးအောင်ပွဲကော်မီတီတွင် ဗမာပြည်ကွန်မြူနစ်ပါတီကိုယ်စားလှယ်များကို ထည့်သွင်းရန် ၁၀-၁၂-၄၇ နေ့စွဲနှင့်၎င်း၊ ၁၈-၁၂-၄၇ နေ့စွဲနှင့်၎င်း။ ဖ-ဆ-ပ-လ အဖွဲ့ချုပ်သို့ ဗမာပြည်ကွန်မြူနစ်ပါတီက စာရေးတိုက်တွန်းခဲ့ပါသည်။

၎င်းစာမိတ္တူများကို ဝန်ကြီးချုပ်သခင်နု၊ ဒုတိယဝန်ကြီးချုပ် ဗိုလ်လက်ျာ

တို့ထံ ပေးပို့ခဲ့ပါသည်။

အမှန်စင်စစ်အားဖြင့် လွတ်လပ်ရေးအခမ်းအနားများ ကျင်းပခြင်းသည် တပါတီကိစ္စမဟုတ်ဘဲ တမျိုးသားလုံးကိစ္စ၊ အဖွဲ့ပေါင်းစုံကိစ္စဖြစ်ပါသည်။

ယခုမူကား ကွန်မြူနစ်ပါတီနှင့် တိုင်ပင်ဆောင်ရွက်ရန် သဘောတူထားပြီး ပါလျက် မထည့်သွင်းခြင်းကို ငါတို့ နားမလည်နိုင်ပေ။ အရုပ်လည်း ဆိုးပေသည်။ ဝမ်းနည်းစရာလည်း ကောင်းပေသည်။

ကွန်မြူနစ်ပါတီကပင် လွတ်လပ်ရေးကို ဆန့်ကျင်သယောင်ယောင်။ လူထုက တမျိုးတမည်အထင်ရှိစေရန် ဖဆပလလက်ျာဂိုဏ်းခေါင်းဆောင်များက ကြိုးစားနေကြောင်း ထင်ရှားပေသည်။

သို့ဖြစ်စေကာမူ ဗမာပြည်ကွန်မြူနစ်ပါတီသည် လွတ်လပ်ရေးတိုက်ပွဲတွင် ရှေ့တန်းမှ တိုက်ခိုက်လာသည့် ပါတီတခုဖြစ်သည့်အတိုင်း ဗမာတပြည်လုံး၏ လွတ်လပ်ရေးအထိမ်းအမှတ်ပွဲများ ကျင်းပရာတွင် ပါဝင်မည်ဖြစ်၏။

ရင်းပြင် စာရွက်စာတမ်း ဝေငှခြင်း၊ လူထုအစည်းအဝေးပွဲများ ကျင်းပ၍ သမတနိုင်ငံသူနိုင်ငံသားများ၏ တာဝန်ကို ကွန်မြူနစ်ပါတီက ရှင်းပြခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သန်းထွန်း။
အထွေထွေအတွင်းရေးမှူး
၂၇ - ၁၂ - ၄၇။

၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက်နေ့၊ မြန်မာ့အလင်းသတင်းစာမှ

မူရင်းစာလုံးပေါင်းသတ်ပုံအတိုင်းဖော်ပြပါသည်။

☆☆☆







## နောက်ဆက်တွဲ (၉)

တရုပ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်၏
၂၄ နှစ်မြောက်နေ့တွင်
တပ်ပေါင်းစုဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌထံမှ ပေးပို့သော
နှုတ်ခွန်းဆက်သဝဏ်လွှာ
၁၉၅၁ ခုနှစ် ဩဂုတ်လ ၁ ရက်

ကမ္ဘာ့ရာဇဝင်တွင် ထူးခြားအံ့မခမ်းဖြစ်သော တရုပ်ပြည်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်ကြီးအား ဤ ၂၄ နှစ်မြောက်နေ့တွင် လှိုက်လှဲဝမ်းမြောက်စွာဖြင့် ကျွန်ုပ်၏ နှုတ်ခွန်းဆက်သဝဏ်လွှာကို ပေးပို့အပ်ပါသည်။

တရုပ်ပြည်သူလူထု၏ လွတ်မြောက်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ခေါင်းဆောင်ကြီးမော်စီတုံးနှင့် ချူတေးတို့၏ ရှေ့ဆောင်မှုအောက်တွင် ၁၉၂၇ ခုနှစ် ဩဂုတ်လ (၁) ရက်နေ့မှစ၍ ဖွဲ့စည်းတည်ထောင်လိုက်သော တရုပ်ပြည် လွတ်မြောက်ရေးတပ်မတော်ကြီးသည် တရုပ်ပြည်ကြီးကိုသာမက ကမ္ဘာကြီးတခုလုံးကိုပါ ရာဇဝင်အခဏ်းသစ် ဖွင့်လိုက်ခြင်းဖြစ်ပါသည်။

ဖက်ဆစ်ဂျပန်တို့၏ ကျူးကျော်စော်ကားမှုကို ရဲဝန့်စွာ ခုခံတိုက်ခိုက်ခြင်းဖြင့် တရုပ်ပြည်သူများ၏ ယုံကြည်ထောက်ခံမှုကို ရရှိလာသော လွတ်မြောက်ရေးတပ်မတော်ကြီး၏ စွမ်းအားသည် အမေရိကန်နယ်ချဲ့သမား၏ အကောင်းဆုံးလက်နက်မျိုးစုံဖြင့် တပ်ဆင်ထားသော (၄) သန်းကျော်ရှိသည့် ချိန်ကေရှိတ်တပ်များကို ဘုံးဘုံးကျဆုံးစေပြီး အောင်ပွဲကို ဆွတ်ခူးခဲ့သည်မှာ အထင်အရှားဖြစ်သည်။

တရုပ်ပြည်လွတ်မြောက်ရေး စစ်ပွဲရာဇဝင်တလျှောက်တွင် အခက်အခဲပေါင်းမြောက်များစွာ ကျော်လွှန်ပြီး အောင်ပွဲရနေသော လွတ်မြောက်ရေးတပ်မတော်သည် တရုပ်ပြည်သူများနှင့်တကွ ကမ္ဘာ့ဒီမိုကရေစီအင်အားစုများ၏ ယုံကြည်ကိုးစားမှုကို လုံးဝ ရရှိနေသည်သာမက ဆိုဗီယက်ယူနီယံတပ်နီတော်ကြီးနှင့် ယှဉ်တွဲ၍ ကမ္ဘာ့ငြိမ်းချမ်းရေး၏ ခံတပ်ကြီးဖြစ်လျက် ရှိနေပေပြီ။

တရုပ်ပြည်အောင်ပွဲသည် ကိုလိုနီနှင့် ကိုလိုနီတပိုင်းနိုင်ငံများ၏ လွတ်မြောက်ရေးအတွက် ရှေ့ဆောင်လမ်းပြဖြစ်သည့်အပြင် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ဆိုရှယ်လစ်စနစ်၏ အောင်ပွဲလည်း မည်ပေသည်။

ကမ္ဘာကြီးအား လက်ဝါးကြီးအုပ်ရန် အမေရိကန်နယ်ချဲ့သမား အကြံအစီမှာ ကမ္ဘာစစ်အသစ်တခုဖြစ်စေပြီး အမြတ်ထုတ်ရန်ပင်ဖြစ်သည်။ တရုပ်ပြည်အား





ပြန်လည်သိမ်းပိုက်ရန်နှင့် ဆိုဗီယက်ယူနီယန်အား ကျူးကျော်တိုက်ခိုက်ရန်ဖြစ်၏။

တရုပ်အမျိုးသားသစ္စာဖေါက် ချန်ကေရှိတ်အစိုးရအား ပြန်လည်အသက်သွင်း၍ တရုပ်ပြည်သူ့သမ္မတနိုင်ငံတော်ကြီးအား ကျူးကျော်တိုက်ခိုက်ရန်၊ အမျိုးမျိုးသော ယုတ်မာမှုများကို အစွမ်းကုန် လုပ်လျက်ရှိ၏။

ကိုရီးယားပြည်တွင်းရေးကိစ္စများတွင်၎င်း၊ ဂျပန်စစ်ပြေငြိမ်းရေးကိစ္စများတွင်၎င်း ပို့စဒမ်စာချုပ်ကို ဖေါက်ဖျက်လျက် ကျူးကျော်စော်ကားနေပေသည်။ ကိုရီးယားပြည်သူများ၏ အသက်စီးစိမ် အိုးအိမ်မြေခံများစွာကို သေကျေပျက်စီးအောင် ကျူးလွန်ခဲ့သူမှာ အမေရိကံနယ်ချဲ့သမ္မါးသာဖြစ်သည်။

ကိုရီးယားပြဿနာသည် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် သော့ချက်ပြဿနာဖြစ်လျက်ရှိပေပြီ။ အမေရိကန်နယ်ချဲ့သမားအါး မြေမြုတ်သင်္ဂြိုဟ်ရန် ကိုရီးယားပြည်သူများနှင့် တရုပ်ပြည်သူများသည် ရင်ဘောင်တန်း ချီတက်တိုက်ခိုက်နေကြပြီ။

အမေရိကန်နယ်ချဲ့သမားခေါင်းဆောင်သည့် အရင်းရှင်နယ်ချဲ့နိုင်ငံများသည် ကုလသမဂ္ဂကို အလွဲသုံးစားပြုလျက် ကိုရီးယားပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ပြီး မြောက်ပိုင်းပြည်သူ့ဒီမိုကရေစီအစိုးရနှင့် ကိုရီးယားပြည်သူများ၏ တရားမှန်ကန်သော ညီညွတ်သော ကိုရီးယားပြည်သူ့ဒီမိုကရေစီ သမတနိုင်ငံ ထူထောင်ရေးလုပ်ငန်းကို မီးကုန်ယမ်းကုန် တိုက်ခိုက်ဖျက်ဆီးလျက် ရှိပေသည်။

ကိုရီးယားနှင့် တရုပ်ပြည်သူများ၏ လုံးဝထောက်ခံမှုဖြင့် ကိုရီးယားပြည်သူ့တပ်မတော်နှင့် တရုပ်ဘော်လံတီယာတပ်မတော်တို့သည် အမေရိကန်နယ်ချဲ့သမား၏ ကျူးကျော်စော်ကားမှုကို ရဲရင့်ကြံ့ခိုင်စွာ ခုခံတိုက်ခိုက်လျှက် အောင်ပွဲများ တပွဲပြီးတပွဲ ဆက်တိုက်ရရှိနေပေ၏။

ဘရုပ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၏ (၂၄) နှစ်မြောက် ရာဇဝင်တလျှောက်တွင် ထက်မျက်သော စစ်စွမ်းရည်နှင့် အစဉ်အလာဩဇာတို့သည် ကိုရီးယားနှင့် တရုပ်ပြည်သူများအား အတိုင်းမရှိ အားတက်စေပြီး အမေရိကန်နယ်ချဲ့သမား၏ ကျူးကျော်စော်ကားမှုကို အောင်မြင်၍ တွန်းလှန်နိုင်ခဲ့ပေပြီ။

ကိုရီးယားစစ်ပွဲ၌ အမေရိကန်နယ်ချဲ့သမား၏ ဆုံးရှုံးမှုမှာ ဒုတိယကမ္ဘာစစ်ကြီးအတွင်းကထက် မြောက်များစွာ ဆုံးရှုံးနေလေပြီ။ တနှစ်အတွင်း အမေရိကန်အပါအဝင် ရန်သူတပ်သားပေါင်း (၇၅၀၀၀၀) ကျော် ကျဆုံးခဲ့ပြီဖြစ်ကြောင်း သိရပေသည်။

ယနေ့ အခြေအနေတွင် ကိုရီးယားပြဿနာ ငြိမ်းချမ်းစွာ ဖြေရှင်းရေးစကား ကမ်းလှမ်းချက်ကို အမေရိကန်နယ်ချဲ့သမားသည် လက်မခံလျှင် မဖြစ်တော့ချေ။

ကိုရီးယားစစ်ပွဲ၏ တနှစ်အတွင်း ထူးကဲလှသော ကိုရီးယားပြည်သူ့တပ်မတော်နှင့် တရုပ်ဘော်လံတီယာတပ်မတော်တို့ အောင်မြင်ချက်များသည် တရုပ်ပြည်လွတ်မြောက်ရေး တပ်မတော်အမွေအနှစ်များဖြစ်ကြောင်း ထင်ရှားလှသည့်အပြင် ကမ္ဘာသူကမ္ဘာသားတို့အား ငြိမ်းချမ်းရေးအလင်းရောင်ကို ထွန်းပြောင်စွာပေးလျှက် ရှိပေပြီ။

တရုပ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်၏ ရာဇဝင်အတွေ့အကြုံများသည် ကိုလိုနီတပိုင်းနိုင်ငံများ၏ လွတ်မြောက်ရေးနှင့် ငြိမ်းချမ်းရေးအတွက် မာ့က်စ်ဝါဒ စစ်ရေးဝိဇ္ဇာပညာအဆီအနှစ်များကို ဖေါ်ထုတ်လိုက်ခြင်းဖြစ်ပေသည်။

ယခု ကျွန်ုပ်တို့ဆင်နွဲလျှက်ရှိသော ဗမာပြည်၊ ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေးသည် တရုပ်ပြည်လွတ်မြောက်ရေးတပ်မတော်၏ ရာဇဝင်သင်ကြားချက်များဖြင့် (၃) နှစ်ကျော် တော်လှန်ရေးကာလအတွင်း ထူးခြားစွာ အောင်မြင်လျှက်ရှိနေသည့်အပြင် တခုတည်းသော စစ်ဦးစီးမှုဖြင့် တည်ဆောက်ထားသော ပြည်သူများ၏ လက်နက်ကိုင်ပြည်သူ့တပ်မတော်ကြီးသည် အမေရိကန်နယ်ချဲ့သွား၏ လက်ပါးစေ သခင်နုအစိုးရအား အပြင်းအထန် တုံ့ပြန်တိုက်ခိုက်လျှက်ရှိပါ၏။

ဗမာပြည်အား အမေရိကန်နယ်ချဲ့သမား၏ စစ်စခန်းအဖြစ် အသုံးပြုရန်နှင့် ကိုရီးယားပြည်သူများနည်းတူ ပြည်သူများအား သေကြေပျက်စီးစေရန် ကြံစီအားထုတ်နေသော သခင်နုအစိုးရအား အပြုတ်တိုက်ခြင်းဖြင့် ကိုရီးယား တရုပ်ပြည်သူများနှင့် ကမ္ဘာသူကမ္ဘာသားတို့၏ ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေး အတွက် တရုပ်ပြည်လွတ်မြောက်ရေးတပ်မတော်ကြီးအား ဂုဏ်ပြုမည်ဖြစ်ကြောင်း နှုတ်ခွန်းဆက်သဝဏ်လွှာ ပါးလိုက်ရပေသည်။

"အမေရိကန်နယ်ချဲ့သမား – ကျဆုံးပါစေ"
"ကမ္ဘာ့ငြိမ်းချမ်းရေး – တည်မြဲပါစေ"
"တရုပ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ကြီး ကြီးထွားခိုင်မြဲပါစေ"

လေးစားစွာဖြင့် . . . . . (ပုံ) သန်းထွန်း
ဥက္ကဋ္ဌ၊ ဗဟိုစည်းရုံးရေးကော်မတီ

မူရင်းစာလုံးပေါင်းသတ်ပုံအတိုင်းဖော်ပြပါသည်။

☆☆☆







## နောက်ဆက်တွဲ (၁၀)
## လူမျိုးစုပြဿနာနှင့် ပတ်သက်သော ဥက္ကဋ္ဌသခင်သန်းထွန်း၏ သဘောထား

(မှတ်စု - ၂ - ၂ - ၆၅)

## ၁။ ၆၄ လမ်းစဉ်ရဲ့အဓိကဖေါ်ထုတ်ချက်

(၁) ၆၄ လမ်းစဉ်က လူမျိုးစုများအခန်းကို ရှေ့တန်းတင်လိုက်ခြင်း ဖြစ်တယ်။

ဗမာပြည်မှာ ပြည်သူတွေဟာ အုပ်စိုးတဲ့ အရင်းရှင်လူတန်းစားအစိုးရကို လက်နက်ကိုင်တိုက်ခိုက်နေကြတယ်။ တိုင်းရင်းသားလူမျိုးစုတွေကလည်း အုပ်စိုးသူကို လက်နက်ကိုင်တိုက်ခိုက်နေကြတယ်။

(၂) ဗမာပြည်ရဲ့ အဓိကပဋိပက္ခဟာ ပြည်သူက တစ်ဘက်၊ အုပ်စိုးတဲ့အရင်းရှင်က တစ်ဘက် တိုက်ခိုက်နေကြခြင်းဖြစ်တယ်။ ပြည်သူတွေထဲမှာ တိုင်းရင်းသားလူမျိုးစုတွေ ပါဝင်နေကြတယ်။

(၃) တော်လှန်ရေးရဲ့ ရှေ့လုပ်ငန်းဟာ တပ်ပေါင်းစုတည်ဆောက်ရေး၊ တပ်ပေါင်းစုတည်ဆောက်ရေး၊ တပ်ပေါင်းစုနဲ့သာ အောင်ရမှာ ဖြစ်တယ်။ ဒီမှာ ပါတီဟာ လူမျိုးစုတွေနဲ့ မဟာမိတ်ဖွဲ့ရေးကို ဖေါ်ထုတ်တယ်။

နည်းပရိယာယ်သဘောမှာ ပါတီက လူမျိုးစုတွေနဲ့ ဘယ်လို မဟာမိတ်ဖွဲ့ရမလဲ။ မဒညတဟာ ပါတီနဲ့ လူမျိုးစုတွေ မဟာမိတ်ဖွဲ့မှုပဲ ဖြစ်တယ်။ လူတန်းစားအရ ဖွဲ့စည်းတာ မဟုတ်ဘူး။ လူမျိုးစုများနဲ့ ညီညွတ်ရေးမှာ ကရင်နဲ့ ညီညွတ်ရေးကို အလေးထားတယ်။ ဒါကို ပိုမိုခိုင်မာအောင် လုပ်ရမယ်။ တိုးချဲ့ပြီး ရှမ်း၊ ကချင် လူမျိုးစုတွေနဲ့ပါ ညီညွတ်ရေးလုပ်ရမယ်။ ၆၄ လမ်းစဉ်ထဲမှာ လူမျိုးစုစည်းရုံးရေးနဲ့ ပတ်သက်လို့ နည်းပရိယာယ်ကြွယ်ကြွယ် ဖေါ်ပြထားတာက ဗိုလ်နေဝင်းကို အဓိကတိုက်ဖို့ဖြစ်ပြီး ပဒေသရာဇ်ဆန့်ကျင်ရေးကို ရှေ့တန်းမတင်ခြင်း ဖြစ်တယ်။

## ၂။ ပါတီရဲ့လူမျိုးစုစည်းရုံးရေးနဲ့ ပတ်သက်တဲ့ ရာဇဝင်ဖြစ်ပေါ်ပုံ





၁၉၄၂ ခုနှစ် BIA တုံးက ဗမာပြည်မှာ အထူးသဖြင့် တောင်ငူဘက်မှာ ကုလားလူမျိုးတွေ ဖိနှိပ်နှိပ်စက်ခံရတဲ့အခါမှာ ပါတီဟာ ကုလားအမျိုးသားတွေဘက်က ကာကွယ်ခဲ့တယ်။ ဂျပန်နဲ့ BIA ခေါင်းဆောင်တစ်ချို့က ကရင်လူမျိုးစုများကို နှိပ်စက်ခဲ့စဉ်က ပါတီဟာ လူမျိုးရေးအဓိကရုန်းဖန်တီးရေးလုပ်တဲ့ ဂျပန်နဲ့ BIA ခေါင်းဆောင်များကို ဆန့်ကျင်ခဲ့တယ်။ ကရင်လူမျိုးတွေဘက်က ခုခံကာကွယ်ခဲ့တယ်။ ကရင်ခေါင်းဆောင်တွေကို ကာကွယ်ပေးခဲ့တယ်။ အကူအညီပေးခဲ့တယ်။ ပါတီရဲ့ စည်းရုံးမှုကြောင့် ဖဆပလမှာ ကရင်လူမျိုးစုတွေ ပါဝင်ခဲ့တယ်။

၁၉၄၄ ခုနှစ်မှာ ပါတီက လူမျိုးစုနဲ့ ပတ်သက်ပြီး တန်းတူစည်းလုံးညီညွတ်ရေး၊ ခွဲထွက်လိုက ခွဲထွက်နိုင်ရေးတို့ကို ဖေါ်ထုတ်ခဲ့တယ်။

၁၉၄၅ ခုနှစ် ဖဆပလစည်းမျဉ်းထဲမှာ တန်းတူရေးနှင့် ခွဲထွက်ရေးပါတာဟာ ပါတီက ဦးဘဖေတို့နဲ့ အကြိတ်အနယ်တိုက်ပြီး ရထားတဲ့ရလဒ်ပဲ။ အဲဒီတုန်းက ဗဆွေ၊ ကျော်ငြိမ်းတို့ဟာ ဦးဘဖေတို့ဘက်က ရပ်တည်ခဲ့တယ်။

၄၅ – ၄၈ ကာလမှာ ပါတီအနေနဲ့ လူမျိုးစုတွေထဲမှာ ရပ်တည်ခဲ့ပါတယ်။ လူမျိုးစုပါတီကေဒါတွေ မွေးခဲ့တယ်။

၁၉၄၈ တော်လှန်ရေးစစခြင်းမှာ ပါတီမှာ လူမျိုးစုတွေနဲ့ တပ်ပေါင်းစုဖွဲ့ဖို့ ကြိုးစားခဲ့တယ်။ အထူးသဖြင့် ကရင်လူမျိုးစုတွေနဲ့ ဖြစ်တယ်။ ဒါပေမယ့် ၄၉ ခုနှစ် ကရင်လူမျိုးစုတွေနှင့် လက်နက်ကိုင်တိုက်ပွဲဖြစ်ခဲ့တယ်။ ဒါဟာ အကြီးဆုံးအမှားပဲ။ ဒီအမှားကို ၅၀ ခုနှစ်မှာ ပြန်ပြင်နိုင်တယ်။ ၅၁ ခုနှစ်မှာ ကရင်နဲ့ ညီညွတ်ရေးတည်ဆောက်ခဲ့တယ်။ ဒီနှစ်မှာပဲ ရှမ်းပြည်မြောက်ပိုင်းကို လက်နက်ကိုင်တပ်တွေ လွှတ်ခဲ့တယ်။ တောင်ပိုင်း ပဒိုဝ့်စည်းရုံးရေးအတွက်လည်း လွှတ်ခဲ့တယ်။ မွန်ကို ၅၁ ခုနှစ်မှာ စည်းရုံးခဲ့တယ်။ ၅၃ ခုနှစ်မှာ ကချင်ကို စည်းရုံးဖို့ လွှတ်ခဲ့တယ်။

အဲဒီတုန်းက ပါတီဟာ လူမျိုးစုများနဲ့ ပတ်သက်ပြီး ခွဲထွက်လိုက ခွဲထွက်ခွင့် ဖေါ်ထုတ်ခဲ့တယ်။

၅၅ ခုနှစ်ကျတော့ ခွဲထွက်လိုက ခွဲထွက်ခွင့်ကို မဖေါ်တော့ဘူး။ ဘာကြောင့်လဲဆိုတော့ နယ်ချဲ့သမားတွေက အသုံးမချနိုင်ဖို့ ဖြစ်တယ်။ လူမျိုးစုတွေရဲ့ ခွဲထွက်ခွင့်ကိုတော့ မပယ်ဘူး။ ၆၂ ကျတော့ လူမျိုးစုတွေရဲ့ ခွဲထွက်ခွင့်ဟာ အခွင့်အရေးအနေနဲ့ ရှိတယ်လို့ ဖေါ်ထုတ်ခဲ့ပေမယ့် ကရင်အမျိုးသားတွေရဲ့အတွက်တော့ မှန်တယ်။ ကချင်၊ ရှမ်းတို့အတွက် မဟုတ်သေးလို့ ဆိုခဲ့တယ်။ ဒါကြောင့် ပြန်ပြင်ခဲ့ရတယ်။

## ၃။ ပေါ်လစီကို ဘယ်လိုချဉ်းကပ်မလဲ

သဘောတရားအနေနဲ့ ပြောရင် အမျိုးသားရေးလှုပ်ရှားမှုဟာ ဘူဇွာလှုပ်ရှား

မှုဖြစ်တယ်လို့ စတာလင်က သုံးသပ်တာရှိတယ်။ အဲဒီတုန်းက စတာလင် သုံးသပ်တာဟာ မှန်တယ်။ ဘာကြောင့်လဲဆိုတော့ အမျိုးသားလှုပ်ရှားမှုတွေကို ဘူဇွာတွေက ခေါင်းဆောင်လို့ ဖြစ်တယ်။ ၁၉၁၇ ခုနှစ်ကျတော့ အခြေခံ သုံးသပ်ချက်ကို ပြန်ပြင်ထားတယ်။ အောက်တိုဘာတော်လှန်ရေးပြီးတဲ့နောက် လူမျိုးစု ပြဿနာကို ကြည့်ရာမှာ ဘူဇွာပြဿနာအနေနဲ့ မဟုတ်ပဲ လယ်သမားပြဿနာအနေနဲ့ ကြည့်ရမယ်။ ဒီမှာ အတန်းအစားဘက်က ဖေါ်ပြတာ တွေ့ရတယ်။ ဒီလှုပ်ရှားမှုထဲ ပါတဲ့ အဓိက အစိတ်အပိုင်းဟာ လယ်သမားတွေဖြစ်တယ်။

နောက်ကြည့်ပုံကြည့်နည်း တစ်မျိုးက ကမ္ဘာ့ဆိုရှယ်လစ်တော်လှန်ရေးရဲ့ အပိုင်းအနေနဲ့ ကြည့်ခြင်းပဲ။

၄၂ ခုနှစ်က ၄၅ ခုနှစ်အထိ လူမျိုးစုပြဿနာနဲ့ ပတ်သက်တဲ့ ပါတီရဲ့ ကြည့်ပုံကြည့်နည်းဟာ စတာလင်ရဲ့ ဒုတိယကြည့်နည်းနဲ့ တူတယ်။ လူမျိုးစုပြဿနာဟာ အခြေခံအားဖြင့် လယ်သမားပြဿနာဖြစ်တယ်၊ ဗမာပြည်တော်လှန်ရေးရဲ့ အစိတ်အပိုင်း ဖြစ်တယ်။ ပါတီဟာ အလုပ်သမား၊ လယ်သမားမဟာမိတ်ဖွဲ့ဖို့ ဖြစ်တယ်။ ထို့ပြင် လူမျိုးစုနဲ့လဲ မဟာမိတ်ဖွဲ့ဖို့ဖြစ်တယ်။

## ၄။ လူမျိုးစုပြဿနာကို မာ့က်စ်ဝါဒ၊ လီနင်ဝါဒအရသာ ဖြေရှင်းရမယ်၊

ဆိုဗီယက်မှာ လူမျိုးစုပြဿနာကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အခြေခံပြီး ဖြေရှင်းတယ်။ တရုတ်ပြည်မှာ တန်းတူရေးကို အခြေခံပြီး တိုင်းပြည်ကြီးတစ်ခုအတွင်းမှ လူနည်းစုတွေအဖြစ် ပြဿနာကို ဖြေရှင်းတယ်။

ဗမာပြည်မှာကျတော့ မာ့က်စ်ဝါဒ၊ လီနင်ဝါဒနှင့်အညီ ဆိုဗီယက်၊ တရုတ် အတွေ့အကြုံများလည်းယူ၊ ဒါပေမယ့် သီးခြားပြဿနာကိုလည်း နားလည်ရန် လိုသည်။

## ဗမာပြည်ရဲ့သီးခြားပြဿနာ

(၁) လူမျိုးစုအားလုံးဟာ ဗမာပြည်လူဦးရေနဲ့ ၅၀ ရာခိုင်နှုန်းခန့်ရှိတယ်။ လူမျိုးစုများရဲ့ နယ်မြေဟာ တစ်ပြည်လုံးရဲ့ ၅ ပုံ ၃ ပုံဖြစ်တယ်။

ပထဝီအနေအထားအရလည်း ထူးခြားတယ်။ လူမျိုးစုများဟာ ဗမာလူမျိုးကို ဝိုင်းရံနေတယ်။ နောက်ထူးခြားချက်တစ်ခုကတော့ ဥပမာ – ဇီးကုန်းမြို့ကနေ အရှေ့ကို တည့်တည့်သွားရင် မိုင် ၂၀ မပြည့်မီ ကရင်လူမျိုးစုကို တွေ့မယ်။ ဒါကြောင့် လူမျိုးစုတွေဟာ ဗမာလူမျိုးကို ဝိုင်းရံနေရုံမက ရောနှောနေကြတယ်။





(၂) လူမျိုးစုများရဲ့ နေထိုင်တဲ့နေရာက စစ်ရေးသေနင်္ဗျူဟာအရ အရေးကြီး နေရာဖြစ်တယ်။

(၃) စီးပွားရေးအရ ကြွယ်ဝတဲ့ နေရာဖြစ်တယ်။ သယံဇာတပစ္စည်းများလဲ ကြွယ်ဝတယ်။ ကချင်ပြည်နယ်မှာ ခနောက်စိမ်းတွင်း ရှိတယ်။ ရှမ်းပြည်မှာ ခဲတွင်း၊ ကယားပြည်နယ်မှာ မော်ချီးမိုင်းရှိတယ်။

(၄) သမိုင်းရေးဖြစ်ပေါ်မှုတွေဟာ မတူညီဘူး။ ရခိုင်က ဗမာရောက်တာဟာ ဘိုးတော်ဘုရားလက်ထက်မှာ ဖြစ်တယ်။ နောက် ဘာမှမကြာဘူး။ အင်္ဂလိပ်အောက် ကျရောက်သွားတာပဲ။ မွန်လူမျိုးဟာ ဗမာလူမျိုးနဲ့ တစ်လျှောက်လုံး ထီးပြိုင်နန်းပြိုင် ဖြစ်ခဲ့တယ်။ ယဉ်ကျေးမှုအဆင့်အတန်းလည်း မြင့်တယ်။ ရှမ်းလူမျိုးဆိုရင်လည်း ပုဂံခေတ်နောက်ပိုင်းမှာ ဗမာဘုရင်တွေဟာ ရှမ်းစပ်တွေသာ များတယ်။ ရှမ်းလည်း ဗမာပြည်ရဲ့ အုပ်စိုးသူဖြစ်ခဲ့ဖူးတာပဲ။ ကရင်လူမျိုးဟာ တစ်ချိန်က ယဉ်ကျေးမှု အဆင့်နိမ့်တယ်။ ပထမကမ္ဘာစစ်ပွဲအပြီး အင်္ဂလိပ်က ကရင်လူမျိုးကို ခွဲထုတ်ပြီး သွေးခွဲတဲ့အတွက် အင်္ဂလိပ်လက်အောက်ရောက်ရတယ်။ အင်္ဂလိပ်ယဉ်ကျေးမှုတွေ သွင်းခဲ့တယ်။ အင်္ဂလိပ်လက်အောက်ရောက်နေတုန်း ကရင်နီဟာ ဗမာပြည်နဲ့ တစ်သီးတစ်ခြားဖြစ်တယ်။ ကချင်လူမျိုးဆိုရင် တရုတ်ပြည်ဘက်မှာ တစ်ဝက်လောက် ရှိတယ်။ တရုတ်ပြည်ဘက်ကနေ ဗမာပြည်ဘက်ကို တိုးဝင်လာတယ်။ အင်္ဂလိပ် ဝင်တိုက်လို့ ရပ်သွားတယ်။။

(၅) စီးပွားရေးအရ ဖြစ်ပေါ်တိုးပွားမှုဟာလည်း မတူဘူး။ ဗမာ၊ ရခိုင်၊ မွန်တို့က အရင်းရှင်စနစ်ဟာ မြင့်တယ်။ ကရင်ထဲမှာ ဒီလောက် မမြင့်ဘူး။ ရှမ်း၊ ကချင်ထဲမှာ ခုမှမြင့်လာတယ်။

(၆) အားလုံးဟာ နယ်ချဲ့ဆန့်ကျင်ရေးအစဉ်အလာရှိတယ်။ ရခိုင်မှာ အင်္ဂလိပ် ဝင်လာစကပင် သူပုန် (၅) ကြိမ်ထခဲ့တယ်။ မွန်ရှမ်းတွေလည်း ပုန်ကန်တာတွေ ပေါ်ခဲ့တယ်။ ကချင်မှာဆိုရင် ၁၈၈၅ ခုကနေ ၁၉၂၈ ထိ ပုန်ကန်မှုတွေ ဖြစ်ခဲ့တယ်။

(၇) လူမျိုးစုတိုင်းမှာ နိုင်ငံရေးပါတီတွေ ရှိတယ်။ ဒီပါတီတွေဟာ အရင်းရှင်ဝါဒီတွေသာမက မာ့က်စ်ဝါဒ ဩဇာလည်းရှိတယ်။

(၈) လူမျိုးစုတွေဟာ ဗမာအရင်းရှင်လူမျိုးကြီးဝါဒအရ ဖိနှိပ်ခံခဲ့ရတယ်။

(၉) လူမျိုးစုတိုင်းလိုလိုက အစိုးရကို လက်နက်ကိုင် ခုခံနေကြတယ်။

(၁၀) လူမျိုးစုအစိတ်အပိုင်းအတွင်း နယ်ချဲ့ဩဇာလည်း ရှိသင့်သလောက် ရှိတယ်။ ခွဲထွက်ရေးအသံဟာလည်း မသေးဘူး။

(၁၁) လူမျိုးစုထဲမှာ ပါတီရဲ့ဩဇာလည်းရှိတယ်။ ဒါပေမယ့် ဖွံ့ဖွံ့စည်းစည်း မဖြစ်သေးဘူး။

လက်ငင်းအရေးကြီးတာတစ်ခုက အစိုးရမှာ တိုက်ခိုက်နေတဲ့ တပ်ရင်း (၈) ရှိတဲ့အနက် ကချင်၊ ကရင်၊ ရှမ်းလူမျိုးစုတွေတိုက်ဖော်နေရာမှာ တပ်ရင်း (၅) ကျော်လောက် သုံးနေတယ်။ လူမျိုးကြီးဝါဒအရ ပြင်းပြင်းထန်ထန် တိုက်နေတယ်။

## ၅။ လူမျိုးစုပြဿနာကို ဘယ်လိုဖြေရှင်းမလဲ

တစ်စည်းတစ်လုံးတည်းနေထိုင်ရမယ့် နိုင်ငံကို ထူထောင်ဖို့ တန်းတူရေးကို အခြေခံဖို့ ဖြစ်တယ်။ ဗမာပြည်မှာ ဆိုဗီယက်ကို လွတ်လပ်တဲ့ နိုင်ငံတွေ ပေါင်းထားတဲ့ ပုံစံလည်း မဖြစ်သင့်။ တရုတ်ပြည်လို တန်းတူရေးကို အခြေခံမယ့် လူနည်းစုအဖြစ် ကြည့်လို့မရဘူး။

ဒါကြောင့် ဗမာပြည်မှာ "ဆိုရှယ်လစ်ပြည်ထောင်စု" သဘောမျိုး ဖြစ်ရလိမ့်မယ်။ အားလုံးပါဝင်တဲ့ ဗဟိုရှိရလိမ့်မယ်။ ဒီဗဟိုက နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေးကို ကိုင်ရမယ်။ ကျန်တာတွေကတော့ ပြည်နယ်အလိုက် တည်ဆောက်ကြရမယ်။ ဗမာပြည်လည်း ပြည်နယ်တစ်ခုဖြစ်စေပြီး အားလုံးပေါင်းထားရမယ်၊ ဒါပေမယ့် ပြည်နယ်တွေမှာ ဒေသလုံခြုံရေးတပ်ရှိရမယ်။ ကွန်မြူနစ်ပါတီကတော့ တစ်ခုတည်းရှိရမယ်။

## ၆။ ဖက်ဒရယ်ကိစ္စ

ဒါနဲ့ပတ်သက်ပြီး ပါတီဟာ မှားခဲ့တယ်။ ဖက်ဒရယ်မူကို ထောက်ခံပြီး ချွတ်ယွင်းချက်ကို ထောက်ပြဖို့ လိုတယ်။

## ၇။ ဆန့်ကျင်ဖို့ အယူအဆနှစ်ခု

လူမျိုးစုပေါ်လစီမှာ ၂ ဘက် တိုက်ရမယ်။ ဗမာအရင်းရှင်နဲ့ လူမျိုးကြီးဝါဒကို တိုက်ရမယ်။ တိုင်းရင်းသားလူမျိုးစုထဲက ကျဉ်းမြောင်းတဲ့ ဝါဒကိုလည်း တိုက်ရမယ်။ ဒီနှစ်ခုအနက် လူမျိုးကြီးဝါဒကို အဓိက တိုက်ရမယ်။ အခု ဗိုလ်နေဝင်းလက်ထက်မှာ လူမျိုးကြီးဝါဒကို တိုက်ရမယ်။

ခွဲထွက်ရေးလှုံ့ဆော်တာကို ဆန့်ကျင်ရမယ်။ အလံနီက ခွဲထွက်ရေးကို အားပေးတယ်။

ဖက်ဒရယ်ပြဿနာမှာ ဦးနုက တစ်စုံတစ်ရာ လိုက်လျောချင်တဲ့ သဘော





တွေ့ရတယ်။ နေဝင်းက ဒါကြောင့် တက်လာတာဖြစ်တယ်။ ဒါကြောင့် ဖက်ဒရယ်ကိစ္စ သဘောထားပြောင်းဖို့ လိုတယ်။

လူမျိုးစုပြဿနာနဲ့ပတ်သက်လို့ ဗိုလ်နေဝင်း မန္တလေးမှာ ပြောတာက တစ်စုတစ်စည်းထဲ နိုင်ငံဖြစ်ရမယ်လို့ ဆိုတယ်။ လူမျိုးစုအားလုံးက ပေါင်းမယ်လို့ ပြောရမယ်။ ပေါင်းမယ်လို့ပြောမှ အခွင့်အရေးပေးမယ်လို့ ဆိုတယ်။ ဒါဟာ ပြောင်းပြန်ဖြစ်တယ်။ လူမျိုးစုတွေကို အခွင့်အရေးပေးရင် ၎င်းတို့က ပေါင်းမှာ ဖြစ်တယ်၊ ဒါကြောင့် ဗိုလ်နေဝင်းရဲ့ တစ်စုတစ်စည်းတည်းနေရေးဟာ သေနတ်နဲ့ ချိန်ပြီး အတင်းပေါင်းခိုင်းတာ ဖြစ်တယ်။ ဒါကို ပါတီကဆန့်ကျင်ပြီး တိုက်ပွဲဝင်ရမယ်၊ ဒါကို အခြေခံပြီး စည်းရုံးရေးကို ကြိုးပမ်းရမယ်။

## ၈။ လူမျိုးစုတွေထဲမှာ ပါတီတည်ဆောက်ရေး

လူမျိုးစုတွေထဲမှာ ပါတီတည်ဆောက်ရေးဖြစ်တယ်။

အခြေခံရမှာက လူမျိုးစုတွေအားလုံး တစ်လုံးတစ်စည်းတည်းနဲ့ အမျိုးသားဒီမိုကရေစီတော်လှန်ရေးကို ဆင်နွှဲရမယ်။ တစ်ပြည်လုံးအောင်ပွဲခံရေး လုပ်ရမယ်။ လူမျိုးစုတွေရဲ့ တော်လှန်ရေးဟာ တစ်ပြည်လုံးတော်လှန်ရေးရဲ့ အစိတ်အပိုင်းတစ်ရပ်ဖြစ်တယ်။

လူမျိုးစုတွေထဲမှာ ကေဒါတွေ မွေးရမယ်။ ကချင်၊ ရှမ်းတို့မှာ လူတန်းစားလှုပ်ရှားမှု အဆင့်နိမ့်သေးတယ်။ ဒါကြောင့် ၎င်းတို့ထဲမှာ ခေါင်းဆောင်မွေးမြူရေးဟာ ကျောင်းသားထဲမှာဖြစ်တယ်။

၁၉၆၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂ ရက်
အောင်စောဦး၏ပြည်တွင်းစစ်နှစ်၅၀၊ လွတ်လပ်ရေးရွှေရတုစာအုပ်မှ

☆☆☆



နောက်ဆက်တွဲ (၁၁)
သခင်သန်းထွန်းမှ ဗိုလ်နေဝင်းထံသို့ပေးစာ
၁၉၆၃ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်





ဗိုလ်နေဝင်း

၁။ ၅၈ ခုနှစ်ကုန်ခါနီးတုန်းက ခင်ဗျားဆီကို ကျနော် တော်တော်ကလေး ရင်းရင်းနှီးနှီးရေးခဲ့ပါတယ်။ အခု ဒီစာဟာ အဲဒီတုန်းကထက် ပိုပြီး ရင်းရင်းနှီးနှီး ရေးချင်ပါတယ်။ ၅၈ ခုနှစ်တုန်းက စစ်တပ်အနေနဲ့ အာဏာသိမ်းတာ မကြိုက်တဲ့အကြောင်း ရေးပြီး တစ်ချိန်ထဲမှာ ခင်ဗျားအပေါ်ကျမယ့် အန္တရာယ်နဲ့ ပတ်သက်ပြီး သတိပေးဘူးပါတယ်။ ခင်ဗျားနဲ့အတူတူ လုပ်နေသူတွေဟာ (အဲဒီတုန်းက နာမည်မဖော်ပေမယ့် မောင်မောင်တို့ အောင်ကြီးတို့ကို ရည်ညွှန်းတာဘဲဖြစ်တယ်။) အဲဒီ လူတွေဟာ ခင်ဗျားကို တစ်နေ့နေ့မှာ အန္တရာယ်ပြုလိမ့်မယ်။ သတိထားလို့ ဆိုတာပါဘဲ။ နောက်ပိုင်းအဖြစ်အပျက်တွေအရ တကယ်လဲ အဲဒီလူတွေက ခင်ဗျားကို လုပ်ကြံဘို့ လုပ်တာကို တွေ့ရတယ်။ သူတို့ရဲ့ လုပ်ကြံမှုကို ခင်ဗျားက လက်ဦးမှုယူပြီး အရေးယူပစ်လိုက်တာ ကျနော်တို့ ဝမ်းသာတယ်။ ဒီကိစ္စမှာ ခင်ဗျား သတိကြီးကြီးထားပြီး လုပ်တာဟာ အဓိကကျပါတယ်။ ဒီလိုဖြစ်ပေမယ့် ကျနော်အနေနဲ့ ပြောရရင် ငါသတိပေးခဲ့တာ အကျိုးရှိသင့်သလောက် ရှိပါလားလို့ ကိုယ့်ကိုယ်ကို ကျေနပ်နှစ်သိမ့်မိပါတယ်။

၂။ ဗိုလ်ဇေယျ၊ ကိုအောင်ကြီး၊ သခင်ပုတို့နဲ့ ခင်ဗျား ရင်းရင်းနှီးနှီး ရင်ဖွင့်လိုက်တာကို ကျနော် လုံးစေ့ပတ်စေ့ သိရပါတယ်။ ဒါအတွက် ကျနော် အတော်ကြီးဘဲ ဝမ်းသာပါတယ်။ ၄၇ ခုနှစ်တုန်းက ဗိုလ်ချုပ်အောင်ဆန်း အသတ်ခံရပြီးနောက် ခင်ဗျား ကျနော့်ဆီ ပြေးလာတာ မျက်စေ့ထဲ မြင်မြင်နေပါတယ်။ အဲဒီတုန်းက ခင်ဗျားကို မသွားရအောင် အင်္ဂလိပ်စစ်တပ်က ချုပ်ချယ်ခဲ့ပါတယ်။ အဲဒီအထဲက ခင်ဗျားရုန်းထွက်လာပြီး ကျနော်တို့အနေနဲ့ အဲဒီအခြေအနေမှာ

လိုအပ်တဲ့ ခေါင်းဆောင်မှုပေးဘို့ ပြောခဲ့တာကို ကျနော် အစဉ်သတိရနေပါတယ်။ အရေးကြုံတဲ့အခါမှာ ခင်ဗျားအနေနဲ့ ကျနော်တို့အပေါ်မှာ ဘယ်လောက်ယုံကြည်လေးစားမှု ရှိတယ်ဆိုတာကို အဲဒီက ပြပါတယ်။ ကျနော့်အနေနဲ့ဆိုရင် အဲဒါကို မျက်စိထဲ မြင်မြင်နေတာဘဲ။ အဲဒီနောက် ပြည်တွင်းစစ် ဖြစ်ခဲ့ကြရတယ်။ တစ်ဘက်နဲ့ တစ်ဘက် အသေအကြေ တိုက်နေရပေမယ့် တစ်ဦးအပေါ်တစ်ဦး ပုဂ္ဂိုလ်အရ သံယောဇဉ် မကင်းတာတွေ ရှိကြမှာပေါ့။ ဒါကြောင့်ဘဲ ၅၁ ခုနှစ်လောက်ကစပြီး ပြည်သူ့ဘက် မားမားမတ်မတ်ရပ်ဘို့ ခင်ဗျားဆီကို အခါအခွင့်ကြုံတိုင်း စာရေးခဲ့ပါတယ်။ ၅၂ ခုနှစ်မှာ ပြည်တွင်းစစ်ကို နိုင်ငံရေးအရ ဖြေရှင်းမယ်လို့ ခင်ဗျားပြောလာတဲ့အခါမှာ ကျနော်တို့အများကြီး အားတက်ခဲ့ပါတယ်။ ဒါပေမယ့် ပြည်တွင်းဖေါက်ပြန်ရေးသမားတွေက အပေါ်စီးရနေတော့ ပြည်တွင်းစစ်ကတော့ ဆက်ဖြစ်နေတာဘဲ။ ဒါပေမယ့် ဒီကနေ့ မဖြစ်တောင် တစ်နေ့ဖြစ်ရမယ်လို့ သဘောထားပြီး စိတ်ရှည်ရှည်နဲ့ ကျနော်ဆက်ပြီး ကြိုးစားခဲ့ပါတယ်။ ဗိုလ်ဇေယျတို့ကို မှာလိုက်တာတွေကို စဉ်းစား ကြည့်တော့ နှစ်ရှည်လများ ကြိုးစားလာတာတွေဟာ အသီးအပွင့်တွေ ပေါ်နိုင်မယ်လို့ ကျနော် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါတယ်။

၃။ ဇူလိုင် (၈) ရက်နေ့ ခင်ဗျားတို့ဆီက ပြန်စာအရ ကျနော်တို့ရဲ့ ပဏာမကိုယ်စားလှယ်အဖွဲ့ကို ခင်ဗျားတို့ ကြိုဆိုနေကြောင်း ပါပါတယ်။ ဒါကြောင့် ပဏာမကိုယ်စားလှယ်အဖွဲ့ကို စေလွှတ်ပါတယ်။ ပဏာမကိုယ်စားလှယ်အဖွဲ့ထဲမှာ ပါတဲ့လူ (၆) ယောက်အကြောင်းတော့ နည်းနည်းပြောချင်တယ်။ ကိုဒွေးကတော့ ကျနော်တို့ ပါတီထဲမှာ ထက်ထက်မြက်မြက်ရှိပြီး၊ ပြေပြေပြစ်ပြစ်လုပ်တတ်တဲ့ ရဲဘော်ဖြစ်ပါတယ်။ တွေ့တဲ့အခါကျရင်တော့ အကဲဖြတ်နိုင်ပါလိမ့်မယ်။ ကိုအောင်ကြီးကတော့ ခင်ဗျားနဲ့တွေ့ပြီးသားဖြစ်တော့ ကျနော် အထူးရေးစရာမလိုပါဘူး။ ဗိုလ်ဇေယျကတော့ ၄၈ ခုနှစ်မတိုင်မီ အင်္ဂလိပ်နယ်ချဲ့တိုက်ရေး၊ ဂျပန်ဖက်ဆစ်တိုက်ရေးမှာ ခင်ဗျားနဲ့အတူ သေအတူရှင်အတူ တိုက်ခဲ့တဲ့အပြင် ခင်ဗျားနဲ့လဲ တွေ့ပြီးသားဖြစ်ခဲ့တော့ ကျနော် ထွေထွေထူးထူး ရေးစရာမလိုပါဘူး။ ကိုသက်တင်ကတော့ အရင်အပတ်က လာခဲ့တဲ့လူဘဲ။ တခြားရောက်နေရာက ကျနော်တို့ဆီ ရောက်လာတာ ဖြစ်တယ်။ သူကတော့ ကျနော်တို့နှင့် သခင်စိုးတို့ တစ်စည်းတစ်လုံးထဲရှိတုန်းက ဗဟိုကော်မတီအဖွဲ့ဝင်ဖြစ်တဲ့အပြင် သခင်စိုးဆီက ထုတ်မပစ်ခင်အထိ ဗဟိုကော်မတီဝင် ဖြစ်တယ်။ သူကတော့ ဗိုလ်မှူးချစ်နဲ့ အတော်ကြီးကို ရင်းရင်းနှီးနှီး





လုပ်ခဲ့ဘူးသူဖြစ်တယ်။ ဗိုလ်စိုးမောင်ကြီးကတော့ ခင်ဗျားသိပြီးသားဖြစ်ပါတယ်။ ဗိုလ်ကျော်စိုးနဲ့ ညီအစ်ကိုဖြစ်တဲ့အပြင် ဗိုလ်စိန်ဝင်းနဲ့လဲ ရင်းနှီးပါတယ်။ ဗိုလ်ပုအကြောင်းလဲ ကျနော် အထူးတလည် ရေးစရာမလိုပါဘူး။ ခင်ဗျားလဲ သိပြီးသားဖြစ်တယ်။ ဗိုလ်ကျော်စိုးတို့ ဗိုလ်စောမြင့်တို့နဲ့ ကျောင်းနေဘက်ဘဲ။ ကျနော်တို့ လွှတ်လိုက်တဲ့ ကိုယ်စားလှယ်အဖွဲ့ ခင်ဗျားတို့ ရင်းရင်းနှီးနှီး ဆွေးနွေးနိုင်မယ်လို့ ယုံကြည်ပါတယ်။ ဆွေးနွေးရာမှာတော့ အဖွဲ့အစည်းသဘောအရ ပုံစံကျကျ ဆွေးနွေးရုံသာမက အလွတ်သဘော ရင်ဖွင့်ပြောတာတွေပါလုပ်ရင် ပိုပြီး အကျိုးရှိလိမ့်မယ်။ ကျနော်ထင်ပါတယ်။ ဒါဟာ တစ်ဦးနဲ့ တစ်ဦး နားလည်မှု ပိုမိုရှိလိမ့်မယ်လို့ ထင်ပါတယ်။ အခြေအနေက ခွင့်ပြုရင် အဲဒီလိုလုပ်ဘို့ ကျနော် အကြံပေးပါတယ်။

၄။ အဲဒီမှာ အလုပ်အစီအစဉ်တွေ ချမှတ်ရာမှာ ခင်ဗျားနဲ့ နားလည်မှုယူပြီး လုပ်ဘို့ ကိုယ်စားလှယ်အဖွဲ့ကို ကျနော် တင်းတင်းကျပ်ကျပ် မှာလိုက်ပါတယ်။ ပထမဦးဆုံး ခင်ဗျားတို့နဲ့ နားလည်မှုယူချင်တာကတော့ တခြားရောက်နေတဲ့ လူတွေကိစ္စဘဲ။ ကိုဗသိန်းတင်တို့လူစုကို ကျနော်တို့ဆီ ရောက်ရေးအတွက် ခင်ဗျားစီစဉ် လုပ်ကိုင်ပေးတာတွေကို ကျနော်တို့ အထူးဘဲ ကျေးဇူးတင်ပါတယ်။ ဒါဟာ ကျနော်တို့ပါတီအတွက်လဲ အကျိုးရှိပါတယ်။ ဗမာပြည်သူတွေအဖို့လဲ အကျိုးရှိပါ တယ်။ ဒါပေမယ့် ဒီကိစ္စဟာ မှန်မှန်ကန်ကန် မလုပ်တတ်ရင် နိုင်ငံဟာကာဆက်ဆံရေးမှာ အများကြီး ရှုပ်ထွေးသွားနိုင်ပါတယ်။ အထူးသဖြင့် ကျနော်တို့ရဲ့ ညီအစ်ကိုနိုင်ငံများနဲ့ ဆက်ဆံရေးမှာ အများကြီး ရှုတ်ထွေးသွားနိုင်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ခင်ဗျားအနေနဲ့ ကျနော်တို့ဟာ ဆန္ဒချင်းတူ၊ အကျိုးချင်းတူနေပါတယ်။ အခုဆိုရင် ဗိုလ်ဇေယျတို့ ကိုအောင်ကြီးတို့ကို ကျနော်တို့ရဲ့ ကိုယ်စားလှယ်အဖွဲ့ထဲမှာ ထည့်လိုက်ပါတယ်။ ဒီလိုလုပ်ဘို့ လိုအပ်တဲ့အတွက်ကြောင့်ဘဲဖြစ်ပါတယ်။ ဒါပေမယ့် ဗိုလ်ဇေယျတို့၊ ဗိုလ်အောင်ကြီးတို့ကိစ္စကို ဟိုကဒီက ပြောကြတာတွေ ဖြစ်လာနိုင်ပါတယ်။ အဲဒီတော့ ဒါကို ဘယ်လိုဖြေမယ်။ ဒါကို ဘယ်လို ဖေါ်ထုတ်မယ်ဆိုတာကို ခင်ဗျားနဲ့ နားလည်မှုယူချင်ပါတယ်။ ဒါကြောင့် သူတို့ကိစ္စနဲ့ပတ်သက်ပြီး ဘယ်လိုဖေါ်ထုတ်မလဲဆိုတာကို နားလည်မှုယူဘို့ တခြားဟာတွေ ဘာမှမလုပ်ခင် ခင်ဗျားနဲ့တွေ့ပြီး ညှိနှိုင်းပါ။ နားလည်မှုယူပါလို့ မှာကြားလိုက်ပါတယ်။ နောက်ပြီးတော့ ကျနော်တို့ ကိုယ်စားလှယ်အဖွဲ့ ခင်ဗျားတို့ဆီမှာ

ရှိတုန်း လုပ်ဘို့အစီအစဉ်တွေနဲ့ပတ်သက်ပြီးလဲ ခင်ဗျားနဲ့ နားလည်မှုယူဘို့ မှာကြားလိုက်ပါသေးတယ်။

၅။ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး ကျနော်တို့ရဲ့ သဘောထားကို နည်းနည်းရှင်းချင်ပါတယ်။ "သခင်သန်းထွန်းက ကြားနေရေး တည့်မတ်ဖို့ ပြောနေတယ်။ ကျနော်က ဒီကောင်တွေနဲ့ ရန်ဖြစ်နေရတယ်"လို့ ခင်ဗျားက ကိုအောင်ကြီးတို့၊ သခင်ပုတို့ကို ပြောလိုက်တာရှိတယ်။ "ဒီကောင်တွေနဲ့ ရန်ဖြစ်နေရတယ်"ဆိုတာ ကျနော်က ကြိုက်ပါတယ်။ ကျနော်တို့ တင်ပြထားတဲ့ စဉ်းစားဖို့ အခြေခံ နံပါတ် (၁) ဟာဆိုရင် အမျိုးသားလွတ်လပ်ရေး ထိန်းသိမ်းရေးနဲ့ ငြိမ်းချမ်းစွာ အတူနေရေးဝါဒကို ပြတ်သားစွာ ကျင့်သုံးဖို့ ဖြစ်ပါတယ်။ ဒီနေရာမှာ ပြီးခဲ့တဲ့ အစိုးရဟောင်းတွေ လုပ်ခဲ့တာကို နည်းနည်းပြောချင်ပါတယ်။ ၄၈ ခုနှစ်လောက်မှာဆိုရင် အစိုးရက ကြားနေရေးတို့ ငြိမ်းချမ်းစွာ အတူနေရေးတို့ ပြောလာပါရဲ့။ ဒါပေမယ့် အစိုးရထဲမှာကို ဆီးတိုးဘက်၊ အမေရိကန်ဘက် ယိမ်းတဲ့အင်အားတွေက မနည်းဘူးရှိပါတယ်။ ဒီဟာတွေကတော့ ခင်ဗျားလဲ သိပြီးသားဖြစ်ပါတယ်။ ဒါကြောင့် အစိုးရဟာ အမျိုးသားလွတ်လပ်ရေး ထိန်းသိမ်းရေးနဲ့ ငြိမ်းချမ်းစွာ အတူနေရေးအတွက် စိတ်ချနိုင်စရာ မရှိပါဘူးလို့ ကျနော် ယုံကြည်ပါတယ်။ ဒါကြောင့်လဲ အမျိုးသားလွတ်လပ်ရေး ထိန်းသိမ်းရေးနဲ့ ငြိမ်းချမ်းစွာ အတူနေရေးဝါဒကို ပြတ်သားစွာ ကျင့်သုံးရေး၊ ကျနော်တို့ တစ်သမတ်တည်း တောင်းဆိုလာတာဖြစ်တယ်။ ခင်ဗျားတို့ အစိုးရတက်လာပြီးတော့ အမေရိကန်သူလျှိုအဖွဲ့တွေ မောင်းထုတ်ပစ်တာတွေ ကျနော်တို့ တွေ့ရတယ်။ ကိုလံဘိုကွန်ဖရင့်မှာ ခင်ဗျားတို့ ရပ်တည်ချက်ကို ကျနော်တို့ ကြားသိရတယ်။

အခုလဲ ဗိုလ်ဇေယျတို့၊ ကိုအောင်ကြီးတို့၊ သခင်ပုတို့ဆီက ကြားရတာတွေရှိတယ်။ ခင်ဗျားရဲ့ အရင်းခံသဘောထားကို ကျနော်တို့ ပိုပြီး သိလာရတယ်။ အမျိုးသားလွတ်လပ်ရေးထိမ်းသိမ်းရေး၊ ငြိမ်းချမ်းစွာအတူနေရေးကိစ္စနဲ့ ပတ်သက်ပြီး ဖေယဘုယျထောက်ခံတာတင်မကဘူး။ ဒီကိစ္စနဲ့ပတ်သက်ပြီး ပိုပြီးတော့ နီးစပ်လာတာရှိပါတယ်။ ဒီလိုဖြစ်ပေမယ့် အမျိုးသားလွတ်လပ်ရေးထိန်းသိမ်းရေးနဲ့ ငြိမ်းချမ်းစွာ အတူနေရေးကို ဒေါင့်အသီးသီးက ဖျက်ဆီးမယ့်အန္တရာယ်ဟာ ရှိနေသေးတယ်လို့ ကျနော်တို့ ထင်ပါတယ်။ ဒါကြောင့်လဲ ဒီကိစ္စကို ကျနော်တို့ ရှေ့တန်းတင်ခြင်း ဖြစ်ပါတယ်။ အမျိုးသားလွတ်လပ်ရေးထိန်းသိမ်းရေးဆိုတာ





ကျနော်တို့ မြင်တာက နယ်ချဲ့သမားနဲ့ နယ်ချဲ့သမားအလိုကျ လုပ်နေတဲ့ ပြည်တွင်းဖောက်ပြန်ရေးသမားတွေကို ပြတ်ပြတ်သားသား ဆန့်ကျင်ရေးဘဲ။ အဲဒီလိုဘဲ ငြိမ်းချမ်းစွာ အတူနေရေးဆိုတာဟာ ကြားထဲက ငြိမ်ငြိမ်ထိုင်နေရေး မဟုတ်ပါဘူး။ နယ်ချဲ့သမား အထူးသဖြင့် အမေရိကန်နယ်ချဲ့သမားကို ပြတ်ပြတ်သားသား ဆန့်ကျင်ရေးပါဘဲ။

ခင်ဗျားပြောလိုက်တယ်။ နယ်ချဲ့သမားက ခွဲဖို့လုပ်ရင် ကျုပ်တော့ မခံဘူး၊ ချမှာဘဲလို့။ အဲ့ဒါကို ကျနော်တို့ သဘောကျတယ်။ ဒီကိစ္စမှာ ခင်ဗျားနဲ့ ကျနော်တို့ဟာ အတူတူပါဘဲ။ ကိုဗဆွေတို့၊ ကိုကျော်ငြိမ်းတို့ကို ခင်ဗျားတို့က ဖမ်းလိုက်တာရှိတယ်။ ကျနော်တို့ကြားရတာ သိနေရာတာတွေရှိတယ်။ ပြည်တွင်းငြိမ်းချမ်းရေးဟာ နီးလာလို့ ဒီလူတွေ ဖျက်ဆီးဖို့ ကြိုးစားနေတယ်လို့ မြင်တယ်။ နောက်ပြီးတော့ ဒီလူတွေဟာ နယ်ချဲ့သမားနဲ့ ဆက်သွယ်နေတယ်လို့ သိရတယ်။ ဒါကြောင့် ပြည်တွင်းငြိမ်းချမ်းရေး ဖျက်ဆီးဖို့ လုပ်ကြံနေတဲ့ ပြည်တွင်းဖောက်ပြန်ရေးသမားတွေကို ခင်ဗျားချတာကို ကျနော်တို့က အထူးဘဲ သဘောကျပါတယ်။

နယ်ချဲ့သမားကို ဆန့်ကျင်ရာမှာလဲ တိုင်းပြည်ခွဲပစ်ဖို့ သူတို့ မတည့်တဲ့ အစိုးရဖြုတ်ချပြီး သူတို့ အလိုကျလုပ်မယ့်အစိုးရ တင်ဖို့ဆိုတဲ့ နယ်ချဲ့သမားနဲ့ ပြည်တွင်းဖောက်ပြန်ရေးသမားတွေရဲ့ နိုင်ငံရေးလုပ်ကြံမှုတွေကို တိုက်ဖျက်ရုံသာမက ဒီလိုလုပ်ကြံမှုတွေကိုလဲ ဆန့်ကျင်ဖို့ လိုမယ်လို့ ကျနော်ထင်ပါတယ်။ နယ်ချဲ့သမားနဲ့ ဖောက်ပြန်ရေးသမားတွေကို ဆန့်ကျင်ရာမှာလဲ ပြည်သူလူထုတစ်ရပ်လုံးရဲ့ အားကို ယူရလိမ့်မယ်။ ပြည်သူလူထုသာ တကယ်အားပါဘဲ။ ဒါဟာလဲ ခင်ဗျားပြောနေတဲ့ ပြည်သူတွေကို အားကိုးတယ်ဆိုတာနဲ့ အတူတူပါဘဲ။ အဲ့ဒီတော့ အမျိုးသားလွတ်လပ်ရေးထိန်းသိမ်းရေးနဲ့ ငြိမ်းချမ်းစွာ အတူနေရေးကို ပြတ်ပြတ်သားသား ကျင့်သုံးဖို့ ကျနော်တို့ ပြောတာဟာ –

– နယ်ချဲ့သမားရဲ့ နိုင်ငံရေးလုပ်ကြံမှုတွေ၊ စီးပွားရေးထိုးဖောက်မှုတွေကို ဘယ်လိုဆန့်ကျင်တိုက်ခိုက်မလဲ၊

– နယ်ချဲ့သမားရဲ့ မိုက်ဖော်ဆိုးဖက်တွေဖြစ်တဲ့ ပြည်တွင်းဖောက်ပြန်ရေးသမားတွေရဲ့ ဖျက်ဆီးမှုတွေ၊ လုပ်ကြံမှုတွေကို ဘယ်လိုတိုက်ခိုက်မလဲ။

– ဒါတွေကိုလုပ်ဖို့ တကယ့်အားဖြစ်တဲ့ ပြည်သူတစ်ရပ်လုံးပါလာအောင် ဘယ်လိုလုပ်မလဲ။ ပြည်သူတွေက တကယ်အားရှိအောင် အသင့်ဖြစ်နေအောင်

ဘယ်လိုလုပ်မလဲ။

ဒါကို ကျနော် ရင်းရင်းနှီးနှီး ညှိနှိုင်းချင်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ဗိုလ်ဖေယျာတို့လဲ ခင်ဗျားနဲ့ တွေ့ပြီး ဆွေးနွေးပါလိမ့်မယ်။ ကျနော်တို့တွေ့တဲ့အခါမှာ လဲ အကျယ်တဝင့် ဆွေးနွေးနိုင်ဖို့ မျှော်မှန်းထားပါတယ်။

၆။ ဒီနေရာမှာ တိုင်းပြည်ထူထောင်ရေးနဲ့ပတ်သက်ပြီး ကျနော် ပြောချင်ပါတယ်။ ကိုလိုနီဘဝက လွတ်လပ်လာတဲ့ နိုင်ငံတွေအဖို့မှာ ရွေးချယ်စရာ လမ်းနှစ်လမ်းဘဲ ရှိပါတယ်။ တစ်လမ်းကတော့ အရင်းရှင်စနစ် ထူထောင်ရေးလမ်း ဖြစ်ပြီး အခြားလမ်းကတော့ ဆိုရှယ်လစ်လမ်းဖြစ်ပါတယ်။ ဗမာပြည်မှာတော့ ကျနော်တို့ရော ခင်ဗျားတို့ရော သခင်ခေတ်ကတည်းက ဆိုရှယ်လစ်ဝါဒ၊ ကွန်မြူနစ် ဝါဒကို ဖြန့်ခဲ့ကြတော့ လွတ်လပ်လာတာနဲ့ ပြည်သူတွေကတော့ အရင်းရှင်မဟုတ်တဲ့ လမ်း၊ ဆိုရှယ်လစ်လမ်းကို လိုက်ချင်ကြတာဘဲ။ ၄၈ နောက်ပိုင်း အာဏာရလာတဲ့ လူတွေက လူထုဘာကြိုက်သလဲဆိုတာ သိတယ်။ အဲ့ဒီတော့ ဆိုရှယ်လစ်ဝါဒကို မိုးမွှန်အောင်ပြောပြီး သူတို့လူစုအကျိုး၊ ကိုယ်ကျိုးအတွက် လုပ်ကြတာဘဲ။

ကျတော်တို့က ဒီလိုတိုင်းပြည်လိမ်ပြီး ကိုယ်ကျိုးရှာတာကို လုံးလုံးမုန်း တယ်။ ဒီလိုအတုအယောင် ဆိုရှယ်လစ်ဝါဒတွေကို ကျနော်တို့ စက်ဆုတ်ပါတယ်။ ကျနော်တို့က တကယ်စစ်မှန်တဲ့ ဆိုရှယ်လစ်ဝါဒကို လုပ်ချင်တယ်။ တကယ်စစ်မှန် တဲ့ ဆိုရှယ်လစ်ဝါဒကို လိုလားတဲ့ အင်အားတွေနဲ့ ဘယ်အင်အားနဲ့မဆို ပူးပေါင်းလုပ် ကိုင်သွားဖို့ အသင့်ရှိပါတယ်။ ကျနော်တို့ နားလည်သလောက် တကယ့်ဆိုရှယ်လစ် ဝါဒဟာ သိပ္ပံနည်းကျဆိုရှယ်လစ်ဝါဒ ဖြစ်ရမှာဘဲ။ ကျနော်တို့ မြင်တာက ဆိုရှယ် လစ်ဝါဒကို ဗမာပြည်မှာ တကယ်အကောင်အထည်ဖော်နိုင်ဖို့ဆိုရင် ပထမဦးဆုံး နယ်ချဲ့ခြေကုတ်စခန်းတွေကို ဖယ်ရှားပစ်ဖို့ ပဒေသရာဇ်အကြွင်းအကျန်တွေကို သုတ်သင်ရှင်းလင်းပစ်ဖို့ လိုပါတယ်။ အဲဒီဟာကို လုပ်နိုင်ဖို့ ကွန်မြူနစ်ဆန့်ကျင် တဲ့ ပြည်တွင်းစစ်ကို ရပ်ပစ်ဖို့ နယ်ချဲ့ပဒေသရာဇ်ဆန့်ကျင်ရေးအခြေခံပေါ်မှာ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ဖို့ လိုပါတယ်။

ခင်ဗျားတို့ရဲ့ မြန်မာ့ဆိုရှယ်လစ်ရဲ့ ပတ်သက်ပြီးပြောရရင် ဗမာပြည်မှာ ဆိုရှယ်လစ်စနစ် တည်ဆောက်ချင်တယ်ဆိုတဲ့ ခင်ဗျားတို့ရဲ့ ဆန္ဒပြုမှုဟာ ကောင်းပါ တယ်။ ဒါပေမယ့် ဆိုရှယ်လစ်တည်ဆောက်ချင်တဲ့ဆန္ဒနဲ့ ကွန်မြူနစ်ဆန့်ကျင်ရေး ပြည်တွင်းစစ်ဖြစ်နေတာ ပဋိပက္ခဖြစ်နေတယ်။ တစ်ခုနဲ့တစ်ခု ဆန့်ကျင်ဘက်ဖြစ်နေ





တယ်။ ဒါကြောင့် ဆိုရှယ်လစ်ကိစ္စများ အကျယ်ကျယ်ငြင်းခုံမှု မပြုဘဲ လက်ငင်း အရေးကြီးဆုံးဖြစ်တဲ့ ပြည်တွင်းစစ်ကို ဘယ်လိုရပ်မလဲ စဉ်းစားတာဖြစ်ပါတယ်။ ကျနော်တို့ မြင်တာက –

(၁) နှစ်ဖက်သဘောတူ ပြည်တွင်းစစ်ရပ်၊

(၂) ရပ်တဲ့အခါမှာ နယ်ချဲ့ဆန့်ကျင်ရေး၊ ပဒေသရာဇ် ဆန့်ကျင်ရေး အခြေခံတွေနဲ့ရပ်၊ တနည်းအားဖြင့် အမျိုးသားရေး၊ ဒီမိုကရေစီအခြေခံတွေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးလုပ်၊

(၃) နယ်ချဲ့ဆန့်ကျင်တဲ့ ပဒေသရာဇ်ဆန့်ကျင်တဲ့ အမျိုးသားရေး၊ ဒီမိုကရေ စီရေး လုပ်ငန်းတွေပြီးအောင်လုပ်၊ ဒါဟာ ဆိုရှယ်လစ်စနစ်၊ ဒီမိုကရေစီ အခြေခံ တွေနဲ့ ပြည်တွင်းငြိမ်းရေးချမ်းရေးလုပ်၊

(၄) အဲဒီကမှ ဆိုရှယ်လစ်စနစ် တည်ဆောက်ရေးကိုတက်။ အဲဒီလို သွားရလိမ့်မယ်ထင်ပါတယ်။ ရုတ်တရက်ဆိုတော့ ဇာတ်မျှော်ပြီလို့ ထင်စရာရှိပါတယ်။ ဒါပေမယ့် စိတ်ရှိတိုင်းလဲ လုပ်လို့ မရဘူး။ သမိုင်းခရီးစဉ်ကိုတော့ ဖြတ်လမ်းကနေ ကျော်တက်လို့ မဖြစ်ပါဘူး။ တစ်ခုတော့ရှိတယ်။ နယ်ချဲ့ပဒေသရာဇ်ကို ဆန့်ကျင်တဲ့ အားတွေ၊ အမျိုးသားဒီမိုကရေစီအားတွေ ဆိုရှယ်လစ်ဝါဒကို တကယ်လိုချင်တဲ့ လူတွေ တစ်စည်းတစ်လုံးတည်းဖြစ်ရင်တော့ ခြေလှမ်းသွက်မှာပဲ။ မြေကြော ရှိသလို တော့ ဖြစ်မှာဘဲ။ ဒါကြောင့် ပြည်တွင်းစစ်ရပ်စဲဖို့ ပထမဆုံးလုပ်ဖို့ ကျနော် ပြောနေခြင်း ဖြစ်ပါတယ်။ ဆိုရှယ်လစ်ဝါဒကို လိုချင်သူမုန်းသမျှတော့ စည်းစည်း လုံးလုံးဖြစ်မှာဘဲ။ ဘယ်သူမှလဲ တားလို့မရပါဘူး။

၇။ ပြည်တွင်းစစ်ကို အမျိုးသားရေး၊ ဒီမိုကရေစီရေးကို အခြေခံပြီး ရပ်စဲဖို့ ကျနော်အထက်က ပြောခဲ့ပါတယ်။ အမျိုးသားရေးကိစ္စ၊ တစ်နည်းအားဖြင့် နယ်ချဲ့သမားဆန့်ကျင်ရေးကိစ္စကတော့ အထက်က ပြောပြီးပြီမို့ ကျနော် မပြောတော့ ပါဘူး။ ဒီမိုကရေစီဖွံ့ဖြိုးရေးကိစ္စကိုဘဲ ပြောပါတယ်။ ဒီမိုကရေစီကို ပြောရင် နှစ်ပိုင်းရှိပါတယ်။ တစ်ပိုင်က စီးပွားရေးအပိုင်းဖြစ်ပြီး တစ်ပိုင်းက နိုင်ငံရေးအပိုင်း ဖြစ်ပါတယ်။

(က) ဒီမိုကရေစီဖွံ့ဖြိုးရေးရဲ့ စီးပွားရေးအခြေခံကတော့ ပဒေသရာဇ် မြေရှင်စနစ် အကြွင်းအကျန်တွေကို ဖျက်ပစ်ဖို့ တစ်နည်းအားဖြင့် လယ်သမားတွေ လယ်ရအောင် လုပ်ဖို့ဘဲ။ အခု ခင်ဗျားတို့ လုပ်နေတာတွေ ရှိပါတယ်။ လယ်ယာ

စက်မှုတပ်ဆင်ရေးတို့၊ အမတော်ကြေး အတော်ဘဲ များများတက်ပေးတာတို့ ဒါတွေဟာ သူ့အတိုင်းအတာအရ ကောင်းတာတွေရှိပါတယ်။ ဒါပေမယ့် ကျနော် သခင်ခေတ်တုန်းက အသုံးအနှုန်းအရ ပြောရရင် ဒါဟာ ဖြူဆေး၊ လိမ်းဆေး တွေပါဘဲ။ ရောဂါတကယ်မပျောက်နိုင်ပါဘူး။ ရောဂါ တကယ်ပျောက်အောင် အတွင်းဆေးတိုက်ရမှာပါဘဲ။ အဲ့ဒီအတွင်းဆေးကတော့ မြေရှင်ပိုင်ဆိုင်မှုကို ဖျက်ပစ်ပြီး မြေမဲ့ယာမဲ့နဲ့ မြေယာချို့တဲ့တဲ့ လယ်သာမားတွေ၊ တစ်နည်းအားဖြင့် ဆင်းရဲသားလယ်သမားတွေကို ချွင်းချက်မရှိ လယ်ဝေးပေးဖို့ဘဲ။ လယ်သမားလို့ ပြောတဲ့အခါမှာ ခွဲခြားကြည့်ဖို့ လိုပါတယ်။ ကျနော်တို့အနေနဲ့ ဆင်းရဲသား လယ်သမားတွေကို ချွင်းချက်မရှိ လယ်ဝေးပေးဖို့ဘဲ။ လယ်သမားလို့ ပြောတဲ့အခါမှာ ခွဲခြားကြည့်ဖို့ လိုပါတယ်။ ကျနော်တို့အနေနဲ့ ဆင်းရဲသားလယ်သမားတွေကို အားကိုးအားထားပြုရမှာ ဖြစ်ပါတယ်။ ချမ်းသာတဲ့ လယ်သမားတွေကို အားကိုးလို့ မဖြစ်ပါ။ ဗမာပြည်အခြေအနေအရ ဒါဟာ မခက်ပါဘူး။ အစိုးရအနေနဲ့ မြေကို တိုင်းပြည်ပိုင် လုပ်ထားတာရှိပါတယ်။ ဒါကို စနစ်တကျ ဆင်းရဲသားတွေကို ဝေဖို့ပါဘဲ။ ကျနော်တို့အနေနဲ့ လယ်ဝေဘူးတဲ့ အတွေ့အကြုံ ရှိပါတယ်။ မှားတာ တွေလဲ ရှိပါတယ်။ မှန်တာတွေလဲ ရှိပါတယ်။ ဒါကြောင့် မြေယာပြုပြင်ရေးနစ် ခေါ်ခေါ်၊ မြေယာတော်လှန်ရေးခေါ်ခေါ် ဒီအလုပ်မှာ ကျနော်တို့ အတွေ့အကြုံအရ မြေရှင်စနစ်ကို ပြတ်ပြတ်သားသား ဆန့်ကျင်ပြီး လယ်သမားကို အဓိကအားကိုး ထားပြုမှ တခြားအလုပ်တွေ လုပ်နိုင်ပါတယ်။ ကျနော်တို့ပြောတာ ဝုန်းဝုန်းဒိုင်း နဲ့ အရမ်းတွေ ရှောက်လုပ်ဖို့ မဟုတ်ပါဘူး။ တကယ်လုပ်ဖို့ဆိုရင် စနစ်တကျ အစီအစဉ်နဲ့ လုပ်ရမှာဘဲ။

(ခ) ဒီမိုကရေစီနဲ့ နိုင်ငံရေးအပိုင်းနဲ့ ပတ်သက်ရင် ကျနော်တို့ လို ချင်တာကတော့ လူထုဒီမိုကရေစီပါဘဲ။ လူထုအများကြီးအတွက် ဒီမိုကရေစီဖြစ်ပြီး ဖောက်ပြန်ရေးသမား လက်တဆုတ်စာအတွက်တော့ အာဏာရှင်ဖြစ်ရမှာဘဲ။ အုတ်ရောရောရော ကျောက်ရောရော ဒီမိုကရေစီလုပ်လို့ မဖြစ်ပါဘူး။ ဒါကြောင့် ပြည်တွင်းဖောက်ပြန်ရေးသမားတွေကို နှိပ်ကွက်တာကို ကျနော်တို့ ကြိုက်တယ်။ တစ်ချိန်ထဲမှာ လူထုအတွက် ဒီမိုကရေစီဆိုတဲ့အခါမှာ လူတစ်စုကလေး အာဏာရ နေတာလဲ မဖြစ်စေသင့်ပါဘူး။ လူထုအကျိုးကို ရပ်တည်တဲ့ ဒီမိုကရေစီ အင်အားစု တွေ တက်တက်ကြွကြွ စည်းစည်းလုံးလုံးနဲ့ လူထုဒီမိုကရေစီကို အပြည့်အဝ





ကျင့်သုံးရတာမျိုး ဖြစ်စေဖို့လိုပါတယ်။ အဲ့ဒီလို ဒီမိုကရေစီမျိုး ဘယ်လိုသဏ္ဌာန်နဲ့ အကောင်အထည်ဖော်မယ်ဆိုတာကတော့ ညှိနှိုင်းသွားရင် ဖြစ်ပါတယ်။ ကျနော်တို့က လူထုအတွက် ဒီမိုကရေစီပြောတာဟာ ပြည်တွင်းငြိမ်းချမ်းရေးရပြီးတဲ့နောက် တိုင်းပြည်ကို မှန်မှန်ကန်ကန် ထူထောင်နိုင်ဘို့ ဖြစ်ပါတယ်။ ကျနော်တို့ ညှိနှိုင်းချင် တာ ဒါလဲပါပါတယ်။ ကျနော်တို့ ဆွေးနွေးချင်တဲ့ ကိစ္စတစ်ခုကတော့ ပါတီတွေရဲ့ တရားဝင်တည်ရှိခွင့်နဲ့ လုပ်ကိုင်ခွင့် ဖြစ်ပါတယ်။ ဆိုင်းဘုတ်တင်နိုင်ခွင့်၊ ကြေညာ ချက် ထုတ်နိုင်ခွင့် သက်သက်လောက်ဆိုရင်တော့ ကျနော်တို့လဲ တိုင်းပြည်ကို အစွမ်းရှိသလောက် အလုပ်အကျွေးပြုနိုင်မှာ မဟုတ်ဘူး။ ပြည်သူတွေရဲ့ နယ်ချဲ့ ဆန့်ကျင်တဲ့ ပဒေသရာဇ်ဆန့်ကျင်တဲ့ အစွမ်းသတ္တိတွေကို စည်းရုံးနိုင်မှာ မဟုတ်ဘူး။ ကျနော်တို့အနေနဲ့ မြေယာလုပ်ငန်းတွေ လုပ်ခဲ့တဲ့ အတွေ့အကြုံနဲ့ တခြားအတွေ့ အကြုံတွေကတော့ မနည်းပါဘူး။ ကျနော်တို့အနေနဲ့ အတွေ့အကြုံတွေကို အသုံးပြု ပြီး တိုင်းပြည်အတွက် အစွမ်းကုန် အလုပ်အကျွေးပြုချင်တာပါဘဲ။ ဒါကြောင့် ကျနော်တို့ ပါတီအနေနဲ့ အလုပ်သမားနဲ့ လုပ်သားပြည်သူတွေအကျိုးအတွက် ဘယ်လို လုပ်ကိုင်နိုင်မယ်ဆိုတာကိုလဲ ဆွေးနွေးချင်တာဖြစ်ပါတယ်။ ဘယ်လိုလုပ်ကိုင် နိုင်မယ်ဆိုတာကိုလဲ ဆွေးနွေးချင်တာဖြစ်ပါတယ်။

ဂ။ နောက်တစ်ခု ဆွေးနွေးချင်တာကတော့ တိုင်းရင်းသားလူမျိုးစု တွေကိစ္စဘဲ။ တိုင်းရင်းသားလူမျိုးစုတွေထဲမှာတော့ ဖောက်ပြန်တဲ့ အစိတ်အပိုင်း တချို့ကတော့ ရှိတာ အမှန်ပါဘဲ။ ပဒေသရာဇ်စော်ဘွားစနစ်ကို ဖျက်ပစ်တာတို့ နယ်ချဲ့နဲ့ဆက်နေတဲ့ ဖောက်ပြန်တဲ့ ခေါင်းဆောင်တွေကို နှိပ်ကွက်တာတို့ကို လုပ် သလောက် ကျနော်တို့က ထောက်ခံပါတယ်။ တိုင်းရင်းသားလူမျိုးစုတွေဟာ ဗမာအုပ်စိုးသူတွေရဲ့ ဖိနှိပ်မှုတွေကို နှစ်ရှည်လများ ခံစားရတာ အမှန်ပါဘဲ။ ဒါကြောင့် တိုင်းရင်းသားလူမျိုးစုတွေအပေါ် စစ်မတိုက်ဖို့၊ စစ်ဖြစ်နေတာကို အေးအေးချမ်းချမ်း ရှင်းဖို့၊ သူတို့ရဲ့ တရားမျှတတဲ့ အခွင့်အရေးတွေ ပေးဖို့ ဒါတွေ လိုပါတယ်။ ဒီနေရာမှာ ရှင်းရှင်းလင်းလင်း ဖြစ်စေချင်တာကတော့ သူတို့နဲ့ ပတ်သက်ပြီး တန်းတူစည်းလုံးညီညွတ်ရေးကို တိတိကျကျ ကျင့်သုံးစေချင် တာဖြစ်ပါတယ်။ တန်းတူစည်းလုံးညီညွတ်ရေးဆိုတာဟာလဲ တိုးတက်တဲ့ လူမှုစနစ် အတွင်း ဖြစ်ရမှာပါဘဲ။ ကျနော်တို့အနေနဲ့တော့ ခွဲထွက်ရေးတို့ တိုင်းပြည်ကို အစိတ်စိတ်အမွှာမွှာဖြစ်ဖို့ ဆိုတာမျိုးတော့ လုံးလုံးလျားလျား ဆန့်ကျင်နေပါတယ်။

ကျနော်တို့အနေနဲ့ နယ်ချဲ့နဲ့ ဆက်သွယ်နေတဲ့ ဖောက်ပြန်တဲ့ အနည်းစုကို တိုက်တာနဲ့ တစ်ပြိုင်ထဲ ရိုးသားတဲ့ ရောမအများစုကြီးကို သိမ်းသွင်းစည်းရုံးရေးဟာ အဓိကကျတယ်လို့ ထင်ပါတယ်။

၉။ ခင်ဖျားတို့နဲ့ ကျနော်တို့ ဆွေးနွေးရာမှာ ထားတဲ့အခြေခံသဘောထားတစ်ခုရှိပါတယ်။ အဲ့ဒါကတော့ ငြိမ်းချမ်းရေးရဖို့ စိတ်ရှည်လက်ရှည်ဆွေးနွေးဖို့ပါဘဲ။ သေနတ်ဖောက်ရတာ လွယ်တယ်။ ငြိမ်းချမ်းရေးလုပ်ရတာ ခက်တယ်လို့ ခင်ဖျား ဗိုလ်ဖေယျတို့၊ ကိုအောင်ကြီးတို့၊ သခင်ပုတို့ကို ပြောလိုက်ပါတယ်။ အဲ့ဒါကို ကျနော် လုံးလုံးသဘောကျပါတယ်။ ၁၅ နှစ်တောင် တစ်ဘက်နဲ့တစ်ဘက် အသေအကြေ တိုက်ခဲ့ကြတော့ ငြိမ်းချမ်းရေးကို နေ့ချင်းညချင်းရဖို့ဆိုတာ မလွယ်ပါဘူး။ အချိန်ယူလုပ်ဖို့ လိုပါတယ်။ တစ်ခါနဲ့မပြီး နှစ်ခါ၊ နှစ်ခါနဲ့မပြီးရင် သုံးခါဆိုသလို အကြိမ်ကြိမ် စိတ်ရှည်လက်ရှည် ပုံစံအမျိုးမျိုးနဲ့ဆွေးနွေးသွားရမယ်လို့ ကျနော်ထင်ပါတယ်။ ခင်ဖျားတို့လဲ ဒီအတိုင်းဘဲ လုပ်လိမ့်မယ်လို့ ကျနော် ထင်ပါတယ်။

ဒီအတိုင်းသာလုပ်ရင်တော့ ငြိမ်းချမ်းရေးလဲရမယ်လို့ ကျနော်တို့ ယုံကြည်ပါတယ်။ အပြည့်အဝ ယုံကြည်ပါတယ်။ ဒါတင်မက လုံးဝလွတ်လပ်ပြီး ဒီမိုကရေစီကျတဲ့ နိုင်ငံမျိုးလဲ ထူထောင်ရေး၊ အနာဂတ်ဆိုရှယ်လစ်ထူထောင်ရေးတို့အတွက်လည်း အခြေချနိုင်မယ်လို့ ထင်ပါတယ်။

၁၀။ ဗိုလ်ဖေယျတို့၊ သခင်ပုတို့၊ ကိုအောင်ကြီးတို့ကို မှာလိုက်တဲ့အခါအထဲမှာ ၄၈ ခုနှစ်ကတည်းက ဆိုရှယ်လစ်ပါတီထဲ၊ တပ်ထဲမှာ ကျနော်တို့နဲ့ညီညွတ်ဖို့ ကြိုးစားခဲ့တယ်ဆိုတာတွေ သိရပါတယ်။ ခင်ဖျားအကြောင်းကတော့ကျနော်တို့ တစွန်းတစ ကြားတာတွေရှိပါတယ်။ ဒါပေမယ့် ကိုကျော်ငြိမ်းတို့လုပ်တာတွေ၊ မောင်မောင်တို့ လုပ်တာတွေက အကုန်လွှမ်းသွားတာပါဘဲ။ ယခုတော့ဗိုလ်ဖေယျတို့ဆီက ခင်ဖျားရဲ့ အခြေအနေကို ပိုပြီးတော့ သိလာရပါတယ်။ ရှေ့အဖို့ အလားအလာ အင်မတန်ကောင်းတယ်လို့ ကျနော် သဘောရပါတယ်။

၁၁။ ခင်ဖျားက ဗိုလ်ဖေယျကို ပြောလိုက်တဲ့အထဲမှာ ကျနော်တစ်ယောက်ထဲအနေနဲ့ ပြောရရင် ကွန်မြူနစ်ဖြစ်နိုင်ပါတယ်။ ၄၅ ခုနှစ်တုန်းက ကွန်မြူနစ်ပါတီဝင်ဖို့ လုပ်ခဲ့တာ။ ပါတီက လက်မခံခဲ့ဘူးလို့ပါတယ်။ နောက်တစ်ခုက ကွန်မြူနစ်ပါတီဝါဒကို ဘယ်သူမှ လက်ဝါးကြီးအုပ်လို့ မရဘူး။ သခင်သန်းထွန်းက





ကွန်မြူနစ်ဝါဒကို လက်ဝါးကြီးအုပ်ချင်တယ်လို့ ဗိုလ်အောင်ဆန်းက ခင်ဖျားကိုပြောသွားတဲ့အကြောင်း ပြောပါတယ်။ ဒါတွေကြားတော့ တကယ်ကို စိတ်မကောင်းဘူး။ ဒီကိစ္စတွေနဲ့ ပတ်သက်ပြီး ချေးခြောက်ရေနှုးတာလဲ မလုပ်ချင်ပါဘူး။ ဟိုလူပုံချ၊ ဒီလူပုံချ မလုပ်ချင်ပါဘူး။

၄၅ – ၄၆ ခုနှစ်တုန်းက ပါတီဟာ နိုင်ငံရေးဘက်ကပြောရင် အင်္ဂလိပ်နဲ့ပေါင်းရေး၊ လက်နက်ချရေးဖြစ်နေပြီး စည်းရုံးရေးအရ ပြောရရင် ဂိုဏ်းဂဏပြင်းထန်ခဲ့ပါတယ်။ ဒီတုန်းကကိစ္စနဲ့ ပတ်သက်ပြီး ဗိုလ်ဖေယျ တော်တော်များများသိပါတယ်။ သူရှင်းပြနိုင်ပါတယ်။ ဒီကိစ္စတွေ စဉ်းစားရင် စိတ်မကောင်းတာတော့အမှန်ပါဘဲ။ ဒါပေမယ့် စိတ်မကောင်းရုံနဲ့ မပြီးပါဘူး။ အဖြစ်အပျက်တွေကအကောင်းဆုံးသင်ခန်းစာတွေကို ထုတ်ယူပြီး မာက်စ်၊ လီနင်ဝါဒတွေပေါ်မှာစွဲမြဲတဲ့ အချောင်သမားဝါဒ၊ တရားသေဝါဒ၊ ဂိုဏ်းဂဏဝါဒ ကင်းစင်တဲ့ ပါတီကိုသေသေချာချာ တည်ဆောက်ဖို့ ကျွန်တော် ပိုင်းဖြတ်ထားပါတယ်။ မာက်စ်ဝါဒ၊ လီနင်ဝါဒ လိုလားတဲ့ အင်အားစုတွေ၊ ကွန်မြူနစ်ဖြစ်ချင်တဲ့ အင်အားစုတွေ၊ ပုဂ္ဂိုလ်တွေမှန်သမျှ ကစ်စည်းတစ်လုံးထဲဖြစ်စေဖို့ ကျနော်တို့ ကြိုးစားသွားမှာဖြစ်ပါတယ်။

၁၂။ ခင်ဖျားစာထဲမှာ အဖျက်သမားတွေကို နှစ်ဦးနှစ်ဘက် သတိထားဖို့ နောက်ဆုံးရေးပါတယ်။ ဒါကို ကျနော် လုံးဝ သဘောတူပါတယ်။ ဗိုလ်အောင်ဆန်းကိစ္စ စဉ်းစားတဲ့အခါမှာ သူနဲ့ ကျနော် ပုဂ္ဂိုလ်အရ ဘယ်လောက်ရင်းနှီးတယ်ဆိုတာ ခင်ဖျားအသိဆုံးဖြစ်တော့ ကျနော့်အနေနဲ့ စိတ်မကောင်းစရာတွေရှိပါတယ်။ ဒါပေမယ့် စိတ်မကောင်းစရာတွေ အသာထားပြီး ဓမ္မဓိဋ္ဌာန်ကျကျပြောရရင် ကျနော် သင်ခန်းစာတစ်ခုရပါတယ်။

(၁) ကွန်မြူနစ်ပါတီနဲ့ အမျိုးသားခေါင်းဆောင်တွေ စည်းလုံးညီညွတ်ရင် ဒီညီညွတ်ရေးကို ဖျက်ဆီးဖို့ နယ်ချဲ့သမားနဲ့ ပြည်တွင်းဖောက်ပြန်ရေးသမားတွေဟာ အစွမ်းကုန်ကြိုးစားတတ်တယ်ဆိုတာဖြစ်တယ်။

(၂) ဒုတိယသင်ခန်းစာကတော့ ကွန်မြူနစ်ပါတီနဲ့ အမျိုးသားခေါင်းဆောင်တွေကွဲရင် တိုင်းပြည်ဘယ်လောက် နာတယ်ဆိုတာဘဲ။

(၃) တတိယကတော့ ကွန်မြူနစ်ပါတီနဲ့ အမျိုးသားခေါင်းဆောင်တွေပြန်လည်စည်းလုံးဖို့လုပ်ရင် နယ်ချဲ့သမားနဲ့ ပြည်တွင်းဖောက်ပြန်ရေးသမားတွေက

အစွမ်းကုန်ဖျက်ဆီးတတ်တယ်ဆိုတာဘဲ။

ဗိုလ်အောင်ဆန်းအသတ်ခံရတာရဲ့ အဓိကအကြောင်းကတော့ ကျနော်တို့နဲ့ ပြည်လည်ညီညွတ်ဖို့ ကြိုးစားတဲ့အတွက်ကြောင့်ဖြစ်တယ်။ ဒီအချိန်အခါမှာ ဗိုလ်အောင်ဆန်းနဲ့ ကျနော်ဟာ ပြန်လည်ညီညွတ်ဖို့ ဆွေးနွေးနေကြပြီဖြစ်တယ်။ ဒီသင်ခန်းစာ (၃) ခုစလုံးဟာ ဒီကနေ့အခြေအနေအတွက် လုံးဝ ကိုက်နေတယ်လို့ ကျနော် ယူဆပါတယ်။ အခု ကျနော်တို့ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ဖို့ ကြိုးစားနေကြတာတွေ၊ တစ်ဦးနဲ့တစ်ဦး ပိုမိုနီးစပ်ဖို့ ကြိုးစားနေတာတွေ၊ ဒါတွေကို နယ်ချဲ့သမားနဲ့ ပြည်တွင်းဖောက်ပြန်ရေးသမားတွေက ဖျက်ဆီးဖို့ အစွမ်းကုန်ကြိုးစားကြမှာဘဲ။ ကျနော်တို့အနေနဲ့ သတိကြီးကြီးထားရမှာဘဲ။ သတိကြီးကြီးထားရုံနဲ့ မလုံလောက်ပါဘူး။ ကိုယ်ဘက်က လက်ဦးမှုယူပြီး နယ်ချဲ့သမားနဲ့ အဖျက်သမားတွေကို ပြတ်ပြတ်သားသား တိုက်သွားရမှာဘဲ။ ခင်ဗျားအနေနဲ့ ပြည်တွင်းဖောက်ပြန်ရေးသမားနဲ့ အဖျက်သမားတွေနဲ့ ပတ်သက်ရင် အလစ်မခံဘဲ လက်ဦးမှုကို အရယူပြီး ပြတ်ပြတ်သားသား ချတာတွေကို ကျနော်တို့ သဘောကျပါတယ်။

နယ်ချဲ့သမားနဲ့ ပြည်တွင်းဖောက်ပြန်ရေးသမားတွေကို ပြတ်ပြတ်သားသား ခင်ဗျားချသလောက် ကျနော်တို့ဟာ ခင်ဗျားနဲ့အတူတူပါဘဲ။ အဲ့ဒါတင်မကဘူး ခင်ဗျားနဲ့ ကျနော်တို့ နားလည်မှု ရှိရှိနဲ့ တစ်ဆင့်တက်ပြီတော့တောင် နယ်ချဲ့သမားနဲ့ ပြည်တွင်းဖောက်ပြန်ရေးသမားများကို ပြတ်ပြတ်သားသား တိုက်သွားဖို့ လိုပါတယ်။

၁၃။ အခု ကျနော် ရေးထားတာဟာ ကျနော်ရဲ့ သဘောထားကို အကျဉ်းချုပ်ပြီး ပြောတာဖြစ်ပါတယ်။ ကျနော်တို့ တွေ့ဆုံတဲ့အခါမှာလဲ ပြည့်ပြည့်စုံစုံ ဆွေးနွေးညှိနှိုင်းသွားနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ အခုရေးတာတွေကတော့ ကျနော့်ကို ပြောလိုက်ဖို့ ဗိုလ်ဇေယျတို့၊ ကိုအောင်ကြီးတို့ သခင်ပုတို့ကို ခင်ဗျားမှာလိုက်တာတွေကို ကျနော်ပြန်ကြားစာ ဖြစ်ပါတယ်။ ခင်ဗျားအနေနဲ့ ကြိုကြိုတင်တင် စဉ်းစားနိုင်အောင် ဖြစ်ပါတယ်။ ခင်ဗျား ဗိုလ်ဇေယျတို့ကို ပြောလိုက်တဲ့အထဲမှာ အလွန်အရေးကြီးတဲ့ ကိစ္စတွေပါပါတယ်။ ကျနော်တို့ဘက်က ထိပ်ဆုံးခေါင်းဆောင်ပိုင်းသာ အခုနေအခါမှာ သိသင့်တဲ့ကိစ္စတွေပါပါတယ်။ ဒီကိစ္စတွေကိုတော့ ကျနော်တို့ တာဝန်ယူထိန်းသိမ်းသွားပါမယ်။

ကစ်တီကိုလည်း ပြောလိုက်ပါ။ ကျနော် သတိရပါတယ်လို့။ သူနဲ့





ကလေးများ ကျန်းမာပါစေ၊ ကစ်တီရဲ့ ဒက်ဒီကြီးလဲ ကျန်းကျန်းမာမာနဲ့ အလုပ်လုပ်နေတာ သိရလို့ ဝမ်းသာကြောင်းလဲ ပြောပြစေချင်ပါတယ်။

သန်းထွန်း
၂၀.၈.၆၃

အောင်စောဦး၏ပြည်တွင်းစစ်နှစ်၅၀၊လွတ်လပ်ရေးရွှေရတုစာအုပ်မှ

မူရင်းစာလုံးပေါင်းသတ်ပုံအတိုင်းဖော်ပြပါသည်။

☆☆☆

ယဉ်မျိုးစာပေ

# မြှောက်လှန်မှု

သခင်စိုး ရေး

သခင်ဘဟိန်းတည်းဖြတ်သည်

ထွက်ပြီ

ယဉ်မျိုးစာပေ

# တောင်တွင်းစကား

ယဉ်ထွန်း

ထွက်ပြီ